www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

19 SEP 2013

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ...ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ...ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ...ဒို့အရေး





# နဂါးရွာကျောင်းခြည်

နဂါးရွာကျောင်းခြည်

နဂါးရွာကျောင်းခြည်



BURMESE CLASSIC .com









လောကီပညာရသစုံမဂ္ဂဇင်း

F.I A.November, 2013.



www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ္တဗေဒင်ခြည်


နာယကကြီး

ဒေါက်တာ အောင်မိုး
M.B.B.S (Ygn)
ဒု-ဘ-ဝ(တိုင်းရင်းဆေး)
M.Med.Sc (Pharmacology)
Advanced Pharmacokinetics
Training (London)
M.C.P.A; A.T.C.M
(Wuhan), D.M.A
Senior Fellowship of Aryuvedic
Medicine(India)

သာသနာ့အကျိုးဆောင်
ဓာလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ
အကြံပေး
ဒေါ်ဝတ်ရည်ဆွေ
B.Sc(Bot),Dip.T.Med.
ဦးဝင်းထိန်ကျော်
B.A(Philos),Dip.T.Med.,
T.L.R.M (INDIA)

အနောက်တိုင်း ဆေးဘက်ဆိုင်ရာ
အယ်ဒီတာ
ကိုကိုမောင်

စာတည်းချုပ်
ဦးကျော်မိုးသိန်း

တာဝန်ခံစာတည်း
ရွှေဒေဝ

နယ်လှည့်အယ်ဒီတာ
အောင်ဇေ(LL.B)၊ ကိုစိုးဆန်း၊
သန်းထွန်း(ဘားအံ)

ပါဠိ အယ်ဒီတာ
* ဦးစံတင့်
(စတုနိကာယကောဝိဒ၊ ဝိနယဓရ၊ ဓမ္မာစရိယ)
* ဦးသန်းအောင်ရွှေ
[ဓမ္မာစရိယ (မဟာဝဂ္ဂါဒိ မြန်မာဂုဏ်ထူး)
ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ
(နိကာယဝိပုလ)]

ဥပဒေအကြံပေး
ဦးထွန်းစိန်
B.A(Myanmar),H.G.P,R.L(Advocate)

ပန်းချီဒီဇိုင်းပညာရှင်
ကိုတင်ဦး၊
တင်တင်နွယ်

မျက်နှာဖုံးပန်းချီ
မြတ်မင်းဟာန်

ဖြန့်ချိရေးမှူး
ယဉ်ကျေးဒေဝ

ကွန်ပျူတာစာစီ
ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း

အတွင်းဖလင်
ပါရမီ





ရည်ပုတ္တာရာမှ
နေ့ပတ်ညည်းသူမင်း ကိုးကွယ်တဲ့
ဓာတ်ကြီးသားသူမ်ဘုရားတော်တစ်ဆူ ကိန်းဝပ်တော်မူတယ် ... ၈၁-၉၉



ထုတ်ဝေသူ
ဦးခင်မောင်ဝင်း(၀၃၃၃၂) နက္ခတ္တဗေဒင်ခြည်မဂ္ဂဇင်းတိုက်၊
၂၃၃ ၅၉ လမ်း၊ ရန်ကုန်မြို့၊
အတွင်းနှင့် မျက်နှာဖုံးပုံနှိပ်
ဦးခင်မောင်ဝင်း(၀၂၇၉၄) ပါရမီအော့ဖ်ဆက်
အမှတ် ၅၈၉၊ ရန်ကြီးအောင်လမ်း
၅-ရပ်ကွက် မြောက်ဒဂုံမြို့နယ်
ရန်ကုန်မြို့၊
မန္တလေးဖြန့်ချိရေး
နဂါးစာပေ
ရှမ်းတောင်ကယားဖြန့်ချိရေး
မိုးသုနွယ်စာပေ (တောင်ကြီး)
ဝင်းနဒီစာပေဖြန့်ချိရေး(တောင်ကြီး)
မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး
ဆော့ဖ်ကော့စာပေ(မော်လမြိုင်)
ဖြန့်ချိရေး
စေတနာ့ဘိုးသိန်းစာပေ ၂၃၃ ၅၉ လမ်း ရန်ကုန်မြို့၊
ဖုန်း- ၀၁ ၂၄၂၂၈၄



ကြော်ငြာဌာနမှူး - ကိုတင်မောင်ရွှေ
မဂ်ဂလာ ဖိုးများကြေး ကြော်ငြာလက်ခံပါသည်


၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ
အမှတ် ၃၂၈
အုပ်ရေ
၁၀၀၀
ငါးရာကျပ် (၅၀၀ိ/-)
ဖုန်း-၀၁ ၂၄၂၂၈၄




www.burmeseclassic.com


www.burmeseclassic.com



BURMESE CLASSIC .com

ဧဒါးခိုင်ဘူ ပင်းကြီးမှ ဂျွဲရှပ်ဗွားတော်တို့ ဝင့်ဆောင်ရာ မောင်စော် ရွှေဝရှဲ... ◄ စာ-၁၇

အခု နောက်ထပ် ဖော်ပြမည့်ဆောင်းပါး ရှေးဟောင်းရုပ်ပွားတော်တွေ တူးဖော်ရရှိထားပါသည်... ◄ စာ-၂၆




[illegible]

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)
မြို့နယ်၊ သဘာဝသုခ တိုင်းရင်းဆေးခန်း
ဆရာဦးထွန်းဝေ(တဆ-ဝ၂ဝ၆၄)၏
အဆုတ်ရောဂါ ကာကွယ်ကုသနည်းများ
[မြောင်းမြ မောင်ယဉ်တင့်] ၁ဝ၁

[illegible]

သင်္ကေတများ၏ ဘာသာစကား (၂၈) [ပုဂ္ဂိုလ်ကျွန်းဇိ] ၁၃၄
တရုတ်ကြီးထုံးပညာ (၈၄) ၁၈၅
လူတိုင်းအတွက် တရုတ်ရိုးရာ
ဖိနပ်မက်ရှင်းတမ်း (၃၄) [ထက်မင်းကျော်စွာ] ၁၉၇

[illegible]

သားသမီးတံနှင့် လက္ခဏာအမြင်[ဦးသော်ခင်-ဟသ်ာတ] ၈၇
လက္ခဏာပဟေဠိ အဖြေညှိကြစို့
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၁၉၆
ပေါလီဝုဒ် သရုပ်ဆောင်မင်းသမီး
အန်ဂျလီနာဂျိုလီ၏ လက္ခဏာ ၁၂၆
သူ ဘယ်လိုလူစားလဲ [သန်းပညာ] ၂၁၄

[illegible]

ရေပုတ် ဆုတောင်းပြည့်စေတီအနီးမှ ရှေးဟောင်းရုပ်ပွား
တော်များ ထပ်မံတူးဖော်ရရှိခြင်း(၁)
[မောင်မောင်ထွန်း-မုံရွာ] ၂၆
ထူးဆန်းထူးခြား ဖုံးဖွယ်တွေပြားသည့် ကောလင်း
လွယ်မောက်တောင်အနီးက သာသနာ့လိုဏ်ဂူတောင်တော်
[မိုးနောင်-ကောလင်း] ၁ဝ၆
ထားဝယ် ရှင်ကိုးရှင် စာရင်းဝင် ကလိန်အောင်
ဆုတောင်းပြည့် ဆံတော်ရှင် [မြမဉ္ဇူဝေ-ကျုံမငေး] ၁၄၆
မကွေးမြို့က ကင်းဘုရား၊ ကင်းတံတားနှင့်
ထူးဆန်းသော ဘီလူးညီနောင် [မကွေး လှမြင့်] ၁၆၃

[illegible]

ဝိဇ္ဇာတောင်မှ ဇော်ဂျီဝ [ဓရီးသည် သုတေသီ] ၃၃
*ရွှေရုပ်စွာ လေလာင်အနောက်များမှ တော့ကတ်ပန်းဘိုးတောင်*
မြတ်စိန္တေ ထံတော်ပါးသို့(၂) [ဇင်ညိုဝေယံ] ၇၉
တော်ကူး မဟာသံတိပဋ္ဌာန်ရိပ်သာသို့ လေ့လာ
ပူဇော်မှုခရီး(၄) [ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်] ၆၄
သရက်ခရိုင်၊ တံမမြို့နယ် ထုံးကြီးတောင်ကျောင်း
ဆရာတော် ဦးကောဝိဒအား ဖူးမြော်ဂါရဝပြုခြင်း
[ထက်မင်း[illegible]] [illegible]




www.burmeseclassic.com

www.burmeseclassic.com


[illegible]

[illegible] [illegible] 230
[illegible] [illegible] 237
[illegible] 206
[illegible] [ဝိုလ်နိုင်] 297

[illegible]


ဘောဟိကျွမ်းစုံ ဘာသာများဝင်
[ပထမ ဆရာကြီး ဦးအောင်သူ] ၉၇
ပြောင်းလှန်ပြီ့တစ်ခွင် အစီဌာန်ခမီးစဉ်
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၁၃၇
ရည်မှန်းနေရာ ပြောင်းရွှေ့ရန် မြုပ်အစီဌာန်
[ဒေါက်တာမောင်မောင်သန်း-ပထဝီဝင်၊ ပါမောက္ခ/ဌာနမှူး] ၁၅၀
ရောင်းဝယ်ဖောက်ကား တုန်သည်များအတွက်
နေ့ဝင်မီးလက် စီးပွားတက် လာဘ်ရွှင်အစီဌာန်ကျင့်စဉ်
[ဦးခင်မောင်သန်း-အ.မ.က၊ ပခန်းတန်း] ၁၅၇
မီးဘေးနှင့် သောကကင်းဝေး ငြိမ်းအေးစေသောကျင့်စဉ်
[အောင်နန္ဒ-ကျိုက်လတ်] ၁၆၇
ကျွန်ုပ် အစီဌာန် မှတ်တမ်းဖြစ်ရပ်ဆန်းများ
[မဟာစက်ရှင်-လှိုင်လင်] ၂၀၂
ပါရမီစခန်းအစီဌာန်လမ်း(၂) [ဦးအောင်] ၂၁၇

● အစီအရင်ရောင်ခြည် ●

ဝါးမင်းအဆောင်နှင့် သူ၏အစွမ်း
[နေအောင်လင်း-စလေ] ၉၃
နေလဘုရားမှာ ယန်းအားဖြည့်ပါ [ဝှမန်းယဲ] ၁၂၉
ကံနာဝင်ရှိနာ ကုသိုလ် ဦးစွာပြုနိုင်းပါ
[မြေမိုးချစ်-နတ်မောက်] ၁၆၀
ငွေကြေးရလွယ်အောင် [ကဝိသိရောမဏိ] ၁၆၆
ဝုဏ်တော် ဂါထာပြန်နှင့် စီရင်မှုအဖုံဖုံ
[မောင်ပဟိန်း-အင်းတော်] ၁၇၅
အန္တရာယ်ကင်းစေသော ဂါထာအစီအရင်
[ဂါမဏိဇော်-စစ်ကိုင်း] ၁၉၃
တည်မြဲရေးအတွက် တွမ်းပန်းပူဇော်မှု အစီအစဉ်
[ထက်မင်းကျော်စွာ] ၂၉၃

❒ [illegible] ❒

အရွှေ့ခာတ်လုံး [ဦးသုံ့မန-မရိုးရိမ်] ၃၁
ကန့်ရှိနာ နှစ်ခြာတွဲတော့(၁)
[ရွှေတောင် ခင်မောင်ကြည်] ၁၆၉
ဝေဘူဗုရှင် အဖ ပထမံဆရာဖေး သင်ကြားခဲ့သော
ရေနေမီး [ဆရာနေမျိုး-ဘီအေ] ၁၉၀
ရှောင်ဆေးအကြောင်း သိကောင်းစရာ နောက်ဆက်တွဲ
[ဦးမင်းဖေ-ရွှေနဝင်း] ၂၁၁


[illegible] ➜ ၈၁–၅၀

ဘင်များရှင်စေတီ
အဂါဝေဒင့်မှ သက်ဝင်ထင်ရှား
ထူးခြားလှသော ဘင်ပြူးတော်ရုပ်တုကို
➜ ၈၁–၅၅



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီး၏ လက်ယာလက်မတွင်
နဂါးရုံဘုရားပုံနှင့် လက်ဝဲလက်မတွင်
ကျိုက်ထီးရိုးပုံ ပေါ်နေသည်ဟု ◄ စာ-၄၁

နဂါးစောင့်သော အပင်ဖြစ်သောကြောင့် မြွေ့ ဆေးသည်
အဆိပ်ရှိသတ္တဝါများ အိမ်ခြံအတွင်းသို့
မဝင်ရောက် နိုင်အောင် ◄ စာ-၆၃



## ✱ ဂါထာမန္တန်ရောင်ခြည် ✱


မျက်စိနာ မျက်စိစူးအောင့် နာကျင်မန်းမန္တန်
[ဗိုလ်မင်း-မင်းလှ] ၂၃
စိတ်ဝင်စားစရာ ဟုဝေရနတ်မင်းနှင့် ဂါထာတော်
[မျိုးတင့်-ညောင်လေးပင်] ၁၃၂
မြန်မာ့ကျေးလက်တောရွာက မြေတိုင်းမန္တန်
[မောင်ဖဟိန်း-အင်းတော်] ၁၆၈
ကုဏ္ဍာသယဂါထာတော် [မြင့်] ၁၈၁
မင်္ဂလာပိဋကပါဠိ သုံးဂါထာ [အောင်နန္ဒ-ကျိုက်လတ်] ၂၀၉
နံနက်ဦးမင်္ဂလာ ငေါ်ချက်ဂါထာ
[အောင်အိုး-နတ်မောက်] ၂၃၂


## ✱ [illegible] ✱


သွေးတိုးလျှင်,အရေးပေါ်ကုသနည်း [ဝင့်သော်တာထွန်း] ၃၆
ကြက်သွန်ခါးနှင့် ဆီးအောင့်ရောဂါ
[မောင်နေသွေး-ဝက်လက်] ၃၇
သွေးဝမ်းသွားခြင်းအတွက် ဆေးတစ်ခွက် [ကိုစနေ] ၁၀၄
ငှက်ဖျားအတွက် ဆေးကောင်းတစ်လက်
[နိုင်ဇာဝင်း-သာယာဝတီ] ၂၉၄
သူငယ် အပြင်းဖျားလျှင် ညှန့်ငါးညှန့်သုံးပါ
[ဆေးသုဓေသီ] ၂၉၆


## ◆ [illegible] ◆


အမျိုးသမီးများ မီးယပ်ချမ်းရောဂါအတွက်
ဆေးတစ်လက်နှင့် ပတ်သက်၍ ပြောကြားလိုက်ပါသည်
[နတ်မောက် လှမြင့်သစ်] ၃၉
လေငန်းလေဖြတ် ဥ္စါဆေးစွမ်း
[မောင်ရေမွှေး-နတ်မောက်] ၆၂
ခေါင်းတစ်ခြမ်း ကိုက်နေသလား [ဦးကျော်ခင်] ၉၁
ဝက်သားနှင့် ရွက်ကျပင် ရေဖျဉ်းအတွက်ဆေး
[နန္ဒခင်-သတ္တလမြေ] ၁၂၈
အကြောထုံး အကြောတက်၊ နာကျင်ကိုက်ခဲခြင်းအတွက်
[ကိုစနေ] ၁၈၄


## ⁂ [illegible] ⁂


ဖိုးဦးတောင်လွမ်းစေတီမှ အလွမ်းဓာတ်လမ်းလေး(၁)
[ကောင်းမြတ်] ၂၄၁


## ◆ [illegible] ◆


ကာလီမယ်တော်ကြီးနှင့် ကွန်မင်္ဂ ထူးဆန်းသောအိပ်မက်
[မေမိုးမြင့်ပန်း-ဘာထာ] ၂၄၉


## ✢ [illegible] ✢


ထူးခြားဆန်းကြယ် ရုက္ခနယ်ဝယ်
[ဂျူးနီ-ကြို့ပင်ကောက်၊ လယ်[illegible]] ၅၄
အိမ်ဝေယာ သန့်ရှင်းစေသည့် နဂါးစက်ဂမုန်း
[[illegible]] ၆၃




www.burmeseclassic.com

www.burmeseclassic.com

[illegible]

လူတွေထက် ကြိုသိနေကြသည် [ကသော သင်းမွှေး] ၂၁၉
ငွေထည်တို့ ဥာဏ် ရွှေရည်စိမ်သည် [ဆုမောင်-မှကူ] ၂၂၂

[illegible]

ထူးဆန်းသော ဝါးအမြစ်တောနှင့် မြွေသဏ္ဌာန်ဝါးမြစ်
[မောင်နွယ်သန်း] ၂၂
ဝမ္ဘီရကျောက်ဆန် [မိုးသက်ထန်] ၀၆
နှယ်ဝင်ရွှေတောင် သိဒ္ဓိရောက်သလော
[မောင်နီး-ကျောက်မဲ] ၁၄၃

[illegible]

သိုင်းပညာရှင် ဆရာကြီး မင်းယက္ခ၏ ဘဝအတွေ့
အကြုံများ (၂၁) [ဆရာကြီး မင်းယက္ခ-ဝိုက်ပွဲဝင်] ၂၀၆

[illegible]

ရေ ကြာမြင့်စွာ လှောင်သူများအတွက်
[ဦးကိုကိုကြီး-စစ်ဆေးရေး-၂ မ.တ.ယ၊ ထုံးဘို] ၁၆၈

[illegible]

အရှေ့မြိတ်ဆောင်း အရုံစေတီတော်
[ပန်းချီထူးလှ-ရွှေပေါင်းသုတေသန] ၁၂၁
စိတ်ဝင်စားဖွယ်ကောင်းသော
ထိုရွှိသတ်မှတ်များအကြောင်း
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၁၈၇
ယောဘုတ်ချိန်ခွင်နှင့် ဂေဒူးရှင်ဆရာတော်ကြီးများ
[အိမ်မြို့ ဘွင်းတောင်တသင်တိုက် ပဓာန နာယကဆရာတော်
ဘုရှုနန့်ယထောက်အား ဂါရဝပြုပူဇော်ခြင်း] [သန်းပညာ] ၂၀၁

[illegible]

ထိမ်ပြောဝမ့်၏ အစွမ်း [မြဒင်-ဇင်းကျိုက်] ၁၄၀
ချွေးရှပ်ရွာဝန်းကျင်မှ ဆေးပင်များ(၁)
[နယ်လှည့် ဆေးသုတေသီတစ်ဦး] ၁၆၁
မီးကွင်းဝမ့်အစွမ်း ဖုံမခန်း [မမိုးမြင့်-လက်ပံတန်း] ၁၉၂
စောင်းသွားသီး၏ လက်တွေ့အစွမ်း
[ဓမြမိုးချစ်-နတ်မောက်] ၂၀၀

[illegible]

မမေ့နိုင်ပိုးဝင်တဲ့ဝက် တုသနည်း မခက်
[ကိုကိုမောင်-မြကန်သာ၊ ဝက်လက်] ၁၉၄

[illegible]

စည်ပုတ္တရာ မြို့ဟောင်းမှ ရွှေလင်းပင်
စံကားသားရုပ်ပွားတော်(၁) [ဇင်ညိုငယ်] ၉
လောကရန်အောင် ရုပ်ပွားတော်မြတ်၏ တန်ခိုးတော်နှင့်
အစောင့်အရှောက်ပုဂ္ဂိုလ်များ [ဇော်ဝင်း-ဒီပဲယင်း] ၁၇

ပထမံ
အသာ
ဘိုးဘိုးအောင်
တောင်တော်
ပေါ်တွင်
၁.တစ်ဆူး
ဘုရား
စေတီတော်ကို...
စာ-၈၄



ပရိတ်ရေ
သုပ္ပက်
၍
ရေသူ
ဆရာတော်
ဟု
ခေါ်ကြတဲ့...
စာ-၁၁၃



စင်းတော်ဝ ထူးခြားတော်မြဲ
အသာ ပထမံဘိုးဘိုးအောင်
ရုပ်ထုတော်...
စာ-၈၃





www.burmeseclassic.com

www.burmeseclassic.com









ဓမ္မက
ဘုရားမှာ
နေဦးရဲ့
ပုန်
အရှင်
မကိုက်ပုံကျေ
ရှုရှုဂါ
အအောင်မြေ
ဟိုမုံမတ်ကို့
♦ စာ–၁၃၀

ထီးမင်းဝင်
အား
နေ့အိပ်
တိုက်အော
သုဓမ္မန်းရွှင်
အားခွဲ
အနိုးတွင်
ဆောင်မှု
တားရှိခြင်းခြင်
♦ စာ–၉၃

မော်လျှင်းဖွဲ့
သမားဆို
ဝက်သားနှင့်
ဈိုက်ကျပင်
အသက်
ရှင်ချင်ကျွင်
ဆရာ
ချက်စားကြ...
♦ စာ–၁၂၈

BURMESE CLASSIC .com

## ✳ နေအောင်မြေရောင်ခြည် ✳

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့် ရှိခိုးပူဇော် ဂါထာတော်များ(၉)
[အောင်ရွှေမြတ်–စစ်ကိုင်းတောင်] ၇၃
စပါးတောင်ခြေ ထူးခြားအောင်မြေ ပထမံဘိုးဘိုးအောင်
တောင်တော်အောင်မြေ(၂) [မောင်မောင်စိုး–ထားဝယ်] ၈၁

## ✧ ဗေဒင်ရောင်ခြည် ✧

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလအတွက် ဓာတ်ကြီးဝါးပါး
ဇိုးမိုးမှုနှင့် အောင်ဘာလေလထိဆုငွေ [ထက်မင်းကျော်စွာ] ၇၁
၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ထီအတွက်
ရွှေချယ်ပါ ဤဂဏန်း [ဆရာရဲထက်–သုတေသီ] ၁၅၉

## ✣ ရိုးရာကျန်းမာရေးရောင်ခြည် ✣

သခေါ်ပင် အပင်ပုစေလိုလျှင် စမ်းသပ်ကြည့်ပါ
[ကိုမောင်ကျော်လှိုင်–မအူပင်] ၁၀၃
မျိုးစေ့များ ကြွတ်၊ ပုရစ်ဖော်ခြင်း တင်းဝေးစေဖို့
[ညွန့်ဝင်း–နတ်တလင်း] ၁၄၂

## ✳ အင်းဆေးရောင်ခြည် ✳

ဓမ္မာ(၃၂)ကွက်အင်းတော် ဂမ္ဘီရပညာဖြင့် စီရင်နည်း
[ဧရာမြေ ကျော်ဝေ] ၁၄
မင်္ဂလာသုတ်ပရိတ်ထဲက အစွမ်းထက်တဲ့ အင်းတစ်ကွက်
[ရသဂန္ဓိရ ကျော်ဝင်းအောင်–ပြည်၊ ဆည်မြောင်း] ၁၇၇

## ✎ ပုဂ္ဂိုလ်ထူးရောင်ခြည် ✎

ဂဠုန်တောင်မှ မြတ်သမဏအား ဝပ်တွားပူဇော်မှု
ခရီးစဉ်(၂) [ခရီးသည် သုတေသီ] ၄၁
ကော့ပေါက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ
အရှင်ဥတ္တမနှင့် ကြည်ညိုဖွယ်ရာ ဖြစ်စဉ်တော်
ဘဝခရီးလမ်း(၃) [ဇင်ညိုငယ်] ၅၇
ဝေဘူဆရာတော်ကြီးနှင့် ကျွန်တော့်ကိုယ်တွေ့
ကွင်းဆက်ကလေးများ [ကြည်ဝင်းမြင့်] ၈၉

## ✤ ထူးခြားဆန်းကြယ်ရောင်ခြည် ✤

ကျွန်တော်နှင့် ထူးဆန်းသောခရီး
[ညီလေးငယ်–လယ်တော်] ၂၄၆
ထူးခြားဆန်းပြား ကျားတစ်ပိုင်း၊ လူတစ်ပိုင်း
ပရလောကသား [ချစ်ဆိုင်] ၂၆၉
အပြီးအစီး တောင်းသူတစ်ဦးကြောင့် ငြိမ်းချမ်းသွားသော
ဘဝပိုင်ရှင်တစ်ဦး၏ ဖြစ်ရပ်ဆန်း [မင်းကောင်းပုံ] ၂၇၃
နေ့ခင်းကြောင်တောင် ကိုယ်ထင်ပြခြင်း ဖြစ်ရပ်ဆန်း
[ဟသ်ာတ သန်းလှိုင်ကျော်–ရွှေပန်းချို] [illegible]
တောတောင်အတွင်းမှ ထူးဆန်းသည့် သားထိန်းပုဂ္ဂိုလ်များ
[ဇောသီဟ] [illegible]



www.burmeseclassic.com

www.burmeseclassic.com


○ အမေးအဖြေရောင်ခြည် ○

ဇိမ်ပြောင်းနိမိတ်နှင့် သိသူများမှ ဖြေကြားပေးပါရန်
[နေမဝင် နတ်မောက်] ၁၆၄

✣ [illegible]ရောင်ခြည် ✣

ကျွန်းပြင်နှင့် ရန်ကင်းရန်ရှင်း ဘာဘာမင်း(၃) [ပိုင်ဘုန်းကျော်] ၂၂၆

သံဖိုတောင်က အမေညို(၁)
[ရွှေတောင် ကြည်မောင်အေး] ၂၃၃

[illegible]ရောင်ခြည်

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလအတွင်း
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ [ဟူကျင်းဇီ] ၁၀၀

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလအတွက်
ခုနစ်ရက်သားသမီး ဟောစာတမ်း [ဆရာ ရောင်ခြည်] ၂၃၀

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလအတွင်း
လာဘ်လာဘရွှင်လန်းစေဖို့ [ထက်မင်းကျော်စွာ] ၂၆၄

★ [illegible]ရောင်ခြည် ★

တစ်နှစ်တာ သင့်ကံကြမ္မာ [ကျော်မိုးလွင်-ဝါးခယ်မ] ၅၀

မင်းသူဌေးဖြစ်ကိန်းလေးကိန်း တွက်နည်းနှင့်အဟော
[ကောင်းခနွဲ-သခွတ်မြေ ဝက်လက်] ၁၅၉

◆ ကျန်းမာရေး ဆောင်းပါးရောင်ခြည် ◆

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ကျန်းမာရေးအတွက်
အကြံပေးချက်များ [ဟူကျင်းဇီ] ၂၂၄

● [illegible]ရောင်ခြည် ●

မုဆိုးစည်းကမ်းနှင့် တောဓါးမာယာ
[ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်] ၂၃၈

နတ်သစ်ပင်လေလား [မောင်လေးကော-ဘီးလင်း] ၂၄၀

ရေတစ်ဖန်ခွက် [ဇီလာကျော်] ၂၆၆

တောင်ကြီးမြို့မှာ တစ်ညတာ
[ခင်သစ္စာ-ဆက်သွယ်ရေး] ၂၆၂

ကျားမှော်လား၊ နှလုံးသားအမှားလား [ဇရာမောင်] ၂၆၅

မိုးညတစ်ည [ဝင့်ဝင့်အောင်-ခေတ္တ၊ ဟားခါး] ၂၇၉

ခွေးခေါင်း၊ ဝက်နားရွက်
လူ့ခန္ဓာကိုယ်နဲ့ ပရလောကသား
[ရွှေမှော်မြေ မောင်ကြည်သိန်း] ၂၈၉




ဗေဒါဇောက်တွင် ဆောက်ထမ်းပိုး
တိုးဦ တိုးကကာ မွှားများလာသော
ကျောက်မွှားများကို တွေ့ရှိရာ ... ☛ စာ-၁၄၈

အပေါ့အပါး သွားရာ၌ ချုံအောက် ထိုးဝင်သွားရင်း
ဘီလူးညီနောင်ရှင်ဘုရား
သွားခနဲတွေ့ကိုက်ရာ ... ☛ စာ-၁၅၅

BURMESE CLASSIC .com



ဤကျောက်ဆန်ကို ဒါဒွိဝင်ရေမှုပ်နှင့် ချက်မှသာ
ထမင်းအဖြစ်သို့ရောက်၍ စားရကြောင်း၊
အာဟာရဓါတ် ပြီးပြောက်ကြောင်း ... ☛ စာ-၁၀၆



www.burmeseclassic.com

www.burmeseclassic.com

စင်သိုလ်

စည်ပုတ္တရာမြို့ဟောင်းမှ

# ရှေးလင်းပင် စံကားသားရုပ်ပွားတော် (၁)



◆ သံတိုင်ကြားမှ ရိုက်ကူးထားသည့်ပုံ

ဝေဘူဆရာတော်၏ဇာတိ အင်ကြင်းပင်ရွာ နန်းဦးစာသင်တိုက်သို့ ရောက်ရှိစဉ် **တိုက်ကြပ်ဆရာတော် ဦးမဏ္ဍလ** က...

'ဒကာကြီး ရောက်တုန်းပေါက်တုန်း ဘယ်သွားချင်သေးသလဲ၊ ခင်ဦးမြို့နယ်မှာတော့ ရှေးအထောက်အထား ဘုရားစေတီ များများစားစား မတွေ့မိဘူး။ စည်ပုတ္တရာမြို့ဟောင်း သွားချင်ရင်တော့ ရတယ်'

'စည်ပုတ္တရာမှာ နရပတိစည်သူမင်း ကိုးကွယ်ခဲ့တဲ့ စံကားသားရုပ်ပွားတော် တစ်ဆူ ကိန်းဝပ်တော်မူတယ်လို့ သိရတယ်။ လမ်းမသင့်တာနဲ့ မရောက်ဖြစ်သေးဘူး'

## စံကားကိုးဆူ ဗိဝါဒ

'စာအုပ်တွေထဲမှာ စံကားသားရုပ်ပွားတော် စံပယ်ရာဒေသ မှုကွဲတွေ့ရတယ်။ တချို့က **"လှထွေရွာရွှေစံကားဘုရား"** အစား **"မြေထူးရွှေဂူမြင့်စံကားဘုရား"**ကို ထည့်ရေတယ်။

တချို့က **"ကြာညှပ်ရွှေစံကား"** ကိုနုတ်ပြီး **"လှထွေရွှေစံကား"**ကို ထည့်တယ်။ **မြေထူး,လှထွေ,ကြာညှပ်** အယူအဆမညီ ဖြစ်နေပါတယ်'

ဆရာတော်သည်လည်း ကလောင်ရှင်တစ်ဦးဖြစ်သည့် အားလျော်စွာ စိတ်ဝင်တစား ဆွေးနွေးမိန့်ကြားခြင်း ဖြစ်ပါသည်။

'မြေထူးရွာ ရွှေဂူမြင့်ဘုရားက ဘိုးတော်အလောင်းစည်သူ ကိုးကွယ်တဲ့ စံကားသားရုပ်ပွားတော်။ မြေထူးမြို့ကျုံးကို ဖော်တော့ ရတဲ့ စံကားသားသစ်တုံးကို ဖြတ်ပိုင်းထုဆစ်ပူဇော်တာပါ။ မြေထူးမှာ (၅)ဆူ တန့်ဆည်မှာ သုံးဆူ ဖူးတွေ့ခဲ့ရဖူးပါတယ်။ ပုခန်းဆရာတော်ကြီးရဲ့ ရွှေတန်ဆာသမိုင်းစာအုပ်မှာလဲ တွေ့





www.burmeseclassic.com

www.burmeseclassic.com



◆ ရှု့တည့်တည့် မျက်နှာတော်



◆ နံဘေးမှ ပုံရိပ်

နိုင်ပါတယ်'

'အေးဗျာ ရွှေဘိုမြို့ ပုခန်းကျောင်း ဆရာတော်ကြီးက ဒီဘက်နယ်မှာ သက်တော်ဝါတော်လဲ ကြီးရင့်ပြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့ဆိပ်တော်ရ တစ်ပါးတည်းဖြစ်လို့ ရဟန်းရှင်လူ အများလေးစားကြတယ်။

ဒီအတိုင်းဆိုတော့ မြေထူးက တစ်ဆူ ပယ်ရင် ဝိဝါဒ ကွဲလွဲစရာ မရှိတော့ဘူးပေါ့'

'မှန်ပါတယ် ဘုရား။ နရပတိစည်သူမင်းက ဘိုးတော်ဆီက အမွေခံရတဲ့ သက်န်းနက် ဖောင်တော်ဦး ရွက်တိုင် စံကားသားကို ရုပ်ပွား(၉)ဆူ၊ မံဘုရား တစ်ဆူ ပူဇော်ခဲ့တာပါ။

နံတော် အဂါသားဖြစ်လို့ စကားနဲ့ စံကူးဓာတ်ရန်ယူပြီး ဥစ္စာလို ရန်ငြိုဟ်ရှာ ပူဇော်ကော်ရော်လေ့ ရှိကြတယ်။ ဒါကြောင့် ဘိုးတော်မင်းရဲ့ စံကားသား ရုပ်ပွားတော်တွေထက် ပိုပြီး လူသိများ ပါတယ်ဘုရား'

## စည်ပုဏ္ဏာရာသို့

ခင်ဦးမြို့ထိပ် မြောင်းပေါင် (အနောက်ဘက်ပေါင်)အတိုင်း မြောက်ဘက်သွားရာလမ်း (၈)မိုင်ခန့်အကွာတွင် အင်ကြင်းပင်ရွာသို့ သွားသော မြောင်းကူးတံတားကြီးရှိ၏။ "**ဝေဘူဆရာတော်ကြီး၏ အင်ကြင်းပင်ကမ္မဋ္ဌာန်းကျောင်း**"သို့ဟူသော ဆိုင်းဘုတ်လည်း လမ်းညွှန်ထား၏။ ထိုမှ မြောက်ဘက်တွင် ဖီးကုန်း(တိုက်နယ်) မြို့ကလေးရှိ၏။

ထိုလမ်း (မြောင်းပေါင်)အတိုင်း အင်ကြင်းပင်တံတားမှ စတင် ထွက်ခွာလာခဲ့ရာ လေးမိုင်ခန့်အကွာတွင် လက်ယာဘက် (အနောက်ဘက်)သို့ ခွဲဆင်းကာ သရက်ကန်ကျေးရွာသို့ ရောက်သည်။

ဤကျေးရွာရှိ တောရကျောင်းတွင် ဝေဘူဆရာတော်၏ ကျောင်းနေဖက် သူငယ်ချင်း ဦးခန္တီ သီတင်းသုံးတော်မူခဲ့သည်။ မဟာဗောဓိ (ဘုရား)ဆုပန်ကြောင်း သိရသည်။ **သူ ပျံလွန်တော်မူခါနီးတွင် ဝေဘူဆရာတော်ကိုယ်တိုင် ကြွရောက်၍ နှလုံးသွင်း မှန်ကန်စေရန် ကူညီမိန့်ကြားပေးခဲ့သည်ဟု သိရသည်။**



www.burmeseclassic.com

သရက်ကန်ရွာမှ အနောက်ဘက် တစ်မိုင်ကျော်ခန့်တွင် စည်ပုတ္တရာရွာ (မြို့ဟောင်း)ရှိလေသည်။ စည်ပုတ္တရာရွာ ရွှေလင်းပင်ကျောင်းတွင် စံကားသားရုပ်ပွားတော် ကိန်းဝပ်တော်မူပါသည်။

## ဖူးတွေ့ရသော ရုပ်ပွားတော်

ကျောင်းထိုင် ဆရာတော်အား ခွင့်ပန်ကာ ရွှေလင်းပင် ရုပ်ပွားတော်အား ဖူးမြော်ရာ ခန်းမအတွင်း သံတိုင်စိပ်စိပ် ကာရံကာ မှန်နှစ်ထပ်ဖြင့် ထိန်းသိမ်းပူဇော်ထားသည်ကို တွေ့ရသည်။

မတ်ရပ်ရုပ်ပွားတော်ဖြစ်ကာ လက်ယာလက်ဖဝါးကို ရှေ့ဘက် (ဖူးမြော်သူဘက်)လှည့်၍ **အဘယမုဒြာ**ဖြစ်လည်းကောင်း၊ လက်ဝဲလက်ဖဝါးကို အထက်သို့လှန်ကာ လက်ညှိုး၊ လက်ခလယ်ကွေးလျက် လက်မနှင့် ထိထားသည်။ တစ်စုံတစ်ခုကို ကိုင်တွယ် သုံးသပ်ဟန်ဖြစ်သည်။ မကိုဋ်၊ နားကင်း၊ လက်ကြပ်များ တန်ဆာဆင်ထားသည်။


ဓာတ်ပုံရိုက်သောအခါ သံတိုင် စိပ်သည့်အပြင် ကာရံထားသော မှန်နှစ်ထပ်က မျက်နှာကြက်အနီး အလင်းဒင်ပေါက်မှ ရောင်စုံမှန်ချပ်များကိုသာ ပုံရိပ်ထင်စေသဖြင့် ရုပ်ပွားတော်မှာ မပီပြင်လှပေ။ သို့ဖြစ်၍ ဆရာတော်အား အကူအညီတောင်းရသည်။

'ဆရာတော်ဘုရား မှန်တွေက အလင်းပြန်နေတယ်။ တံခါးဖွင့်ပြီး ရိုက်လို့ မရဘူးလား'

'မင်း အရင်က စာရေးဆရာတွေလဲ

အဓိဋ္ဌာန်ကျောက်များ







www.burmeseclassic.com

www.burmeseclassic.com



▲ ရွှေလင်းပင် ကိုယ်စားတော်များ

ဒီအတိုင်း ရိုက်သွားတာပဲ'

သို့ဖြင့် ဆရာတော် ရှေ့မှောက်တွင် ပင် နေရာအသီးသီးမှ ချိန်ဆ ရိုက်ကူး ပြသည်။

'မျက်နှာကြက် အလင်း ဝင်ပေါက် က ရောင်စုံမှန်တွေ ကွယ်နေတယ် ဘုရား မှန်မရှိရင်တော့ ပေါ်နိုင်ပါတယ်'

'နေရောင်ကြောင့်ပါကွာ နေလွဲသွား ရင် ရပါတယ်'

ထိုအခါတွင် ဆရာတော်အား သရက်သီးမှည့်များ လာရောက် လှူဒါန်းသည့် ရွာခံအဘိုးအိုက ပြောပြ သည်။

'ဝါကျွတ်ချိန် ပွဲတော်ကာလရောက် မှ မှန်တံခါးဖွင့်ပြီး ဖူးခွင့်ပေးတယ်'

'ကျွန်တော်ဖူးခဲ့ရတဲ့ ရွှေတန့်တစ်၊ စည်သူရှင်၊ ရွှေဂူသရက္ခန်ဘုရားတွေ ဆိုရင် မီးခံသေတ္တာအထပ်ထပ် ဖွင့်ပြီး ပူဇော်ရတဲ့အပြင် အနီးကပ်ပြီး နဖူးနဲ့

▼ မှန်ခန်းထောင့်မှ ဆင်ရုပ်



တို့ထိပင့်မြှောက်ပြီး ဆုတောင်းခွင့်ပေး ကြတယ်။ ဒီမှာက ထိကိုင်ဖို့ မဟုတ် ပါဘူး။ ပုံပေါ်လွင်ရုံ တံခါးဝက မှန်နှစ် ထပ် နည်းနည်းလှပ်ပေးဖို့ပါ'

'တောဘုန်းကြီးဆိုတော့ အရာရာ တွေးကြောက်ဟန်တူပါရဲ့'

သို့ဖြစ်၍ တတ်နိုင်သမျှ ပုံဟန်တော် ပေါ်လွင်အောင် ကြိုးစားတင်ပြလိုက်ပါ သည်။

သံတိုင်ခန်းအနီးတွင် ဒူးတုပ်ထိုင် နေသော မုတ်ဆိတ်ဖွားဖွား ဦးထုပ် ပြားပြားနှင့် ရုပ်တုကို တွေ့ရသဖြင့်




www.burmeseclassic.com

www.burmeseclassic.com



◆ မှန်ခန်းဆောင်မှ မြွေရုပ်





မေးကြည့်ရာ **ပဋိက္ခရားမင်းသားရုပ်** ဟုဆို၏။

မှန်နန်းရာဇဝင်အရ ပဋိက္ခရားသည် အလောင်းစည်သူမယ်တော် ရွှေအိမ်စည်မင်းသမီးနှင့် ချစ်ရည်ငံကာ သေလွန်သော် အလောင်းစည်သူအဖြစ် ဝင်စားသည်ဟု ဖော်ပြထား၏။

***(မှန်နန်း မဟာရာဇဝင်တော်ကြီး စာမျက်နှာ ၁၇၂၊ လက်ဝဲဘက်ကော်လံ)***

ထိုပဋိက္ခရားရုပ်သည် မြေးတော် နရပတိစည်သူ၏ ကောင်းမှု ရုပ်ပွားတော်အနီး ရောက်ရှိနေသည်ကား ဆက်စပ်၍ မရပါလေ။

လုံးဝန်းသော ကျောက်လုံးများစွာလည်း တွေ့ရကာ အမိဋ္ဌာန်ကျောက်များဖြစ်သည်ဟု သိရသည်။ သံတိုင်ခန်းထောင့်တွင် မြွေပုံ၊ ဆင်ပုံများ ထည့်သွင်းပြသထားကာ ဆရာတော်က **"နဂါးဆက်တွေပေါ့ကွာ"**ဟု မိန့်ကြား၏။

ရွှေလင်းပင်စံကားသား ရုပ်ပွားတော်အား ဝတ်ပြု ဦးချပြီးနောက် ဆရာတော်၏ ဘွဲ့မည်နှင့် ဓာတ်ပုံမှတ်တမ်းပြုရန် ခွင့်တောင်းသောအခါ "ဒါတွေ မလိုပါဘူးကွာ လုပ်မနေပါနဲ့"ဟု ဆိုသဖြင့် ကင်မရာကို ပြန်သိမ်းခဲ့ရလေသည်။

## အခြားရုပ်တုများ

ထို့နောက်တွင် နောက်ကျောဘက်ဆက်လျက် အခန်းတွင်းသို့ ဝင်ရောက်ကြည့်ရှုရာ အရွယ်အစား စုံလင်သော တင်ပျဉ်ခွေ မတ်ရပ်တော် ရုပ်တုရုပ်ပွားများစွာ ဖူးတွေ့ရသည်။

ရွှေလ ဆက်ဖတ်ပါရန်

**ဖင်ညိုငယ်**

[illegible]

www.burmeseclassic.com

ဂါထာသွင်းသည့် အင်းနှင့် ဂဏန်းစဉ် သွင်းသည့် မေတ္တာအင်းတော်နှစ်မျိုး

# (၃၂)ကွက် အင်းတော်

ရာဇမြေ ကျော်ဝေ

ဝမ္ဘီရပညာဖြင့် စီရင်နည်း



* * *

မေတ္တာအင်းတော်ကြီး

| | | | | | |
|---|---|---|---|---|---|
| | ၂၉ ဗြ | ၂ သု | ၁၉ က္က | ၂၂ ခါ | |
| ၁ သု | ၆ သု | ၂၃ ရ | ၂၆ ဟူ | ၃ ဒ္ဓ | ၁၆ မော |
| ၂၄ လာ | ၂၇ တြေ | ၁၀ ဝိ | ၉ ဒ္ဓ | ၁၄ နာ | ၂၁ မှ |
| ၇ ဝိ | ၃၂ နာ | ၂၈ ဒ | ၂၀ သု | ၁၇ သ | ၄ ဗု |
| ၂၅ ကာ | ၁၁ ယာ | ၁၈ မာ | ၅ ဒွေ | ၃၀ သ | ၁၃ တ္တိ |
| | ၈ နာ | ၃၁ ဂ္ဂု | ၁၂ ဂု | ၁၅ ဝိ | |

(၃၂)ကွက်အင်း

## အင်းဆန်သွင်း ဂါထာတော်

သုသုဒ္ဓ ဗုဒ္ဓသုဝိနာ
ဒွေဝိယာဂုတ္တိ နာက္ကမော။
သမာဝိ သုမှာရလာ
ဗြဟ္မတြေကာဒသဂ္ဂုနာ။

ခက်ခဲသော ပါဠိအသံထွက်

**သုသုဒ္ဓ** = သုသုတ်ဓ
**ဗုဒ္ဓ** = ဗုတ်ဓ
**ဂုတ္တိ** = ဂုတ်တိ
**နာက္ကမော** = နက်ကမော
**ဗြဟ္မ** = ဗြန်မ
**တြေကာ** = တရေကာ
**ဒသဂ္ဂုနာ** = ဒသက်ဂုနာ

အထက်ပါပုံတွင် ပြထားသော မေတ္တာအင်းတော် ပြုလုပ်စီရင်နည်းမှာ အင်းကွက်မျဉ်းကို ပီသစွာ (၃၂)ကွက်ချပါ။ ဂါထာတော်ထဲမှာ အင်းဆန်ကို အကွက်ထဲသို့ မြင်းခုန်သွင်းပါ။ ယင်းအင်းတော်ကို မြတ်စွာဘုရားရှေ့တွင် (၃၇)အုပ် ရွတ်ပါ။

အင်းပြားပြုလုပ်ရာတွင် ရွှေပြား၊ ငွေပြား၊ ကြေးနီပြား၊ ကြေးဝါပြား၊ ဘော်ပြား စသည်တို့ဖြင့် ပြုလုပ်ရာ၏။ ပြုလုပ်သည်ဆိုရာတွင် ကြိုက်နှစ်သက်ရာကိုသာ ပြုလုပ်ပါ။

အင်းချပြီးလျှင် ဤအင်းပြားကို မြတ်စွာဘုရားရှင် ရုပ်ပွားတော်အောက်တွင် ထားရှိပြီး အလင်း(၉)တိုင်၊ ရေချမ်း(၉)ခွက်၊ အမွှေးတိုင်(၉)တိုင် နှစ်သက်ရာ ပန်းဖြူ(၉)ပွင့်တို့ဖြင့် ပူဇော်ပြီး လိုရာဆုကို တောင်းပါ။ (၁၁)ပါးသော ကောင်းကျိုးကို ရရှိပေမည်။

**(၁၁)ပါးသော ကောင်းကျိုးဆိုသည်မှာ...**

၁။ ကောင်းစွာအိပ်ရခြင်း၊ ကောင်းစွာနိုးကြားခြင်း။
၂။ ကောင်းသော အိပ်မက်ကို မြင်မက်ရခြင်း၊
၃။ လူချစ်ခင်ခြင်း၊ လူတို့ စောင်မခြင်း၊
၄။ နတ်ချစ်ခြင်း၊ နတ်တို့ စောင့်ရှောက်ခြင်း၊
၅။ အဆိပ်ပြင်းသော သတ္တဝါကိုက်သော်လည်း အဆိပ်မတက်ခြင်း၊
၆။ လက်နက်ဘေးမှ ကင်းဝေးခြင်း၊
၇။ မီးလောင်ခြင်းဘေးမှ ကင်းဝေးခြင်း၊
၈။ သမာဓိတရားများရခြင်း၊
၉။ မျက်နှာကြည်လင်စွာဖြင့် နေရခြင်း၊
၁၀။ မတွေမဝေ သေရခြင်း၊
၁၁။ သေလွန်သောအခါ နတ်ပြည်သို့ လားရခြင်း။

## နေ့စဉ်ရွတ်ဆိုရမည့် ဂါထာတော်

### နော(၉)တန်ဂါထာတော်

နောရဟတိ ရဟ္မမာနော၊
နနောနနော ဥတ္တမော။
နုနောနုနော နုနော၊
ဘုမ္မိရာဇနော နနော။
က္ကတိဝိသော ဘဂဝါ ပုတ္တော၊
က္ကတိမုန္တာ သုခါ ဝဟော။
က္ကတိ ဗုဒ္ဓေဟိ သရဏံ၊
သဗ္ဗေ ဒေဝါ ပီယံ မမ။
က္ကတိ ဓမ္မေဟိ သရဏံ၊
သရာဇာ ပီယံ မမ။
က္ကတိ သံဃေဟိ သရဏံ၊
ပုရိသာ က္ကတ္တိ ပီယံ မမ။
သဗ္ဗအန္တရာယာ၊
ဝိနဿန္တု အသေသတော။

အနက်

**ရဟ္မမာနော၊** တဏှာမာရ်နတ် ပူးကပ်သော်လည်း။ **နောရဟတိ၊** မတပ်မက်သောငါဘုရားအား။ **နော၊** ကိလေသာမာရ်မရှိ။ **နော၊** ငါဘုရားအား။ **နော၊** ကိလေသာမရှိခြင်းကြောင့်။ **ဥတ္တမော၊** မြတ်၏။ **နော၊** ငါဘုရားအား။ **နော၊** ကိလေသာရှိတော်မမူ။ **နော၊** ငါဘုရားအား။ **နော၊** ပူပန်ခြင်းရှိတော်မမူ။ **မနော၊**



www.burmeseclassic.com

www.burmeseclassic.com

ငါဘုရားအား။ **န၊** တပ်မက်မောခြင်း ရှိတော်မမူ။ **နော၊** ငါဘုရားအား။ **န၊** အလိုဆိုးရှိတော်မမူ။ **ဘုမ္မိရာဇာနော၊** ကိလေသာ အာသဝေါတည်း ဟူသော မြေကို အစိုးရသော မင်းရာဇာသည်။ **နနော၊** ကိုင်းရှိုင်းညွတ်လာခြင်းမရှိ။

**တ္တတိပိ၊** ဤအကြောင်းကိုလည်း။ **သောဘဂဝါ၊** ထိုမြတ်စွာဘုရားသည်။ **ဝုတ္တော၊** ဟောတော်မူအပ်၏။ **တ္တတိမန္တာ၊** ဤမန္တန်သည်။ **သုခါဝဟာ၊** ချမ်းသာကို ဆောင်ရွက်တတ်၏။ **တ္တတိ၊** ဤသို့။ **ဗုဒ္ဓေဟိ၊** မြတ်စွာဘုရားတို့ကို။ **သရဏံ၊** ကိုးကွယ်ခြင်းကြောင့်။ **သဗ္ဗေ၊** အားလုံးကုန်သော။ **ဒေဝါ၊** နတ်တို့သည်။ **မမ၊** ငါ့အား။ **ပီယံ၊** ချစ်ခြင်းသည်။ **(ဟောတု၊** ဖြစ်စေသတည်း။)

**တ္တတိ၊** ဤသို့။ **ဓမ္မေဟိ၊** တရားတော်တို့ကို။ **သရဏံ၊** ကိုးကွယ်ခြင်းကြောင့်။ **သရာဇာ၊** မင်းနှင့်တကွသော ပရိသတ်သည်။ **မမ၊** ငါ့အား။ **ပီယံ၊** ချစ်ခြင်းသည်။ **(ဟောတု၊** ဖြစ်စေသတည်း။)

**တ္တတိ၊** ဤသို့။ **သံဃေဟိ၊** သံဃာတော်အရှင်မြတ်တို့ကို။ **သရဏံ၊** ကိုးကွယ်ခြင်းကြောင့်။ **ပုရိသက္ကတ္တိ၊** ယောက်ျားနှင့်မိန်းမသည်။ **မမ၊** ငါ့အား။ **ပီယံ၊** ချစ်ခြင်းသည်။ (**ဟောတု၊** ဖြစ်စေသတည်း။)

**သဗ္ဗအန္တရာယာ၊** အားလုံးသော အန္တရာယ်တို့သည်။ **အသေသတော၊** အကြွင်းမရှိသောအားဖြင့်။ **ဝိနဿန္တု၊** ပျောက်ပျက်စေကုန်သတည်း။

***[ဤ နော(၉)တန်ဂါထာတော် ပါဠိ အနက်ကို နကွတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာ ဆရာကြီးဦးစံတင့်(စတုနိကာယကောဝိဒ၊ ဝိနယဓရ၊ ဓမ္မာစရိယ)မှ ပြန်ဆိုပေးပါသည်။]***

ထို နော(၉)တန်ဂါထာတော် ရွတ်ဆိုရခြင်းမှာလည်း မေတ္တာတော်အင်းအဆောင်ထားသူများအတွက် ပို၍ အကျိုးထူးပါသည်။ မေတ္တာအင်းဆောင်သူသည်...

(၁) ကံငါးပါးကို လုံခြုံသူဖြစ်ရမည်။
(၂) အနန္တောအနန္တငါးပါးကို ဦးထိပ် ပန်ဆင်ထားသူများ ဖြစ်ရမည်။
(၃) ကိုယ်ခန္ဓာ သန့်ရှင်းသူများ ဖြစ်ရမည်။

တောတွင်းတောင်တွင်း ခရီးသွားရသူတစ်ဦးဖြစ်ပါက ဤအင်းကို ဆောင်၍ နော(၉)တန်ဂါထာတော်ကို ရွတ်ဆောင်သွားပါလေ အန္တရာယ်များကင်း၏။

အရပ်(၄)မျက်နှာကို မျက်နှာမူ၍ ရွတ်ဖတ်ပေးပါက လိုသောဥစ္စာတို့ ဝင်လာ၏။ အရပ်(၈)မျက်နှာကို ရွတ်ဖတ်ပေးပါက ယာဉ်၊ ကား၊ သင်္ဘော၊ လေယာဉ်တို့ ဘေးမှ ကင်းဝေး၏။

ဤအင်းတော်ကြီးသည် အကျော်အမော် ဗားမဲ့အင်းတော်ကြီးဖြစ်သဖြင့် (၇)ရက်သားသမီးတို့ ဆောင်ထားသင့်သော အင်းတော်ကြီး ဖြစ်ပါသည်။

ဤအင်းတော်ကြီးကို ဆောင်ထားသူမှာ အင်း၏ အဟိန်းနှင့် ဂါထာမန္တန်များကို ယုံကြည်သူများသာလျှင် ဆောင်ထားနိုင်သည်။ အမျိုးသားများအတွက် အဆောင်အဖြစ် လွယ်ကူစွာ ဆောင်နိုင်သော်လည်း အမျိုးသမီးများအတွက်မူကား လက်ပွေ့အိတ်၊ ပိုက်ဆံအိတ်၊ စလင်းဘက်အိတ်များထဲတွင် ထည့်၍ ဆောင်ထားနိုင်ပါသည်။

ခရီးသွားတွင် လွယ်ကူစွာ ယူသွားနိုင်သလို ခရီးပြန်တွင်လည်း အိမ်ရှိ ဘုရားကျောင်းဆောင်ထဲတွင် သိမ်းဆည်းထားနိုင်ပါသည်။

ဤအင်းကိုဆောင်ထားသူများသည် လူမျိုးကွဲများ၊ တိုင်းရင်းသားများ ဘာသာမတူသော်လည်း လူလူချင်း ခင်မင်မှုများကို ကိုယ်တွေ့ခံစားရပေမည်။

ဤအင်းတော်ကြီးသည် ဗားမဲ့ဆရာတော် လက်တွေ့ကျမ်းအင်းကြီးမှ ဖြစ်ပါသည်။ နတ်မင်းကြီး(၄)ပါးတို့က အလုည့်ကျ စောင့်ရှောက်သည်ဟုလည်း ရှေးကျမ်းလာပေစာများက ဖော်ညွှန်းပြထားပါသည်။ **[အင်းစီမံရာ အချိန်မှာ နံနက်(၉)နာရီတိတိ]**

* * *

**ဂဏန်းစဉ် မေတ္တာအင်းသွားပုံ**

ယင်းအင်းသည် မြင်းခုန်သွားခြင်း ဖြစ်သည်။

| | | | | | |
|---|---|---|---|---|---|
| | ၂၅ | ၂ | ၁၅ | ၂၂ | |
| ၁ | ၆ | ၂၃ | ၂၆ | ၃ | ၁၆ |
| ၂၄ | ၂၇ | ၁၀ | ၅ | ၁၄ | ၂၁ |
| ၇ | ၃၂ | ၂၉ | ၂၀ | ၁၇ | ၄ |
| ၂၈ | ၁၁ | ၁၈ | ၉ | ၃၀ | ၁၃ |
| | ၈ | ၃၁ | ၁၂ | ၁၉ | |

**(၃၂)ကွက်အင်း**

အချို့သော အင်းပညာရှင်များက အင်းဂဏန်းဖြင့် အင်းကိုချပြီး အစီအမံပြု၍ ဆောင်ကြသည်။

ဂါထာစာလုံးဖြင့် ချသော အင်းနှင့် အင်းဂဏန်းဖြင့် ချသောအင်းသည် အကျိုးသက်ရောက်မှုအတူတူပင် ဖြစ်ပါသည်ဟု ဆရာတော်ကြီးဦးတိက္ခက ပြောကြားပါသည်။

လွယ်ကူစွာ မှတ်သားနိုင်စေရန် စာရှုသူ အင်းဝါသနာရှင်များအတွက် ရေးသားဖော်ပြလိုက်ပါသည်။

**ရောမြေ ကျော်စေ**



www.burmeseclassic.com

www.burmeseclassic.com


## ကျန်းမာပါစေဆေးတိုက်မှမြန်မာ့ဆေးစွမ်းကောင်းများ ထုတ်လုပ်ဖြန့်ချိလျက်ရှိပါသည်။

ဆရာကြီး ဦးဝင်းလေး၊ ဆရာမကြီး ဒေါ်လှသိန်းနှင့် သားဆရာ ဦးသီဟတို့က နှစ်(၃၀)ကျော် ကုသ အောင်မြင်ခဲ့သောဆေးများကို ရောဂါဝေဒနာရှင်များ တောင်းဆိုချက်အရ ထုတ်လုပ် ဖြန့်ချိလိုက်ခြင်းဖြစ်ပါကြောင်း။

ဆီး၊ ဝမ်း၊ လေ မှန်ပြီး အကြောများပြေစေဖို့အတွက်

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ အကြောပြေဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011801(1215)



အကြောတက်ခြင်း၊သွေးကြောလေကြောပိတ်ခြင်း၊ချက်စိရောဂါ၊အတွင်းတိမ်၊ အပြင်တိမ်၊ဇအိုနာ၊ဆီးဝမ်းလေချုပ်ရောဂါများအတွက်၊ဝမ်းတွင်းရှိအပူအပုပ် အညစ်ကို ယူထုတ်ပစ်သလိုကင်းစေပြီး၊သွက်လက်ပေါ့ပါးကျန်းမာစေပါသည်။

* * *



နေပူ၊ မီးပူ၊ ရင်တွင်းသောကအပူ မှန်သမျှ ငြိမ်းစေမည့်

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ အပူငြိမ်းသွေးဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011800(1215)

နှလုံးတုန်၊ရင်ခုန်မောပန်းခြင်း၊မူးဝေခြင်း၊အိပ်မပျော်ခြင်း၊မီးယပ်သွေးမမှန်ခြင်း၊ သွေးသားမကြည်လင်ခြင်း၊အသားအရေခြောက်သွေ့ခြင်းတို့ကို သက်သာပျောက် ကင်းစေပါသည်။

* * *

ကိုယ်ခန္ဓာအတွင်း ငုပ်လျှောင်နေသည့် အခိုးအကာင်းမှန်သမျှ ပွင့်စေမည့်

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ အခိုးပွင့်ဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011825(1215)



ကိုယ်၊လက်၊ခြေကိုက်ခဲခြင်း၊ချွေးငုပ်ခြင်း၊ခေါင်းကိုက်ခြင်း၊ခေါင်းအုံခြင်း၊ အနာရောဂါအမျိုးမျိုးတို့အတွက် ငန်းမန်းတို့ကို သက်သာပျောက်ကင်းစေခြင်းနှင့် အများရောဂါများကို သက်သာပျောက်ကင်းစေပါသည်။

* * *



ထုံကျဉ်ကိုက်ခဲလေးဖက်နာ နှင့် လေငန်းလေဖြတ်ရောဂါရှင်များအားထားရတဲ့

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ အကြောလိမ်းဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011826(1215)

အကြောတင်ခြင်း၊အကြောကပ်ခြင်း၊အကြောထုံခြင်း၊အကြောရောင်ခြင်း၊ အဆစ်အမျက်ရောင်ခြင်း၊ထုံကျဉ်ကိုက်ခဲ၍လေးဖက်နာဖြစ်ခြင်း၊မေ့ရှုပါးရှုခြင်း၊ ခြေကပ်လက်ကပ်ခြင်းနှင့် လေငန်းရောဂါ တို့ကို သက်သာပျောက်ကင်းစေပါသည်။

# ကျန်းမာပါစေ

**တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းနှင့်ဆေးကုဌာန**

အမှတ်(၈၂)ဓေယျလမ်း၊(၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉၇၃၀၈၅၄၄၀၊ ၀၉၇၃၀၂၉၉၃၀၊ ၀၉၄၂၀၀၆၆၃၉၈




www.burmeseclassic.com

www.burmeseclassic.com

# လောကရန်အောင် ရုပ်ပွားတော်မြတ်

၏ တန်ခိုးတော်နှင့် အစောင့်အရှောက်ပုဂ္ဂိုလ်များ

စောဝင်း (ဒီပဲယင်း)

ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓအား ရည်မှန်း၍ ပူဇော်ဆည်းကပ်နိုင်ရန် ရည်ရွယ်၍ ဗုဒ္ဓရုပ်ပွားတော်များ သွန်းလုပ်ထုဆစ်ပြီး ကိုးကွယ်ပူဇော်ခဲ့ကြသည်။


ဗုဒ္ဓရုပ်ပွားတော် သွန်းလုပ်ထုဆစ်ကိုးကွယ်သည်မှာ ဗုဒ္ဓ သက်တော်ထင်ရှား ရှိစဉ်အချိန်ကပင် စတင်ခဲ့သည်ဟု သိရသည်။

ပဒေသရာဇ်ခေတ်က တိုင်းပြည်ကို အုပ်ချုပ်သော မင်းများသည် ဗုဒ္ဓရုပ်ပွားတော်များကို အများဆုံး သွန်းလုပ်ထုဆစ်ကိုးကွယ်ခဲ့ကြသည်။ အချို့ရုပ်ပွားတော်များတွင် ဗုဒ္ဓ၏ သရီရဓာတ်တော်များ၊ ရဟန္တာဓာတ်တော်များ ထည့်သွင်းပူဇော်ခြင်း၊ ဗုဒ္ဓရုပ်ပွားတော်အတွင်း အဖိုးတန် ရတနာများ ထည့်သွင်းဌာပနာ၍ ပူဇော်ခြင်းတို့လည်း ရှိခဲ့ကြသည်။

ထိုရုပ်ပွားတော်များကို အတ္တနှင့်လောဘကြီးသူများ၊ မသမာသူများနှင့် သိုက်ဆရာများ၏ အန္တရာယ်မှ ကာကွယ်ရန် ကျမ်းကျိန်သစ္စာပြု(ကျမ်းတိုက်)၍ လူသားတို့ မမြင်နိုင်သည့် အစောင့်အရှောက်များလည်း ထားခဲ့ကြသည်။

စာရေးသူအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်ကို စောင့်ရှောက်သည့် အစောင့်အရှောက် ပုဂ္ဂိုလ်များ ရှိသည်ဆိုခြင်းကို လက်ခံသော်လည်း ကိုယ်တိုင်တွေ့မြင်ဘူးခဲ့ပါ။ သို့အတွက် သိလိုမြင်လိုလှသည့်ဆန္ဒ ရှိနေသည်။

၂၀၁၂ ခုနှစ်၊ နှိုဝင်ဘာလထဲတွင် စာရေးသူသည် ဒီပဲယင်းလမ်းဆုံရှိ ဘက်ဖက်ရည်ဆိုင်တွင် ထိုင်နေစဉ် ဆိုင်ရှင် ကိုကျောက်ခဲနှင့် မြို့မရပ်မှ



◆ လောကရန်အောင်ရုပ်ပွားတော်မြတ်ကို ဖူးမြော်ရစဉ်

www.burmeseclassic.com

ဦးဘိုတို့သည် တန်ခိုးကြီး၍ အစောင့်အရှောက်ရှိသော ရုပ်ပွားတော်တစ်ဆူ၏ အကြောင်းကို ပြောနေကြသည်။

သို့နှင့် စာရေးသူက သူတို့နှစ်ဦးထိုင်ရာ စားပွဲသို့ ပြောင်းရွှေ့ကာ စိတ်ဝင်စားသဖြင့် မေးမြန်းမိပါသည်။ ကိုကျော်ခဲသည် ယခင်က ကျောင်းဆရာတစ်ယောက် ဖြစ်ခဲ့သည်။

၁၉၉၁ ခုနှစ်က ဒီပဲယင်းမြို့နယ်၊ သိမ္ဘာရွာတွင် ကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ် သိမ္ဘာရွာနှင့် နှစ်မိုင်ခန့်ဝေးသော ကျွန်းတောကြီးရွာသို့ အလည်အပတ် ရောက်ခဲ့ရာမှ ကျွန်းတောကြီးရွာ ဘုန်းကြီးကျောင်းတွင် တန်ခိုးကြီးသော ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူကို ဖူးမြော်ခဲ့ရကြောင်း…

ယင်း ရုပ်ပွားတော်မြတ်နှင့် ပတ်သက်၍ ကျောင်းထိုင်ဆရာတော်က ဘုရားသိုက်စာကိုပါ ပြသ၍ ဖတ်ရှုခဲ့ရကြောင်းကို…

**'ဘုရားသိုက်စာက မိုင်းခံစက္ကူဝါညစ်ညစ်အရောင်ပါ။ လက်ရေးကရှေးလက်ရေးမျိုးပါ။** မူလကနုဦးသိုက်စာလား။ ခေတ်အဆက်ဆက် တစ်ဆင့် ကူးယူလာတာလားတော့ မပြောတတ်ဘူး'

ဟု ဆိုပါသည်။ ဦးဘိုမှလည်း…

'ကျွန်တော် ၁၉၇၄ ခုနှစ်လောက်က လူကြီးကားတွေ မောင်းပေးဖူးတဲ့ ယာဉ်မောင်းတစ်ယောက်ပါ။ ဒီရုပ်ပွားတော် တန်ခိုးကြီးလွန်းလို့ ကျွန်းတောကြီး ဘုန်းကြီးထံ သွားရောက်ပြီး ပင့်ဆောင်ပူဇော်ခွင့် တောင်းကြတယ်။

ဘုန်းကြီးက ခွင့်မပြုခဲ့ဘူး။ အဲဒီရုပ်ပွားတော်ကို စောင့်ရှောက်တဲ့ မမြင်ရတဲ့ ပုဂ္ဂိုလ်တွေလဲ ရှိကြတယ်'

ဟု ဆိုပါသည်။

စာရေးသူသည် စိတ်ဝင်စားလွန်း၍ ကိုကျော်ခဲကို ခေါ်ဆောင်ကာ (၈–၁၁–၂၀၁၂)နေ့တွင် မြို့နှင့် (၈)မိုင်ခန့်ဝေးသော ကျွန်းတောကြီးရွာသို့ သွားရောက်ခဲ့ပါသည်။

ကျောင်းထိုင်ဆရာတော်မှာ ယခင်က ကျောင်းထိုင်ဆရာတော် မဟုတ်တော့ဘဲ လွန်ခဲ့သော (၁၇)နှစ်ခန့်ကမှ ရောက်ရှိလာသည့် ဆရာတော်အသစ် ဖြစ်နေပါသည်။

ဘွဲ့အမည်မှာ ဦးဇာနေယျ ဖြစ်ပါသည်။ ဆရာတော်မှာ ဖော်ရွေ၍ သွက်သွက်လက်လက် ရှိလှပါသည်။ ဆရာတော်က ကျွန်းဦးကျောင်းပေါ်ရှိ ရုပ်ပွားတော်ကို ပြသ၍ ဝမ်းသာကြည်နူးစွာဖြင့် ဖူးမြော်ရသည်။ ဓာတ်ပုံရိုက်ခွင့်ပြု၍ ရိုက်ခဲ့ရသည်။

ရုပ်ပွားတော်၏ တန်ခိုးတော်နှင့် ရုပ်ပွားတော်မြတ်၏ အစောင့်အရှောက်များကို မေးမြန်းလျှောက်ထားရာ ဆရာတော် သိသမျှ မိန့်ကြားခဲ့သည့်အပြင်…

'ကျုပ်က ဒီကျောင်းရောက်တာ သိပ်မကြာသေးပါဘူး။ ဒီကျောင်းမှာ နှစ်ပေါင်းများစွာ နေခဲ့တဲ့ ဦးပဥ္စင်းတစ်ပါး ရှိတယ်။ အခု မှန်သာကျောင်းမှာ ကျောင်းထိုင်နေတဲ့ ဆရာတော်ကြီးပါ။ တိတိကျကျနဲ့ ပြည့်ပြည့်စုံစုံ သိချင်ရင်တော့ အဲဒီဆရာတော်ကြီးထံ သွားပါ'

ဟု မိန့်ကြားပါသည်။

စာရေးသူနှင့် ကိုကျော်ခဲတို့နှစ်ဦးသည် အပြန်တွင် ဒီပဲယင်းမြို့နှင့် (၃)မိုင်ခန့်သာ ကွာဝေးသည့် မှန်သာရွာ ဘုန်းကြီးကျောင်းသို့ ဝင်ရောက်ပါသည်။

ဆရာတော် ဦးဝိမလအား ဖူးတွေ့ရပါသည်။ သက်တော်(၇၀)ကျော်ခန့်ရှိပြီး စကားကို လိုရင်းသာ မိန့်ကြားတတ်ပါသည်။ သို့သော် ကျွန်းဦးကျောင်းရှိ **''လောကရန်အောင်ရုပ်ပွားတော်''** နှင့် ပတ်သက်၍ ပြည့်ပြည့်စုံစုံ ပြောပြ၍ မှတ်သားနာယူခဲ့ပါသည်။

ထူးဆန်းအံ့ဩဖွယ်ရာ အဖြစ်အပျက်များလည်း ပါရှိ၍ အများပြည်သူ ကြည်ညိုနိုင်ရန် တင်ပြရသော်…

### လောကရန်အောင်
### ရုပ်ပွားတော်မြတ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ် ကျွန်းတောကြီးရွာ ကျွန်းဦးဘုန်းတော်ကြီးကျောင်းတွင် လောကရန်အောင်ရုပ်ပွားတော် စံပယ်တော်မူသည်။ **(ကျွန်းတောကြီးရွာမှာ ဒီပဲယင်းမြို့၏ အနောက်တောင်ဘက်တွင် တည်ရှိ၍ မြို့နှင့် (၈)မိုင်ခန့် ကွာဝေးသည်။)**

**ရုပ်ပွားတော်မှာ ဘုမိဖဿမုဒြာဖြစ်သည်။ ရုပ်ပွားတော်၏ အမြင့်မှာ တစ်တောင့်ထွာ၊ ပလ္လင်အောက်ခြေမှ ဦးသျှောင်တော်အထက် နဂါး ပါးပျဉ်းအထိ အမြင့် (၂)တောင် (၁)မိုက် ရှိ၏။ ပလ္လင်အောက်ခြေ အဝန်းပတ် လည် (၃)တောင် (၁)မိုက် ရှည်၏။**

### ဘုရားသိုက်စာ

ဤတွင် ဘုရားသိုက်စာအညွှန်းကို တင်ပြမှ ပြည့်စုံနိုင်မည်ဖြစ်၍ ဆက်လက်တင်ပြပါမည်။

"နမောတဿတိ၊ ဇမ္ဗူဒီပေ၊ ကျွန်းတောမြေတွင် နေမိတ္တက ဘုမ္မိရပ်၌ ဆရာသိပ္ပ ဖော်ထုတ်ပြသည်၊ သိမ်းဆည်းသေချာ၊ အရာရာတွင် ပညာဖြင့်မြင် ရှုဆင်ခြင်လော့"

"စပ္ပါနဝ၊ ဝိသာစတု၊ အင်းပေါင်းပြု၍ တစ်ခုမသွေ အင်းပေါင်းကြေ၍ ဂဏန်းနေလည်း၊ မှန်ဆွပါရပ်၊ နရပြုပြီ ဒက္ခိဏာနှင့် သေအင်္ဂါတည်ရှိ............ရှစ်တန်အရိယာ၊ ယောမ္မတ်ပရိဘ် ရှစ်စိတ်တက်လာ၊ အဂ္ဂရာတွင်၊ လက်ကသေစေ၊ ထည့်သွင်းနေမှ ဂန္ဓပဋ္ဌာ လောင်းလေပြန်သော် မဟာနာတိ၊ ရုပ်သေရှိ၏"





www.burmeseclassic.com

www.burmeseclassic.com

"ငှင်းရုပ်ရှင်သည် ကျွန်းတော်ဦး၌ တည်လေ၏။ နဂါးမိကျောင်း ရာထောင်သောင်းနှင့် အပေါင်းဂဏ၊ ငါးဆွေဟတ္ထိ၊ ဒီပာသံသုမား သတ္တာနာဂေ၊ သုံးဖြာရောင်ရှက်၊ ဣန္ဒီစက်နှင် စောင့်လျက်မကွာ အမြဲပါ၍ သတိချပ်လေ၊ သိအပ်ဆွေ.........."

"မြတ်ရှင်ကိုယ်စား။ ရုပ်တုရုပ်ပွားတွင် တည်ခြား နဝါဇရိယာတွင် ဟတ္တေပါဒ....... ပဆစ်ထုတ်ခြောက်.................စတုကပ္ပ၊ လေးဌာနတွင် တကွမန်လည်၊ တကောင်းပြည်နှင့် သထုံဇင်းကျိုက် လေးသမိုက်ပ၊ မဏိစည်သူ ဖောင်တော်ယူ၍ ပါတော်မမူ၊ သီတဂူဝ၊ ကိန်းဝပ်စံပယ်၊ ကျွန်းဦးလယ်တွင် "လောကရန်အောင်" မြတ်ဘုန်းခေါင်နှင့် ညီနောင်သုံးတွေ့ ရှိပခြေသည် "ဇမ္ဗူရန်အောင်" ကျွန်းလုံးချမ်းသာ "စိန္တေယျာဦး သိုက်စာမြူးသည် သမိုင်းတေဇော အထူးတည်း"။

"သက္ကရာဇ် ဃ ငှ စ(၄၃၂)ခုနှစ် သိသေနာဂ၊ ရောင်လျှံမဏိ............ မိကျောင်းမျက်ရှင်........ အများပြည်သူ လွန်ကြည်ဖြူသည် လိုက်ဆူကျော်ဇော တည်လိမ့်တည်း"

*(မှုရင်း သတ်ပုံအတိုင်း)*

**စကားချပ်။ ။ဗုဒ္ဓဘာသာဝင် သူတော်စင်များ ရုပ်ပွားတော်အား ရေရှည်တည်တံ့စွာ ကြည်ညိုပူဇော်နိုင်ရန်နှင့် ရန်သူမျိုးငါးပါး၏ ဘေးရန်ကို ကာကွယ်ရန်ရည်သန်၍ ဘုရားသိုက်စာ အချို့စာပိုဒ်များကို တမင် ချန်လှပ် ဖော်ပြထားပါသည်။**



လောကရန်အောင်ရုပ်ပွားတော်မြတ်ကို
လက်ယာဘက်ဘေးမှ ဖူးမြင်ရစဉ်

ဘုရားသိုက်စာ၏ အညွှန်းကိုကိုးကား၍ ရဟန်းရှင်လူအများ သဒ္ဓါကြည်ညိုနိုင်ရန် တင်ပြရသော် ရုပ်ပွားတော်၏ ရှေ့ပိုင်းတွင် ပုဆစ်တုပ်ဝပ်လျက် ဆင်ငါးကောင်ခံ ပလ္လင်ပေါ်တွင် လောကရန်အောင်ရုပ်ပွားတော် စံပယ်၍ မိကျောင်းနှစ်ကောင်မှာ နောက်ပလ္လင်ဘက်တွင် ပါးစပ်ချင်း ကပ်လျက်လည်းကောင်း...

နဂေ နဂါးခုနစ်ကောင်အနက် နဂါးသုံးကောင်စီဖြင့် ရုပ်ပွားတော်၏ ဝဲယာနံစောင်းတို့တွင် ရစ်ပတ်၍ လည်းကောင်း...

နဂါးကြီးတစ်ကောင်၏ ပါးပျဉ်းမှာ ရုပ်ပွားတော်၏ မဏိဦးခေါင်းတော်ပေါ်တွင် အုပ်မိုး၍ လည်းကောင်း တည်တံ့စွာဖြင့် စောင့်ရှောက် ကာကွယ်သည့် ဟန်အပြည့်ဖြင့် တွေ့မြင်ရ၏။

ထို့ပြင် ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီးဖြစ်သော ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဘုရားလေးဆူကို

ရည်ညွှန်း၍ ကြာရင်း၊ ကြာနွယ်၊ ကြာပန်း လေးသွယ်ဖြင့် ကိုယ်တော်မြတ်၏ ကိုယ်လုံးတော်ကို ရစ်ပတ်ဖွဲ့ခြံ၍ လည်းကောင်း...

ဂေါတမဘုရားအဖြစ် ရည်မှန်း၍ လက်ဝဲရံ လက်ယာရံ နှစ်ဆူဖြစ်သော ရှင်မောဂ္ဂလာန်နှင့် ရှင်သာရိပုတ္တရာ ရဟန္တာနှစ်ပါးတို့၏ ပုံတော်နှစ်ဆူကိုလည်း ရုပ်ပွားတော်၏ ဝဲယာနှစ်ဖက်တွင် တဆက်စပ်တည်း ထုလုပ်ထုဆစ်ထားသည်ကို ဖူးမြင်ရသည်။

ရုပ်ပွားတော်၏ နောက်ကျောဘက်၌ နဂါး၊ မိကျောင်း၊ ကြာနွယ်၊ ကြာခက်တို့နှင့် သိကြားမင်း ရပ်တည်နေသည့်အသွင်ဖြင့် တစ်တုံးတည်းသော ကျွန်းနက်သားကို ထုဆစ်ထားသည်မှာ ဖူးမြော်ရသူတို့အဖို့ အံ့ဖွယ်ဘနန်း၊ အံ့သြဆန်းပြားရသည့်အပြင် ကြည်ညိုသဒ္ဓါများ လွှမ်းပွားရပါ၏။

ရုပ်ပွားတော် ထုဆစ်ပြုလုပ် ပူဇော်သောနှစ်မှာ ဘုရားသမိုင်းအရ သက္ကရာဇ် ၄၃၂ ခုနှစ်ဟု ဖော်ပြထား၍ ပုဂံခေတ်ဦး အနော်ရထာမင်းလက်ထက်ကဟု ခန့်မှန်းရသည်။

လောကရန်အောင် ရုပ်ပွားတော်နှင့်အတူ ဘုရားသုံးဆူ ထုဆစ်တော်မူ၍ **"ဗမ္ဗူရန်အောင်"** ဘုရားမှာ တကောင်းပြည်တွင် လည်းကောင်း၊ **ကျွန်းလုံးချမ်းသာ**ဘုရားမှာ သထုံဇင်းကျိုက်တွင် လည်းကောင်း စံပယ်နေကြသည်ဟု သိရသည်။

မဏိစည်သူမင်းကြီးသည် တိုင်းခန်းလှည့်လည်ရာမှ ဒီပဲယင်းမြို့နယ်၊ ကျွန်းတောကြီးရွာသို့ ရောက်ရှိပြီး လောကရန်အောင် ရုပ်ရှင်တော်မြတ်ကို ဖူးတွေ့ရရာ သဒ္ဓါကြည်ညိုသူဖြစ်၍ လည်းကောင်း...



● လောကရန်အောင်ရုပ်ပွားတော်မြတ် မူလက စံပယ်သည့် ဂန္ဓကုဋိတိုက်ဟောင်း

မိမိအထက်က ဘိုးလောင်းတော်၊ ဘေးလောင်းတော်များ၏ ကောင်းမှုဖြစ်၍ လည်းကောင်း ပုဂံနေပြည်တော်သို့ ပင့်ဆောင်ရာ ဖောင်တော်ထွက်မရ၍ ကျွန်းတောကြီးရွာ သီတဂူ မေတ္တာရေကန် မြောက်ဘက်ပေါင်တွင်ရှိ ထူထဲလှသော ခိုင်ခံ့လှသော ဂန္ဓကုဋိတိုက်၌ ပြန်လည်ထားခဲ့ရသည်ဆို၏။

**စကားချပ်။ ။သိမ္ဗာရွာ ကျောင်းဆရာဟောင်း ဦးကျောက်ခဲက လိုက်လံပြသ၍ ကြည့်ရှုရာ မေတ္တာရေကန်ပေါင်ပေါ်ရှိ ဂန္ဓကုဋိတိုက်မှာ ပျက်စီးယိုယွင်းနေသည်ကို တွေ့ခဲ့ရသည်။**

## ကျိန်စာသင့်သည့်မိသားစု

မြန်မာသက္ကရာဇ် ၁၃၃၀ ပြည့်နှစ်က ရွာတစ်ရွာမှ နွားကျောင်းသား မောင်ဒေဝနှင့် မောင်ဒေဟတို့ ညီနောင်သည် လူငယ်သဘာဝ အပျော်လွန်၍ ဂန္ဓကုဋိတိုက်မှ လောကရန်အောင် ရုပ်ပွားတော်အား ယူဆောင်ပြီး မေတ္တာရေကန်အတွင်းချကာ ဖောင်အမှတ်ပြု၍ ရေကစားကြသဖြင့် ရက်ပိုင်းအတွင်း ဒုက္ခရောက်သွားကြ၏။

## အမြင်မှန်ရသွားသည့် ထောင်ထွက်နှင့် သိုက်စာ

၁၃၃၁ ခုနှစ်က ......ရွာသား မောင်ဘဖွန်သည် လူသတ်မှုဖြင့် ထောင်ကျကာ ပုသိမ်ထောင်သို့ ရောက်ရှိခဲ့သည်။ ထောင်မှလွတ်သည့်အခါ ထောင်ကျစဉ်က တွေ့ခဲ့သော ဆရာတစ်ဦးက ဘုရားသိုက်စာကို ပေး၍ ထိုဘုရားရုပ်တုကို ခိုးယူပေးရန်နှင့် ဘုရားရုပ်တု ရရှိက တစ်သက်စာ ပေးမည်ဆိုသဖြင့် သိုက်စာတွင် ပါရှိသော ကျွန်းတောရွာရှိ ဂန္ဓကုဋိတိုက်တွင် ရှာဖွေသည်။

မတွေ့ရသဖြင့် မေတ္တာရေကန်ဘက်သို့ သွားကြည့်ရာ ရုပ်ပွားတော်ကို ရေကန်အစပ်ရှိ မြက်ဖုတ်ပေါ်တွင် တွေ့ရသည်။

အားရဝမ်းသာစွာဖြင့် မောင်ဘဖွန်က ရုပ်ပွားတော်အား မ,ယူရာ အချိန်အခါမဟုတ် မိုးကြိုး ပြင်းထန်စွာ ထစ်ချုန်းသဖြင့် ထိတ်လန့်ကြောက်ရွံ့ပြီး ကျွန်းဦးဘုန်းကြီးကျောင်းသို့ ပြေးကာ ဆရာတော် ဦးပညာဝံသအား ဘုရားသိုက်စာ ဆက်ကပ်၍...

www.burmeseclassic.com

'တပည့်တော် မှားပါပြီဘုရား။ မကြံစည်ကောင်းသော အရာကို ကြံစည်မိပါတယ်။ ခွင့်လွှတ်တော်မူဘုရား'

ဟု လျှောက်ထား၍ အသက်ဘေး ချမ်းသာစွာဖြင့် သူ၏ ရွာသို့ ပြန်သွားနိုင်ကြောင်း သိရသည်။

**စကားချပ်။ ။ကျိန်စာသင့် မိသားစုနှင့် ထောင်ထွက်အမည်တို့ကို လူမှုရေးအရ အမည်နာမ လွှဲပြောင်း ရေးသားပါသည်။**

## ကျွန်းဦးကျောင်းသို့ ရုပ်ပွားတော် ပင့်ဆောင်ခြင်း

ကျွန်းဦးကျောင်းဆရာတော် ဦးပညာဓိကသည် ထောင်ထွက် မောင်ဘဇွန် ဆက်ကပ်သော ဘုရားသိုက်စာကို လုံခြုံစွာ သိမ်းထား၍ ရုပ်ပွားတော်ကို ရွာမိရွာဖများနှင့်အတူ ကျွန်းဦးကျောင်းတိုက်သို့ ပင့်ဆောင်သည်။

ရုပ်ပွားတော်မှာ နှစ်ကာလ ကြာမြင့်၍ ပြုပြင်မွမ်းမံရန် လိုအပ်သေးသဖြင့် ကျောင်း၏အရှေ့ဘက်တွင် ထန်းရွက်မိုးဖြင့် ယာယီစံကျောင်း ဆောင်ထိုးကာ ပူဇော်ခဲ့သည်။

## အစောင့်အရှောက်ပုဂ္ဂိုလ်များ

ရုပ်ပွားတော်မှာ နှစ်ကာလ ကြာမြင့်ခဲ့သော်လည်း ပခုံးတော်တွင်သာ အနည်းငယ်ပေါက်ရာရှိသည်။

ဆရာတော်က ပြုပြင်ပေးရန် ခြံရွာမှ လက်သမားဆရာ ဦးမင်းဆွေအား ခေါ်ယူစေခိုင်းခဲ့ရာ ဦးမင်းဆွေ လာရောက်၍ ပြုပြင်စဉ် ပခုံးတော်ပေါက်မှ ဓာတ်တော် (၉)လုံး ထွက်လာ၍ ဆရာတော်အား ပြသသည်။ ဆရာတော်က ပြန်လည်ထည့်သွင်းစေပြီး လုံခြုံအောင် စီမံခဲ့သည်။

ထိုသို့ ပြုပြင်ဆောင်ရွက်နေကြဆဲ ဩဇာအာဏာရှိသူများ လာရောက်၍ ရုပ်ပွားတော်အား ပင့်ဆောင်လိုသဖြင့် ဆရာတော်အား ဝတ္ထုငွေကပ်ပါမည်ဟုလည်းကောင်း၊ ရုပ်ပွားတော်အစား ပေးပါမည်ဟု လည်းကောင်း နည်းမျိုးစုံဖြင့် ချဉ်းကပ်ကာ ဆရာတော်အား လျှောက်ထားကြသည်။ သို့သော် ဆရာတော်က ခွင့်မပြုခဲ့ပေ။

ထို့နောက်ပိုင်းတွင် မသမာသူအချို့က ရုပ်ပွားတော်အား ခိုးယူရန် နေ့ညမပြတ် ချောင်းမြောင်းကြသော်လည်း အထမမြောက် မအောင်မြင်ကြ။

ညဥ့်အချိန်တွင် ရုပ်ပွားတော် စံမြန်းရာ စံကျောင်းပတ်ပတ်လည်တွင် မီးပုံးများ ကိုင်ဆောင်လျက် ဟိုဟိုဒီဒီ သွားလာနေကြသော အဝတ်ဖြူနှင့်လူများ ပျားပန်းခပ်မျှ ရှုပ်ထွေးများပြား၍ စံကျောင်းအနီးသို့ မလာရဲကြဘဲ ကြောက်ရွံ့၍ ပြေးကြရသည်ဟု သိရသည်။

သို့အတွက် ဘုရားသိုက်စာပါ...

"နဂါးမိကျောင်း ရာထောင်သောင်းနှင့် အပေါင်းဂဇေ၊ ငါးထွေဟတ္ထိ၊ ဒွိဟသံသုမာ၊ သဗ္ဗာနာဂေ သုံးပြာရောင်ယှက်၊ ကဒ္ဒိစက်နှင့် စောင့်ရှောက်မကွာ၊ အမြဲပါ၍ သတိချပ်လေ၊ သိအပ်ဆွေ"

ဟု ညွှန်းဆိုသည့်အတိုင်း လောကရန်အောင်ရုပ်ပွားတော်မြတ်ကို နဂါးခုနစ်ကောင်၊ မိကျောင်းနှစ်ကောင်၊ ဆင်ငါးကောင်တို့က အစောင့်အရှောက်ပြုနေကြောင်း သိသာလှသည်။

## ရုပ်ပွားတော်မြတ် ယာယီစံကျောင်းမှ ကျွန်းဦးကျောင်းပေါ်သို့ ပြောင်းရွှေ့စံပယ်တော်မူခြင်း

လောကရန်အောင် ရုပ်ပွားတော်မြတ်မှာ ရှေးဟောင်းရုပ်ပွားတော်တစ်ဆူဖြစ်ခြင်း၊ လက်ရာထုဆစ်မှု ပြောင်မြောက်၍ အံ့ဖွယ်ဖြစ်ခြင်း၊ အစောင့်အရှောက် ပုဂ္ဂိုလ်များမှာ ယခုအထိ သက်ဝင်လှုပ်ရှားကာ စောင့်ကြပ်လျက်ရှိခြင်း၊

ရုပ်ပွားတော်၏ ဘုန်းတန်ခိုး အရှိန်အဝါ ကြီးမြင့်ခြင်းတို့ကို ဆရာတော်ဦးပညာဓိက မျက်ဝါးထင်ထင် သိမြင်တော်မူလာ၍ ၁၃၃၆ ခုနှစ်၊ တပို့တွဲလတွင် ဆရာတော် ဦးစီးပြီး ကျွန်းတောရွာနှင့် အနီးရှိ ဂေါ်စရဂါမ်ရွာများမှ ရွာသူရွာသားများ၏ ကောင်းမှုဖြင့် မန္တလေးမြို့ တပ္ပဝတီ ပလ္လင်တံကဲဆရာ ဦးကျော်အေးအား ခေါ်ယူကာ ရုပ်ပွားတော်အား ပြုပြင်ခြင်း၊ မွမ်းမံရွှေချခြင်း၊ အောက်ခံပလ္လင်ကြီးနှင့် ပန်းတံကဲများ အသစ်ထပ်မံပြုလုပ်ကာ ယာယီစံကျောင်းမှ ကျွန်းဦးဘုန်းကြီးကျောင်း အပေါ်ထပ် ဘုရားခန်းသို့ ပြောင်းရွှေ့ပူဇော်ထားရှိပါ၍ တင့်တယ်သပ္ပါယ်စွာ စံပယ်တော်မူလျက် ရှိကြောင်း ဗုဒ္ဓဘာသာဝင် သူတော်စင်များ ကြည်ညိုသဒ္ဓါ ပွားနိုင်ကြစေရန် ရည်သန်၍ တင်ပြပေးလိုက်ပါသည်။

**(လောကရန်အောင် ရုပ်ပွားတော်၏ မူရင်း ဘူတ အစ အဆုံးအထိ စိတ်ရှည်စွာဖြင့် မိန့်ကြားပေးကြသော အရှင်ဇာနေယျ(ကျွန်းဦးကျောင်းဆရာတော်)နှင့် ဦးဝိမလ (မှန်သာကျောင်း ဆရာတော်) တို့အား ဤစာစုဖြင့် ဦးညွှတ်ကန်တော့ အပ်ပါသည်။)**


*ဗုဒ္ဓဘာသာ စိရံ တိဋ္ဌတု*

ဇော်ဝင်း(ဒီပဲယင်း)



www.burmeseclassic.com

www.burmeseclassic.com



ဝါးအမြုတေ

မောင်နွယ်ဟသန်း

ထူးဆန်းသော ဝါးအမြုတေနှင့်

# မြွေသဏ္ဍာန် ဝါးမြစ်



ဂမ္ဘီရခရီးသည် မောင်သန်းဆောင်နှင့် ဂမ္ဘီရပစ္စည်းများ

မဟာစင်မုန်တိုင်းအရှိန်ကြောင့် မိုးတစိမ့်စိမ့်ရွာနေသော နေ့တစ်နေ့၊ ပန်းသာကျေးရွာတွင် နေထိုင်သည့် ဂမ္ဘီရခရီးသည် မောင်သန်းဆောင်တစ်ယောက် စာရေးသူအိမ်သို့ ပေါက်ချလာသည်။

သူရောက်လာတိုင်း ဂမ္ဘီရကျောက်ရုပ်များအပါအဝင် ထူးခြားဆန်းကြယ်သောဂမ္ဘီရပစ္စည်းများပါလာတတ်သည်။

မောင်သန်းဆောင်သည် မြန်မာနိုင်ငံအရပ်ရပ်သို့ သွားရောက်ကာ ဂမ္ဘီရပစ္စည်းများကို ရှာဖွေစုဆောင်းရာတွင် ဝါသနာကြီးလှသူ ဖြစ်ပါသည်။

ထို့ကြောင့်လည်း စာရေးသူအနေဖြင့် ညီငယ်တစ်ယောက်လို ခင်မင်ရသော မောင်သန်းဆောင်ကို ဂမ္ဘီရခရီးသည် မောင်သန်းဆောင်ဟု တင်စားခေါ်ဝေါ်ခြင်း ဖြစ်ပါသည်။ ယခုလည်း ဂမ္ဘီရခရီးမှ ပြန်ရောက်လာသည်မှာ မကြာလှသေးချေ။

ထင်သည့်အတိုင်း ထူးဆန်းသော ဝါးအမြုတေတစ်ခုနှင့် မြွေသဏ္ဍာန် ဝါးမြစ်တစ်ခု ပါရှိလာပါသည်။ ဝါးအမြုတေ၏ပိုင်ရှင်မှာ တမူးမြို့၊ မြို့မရပ်ကွက်အမှတ်(၃)နေ ကိုမောင်ထွန်း၊ မဝင်းမြိုင်တို့ဖြစ်ကြောင်း သိရှိရပါသည်။

ကိုမောင်ထွန်းသည် တမူးမြို့၏ အရှေ့ဘက် ကွန်းတောင်းနယ် ရေကျော်၌ အခင်းလုပ်စဉ်က အိမ်အတွက်အသုံးပြုရန် မိမိအခင်း၏ မနီးမဝေး ဝါးတောမှ ဝါးခုတ်သွားစဉ် ရရှိခဲ့ခြင်း ဖြစ်သည်။

ဝါးပိုးဝါးကြီးတစ်ပင်ကို ခုတ်ပြီး အခက်အလက် အတက်များ ခုတ်ထွင်နေစဉ် အတွင်းပိုင်းမှ "ဂလောက်၊ ဂလောက်"ဟူ၍ အသံကြား၍ ခွဲကြည့်ရာ အဆိုပါ ဝါးအမြုတေကို တွေ့ရှိခဲ့ခြင်း ဖြစ်ပါသည်။

ဝါးအမြုတေမှာ လုံးပတ် (၁၂)

www.burmeseclassic.com



လက်မခန့်၊ အချင်း(၄)လက်မအရွယ်၊ စဓဗဝအက္ခရာသင်္ကြာန် ပါရှိပြီး ပတ်ပတ်လည်တွင် ပန်းကနုတ်သဖွယ် အကြောအမျှင်များ ပါရှိနေပါသည်။ အဆိုပါ ဝါးအမြုတေ ရရှိပြီးနောက် ကိုမောင်ထွန်း မိသားစုသည် အစစအရာရာ အဆင်ပြေလာကြောင်း သိရှိရပါသည်။

မြွေသင်္ကြာန် ဝါးမြစ်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်နှင့် ချင်းပြည်နယ်အစပ်၊ ဟားခါးလေး တောင်တစ်လုံးတောရ ဆရာတော် ဘဒ္ဒန္တဆန္ဒာဓိကဓါ်ခမည်းတော်ဦးချစ်ဦး ထံမှ ရရှိခဲ့ခြင်းဖြစ်သည်။ ခေါင်း၊ မျက်လုံး ပုံသင်္ကြာန် ပီပြင်စွာဖြင့် တကယ့်သက်ရှိ မြွေတစ်ကောင်ပမာ ထူးဆန်းစွာ တွေ့ရှိရပါသည်။

ထို့ကြောင့် ထူးဆန်းသော ဝါးအမြုတေနှင့် မြွေသင်္ကြာန် ဝါးမြစ်တို့ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်များ လေ့လာနိုင်ရန် ဓာတ်ပုံများနှင့်တကွ တင်ပြလိုက်ရပေသည်။

**မောင်နွယ်သန်း**

♦ ဝါးမြစ်မြွေ

# မျက်စိနာ မျက်စိပူးအောင်

**နာကျင်မန်းမန္တန်**

ကျေးလက်နေ ပြည်သူအများ ကြောခဏ ဖြစ်ပေါ်တွေ့ဆုံရမြဲ မျက်စိနာရောဂါနှင့် မျက်စိအပြင် တိမ်ဖြစ်ပေါ်ခြင်းများသည် ကျေးလက်တောရွာများမှာ ဆေးရုံဆေးခန်းနှင့် အလှမ်းကွာဝေးကြသဖြင့် သူ့နည်းသူ့ဟန်နှင့် အဆင်ပြေသလို ကုသကြရသည်။

ဤမျက်စိနာမန်းမန္တန်ကို ဘထွေးဖြစ်သူ မော်ထက်ကျေးရွာ(ဦးမောင်စိန်မြ) မကွယ်လွန်မီက ပေးခဲ့ခြင်းဖြစ်သည်ဟု စာရေးသူ၏ဦးလေး ဦးထွန်းလှက ပြောပြပါသည်။

ရာသီ အကူးအပြောင်းကာလများတွင် မျက်စိနာရောဂါ ဖြစ်တတ်ကြသည်။ နောက်ပြီး မျက်စိကို တစ်စုံတစ်ခုနှင့် ထိမိခိုက်မိသောအခါ မျက်စိနာတတ်သည်။

တစ်နေ့ မော်ထက်ကျေးရွာ အ.မ.က ကျောင်းက ဆရာမလေး မရီရီစံသည် မျက်စိထဲ ပိုးစပ်ကောင်ဝင်၍ ရှင်းထုတ်မှုတ်လိုက်ရာ ပိုးစပ်ကောင် ဘယ်ကိုရောက်သွားမှန်းမသိတော့ပါ။ မျက်စိနှင့်မျက်လုံးအိမ်ပါ ရောင်ရမ်းလာသည်။ မျက်စိလည်း ဖွင့်မရ၊ တော်တော်နေရထိုင်ရ ခက်နေသည်။

ဘထွေးဖြစ်သူ(ဦးမောင်စိန်မြ)ထံ ပြသကြရာ ဦးမောင်စိန်မြက...

'ဆရာမလေး မျက်စိကို ကျုပ်မန်းပေးပါမယ်။ ဘာမှ မစိုးရိမ်နဲ့၊ ပြန်ကောင်းသွားမှာပါ'

ဆိုပြီး သူ့အိမ်ရှေ့တွင် စိုက်ပျိုးထားသော **ကြက်မောက်ပန်းပင်၏ အမြစ်၊ အပင်၊ အရွက်၊ အပွင့်တို့ကို (၁) ဆုပ်စီ ဆတူရောစပ်ပြီး ပြာချပါသည်။ ယင်းပြာကိုယူ၍...**

'ဦ တိမ်ဖြူ တိမ်နက် ဆိုင်းကာတက် တိမ်နက် မည်းညို ဟင်းသားကူ သက်ဩ သက် သေဩသေ သွားဟာ'

ဤမန္တန်နှင့် အသက်အောင့်၍ (၇) ချက် မန်းပြီး ပြာကို မျက်စိဘေးနားကို လက်ပြန်ပွတ်ပေးလိုက်ပါသည်။

နောက်နေ့နံနက် မိုးလင်းသည့်အခါ ဆရာမလေး မျက်စိဖွင့်နိုင်ပြီး ကျိန်းစပ်ခြင်းမရှိ သက်သာသွားပါသည်။ (၂) ရက်အတွင်း ပုံမှန်အတိုင်း ပျောက်ကင်းပါသည်။



**ဤမျက်စိမန်းမန္တန်ကို ဘူးသီးတောင်မြို့နယ်၊ မောင်နှမကျေးရွာ၊ ဦးလေးဦးထွန်းလှ ပြောပြ၍** အများပြည်သူ မျက်စိဝေဒနာရှင်များအတွက် လက်တွေ့နည်းဖြစ်၍ ဖော်ပြအပ်ပါသည်။

**[မောင်နှမရွာ ဦးလေး ဦးထွန်းလှအား ဤစာစုဖြင့် ဂါရဝပြုပါသည်။]**

**ဗိုလ်မင်း (မင်းလှ)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာအောင်းပါး




# ကျားမှန်လျှင် အားသန်ရအောင်
# ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)
လိုင်စင်-၅/၂၀၁၀/တသထလ/တိုး(၀၁၄၇၂)

"ကိုမင်းဝေပါလား. . . မရွှင်မလန်းနဲ့ စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့ကုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေး ထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညိုးပန်းသေရောဂါ)၊ လိပ်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်'

❀ ❀ ❀ ❀ ❀

"ကိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . ဧည့်သည်လဲပါလာတာကိုး၊ ကဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"ကဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ ကိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်ကဲသူများ၊ (၂) သဘာဝမဟုတ်သောဟတ္ထမေထုန်ပြုသူများ၊ (၃) ကုန်ခန်းသွားသောသုက်ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) လိပ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညိုးပန်းသေရောဂါ ဖြစ်တတ်ကြပါတယ်၊ ပန်းညိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဥ့်ဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်းဝေ ခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုက်လွှတ်ခြင်း၊ သုက်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...


ဆေးထုတ်လုပ်ပင်ရင်း
အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊
(၇၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)

ဆေးဖြန့်ချိရေး- ပြည်စိုး ဆေးကုဌာန
အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်မုခ်၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့



www.burmeseclassic.com

www.burmeseclassic.com



▲ ရေပုတ်ဆုတောင်းပြည့်စေတီတော်မှ ကွဲအက်နေသောနေရာ(မြှားပြထားသည်)

# ရေပုတ်ဆုတောင်းပြည့်စေတီအနီးမှ

ရှေးဟောင်းရုပ်ပွားတော်များ ထပ်မံ တူးဖော်ရရှိခြင်း (၁)

မောင်မောင်လွှမ်း
(မုံရွာ)

**စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ် မြရိပ်ကျေးရွာအုပ်စု၊ ရေကြည်ပင်ရွာအနီးရှိ ရေပုတ်ဆုတောင်းပြည့်စေတီအနီးမှ တွေ့ရှိရသော ရှေးဟောင်းရုပ်ပွားတော်များ**အကြောင်းကို ၂၀၁၃ ခုနှစ်၊ မတ်လနှင့် ဧပြီလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ်(၃၂၀)နှင့် အမှတ်(၃၂၁) တို့တွင် ပါရှိသည်။

ထို့ကြောင့် စာရေးသူ ရေးသားသော ယင်းအကြောင်း ပါရှိသည့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာအုပ်(၂)အုပ်ကို ရေပုတ် ဆုတောင်းပြည့်ကျောင်းမှ ဆရာတော် ဘဒ္ဒန္တ သီလနန္ဒအား သွားရောက် ဆက်ကပ်လှူဒါန်းရန်အတွက် နီလာစတိုးနှင့် မင်္ဂလာရွှေမောင်း ရွှေမြန်မာထီဆိုင်မှ ဦးနေဝင်းနှင့် မုံရွာမှ နေ့လယ်(၁)နာရီ အချိန်လောက်တွင် နှစ်ယောက်သား ဆိုင်ကယ်ဖြင့် ထွက်လာခဲ့ကြပါသည်။

ရေပုတ်ဆုတောင်းပြည့် ကျောင်းသို့ သွားသည့်အခါ ချင်းတွင်းတံတား(မုံရွာ)အား ဖြတ်ကျော်၍ ချင်းတွင်းမြစ်၏ အနောက်ဘက်ကမ်းသို့ ကူးသွားပြီးလျှင် မုံရွာ-ပုသိမ် ကားလမ်းအတိုင်း သွားရသည်။

(၃)မိုင်ကျော်ခန့် ရောက်လျှင် မြောက်ယမားချောင်းကူး တံတား မရောက်မီ ညာဘက်သို့ ခွဲထွက်သွားသော မြေလမ်းအတိုင်း ထန်းတောကြီးကျောင်းရွာသို့ သွားရသည်။

ထန်းတောကြီးကျေးရွာသို့ ရောက်သောအခါ ရွာထဲမှဖြတ်၍ သွားရပြီး ရွာအပြင်ရောက်သည်နှင့် (၁)မိုင်ခန့်သာ ကွာဝေးတော့သော **"ရေပုတ်ဆုတောင်းပြည့်စေတီ"**ကို ရွှေရောင်တဝင်းဝင်းနှင့် ရွှေရောင်ဆေးသင်္ကန်းကပ်လှူထားသည်ကို ဖူးတွေ့လိုက်ရပေသည်။

ဆက်၍ သွားသောအခါ **"ရေပုတ်ဆုတောင်းပြည့်စေတီ"**နှင့် **"ရေပုတ်ဆုတောင်းပြည့်ကျောင်း"**သို့ ရောက်ရှိသွားပေသည်။ ရေပုတ်ဆုတောင်း



www.burmeseclassic.com

www.burmeseclassic.com



▲ ဆင်းတုတော်များနှင့် ဓာတ်တော်ဘူး(၂)ဘူး ထည့်ထားသောကြေးအုပ်

▼ အုတ်ခွက်ဆင်းတုတော်များ






www.burmeseclassic.com

www.burmeseclassic.com



▲ အသွင်ထူးခြားသည့် ကြေးဆင်းတုတော်များ


▼ ကြေးဆင်းတုတော်များ






www.burmeseclassic.com

www.burmeseclassic.com



◆ ကြေးဆင်းတုတော်များနှင့် သိကြားရုပ်များ

◆ ဌာပနာတိုက်အပေါ်မှ အုပ်ထားသော ကျောက်သားကြီး



ပြည့်စေတီမှာ လမ်း၏ ညာဘက်တွင်ရှိပြီး၊ ရေပုတ်ဆုတောင်းပြည့်ကျောင်းသည် လမ်း၏ ဘယ်ဘက်တွင်ရှိသည့်အတွက် ဦးနေဝင်းအား ဘယ်ဘက်ကျောင်းဝင်းထဲသို့ မောင်းဝင်ရန် ပြောလိုက်သည်။

ကျောင်းထဲသို့ ရောက်သောအခါ ဆရာတော် ဘဒ္ဒန္တသီလနန္ဒအား အဆင်သင့် တွေ့ရှိရသည့်အတွက် ရှိခိုးကန်တော့ပြီးသည့်နောက်...

'တပည့်တော်ကို မှတ်မိပါသလားဘုရား'

ဟု လျှောက်ထားရာ ဆရာတော်မှာ ဇဝေဇဝါ ဖြစ်နေသောကြောင့်...

'တပည့်တော် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ဆောင်းပါးတွေ ရေးနေတဲ့သူပါဘုရား၊ မနှစ်က ဆရာတော်ရဲ့ ကျောင်းမှာ ရှေးဟောင်းရုပ်ပွားတော်တွေ တူးဖော်ရရှိကြောင်း ကြားသိရလို့ တပည့်တော် ရှေးဟောင်းရုပ်ပွားတော်တွေကို လာရောက်ဖူးမြော်ပြီး တူးဖော်ရရှိတဲ့ ရှေးဟောင်းရုပ်ပွားတော်များကို ဓာတ်ပုံရိုက်ယူကာ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်ကို ဆောင်းပါးတွေ ရေးပို့လိုက်တာ အခု အဲဒီဆောင်းပါးတွေ ပါလာတဲ့အတွက် ဆောင်းပါးတွေ ပါလာတဲ့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းစာအုပ်(၂)အုပ်ကို လာလှူတာပါဘုရား'

ဟု လျှောက်ထားတော့မှ ဆရာတော်လည်း မှတ်မိသွားတော့သည်။

ဆရာတော်က...

'ဒကာကြီးတို့ ထမင်းမစားရသေး



www.burmeseclassic.com

www.burmeseclassic.com



▲ ရွှေတာစီညှောင်ယင်၊ ငွေဆင်းတုတော်များ၊ ငွေကျောင်းဆောင်၊ ငွေထီး၊ ကြေးပြာသာဒ်၊ ကြေးအစ်နှင့် ဓာတ်တော်များ ထည့်ထားသောကြေးဘူး

▼ ငွေဆင်းတုတော်အား မယ်ဒေါ်သီ ဌာပနာတိုက်ထဲတွင် ဖူးတွေ့ရစဉ်





www.burmeseclassic.com

www.burmeseclassic.com



◆ ထမင်းတော်များနှင့် အခြားပစ္စည်းများအား စာရင်းပြုစုနေစဉ်

ဆရာတော်မှ ရုပ်ပွားတော်များ တွေ့ရှိသော နေရာအား ပြသနေစဉ် ◆

◆ ကြေးစင်တောင်ခြေမှ လုပ်သားများ လာရောက်ရှင်းလင်းပေးနေစဉ်





ရင် ထမင်းစားကြဦး'

ဟု ပြောကာ ကိုရင်လေးများကို ထမင်းပွဲ ပြင်ခိုင်းသောကြောင့်...

'တပည့်တော်တို့ စားပြီးကြပါပြီ ဘုရား၊ စားပြီးမှ ထွက်လာခဲ့ကြတာပါ ဘုရား-'

ဟု ပြန်လည် လျှောက်ရလေသည်။

ကျေးလက်တောရွာများမှ ဘုန်းတော်ကြီးကျောင်းများသည် ထမင်းစားချိန်တွင် ရောက်ရှိကြသော ဧည့်သည်များကို ဆင်းရဲချမ်းသာ မရွေးဘဲ မည်သူ့ကိုမဆို ထမင်းများ ကျွေးမွေးလေ့ ရှိပေသည်။ ထိုဓလေ့မှာ ချစ်စရာကောင်းသော ဓလေ့တစ်ခု ဖြစ်ပေသည်။

'ထမင်းစားပြီးရင်လဲ မုန့်နဲ့ကော်ဖီ စားကြသောက်ကြဦး'

ဟု မိန့်ကာ မုန့်များနှင့် ကော်ဖီမစ်ထုတ်များကို ချပေးလျက်...

'ဒကာကြီး ရောက်လာတာနဲ့ အတော်ပဲ၊ အခု နောက်ထပ်စေတီဟောင်းဘေးက ရှေးဟောင်းရုပ်ပွားတော်တွေ တူးဖော်ရရှိထားတယ်'

ဟု မိန့်ကြားပါသည်။

'အဲဒါဆိုရင် တပည့်တော်တို့ ဖူးမြော်ချင်ပါတယ်ဘုရား'

ဟု လျှောက်ထားသောအခါ...

'ဖြည်းဖြည်းပေါ့ ဒကာကြီးရာ မုန့်နဲ့ ကော်ဖီ စားကြသောက်ကြပါဦး'

ဟု မိန့်သောကြောင့် မုန့်နှင့်ကော်ဖီကို စားသောက်ကြရသည်။

စာရေးသူတို့ မုန့်နှင့်ကော်ဖီ စားသောက်နေကြစဉ် ဆရာတော်သည် ထိုင်နေရာမှ ထသွားကာ နှစ်ထပ်သစ်သားကျောင်းပေါ်သို့ တက်သွားလေသည်။

ခဏကြာသောအခါ ကျောင်းပေါ်မှဆင်းလာကာ ရုပ်ပွားတော်တစ်ဆူအား ပင့်ဆောင်လာသည်ကို တွေ့ရှိရပါသည်။ ပင့်ဆောင်လာသော ရုပ်ပွားတော် စာရေးသူတို့ ဖူးမြော်နိုင်စေရန် စားပွဲပေါ်သို့ တင်ထားပြီး ဖူးမြော်စေပါသည်။

ရှေ့လ ဆက်ဖတ်ပါရန်


မောင်မောင်ထွန်း (မုံရွာ)



www.burmeseclassic.com

www.burmeseclassic.com

# အန္တောဓာတ်လုံး



အန္တောဓာတ်လုံး တည်ပုံတည်နည်းကို မိမိတွေ့ရှိသည့်အတိုင်း ဝါသနာရှင်အပေါင်းတို့အား ရေးသားဖော်ပြပေးလိုက်ပါသည်။

အန္တောဓာတ်လုံး တည်မည်ဆိုပါလျှင် ကြေးနီသန့်သန့်ရဖို့ရန် ပထမလိုပါသည်။ ကြေးနီစစ်စစ် တစ်ဆယ်သားကို သုံးမည်ဆိုပါက ဂရိုက်ဖိုဒ်နံပါတ်တစ်လုံတွင် ထည့်ပြီး အဖုံး လုံအောင်ပိတ် ဖော်မံပြီးလျှင် မီးပြင်းဆယ့်နှစ်နာရီခန့် ထိုးပါ။

ဤကဲ့သို့ မီးပြင်း ထိုးမိပြီဆိုလျှင် လုံအတွင်းမှ ကြေးသည် မီးကျ အရည်နှသွားပါတော့သည်။ ထိုအခါ၌ မီးရောင်မီးညွှန့်မှာ ဖြူပြာပြာနေပါတော့သည်။ ဤသည်ကိုပင် ကြေးမီးချသည်ဟု ခေါ်ပါသည်။

ထိုအခါမှ လုံငှားဖုံးအုပ်ပြီး အရည်ကျိုပါ။ အရည်ဖြစ်လျှင် အဖုံးဖွင့်ကြည့်ပါ။ မျက်ချေးများ မျက်တောင်ခတ်သကဲ့သို့ နေသည်ကို တွေ့ရမည် ဖြစ်ပါသည်။ ထိုမျက်ချေးများကို ယမ်းပေါက်လိုက်၊ ပွတက်လာလိုက် ဖြစ်နေမည်။

ထိုအခါ လက်ချားအခဲ ခပ်သေးသေး ပစ်ပေါက်ပြီး ပွတက်လာသောချေးများကို ရစ်ဆွဲယူပါ။ ယခုကဲ့သို့ မျက်ချေးများ ကုန်သွားပြီး ကြေးမျက်နှာပြင် ကြည်လင်ပြီး ငြိမ်နေအောင် အချိန်အထိ ပြုလုပ်ပါ။

ဤကဲ့သို့ မျက်ချေးခေါ် ချေးများမရှိမှ ကြေးက ချော်အလိုက် မြန်ပါသည်။ ထို့ကြောင့် ရှင်းနိုင်းရခြင်း ဖြစ်ပါသည်။

ခဲကိုလည်း အထက်က ရှင်းနည်းအတိုင်း ရှင်းပစ်ပါ။ နှစ်ပါးစလုံး ရှင်းပြီးမှ မိမိကြိုက်သလောက် အလေးချိန်အတိုင်း ပေါင်းပြီး လုံပိတ်ဖော်မံ နာရီပေါင်း ဆယ်နာရီကျော်ကျော်အထိ မီးပြင်းထိုးပါက ခဲနှင့် ကြေး သမပြီး တစ်သားတည်း ကောလီဖြစ်ပါတော့သည်။ ကြေးကို ရှာမရတော့ပါ။

ရှေးပညာရှင်ပုဂ္ဂိုလ်များက ယခုအနေအထားကို ဖားဖြူသားဟု ခေါ်ဆိုကြသည်ကို တွေ့ရပါသည်။ ဓာတ်ကို ကျွေးသော် ခဲပြဒါး၊ ခဲဆီနှင့် ကြေးပြဒါး၊ ကြေးဆီတို့ကို ဓာတ်က စုပ်ယူပြီး ကျန်သည့်အရာများမှာ ချော် အဖြစ် ပြန်ထွက်လာကြပါသည်။

အကြိမ်ကြိမ် အလီလီ ကျွေးပါက ဒန်ဆီ၊ နာဆီ ဝ၍ ဓာတ်လုံးက အလုပ်လုပ်သည်ကို တွေ့ကြရမည်ဖြစ်ပါသည်။ ကျွေးသောအခါ လုံပိတ်၍ ကျွေးရသည်ကို သတိပြုကြစေလိုသည်။

ဤသည်မှာ အန္တောလုံး တည်ရာ၌ ပထမတွေ့ရမည့် လမ်းကြော ဖြစ်ပါသည်။ အထူး ရေးလိုသည်မှာ လုံပိတ်အောက်ဆီ ဒိုက်ထိုးမှသာလျှင် မှန်ကန်မှုရရှိမည် ဖြစ်ပါသည်။ သတိပြုကြပါ။

ယခုကဲ့သို့ လုံပိတ် ဖော်မံပြီး မီးသွေးငါးအုပ်ခန့် ထိုးပြီးတိုင်း ခဏတာ နားပေးပြီးမှ ပြန်ထိုးပါ။ ဤကဲ့သို့ နားလိုက်ထိုးလိုက် ပြုလုပ်ပေးလိုက်လျှင် အန္တောဓာတ်လုံးက ချော်များ ထွက်၍လာပါတော့သည်။ အလျင်အမြန် မတက်ပါ။ ဖြည်းဖြည်းချင်းမှ တက်ပါသည်။

နာက ချော်ဖြစ်ရန် ကုန်သွားပြီဆိုပါလျှင် ချိန်ကြည့်ပါ။ ဒန်အလေးချိန်ရှိသလောက် ခဲကို ပြန်ထည့်ပေးရပါသည်။ တဖြည်းဖြည်းနှင့် နာအလေးချိန် အရေအတွက် များလာပြီဆိုလျှင် ချော်ပြန်ထွက်၍ လာပါတော့သည်။

အန္တောလုံး တည်လျှင် ခိုက်တတ်သည်ဟု ဝါသနာရှင်များ ကြားဖူးကြမည်ထင်ပါသည်။ အမှန်က ခိုက်သည်ဆိုသည်မှာ တကယ်နည်းမမှန်ကန်၍ ဖြစ်ပါသည်။ တကယ်တမ်းကျတော့ လာဘ်တောင်ပွင့်ပါသည်။

ဥပမာ ဒန်တစ်ကျပ်၊ နာတစ်ကျပ်ကို တည်မည်ဆိုပါလျှင် ချော်ထွက်၍ ဒန်မှာ ခြောက်မူးသုံးမတ်အထိ လျော့သွားပြီဆိုလျှင် ဓာတ်လုံးက ကြေးချော်များ ပတ်နေပါတော့သည်။

ဤသည်ကို ကြေးချော်ပတ်သည်၊ အဆီချော်ပတ်သည်ဟု ခေါ်ပါသည်။ ဤသည်ကိုပင် မိုးကြိုးအသားဟုလည်း ခေါ်ကြပါသည်။

ဤကဲ့သို့ အနေအထားမှာ ခံရည်လောင်းပြီး ကိတ်နှင့်တွေ့ပါက ကိတ်ဘက်သို့ ကူးသွားပါတော့သည်။ ဤသည်မှာ အန္တောလုံး၏ ဒုတိယအဆင့် ဖြစ်ပါသည်။

ပထမအဆင့်သည် **ဖားဖြူသား**၊ ဒုတိယအဆင့်သည် **မိုးကြိုးအသား** ဖြစ်ပါသည်။ အန္တောဓာတ်လုံးမှာ အဆင့်(၄)ဆင့် ရောက်မှ အန္တောဓာတ်လုံးအစစ် ဖြစ်ပါသည်။ နောက်လာပုံလာနည်းမှာ နှစ်ဆင့် ကျန်ပါသေးသည်။

ဝါသနာရှင်များ သဘောပေါက်စေရန် လိုရင်းအချက်များသာ မိမိ ရေးသားခြင်း ဖြစ်ပါသည်။ စိတ်ရှည်မှု၊ ဇွဲရှိမှု အန္တောက လမ်းဆုံးကို ရောက်ပါသည်။ သို့မဟုတ်က လမ်းဆုံး မရောက်နိုင်ပါ။

ထွက်ရှိလာသော အန္တောချော်၏ အဆီချော်များသည် ဆေးဒန်းလုံးကို အုပ်ထိုးပါက အလွန်ကောင်းပါသည်။ ကျန်ရှိ၍နေသော နှစ်ဆင့်နှစ်ပိုင်းကိုတော့ နောက် အကြောင်းသင့်မှ ဆက်လက်ရေးသား ဖော်ပြပေးပါမည်။

ဦးသုမန(မစိုးရိမ်)



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တဆထလ (တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-၈၂/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၃၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၁၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၁၄၇)



www.burmeseclassic.com

www.burmeseclassic.com

# ဝိဇ္ဇာတောင်မှ ဇော်ဂျီဂူ

ခရီးသည် သုတေသီ

ဘားအံမြို့၏ အနောက်ဘက် သံလွင်မြစ် တစ်ဖက်ကမ်းရှိ ဖားပုတောင်ခြေ၊ ဖားပုရွာမှ လှည်းလမ်းကလေးအတိုင်း ကွေ့ပိုက်သွားပါက ဖားပုတောင် အနောက်ဘက်ရှိ ဝိဇ္ဇာတောင်ခြေသို့ ရောက်ရှိပေမည်။


ခရီးတာ (၂)မိုင်ခွဲခန့်သာရှိသော လှည်းလမ်းအဆုံးတွင် အုတ်လှေကားလေးများအတိုင်း **'ဝိဇ္ဇာတောင်'**ပေါ်သို့ တက်ရောက်နိုင်လေသည်။

ဝိဇ္ဇာတောင်ပေါ်တွင် ထုံးကျောက်ခန်းဆွဲ ကျောက်မိုးမျှော်များဖြင့် ဖွဲ့စည်းထားသော **ဇော်ဂျီဂူ**ကို တွေ့မြင်ရသည်။ ဇော်ဂျီဂူ ခန်းမကြီးတွင် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ကြည်ညိုဖွယ် ဖူးတွေ့ရသည်။

ဂူမကြီး၏ မျက်နှာကြက်တွင် လူတို့ ခန့်တီးထားသည့် လက်ရာမြောက် ပန်းပုရုပ်တုများကဲ့သို့ ထင်မှတ်မှားလောက်သည့် ရောမ ကျောက်စက်ပန်းပွင့်ကြီးကို တွေ့ရသည်မှာ ပွင့်အာနေသော ကြာပွင့်ကြီးပမာ ထူးခြားလှလေသည်။

ဂူမကြီး၏ လက်ယာဘက်တွင် အုတ်ချပ်ကလေးများ စီထားသည့် လူတစ်ကိုယ် သွားနိုင်လောက်သည့် ဥမင်လမ်းတစ်ခု တည်ရှိ၍ ဥမင်အဆုံးတွင် လူတစ်ကိုယ်စာ လဲလျောင်းကျိုးကြိုနိုင်သည့် ဂူခန်းကလေးရှိသည်။

ဂူမ၏ လက်ဝဲဘက် လမ်းလျှောအတိုင်း အနည်းငယ် သွားမိသောအခါ



ဖားပုတောင်နောက်ခံနှင့် ဝိဇ္ဇာစေတီ

အထက်သို့တက်ရန် ဝါးလှေကား တစ်စင်းကို ထောင်လျက်သား တွေ့ရသည်။ ယင်းလှေကားအပေါ်သို့ တက်လာသောအခါ အလင်းရောင်နှင့် လေထုကို လွတ်လပ်စွာ တွေ့မြင်ရှူရှိုက်နိုင်သည့် လေသာဆောင်ပမာ ဂူပြတင်းတစ်ခု ဖြစ်နေလေသည်။

သမုဒ္ဒရာအတွင်းမှ တလိမ့်လိမ့် တက်လာသော လှိုင်းတံပိုးများပမာရှိသည့် ကျောက်စက်ပန်းဆွဲ အရုပ်ဆုပ်

www.burmeseclassic.com




▲ ဝိဇ္ဇာတောင်သို့ သွားရောက်နိုင်သည့် ဖားပုတောင်ခြေ



▲ ဂူမကြီးလက်ယာဘက်ရှိ လှတက်ကိုယ်စား ဥမင်လမ်း


▼ ရေပုကာရချင်းမှ မြင်ရသော ဇော်ကို





▲ ဝိဇ္ဇာတောင်အနောက်ဘက်ရှိ မဲခတောင်

▼ သံလွင်မြစ်အတွင်းမှ တွေ့မြင်ရသော ဖားပုတောင်





www.burmeseclassic.com

www.burmeseclassic.com

များ တွဲခိုနေသော ကျောက်ဂူနံရံအဆုံးတွင် ဗုဒ္ဓပုံတော်ကားချပ်တစ်ခုရှိ၍ လူတစ်ကိုယ်စာ ချောင်ချိစွာ ဝင်နိုင်သည့် ကျောက်ခုံပြန့်တစ်ခုလည်း ရှိလေသည်။

ဆိတ်ငြိမ်အေးချမ်းသော ဇော်ဂျီဂူဝမှ အရှေ့ဘက်တွင် ဖားပုတောင်နောက်ခံနှင့် ထုံးဖွေးဖွေး **ဝိဇ္ဇာစေတီ** အားဖူးတွေ့ရသည်မှာကြည်နူးစရာပင်။

ဝိဇ္ဇာစေတီသည် ကျောက်သားထပ်တို့ဖြင့် ဖွဲ့တည်ထားသော ကျောက်ဆောင်ကြီးပေါ်တွင် ကန့်လန့်ရှည်စွာ စံပယ်လျက် ရှိလေသည်။

စေတီအနီး တောင်စောင်းတွင် အတောင်(၃၀)ခန့်နက်သော ကျောက်ရေတွင်းတစ်ခုကို တွေ့ရသည်။ ဇော်ဂျီဂူကိုသွားရာ လှေကား၏ လက်ယာဘက်တွင် ကျောက်သား ဥမင်ကလေးတစ်ခုရှိ၍ **အဖွားနန်းကြာဟဲ**၏ သိုက်နန်းဖြစ်ကြောင်း သိရသည်။

ဇော်ဂျီဂူရှေ့ မြေကွက်လပ်ကလေးတွင် မဏ္ဍပ်တဲကျောင်းတစ်ဆောင်ရှိကာ ရွာနီးချုပ်စပ်မှ ပါရမီရှင်၊ ကုသိုလ်ရှင်များ လာရောက်ကာ တရားဝင်၊ ကမ္မဋ္ဌာန်း စီးဖြန်းကြသူ ယောဂီရှင်လူ သူတော်စင်များအတွက် ဘေးမဲ့ သီးနှံဟင်းလျာများ ချက်ပြုတ်ကာ ဆွမ်းကပ်လှူဒါန်းရာ နေရာကလေး ဖြစ်သည်။

သို့ဖြစ်လေရာ အေးချမ်းဆိတ်ငြိမ်သော တောတောင်ရိပ်တွင် အေးငြိမ်းစွာ တရားဘာဝနာ ကျင့်ကြံလိုသူများအတွက် သော်လည်းကောင်း၊ ဒါန ပါရမီ ဖြည့်ဆည်းလိုသည့် ကုသိုလ်ရှင်များအတွက် သော်လည်းကောင်း၊ အထူး သင့်လျော်လှသည့် **'ဝိဇ္ဇာတောင်မှဇော်ဂျီဂူ'**သို့ သွားရောက်လိုပါက **ဖားပုတောင်ခြေ၊ ဖားပု**




ဂူဝန်မကြီးအတွင်း သီတင်းသုံး စံပယ်နေသည့် ဗုဒ္ဓရုပ်ပွားတော်

ဇော်ဂျီဂူမ၏ အထက်ရှိ လေသာပြတင်းရှု



လေသာဆောင်ရှုခ






www.burmeseclassic.com

www.burmeseclassic.com




◆ အတောင်(၃၀)ခန့်နက်သည့် ကျောက်ဂူတွင်း

◆ အတွင်းနန်းကြာပါ၏ သိုက်နန်းဥမင်



◆ ငွေကြီးမျက်နှာကြက်မှ သဘာဝ ကျောက်ဆက်ပန်းဆွဲကြီး



ရွာမှတစ်ဆင့် တောင်ကွေ့ လှည်းလမ်းကလေးအတိုင်း (၂)မိုင်ခွဲခန့် ခရီးဆန့်ခြင်းဖြင့် ရောက်ရှိနိုင်လေသည်။

**ခရီးသည် သုတေသီ**

# သွေးတိုးလျှင်

## အရေးပေါ်ကုသနည်း



လူတိုင်းလူတိုင်း အသက်အရွယ် ရလာလျှင် ရောဂါ အမျိုးမျိုး ဝင်ရောက်တတ်ကြသည်။ ကျွန်မသည် သွေးတိုးရောဂါမရှိဟု မိမိကိုယ်ကို ထင်မြင်ထားသည်မှာ ငယ်ငယ်ကပင်လျှင် သွေးချိန်ကြည့်တိုင်း သွေးကျနေတတ်ပါသည်။

ယခု အသက် (၄၀)ကျော်လာမှသာ သွေးတိုးရောဂါ စ,လာပါသည်။ သွေးတိုးလျှင် ခေါင်းမူးသည်မှာ ခေါင်းမထူနိုင်အောင်ပင် ဖြစ်ပါသည်။

သွေးတိုး ခေါင်းမူးနေသည့်အခါ သွေးကျဆေး သောက်သော်လည်း ခေါင်းမူးသည်မှာ လုံးဝ ပြေသွားသည် မရှိဘဲ ဆက်လက် မူးမြဲအတိုင်း မူးနေပါသည်။

ဤသို့ သွေးတိုးခေါင်းမူး၍ ခေါင်းမထူနိုင်ဖြစ်နေလျှင် အရေးပေါ် ဆေးနည်းမှာ…

သံပုရာသီးကို အရည်ညှစ်၍ ခေါင်း၏ ငယ်ထိပ်တည့်တည့်ပေါ် ရွှဲစိုနေအောင် ထည့်ပါ။

ချက်ချင်း ခေါင်းမူးပျောက်ပြီး ကြည်လင်လာပါလိမ့်မည်။

ကိုယ်တွေ့ဆေးနည်း ဖြစ်ပါသည်။ ဤဆေးနည်းအား GTC ဆရာမတစ်ဦးမှ လက်တွေ့ကုသ ပြောပြသော ဆေးနည်း ဖြစ်ပါသည်။

ဆရာမတို့ အစဉ်အဆက် သွေးတိုးကုသသောနည်း ဖြစ်ပါသည်ဟု ပြောပါသည်။ ဆရာမအား အထူးကျေးဇူးတင်ပါသည်။


**ဝင့်သော်တာထွန်း**

www.burmeseclassic.com

# ကြက်သွန်ခါး

## နှင့် ဆီးအောင့်ရောဂါ

မောင်ငြိမ်းသွေး
(ဝက်လက်)



ဆေးပေါက်ဝင် ကြက်သွန်ခါးဥ

**"ယောက်ျားတွင် ဆီး၊ မိန်းမတွင် မီး"** ဟု ဆိုသော အဆိုမှာ ယေဘုယျသာ ဖြစ်ပေသည်။ ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ ဆီး,ဝမ်း,သွေး,လေ မှန်ကန် မျှတမှသာလျှင် ကျန်းမာပေလိမ့်မည်။

ဆီးရောဂါနှင့် ပတ်သက်သော အတွေ့အကြုံတစ်ခုကို အလျဉ်းသင့်၍ တင်ပြလိုပါသည်။

တစ်နေ့ စာရေးသူသည် ဝက်လက်မြို့နယ်၊ ခေါ်တောကျေးရွာမှ ဆရာဘုန်းတော်ကြီးဖြစ်သော **သိမ်တော်ကျောင်းဆရာတော် ဦးပညာတိက္ခ** ထံသို့ ရောက်ရှိသွားပါသည်။

မရောက်သည်မှာ ကြာပြီဖြစ်သောကြောင့် ဆရာတော်နှင့် ဖူးတွေ့ပြီး ဖတ်လိုသောစာအုပ်များ ငှားရန်သာ ဖြစ်သည်။

စာရေးသူသည် ဖတ်လိုသော တရားစာအုပ်နှင့် အခြားဗဟုသုတစာအုပ်များကို ဆရာတော်ထံမှ ငှားဖတ်လေ့ ရှိပါသည်။ ယခုလည်း ဆရာတော်အတွက် လှူရန် အချိုမုန့်များနှင့် ကျောင်းသို့ ရောက်ရှိခဲ့ပါသည်။ ရောက်လျှင်ရောက်ချင်း ဆရာတော်အား ရှိခိုးကန်တော့ကာ ပါလာသော လှူဖွယ်များကို ကပ်လှူပြီး ဆရာတော်အား...

'အရှင်ဘုရား ကျန်းမာရေး ပြည့်စုံပါရဲ့လား ဘုရား'

ဟု လျှောက်ထားကာ ပဋိသန္ဓာရစကား ဆိုလိုက်ပါသည်။

'ဒီလိုပါပဲ ဒကာလေးရယ် အသက်ကြီးလာတော့ နေကောင်းတယ် မဟုတ်ပါဘူး။

ကျောင်းရောက်တုန်း ဖြည်းဖြည်းပေါ့ ဒကာလေးရယ်၊ နားနေပြီးမှ ပြန်ပေါ့။ ဖတ်ချင်တဲ့စာအုပ် ရှိရင်လဲ ယူသွားဦး'

'တင်ပါ့ ဘုရား'

'အရှင်ဘုရား ကျန်းမာရေးနဲ့ ပတ်သက်ပြီး လိုအပ်တာရှိရင် တပည့်တော်ကို လှမ်းမှာလိုက် ဘုရား။ တပည့်တော်က အိမ်ထောင့်တာဝန်နဲ့ လူဆိုတော့ အခုရက်ပိုင်း ဆရာတော်ဆီ မရောက်ဖြစ်ဘဲ အရောက်ကျဲနေတာ ဘုရား'

'ရပါတယ် ဒကာလေးရယ် ဖိုးအပ်



www.burmeseclassic.com

www.burmeseclassic.com

ရင် ဘုန်းကြီး မှာလိုက်ပါ့မယ်။ နေဦးကွ၊ ရောက်တုန်း ဘုန်းကြီးနဲ့ သင့်နေတဲ့ ဆေးပင်လေးအကြောင်း ပြောပြလိုက်ဦးမယ်'

ဆရာတော်တွင် ဆီး မကြာခဏ သွားရသော ဒုက္ခ၊ တစ်ခါတစ်ရံ ဆီး အောင့်သော ဒုက္ခတို့ ခံစားနေရပြီး ဆီးနှင့်ပတ်သက်သော ရောဂါများ ခံစားနေရပါသည်။

စာရေးသူ ကျောင်းသို့ ရောက်ဖြစ်တိုင်း ဘုန်းကြီး၏ ဆီးနှင့် ပတ်သက်သော ဝေဒနာအကြောင်းကို မကြာခဏ ကြားခဲ့ဖူးပါသည်။ ထို့ကြောင့် ဆရာတော်က ပြောမည့်ဆေးပင်မှာ ဆီးရောဂါအတွက် ဖြစ်လိမ့်မည်ဟု ကြိုတင်သိနှင့်နေပါသည်။

'အမိန့်ရှိပါဘုရား'


'အေး ပြန်ရင် စိုက်ဖို့အတွက် နုတ်ယူချင်လဲ ယူသွားဦး။ ဘုန်းကြီးမိတ်ဆွေ ဒကာတစ်ယောက်က လှူသွားတာ။ ကြက်သွန်ခါးပင်လို့ပြောတယ်။ ဆီးနဲ့ ပတ်သက်လို့တော့ အတော်ကောင်းတယ်ကွ'

'ဘယ်လိုကောင်းသလဲဆိုတာ အမိန့်ရှိပါဦးဘုရား'

ကျွန်တော်လည်း ဘုန်းကြီးချကျွေးထားသော ငှက်ပျောသီးတစ်လုံးကို ကောက်စားရင်း ဆရာတော်အား လျှောက်ထားလိုက်ပါသည်။

'ပြောပြရတာပေါ့ ဒကာလေးရယ်၊ ဟိုတစ်နေ့က ဘုန်းကြီး ပဋ္ဌာန်းပွဲက ပြန်အလာ ဆီးအောင့်လိုက်ပုံတော့ ပြောမပြောချင်ဘူး။ သံပရာရည်ဖျော်ပြီး ဘုဉ်းပေးတယ်။

နည်းနည်းတော့ သက်သာလာပြီး ဘာဆက်ဖြစ်သလဲဆိုတော့ ဗိုက်နာလာတယ် မောင်ရ။ ဒါနဲ့ ကျောင်းက ကိုရင်ကြီးကို အဲဒီကြက်သွန်ခါးပင် နုတ်ခိုင်းပြီး ဥတစ်လုံးကို ဘုန်းပေး



ဆီးရောဂါအတွက် အသုံးတည့်လှသော ကြက်သွန်ခါးပင်

ပြီးနောက် ရေတစ်ခွက် အဝဘုဉ်းပေးလိုက်တယ်။

နာရီဝက်လောက်နေတော့ ဆီးသွားချင်လာတယ်။ ဒါနဲ့ ရေတစ်ခွက်ထပ်ပြီး ဘုဉ်းပေးလိုက်တယ်။ ပြီးမှ ကျင်ငယ်သွားစွန့်တော့ ပေါ့သွားတာပဲ။

တယ်ဟုတ်ပါလားဆိုပြီး ဘုန်းကြီးလဲ နောက်ထပ်တစ်ဥ ထပ်ပြီးဘုဉ်းပေးလိုက်တာ ဆီးအောင့်ရောဂါ ပျောက်သွားတယ်။ ဆီးသွားပုံတော့ အတော်ကောင်းတဲ့ အပင်ပဲ ဒကာလေးရဲ့'

ဆရာတော်လည်း သူ၏ ဆီးအောင့်ရောဂါ သက်သာသွားပုံကို ရှည်လျားစွာ အမိန့်ရှိနေပါသည်။ ကျွန်တော်လည်း ဆီးရောဂါအပြင် အခြားအသုံးဝင်ပုံကို သိလို၍ မေးလျှောက်ရာ...

'မှန်ပါ့ဘုရား၊ ကြက်သွန်ခါးကိုတော့ တပည့်တော်မကြားဖူးဘူးဘုရား။ မြင်လဲ မမြင်ဖူးဘူး။ အခု ဆရာတော် အမိန့်ရှိမှ သိရတာ ဆီးရောဂါအပြင် အခြားဘာတွေ သုံးလို့ ရသေးသလဲ ဘုရား'

'အဲဒါတော့ ဘုန်းကြီးသိတာ ပြောမယ်။ ဆီးအောင့်ရောဂါ သုံးလို့ ရတယ်။ နောက် ဆီးချိုသမားတွေ မနက်တစ်လုံး။ ည တစ်လုံး စားပေးနိုင်ရင်လဲ ကောင်းတယ် ပြောတယ်။ ဘုန်းကြီး ကြားဖူးတာကတော့ ကာယသိဒ္ဓိဝင် အပင်လို့တောင် ဆိုတယ်။ ကာယသိဒ္ဓိနဲ့ပတ်သက်လို့တော့ ဘုန်းကြီး ကိုယ်တွေ့မဟုတ်ဘူး။ ဘုန်းကြီးက ဆီးကောင်းတယ်ဆိုရင် လုံလောက်ပြီ။ ဒါကြောင့် ကျောင်းမှာ စိုက်ထားတာ'

'ကောင်းပါပြီ ဘုရား တပည့်တော်ပြန်ရင် နှစ်ပင်၊ သုံးပင်လောက် နုတ်သွားဦးမယ်ဘုရား'

'ကျောင်းမှာ ပေါပါတယ် ဒကာလေးရာ။ လိုသလောက် နုတ်သွားပါ။ စိုက်လို့ စွဲသွားရင် အပွားမြန်ပါတယ်။ လိုအပ်တဲ့ ရောဂါသည်တွေနဲ့ ကြုံတော့လဲ ကုသိုလ်ပြုရတာပေါ့'

'တင်ပါ့ဘုရား'

ကျွန်တော်လည်း ကျောင်းအောက်သို့ ဆင်းကာ ဆရာတော် လိုက်ပြသော ကြက်သွန်ခါးအပင်များထဲမှ သုံးပင်ကို နုတ်ယူကာ ဆရာတော်အား နှုတ်ဆက်ခွင့်ပန်၍ ပြန်ခဲ့ပါတော့သည်။

*(ဝက်လက်မြို့နယ်၊ ခေါ်တောကျေးရွာ သိမ်တော်ကျောင်း ဆရာတော် ဦးပညာတိက္ခအား ဂါရဝပြုလျက်...)*

**မောင်နေသွေး (ဝက်လက်)**



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးများ

# မီးယပ်ချမ်း ရောဂါအတွက်

## ဆေးတစ်လက်နှင့်ပတ်သက်၍ ဖြေကြားလိုက်ပါသည်

၂၀၁၃ ခုနှစ်၊ ဖွန်လထုတ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာမျက်နှာ(၂၀၀)တွင် **ဦးလှကြည်(အောင်လံမြို့)** ရေးသား တင်ပြထားသော **"မီးယပ်ချမ်းရောဂါအတွက် ဆေးတစ်လက်"** ဆောင်းပါးကို ဖတ်ရှုရပါသည်။

ထိုဆောင်းပါး၏ အောက်ခြေတွင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာတည်းချုပ် ဆရာဦးကျော်မိုးသိန်းမှ **"စာရှုသူတောသီတို့မှ သိလျှင် ဖြေကြားပေးကြပါရန်၊ မည်သည့် ဝါးအမျိုးအစားဆို အသုံးပြု၍ ရနိုင်,မရနိုင်နှင့် အကယ်၍ သီးသန့် အသုံးပြုရမည့် ဝါးအမျိုးအစားရှိလျှင်လည်း ဖော်ပြရေးသား ပေးပို့စေလိုပါသည်"**

ဟု မှတ်ချက်ပါ ရှိပါသည်။

သို့နှင့် အများသူငါ ဗဟုသုတရစေခြင်းငှာ စာရေးသူ လေ့လာရရှိခဲ့သမျှတို့ကို ဖြန့်ဝေရေးသား ဖြေကြားတင်ပြအပ်ပါသည်။

စာရေးသူ လေ့လာမေးမြန်းခဲ့သူများမှာ **နတ်မောက်မြို့နယ်၊ သမုန်းဝင်ရွာမှ အရပ်လက်သည် အမေသိန်း(ဒေါ်သိန်းသိန်း–၆၃နှစ်) အရပ်လက်သည် ဒေါ်ခင်မြင့်(၇၂–နှစ်)**တို့ဖြစ်ပါသည်။

'အမျိုးသမီးတွေ မီးယပ်ချမ်းထနေရင် ဝါးခြမ်းမီးနဲ့ မီးလှုံရတာ ဟုတ်တယ်ကွယ့်။ ဘာလို့လဲဆိုရင် ဝါးခြမ်းမီးဟာ တစ်ခဏချင်းမှာ မီးတောက်မီးရှိန် တရှဲရှဲ တဟဲဟဲနဲ့ ပြင်းထန်တယ်။

ပန်းပဲဖိုက မီးပူလို ရှဲရှဲရဲရဲ မြည်ပြီး အလွန် မီးရှိန်ပြင်းတယ်ကွယ့်။ မီးရှိန် မပြတ်အောင် ဝါးခြမ်းကို ဆက်တိုက် ထည့်ပေးပြီး မီးလှုံရတယ်။

ဘယ်ဝါးမဆို သုံးလို့ ရပါတယ်။ ဝါးမီးတိုင်းဟာ မီးပြင်းတာပါပဲ။ ဝါးခြမ်းကို မီးထည့်ရတာကတော့ ဝါးလုံးဆိုရင် ဖောင်းခနဲ ပေါက်ကွဲတတ်တယ်လေ။ ဒါကြောင့် ဝါးခြမ်းကို သုံးရတာ။ ဝါးကို လေးစိတ်ခွဲပြီး သုံးရတာပေါ့။

ဘယ်ဝါးအမျိုးအစားမဆို မီးဆိုက်လို့ရပေမယ့် အဲဒီဝါးဟာ လုံးဝ ခြောက်သွေ့ဖို့ လိုတယ်လေ။ ဝါးအစို၊ မခြောက်တခြောက် တစ်ပတ်ရစ် ဝါးအစိုတွေကို မီးဆိုက်ရင် မီးမတောက်သေးတဲ့ တစ်ဖက်မှာ တရှီးရှီးနဲ့ ဝါးအဆီ ညိုပျစ်ပျစ်တွေ ထွက်လာမယ်။

ဝါးအစိုရဲ့ အငွေ့နဲ့ကို မီးယပ်ရောဂါသည် ရှူမိရင် သွေးပျက်ပြီး ရောဂါတောင် ရတတ်တယ်၊ ဒါကြောင့် ဝါးခြမ်းအစိုဝါးလုံး မဖြစ်စေရဘူး။ လုံးဝခြောက်သွေ့တဲ့ ဝါးခြမ်းဖြစ်ရမယ်၊ အဲဒါပဲ'

စာရေးသူအနေဖြင့် အနှစ်ချုပ်ဖြေရပါလျှင်...

- မည်သည့် ဝါးအမျိုးအစားမဆို သုံး၍ မီးဆိုက်၍ ရပါသည်။
- မီးဆိုက်သော ဝါးခြမ်းသည် ခြောက်သွေ့သော ဝါးခြမ်း ဖြစ်ရပါသည်။ ပေါက်ကွဲမှု မဖြစ်စေရန် ဝါးလုံးအတိုင်း မီးမဆိုက်ရ၊ မသုံးရပါ။
- စိုနေသော တစ်ပတ်ရစ်အစို ဝါးကို သုံးလျှင် အဆီနဲ့ အငွေ့နဲ့ ထွက်ပြီး သွေးနုသားနု မီးယပ်ရောဂါသည် ရှူမိလျှင် သွေးသားပျက်ပြီး အရေးကြီးရောဂါ ရရှိနိုင်သည်ပင် ဖြစ်ပါသည်။

တိုက်ဆိုင်သဖြင့် **နတ်မောက်မြို့ ဘုရားကြီးကျောင်းတိုက်မှ ဆရာတော် ဦးဇနပတိ** မိန့်ကြားလိုက်သည်ကို တင်ပြလိုက်ချင်ပါသေးသည်။



'ကြက်ကောင်လုံးကို ဝါးခြမ်းမီးနဲ့ မီးမြိုက်ပြီး ချက်စားရင် အကောင်းလွန်ပြီး ဖျားတတ်တယ်ကွ။ မူလကတည်းက သွေးသားမသန့်သူစားရင် နနာတောင် စွဲတတ်တယ်။

ဆင်သားကို ရိုးရိုးထင်းမီးနဲ့ ချက်ရင် မနူးမနပ်နိုင်ဘူး။ ဝါးမီးနဲ့ချက်ရင် အမြန်နူးတယ်ကွယ့်။ တတ်သဘောတွေပါတာပေါ့ ဒကာကြီးရာ'

စာရေးသူ လေ့လာရရှိသမျှ ဖြေကြားတင်ပြ ရေးသားအပ်ပါသည်။

***ဗဟုသုတတိုးပွား၍ အကျိုးကျေးဇူးများကြပါစေ။***

**နတ်မောက် လှမြင့်သန်း**



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအို့ဆေးတိုက်

မှထုတ်လုပ်သော အစာအိမ်ရောဂါသောက်ဆေး၊ ပါရမီရှင်ချောင်းဆိုးပျောက်ငုံဆေးပြား၊ ငှက်ဖျားရောဂါသောက်ဆေး၊ ယားနာရောဂါသောက်ဆေး၊ အခြေကျော်လေဆေးလျက်ဆား



မြန်မာ့နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဆရာစံ(သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်း သမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို သမားတော်ကြီး ဦးနွယ်၏မြေး၊ သမားတော် ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး)၊ ဇနီးဒေါ်ကျင်သိန်းမိသားစု (သမားအို ဆေးတိုက်) မှ အကြောင်းပြု ပေါင်းစုလျက် သမားအိုအမှတ်တံဆိပ် မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက်ရှိပါသည်။

### ဦးစိန်ကောင်း၏

**သမားအို** အမှတ်တံဆိပ် **ငှက်ဖျားရောဂါသောက်ဆေး**

ဝရသ Y၀၀၉၀ရ၁

ဤဆေးသည် ငှက်ဖျားနှင့် အဖျားရောဂါ အမျိုးမျိုးကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

ချွေးထွက်လျှင် အအေးပြန်မပတ်စေရန် အဝတ်နှင့် သုတ်ပေးရပါမည်။ မည်သည့်အဖျားမဆို ဆေးသောက်ပြီးပါက အအေးခံခြင်း၊ ပင်ပန်းစွာလှုပ်ရှားခြင်းတို့ကို ရှောင်ရှားသင့်ပါသည်။ ငှက်ဖျားနှင့် အအေးမိနာစေးခြင်းတို့ကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲခြင်းများအတွက် သောက်သုံးနိုင်ပါသည်။

### ဒေါ်ခင်ခင်ထွေး၏

**သမားအို အမှတ်တံဆိပ် အစာအိမ်ရောဂါသောက်ဆေး ဝရသ Y၀၀၉၀ရ၄**

လူမှာအကျင့် ဝမ်းမှာအချင့် ဆိုသလို မသင့်သော အစားအစာများကို စားခြင်း၊ အချိန်မှန်မှန် မစားသောက်ခြင်း၊ အပူ၊အစပ်၊ အချဉ်၊အငန် စသည့် အရသာများကို တာရှည်စွာ စားသောက်ခြင်း၊ ကြေညက်ခဲသော အစာများကို တာရှည်စွာစားသောက်ခြင်း၊ အလွန်အိပ်ရေးပျက်ခံသော်လည်း အစားပုံမှန် မစားခြင်း စသည့် အကြောင်းများ တာရှည်ရာမှ ပါစကဝမ်းပျက်ပြီး အစာအိမ်ရောဂါအမျိုးမျိုး ဖြစ်ပေါ်လာပါသည်။

ဤဆေးသည် [illegible]ကြေ၊ လေထိုးလေအောင့်၊ ရင်ပြည့်ရင်ကယ်၊ ရင်ခေါင်းနှင့် နံကြားတို့၌ ထိုးအောင့်နာကျင်ခြင်း၊ အစာအိမ် အချဉ်ပေါက်ခြင်း၊ အစာအိမ်ရောင်ခြင်း၊ နာခြင်း၊ ပျို့အန်ခြင်း စသည့် အစာအိမ် လေနာအမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

### ဒေါ်ဆေးဆေးမွှေ၏

**သမားအို အမှတ်တံဆိပ် ပါရမီရှင် ချောင်းဆိုးပျောက်ငုံဆေး ဝ၅သ၂ Y၀၀၉၆၉၆**

ဤဆေးသည် ရာသီအကူးပြောင်း၌ ဖြစ်တတ်သော ချောင်းဆိုးခြင်း၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ လည်ချောင်းနာ၊ လည်ချောင်းယား၊ အသံဝင်၊ အသံပျက်၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လည်ချောင်းနှင့် ရင်ဘတ်အတွင်း၌ သလိပ်များ ရွရွတက်ဖြစ်နေခြင်း၊ တရှီးရှီးမြည်နေခြင်းများကို ဆေးတစ်ပြားဆို ဆိုသလောက် သိသာလျင်မြန်စွာ သက်သာ ပျောက်ကင်းစေပါသည်။ ပထမတစ်ကြိမ်ငုံနေစဉ်မှာပင် ချွဲသလိပ်များ ထွက်လာပြီး ရောဂါများ သက်သာလာကြောင်းကို လက်တွေ့သုံးဆောင်ခြင်းက သက်သေပြပါလိမ့်မည်။ ဤဆေးသည် အသံကို အထူးကြည်လင်စေသဖြင့် အဆိုတော်များ၊ စာပေသင်ကြားပို့ချနေသူများ၊ အသံဖြင့် အသက်မွေးဝမ်းကျောင်းနေသူများနှင့် လူတိုင်း အိမ်တိုင်း မရှိမဖြစ် ဆောင်ထားရမည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

### ဒေါ်နှင်းနှင်းကြည်၏

**သမားအို အမှတ်တံဆိပ် ယားနာသောက်ဆေး ဝရသ Y၀၀၉၀ရ၂**

ပိုးမွှားတိရစ္ဆာန်အချို့မှဖြစ်သော အဆိပ်သဖွယ် ယားယံမှုကြောင့်လည်းကောင်း၊ အပူ၊အစပ်၊အချို၊အဆိမ့် အရသာများ လွန်ကဲစွာစားသောက်ပြီး ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့် လည်းကောင်း၊ ယခင်က ဝမ်းကိုက်၊သွေးပျက်၊ဝမ်းလျှော၊အသည်းရောင်နှင့် သည်းခြေနာအမျိုးမျိုးဖြစ်ခဲ့ဖူးရာမှ သွေး၊သည်းခြေ ဖောက်ပြန်မှုကြောင့် လည်းကောင်း တစ်ကိုယ်လုံး အနှံ့အပြားမှာ ဝဲကဲ့သို့ ရေကြည်ဖုကလေးများဖြစ်ခြင်း၊ ပူစပ်ပူလောင်ယားယံပြီး အဖုအပိမ့်နှင့် အင်ပျဉ်များ ဖြစ်လာရပါသည်။ ဤဆေးသည် အထက်ပါ ယားယံခြင်း အမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာပျောက်ကင်းစေသည့်အပြင် သွေးသား ညီညွတ်စေပါသည်။

### ဦးသန်းဇော်၏

**သမားအို အမှတ်တံဆိပ် အခြေကျော်လေဆေးလျက်ဆား ဝရသ Y၀၀၉၀ရ၃**

လူမှာအကျင့် ဝမ်းမှာအချင့်ဆိုသလို မသင့်သောအခါ မသင့်သော အစားအစာများစားမိ၍ အစာတောက်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ မူးဝေအော့အန်ဝမ်းကျခြင်း၊ ဝမ်းချုပ်ခြင်း၊ အထက်လှန် အောက်လျှောဖြစ်ခြင်း စသည်တို့ဖြစ်ကာ အချိန်ကြာလာသော် ဝမ်းမီးနံ့ရာမှ ဓာတ်လေးပါးပျက်ပြီး အခြားခြားသောရောဂါများ နောက်ဆက်တွဲ ဖြစ်ပေါ်စေတတ်ပါသည်။ အထက်ပါ အစားမှား၊ အစာအဆိပ်ဖြစ်ခြင်း၊ အစာတောက်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ် ဝမ်းရင်ထိုးအောင့်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစာများ၍ သလိပ်ထခြင်း၊ အအေးမိ၍ ဖျားခြင်း၊ ရက်ခြားဖျားခြင်း၊ ချမ်းတစ်လှည့် ပူတစ်လှည့်ဖြစ်ခြင်း၊ ခြေဖဝါးလက်ဖဝါးပူခြင်း စသည့် ရောဂါများကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၇) ဖုန်း-၀၉-၄၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအို့ဆေးတိုက်**

အမှတ်(၄၇)၊ (၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း- ၂၉၀၆၃၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

# ဂဍုန်ကျောင်းမှ

မြတ်သမဏအား ဝပ်တွားပူဇော်မှု ခရီးစဉ် (၂)

ခရီးသည် သုဝေဘသိ



◆ ဆရာတော်၏ လက်မနှစ်ဖက်တွင် ကျိုက်ထီးရိုးနှင့် နဂါးရုံဘုရားများ ပေါ်နေ၏

### ယခင်လမှ အဆက်

ဆရာတော်မှာ ကြိုးဖြေပေးသူမရှိ။ ဤပစ္စည်းများကြောင့် ဒုက္ခရောက်ရသည်၊ ဤခန္ဓာကြောင့် ဒုက္ခရောက်ရသည်ဟု သံဝေဂယူလျက် ကမ္မဋ္ဌာန်းတရားကိုသာ ရှုမှတ်နေလိုက်ရာ ကြိုးများ အလိုအလျောက် ပြေလျော့ကုန်လေသည်။

ထိုကြိုးများကို မီးပုံတွင်း ထည့်စေရာ လူဆိုးများ နေထိုင်ရာအိမ်များ မီးလောင်ပြီးလျှင် ဆရာတော်ထံမှ ယူထားသော ပစ္စည်းများ ပေါ်ထွက်လာရသည်ဟု ဆိုသည်။

### စိတ်အကြံသိသူ

ဗေဒင်ဆရာ စာရေးဆရာတစ်ဦးသည် သူ့ဘဝအကြောင်းကို ဆရာတော်ထံ လျှောက်ထားလိုသော်လည်း ပရိသတ် အများရှေ့တွင် မသင့်လျော်ဟု ယူဆကာ ဆိတ်ဆိတ်နေ၏။ ထိုအခါ ဆရာတော်က…

'အင်း တချို့ကလဲ ဆရာအလုပ်နဲ့ အောင်မြင်မလားလို့ မေးချင်ကြတယ်။ ဒါကလဲ မခက်ပါဘူး။ ဆရာအလုပ်နဲ့ အောင်မြင်ကြီးပွားချင်ရင် ဆရာနဲ့တူအောင် ထိန်းသင့်တာထိန်း။ ကျင့်ကြံအားထုတ်သင့်တာ ကျင့်ကြံအားထုတ်ရမှာပေါ့'


ဟု မိန့်ကြားတော်မူသည်။

အလားတူပင် **'ယခု လာသော ဧည့်သည်များမှာ မသန့်ရှင်းပါ'**ဟု မိန့်ကြားပြီးနောက် မကြာမီ အရက်နံ့ ထွက်နေသော လူတစ်စု ရောက်လာကာ ဆရာတော်အား ကန်တော့ကြသည်ကို ကြုံရသကဲ့သို့ **'ယခု လာနေတဲ့ ဧည့်သည်တွေရဲ့ကားကို ကျောင်းဝင်းထဲ မဝင်ပါစေနဲ့၊ အလွန်နံ့လှတယ်။ ပါလာတဲ့ ပစ္စည်းများကို ချပြီးမှ ဝင်ပါစေ'**ဟု မိန့်ကြားရာ ဘုရားဖူး ကားတစ်စီးတွင် ပါလာသည့် ဝက်သားများကို ကျောင်းပြင်၌



www.burmeseclassic.com

www.burmeseclassic.com



◆ တရားရှုမှတ်နေစဉ် ကုံလုံဆရာတော်



◆ ဗိမာန်တွင်းမှ ရုပ်ကလာပ်တော်

ချခဲ့ပြီးမှ ဆရာတော်ထံ ဝင်ဖူးခွင့်ရသည်ဟု သိရပေသည်။

## ခန္ဓာကိုယ်မှ အရေးအကြောင်းများ

ဆရာတော်ကြီး၏ လက်ယာလက်မတွင် နဂါးရုံဘုရားပုံနှင့် လက်ဝဲလက်မတွင် ကျိုက်ထီးရိုးပုံ ပေါ်နေသည်ဟု ဆိုသည်။

လက်ဝဲဘက် လက်ဖဝါးတွင် ရှင်ဥပဂုတ္တပုံနှင့် လက်ယာဘက်တွင် ရှင်သီဝလိပုံတော်များ ပေါ်နေသည်။

လက်ယာခြေဖဝါးတွင် **ကြာဖူးပုံ** နှင့် လက်ဝဲဘက်တွင် **ကြာခွက်**ပုံ ပေါ်နေသည်။

ရင်ဘတ်တော် အလယ်တည့်တည့်တွင် **မြဘုရားပုံ**ပေါ်နေသည်။

ဟူ၍ **တကောင်းဆရာတော် နန်းတော်ရှေ့ ဘဒ္ဒန္တပဝရ၏ ရေးသားချက်ကို** ဖတ်ရှုရသည်။

## ဆရာတော်၏ ကျင့်ကြံအားထုတ်မှု

- ကုံလုံဆရာတော်ကြီးသည် လဲလျောင်း၍ တရားရှု မှတ်သည်မှလွဲ၍ အအိပ်အနေနည်းလှသည်။
- ကန်တော့ကျောင်းဆရာတော် ဦးအာစိတ္တ တိုက်တွန်းသဖြင့် ကုန်းသာရွာတဲကျောင်းတွင် သီတင်းသုံးစဉ် ပဋိပတ်အလုပ်များကိုသာ စတင် အားထုတ် ကြိုးပမ်းတော်မူသည်။***(၁၃၀၀ ပြည့်နှစ်မှ ၁၃၀၄ ခုနှစ် ကြားကာလ ဖြစ်သည်။)***
- ၁၃၁၈ ခုနှစ်၊ နယုန်လဆန်း (၁၃)ရက် ည(၁၀)နာရီတွင် တောထွက်ကာ ဘော်နင်းဂူ၊ ကျားတွင်းဂူတို့၌ တောမှီကျင့်ကြံတော်မူသည်။
- အောင်မင်္ဂလာလိုဏ်ဂူတွင်လည်း အရှိန်ကြေကြေ အရေခန်းခန်း တရားအားထုတ် ကျင့်ကြံတော်မူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် ဆရာတော် တရားကျင့်ပုံကို ရေးသားကြသော်လည်း သမထ၊ ဝိပဿနာ မည်သည့် ကမ္မဋ္ဌာန်းကို မည်သို့ အားထုတ်သည်ဟု ရှာဖွေမတွေ့ရှိပါ။

အခြားပညာရပ်များ အနေဖြင့် ဆရာရင်းဖြစ်သူ ဦးကိတ္တိသည် လုပ်ရတ်နှင့် ဘေသဇ္ဇနယ ဆေးပညာ ကျွမ်းကျင်သူဖြစ်ရာ ကိုလုံဆရာတော်သည်လည်း အတန်သင့် လေ့လာတတ်မြောက်ခဲ့သည်ဟု ယူဆဖွယ်ရှိ၏။

ဆရာတော် ဦးဝိစိတ္တနှင့် ဦးဂန္ဓမာတို့ထံမှ ပန်းချီ၊ ပန်းပု၊ ဆေးဝါးပညာ၊ အင်းပညာ၊ မန္တရားပညာ၊ အလင်းဝိဇ္ဇာပညာများ ဆည်းပူးခဲ့ကြောင်း သိရသည်။ ဂဠုန်တောင်ရှိ သာသနိကအဆောက်အအုံများတွင် ဆရာတော်၏ အနုပညာလက်ရာ များစွာ ပါဝင်သည်ဆိုလေသည်။

## ကုံ့ကော်အောင်မြေနှင့် ပါရမီကျောင်း

စဥ္စကျောင်းဗိမာန်မှထွက်ကာ ကိုလုံကျောင်းတိုက်အတွင်း ဝင်ခဲ့ကြရာ **ကုံ့ကော်အောင်မြေသို့** ရောက်ရှိသည်။ တန်ဆောင်းငယ်နှင့် ကျောက်စာတစ်ချပ် စိုက်ထူထားရာ...


'ကုံ့ကော်ပင်ခြေ ကိုလုံသာသနာ့အောင်မြေ မော်ကွန်းကျောက်စာ'

ဟု ခေါင်းစီးတပ်လျက် ကိုလုံဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းကို ကမ္ပည်းတင်ထားလေသည်။ ဆရာတော်သည် ဤနေရာ၌ တရားကျင့်ကြံအားထုတ်ခဲ့သည်ဟု သိရသည်။

လက်ယာဘက်မျက်လုံး မှုန်နေပုံ ◗



[illegible]





www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရင်းမှ ရုပ်တုနှင့် ဓာတ်ပုံကားချပ်

ကံ့ကော်အောင်မြေ၏ မျက်နှာစာတွင် ကံလုံဆရာတော် သီတင်းသုံးခဲ့ဖူးသည့် **ပါရမီကျောင်းဆောင်** တည်ရှိသည်။ ဤကျောင်းတွင် ကံလုံဆရာတော်ကြီး ၁၃၄၄ ခုနှစ်မှ ၁၃၅၀ ပြည့်နှစ်အထိ သီတင်းသုံးနေထိုင်ခဲ့ကြောင်း သိရသည်။

ကျောင်းတွင်း၌ ရာကျော်ဆရာတော် အရှင်သဒ္ဓမ္မဒေဝကိတ္တိ ပုံတော်နှင့် မြစိမ်းတောင်ညိုသိ သာသနာပြုဆရာတော် အရှင်ဓမ္မိကတို့၏ ပုံတော်များ ပူဇော်ထားသည်ကို တွေ့ရသည်။

ကံလုံဆရာတော် ရှိစဉ်ကပင် ဤပုံတော်များ ထားရှိခဲ့ကြောင်း ကျောင်းနေရဟန်းတစ်ပါးက မိန့်ကြားတော်မူသည်။ **(ဆရာတော် ဦးဓမ္မိကသည် ၁၉၉၉ ခုနှစ်တွင် ပျံလွန်၍ မပုပ်ပျက်သော ရုပ်ကလာပ်တော်ကို မြစိမ်းတောင်ညိုသို့ ယနေ့တိုင် ဖူးတွေ့နိုင်သည်။)**

## သီရိစကြာရတနာကျောင်းတော်

ထို့နောက်တွင် ဆရာတော်ကြီး ပျံတော်မမူမီ နောက်ဆုံး သီတင်းသုံးခဲ့သည့် သီရိစကြာရတနာကျောင်းတော်သို့ သွားရောက်လေ့လာသည်။ ကျောင်းတော်၏ အနောက်တောင်ဘက် ကုန်းမြင့်တစ်နေရာတွင် ဆရာတော်ကြီး ဦးဆောင် တည်လုပ်ခဲ့သော စေတီပုထိုးများစွာကို လှမ်းမျှော်ကြည့်ရှုရပေသည်။

ဆရာတော်ကြီး ပျံလွန်တော်မူသော်လည်း ကောင်းမှုစေတီပုထိုး သာသနိက အဆောက်အအုံများကို တပည့်သာဝကများက ဆက်လက်ထိန်းသိမ်းမွမ်းမံလျက်ရှိကြောင်း ကြားသိရပေသည်။

**သီရိစကြာရတနာ ကျောင်းတော်**၏ ထည်ဝါလှသော မုခ်ဦးမှတစ်ဆင့် ဖြတ်ကျော်ဝင်ရောက် လာသောအခါ ခန်းမအတွင်း၌ တင်ပျဉ်ခွေရုပ်ပွားတော် သုံးဆူ စံပယ်တော်မူသည်ကို ဖူးမြင်ရသည်။ ကျောက်ဖြူသားရုပ်ပွားတော်များ ဖြစ်ကြသည်။

ရှေ့တော်မှောက်တွင် ကံလုံဆရာတော်ကြီးရုပ်တုကို စားပွဲရှေ့ ကုလားထိုင်၌ ကိုယ်ကိုစောင်းမှီ၍ ထိုင်တော်မူဟန်ဖြင့် မြင်တွေ့ရသည်။ ဆရာတော်ကြီးများ၏ ကိုယ်စား ရုပ်တုတော်များ ထုလုပ်ပူဇော်ရာတွင် တင်ပျဉ်ခွေပုံတော်ကိုသာ အတွေ့အမြင် များသဖြင့် ထူးခြားသော ပူဇော်မှုဖြစ်သည်။

ဤရုပ်တုတော်ကို ဆရာတော်၏ ဆံတော်စစ်များ၊ ကျန်းမာရေး စစ်ဆေးစဉ်က ထုတ်ယူထားသည့် သွေးတော်များ ပါဝင်ဖွဲ့စည်း သွန်းလုပ်ခဲ့ကြောင်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



▲ ကုံလုံဆရာတော် သက်တော်(၂၀)ကယ်

ဤရုပ်တုတော်မှ ဆံပင်များသည် ရှင်သန်နေသည့်ပမာ ရှည်ထွက်လာသဖြင့် ရိတ်သင်ပေးရသည်ဟု ကမ္ပည်းစာတန်း ချိတ်ဆွဲထားလေသည်။

ရုပ်တုတော်သည် မျက်နှာတော် အမူအရာပြောင်းလေ့ရှိကာ ငါ့တရော် ဆရာတော်က ရုပ်တုတော်ဟု ခေါ်ဝေါ်ခြင်းထက် ကိုယ်စားတော်ဟုသာ ခေါ်ဝေါ်သင့်ကြောင်း ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလတွင် ရောက်ရှိမိန့်ကြားခဲ့ကြောင်းလည်း ဖတ်ရှုရပေသည်။

ရုပ်တုတော်အနီးတွင် ကုံလုံဆရာတော် ရဟန်းဘောင်ဝင်ကာစ သက်တော်(၂၀)အရွယ်ပုံတော်ကို လေ့လာကြည့်ညိုနိုင်လေသည်။

ကုံလုံဆရာတော် ရုပ်တုတော်အား ရှိခိုးကန်တော့ပြီးနောက် ကုံလုံကျောင်းတိုက်တွင်းမှ ပြန်လာခဲ့ရာ လမ်းတစ်လျှောက်တွင် ဖူးမြော်ရသည့် ဆရာတော်၏ ကောင်းမှုစေတီ မြောက်မြားစွာက ဆရာတော် ဆောင်ရွက်တော်မူခဲ့သည့် သာသနာပြု လုပ်ငန်းများအတွက် သာဓုအနုမောဒနာ ပြုမိရပေသည်။

ကုံလုံဆရာတော်နှင့် ပတ်သတ်၍ **ရွှေကျင်သာသနပိုင်** **ညောင်ရွှေ**

**ကန်ကြီး ဆရာတော်ကြီးက ...**

'ဤပုဂ္ဂိုလ်ကြီးမျိုး ကြုံခဲ၏။ တွေ့ခဲ၏။ သူ့လိုလဲ မဖြစ်နိုင်။ သူ့ပါရမီကား အလွန်ထူးခြား၏။ "လောဘယယ် ဒေါသကွယ် မောဟယယ် သစ္စာလွယ်၊ ခန္တီမူလ၊ ပဓာန"လို့ ခေါ်တဲ့ ဆရာတော်ကြီးရဲ့ အဆုံးအမဟာ ဗုဒ္ဓဝါဒရဲ့ အရင်းအမြစ် ဖြစ်တယ်။

ပိဋကတ်သုံးပုံ ခြုံလိုက်ရင် သီလ၊ သမာဓိ၊ ပညာလို့ရတယ်။ အခု ကုံလုံဆရာတော်ရဲ့ အဆုံးအမဟာ အဲဒီအညာ ကိုင်ထားတာပဲ'

ဟူ၍ သုံးသပ် မှတ်ချက်ချထားလေသည်။

---

ကုံလုံဆရာတော်ကြီး၏

ဩဝါဒအချို့

---

သရဏဂုံ

သရဏဂုံ ကိုယ်လုံးခြုံ လုံးစုံသိဒ္ဓိ ဟိတ်လို့ ဆိုတယ်မဟုတ်လား။ အဲဒါ ခြုံထားလိုက်ပေါ့။ အန္တရာယ်ကင်း၊ ကပ်ကျော်နင်း၊ ပေါ်ခြင်းလာဘ်မဆိတ်၊ အဆန်းလဲမရှိပါဘူး။ အဲဒီသရဏဂုံ ရိုးရိုးလေးကိုပဲ ပေါက်မြောက်အောင် မြင် ပွားများအားထုတ်ပါဦး။

တရားစစ်


✲ လောဘပယ် ဒေါသကွယ်၊
မောဟပြယ် သစ္စာလွယ်၊
ခန္တီသည်သာ မူလပဓာန၊
အမိုက်ကင်း အလင်းရောက်၊
အရှုပ်ကင်း အရှင်းရောက်၊
အပူကင်း အအေးရောက်၊
အေးအေးနေ သမ္ဗုဒ္ဓေ။


တရားဆိုတာ လုယူလို့မရ၊ တောင်းယူလို့မရ၊ ကျက်ရုံနာရုံ မှတ်သားရုံနဲ့လဲ မပြီးသေးဘူး။ မိမိကိုယ်တိုင် ကျင့်ကြံအားထုတ်မှသာ တရားစစ်ကို ရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com






◆ ဗိမာန်တည် မှတ်တမ်းကျောက်စာ

တံခါးရွက်မှ ရုပ်တုများ ▶

◆ ပတ်လည်ကာရံထားသော ကျုံးရေ



မကောင်းလျှင်ခံ ကောင်းလျှင်စံ

★ ကုသိုလ်ကောင်းမှု ကိုယ်တိုင်ပြု ကိုယ်ပြု ကိုယ်ခံသည်။

★ အကုသိုလ်မှု ကိုယ်တိုင်ပြု ကိုယ်ပြု ကိုယ်ခံသည်။

★ အခြားတစ်ယောက်က ကူညီမှု ခံရမရှိပြီ။

★ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာ ဘယ်မှာမရှိပြီ။

★ လူမမြင်သာ နတ်ပြဟ္မာ သေချာ မြင်သိသည်။

★ ကံတရားမှာ များသတ္တာ မျက်နှာ မလိုက်ပြီ။

★ ကမ္မသတ္တိ ဆန်းကြယ်ဘိ မုနိအရှင် ကုန်အစင် သိမြင်နိုင်ပါသည်။

★ ကွယ်လွန်သောအခါ ကိုယ်တည်း သာ ခေါ်ရာလိုက်ရသည်။

★ မကောင်းလျှင်ခံ ကောင်းလျှင်စံ ထုံးစံဓမ္မတာ မှတ်ရမည်။

★ ကမ္မဝိပါကော အစိန္တိယော = ကံ အကျိုးပေးသည် မကြံစည်နိုင် လောက်အောင် ဆန်းကြယ်၏။

ဒါန သီလ ဘာဝနာ

❖ လှယူမရ မြတ်ဓမ္မ ကျင့်ကြံ ကိုယ် တိုင်သာ။

❖ တောင်းယူမရ မြတ်ဓမ္မ ကျင့်ကြံ ကိုယ်တိုင်သာ။

❖ ကျက်ရုံ နာရုံ မှတ်သားရုံ သိရုံ မပြီးပါ။

❖ ရုပ်နာမ်နှစ်သင်း ဖြစ်ပျက်ခြင်း ထင် လင်းသေချာ ရှုပွားပါ။

❖ ခန္ဓာကိုယ်က တရားပြ ရအောင် ယူကြပါ။

❖ ခုရှုခုငြိမ်း တရားကိန်း ဇာတ်သိမ်း နိဗ္ဗူတာ။

❖ ခန္ဓာရထား ဆိုက်ကုန်ငြား အသွားရပ် ပြီဗျာ။

❖ ရှုကြပွားကြ စောင့်ထိန်းကြ လျှကြ မြန်မြန်သာ။

❖ ဘာဝနာသီလ လှူဒါန ဗုဒ္ဓလမ်းစဉ် သာ။

နောက်ဆုံးပြဿဒါဒ

ကုံလုံဆရာတော်ကြီးသည် ပျံလွန် တော်မူရန် (၁၀)ရက်အလို (၂၀-၁-



www.burmeseclassic.com

www.burmeseclassic.com

၂၀၀၄)ရက်နေ့ နံနက်(၉)နာရီတွင် ထယ်သွန်းကျေးရွာအုပ်စု၊ သဲကုန်းရွာ အလယ်တန်းကျောင်းတွင် နှစ်ထပ် စာသင်ဆောင်၊ ကွန်ပျူတာဆောင်၊ ဆရာ ဆရာမများ နားနေဆောင်နှင့် ပန်းဥယျာဉ်တို့ လှူဒါန်းထားခဲ့သည်ကို သွားရောက်ကြည့်ရှု ညွှန်တော်မူစဉ် ကျန်းမာရေး ပကတိကောင်းမွန်နေ၏။

**(၂၁-၁-၂၀၀၄)**နေ့ နောက်တစ်နေ့တွင်ဝမ်းသွားရာ၌ သွေးပါ၍ ကျန်းမာရေးမှာ ရုတ်ခြည်း ယိုယွင်းလာ၏။

**(၂၂-၁-၂၀၀၄)**နေ့တွင် လေကြောင်း ခရီးမှ ရန်ကုန်သို့ ပင့်ဆောင်ကာ အထူးကု သမားတော်ကြီးများက နေ့ည အချိန်ပြည့် ကြပ်မတ် ကုသပေးကြသည်။ သို့သော် သတိ ပြန်လည် လာခြင်းမရှိဘဲ (၃၀-၁-၂၀၀၄)နေ့ နံနက်(၀၀း၁၅)နာရီတွင် ခန္ဓာဝန်ချတော်မူသည်။

ဘဝတာတစ်လျှောက် ကျန်းမာရေး အထူးကောင်းမွန်ခဲ့ကာ နောက်ဆုံး အချိန် ရက်ပိုင်းလေးမျှတွင် ဓာတ်ကြီး လေးပါး ဖောက်ပြန်ကာ ခန္ဓာဝန် ချတော်မူသည်မှာ မော်လမြိုင်မြို့ သက်တော်ရှည် ကော့ပေါက်ဆရာတော်ကြီးနှင့် ဖြစ်တော်စဉ် ဆင်တူလှသည်။

ကော့ပေါက် ဆရာတော်ကြီး ဘဒ္ဒန္တဥတ္တမသည် သက်တော် (၁၀၈) နှစ်၊ သိက္ခာတော် (၈၈)ဝါအရ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလဆန်းတွင် ကျန်းမာရေး အခြေအနေ ရုတ်တရက် ယိုယွင်းလာခဲ့သည်။

ကျန်းမာရေး အထူးကောင်းမွန်ကာ သက်တော် (၁၀၈)နှစ် ရှိပြီဖြစ်သော်လည်း **အုန်းနို့ဆီ**(အုန်းသီးဖတ်ကို ညှစ်၍ရသော အုန်းနို့ကို ဆီပြန်အောင် ကျိုချက်ထားသည်။) မောင်းထောင် ချိုင့်တစ်လုံးစာမျှ နေ့စဉ် ဘုဉ်းပေးနိုင်သည့်အပြင် **'ငါ့မှာ ဘယ်ဘူတာ ဆင်းရမယ်မှန်း မသိသေးဘူး'**ဟု မိန့်ကြားခဲ့သည်ဖြစ်၍ ဤသို့ ရုတ်တရက် ဖြစ်လာသော အခါ ဒကာ၊ ဒကာမများ ပူဆွေးကြကုန်၏။

ဆရာတော်ကြီးက...

'ဘုန်းကြီး ဘဝတစ်လျှောက် ကျန်းမာရေး အထူး ကောင်းမွန်ခဲ့ပေမယ့် ဘဝနိဂုံးအချိန်မှာ ခန္ဓာအိမ်အတွင်း ဓာတ်ကြီးလေးပါး ဖောက်ပြန်မှုကို သံဝေဂယူကြပါ။ လူ့ဘဝ အကျိုးကြီးမားလှတာကို သတိရကြပါ။ ဒီတော့ ဝတ်ကြီးဝတ်ငယ် ပြုစုလုပ်ကျွေးကြတဲ့ တပည့်သားမြေးများပေါ် ဘုန်းကြီး ပြောမှားဆိုမှားရှိခဲ့ရင် ခွင့်လွှတ်ကျေအေးကြပါ။ မသိနားမလည်လို့ ဘုန်းကြီးပေါ် ကျူးလွန်ဖြစ်မှားမိကြတဲ့ ကံသုံးပါးအပြစ်များကိုလဲ ဘုန်းကြီးက ခွင့်လွှတ်ကျေအေးပါတယ်'

ဟု ဆုံးမ မှာကြားလျက် ဝေဒနာ ရှုမှတ်ကာ ခန္ဓာဝန်ချတော်မူခဲ့သည်။ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၀)ရက်နေ့ နံနက်(၁၀း၂၀)နာရီတွင် ပျံလွန်တော်မူခြင်းဖြစ်သည်။

ကုံလုံ ဆရာတော်ကြီးသည်လည်း အောက်ပါအတိုင်း နောက်ဆုံးဩဝါဒ အဖြစ် မှာကြားတော်မူခဲ့ကြောင်း ဦးအောင်မြင့်ထွန်း၏ အံ့ဖွယ်ကိုးဂုဏ်ထေရ်ကုံလုံ (တတိယတွဲ၊ စာမျက်နှာ-၁၄)၌ ဖော်ပြထားလေသည်။

### ကုံလုံဆရာတော်ကြီး၏ နောက်ဆုံးဩဝါဒ

'ငါ့မှာ ဘယ်နေ့ဘယ်ရက် ဘယ်မိနစ်စက္ကန့်ပိုင်း လိုက်မသိနိုင်။ ခန္ဓာကိုယ် ပေါ့ပါးပြီး အလင်းဓာတ် တွေ့ရှိရပါတယ်။ နိဗ္ဗာန်ကို အာရုံပြုနေပါတယ်။ နောက်ပိုင်း လက်ရှိ သာသနာကို ဝိုင်းဝန်းကြည့်ရှု စောင့်ရှောက်ကြဖို့နဲ့ တညီတညွတ်တည်း စည်းစည်းလုံးလုံး နေထိုင်သွားကြ'

ဟူ၍ ဖြစ်ပေသည်။

သမုတိ၊ ပရမတ် သံယာအစုံအား ဝပ်တွားဦးညွှတ်လျက်...

**ခရီးသည် သုတေသီ**

### စာရှုသူ သုတေသီနှင့် ဝါသနာရှင်များသို့. . .

မိမိတို့ဒေသရှိ ဆရာတော်ကြီးများ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။

ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်မှတ်တမ်းတင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

*လေးစားစွာဖြင့်. . .*

**ဦးကျော်မိုးသိန်း**
**စာတည်း[illegible]**

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# သားမင်း ချောင်းဆိုးပျောက် သလိပ်ပျော် ပူရှိန်းငုံဆေးပြား

အမှတ်တံဆိပ်

၀၂၁၁Y၀၀၉၅၈၀ လိုင်စင်၇/၂၀၀၈/တဆထလ (၁၆၂၅)
ကြော်ငြာခွင့်ပြုချက်
တဆဝက (တနယ်ဇင်း) ၁၆၉/၀၂၀၁၀



သလိပ်ပျော်၊ ရင်ချောင်၊ အစာကြေ၊
ဆီး၊ ဝမ်း၊ သွေးလေညီညွတ်အောင်
**သားမင်း** (အမှတ်တံဆိပ်)
**ချောင်းဆိုးပျောက် သလိပ်ပျော်**
**ပူရှိန်းငုံဆေးပြားကိုဆောင်**

လေထန်ကုန်းတွင် ရေးဖော်စာရေးဆရာများ ဆုံကြသည်။ ကိုဇော်ရဲနိုင်၊ ကိုအောင်မြတ်ဦး၊ ကိုနေမျိုးသီဟတို့ကို တစ်ဝိုင်းတည်းတွင် တွေ့ရသည်။ ဆရာဇော်ရဲနိုင်က "လာထိုင် ကိုယဉ်တင့်... အဟွပ်...အဟွပ်...အဟွပ်"

"ချောင်းဆိုးလှချည်လား...ကိုဇော်ရဲနိုင်"

"ဟုတ်တယ်ဗျာ... ဆေးလိပ်မသောက်၊ ကွမ်းမစားဘဲနဲ့ ဘာကြောင့်များ ဒီလောက်ချောင်းဆိုးမှန်းမသိဘူး"

"ရာသီဥတု အကူးအပြောင်းမှာ ဖြစ်တတ်တဲ့ အာဂန္တုကရောဂါပဲ"

"ကိုယဉ်တင့်က တိုင်းရင်းဆေးသုတေသီမို့ ကျွန်တော်တို့ထက် ရောဂါအကြောင်း ပိုနားလည်မှာပါ ရှင်းပြစမ်းပါဦး"

"ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်နိုင်ရင် ကျန်းမာနေတာပါပဲ...ဒါပေမဲ့ အာဟာရသမုဋ္ဌာန်နဲ့ ဥတုသမုဋ္ဌာန် လွန်ယုတ်လွဲမှား ပြုဖန်များရင် အာဂန္တုက ချောင်းဆိုးရင်ကျပ်ရောဂါ စလာတာပဲ...ကိုဇော်ရဲနိုင်ကို ကြည့်ရတာ ရေချိုးစောတာမျိုး ရာသီနဲ့ မတည့်တဲ့အစားအစာကို စားတာကစပြီး ချောင်းဆိုးရင်ကျပ်စလာတာပါ"

ဆရာနေမျိုးသီဟက ဆက်ပြောသည်။ "ကျွန်တော်တို့လို ကွမ်းစားတဲ့သူတွေ၊ ဆေးလိပ်သောက်တဲ့သူတွေအတွက် ချောင်းဆိုး ရင်ကျပ်ရောဂါ မကင်းဘူးဗျ...ဒါကြောင့် ဘယ်ဆေးကို ဆောင်ပြီး သုံးစွဲရမယ်ဆိုတာ ပြောပြပေးပါဦး"

"ရာသီမရွေးလဲ စားသုံးနိုင်ပြီး ရာသီအကူးအပြောင်းတွေမှာ ဖြစ်တတ်တဲ့ ချောင်းဆိုးရင်ကျပ် သလိပ်ကပ်ရောဂါကို သက်သာပျောက်ကင်းစေတဲ့ဆေးတစ်မျိုးရှိတယ်ဗျ...ကျွန်တော့်မိတ်ဆွေ **သမားတော် ဦးကိုကိုကြီး**က ရောဂါရှင်များကို လက်တွေ့ကုသပေးခဲ့ပြီး အစွမ်းထက်ထိရောက်မှုကို သိရှိပြီး ဈေးကွက်ထဲမှာ ဖြန့်ချိနေတဲ့ **သားမင်း အမှတ်တံဆိပ် သလိပ်ပျော်ပူရှိန်းငုံဆေးပြား**ရှိတယ်။ ကလေး၊ လူကြီးအရွယ်မရွေး သုံးစွဲနိုင်တဲ့ ဆေးကောင်းတစ်လက်ပဲဗျ"

"အဲဒီ သားမင်းအမှတ်တံဆိပ် သလိပ်ပျော်ပူရှိန်းငုံဆေးပြားရဲ့ ဆေးအညွှန်းကိုလဲ ပြောပြပေးဦးမှပေါ့"

"ဆရာတို့အားလုံး သုံးစွဲချင်ရင် သုံးစွဲရအောင် ဆေးအညွှန်း ပြောပြပေးပါမယ်။ ဆေးအညွှန်း မပြောမီ ကျွန်တော် လက်ဆောင်ရ တဲ့ဆေးဘူးထဲက သားမင်း သလိပ်ပျော် ပူရှိန်းငုံဆေးပြား (၄)ပြား ဆရာကိုဇော်ရဲနိုင် ရေနွေးနဲ့ အရင်သောက်လိုက်ဦး... ကဲ ပြောတော့မယ် နားထောင်...သားမင်း အမှတ်တံဆိပ် သလိပ်ပျော်ပူရှိန်းငုံ ဆေးပြားဟာ ရာသီဥတု အကူးအပြောင်းကြောင့် အအေးမိခြင်း၊ နှာစေး ချောင်းဆိုးခြင်း၊ အပူရှပ်ခြင်း၊ အပူချောင်းဆိုးခြင်း၊ ရင်ကျပ်၊ သလိပ်ကပ်၊ ချွဲကျပ်ခြင်း၊ သလိပ်ပုပ်ထခြင်း၊ လည်ချောင်းစပ်ယား၍ ချောင်းဆိုးခြင်း၊ ကျောရင်အောင့်၍ အသက်ရှူကျပ်ခြင်းများကို ကွမ်းရွက်စိမ်းရည် (သို့) ရေနွေးနဲ့ သောက်ရင် သက်သာပျောက်ကင်းစေတယ်ဗျ"

"ကောင်းတယ်ဗျာ... ဆက်ပြောပါဦး"

"အစာမကြေ၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ လေထိုး၊ လေအောင့်၊ လေနာရောဂါဖြစ်ခြင်း၊ လေပွခြင်း၊ လေချုပ်၍ မအီမသာဖြစ်ခြင်းများ ကို သက်သာပျောက်ကင်းစေပြီး ဆီး၊ ဝမ်း လေချုပ်ခြင်းများကို မှန်ကန်ညီညွတ်စေတဲ့ဆေး ဖြစ်တယ်ဗျ... ခံတွင်းအနံ့မကောင်းသူများနဲ့ မူးဝေ၊ ပျို့အန်ခြင်းများအတွက် ငုံပေးပါက ခံတွင်းလဲရှင်း၊ မူးဝေခြင်းလဲ ကင်းလျက် ချွဲသလိပ် ပျော်စေပါတယ်။ ကလေး၊ လူကြီး နေ့စဉ် သုံးစွဲရင် အစာကြေ ရင်ချောင်ပြီး အစားအစာ စားချင်စိတ် ဖြစ်ပေါ်စေတယ်တဲ့ဗျ"

ဆေးညွှန်းများ တရစပ်ပြောပြီး လက်ဖက်ရည်သောက် ရင်း စကားဆက်ပြတ်သွားချိန်တွင် ဆရာဇော်ရဲနိုင်က "ဆရာ ကိုယဉ်တင့် တိုက်လိုက်တဲ့ သားမင်းအမှတ်တံဆိပ်သလိပ်ပျော် ငုံဆေးပြားရဲ့ အစွမ်းတော့ပြပြီဗျို့...ဆေးသောက်ပြီး နာရီပိုင်း အတွင်းမှာ ခံတွင်းလဲရှင်း၊ သလိပ်လဲပျော်ပြီး ရင်ချောင်သွား တယ်...**သားမင်းအမှတ်တံဆိပ် သလိပ်ပျော် ပူရှိန်းငုံဆေးပြား**ရဲ့အစွမ်းကို လုံးဝယုံကြည် လိုက်ပြီ...ကျွန်တော်လဲ သုံးစွဲမယ် အပေါင်းအသင်းတွေသိအောင် ဆေးရဲ့ကောင်းခြင်း ဂုဏ် သတင်းကို တစ်အိမ်တက်တစ်အိမ်ဆင်း သတင်းပေးဦး မယ်ဗျို့..."

**ပင်ရင်း-သားမင်းဆေးတိုက်** အမှတ် (၁၀၁၃)၊ ကွန္တာ(၁၀)လမ်း၊ ၄/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ☎၀၁-၇၀၅၃၆၄ ၊ ၀၉ ၅၀ ၉၇၉၈၃



www.burmeseclassic.com

www.burmeseclassic.com

ခွေးရုပ်ရွာ ဝေဟင်အနောက်ဖျားမှ

# ကျောက်ပန်းဆိုးတောင်

မြတ်စိန္တေထံတော်ပါးသို့ ( ၂ )

စင်သိုင်း

**ယခင်လမှ အဆက်**

'ဆရာတော် ဦးသုမန၊ ဦးပဥ္စင်း ကောဝိဒတို့ တက်ကြွစွာနဲ့ ဦးဆောင် သလို ရွာသူရွာသားတွေကလဲ အားကြိုး မာန်တက် ဝိုင်းဝန်းကြလို့ စေတီတော် ကြီး ထီးတော်တင် အနေကဇာတင်ပွဲ တော်ကြီး ဖြစ်မြောက်သွားပါတယ်။

အဲဒီနေ့မှာ ရပ်နီးရပ်ဝေးက ပရိသတ် တွေ ရာချီပြီး လာကြတယ်။ တောင် ပေါ်မှာရှိတာက ဆယ်ပြည်ဝင် ဆန် အိတ်ပိုင်းကလေးတစ်ပိုင်းတည်း၊ ဟင်း ချက်စရာတွေက ဝန်းကျင်မှာ ရှာခူးလို့ ရပါတယ်။

ထမင်းအတွက်သာ အခက်ကြုံနေ ရတယ်။ ဆရာတော်ကြီးက "အဆင် ပြေသွားပါလိမ့်မယ် စိတ်မပူပါနဲ့" လို့ အေးအေးဆေးဆေးပဲ မိန့်တော်မူပါ တယ်။


ထီးတော်တင်ပွဲမှာ ရဟန်းသံဃာ အပြင် လာသမျှ ပရိသတ်ကို ထမင်း, ဟင်း တည်ခင်း လှူဒါန်းပြီးတဲ့အခါ ဆန်တစ်တင်းခွဲဝင် ဆန်အိတ် လေးအိတ် ပိုနေသေးသဗျား'

'ပန္နက်ချတုန်းကလို အလိုအလျောက် ရောက်လာတာလား'

'အဲဒီလိုတော့မဟုတ်ပါဘူး။ ရှမ်း၊ ပအိုဝ်း၊ တောင်သူ၊ ဓနု တိုင်းရင်းသားတွေရဲ့ ဓလေ့ အရ ပွဲတော်လာသူတိုင်း ဆန်တစ်ဆုပ်၊ ကြက်သွန်တစ်ထုပ် စသဖြင့် တတ်နိုင် သလောက် သယ်လာပြီး လှူဒါန်း ကုသိုလ် ယူဝင်ကြတယ်လေ။

သူတို့ သယ်လာတဲ့ ဆန်, ဆီ, ဆား,ငရုတ်, ကြက်သွန် ဟင်းချက်စရာတွေက လုံလောက် တဲ့အပြင် ပိုလျှံနေတာပေါ့'

ဟူ၍ ဖြစ်လေသည်။



◆ တောင်ကာလယ်ပေါ်မှ (၉) တောင်ပြည့်စေတီ

ရက္ခလောကမှ


ကော်ရော်ခြင်းပေလော

စေတီတော် စံပယ်ရာ ကျောက်ပန်း



www.burmeseclassic.com

www.burmeseclassic.com



▲ တောင်ကလယ်မှ မြင်ရသည့် စေတီနှင့် ရပ်ပြင်

▼ ကျောက်ပန်းအိုးတောင်ကလယ်နှင့် အခြေမှ ဇရပ်



အိုးတောင်တွင် ဒန္တကူးပင်များစွာ ပေါက်ရောက်လျက်ရှိသည်။ အနီးဝန်းကျင်တွင် တစ်ခုတည်းသော ဒန္တကူးပင်ပေါက်ရာ မြေဖြစ်၏။

စေတီတော် ပွင့်ထွန်းတော်မူသောအခါ တောင်အဝန်းရှိ ဒန္တကူးပင်များ ဝေဆာစွာ ဖူးပွင့်ကြသည်ဟု ကိုရင်ကြီးရှင်ဉာဏိဿရ မိန့်ကြားသည်။

ကိုရင်ကြီးသည် ယခုအခါ အသက် (၄၀)နှစ်အရွယ်ရှိကာ ထိုစဉ်က အသက်ဆယ်နှစ်ကျော် ကိုရင်လေးဘဝဖြင့် ဆရာတော်ဦးသုမနနှင့် အတူ လိုက်ပါလျက် ဝတ်ကြီးဝတ်ငယ် ပြုစုခဲ့ရသည်။

'ကိုရင်တို့ ကျောက်ပန်းအိုးတောင်တက်ရင် ကျောင်းက ငှက်ပျောသီးတွေ ယူသွားကြတယ်။ ဒန္တကူးပင်တွေကြားမှာ ငှက်ပျောသီးတွေ တင်ထားပေးရင်. မျောက်တွေ ထွက်လာပြီး ယူစားကြတယ်။ အကြောက်အလန့် မရှိဘူး။ လူတွေနဲ့ ရင်းရင်းနှီးနှီး ရှိကြတယ်။

နောက်ပိုင်းမှာ သားကောင် ရှားလာတော့ မျောက်တွေကိုလဲ တူမီးသေနတ်နဲ့ ပစ်ခတ်ကြလို့ တောင်ကြားလျှိုတွေမှာပဲ စုဝေးနေကြတော့တယ်။ လူသံကြားတာနဲ့ ပျောက်ခြင်းမလှ ပျောက်ကုန်ကြတယ်။

ဘုရားထီးတော် တင်တဲ့နှစ်မှာ ဒန္တကူးပန်းတွေ အပင်တိုင်းပွင့်ကြတယ်။ ဖူးတံထွက်ပုံက အုန်းပင်က



www.burmeseclassic.com

www.burmeseclassic.com

အုန်းပန်း ပွင့်သလို ဖူးတံနဲ့တူပြီး အပွင့်ကတော့ သနပ်ခါးပန်းပွင့်နဲ့ တူတယ်။ အင်မတန်သင်းပြီးမွှေးတာ တစ်တောင်လုံးအနံ့ပဲ'

ဒေသခံတို့၏ ဘိုးဘွားအစဉ်အဆက် လက်ဆင့်ကမ်း မှတ်သားချက်အရ ဤနေရာဒေသသည် ပုဂံခေတ်ကာလက "ကြောင်းဖြူ"ဟု တွင်သောအရပ်ဖြစ်ခဲ့သည်ဆို၏။


ရာဇဝင်ကျမ်းအဆိုအရ ကြောင်းဖြူအရပ်သည် သုဝဏ္ဏသောတနဂါးပြည်သို့သွားသော နဂါးကြောင်းဟူသတည်း။ ရွှေကြောင်းလည်းဟူ၏။ **(မှန်နန်း မဟာရာဇဝင်တော်ကြီး စာမျက်နှာ–၁၃၀)။**

**"ကြောင်းဖြူ"** ဝေါဟာရမှ ချောင်ဖြူ**(ချောင်ဖြူ)**ဟု ပြောင်းလဲကာ ယခုအခါ အိမ်ခြေ တစ်ရာခန့်ရှိသော ရွာကလေး ဖြစ်တည်နေသည်။ ကျောက်ပန်းအိုးတောင်၏ အနောက်တောင်ထောင့်ယွန်းယွန်းတွင် တည်ရှိလေသည်။

အနော်ရထာ၏ ခမည်းတော် ဖြစ်သော ကွမ်းဆော်ကြောင်းဖြူမင်းသည် ဤအရပ်၌ ဖွားမြင်သဖြင့် ကြောင်းဖြူမင်းသားဟု တွင်ခဲ့သည်။ ကြောင်းဖြူမင်း၏မြေးတော် ကျန်စစ်မင်းသားသည် မင်းဘေးကြောင့် တိမ်းရှောင်ရသောအခါ မြင်းမထိလိုဏ်ဥမင်မှ တစ်ဆင့် ဘိုးတော်မွေးဇာတိ ကြောင်းဖြူအရပ်သို့ စီးတော်မြင်း နှလုံးခွန်ကောင်းဖြင့် ခုန်လွှားရောက်ရှိကာ တစ်ထောင့် နားခိုခဲ့ရကြောင်း မြင်းမထိလိုဏ်ဂူသမိုင်းဟောင်းတွင် ဖော်ပြပါရှိသည်။

ကျန်စစ်မင်းသည် ကြောင်းဖြူအရပ်ရှိ အမြင့်ဆုံးတောင်ထွတ်တွင် သစ္စာအဓိဋ္ဌာန်ပြုခဲ့ရာ မင်းအဖြစ်သို့ ရောက်ပြီးနောက် စေတီငယ် တည်ဆောက်ကုသိုလ်ပြုခဲ့သည်ဆို၏။

ခွေးရုပ်ကျေးရွာကျောင်း ဆရာတော် ဦးသုမနအား တောင်စောင့်နတ်ဟု ယူဆရသော ပိတ်ဖြူဝတ်အဘိုးအို အိပ်မက်ပေးရာတွင် လွှန်ခဲ့သော နှစ်ပေါင်း တစ်ထောင်ခန့်က စေတီဟောင်းဟူသည် ကျန်စစ်မင်း၏ ကောင်းမှုစေတီကို ရည်ညွှန်းဟန် ရှိပေသည်။



ပိရတောင်မော်စေတီ အထက်စီးမြင်ကွင်း


ကျန်စစ်မင်းသည် ကျောက်ပန်းအိုးတောင်ထွတ်၌ စေတီတည်သည်ဟု မဆိုသော်ငြားလည်း ကျောက်ပန်းအိုးတောင်သည် ပင်လယ်ရေ မျက်နှာပြင်အထက် (၄၀၇၀)ပေ မြင့်မားကာ ဝန်းကျင်ရှိ အမြင့်ဆုံးတောင်ထွတ် ဖြစ်လေရာ ဤသို့ ယူဆကြခြင်း ဖြစ်နိုင်ပါသည်။

ကျေးရွာအုပ်ချုပ်ရေး တာဝန်ခံ တစ်ဦးဖြစ်သူ ကိုသူရအောင် (အသက်



www.burmeseclassic.com

www.burmeseclassic.com



◆ ဓေတီကျောက်အခြေ ထိစပ်ပုံ


◆ ဓေတီကျောက် လက်ယာဘက်အခြေ





www.burmeseclassic.com

www.burmeseclassic.com



▲ ဆေတီကျောက်အခြေ လက်ဝဲဘက်မြင်ကွင်း

(၄၀)ကျော်က)ကလည်း…

'ဒီအကြောင်းတွေ အသေးစိတ် ရေးထားတဲ့ သမိုင်းစာအုပ်ကလေးကို ကျွန်တော် ငယ်စဉ်က ဖတ်ခဲ့ရဖူးပါတယ်။ အခုအချိန်မှာ ရှာလို့ မရနိုင်တော့ ပါးစပ်ရာဇဝင်အဖြစ်သာ ကျန်ခဲ့တာပေါ့ဗျာ'

ဟူ၍ ပြောပြသည်။

ဤသို့လျှင် သမိုင်းအစဉ်အလာကြီးမားသော ကျောက်ပန်းအိုးတောင်ကလပ်တွင် မြတ်စွာဘုရားရှင်ကိုယ်စားစေတီတော် ပွင့်ထွန်းခြင်းကို ရက္ခလောကမှ ပူဇော်ကော်ရော်သည့်ပမာ ဝေဆာစွာ ပွင့်လန်းဖွေးပျံ့နေခြင်းကား ထူးခြားလှပေသည်။

ဒန္တကူးပင်များကို နေအိမ်အလှဆင်စိုက်ပျိုးလေ့ရှိကြရာ နှစ်ကာလ အတန်ကြာမှ တစ်ကြိမ်ပွင့်ဖူးသော ဖူးပွင့်ခဲသောအပင်မျိုး ဖြစ်သည်။ ထိုအပင်များက တစ်ပြိုက်နက်တည်း ညီညာစွာ ဖူးပွင့်ခြင်းကြောင့် ထူးခြားသည်ဟု ဆိုခြင်းဖြစ်သည်။

## တောင်တော်ဆီသို့

ခွေးရုပ်ကျေးရွာဝန်းကျင် လှည့်လည် လေ့လာမေးမြန်းပြီးနောက် မွန်းလွဲ နှစ်နာရီခန့်တွင် မိုးလေသာသဖြင့် ကျောက်ပန်းအိုးတောင်သို့ တက်ရောက်ဖြစ်သည်။

နောက်တစ်နေ့ နံနက်ပိုင်း နေမမြင့်မီ တက်ရောက်ရန် ဖြစ်သော်လည်း မုန်တိုင်းမိုးက ညစဉ် သည်းမည်းစွာ ရွာသွန်းတတ်လေရာ တောင်တက်မြေနီလမ်းက သွားနေကျ မဟုတ်သော မိမိတို့အတွက် အခက်တွေ့နိုင်သဖြင့် ရာသီဥတု သာယာစဉ် သွားရောက်ကြခြင်းဖြစ်သည်။


ဦးမောင်လေး၏ သားအကြီး မောင်အောင်မျိုးဦးက လမ်းပြ ပို့ဆောင်ပေးသည်။ ခွေးရုပ်ကျေးရွာမှ အထက်ပေတစ်ထောင်အမြင့်တွင် ရှိသော်လည်း တောင်စောင်းတစ်လျှောက် ကွေ့ဝိုက်သွားရသဖြင့် ခရီးအရှည် ပေနှစ်ထောင်ကျော်ခန့် ရှိပေမည်။

ရှေ့တိုးနောက်ငင် သွားရသည့် ရထားသံလမ်း စတုတ္ထလွန်းထိုးမှ တစ်ဆင့် ညောင်ကုန်းတောင်ကြီးကို ကွေ့ဝိုက်ဖြတ်ကျော်ရသည်။ (၁၅)မိနစ်မျှအကြာ တောင်ခါးပန်းတစ်နေရာ လမ်းပြေသော ကွေ့ကလေးသို့ ရောက်သောအခါ ညောင်ပိန္နဲပင် အရိပ်အောက်၌ ရေစိမ့်အိုးများ အစီအရီတွေ့ရသည်။

ရှေ့လ ဆက်ဖတ်ပါရန်

ဖင်ညိုငယ်

www.burmeseclassic.com



◆ မန်ကျည်းပင်အပိုင်းမှ ကျိုက်ထီးရိုးစေတီပုံ ပေါ်နေသည်ကို ဖူးတွေ့ရစဉ်



◆ ဘုရားဆောင်ရှိ သာသနာ့ပွဲတော်ထားသော အုန်းသီးမှ တစ်ပြိုင်တည်း အုန်းစို့(၃)စို့ ထွက်ရှိသည်ကို တွေ့မြင်ရစဉ်

ထူးခြားဆန်းကြယ်

# ရက္ခနယ်ဝယ်

ဂျူနီ (ကြို့ပင်ကောက်-လယ်တီ)

**ပဲခူးတိုင်းဒေသကြီး၊ ဖီးကုန်းမြို့ အနောက်ဘက် (၁၀)မိုင်ခန့်ကွာဝေးသော လေးပုကုန်း ဘုန်းတော်ကြီးကျောင်းသို့** စာရေးဆရာ သတင်းထောက် ဦးမောင်မောင်သိန်း၊ ကျောင်းဆရာမလေး လေးလေးနွယ်၊ ဆိုင်ကယ်ဖြင့် လိုက်ပို့သူ ဦးစိုးတင့်တို့နှင့်အတူ စာရေးသူတို့ ဆရာတော်အား ဖူးမြော်ရန် သွားကြသည်။

ဟိုယခင်တုန်းက ဘုန်းတော်ကြီးကျောင်းနေရာတွင် ကျောင်းမရှိသေးဘဲ မကြာမီအတွင်းမှ ရပ်သူရွာသားများ ကိုးကွယ်ဆည်းကပ်ကြသော ဆရာတော် ဦးအာသဘသည် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိနယဂုဏ်တို့ဖြင့် သာသနာ့ဝန်ထမ်းလျက် ပဓာနနာယကအဖြစ် ကျောင်းထိုင်လျက်ရှိရာ ဆရာတော်၏ ဘုန်းတန်ခိုးကြောင့် ကျောင်းမှာ တစ်နေ့တခြား စည်ကားလာလျက်ရှိသည်။

ဆရာတော်ဦးအာသဘ၏ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



▲ ငှက်ပျောပင်မှ ငှက်ပျောအဖူး သုံးဖူး
တစ်ပြိုင်နက် ဖူးနေသည်ကို တွေ့ရစဉ်



▲ ဝါးနက်သီးရုံမှ ထူးဆန်းစွာ ဝါးပန်းဂမုန်းများ
ပေါက်နေသည်ကို တွေ့မြင်ရစဉ်

▼ သဘော်အပင်မှ
သဘော်သီးများ သီးနေစဉ်



...ဝိုဝုဏ်အတွင်း ရုက္ခလောကမှ ...သဘာဝလွန် ထူးခြားဖြစ်စဉ်တို့အား ...တွေ့ရှိခဲ့ရာ ဆရာတော်၏ ကျောင်းဝင်း ...အတွင်းမှ ထူးခြားဆန်းကြယ်ဖြစ်စဉ် ...များတို့မှာ ဆရာတော်ကျောင်းဝင်း ...အတွင်းရှိ မန်ကျည်းပင်အား လှဲ၍ ...အပိုင်းများဖြတ်ရာ မန်ကျည်းပင် ...အတွင်း မန်ကျည်းနှစ်တွင် **ကျိုက်ထီးရိုး** ...**ဘုရား**ပုံပေါ်နေသည်ကိုဖူးတွေ့ရသည်။

ဆရာတော် ဦးအာသဘသည် ...သာသနာပွဲ ထိုးထားလျက်ရှိရာ ...သာသနာပွဲတွင် တင်ထားသော အုန်း ...သီးမှ အုန်းစို့(၃)ပင် ပေါက်နေသည်ကို ...တွေ့ရှိရပါသည်။

အုန်းစို့တို့မည်သည် အုန်းသီး ...တစ်လုံးလျှင် တစ်ပင်သာ ပေါက်ရိုး ...ရှိရာ ယခုဆရာတော်၏ သာသနာ ...ပွဲ အုန်းသီးသည် ထူးခြားဆန်းကြယ် ...စွာ အုန်းစို့သုံးစို့ ပေါက်နေလျက်ရှိ ...သည်။

ဆရာတော်၏ ကျောင်းခေါင်းရင်း ငှက်ပျောပင်မှ တစ်ပြိုင်တည်း ငှက်ပျောဖူး သုံးဖူး ထွက်ရှိနေသည်ကို တွေ့မြင်ရပြီး ဆရာတော်၏ ကျောင်းဝင်းအတွင်း ဝါးနက်ရုံမှ ထူးဆန်းစွာဖြင့် ဝါးပန်းဂမုန်းပေါက်နေသည်။

ထို့ပြင် ဆရာတော်၏ ကျောင်းဝင်းအတွင်း စိုက်ပျိုးထားသော သဘော်အဖိုပင်မှ သဘော်သီးများသီးနေသည်ကို တွေ့ရှိခဲ့ရလေရာ မှတ်တမ်းတင်၍ နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာရှုသူများအတွက် ဗဟုသုတရှိစေရန် ရိုက်ကူးတင်ပြလိုက်ပါသည်။

**ဂျူးနီ**
***(ကြို့ပင်ကောက်–လယ်တီ)***



www.burmeseclassic.com

www.burmeseclassic.com


► ကြော်ငြာဆောင်းပါး ◄

နှလုံးရောဂါ ကင်းဝေးအောင်

● မှတ်ပုံတင် - ၀၁၃၄၅၀၁၀၇၃၆ လိုင်စင် ၇၊၂၀၁၁၊ တအထလတိုး (၁၃၁၂) ●

# မုံရွာဆရာမိုး အမှတ်တံဆိပ်

# အမောလုံ နှလုံးအားဆေးကိုဆောင်

" ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "




" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့ အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "

" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်၊ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္တိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ ထွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာ မကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး "

" သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင် ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ စူး၍ အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း၊ မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ "

" အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ်-(ရ/၃၅၆)မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉ ၊ ၀၉-၅၁၈၈၆၇၂

**ဖြောင်းမြ ဟောင်ယဉ်တင့်**




www.burmeseclassic.com

www.burmeseclassic.com

# ကော့ပေါက်ဆရာတော်

စင်ဒိုင်ယ

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

# အရှင်ဥတ္တမ နှင့်

ကြည်ညိုဖွယ်ရာ ဖြစ်စဉ်တော် ဘဝခရီးလမ်း (၃)

**ယခင်လမှ အဆက်**


အဆောင်ပြုရာတွင် ကြျတ်၊ အိတ်ရှုံ့ သည်ဖြင့်ထည့်ကာ ကိုယ်နှင့်မကွာ ဆောင်ထားရသည်။ ပါးပျဉ်းထောင် နေသော မြွေ၏ဦးခေါင်းထက်မှ ဓာတ်လုံးကို ဝှေ့ယမ်းခြင်း မပြုရပါ။ ပါဏာတိပါတကံ ထိုက်၍ သီလ ညှိုးနွမ်းစေနိုင်သောကြောင့် ဖြစ်သည် ဟု သိမှတ်ရလေသည်။

## အထိမ်းအမှတ်စေတီ

အရှင်မာနိတစာရ ဦးဆောင်မှုဖြင့် အဓိဋ္ဌာန်ဝင်သီတင်းသုံးရာ မုပ္ပန်မြို့သစ် သုသာန်မှထွက်ကာ တိုးချဲ့(၇)လမ်းရှိ သာသနဇောတက . ကျောင်းဝင်း အတွင်း သွားရောက်ကြရာ ဉာဏ်တော် အမြင့်(၃၁)တောင်နှစ်မိုက် ရှိသော "**ဓမ္မုအေး**"စေတီတော်ကြီးကို မှန်ဦး အဝမှပင် ခုံထည့်စွာ ဖူးမြော်ရသည်။

ဤစေတီကို (၄၅)ရက်အတွင်း အပြီးသတ်တည်လုပ်၍ ၂၀၀၁ ခုနှစ် အတွင်းက ပူဇော်ခဲ့သည်ဟု သိရ သည်။

(၃၁)ဘုံသားတို့ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အမိုက် အမှောင်မှ လွတ်ကင်း၍ ပညာအလင်း ရရှိစေရန် ရည်သန်ခြင်းဖြစ်ရာ ဘုရား ရှင် ကိုယ်စားတော် ဖြစ်သည်သာမက




▲ ရွှေရင်မြေ ကော့ပေါက်ရွာကျောင်းမှ သံသာအေးစေတီ

နိမိတ်ဩဘာလည်း ကောင်းမွန်လှ သောစေတီတော်ကြီး ဖြစ်သည်။

စေတီတော်၏ မြောက်ဘက် တွင် လျက်တွင် ကော့ပေါက်ဆရာတော်

www.burmeseclassic.com




▲ ဖောဓိတစ်ထောင်မှ ကော့ပေါက်စေတီ

အရှင်ဥတ္တမ၏ အထိမ်းအမှတ်စေတီတော် တည်ရှိသည်။ ဆရာတော်ကြီးသည်(၁၀-၁၂-၂၀၀၃)နေ့ရက် နံနက်(၁၁း၂၀)နာရီတွင် ပျံလွန်တော်မူရာ ကြွင်းကျန်ရစ်သော ရုပ်ကလပ်တော်ကို (၁၄-၁၂-၂၀၀၃)နေ့ရက်၌ ပိန္နဲကုန်းသုသာန်၌ တေဇောဓာတ်ပနသဘင် ကျင်းပပူဇော်သည်။

ထိုစဉ်က မျက်လုံးတော်မှ အလွန်လင်းလက်သော သောက်ရှူးကြယ်ပမာ အလင်းတန်း ထွက်ပေါ်လျက် မျက်လုံးတော် မီးမခဘဲ ကျန်ရစ်သည်ဟု သိရသည်။

ထို့နောက် ကြွင်းကျန်ရစ်သော အရိုးတော်ဓာတ်များ၊ ဆရာတော်ကြီး သုံးဆောင်ခဲ့သော စိန်ဓာတ်လုံးတစ်လုံးတို့ကို ထက်ဝက်စီခွဲ၍ သာသနဇောတက ကျောင်းဝင်းတွင်းရှိ ဤစေတီတစ်ဆူနှင့် မုံရွာမြို့နယ် ဖောဓိတစ်ထောင် သာသနာမြေတွင် ကော့ပေါက် ဆရာတော် အထိမ်းအမှတ် စေတီတစ်ဆူ ပေါင်းနှစ်ဆူ တည်ထားခဲ့ကြသည်ဟု သိရသည်။

**ဤစေတီတွင် ဆရာတော်၏ မီးမကျွမ်းလောင်သော မျက်လုံးတော်ကိုလည်း ထည့်သွင်းဌာပနာခဲ့သည်ဟု ဆိုလေသည်။**

စေတီအဝင်ဝတွင် "**ကော့ပေါက်စေတီ**" ဟူသော ကမ္ပည်းရေးထိုးထား၍ စေတီလိုဏ်အတွင်းအလယ်၌ ဆရာတော်ကြီး၏ ရုပ်တုတော်ကို ဖူးတွေ့ရသည်။

ဤရုပ်တုတော်ကို မုံရွာဖောဓိတစ်ထောင် ဆရာတော် ဦးနာရဒ ဦးစီးသွန်းလုပ်ကာ သာသနဇောတကကျောင်းဆရာတော် ဦးမာနိတစာရနှင့် တပည့်ဒါယကာများ သက္ကရာဇ် ၁၃၆၆ ခုနှစ်၊ နတ်တော်လဆန်း (၇)ရက်နေ့တွင် မုံရွာမှ ပင့်ဆောင်ပူဇော်ထားခြင်းဖြစ်ကြောင်းသိရသည်။

လက်ယာဘက်တွင် ကော့ပေါက်ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းနှင့် အထိမ်းအမှတ်စေတီနှစ်ဆူ တည်ထားခြင်းတို့ကို မော်ကွန်းကျောက်စာ ရေးထိုးထားလေသည်။ လက်ဝဲဘက်ဗီရိုအတွင်း၌ ဆရာတော်၏ သာသနာပြုလုပ်ငန်း၊ လူမှုရေးလုပ်ငန်းများအတွက် ဂုဏ်ပြုလွှာများနှင့်အတူ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကိုလည်း ပြသထားသည်။

ဆရာတော်အား ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် အဂ္ဂမဟာ



www.burmeseclassic.com

www.burmeseclassic.com

သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ကပ်လှူခဲ့ကြခြင်းဖြစ်သည်။

## ဆရာတော်၏ ဒါနအချို့

ကော့ပေါက်ကျောင်းငယ် စတင် တည်ထောင်သီတင်းသုံး၍ တစ်နှစ်မျှ အကြာ . ခရစ်နှစ် ၁၉၄၇ ခုနှစ်တွင် မြန်မာနိုင်ငံ မငြိမ်မသက်ဖြစ်၍ ပြည်သူ အများ ဆင်းရဲငတ်မွတ်ခြင်းဘေးနှင့် ရင်ဆိုင်ရလေရာ ဆရာတော်က ဇာတိ မြေ ကော့ပေါက်ကျေးရွာမှ ဆန်များ အကြွေးဖြင့် ဝယ်ယူကာ မော်လမြိုင် တွင် ဝေငှပေးခြင်းဖြင့် လူအပေါင်း၏ ဒုက္ခကို တတ်စွမ်းသမျှ ကူညီပေးတော် မူသည်။

ထို့ကြောင့်ပင် ထိုစဉ်က အင်္ဂလိပ် မြို့ပိုင်က လေးစားလှသဖြင့် ဂုဏ်ထူး ဆောင်မှတ်တမ်းကို ကိုယ်တိုင် ဆက် ကပ် လှူဒါန်းခဲ့သည်။

ကော့ပေါက်ကျောင်းတွင် နှစ်စဉ် ဝါဆို သင်္ကန်းကပ်ခြင်း၊ ကထိန်ခင်း ခြင်းနှင့် မွေးနေ့ပူဇာသဘင် ကျင်းပချိန် များတွင်အယုတ်အလတ် အမြတ်မရွေး ထမင်းရည်ချောင်းစီး အလှူကြီးပေး တော်မူခဲ့သည်။ ရွှေမိုးငွေမိုးများကို လည်း ကျပ်ငွေသိန်းချီ၍ ကိုယ်တော် တိုင် ကြဲဖြန့်ရွာသွန်းပေးတော်မူသည်။

ထို့အပြင်လည်း မော်လမြိုင်မြို့ ဝန်းကျင် ဘုန်းကြီးကျောင်းများ၌ လာဘ်လာဘနည်းပါးသော (ကထိန်၊ ဝါတွင်းနှင့် ရက်ကြီးခါကြီးမဟုတ် သော)ကာလများတွင် သံဃာ(၁၀၈) ပါးအတွက် သပိတ်၊ ဆွမ်း၊ သင်္ကန်း စသည် လှူဒါန်းလေ့ရှိလေရာ ဆရာ တော် ပျံလွန်တော်မူပြီးနောက်တွင်ပင် ကျန်ရစ်သော ပစ္စည်းများဖြင့် (၅)နှစ် တိုင်အောင် ဆက်လက် လှူဒါန်းပေး နိုင်ခဲ့သည်ဟု မြေနီကုန်းရပ်ကွက်ရှိ



☗ သက်တော်(၁၀၈)နှစ် ပျံတော်မူသည်အထိ သီတင်းသုံးခဲ့ရာ ကော့ပေါက်ကျောင်း

ဓမ္မရိပ်သာကျောင်းတိုက် ဆရာတော် အရှင်ကုဏ္ဍကမှ မိန့်တော်မူသည်။

ထိုသို့ ကြားကာလ လှူဒါန်းခြင်းကို တစ်နှစ်လျှင် (၃)ကြိမ် မပျက်မကွက် လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

အခြားအလှူဒါနအဖြစ် ကျိုက်ထီး ရိုးဆံတော်ရှင်စေတီ ထီးတော်သစ် အတွက် ရွှေစင်(၃)ကျပ်သားနှင့် ငွေ ငါးသိန်းကျော်၊ ရန်ကုန်မြို့ အဘယ လာဘမုနိရုပ်ပွားတော်အား ဝတ္ထုငွေ ခြောက်သိန်း၊ မော်လမြိုင်မြို့ ဓမ္မရိပ် သာကျောင်းဝင်းရှိ စူဠာမဏိစေတီ မော်လမြိုင် သာသနာ့ဗိမာန်ဝါတွင်း တရားပွဲ၊ ပဋ္ဌာန်းပူဇော်ပွဲ၊ ပိဋကတ်သုံးပုံ ပူဇော်ပွဲတို့တွင် လည်းကောင်း…

လှိုင်ကော်မြို့မစာသင်တိုက်၊ သံဃာ့ ဆေးခန်း၊ ပိဋကပါဝိက ရာသက်ပန် ဆွမ်းလောင်းအသင်း၊ မန္တလေး မဟာမုနိ၊ မုံရွာ ဗောဓိတစ်ထောင် သာသနာမြေ စသည့် ရပ်ဝေးဌာနများ သို့လည်း နှစ်စဉ် ဝတ္ထုငွေများ လှူဒါန်း ခဲ့သည်။

ဆရာတော်ကြီးသည် ပျံလွန်တော် မူသည်အထိ ကြီးမားသော ရောဂါ

www.burmeseclassic.com



◆ သာသနဓဇာတကကျောင်းဝင်းမှ ယခုတည်ဆောက်ထားသော ကော့ပေါက်ကျောင်း

ဝေဒနာများ ဖိစီးခြင်း မရှိသော်လည်း သက်တော် ကြီးရင့်သည့်အတွက် မော်လမြိုင် ပြည်သူ့ဆေးရုံကြီးမှ သမားတော်များ၊ ဆရာဝန် ဆရာဝန်မများက အပတ်စဉ် လာရောက်ကာ ကျန်းမာရေး စစ်ဆေးပေးကြသည်။

ထို့အတွက် ကျေးဇူးတုံ့ပြန်သောအားဖြင့် ဆေးရုံကြီးတွင်Ultra Sound ဓာတ်မှန်ရိုက်စက် ဝယ်ယူရန် ငွေကျပ်တစ်ဆယ့်ငါးသိန်းကို လှူဒါန်းခဲ့သည်။

ဆရာတော်ကြီး သီတင်းသုံးရာ ကော့ပေါက်ကျောင်းသည် ဆရာအတတ်သင်ကျောင်းဝင်းအတွင်း ရှိကာ ကျောင်းအုပ်ကြီးက ဆရာတော် သက်ထက်ဆုံး နေထိုင်သီတင်းသုံးရန် ခွင့်ပြုထားခဲ့ရာ ကျေးဇူးတုံ့ပြန်သောအားဖြင့် ကျောင်းအုပ်ကြီး၊ ဆရာ, ဆရာမများ၊ သင်တန်းသားအားလုံးတို့အား တစ်နှစ်လျှင် သုံးကြိမ်၊ တစ်ကြိမ်လျှင် တစ်သိန်းသုံးသောင်းခန့် တန်ဖိုးရှိသည့် ထမင်း,ဟင်းများ ကျွေးမွေး လှူဒါန်းခဲ့သည်။

ထို့အပြင် ကျောင်းဝင်းတွင်းရှိ ဘုရားပွဲတော်ကျင်းပတိုင်း ငွေကျပ်ရှစ်သောင်းနှင့် ထမနဲများ အလှူ့ပယ် လှူဒါန်းကျွေးမွေးစေလေသည်။ ဘုန်းတော်ကြီးကျောင်းပိုင် အဝီစိစက်ရေတွင်းကိုလည်း ပျံတော်မမူမီကပင်လျှင် ဆရာအတတ်သင်ကျောင်းသို့ ကြိုတင် လှူဒါန်းခဲ့ပေသည်။

အလှူအတန်းနှင့် ပတ်သက်၍ ကော့ပေါက်ဆရာတော်ကြီးက မိန့်ကြားလေ့ရှိသည်မှာ...

'မရှိလို့ မလှူ မလှူလို့ မရှိ ဆိုတာမျိုး မဖြစ်ကြစေနဲ့။ ဘုန်းကြီး ဒီကော့ပေါက်ကျောင်းကို ရောက်ခါစ အင်မတန်ဆင်းရဲတယ်။ နေတာက တစ်ပါးတည်း။ ဆွမ်းဟင်းမပါ၊ ဆွမ်းထမင်းကို ရေဆမ်းပြီး ဘုဉ်းပေးရတယ်။

ဘုန်းကြီးအသက်ကို သာသနာကို အပ်နှင်းလိုက်တယ်။ ဘာဝနာတရားကို ကြိုးစားအားထုတ်တယ်။ ပါရမီဆိုတာ သူများ လုပ်ပေးလို့မရဘူး။ ကိုယ်လုပ်မှ ကိုယ်ရတာ။ ပါရမီအစ ဒါနကတဲ့။ ဘုန်းကြီးတော့ ဘယ်ဘက်ကရရင် ညာဘက်က လှူလိုက်တယ်။ ဘုန်းကြီးလက်ထဲမှာ မထားဘူး။

ဒါပေမယ့် ဘုန်းကြီးမှာ လိုချင်တာချည်း အားလုံးပြည့်စုံနေတယ်။ လှူဒါန်းတယ်ဆိုတာ စစ်တိုက်တာနဲ့တူတယ်။ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ သုံးပါးကို နိုင်အောင် တိုက်ရတယ်။ ဒါမှ လှူဒါန်းရာမှာ အောင်မြင်မယ်။

လှူတာမကုန်ဘူးဆိုတာ သိဖို့ အရေးကြီးတယ်။ အခု လက်တွေ့ပဲလေ။ ဘုန်းကြီးဘဝက ဒိုလေကောင်းလေ ဒိုလေကောင်းလေ ဒါဟာ ဒါနကုသိုလ်အကျိုးပေါ့။ (အသက်အရွယ် အိုမင်းလာသော်လည်း ကျန်းမာရေး ချို့ယွင်းမှုမရှိ ပြည့်စုံကောင်းမွန်နေခြင်းကို ဆိုလိုဟန်ရှိသည်။)'

## ဆရာတော်၏ ဩဝါဒ

ကော့ပေါက်ဆရာတော် အရှင်ဥတ္တမသည် ဓမ္မကထိကဆရာတော်အဖြစ် နယ်လှည့်ဟောကြားခြင်းပြုလေ့ မရှိသော်လည်း လာရောက်ပူဇော် ဖူးမြော်ကြသူ ဒါယကာ,ဒါယိကာများအား မိန့်မှာတော်မူလေ့ရှိသည့် ဩဝါဒအချို့ကို ဖော်ပြပေးပါမည်။

* * *

ကိစ္စမများ၊ စကားနည်းစေ၊ အိပ်နေမှုနည်း။ ကိုယ်တည်းပျော်လေ၊ ရောနှောမပြု၊ ချုံ့မှုရှောင်သွေ၊ အနေကောင်း အသေကောင်း အကြောင်းဂုဏ်ခြောက်ထွေ။

ဒါက အနေကောင်း အသေကောင်း စေမယ့်နည်းလမ်း၊ သံသရာကတော့ မလွတ်နိုင်သေးဘူး။ သံသရာခရီးဆိုတာ စည်းကမ်းမရှိဘူးနော်။ လက်သင့်ရာသူကို အရင်ဆွဲတယ်၊ ကံညိုးရင် အားကိုးစရာ မရှိဘူး။ ကံမညိုးရအောင် ကြိုးစားကြဖို့ လိုတယ်။ သံသရာမှာ ကျင်လည်နေရသရွေ့ အိုခြင်းတစ်ဖြာ၊ နာခြင်းတစ်ထွေ၊ သေခြင်းတစ်ပါး ကွဲပြားတစ်ဖန်၊ ကံလျှင်ဥစ္စာ ဤငါးဖြာကို မကွာနေ့ညဉ့် ဉာဏ်သက်ဝင်၍ ဆင်ခြင်ကြ။

ဘုန်းကြီးရော ဒကာဒကာမတို့ပါ



www.burmeseclassic.com

www.burmeseclassic.com

အားလုံး လမ်းမှားလာခဲ့ကြတယ်။ ရောဂါတွေလဲ ခံစားနေကြရပြီ။ ပြန်ရင်တော့ ရောဂါကင်းတဲ့ လမ်းကောင်း ရှာကြရမယ်။


သီလဆိုတဲ့ ဆေးတစ်လုံး၊ သမာဓိဆိုတဲ့ ဆေးတစ်လုံး၊ ပညာဆိုတဲ့ ဆေးတစ်လုံး။ ဒီဆေးသုံးလုံးကို သောက်ရင် ရောဂါတွေ ပျောက်မယ်။ နေရမှာလဲ မကြောက်၊ သေရမှာလဲ မကြောက်ရတဲ့ လမ်းကောင်းကို ရှာတွေ့လို့ ချမ်းသာရပြီပေါ့။

နံနက်မိုးလင်း ထ,လို့ မျက်နှာသစ်ပြီးတာနဲ့ ဘုရားဂုဏ်တော်တွေ ခေါင်းပေါ်တင်ပြီး "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"လို့ ရွတ်ကြ၊ တရားဂုဏ်တော် ညာပခုံးတင်ပြီး "ဓမ္မံသရဏံ ဂစ္ဆာမိ" လို့ ရွတ်ကြ၊ သံဃာဂုဏ်တော် ဘယ်ပခုံးထက်တင်ပြီး "သံဃံ သရဏံ ဂစ္ဆာမိ"လို့ ရွတ်ကြ။ သရဏဂုံနေ့တိုင်းထုံကြ အကျိုးအနန္တကွယ့်။

တစ်နေ့သုံးခါ အိုးတစ်ရာဖြင့် ချက်ကာထမင်း ကျွေးလှူခြင်းထက် မယွင်းစစ်စစ် နို့တစ်ညှစ်စာ ကြိမ်သုံးခါမျှ မေတ္တာပွားလျှင် ကျိုးကြီးမားသည် ဗုဒ္ဓမြွတ်စွာမိန့်ခွန်းတည်း။ အိပ်နိုးချမ်းသာ ကောင်းစွာအိပ်မက် ချစ်လျက်လူနတ် စောင့်လတ်နတ်များ မီးဆိပ်ဓားတို့ ရှောင်ရှားကိုယ်မှာ လျှင်စွာစိတ်တည် ရွှင်ကြည်မျက်နှာ သေခါမသွေ လားလေဗြဟ္မာ ဆယ့်တစ်ဖြာသည် မေတ္တာပွားမှု အကျိုးတည်း။

* * *

ကော့ပေါက် ဆရာတော်ကြီးအား လာရောက် ဖူးမြော်ကာ ကိစ္စအထွေလျှောက်ထားကြလေတိုင်း "ရပါတယ် ရပါတယ်"ဟုသာ မိန့်ကြား အားပေးတော်မူသည်။ ရွှင်လန်းသော မျက်နှာတော်နှင့် အစဉ်အမြဲ ကျန်းမာပကတိ



ကော့ပေါက်ဆရာတော် ရှန်ရှုခဲ့သည့် ဓာတ်လုံး

ရှိတော်မူသော ဆရာတော်ကြီးသည်လည်း မရသည်မရှိ အမြဲ ပြည့်စုံနေသည်ကို တွေ့ရသည်။

နေ့ဖို့ညစာ သိုလှောင်ခြင်း မရှိသော်လည်း ကော့ပေါက်ကျောင်းကလေးတွင် ဆွမ်းခဲဖွယ် ချိုချဉ်ရသာစုံတို့ နေ့စဉ်အလျှံပယ်တည်ရှိ၏။ ရလာသမျှ လာဘ်လာဘများကိုလည်း အခြားသော ရဟန်းသံဃာ၊ သာသနိက အဆောက်အအုံ၊ လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များသို့ ခွဲဝေ ပေးလှူလေ့ရှိသည်။

## နောက်ဆုံးကာလ

ပျံတော်မူမည့် ၂၀၀၃ ခုနှစ်တွင်ပင် မုံရွာဗောဓိတစ်ထောင် သာသနာမြေသို့ ပေါ့ပါးသွက်လက်စွာ သွားချည်ပြန်ချည်ရှိနေသဖြင့် ဒါယကာများက ဆရာတော်ကြီးမှာ ဆင်းစရာ ဘူတာအတွက် လက်မှတ်မရှိသေးဟု စိတ်ချနေကြသည်။

နှစ်ကုန်ခါနီးတွင် ရုတ်တရက် ပြောင်းလဲလာသည်။ ခန္ဓာဝန်ကို လေးလံစွာ ကြိုးစားထမ်းပိုးနေရဟန် တွေ့မြင်ရသဖြင့် ဒါယကာများက စိုးရိမ်တကြီး ဖြစ်ကြသည်။ ဆရာတော်ကြီးက...

'ဘုန်းကြီးအတွက် စိုးရိမ်သောက မရောက်ကြနဲ့။ ဘုန်းကြီး ဘဝတစ်လျှောက်လုံး ကျန်းမာရေး အထူးကောင်းမွန် ပြည့်စုံခဲ့ပေမယ့် ဘဝနိဂုံးချုပ်ခါနီးအချိန်မှာ ခန္ဓာကိုယ်ဓာတ်ကြီးလေးပါး ဖောက်ပြန်ပုံကို သံဝေဂပွားကြပါ။ လူ့ဘဝ အန္တကြီးမားကြောင်း သတိပြုကြပါ'

ဟု တရားပြတော်မူသည်။ ထို့နောက် **(၁၀-၁၂-၂၀၀၃)ခုနေ့ နံနက်ခင်း၌...**

'ဘုန်းကြီးကို ဝတ်ကြီးဝတ်ငယ် အလုပ်အကျွေး ပြုခဲ့ကြတဲ့ တပည့်သားမြေး ဒကာ, ဒကာမများအပေါ် ဘုန်းကြီး ပြောမှားဆိုမှား ပြုမှားရှိခဲ့ပါလျှင် ဘုန်းကြီးကို ခွင့်လွှတ်ကျေအေးပေးကြပါ။ ဘုန်းကြီးအပေါ် ပြော,ဆို, ပြု မှားရှိခဲ့ပါလျှင် ဘုန်းကြီးက ခွင့်လွှတ်ကျေအေးပါတယ်'

ဟူ၍ ဝန်ချစကား မိန့်ကြားတော်မူကာ ဝေဒနာကို ရှုမှတ်လျက် **နံနက် (၁၁း၂၀)နာရီတွင် ငြိမ်သက်စွာပင် ခန္ဓာဝန်ချ** စွန့်ခွာတော်မူခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငုံပူဇော

ကော့ပေါက်ဆရာတော် အထိမ်းအမှတ်စေတီ လိုဏ်တွင်း လေ့လာဖူးမြော်၍ ဆရာတော်နှင့် ပတ်သက်သမျှ အောက်မေ့ကြည်ညိုပြီးနောက် နှုတ်ဆက်ဂါရဝပြုကာ စေတီအပြင်သို့ ပြန်ထွက်လာသည်။

အရှင်မာနိတစာရက ကျောင်းဝင်းတောင်ဘက် ရေကန်ကြီးအနီးရှိ ကော့ပေါက်ကျောင်းသို့ ခေါ်ဆောင်ညွှန်ပြပေးသည်။ ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက်တွင် ကော့ပေါက်ကျောင်းပိုင် အသုံးအဆောင်ပစ္စည်းများကို ဆရာတော်ကြီး ဥပဖ္ဈာယ်ပြုခဲ့ရာ ကောဇ့ပေါက်ရွာကျောင်းနှင့် အခြားလိုအပ်နေသည့် ကျောင်းဘုရားဝတ်များသို့ လှူဒါန်းသည်။

ကျောင်းတည်ရာ မြေကိုလည်း ပညာရေးကောလိပ်သို့ လွှဲပြောင်းပေးအပ်ကာ ဆရာတော်၏ ခမည်းတော်၊ မယ်တော်များအတွက် ကျေးဇူးဆပ်သည့်အနေဖြင့် သီတင်းသုံးခဲ့ရာ ကျောင်းတိုင်၊ ကြမ်းခင်းတို့ကို အရှင်မာနိတစာရက သာသနဇောတက ကျောင်းသို့ သယ်ဆောင်၍ ဤကျောင်းတော်အား အသစ်နှင့်အဟောင်း ပေါင်းစပ်ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

အလျား ပေ (၈၀)၊ အနံ (၃၅)ပေရှိသည်။ ဤကျောင်း၌ ၁၃၆၅–၆၆ ခုနှစ်ကူးကာလ ပွဲဦးထွက် တရားစခန်းဖွင့်လှစ်ခဲ့ရာ ယောဂီ စုစုပေါင်း(၁၇၀)တို့ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်နိုင်ခဲ့ကြသည်ဟု သိရလေသည်။

ကော့ပေါက် ဆရာတော်ကြီး အရှင်ဥတ္တမ ပျံလွန်တော်မူပြီး ဖြစ်သော်လည်း ကော့ပေါက်ကျောင်းမှာ ဆက်လက် တည်ရှိနေသကဲ့သို့ ဆရာတော်အား လေးစားကြည်ညိုစွာဖြင့် ဆုံးမဩဝါဒများကို လိုက်နာကျင့်သုံးနေကြသူများအတွက် ကော့ပေါက်ဆရာတော်ကြီးသည် အစဉ်အမြဲ တည်ရှိနေမည်သာ ဖြစ်လေသည်။

ဇင်ညိုငယ်

# လေငန်း လေဖြတ်

ဤဆေးစွမ်း

လေငန်းဖမ်း၊ လေဖြန်းခြင်းဖြစ်ပြီး ကတုန်ကယင် လမ်းလျှောက်နေရသူများ ဤလိမ်းဆေးကို တစ်လခန့် စွဲလိမ်းလျှင် သိသိသာသာ သက်သာပါသည်။

သုံးလခန့်လိမ်းလျှင် မူလပကတိအတိုင်း သွားလာလှုပ်ရှားနိုင်ခဲ့သူများ ရှိပါသည်။

ဆေးနည်းမှာ အလွန် လွယ်ပါသည်။ နေအိမ်တွင် မိမိကိုယ်တိုင် ဖော်စပ်အသုံးပြုနိုင်ပါသည်။ ရေချိုးပြီးစတွင် မလိမ်းသင့်ပါ။ ညအိပ်ရာဝင်ခါနီးတွင် လိမ်းခြင်းသည် အကောင်းဆုံး ဖြစ်ပါသည်။

**လိုအပ်သော ဆေးအမည်များမှာ...**

+ မြန်မာရမ်အရက်တစ်ပုလင်း။
+ ရှောက်သီးရင့်ရင့်(၂)လုံး။
+ ငရုတ်ကောင်းစေ့ (၁၈)ကျပ်သား။

မြန်မာရမ်အရက်ထဲသို့ ရှောက်သီးနှစ်လုံးကို ပါးပါးလှီးထည့်ပါ။ အခွံရော အစေ့များပါ ထည့်ပါ။

ငရုတ်ကောင်းစေ့များကို **အစိမ်းအတိုင်း(မီးမသင်းဘဲ၊ မလှော်ဘဲ)** ထောင်းထည့်ပြီး ပုလင်းတွင် ဆယ်ရက်ခန့် စိမ်ထားပါ။

ဆက်ရက်ရှိမှ လှုပ်ပြီး လိမ်းပါ။ ဆေးလိမ်းတိုင်း ပုလင်းကို လှုပ်လိမ်းပေးပါ။ လိုအပ်သလို ဖိပွတ်ဆွဲလိမ်းပေးပါ။

ဆေးလိမ်းပြီးလျှင် နာရီဝက်အထိ လေစိမ်းအတိုး မခံပါနှင့် စောင် မ... မပါး ခြုံထားပါ။ အလွန်ပူပြီး ချွေးမျ... ထွက်လာလျှင် အဝတ်များ လဲလှယ်ဝတ်ဆင်ပါ။ အိပ်ရာများ လဲပေးပါ။

(၁)လမှ (၃)လထိ စိတ်ရှည်စွာ... ဆေးလိမ်းဂရုစိုက်လျှင် လေငန်းဖမ်း... လေဖြန်းခြင်း သက်သာပျောက်ကင်း... စေပါသည်။

**မြို့သစ်မြို့နယ်မှ ဆေးဆရာကြီး... ဦးကောင်းမော်ထံမှ ရရှိသော... ဆေးနည်းဖြစ်ပါသည်။**



**မောင်ရေမွှေး**
**(နတ်မော...)**

www.burmeseclassic.com

www.burmeseclassic.com



ပူးပွင့်နေသည့် နဂါးစက်ဂမုန်း

အိမ်ဂေဟာ သန့်ရှင်းစေသည့်

# နဂါးစက်ဂမုန်း

နဂါးစက် ဂမုန်းသည် အရွက်များ ရှည်သွယ်၍ အလျား (၂)ပေ၊ (၃)ပေခန့် အထိ ရှိတတ်သည်။ အရွက်ပေါ်တွင် အဖြူ၊ အဝါ အစက် အကျားများ ရှိသောကြောင့် နဂါးစက်ပင်ဟု ခေါ်သည်။

ဆေးသုံးအနေဖြင့် အမြစ်ကို ကြိတ်၍ ရသောအရည် လက်ဖက်စားဇွန်း တစ်ဇွန်းမျှကို ပျားရည် အနည်းငယ် ရောကာ သောက်ပေးလျှင် နာတာရှည် ချောင်းဆိုးခြဲကျပ်ရောဂါ ပျောက်ကင်းစေသည်။

ကလေးများ ချောင်းဆိုးခြဲကျပ်ခြင်းအတွက် အရွက်သတ္တုရည်ကို ချင့်ချိန် တိုက်ကျွေးနိုင်သည်။ နားပြည်ယိုရောဂါအတွက် အရွက်ကို မီးအုံ၍ အရည်ညှစ်ကာ နားတွင်း ထည့်ပေးနိုင်သည်။

အိမ်ဂေဟာ သန့်ရှင်းစင်ကြယ်စေရန် စိုက်ပျိုးခြင်းသည်း ရှိကြသည်။ နဂါးစောင့်သော အပင် ဖြစ်သောကြောင့် **မြွေ စသည့် အဆိပ်ရှိသတ္တဝါများ အိမ်ခြံအတွင်းသို့မဝင်ရောက်နိုင် ဒုက္ခမပေးနိုင်ကြပေ။** ထို့ကြောင့် မြွေနိုင်ပင်ဟုလည်း ခေါ်ကြသည်။

အိမ်ဂေဟာတွင်း သန့်ရှင်းစင်ကြယ်၍ သူတစ်ပါး မကောင်းမကြံစည်နိုင်၊ အိမ်သူအိမ်သား မိသားစုဝင်များ ခရီးလမ်း သွားလာရာတွင် ဘေးဥပဒ် အန္တရာယ် ကွင်းရှောင်စေသည်။

နဂါးစက်ဂမုန်းပင်ကို နေအိမ်မျက်နှာစာတွင် ကောင်းစွာ စိုက်ပျိုးကာ ရေသန့်ကို သဗ္ဗမင်္ဂလာဂါထာတော်ဖြင့် မွမ်း၍ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် လောင်းပေးရသည်။

နေ့စဉ် တစ်နေ့နှစ်ကြိမ် ရွတ်ပွားရန် ဖြစ်သည်။

---

သဗ္ဗမင်္ဂလာဂါထာတော်

---

ဒိဝါတပတိ အာဒိစ္စော၊
ရတ္တိံ မာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗ မဟော ရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

နဂါးစက်ဂမုန်း ကောင်းစွာဖူးပွင့်လာသောအခါ ကုဋေရှုံ့မြင်ကွင်း ဖြစ်ရပ်များ ကြုံတွေ့ရလျက် ခပ်သိမ်းသော မင်္ဂလာအပေါင်းနှင့် ပြည့်စုံစေသည်ဟု **ပေါင်မြို့၊ ဘုရားကြီးကျောင်းတိုက် ဆရာတော် အရှင်ပညာဒီပက** မိန့်ကြားတော်မူခဲ့သည်။

နဂါးစက်ဂမုန်းပန်း ကောင်းစွာ ဖူးပွင့်နေသည်ကို **ရွှေဘိုမြို့၊ ပုခန်းကျောင်းတိုက်၊ တိုက်အုပ်ဆရာတော် အရှင်ဝိသုတ၏ ကျောင်းဆောင်အနီး** မြင်တွေ့ မှတ်တမ်းပြုခဲ့ပါသည်။

ထက်မင်းကျော်စွာ

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

• • • • • • • • ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့ • • • • • • • •

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီးနောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင် ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

### သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၅၁၀ YR ၀၀၀၉၉၇]*
*[လိုင်စင်အမှတ် ၁၁/၂၀၀၈ တဆထလ တိုး(၀၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဇက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်**"အသားအရေ ဖြူနု ချောမွတ်ပြီး မကြဲဘူးအောင် အလှထူးစေသည့်"**ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူး ခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျီးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျီးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

### သမားအို လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ၀၃၀၉ YR ၃၀၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် များနေခြင်း၊ အေအက်စ်အို သီတာ ယူနစ်(၂၀၀)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကို သိရှိနိုင်ပေသည်။

**လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ သွေးတိုး၊ မီးယပ်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။**

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်ကန်ပြီး ကျန်းမာရေးနှင့်ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

### သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ၀၃၁၁ YR ၀၀၃၀၆၂]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော **"သတ္တဂုဏ်"**နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသောအခါ၌ လည်းကောင်း၊ ပရိယတ္တိ၊ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၇) ဖုန်း-၀၉-၄၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**
အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၀၆၁၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

# ဇော်ကျူး မဟာသတိပဋ္ဌာန်ရိပ်သာသို့

လေ့လာပူဇော်မှုခရီး (၄)

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)



◆ မပျံလွန်မီ တစ်ရက်အလိုက ရိုက်ကူးထားသော ဇော်ကျူးဆရာတော် ဦးနန္ဒိယပုံတော်

## ယခင်လမှ အဆက်

ဒါကြောင့် ဖောင်းတယ် ပိန်တယ်လို့ တစ်ချက်ရှုမှတ်တာဟာ မဂ္ဂင်လှေမှာ တပ်ထားတဲ့ လှော်တက်ကြီးကို တစ်ချက်ခတ်လိုက်သလိုပဲ၊ လှေကို ရှေ့သွားအောင် တွန်းပို့ပေးနေတာပဲဆိုတာ သိရမယ်။

ဥပမာ ရန်ကုန်ကနေ မန္တလေးရောက်အောင် ရောဝတီမြစ်ကြောင်းအတိုင်း လှော်တက် အကြိမ်နှစ်သန်းလှော်ခတ်ရတယ် ဆိုပါစို့။ လှေကို တည့်မတ်အောင် ပဲ့ထိန်းပြီး အကြိမ်နှစ်သန်းကျော်ရင် မန္တလေးရောက်မယ်။

အဲသလိုပဲ မဂ္ဂင်လှေကြီးကို အကြိမ်နှစ်ကုဋေ လှော်ခတ်ဖို့ လိုတယ်ဆိုရင် ပဲ့ထိန်းမှန်မှန်နဲ့ အကြိမ်နှစ်ကုဋေ လှော်ခတ်ပြီးတဲ့အခါ နိဗ္ဗာန်ပန်းတိုင်ကို မဝင်ရောက်နိုင်ဘူးလား။

လူတွေ ပြောနေကျ စကားနဲ့ပြောရရင် ဝိပဿနာအလုပ်မှာ တစ်ချက်ရှုမှတ်တိုင်း ရွှေတစ်ကျပ်သား ရတာနဲ့ တူတယ်ကွယ့်။ တစ်နေ့ ရှုမှတ်လိုက်ရင် လှည်းတစ်စီးအပြည့် ရွှေတုံးတွေ ရတော့တာပေါ့။

လူ့ပြည်က ရွှေတုံးတွေက တစ်ဘဝပဲ သုံးလို့ရတယ်။ ဝိပဿနာအလုပ်ကရတဲ့ ရွှေတုံးတွေက တစ်သံသရာလုံး သုံးလို့ရတယ်။ ဒါကြောင့် ဝိပဿနာအလုပ်ကို ကြိုးစားလုပ်ကြပါ။

## လမ်းခုလတ်မှ ပြန်မလှည့်နှင့်

မန္တလေးသွားမယ့် လူတစ်ယောက်ဟာ ပထမအကြိမ် တောင်ငူက လှည့်ပြန်တယ်။ ဒုတိယ နေပြည်တော်ပျဉ်းမနားက လှည့်ပြန်တယ်။ တတိယက သာစည်က လှည့်ပြန်တယ်။ အဲသလို လှည့်,လှည့်ပြန်နေရင် မန္တလေး ရောက်နိုင်ပါဦးတော့မလား။

မရောက်ရုံတင်မကဘူး။ ခရီးစရိတ်လဲ အကြိမ်ကြိမ်ကုန်မယ်။ ဝိပဿနာ



www.burmeseclassic.com

www.burmeseclassic.com

ရှုမှတ်ရာမှာလဲ ပန်းတိုင် မရောက်ခင် ရပ်,ရပ်လိုက်ရင် ပန်းတိုင် ရောက်နိုင်ပါဦးတော့မလား။

ဒါကြောင့် အကောင်းဆုံးအလုပ်၊ အမြတ်ဆုံးအလုပ်ကို လုပ်နေတဲ့အခါ တော်ကြာညောင်းလာတာနဲ့ မရပ်လိုက်နဲ့၊ ကျဉ်လာတာနဲ့ မရပ်လိုက်နဲ့၊ ကိုက်ခဲလာတာနဲ့ မရပ်လိုက်နဲ့နော်။ သည်းခံပြီး ရှုမှတ်သွားရမယ်။

## သဘော်ငယ်ကို
## သဘော်ကြီးဖြစ်အောင်
## တည်ဆောက်ပါ

ယောဂီတို့ ပင်လယ်ခရီး သွားဖူးကြသလား၊ ဘုန်းကြီးငယ်ငယ်က သီဟိုဠ်ကျွန်း(သီရိလင်္ကာ)ကို မြတ်စွာဘုရားစွယ်တော်ဖူးချင်လို့ သဘော်နဲ့ ခရီးသွားခဲ့ဖူးတယ်။

ပင်လယ်ဘက်မှာ လှိုင်းလုံးတွေကတယ်ကြီးသကိုး။ သဘော်ငယ်ငယ်နဲ့ သွားတဲ့အခါ လှိုင်းကြီးတွေ ပုတ်တော့ သဘော်က ဟိုလူးဒီလူးနဲ့ ခရီးသည်လေလှိုင်းမူးပြီးတော့ အော့အန်ကုန်တယ်။

သီဟိုဠ်(သီရိလင်္ကာ)က ပြန်လာတော့ သဘော်ခပ်ကြီးကြီးနဲ့ ပြန်လာတယ်။ လှိုင်းဘယ်လောက်ပုတ်ပုတ် သဘော်က လှုပ်ရုံသာလှုပ်တယ်။ အဲဒီတော့ လှိုင်းမမူးတော့ဘူး။

ယောဂီတို့ ဝိပဿနာရှုမှတ်တဲ့အခါ အစကနဦးမှာတော့ လှေငယ်၊ သဘော်ငယ်နဲ့ ခရီးသွားရသလိုပဲ။ လှိုင်းလေတွေရဲ့ ရိုက်ပုတ်မှုဒဏ်ကို အလူးအလိမ့် ခံကြရတယ်။

သဘော် လူးလိမ့်တဲ့အခါမှာ အလိုက်သင့် ယိမ်းနွဲ့ပြီး သည်းညည်းခံသွားရင် မကြာမီ ကျင့်သားရလာပြီး မမူးတော့ဘူး။ လှိုင်းပုတ်တာကိုလဲ ဂရုမစိုက်တော့ဘူး။ ကြောင့်ကြမှုကင်းကင်းရှင်းရှင်းနဲ့ ခရီးသွားဝံ့တယ်။

ထို့အတူပဲ ဝိပဿနာရှုမှတ်လို့ ညောင်းညာ ကိုက်ခဲလာတာကို သည်းညည်းခံနိုင်ရင် မကြာမီ သဘော်ငယ်ငယ်က သဘော်ကြီးကြီး ဖြစ်လာပြီး လှိုင်းလေ ဘယ်လောက်ပဲ ရိုက်ပုတ်ရိုက်ပုတ် ဂရုမစိုက်တော့ဘူး။ တည်တည်ငြိမ်ငြိမ်နဲ့ သမုဒ္ဒရာလေးစင်းကို ဖြတ်ကျော်နိုင်တော့တယ်။

ဝိပဿနာ ရှုမှတ်ရာမှာ ခန္တီလက်နက်၊ ဖွဲလက်နက်နဲ့ သဘော်ကြီးကြီး ဖြစ်လာအောင် တည်ဆောက်ပြီးတော့ အာသဝေါတရား လေးပါးဆိုတဲ့ သမုဒ္ဒရာလေးစင်းကို ဖြတ်ကျော်နိုင်အောင် ခုတ်မောင်းသွားရမယ်။ အာသဝေါတရားတွေကို လွန်မြောက်တာနဲ့ နိဗ္ဗာန်ချမ်းသာဆီကို ဆိုက်ရောက်တော့တာပဲ။

## မုန့်လေပွေ မီးကင်သလို မလုပ်နဲ့

ရွာဘုရားပွဲတွေမှာ မုန့်လေပွေ မီးကင်ရောင်းတာ တွေ့ဖူးကြတယ်မဟုတ်လား။ ဘယ်လိုကင်သလဲ၊ မုန့်ကို ဝါးချောင်းကလေး နှစ်ချောင်းညှပ်ပြီး ဟိုဘက်လှည့်လိုက်၊ဒီဘက်လှည့်လိုက် လုပ်ပေးရတယ်လေ။

တချို့ယောဂီတွေ တရားထိုင်တာ တင်ပါးတစ်ဖက် နာကျင်ကိုက်ခဲလာရင် နောက် တင်ပါးတစ်ဖက်နဲ့ လှည့်ထိုင်လိုက်တယ်။ တော်ကြာ အဲဒီဘက် နာကျင်လာတော့ နောက်တစ်ဖက် လှည့်ပြန်ရော။ ဟိုဘက်လှည့်လိုက်၊ ဒီဘက်လှည့်လိုက်နဲ့ မုန့်လေပွေ မီးကင်သလို လုပ်နေကြတာ ဘုန်းကြီးမြင်ပါတယ်။

လှည့်တဲ့အခိုက် ရက်မှာစိုးလို့ ဘုန်းကြီး မပြောဘူး။ ခုမှပြောပြတာ။ ခဏခဏ လှည့်နေရင် သမာဓိ မဖြစ်ဘူးကွယ့်။ သမာဓိ မဖြစ်ရင် ရုပ်နာမ်တို့ရဲ့ အမှန်သဘောကို မမြင် မသိနိုင်ဘူး။ တရားရှုမှတ်တာ သည်းခံပြီး ရှုမှတ်ကြ။ မုန့်လေပွေ မီးကင်သလို ဟိုဘက်ဒီဘက် ခဏခဏ မလှည့်ကြပါနဲ့နော်။

## တရားမှောင်မခိုကြနဲ့

တချို့က ပစ္စည်းသာ မှောင်ခိုတာ မဟုတ်ဘူး၊ တရားပါ မှောင်ခိုကြတယ်ကွယ့်။ ဘယ်လို ခိုသလဲဆိုရင် တရားထိုင်မှတ်နေတုန်း ခြေထောက် ထုံကျဉ်လာရင် ခြေထောက်ကို ကြွကြွပေးတယ်။ နာကျင်လာရင် မသိမသာ ကိုယ်စောင်းငဲ့ပေး ကြွပေးတယ်။

မတ်တတ်ရပ်ပြီး ရှုမှတ်တဲ့အခါမှာလဲ ခြေဖဝါး ပူစပ်နာကျင်လာတဲ့အခါ ခြေဖျားထောက်လိုက်၊ ကိုယ်အလေးချိန်ကို ဟိုဘက်ခြေထောက်ပေါ် ပြောင်းလိုက်၊ ဒီဘက်ခြေထောက်ပေါ် ပြောင်းလိုက် လုပ်တတ်ကြတယ်ကွယ့်။ အဲဒါ တရားမှောင်ခိုတယ်ခေါ်တယ်။

အရပ်ထဲမှာတော့ ပစ္စည်း မှောင်ခိုရင် ဈေးတက်တတ်တယ်။ ရိပ်သာထဲမှာတော့ တရားမှောင်ခိုရင် နီဝရဏတွေပဲတက်မယ်။ တရားမတက်ဘူးကွယ့်။ ဒါကြောင့် တရားမှောင်မခိုကြပါနဲ့။

## စကားဝင်တော့
## တရားမှောက်

ရေလမ်းခရီး သွားတဲ့အခါ လှေဝမ်းမလုံလို့ ရေဝင်လာရင် ဘာဖြစ်သလဲ ယောဂီတို့၊ လှေနစ်တယ်မဟုတ်လား။ အဲသလိုပဲ တရားရှုမှတ်တဲ့အခါ စကားနည်းနည်းပြောတဲ့လူဟာ လှေထဲကို ရေနည်းနည်းဝင်တာနဲ့တူတယ်။



www.burmeseclassic.com

www.burmeseclassic.com

စကားများများ ပြောတဲ့လူဟာ ရေများများ ဝင်တာနဲ့တူတယ်။ ရေများများဝင်တော့ လှေမှောက် သလို စကားများများဝင်တော့ တရားမှောက်တယ် ယောဂီတို့။

**ပင်လယ်ထဲမှာ လှေနစ်လို့ ကယ်သူ မတွေ့ရင် ဒီတစ်ဘဝ သေမယ်။ သာသနာနဲ့ ကြုံတောင် ကြုံခဲ ကြုံရတဲ့ အချိန်မှာ ဝိပဿနာ ရှုမှတ် ဖြစ်တယ်ဆိုတာ အင်မတန် ရတောင့်ရခဲ ဒုလ္လဘတရားပဲ။**


**ဘဝပေါင်း တစ်သိန်းတစ်သန်း ကြာလို့မှ ဒီလိုအခွင့်အရေးမျိုး တစ်ခါ ကြုံရတာ မဟုတ်ဘူး။ ဒီတစ်ခါမှာမှ တရားမမှတ်ရင် ဘဝပေါင်းများစွာ ဆက်ပြီး သေရတာနဲ့ အတူတူပဲ။**

## အသိဉာဏ် ထောင်ကျနေကြတယ်

မြတ်စွာဘုရားက နခသိခ သုတ်တော်မှာ "လူတွေ သေလွန်တဲ့ အခါ ကောင်းရာသုဂတိ ရောက်ကြတဲ့ အရေအတွက်က လက်သည်းခွံပေါ်က မြေမှုန့် အရေအတွက်လောက်ရှိရင် အပါယ်ဒုဂ္ဂတိဘုံများကို ရောက်ကြတဲ့ အရေအတွက်က ကမ္ဘာမြေအထုမှာ ရှိတဲ့ မြေမှုန့်အရေအတွက်လောက် ရှိတယ်"လို့ ဟောတော်မူတယ်။

အခုအခါမှာ ဘုရားသာသနာနဲ့ ကြုံနေရတဲ့အပြင် ဘုရားအမွေအစစ် ဖြစ်တဲ့ ဝိပဿနာတရားကျင့်စဉ်ကို ညွှန်ပြဖြန့်ဝေနေတဲ့ ကမ္မဋ္ဌာနာစရိယ ဆရာတော်တွေလဲ ရှိနေပြီဖြစ်လို့ တရား အားထုတ်ဖို့ အမြဲ တိုက်တွန်း ပါတယ်။

ငါးကြီးကြီး လိုချင်ရင် ငါးသေးသေး ကို ငါးစာအဖြစ် စွန့်ပါ။ အကျိုးကြီးကြီး လိုချင်ရင် အကျိုးသေးသေးကို စွန့်ပါ။ တစ်သံသရာလုံး အကျိုးကျေးဇူး ကြီးမားပြီး အတုမရှိတဲ့ နိဗ္ဗာန်ချမ်းသာ



စကြိုကျောင်း မျက်နှာစာကမ္ပည်း

ကို ရယူလိုရင် ဝိပဿနာတရားကို အားထုတ်ကြပါ။

တိုက်တွန်းပေမယ့် လူအများစုက အသိဉာဏ် ထောင်ကျနေကြတယ်။ မိမိတို့ စွဲယူထားတဲ့ လောကီအသိ အမြင်တွေကို မစွန့်နိုင်ကြဘူး။ တချို့ ဆရာပြတဲ့ တရားကျင့်စဉ်ကို တိတိ ကျကျ မလိုက်နာဘဲ ရှေးက ကျင့်ကြံ ဖူးတဲ့အတိုင်း ကျင့်ကြံနေကြတယ်။ ဒီလူတွေလဲ အသိဉာဏ် ထောင်ကျနေ ကြတဲ့ လူတွေပါပဲ။

## ရေကန်ထဲ ကွန်ပစ်သလို ရှုမှတ်ပါ

ယောဂီတို့... ရေကန်ထဲက ငါးကို ကွန်ပစ်ပြီး ဖမ်းယူတဲ့အခါ ပထမ ငါးငယ်တွေ ခပ်များများ ဖမ်းမိတယ်။ နောက် အလယ်အလတ် ငါးတွေ ခပ်များများ ဖမ်းမိတယ်။ သိပ်ကြီးတဲ့ ငါးရံ့၊ ငါးခူကြီးတွေကျတော့ ရေကန် အောက်ခြေ ရွှံ့မြေ၊ နုန်းမြေထဲမှာ ဝင်ပုန်းအောင်းနေကြတယ်။ သူတို့ကို မှုန်နောက်ပြီး ရေပေါ်တက်လာ အောင် မွှေနှောက်ပြီးမှ ဖမ်းလို့ ရတယ်။

ဝိပဿနာ ရှုမှတ်တဲ့အခါမှာ လဲ ပထမ အပေါ်ယံ ဝေဒနာ အသေးစားကလေးတွေပေါ်တယ်၊ ဒီနောက် နည်းနည်းအတွင်းကျတဲ့ အသားအရေထဲက ဝေဒနာ အလတ်စားကလေးတွေပေါ်တယ်၊ ဒီနောက် အရိုးနဲ့ ရိုးတွင်းခြင်ဆီ တွေထဲက ဝေဒနာ အကြီးစား တွေ ပေါ်လာတယ်။

အဲဒီလို ပေါ်လာတဲ့အထိ ပေါ် လာသမျှ ဝေဒနာတွေကို ကျော် လွန်နိုင်အောင် ရှုမှတ်ရမယ်။ ဖွဲ့နဲ့ စူးစူးစိုက်စိုက် ရှုမှတ်ပေးရင် ဝေဒနာကို အနေးနဲ့အမြန် နိုင်လာ မယ်။ ဝေဒနာကိုနိုင်ရင် ပထမအဆင့် အောင်ပွဲရပြီလေ။

## ပင့်ကူ ပိုးကောင်ဖမ်းသလို

ယောဂီတို့... ဝိပဿနာရှုမှတ်တဲ့ အခါ ပင့်ကူထုံးကိုလဲ နှလုံးမူသင့်တယ်။ ပင့်ကူဟာ စေးကပ်တဲ့ အမျှင်နဲ့ အိမ်ဖွဲ့ ပြီးတဲ့အခါ အိမ်အလယ်မှာ စောင့်နေ တယ်။ အိမ်တစ်နေရာမှာ ပိုးကောင် လာငြိတွယ်နေရင် ချက်ချင်းသွားပြီး ဖမ်းစားလိုက်တယ်။

ပြီးတော့ အိမ်အလယ်မှာ စောင့်နေ ပြန်တယ်။ နောက်ထပ်တစ်ကောင် တွယ်ငြိလာရင် ချက်ချင်းသွားပြီး ဖမ်း စား၊ အိမ်လယ်မှာ ပြန်စောင့်ပြန်တယ်။ သူ အစာဝတဲ့အခါကျတော့ ပိုးကောင် မိရင်လဲ မဖမ်းစားတော့ဘဲ လျစ်လျူရှု နေလိုက်တယ်။

ယောဂီတို့လဲ တရားရှုမှတ်ဖို့ ပရိကံ လုပ်ပြီးတဲ့အခါ ဖောင်းတယ်၊ ပိန်တယ် ဆိုတဲ့ ချည်တိုင်မှာ အသိစိတ်ကိုသတိ



www.burmeseclassic.com

www.burmeseclassic.com

နဲ့ ကပ်ထားရမယ်။ ခန္ဓာကိုယ်တစ်နေရာမှာ ဝေဒနာပေါ်လာရင် ဝေဒနာဆီကို အာရုံပြောင်းရွှေ့ပြီး မှတ်ရမယ်။ ဝေဒနာ ပျောက်သွားတော့ မူလချည့်တိုင်မှာ သတိပြန်ကပ်ထားရမယ်။

အဲသလို ဝေဒနာ ပေါ်လာတိုင်း ဝေဒနာဆီကို အာရုံပြောင်းရွှေ့ပြီး စူးစူးစိုက်စိုက် ရှုမှတ်ပါ။ ဝေဒနာ ကွယ်ပျောက်တဲ့အခါ ဖောင်းပိန်ချည်တိုင်ဆီပဲ ပြန်လာပါ။ တဖြည်းဖြည်းနဲ့ သမာဓိ ကောင်းစွာတည်လာတဲ့အခါ ဝေဒနာအသေးအမွှား အလတ်စားတွေ ပေါ်လာတာ မသိတော့ဘူး။ ချည်တိုင်မှာပဲ စိတ်စူးစိုက်ပြီး ရှုမှတ်နေနိုင်တော့တယ်။


## ငါးမိနစ်သာမှတ်ပါ

ယောဂီတို့ ဝေဒနာကို မနိုင်သေးတဲ့အခါမှာ ထုံကျဉ် ညောင်းညာ နာကျင်ကိုက်ခဲတဲ့ ဝေဒနာတစ်မျိုးမျိုး ပေါ်လာရင် ဣရိယာပုတ်ကို ပြောင်းချင်တယ်။ အဲသလို ပြောင်းချင်လာတယ်ဆိုရင် ချက်ချင်း မပြောင်းလိုက်ပါနဲ့။

ဣရိယာပုတ်ကို ခဏခဏ ပြောင်းနေရင် သမာဓိ ထူထောင်ဖို့ ကြန့်ကြာသွားလိမ့်မယ်။ ဒါကြောင့် ပြောင်းချင်တဲ့စိတ်ကို အာရုံပြုပြီး "ပြောင်းချင်တယ်၊ ပြောင်းချင်တယ်"လို့မှတ်ပါ။ ငါးမိနစ်သာမှတ်ပါ။ စိတ်အေးအေးထားပြီးတော့သာ မှတ်ပါ။

ငါးမိနစ်မှတ်ပြီးလို့ ဣရိယာပုတ်ကို ပြောင်းချင်တဲ့စိတ် ဖြစ်နေသေးရင် "ပြောင်းချင်တယ် ပြောင်းချင်တယ်" လို့ ငါးမိနစ် ထပ်မှတ်ပါ။ ငါးမိနစ်ပြည့်သွားပြန်ပြီ။ နောက်ထပ် ငါးမိနစ် ဆက်မှတ်နိုင်ရင် ကြိုးစားမှတ်ကြည့်ပါဦး။

ဒီလို မှတ်နေရင်းနဲ့ ဣရိယာပုတ်



စကြီကျောင်း ဆောမြင်ကွင်း

ပြောင်းချင်တဲ့စိတ် ပျောက်သွားနိုင်တယ်။ မပျောက်သေးရင်လဲ မူလမှတ်နေကျ "ဖောင်းတယ်၊ ပိန်တယ်"။ ဒါမှမဟုတ် "ထိုင်တယ်၊ ထိတယ်" စတဲ့ အာရုံကို ဆက်မှတ်ပေ့ါ။

ယောဂီတို့ ပြောင်းချင်လာတဲ့အခါတိုင်း အဲသလို ငါးမိနစ်ပြီး ငါးမိနစ် အချိန်ဆိုင်းဆိုင်းပြီး ပြောင်းချင်တဲ့စိတ်ကို ရှုမှတ်ပါ။ တရားရှုမှတ်တာကို ရပ်ချင်တယ်ဆိုရင်လဲ "ရပ်ချင်တယ်၊ ရပ်ချင်တယ်"လို့ ငါးမိနစ်ကြာအောင် မှတ်ပါ။

ပြီးရင် နောက်ထပ်ငါးမိနစ်စီ တိုး,တိုးပြီး မှတ်သွားပါ။ ရပ်ချင်တဲ့စိတ် ပြေပျောက်သွားရင် မူလချည်တိုင်အာရုံကို အေးအေးဆေးဆေး ဆက်ပြီး ရှုမှတ်ပေ့ါ။

ဝေဒနာကို သည်းခံနိုင်မှ နိဗ္ဗာန်ရမယ်။ သည်းခံနိုင်ရင် အားမလျှော့နဲ့၊ ဆက်မှတ်ပါ။ ပြောင်းချင်စိတ်လဲ မရှိ၊ ဝေဒနာလဲ မရှိဘူးဆိုရင် တော်စရာ၊ ရပ်စရာ မလိုတော့ဘူး။ သူ့သဘောအတိုင်း သူသယ်ဆောင်သွားလိမ့်မယ်။ တစ်နေ့ ကြာချင်ကြာမယ်။ တစ်ရက်ကြာချင်ကြာမယ်။

အဲဒီအခါမှာ မတွေ့ဘူးတဲ့ တရားတွေ တွေ့မယ်။ မမြင်ဘူးတဲ့ တရားမြင်ရတယ်။ မသိဘူးတဲ့တရား သိရမယ်။ တစ်သိတည်းသိ၊ တစ်မြင်တည်းမြင်၊ တစ်လင်းတည်းလင်း၊ တစ်ရှင်းတည်းရှင်း၊ တစ်ဝင်တည်းဝင်၊ တစ်ကြည်တည်းကြည် အမြိုက်သုခဆေးရည်နဲ့ ဆွတ်ဖျန်းထားသလို ငြိမ်းချမ်းနေလိမ့်မယ်။

## ဘဝကူးကောင်းဖို့ သေချာပြီ

ယောဂီတို့ ဒီရိပ်သာမှာ မိမိကြိုက်တဲ့ ဣရိယာပုတ်နဲ့ မိမိ ရှုမှတ်နိုင်သလောက် ရှုမှတ်ဖို့ ဘုန်းကြီးခွင့်ပြုထားတယ်။ အချိန်ကန့်သတ်ချက် မထားဘူး။ မိမိ ဆက်မှတ်နိုင်သေး တယ်ဆိုရင် မတော်လိုက်နဲ့၊ ဆက်မှတ်ပါ။ တရားက ခေါ်နေလျက်နဲ့ မိမိက လိုက်မသွားရင် အခါအခွင့်တစ်ခု ဆုံးရှုံးမယ်။

ဘုန်းကြီး သတိပေးချင်တာက တရားဆိုတာ သူခေါ်မှ လိုက်သွား ရတာ။ သူမခေါ်ရင် လိုက်သွားလို့မ ဘူး။ မနေ့က ငါးနာရီပေါ်အောင် တစ်ဆက်တည်း ရှုမှတ်နိုင်ပေမယ့် ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com

ငါးနာရီပေါက်အောင် ရှုမှတ်နိုင်ချင်မှနိုင်မယ်။ ရှုမှတ်လိုတဲ့ စိတ်မရှိဘဲ အတင်းဖွတ်မိုတ်ပြီး ရှုမှတ်ဖို့ ဘုန်းကြီး မတိုက်တွန်းလိုဘူး။

တရားမှတ်တာ သဘာဝကျကျ မှတ်ရမယ်။ အတင်းလုပ်ယူတာမျိုး မဖြစ်သင့်ဘူး။ အဲ တရားကခေါ်နေပြီဆိုရင် နောက်မတွန့်နဲ့။ မိုးချုပ်သန်းခေါင် ရောက်နေပါစေ၊ အချိန်ကို ဂရုမစိုက်နဲ့၊ မိုးလင်းသွားရင်လဲ အရေးမကြီးဘူး။

နောက်တစ်နေ့ ကူးသွားပြီး ထမင်းစားချိန်ရောက်လို့လဲ မတော်နဲ့။ တရားဆက်မှတ်နိုင်သလောက် အဆုံးထိ လိုက်သွားပါ။

အဲသလို တစ်ကြိမ်လိုက်သွားနိုင်ရင် သိပ်အကျိုးကျေးဇူးများတယ်။ (၁၂) နာရီပေါက်၊ ဒါမှမဟုတ် (၂၄)နာရီပေါက်အောင် တစ်ခါ ရှုမှတ်ဖူးရင် ဣရိယာပုတ် ရှည်ရှည်ရှုမှတ်နည်း သိသွားပြီလေ။ နောက် အလျဉ်းသင့်ရင် ထပ်ရှုမှတ်နိုင်တာပေါ့။

ဣရိယာပုတ် ရှည်ရှည်သွားတဲ့အခါ ဝေဒနာ အဆင့်ဆင့်ကို ကျော်လွှားသွားရတယ်ကွယ့်။ ဉပမာ တစ်နာရီ ရှုမှတ်နေကျ ယောဂီဟာ တစ်နာရီအတွင်း ပေါ်လာတဲ့ ဝေဒနာတွေကို သူကောင်းကောင်း ခံနိုင်နေတယ်။

အချိန်နှစ်နာရီထိ တိုးပြီး မှတ်ရတဲ့အခါ ဝေဒနာအသစ်တွေ ပေါ်လာလိမ့်မယ်။ ဒီဝေဒနာအသစ်တွေကို ကျော်လွှားနိုင်မှ နှစ်နာရီပေါက်အောင် ရှုမှတ်နိုင်မယ်။

အလားတူပဲ သုံးနာရီကြာ,လေးနာရီကြာ ရှုမှတ်တဲ့အခါ ပိုပြီးပြင်းထန်တဲ့ ဝေဒနာအသစ်တွေ ပေါ်လာတတ်တယ်။ ဒီဝေဒနာတွေကို ကျော်လွှားသွားနိုင်မှ သုံးနာရီပေါက်၊ လေးနာရီပေါက် ရှုမှတ်သွားနိုင်တာ။

ဒါကြောင့် (၂၄)နာရီပေါက်အောင် ရှုမှတ်နိုင်သူဟာ ဝေဒနာမျိုးစုံလောက် သူနိုင်ထားပြီ။ လောကကြီးထဲ ခရီးနှင်တဲ့အခါ လောကဓံလှိုင်းဂယက် ပြင်းပြင်းထန်ထန် တိုက်ခတ်လာရင်ပဲ ဖြစ်ဖြစ်၊ သေရာညောင်စောင်းမှာ လဲလျောင်းနေတဲ့ အခါပဲဖြစ်ဖြစ် အလွန်ဆိုးဝါးတဲ့ ဝေဒနာတွေနဲ့ ရင်ဆိုင်ရရင်လဲ သူ မကြောက်တော့ဘူး။ မတုန်လှုပ်တော့ဘူး။ တည်တည်ငြိမ်ငြိမ်နဲ့ ခံနိုင်စွမ်း ရှိသွားပြီလေ။ သိပ်အဖိုးတန်တယ်။ ဘဝကူးကောင်းဖို့ သေချာသွားပြီ။

*　　*　　*

ဆရာတော်သည် ဤဩဝါဒကို ပျံလွန်တော်မူသည့်နေ့အထိ ဖူးမြော်လာသူတို့အား ပြုံးရွှင်စွာ ကြိုဆိုဆုံးမမှာကြားခြင်းဖြင့် သက်သေပြသွားတော်မူလေသည်။

## ယခုလက်ရှိ တော်ကူးဆရာတော်

တော်ကူးဆရာတော် ဦးနန္ဒိယ၏ တရားရှုမှတ်နည်းကို လေ့လာရှုမှတ်လိုသူတို့အတွက် ဆရာတော် ဦးနန္ဒိယ ပျံလွန်တော်မူသွားပြီဖြစ်၍ စိတ်ပျက်အားလျှော့စရာမလိုပါ။

ယခုလက်ရှိ တော်ကူးဆရာတော် ဦးနာဝိကသည်လည်း ဆရာတော်ကြီး၏ နည်းနာနိဿယများအတိုင်း ခရီးပေါက်မြောက်စေရန် ညွှန်ပြနိုင်သော ကမ္မဋ္ဌာနာစရိယ ဆရာတော်တစ်ပါး ဖြစ်သည်။

ဦးနန္ဒိယ ပျံလွန်တော်မူပြီးနောက် တော်ကူး သတိပဋ္ဌာန်ကျောင်းကို ဦးစာရိတ္တနှင့် ဦးကေတုမာလာတို့က လအနည်းငယ်စီ တာဝန်ခံကျောင်းထိုင်ဆရာတော်အဖြစ် ထမ်းဆောင်ခဲ့ကြပြီး ဦးနာဝိက,က စတုတ္ထမြောက် တော်ကူးဆရာတော်အဖြစ် တာဝန်ယူခဲ့သည်။

**ရှေ့လ ဆက်ဖတ်ပါရန်**

**ဘုန်းကျော်စွာ**
***(မြိုင်တက္ကသိုလ်)***

**စာရှုသူ သုတေသီနှင့် ဝါသနာရှင်များသို့. . .**

မိမိတို့ဒေသရှိ ဆရာတော်ကြီးများ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။

ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်မှတ်တမ်းတင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

***လေးစားစွာဖြင့်. . .***

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**

www.burmeseclassic.com

# တစ်နှစ်တာ သင့်ကံကြမ္မာ

ကျွန်ုပ် မဂ္ဂဇင်းများအတွက် စာရေးနေစဉ်ဖြစ်သည်။ ပျောက်နေသည်မှာ ကြာပြီဖြစ်သော မအူပင်(ခေါ်) ဇော်ဇော်ဝင်း ရောက်လာခဲ့ပါသည်။

တစ်ယောက်တည်း မဟုတ်။ ဇနီးဖြစ်သူပါ ပါလာခြင်းဖြစ်သည်။

ဆိုင်ကယ်စီးကာ ကျွန်ုပ် ထိုင်နေသော မိုးပုလဲ လက်ဖက်ရည်ဆိုင်ကို ရောက်လာခြင်း ဖြစ်တော့သည်။

အသားက ဖြူလာသည်။ ဗိုက်က စူထွက်လာ၏။ သူတို့စီးပွားရေး အခြေအနေကို သူတို့ပုံပန်းသဏ္ဌာန်နှင့် ဝတ်စားဆင်ယင်မှုက အတိအလင်း ဖော်ပြနေခဲ့သည်။

မည်သို့ဖြစ်စေ ဤသို့ မြင်ရသည်ကို ကျွန်ုပ် ဝမ်းသာပါသည်။

ကျွန်ုပ်က မအူပင်၏ ပုံပန်းသဏ္ဌာန်ကို ကြည့်ကာ ရယ်မောရင်း ပြောလိုက်သည်။


သူတို့လင်မယားက ကျွန်ုပ်ရှေ့တွင် ဝင်ထိုင်ကာ ကျွန်ုပ်အတွက်ပါ မှာလိုက်သည်။

'ဆရာ မိုး ဒီနှစ်ကောင်းမကောင်း၊ ထီပေါက်မပေါက်၊ ရာထူးတိုးမတိုး ဟီး...ပြီးတော့ အိမ်ထောင်ကျမကျ တွက်ပေးစမ်းပါ။ အား...ရှိ...ရှိ...'

အာရှိရှိအသံမှာ အနီးကပ်ထိုင်နေသော မအူပင်မိန်းမက လှမ်းဆိတ်လိုက်၍ ပေါ်ထွက်လာသော နောက်ဆက်တွဲ အာမေဋိတ်သံဖြစ်တော့သည်။

ဗေဒင်ပညာကား တစ်ထိုင်တည်း ထိုင်တွက်ရုံနှင့် မလုံလောက်ပါ။ စစ်သားစကားနှင့်ဆိုလျှင် ချွေးထွက်များမှ သွေးထွက်နည်းမည်ဖြစ်သည်။

ဆိုလိုသည်မှာ နည်းများစွာကို စိတ်ရှည်ရှည်ထားတွက်ပါမှ မှန်ကန်သောအဖြေ ထွက်နိုင်ကြောင်း ဆိုလိုရင်း ဖြစ်ပါသည်။



ကျွန်ုပ်၌ စုဆောင်းထားသော သက်ရောက်ဟောကိန်းများ များစွာ ရှိပါသည်။

ထိုနည်းများစွာထဲမှ အလွယ်ဆုံးနည်းကို ထုတ်နုတ်ကာ မအူပင်ကို တွက်ပေးလိုက်ရပါတော့သည်။

**တွက်နည်း**

ရောက်ဆဲ ကောဇာသက္ကရာဇ်တည်၊ မွေးနံနှင့်ပေါင်း၊ (၈)နှင့်မြှောက်၊ (၁၂)နှင့်စား။

အကြွင်းများ၏ ဟောကိန်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

**(၁)ကြွင်းလျှင်** ဥယျာဉ်ခြံဝင်မည်။ စုတ်လာဘ်ဝင်မည်။

**(၂)ကြွင်းလျှင်** စိုက်ပျိုးရေး အကျိုးပေးမည်။

**(၃)ကြွင်းလျှင်** ရည်မှန်းချက်အောင်မြင်မည်။ အကြီးအကဲ ဖြစ်မည်။

**(၄)ကြွင်းလျှင်** ဆင်းရဲဒုက္ခ များတတ်သည်။ အခက်အခဲ အမျိုးမျိုး ကြုံရတတ်သည်။

**(၅)ကြွင်းလျှင်** ကူးသန်းရောင်းဝယ် အကျိုးပေး၏။

**(၆)ကြွင်းလျှင်** ရာထူးတိုးမည်။ မင်းစိုးရာဇာ မစမည်။

**(၇)ကြွင်းလျှင်** လူပျိုကြီး အပျိုကြီး စွံမည်။ အိမ်ထောင်သည်များ အိမ်ထောင်ဖက် စိတ်မချရ။

**(၈)ကြွင်းလျှင်** ဂုဏ်သတင်း ကျော်ကြားမည်။ မင်းစိုးရာဇာ ချမ်းသာသူများထံမှ အကူအညီရမည်။

**(၉)ကြွင်းလျှင်** ယှဉ်ပြိုင်လုပ်ငန်းများ အောင်မြင်မည်။ ရာထူးတိုးမြှင့်ခံရမည်။

**(၁၀)ကြွင်းလျှင်** စီးပွားရေးကောင်း၊ ထီပေါက်တတ်သည်။

**(၁၁)ကြွင်းလျှင်** ချမ်းသာကြွယ်ဝ ဝင်ငွေများမည်။

**(၁၂, ၀)ကြွင်းလျှင်** ပညာထူးချွန် စာမေးပွဲအောင်မည်။ ဆရာသမားများ ချီးမြှင့်ခံရမည်။

မအူပင်ကို တွက်ကြည့်ရာတွင် (၇)ကြွင်း၍ မအူပင်၏ဇနီးက မျက်စောင်းခဲကာ အတိအလင်းပင် ကြေညာလိုက်ပါတော့သည်။

'ဒီနေ့ကစပြီး ရှင့်အရိပ်လို ကျွန်မ အမြဲ ရှင်သွားရာနောက် လိုက်တော့မယ်'

တဲ့။ ဘေးခုံများမှ ရယ်သံများကို ကြားလိုက်ရပါတော့သည်။

ကျော်မိုးလွင်(ဝါးခယ်မ)

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလအတွက်
ဓာတ်ကြီးငါးပါးစိုးမိုးမှုနှင့် အောင်ဘာလေ



# ထီ ဆုငွေ

ဤလတွင် ဖွင့်လှစ်မည့် ထီဆုငွေများနှင့် ပတ်သက်၍ ကံထူးကံကောင်းကြစေရန် ၅၊ ၄၊ ၉၊ ၀ ဂဏန်းခြေများကို **ဆ၊ ည၊ န၊ ဝ** အက္ခရာတို့ဖြင့် တွဲဖက် ကံစမ်းနိုင်ကြသည်။

ဤဂဏန်းခြေများ လုံးတူ၊ လုံးထပ်ပါဝင်သော ထီလက်မှတ်များကို ရွေးချယ်နိုင်လျှင် ပို၍ ကောင်းမွန်ပါလိမ့်မည်။

မိမိတို့မွေးနှစ်အရ ကံအခွင့်အလမ်းများကို အောက်ပါအတိုင်း ရှာဖွေအသုံးချနိုင်၏။

* * *

**ဥပမာ ။ ။** မြင်းနှစ်ဖွားဖြစ်လျှင် ရွှေဝါရောင် လက်ကိုင်အိတ်ကို အဆောင်ပြုကာ အနောက်အရပ်ရှိ ထီလက်မှတ်အရောင်းဌာနသို့ သောကြာနေ့တွင် သွားရောက်ကံစမ်းနိုင်သည်။

(၇)ခုမြောက် ထီလက်မှတ်ကို ရွေးသင့်သည်။ စပ်တူထိုးလိုလျှင် ကြာသပတေးသားသမီးနှင့် အတူ ကံစမ်းပါ။

ဤနည်းအတိုင်းပင် အခြားနှစ်ဖွားတို့သည် မိမိတို့အတွက် ကံပွင့်အရောင်၊ ကံပွင့်ဂဏန်း၊ ကံပွင့်အရပ်၊ နေ့ကောင်းနေ့မြတ်တို့ ရွေးချယ်နိုင်သည်။

ဆိုင်တည်ရာ **ဌာနဗလအင်အားကို**

| မွေးနှစ် | လာဘ်ပွင့်အရောင် | ကံပွင့်ဂဏန်း | ကံပွင့်အရပ် | စပ်တူထိုးလျှင် | ကံပွင့်နေ့ |
|---|---|---|---|---|---|
| ကြွက် | အညို | ၈ | အရှေ့မြောက် | တနင်္ဂနွေသားသမီး | စနေနေ့ |
| နွား၊ ကျား | အဖြူ | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| ယုန် | အပြာ | ၁ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| နဂါး၊ မြွေ | မြေဝါ | ၂ | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |
| မြင်း | ရွှေဝါ | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| ဆိတ်၊ မျောက် | အနီ | ၉ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| ကြက် | အစိမ်းရင့် | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| ခွေး၊ ဝက် | အစိမ်းနု | ၃ | အရှေ့ | သောကြာသားသမီး | ကြာသပတေးနေ့ |

**အမှီပြု ကံစမ်းလိုပါလျှင်...**

ပန်းခြံ၊ အားကစားကွင်း၊ ဘောလုံးကွင်း၊ မြေညီမြေပြန့်လွင်ပြင်ကျယ်၊ တောင်ကုန်းမို့မို့ စသည့် နေရာများ၌ ရောင်းသော ထီဆိုင်၊ တည်ဆောက်လက်စအဆောက်အအုံ၊ ဓာတုဗေဒပစ္စည်းများ အရောင်းဆိုင်၊ ကျောက်မျက်ရတနာအရောင်းဆိုင်၊ အုတ် ,သဲ, သံ,ကျောက်,ဘိလပ်မြေ စသည့် ဆောက်လုပ်ရေးပစ္စည်း အရောင်းဆိုင်၊ ကြွေထည်မြေထည်၊ စဉ့်ထည်ပစ္စည်း အရောင်းဆိုင်များအနီး ဖွင့်လှစ်ရောင်းချသော ထီဆိုင်တို့တွင် ကံစမ်းနိုင်ကြသည်။

**ဆိုင်မျက်နှာစာတွင်** ရေကန်၊ ငါးကန်၊ ငါးအလှပုံကားချပ်များ၊ တောင်မြင့်များ ရှုခင်းပုံ၊ လွင်ပြင်ကျယ် ရှုခင်းပုံတို့ ချိတ်ဆွဲတန်ဆာ ဆင်ထားပါက ထီကံထူးစေပါလိမ့်မည်။

**ထီကံမြှင့်ယတြာ ပြုလိုပါက** ကြွေပန်းကန်တစ်ချပ်တွင် ကောက်ညှင်းဖြင့် ပြုလုပ်သော ပေါက်ပေါက်ဆုပ်များထည့်ကာ မြို့လယ်၊ ရပ်ကွက်အလယ်၌ ကိန်းဝပ်တော်မူသော ရုပ်ပွားစေတီတစ်ဆူတွင် ကပ်လှူကာ သမ္မာဒေဝများထံ လိုရာဆုတောင်းပါ။

***ဝှယောင်း ဓာတ်ကြီးငါးပါး အကူအညီဖြင့် ထီဆုကြီးများ ဆွတ်ခူးနိုင်ကြပါစေ***

**ထက်မင်းကျော်စွာ**

www.burmeseclassic.com



# အာရုံကြောရောဂါနှင့် အစာအိမ်ရောဂါအတွက်

# မိုးဦးပန်း

အမှတ်တံဆိပ်

## ဆေးစွမ်းကောင်းနှစ်လက်



မှတ်ပုံတင်- TMR010978(0614)

''ကိုမင်းမြတ်မောင်နဲ့ ကိုဇော်ရဲနိုင်တို့ ဘယ်က လှည့်လာကြတာလဲ''

''စာပေအကြောင်းလည်း ဆွေးနွေးရင်း ကျွန်တော်တို့နှစ်ယောက် ခံစားနေရတဲ့ ဝေဒနာအတွက် တိုင်းရင်းဆေးသုတေသီဖြစ်တဲ့ ဆရာကိုယဉ်တင့်နဲ့ တိုင်ပင်ပြီး ဆေးဝါးကောင်း လမ်းညွှန်ပေးဖို့ပါ''

''ဆရာတို့နှစ်ယောက်က ဘယ်လိုဝေဒနာတွေ ခံစားနေရလို့လဲ''

ကိုမင်းမြတ်မောင်က 'အခုတလော ဇက်ကြောတွေထိုး... နောက်ကြောတွေ တက်ပြီး ခေါင်းတွေ မူးဝေပြီး... စိတ်ထဲ မကြည်မလင်ဖြစ်နေတယ်...သတိတွေလည်း မေ့လျော့တယ်...ခြေလက်တွေလည်း ထုံ ကျဉ်နေတယ်ဗျာ...'

ကိုဇော်ရဲနိုင်က 'ကျွန်တော်ကတော့ စားတဲ့အစာလည်း မကြေဘူး... ရင်ထဲတောင့် တင်းပြီး အောင့်လည်း အောင့်တယ်... လေချဉ်လည်း တက်ပြီး ဝမ်းလည်း မကြာခဏ ပျက်တယ်'

''ဆရာကိုမင်းမြတ်မောင်က အာရုံကြောရောဂါဖြစ်နေပြီး... ကိုဇော်ရဲနိုင်က အစာအိမ်ရောဂါစနေပြီလို့ ပြောရမှာပဲ''

''ဒါ ကျွန်တော်တို့ ဘာဆေးသောက်ရင် ကောင်းမယ်...ဆိုတာ ညွှန်ကြားပေးပါဦး''

''လွန်ခဲ့တဲ့ တစ်နှစ်က...ကျွန်တော်ကိုယ်တိုင် အဲဒီရောဂါနှစ်မျိုးစလုံး ခံစားနေရတာ... မြောက်ဥက္ကလာပမြို့နယ်က မိုးဦးပန်းဆေးတိုက်ကို ရောက်တော့... ဆရာ ဦးကံအေးနဲ့တွေ့ပြီး သူကိုယ်တိုင်ထုတ်တဲ့ အာရုံကြောဆေးနဲ့ အစာအိမ်ရောဂါဆေးကို သောက်ကြည့်စမ်းပါလို့ ပြောတာ... အဲဒီ ဆေးတွေကို သုံးစွဲခဲ့လို့... ဆီး.. ဝမ်း.. လေ မှန်ပြီး မှတ်ဉာဏ်တွေလည်းကောင်း... ကိုယ်လက်လည်း ပေါ့ပါးသွက်လက်နေတာ ဆရာတို့အမြင်ပဲ...''

''ဆရာ...ကိုယဉ်တင့်ပြောတဲ့ မိုးဦးပန်း ဆေးတိုက်က ထုတ်တဲ့ အာရုံကြောဆေးနဲ့ အစာအိမ်ဆေးသောက်မယ်ဗျာ... အဲဒီဆေးတွေ မသောက်မီ... ဆေးရဲ့ အာနိသင်တွေကို သိချင်ပါတယ်... ဆေးညွှန်းကို ပြောပြပါဦး''




''ဆေးအညွှန်းတွေကို မပြောမီ ... ဆေးထုတ်လုပ်တဲ့ ဆရာ ဦးကံအေး (မန္တလေးတိုင်းရင်းဆေး ဒီပလိုမာ - အမှတ်စဉ် ၁၂ ဆင်း)၊ ဆေးခန်းမှူးဘဝနဲ့... အင်ပူမြို့၊ မအူပင်မြို့၊ ကျိုက်လတ်မြို့၊ လှည်းကူးမြို့တွေက... အာရုံကြောရောဂါဝေဒနာရှင်တွေ... အစာအိမ်ရောဂါဝေဒနာရှင်တွေကို ကုသအောင်မြင်ခဲ့တဲ့ ဆေးမို့ ရောဂါဝေဒနာရှင်တွေ တောင်းဆိုချက်အရ ထုတ်လုပ်ဖြန့်ချိတဲ့ဆေးပဲ။ ကျွန်တော်သွားလေရာဆောင်တဲ့ဆေးမို့ အညွှန်းတွေလည်း ပါတယ်။ ကြားချင်ရင်... နားဆင်ကြပါ။ အာရုံကြောဆေးအညွှန်းကတော့... ခေါင်းအုံ၊ ခေါင်းကိုက်ခြင်း၊ ဇက်ကြောတက်... ဇက်ကြောထိုးခြင်း၊ မျက်ရိုးကိုက်... မျက်ကြောထိုးခြင်း၊ မေးရွဲ့ပါးရွဲ့ခြင်း၊ လျှာလေးအာလေးခြင်း၊ ခန္ဓာကိုယ်လေးလံထိုင်းမှိုင်းခြင်း၊ အကြွေးအဆန့် အထိုင်အထအားနည်းခြင်း၊ ခြေလက်များ ထုံကျဉ်ခြင်း၊ လေငန်းလေဖြတ်ခြင်း၊ နာတာရှည်ရောဂါခံစားနေရခြင်း၊ စိတ်မကြည်မလင်ဖြစ်ခြင်း၊ အာရုံကြောအားနည်းခြင်း၊ ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းနယ်ခြင်း၊ အိပ်မပျော်ခြင်း၊ မူးဝေခြင်း၊ သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါနှင့် ငှင်းရောဂါ နောက်ဆက်တွဲဆိုးကျိုးများအတွက် သင့်လျော်သော ဆေးဖြစ်ပါသည်...တဲ့။ အစာအိမ်ရောဂါသောက်ဆေးအညွှန်းကတော့... အစာမကြေခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ ရင်ထဲတောင့်တင်းနေခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အနာဖြစ်ခြင်း၊ ရောင်ခြင်း၊ အောင့်ခြင်း၊ လေချဉ်တက်ခြင်း၊ လေပူထခြင်း၊ လေနာရောဂါစွဲကပ်ခြင်း၊ မိမိနှင့် ဓာတ်မတည့်သော အစားအစာများ စားမိ၍ ခန္ဓာကိုယ် ယားယံခြင်း၊ အဖုအပိမ့်ထခြင်း၊ အစာအဆိပ်ဖြစ်၍ ဗိုက်နာခြင်း၊ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊ ဝမ်းဖောဝမ်းရောင်ဖြစ်ခြင်း၊ မကြာခဏ ဝမ်းပျက်ခြင်း၊ အစားအသောက် အမှားမခံခြင်း စသော အစာအိမ်နှင့် အူလမ်းကြောင်းရောဂါအတွက် သင့်လျော်သော ဆေးဖြစ်ပါသည်... တဲ့။ ဤဆေးသည် အစာအိမ်ဆေး၊ အစာကြေဆေး၊ အစာဖျက်ဆေး... အခြေကျော် ဆေး ၄ မည်ရ မဟာဆေးတော်ကြီးဖြစ်လျက် - စားသမျှကြေပြီး မှားသမျှဖြေတဲ့ ဆေးစွမ်းကောင်းတစ်လက်ပဲ...''

''တိုင်းရင်းဆေး သုတေသီဖြစ်တဲ့ ဆရာ ကိုယဉ်တင့်ကိုယ်တိုင် သုံးစွဲနေတဲ့ ဆေးစွမ်းကောင်းနှစ်လက်ဖြစ်တဲ့အတွက် ကျွန်တော်တို့ ယုံယုံကြည်ကြည် သုံးစွဲကြမယ်ဗျာ။ ဒါဖြင့် ဘယ်ဆိုင်တွေမှာ ဝယ်ယူရရှိနိုင်သလဲဆိုတာ လမ်းညွှန်ပါဦး''

''အမြို့မြို့ရှိ မြန်မာဆေးမျိုးစုံ ဆိုင်တိုင်းမှာ ဝယ်ယူရရှိနိုင်ကြောင်းပါ''

**မိုးဦးပန်း ဆေးတိုက်**

အမှတ် ၇၄၃၊ ဘုမ္မာ ၅ လမ်း၊

(ရှ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉၄၅၀၀၂၃၂၈၀



www.burmeseclassic.com

# စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ

၏ အောင်မြေနှင့် ပူဇော်ဂါထာတော်များ (၄)

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)



## ဝိဇ္ဇာမိုရ်စေတီတော်

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။** *[၃-ကြိမ်ရွတ်ဆိုပါ။]*

ဝရုဏာဟာရီ ကာရိတံ၊
အနေက ဝိဇ္ဇာ ထူပါရုံ။
နာနာဓာတုဟိ ဌပေတွာ၊
ဝန္ဒေယျန္တိ သုခါဝဟံ။

မြန်မာပြန်

**ဝရုဏာဟာရီ၊** ဝရုဏာဟာရီအမည်ရှိ ဝိဇ္ဇာမိုရ်သည်။

**ယံ အနေက ဝိဇ္ဇာ ထူပါရုံ၊** အကြင် ဝိဇ္ဇာမိုရ်စေတီတော်မြတ်ကြီးအား။

**နာနာဓာတုဟိ၊** အထူးထူးသော ဓာတ်တော် မွေတော်တို့ဖြင့်။

**ဌပေတွာ၊** ဌာပနာတော်မူ၍။

**ကာရိတံ၊** တည်ထားသမှု ကိုးကွယ်ခြင်း ပြုခဲ့လေပြီ။

**တံ၊** ထို ဝိဇ္ဇာမိုရ် စေတီတော်မြတ်ကြီးကို။

**သုခါဝဟံ၊** လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရရှိလိုပါသော။

**အဟံ၊** ''......''ဟု နာမ သမုတ်အကျွန်ုပ်သည်။

**[မှတ်ချက်။ ။''......''နေရာတွင် မိမိအမည် ထည့်ဆိုရန်]**


**ဝန္ဒေဝန္ဒာမိ၊** ရှိသေညွတ်ကျိုး သက်အုပ်မိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

ဘုရားတည်နှစ်

သက္ကရာဇ် ၆၃၈ ခုနှစ်။

ဘုရားဒါယကာ

ဝရုဏာဟာရီ ဝိဇ္ဇာမိုရ်နှင့် စိတ္တာရုံသီ



ဝိဇ္ဇာမိုရ်စေတီတော်အား ဆွမ်းဦးပုညရှင်ကုန်းတော်မှ မှုမြင်ရပုံ

မင်းသမီး။

တည်နေရာ

ဆွမ်းဦးပုညရှင် စေတီတော်၏ တောင်ဘက် ပေ(၁၀၀)ခန့် အကွာတွင် ရှိသော နတ်သားကျတောင်ခေါ် နတ်သားပုန်းတောင်ခေါ် ကုဋ္ဌာမယ တောင်ကုန်းထက်တွင် တည်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com




▲ ဝိဇ္ဇာဓိုရ်စေတီတော်အတွင်း
အာရုံခံအတွင်းမှ ရွှေစေတီတော်



▲ ဝိဇ္ဇာဓိုရ်စေတီတော် ဆံတော်တွင်း
အထက်မှ သိုက်ဝင်ဘုရားများပုံ

▼ ဝိဇ္ဇာဓိုရ်စေတီတော်မှ ဆံတော်တွင်း



ပွဲတော်ရက်

အတိအကျ သတ်မှတ်ထားခြင်း မရှိပါ။

အောင်မြေနေရာ

ဓာတ်တော်တွင်းနှင့် တည့်တည့် နေရာ ဖြစ်လေ၏။

အစောင့်အရှောက်

ကုဿာမယတောင် ဘိုးဘိုးကြီးနှင့် ပုပ္ပယက္ခမယ်တော်ကြီး ဖြစ်သည်။

ထူးခြားချက်

ဝိရုဏာဗာရီ ဝိဇ္ဇာဓိုရ်နှင့် စိတ္တရံသီ မင်းသမီးတို့ကား ဆွမ်းဦးပုညရှင် ဘုရားဒါယကာဖြစ်သော အမတ်ကြီးပုည၏ ခမည်းတော် မယ်တော်များ ဖြစ်လေ၏။


ဝိရုဏာဗာရီဝိဇ္ဇာဓိုရ်သည် မဟာမြိုင်တောကြီးသို့ ကြွရောက်ချိန်နီးသော ကြောင့် သားတော်လေး "မောင်ပုည" အား တောတောင်ဘီလူးများပင် ဆရာ






www.burmeseclassic.com

www.burmeseclassic.com



ဝိဇ္ဇာနိုင်စေတီ ဆံတော်တွင်း အတွင်းမှ ရှေးဟောင်းရုပ်ပွားတော်ကြီး

ဝိဇ္ဇာနိုင်စေတီတော်မှ ဝရဇာဝိဇ္ဇာနိုင်၏ ရှုမျှော်ကြည့်လေ့ရှိသော တောတောင်ဘီလူးချောင်အား မြင်တွေ့ရပုံ (မြှားပြထားပါသည်)



www.burmeseclassic.com

www.burmeseclassic.com



◆ ဝိဇ္ဇာမိုရ်စေတီမှ
ပုပ္ပသကျွမယ်တော်ကြီးပုံ



◆ ဝိဇ္ဇာမိုရ်စေတီ
ကုန်းတော်စောင့်ဘိုးဘိုးကြီး

တော်ကြီးထံ လောကီ လောကုတ္တရာ ပညာများသင်ကြားရန် အပ်နှံထားကြလေ၏။

မိဘများက သားတော်ပုညအား လွမ်းဆွတ်သောအခါ ဝိဇ္ဇာမိုရ်ဘုရားတည်ရှိရာ ကုဿာမယတောင်ကုန်းထက်မှ တောင်စူးစူးသို့ မျှော်ကြည့်လိုက်သောအခါ သားတော့်လေး မောင်ပုညရှိနေသော တောတောင်ဘီလူးကျောင်းတော်ကြီးကို ထင်ရှားစွာကြည့်မြင်နိုင်လေ၏။

သားတော်လေး မောင်ပုညကလည်း မိဘများအား သတိရသောအခါ မိမိ၏ကျောင်းတော်မှ မြောက်ဘက်ကုဿမယတောင်ကုန်းထက်သို့ ရှုမျှော်ကြည့်လေတိုင်း ဝိဇ္ဇာမိုရ်စေတီကြီးအားကြည့်မြင် ဖူးမြော်နိုင်လေ၏။

ဤသို့သော အခြင်းအရာများကြောင့် ဝိဇ္ဇာမိုရ်စေတီတော်အား **"ကြည့်မြင်နိုင် ဝိဇ္ဇာမိုရ်ဘုရား"**ဟု အမည်တွင်လျက် ရှိလေသည်။

ဝိဇ္ဇာမိုရ်စေတီတော်၏ အနေအထားသည်ကား ကုလားကျောင်းခံ ပြာသာဒ်ဆောင်အတွင်း၌ လေလုံမိုးလုံ (၉)တောင်ပြည့် မှန်စီရွှေချ စေတီတော်အဖြစ် တည်ရှိလေ၏။

စေတီတော်၏ အောက်ခြေတည့်တည့်တွင် ဓာတ်တော်တွင်း တည်ရှိထားသည်မှာ ထူးခြားလှပေတော့၏။

စေတီတော်အား အုပ်မိုးထားသော ကုလားကျောင်းခံ ပြာသာဒ်ဆောင်၏ အမိုးထက်၌ ရွှေစေတီတစ်ဆူကိုလည်း တစ်မူထူးခြားစွာ ဖူးမြင်နိုင်ကြလေ၏။

စေတီတော် နှစ်ဆင့်တည်ရှိသော



www.burmeseclassic.com

www.burmeseclassic.com



▲ ဆင်များရှင်စေတီတော်ကြီးအား အရှေ့ဘက်ကုန်းမှ ဖူးမြင်ရပုံ

▼ ဆင်များရှင်စေတီ အင်္ဂါထောင့်မှ သက်ဝင်ထင်ရှား ထူးခြားလှသော ဆင်ပြုတော်ပုံ






www.burmeseclassic.com

www.burmeseclassic.com



◆ ဆင်မျှားရှင်ဘုရားအဝင်
ဇောင်းတန်းကြီးအားဘုံဆောင်
အဆင့်ဆင့်ဖြင့် ခမ်းနားစွာ တွေ့မြင်ရပုံ



◆ ဆင်မျှားရှင်ဘုရား အာရုံခံအတွင်းမှ
အပူဇော်ခံ ရတနာမှန်ကင်းပွားတော်ပုံနှင့်
ဆောင်မြေနေရာ

စေတီတော်မျိုးအား ရှာမှရှား ဖြစ်လေ၏။

စနေထောင့်ရှိ အဆောင်အတွင်းမှ "**ပုပ္ပယက္ခမယ်တော်ကြီး**"ကားအသား ငါးသက်ပယ်ဖြစ်သော သစ်သီး၊ ပန်းမန်နှင့် အမွှေးနံ့သာများကိုသာ လက်ခံလေ့ ရှိလေသည်။

ယုံကြည်လေးစားသူ များပြားသောကြောင့် အဓိဋ္ဌာန်ပြုသူဖြင့် စည်ကားနေလေ၏။

ဣစ္ဆာမယဘိုးဘိုးကြီး၏ နန်းဆောင်ကိုလည်း ယှဉ်လျက်တည်ရှိနေသောကြောင့် လိုအပ်ရာကိစ္စများကို လျှုဒါန်း၍ ဆောင်ရွက်နိုင်ကြလေ၏။

ဝိဇ္ဇာမိုရ် စေတီတော်ကြီးသည်ကား

◆ သက်ဝင်ထင်ရှား ထူးခြားလှသော ဆင်ရုပ်တည်ရှိရာ ဆင်ရုပ်ဗိမာန်ပုံ



**ဝိဇ္ဇာစည်း၊ ယက္ခစည်း** ဖြစ်သောကြောင့် ဝိဇ္ဇာမယပညာရှင်များ၊

သုတေသီများ၊ ဂန္ဓာရီသူတော်ကော[င်း]များအတွက် အလွန်ထူးခြားသော

www.burmeseclassic.com

အရာမြတ် ဖြစ်လေတော့သည်။

ဆင်များရှင်စေတီတော်

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။** *[၃-ကြိမ်ရွတ်ဆိုပါ]*

မိုးညှင်းရာဇေန မာပိတံ၊
အနေက ဟတ္ထိ ထူပါရုံ။
မြန်မာရဋ္ဌေ သုပါကဋံ၊
ဝန္ဒေ စေတိယ မဟန္တံ။

မြန်မာပြန်

**မိုးညှင်းရာဇေန၊** အင်းဝဘုရင် မိုးညှင်းမင်းတြားကြီးသည်။

**မြန်မာရဋ္ဌေ၊** စေတီပုထိုး အမျိုးမျိုးဖြင့် အလွန်တင့်တယ်လှသော မြန်မာနိုင်ငံတော်ကြီးတွင်။

**သုပါကဋံ၊** ကောင်းစွာထင်ရှား သွန်ကျော်ကြားတော်မူပေထသော။

**ယံ အနေက ဟတ္ထ ထူပါရုံ၊** အကြင်ရတနာစေတီ ဆင်များရှင်စေတီတော်မြတ်ကို။

**မာပိတံ၊** တည်ထားကိုးကွယ် ပူဇော်အပ်ခဲ့လေပြီ။

**တံ၊** ထိုရတနာစေတီ ဆင်များရှင်စေတီတော်မြတ်ကြီးအား။

**အဟံ၊** "......"ဟု နာမ သမုတ်အကျွန်ုပ်သည်။

**[မှတ်ချက်။ ။"......"နေရာတွင် မိမိအမည် ထည့်ဆိုရန်]**

**ဝန္ဒေဝန္ဒာမိ၊** ရှိသေသမှု အာရုံပြု၍ ရှိခိုးပူဇော် ကန်တော့ပါ၏ ဘုရား။

ဘုရားတည်နှစ်

သက္ကရာဇ် ၇၉၂ ခုနှစ်။

ဘုရားဒါယကာ

အင်းဝဘုရင် မိုးညှင်းမင်းတြားကြီး ခေါ် ရွှေနန်းကြော့ရှင် ဘုရင်နရပတိမင်းကြီး။



◆ ဆင်များရှင်စေတီတော်မှ မူလ ညောင်ရေသွန်းလောင်းရာနေရာ

◆ ဆင်များရှင်စေတီတော်မှ ညောင်ရေ သွန်းလောင်းရာ မူလဗောဓိညောင်ပင်ကြီး




◆ ဆင်များရှင်စေတီတော်၏ ဝိနည်းတော်အထက်မှ ဆင်မင်းများနှင့် တစ်စိတ်တစ်ဒေသ





www.burmeseclassic.com

www.burmeseclassic.com




▲ ဆင်များရှင်စေတီတော်မုခ်ဦးမှ ဘုရားဖူးများအား ကြိုဆိုနေသော ဆင်ဖြူတော်နှစ်စီး

▼ ဆင်များရှင်စေတီတော် တနင်္ဂနွေထောင့်မှ ဆင်ဖြူတော်ကြီး



▼ ဆင်များရှင်စေတီတော်မှ ဘုရားတွင် ရှာဖွေနေသော ဆင်ဖြူတော်နှစ်စီး



တည်နေရာ

ရွှေဘို၊ မုံရွာကားလမ်းမကြီး၏ အနောက်ဘက် ပန်းပဲတန်းရပ်ကွက်တွင် တည်ရှိပါ၏။

ပွဲတော်ရက်

နှစ်စဉ် ကဆုန်လပြည့်တွင် မဟာဗောဓိပင် ညောင်ရေသွန်းပွဲတော်ကျင်းပပါ၏။

အောင်မြေနေရာ

အရှေ့ဘက်အာရုံခံအတွင်း စံပါယ်တော်မူသော ရတနာမုနိ ရုပ်ပွားတော်ရှေ့။

အစောင့်အရှောက်

ဆင်များရှင်ဘိုးဘိုးကြီး။

ထူးခြားချက်

ရွှေနန်းကြော့ရှင် ဘုရင်နရပတိမင်းကြီးအား သီရိလင်္ကာနိုင်ငံမှ ကြွရောက်တော်မူလာသော အရှင်သီရိသဒ္ဓမ္မာလင်္ကာရနှင့် အရှင်သီရိသီဟဠ မဟာသာမိ အမည်ရှိ ရဟန်းတော်နှစ်ပါးက သီရိလင်္ကာနိုင်ငံမှ ပင့်ဆောင်လာသော ဘုရားရှင်၏ သီရိဓာတ်တော် ငါးဆူကို ပူဇော်နိုင်ရန် ပေးအပ်ခြင်း ခံယူရလေ၏။

မင်းတတြားကြီးသည် ဘုရားရှင်၏ သီရိဓာတ်ငါးဆူနှင့်အတူ အဖိုးထိုက်တန်သော ရတနာများအား ဌာပနာသွင်း၍ "**မဟာရတနာစေတီတော်**" ဟူ၍ ဘွဲ့သမုတ်လေ၏။

ဆင်များရှင်စေတီတော်ကြီး၏ မဟာရံတံတိုင်းတော်အား အင်းဝ ဒုတိယမင်းခေါင်၏ မယ်တော် "**အမိတ္တာသီရိ**" က စေတီတော်ကြီး ပြုပြင်တည်ဆောက်ရာတွင် ဆင်ရတနာ အကောင်တစ်ထောင်ခြံရံ၍ ပြုလုပ်ကာ ထည့်သွင်းပါဝင်ခဲ့ခြင်း ဖြစ်လေသည်။

ဆင်ဖြူရတနာ အကောင်တစ်ထောင်

စာမျက်နှာ (၈၈) သို့

www.burmeseclassic.com

စပါးတောင်ခြေ ထူးခြားအောင်မြေ

# ပထမ ဘိုးဘိုးအောင် တောင်တော် အောင်မြေ (၂)

မောင်မောင်ဖိုး
(ထားဝယ်)

ယခင်လမှ အဆက်


တောင်ဘက်သို့ ဆက်၍ ခြေလှမ်း ဆယ်လှမ်းခန့် လျှောက်လှမ်းသွားရာ အနောက်ဘက် တောင်ကုန်းထိပ်သို့ ရောက်ရှိသွားသည်။

ထို့နောက် အရှေ့ဘက်ဆီ ဦးလှည့်ကာ တက်ရောက်သွားလျှင် တောင်ဘက်တောင်ကုန်းမြင့်ရှိ လူသွားလမ်းရှိရာသို့ ရောက်သွားသည်။

ဤတောင်ကုန်းမြင့်ပေါ်ရှိ လူသွားလမ်း၌ လှေကားထစ်များတွင် ကော်ရစ်ပြားများ ခင်းပေးထားခြင်းကြောင့် ဘုရားဖူးလာများ စိတ်ချမ်းမြေ့ရသည်။ လူသွားလမ်း မြေနီလမ်းအကျယ်သည် (၁၀)ပေခန့်ကျယ်ပြီး အရှေ့နှင့် အနောက် မြင့်ရာမှ နိမ့်ရာသို့ ဖြောင့်တန်းလျက်ရှိသည်။

အနောက်ဘက် တောင်ကုန်းထိပ်၌ အဆောက်အအုံတစ်ခုအတွင်း **မြင်းဖြူရှင်တောင်ပိုင်ဘိုးဘိုးကြီး** ရုပ်တုကို သစ်လွင်စွာ မြင်တွေ့ရသည်။ အနောက်မြောက်ဘက်ရှိ အဆောက်အအုံ၌ **ဝိဇ္ဇာသူတော်စင် ဖိုးရွှေအ** ရုပ်တုကို မြင်ရသည်။ မြောက်ဘက်ရှိ အဆောက်အအုံ၌ **သူရဿတီမယ်တော်ရုပ်တုကို** တွေ့ရသည်။

ဖိုးရွှေအ,ရုပ်တုရှိရာ အဆောက်အအုံနှင့် မျက်နှာချင်းဆိုင် အဆောက်အအုံ၌ မြောက်ဘက်သို့ မျက်နှာမူလျက်ရှိသော ဆုတောင်းပြည့်ဘုရားသိမ်အတွင်း၌ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်များ ကိန်းဝပ်လျက်ရှိသည်။



ဆုတောင်းပြည့်စေတီတော်

ထိုဘုရားသိမ်၏ တောင်ဘက် အနောက်ဘက် တောင်ကုန်းထိပ် တောင်စောင်း မြေပြန့်နေရာ၌ ဆုတောင်းပြည့်စေတီတော်ကို ရွှေရောင်ဝင်းဝါသပ္ပာယ်စွာဖြင့် ဖူးမြော်ကြရသည်။

ဤ ဆုတောင်းပြည့်စေတီတော်ကို လွန်ခဲ့သော နှစ်ပေါင်း(၂၀၀)ကျော်ခန့်က ဆရာတော်ကြီးများ ဖြစ်ကြသည့် ဦးသုဇာတ၊ ဦးသုဒဿနတိ[illegible] ဦး

www.burmeseclassic.com



သာသနာ့စောင့်နတ်မင်းကြီး (၄)ပါး ဘုရားသိမ်

“အေးမြကြပါစေ”ကြေးခေါင်းလောင်းကြီး



ဆောင်၍ ကြည်ညိုဖွယ်ရာ တည်ထား ကိုးကွယ်ခဲ့ကြောင်း...

ထိုစေတီတော်၏ အဆက်အသွယ်မှာ တနင်္သာရီပိုင်၊ ရှမ်းအဆက်အနွယ် ရွှေဂျိုးဖြူမှလာခဲ့ဖြစ်ကြောင်း၊ ဘိုးဘိုးအောင်တောင်အား အရှေ့ဘက်တွင် ဘိုးဘိုးအောင်၏ တပည့်များ...

အနောက်ဘက်တွင် တောင်ပိုင်ဘိုးဘိုးကြီး၊ တောင်ဘက်တွင် သိုက်နန်းရှင်များနှင့် မြောက်ဘက်တွင် သူရဿတီမယ်တော်တို့က စောင့်ရှောက်ကြကြောင်း...

ဆုတောင်းပြည့် စေတီတော်တွင်မူ နတ်မင်းကြီး(၄)ပါး စောင့်ရှောက်ကြကြောင်း ဤစေတီ၏ အရှေ့မျက်နှာစာ ရင်ပြင်တော်၌ မှတ်တမ်းတင်ထားချက်ကိုလည်း လေ့လာဆည်းပူးခွင့်ရရှိပါသည်။

ထိုစေတီတော်၏ အရှေ့ဘက်မျက်နှာစာ ရင်ပြင်တော်မှပင် အနောက်ဘက်မြင်ကွင်းကို ကြည့်မိရာ တောတောင်တွေ ဝိုင်းရံလျက်ထားဝယ်မြို့၏ အလှရှုခင်းက လွမ်းမောဖွယ်ရာ မြင်တွေ့ခံစားရမိသည်။

ထိုစေတီတော်၏ အရှေ့ဘက်၌ပင် မြောက်ဘက်သို့ မျက်နှာမူလျက်ရှိသော အဆောက်အအုံတစ်ခုအတွင်း ခေါင်းလောင်းတိုင်နှစ်တိုင်၌ ရွှေရောင်ပန်းပွင့်ပန်းနွယ်များဖြင့် အလှတန်ဆာဆင်ထားသောတိုင်၌ ချိတ်ဆွဲထားသည့် ကြေးခေါင်းလောင်းကြီးမှာ ထည်ဝါစွာ တင့်တယ်လှပလျက် ရှိသည်။



F.11B. November, 2013.


www.burmeseclassic.com

www.burmeseclassic.com

ထိုကြေးခေါင်းလောင်းကြီး၏ ဖြစ်စဉ်မှတ်တမ်းတင်ထားရှိမှုကို လေ့လာရာ စိတ်ဝင်စားဖွယ်ရာ ကောင်းလှပေသည်။

'၂၀၀၆ ခုနှစ်မှာ သမီးရဲ့အာရုံမှာ ပေါ်ခဲ့တဲ့အတိုင်း ပြောရမယ်ဆိုရင် ဘိုးဘိုးအောင်တောင်ပေါ်ကျောင်းတွင် အမြဲထာဝစဉ်ကိုးကွယ်ဆည်းကပ်လျက်ရှိသော ဆုတောင်းပြည့်စေတီဘုရားရင်ပြင်ရဲ့ အရှေ့တောင်ထောင့်အရပ်တွင် ကြေးခေါင်းလောင်းကြီးတစ်လုံး ပြသပါတယ်။

နောက်ဆက်တွဲအနေနဲ့ ယောကျ်ားအသံနဲ့အတူ ဘိုးဘိုးအောင်ကျောင်းတွင် ကြေးခေါင်းလောင်းကြီးတစ်လုံး လိုအပ်နေတယ်လို့ ပြောပြပါတယ်။ ခုနှစ်ရက်သားသမီးများအတွက် လိုရာ ဆုတောင်းပြည့်စုံကြစေဖို့ လူနတ်ပြဟ္မာများကို ကုသိုလ်ဒါနတွေ အမျှတန်းဝေဖို့ ကြားနိုင်သူတွေ သာဓုခေါ်စေရမယ်လို့ ပြောကြားပါတယ်။




ရှင်ဥပဂုတ္တမထေရ်မြတ် ပြာသာဒ်ဖြင့် စံပယ်လျက် ရှိသည့်ပုံ

သမီးရဲ့မေမေကိုလဲ ဝမ်းမြောက်အားပေးအသံကို ကြားစေပြီး (ကြေးခေါင်းလောင်းကြီးတစ်လုံး)လှူဖို့ စိတ်မှာ ဖြစ်ပေါ်လာစေပါတယ်။

၂၀၀၆ ခုနှစ်မှာ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ပါ။ ၂၀၀၇ ခုနှစ်ကို ရောက်လာတဲ့အခါ အိပ်မက် ပေးပြန်ပါတယ်။ ရည်မှန်းချက်အတိုင်း သုံးနှစ်တိုင်တိုင် အလှူဒါနပြုဖို့ ကြိုးစားလာရာ အောင်မြင်ခြင်းရောင်ခြည် သန်းလို့ လာခဲ့ခြင်း ဖြစ်ပါတယ်။

၂၀၀၈ ခုနှစ်ကို ရောက်ခဲ့ပါပြီ။

ပထမံဘိုးဘိုးအောင်ရုပ်တု






www.burmeseclassic.com

www.burmeseclassic.com

“ဝ”တစ်လုံးစေတီတော်ကို ဖူးမြော်ရစဉ်



ကြေးခေါင်းလောင်းကြီး ပြသတဲ့အချိန် ကစ၍ **“အေးမြကြပါစေ”**အမည်ကို ပေးခဲ့တယ်။

အားလုံးသော သာသနာပြု သူတော်စင်တွေ ထာဝရ(အေးမြကြပါစေ) မေတ္တာကြေးစည်ကြီး လူသားတို့အတွက် အေးမြချမ်းသာ မေတ္တာအပြည့်နဲ့ ပထမံဘိုးဘိုးအောင် တောင်ပေါ်ကျောင်းတွင် (ကြေးခေါင်းလောင်းကြီးက) ခုနစ်ရက်သားသမီးများကို ကြိုဆိုနေခြင်း ဖြစ်ပါတယ်'

ကြေးစည်သံတွေ တဝေဝေ ကြားနိုင်သူတွေ သာဓု၊ သာဓု၊ သာဓု သုံးကြိမ်သုံးခါ ခေါ်နိုင်ကြပါစေလို့လဲ ကမ္ပည်းကျောက်စာရေး၍ မှတ်တမ်းတင်အပ်ပါတယ်'

ဟူ၍ **ထားဝယ်မြို့၊ ကြက်စားပြင်ရပ်၊ ဆန်စက်လမ်းနေ၊ မဝင်းလှိုင်၏ မှတ်တမ်းတင်မှု**ကို စိတ်ဝင်စားဖွယ်ရာ လေ့လာခဲ့ရသည်။

ခေါင်းလောင်းသံသည် အားသစ်လောင်းပေးခြင်းကို ဖော်ကျူးသည်။ လူမှုရေး မျက်နှာစာအသီးသီးတွင် ဆုံးရှုံးမှု၊ ကစဉ့်ကလျားဖြစ်မှု၊ မရေမရာမှုများဖြင့် စိတ်ပျက် လက်လျှော့နေရစဉ် ခေါင်းလောင်းထိုးသံကို ကြားရခြင်းသည် ဘဝအတွက် အင်အားသစ်အဖြစ် ဘဝသစ်ကို စတင်ရန် လှုံ့ဆော်အားပေးခြင်း ဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင်များသည် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ပြုပြီးသော အခါ လောကကြီးအတွင်းရှိ ဝေနေယျအားလုံးထံသို့ တိုင်တည် အမျှဝေ




အာဠာဝကဘီလူး ရုပ်ပြုတိုက်ခိုက်စဉ် ဖူးမြော်ရွှေဘုရား တရားဟော တော်မူသည့် ပုံတော်



www.burmeseclassic.com

www.burmeseclassic.com





▲ မဟာဗောဓိစေတီတော်ကို ဖူးမြော်ရစဉ်

◄ တံခွန်တိုင် ကြိုးပတ်တိုင်ဘုရားများကို ဖူးမြော်ကြည်ညိုစဉ်

▼ လင်းလွန်းပင်ကို တွေ့ရစဉ်




ပေးခြင်း ဖြစ်သည်။ ခေါင်းလောင်းသံ ကြားရလျှင် တစ်စုံတစ်ယောက် ကုသိုလ်ပြုပြီး လှူဒါန်းမှုအတွက် ဝမ်းမြောက်စွာ သာဓုခေါ် ကြည်နူးကြရလေသည်။

တောင်ကုန်းပေါ် လူသွားလမ်း၏ ယာဘက်(တောင်ဘက်) အရှေ့ဘက်ရှိ မြောက်ဘက်သို့ မျက်နှာမူသော အဆောက်အအုံ တစ်ခုအတွင်း သာသနာစောင့်နတ်မင်းကြီး လေးပါး ဘုရားသိမ် တည်ရှိပြီး ထိုဘုရားသိမ်နှင့် မျက်နှာချင်းဆိုင်တွင် တောင်ဘက်သို့ မျက်နှာမူသော အဆောက်အအုံ တစ်ခုအတွင်း **အရှင်ဉပဂုတ္တမထေရ် မြတ်**ရုပ်တုကို ပူဇော်ထားလေသည်။


ရှေ့လ ဆက်ဖတ်ပါရန်

**မောင်မောင်စိုး(ထားဝယ်)**



www.burmeseclassic.com

www.burmeseclassic.com



# ဂမ္ဘီရ ကျောက်ဆန်

စာရေးသူသည် ဂမ္ဘီရဆန်သော ဝတ္ထုများကို ဖတ်ရသည်ကို ဝါသနာပါ ပါသည်။ စာရေးသူသည် ကျူရှင်ဆရာ တစ်ဦး ဖြစ်ပါသည်။ အကြောင်းတိုက်ဆိုင်၍ဟု ထင်ပါသည်။ တပည့်တစ်ဦးဖြစ်သော မောင်ရန်ထက်လင်းမှ...

'ဆရာမ ကျောက်ဆန် မြင်ဖူးသလား၊ ယူမလား'

ဟု မေးလာပါသည်။ စာရေးသူလည်း ရေငတ်တုန်း ရေတွင်းထဲ ကျသလိုပင် ကိုယ်စိတ်ဝင်စားနေသော အရာဖြစ်သ အလွယ်တကူပင် ခေါင်းညိတ်ခဲ့ပါသည်။

ကျောက်ဆန်ကလေးများသည် ပုံပါအတိုင်း ဆန်စေ့၊ ဆန်ကွဲစေ့လေးများနှင့် တစ်သဝေမတိမ်း တူညီနေသည် အံ့သြစွာ တွေ့ရှိရပါသည်။ အရောင်မှာ အနက်ရောင် ဖြစ်ပါသည်။ ကြည့်လိုက်လျှင် ကောက်ညှင်းငချိတ်နှင့် တူ ဝါးကြည့်မှ ကျောက်ခဲလေးများ ဖြစ်ကြောင်း သိရှိရပါသည်။

ရှေးမီနောက်မီ လူကြီးများကို မေးကြည့်သောအခါ တန်ဖိုးရှိကြောင်း၊ ရခဲကြောင်း၊ မျက်စိနာလျှင် ရေစိမ်၍ ခတ်လျှ သက်သာပျောက်ကင်းကြောင်း၊ သိဒ္ဓိဝင် ရေပုပ်နှင့် ချက်မှသာလျှင် ထမင်းအဖြစ်သို့ ရောက်၍ စား၍ရကြောင်း၊ အာဟာ သိဒ္ဓိပြီးကြောင်း သိရှိရပါသည်။

**အခြား ပို၍ သိသူများရှိလျှင် ရေးသား ဖော်ပြပေးစေလိုပါသည်။**

**မိုးသက်ထန်**



www.burmeseclassic.com

www.burmeseclassic.com

# သားသမီးကံနှင့်

လက္ခဏာအမြင်

ယခု မြင်တွေ့ရတဲ့ လက္ခဏာရှင်ကတော့ အသက်(၂၅)နှစ်အရွယ်မိန်းကလေးတစ်ဦးရဲ့ လက္ခဏာပဲ ဖြစ်ပါတယ်။

✤ **လက်သန်းတိုပါတယ်။ (က)**

ဒါကတော့ သားသမီးနည်းခြင်း၊ မြခြင်းရဲ့ အမှတ်အသားပါ။

✤ **အသက်လမ်းနဲ့ ဉာဏ်လမ်းဟာ ပူးကပ်နေတယ်။(ခ)**

ဒါကတော့ သားသမီး မွေးဖွားရ ခက်ခဲစေတတ်ပါတယ်။

✤ **အသက်လမ်းကြောင်းရင်းမှာ မျဉ်းတစ်ကြောင်းဖြတ်ပြီး ကြက်ခြေသဏ္ဌာန် ဖြစ်နေတယ်။(ဂ)**

ဒါကတော့ ခွဲစိတ်ခံရစေတတ်တဲ့ သင်္ကေတပါ။ အထူးကတော့ သားအိမ်၊ ကျောက်ကပ်နဲ့ ဆိုင်ပါတယ်။

အဲဒီလက္ခဏာရှင်ဟာ သားသမီး မွေးရာ၌ ခက်ခဲနေသဖြင့် အရေးပေါ် ခွဲစိတ်ပြီး မွေးခဲ့ရပါတယ်။




ဟာသုတ အဖြစ် တင်ပြ ပေးလိုက်ပါတယ်။

**ပရံ ရက္ခန္တော**
**အတ္တာန် ရက္ခတိ။**

**ဦးသော်ခင်**
**(ဟသ်ာတ)**

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း မှ

www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ (၈၀)မှ အဆက်



◆ ဆင်များရှင်စေတီတော်မှ ဌာပနာတော်များဆုံ

◆ ဆင်များရှင်ဘိုဘိုကြီး



ခြံရုံပြီး တန်ဆာဆင်ထားလေရကား၊ မူလဘွဲ့တော်အစား **"ဆင်များရှင်စေတီတော်"**ဟူ၍သာ ယနေ့ထက်တိုင် အမည် တွင်နေလေ၏။

တစ်ခုသောဆင်ရုပ်၌ တန်ခိုးကြီးသော **"အမြုတေဓာတ်"** ပါရှိလေသည်။

စေတီတော်ကြီး ပြီးမြောက်သောအခါ ထိုဆင်ရုပ်သည် ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့လေတော့၏။

**ဆင်ရုပ်များစွာထဲမှအဂ္ဂိထောင့်ရှိ ဆင်ဖြူတော်မှာ အိပ်မက်ပေးလေ့ရှိခြင်း၊ ထူးဆန်းသော အပြုအမူများ ပြုလေ့ရှိတတ်ခြင်း၊ လပြည့်လကွယ် ညချမ်းအခါများ၌ ဆင်အော်သံ၊ ဆင်နားရွက်ခတ်သံများ ကြားသိရတတ်ခြင်း စသော သက်ဝင်လှုပ်ရှားမှုများကြောင့် ဆင်ရုပ်ဗိမာန် ပြုလုပ်၍ ထားရှိလေ၏။**

ဆင်ရှင်ဗိမာန်အတွင်းရှိ အမြုတေ သခင် ရတနာဆင်မင်းအား ပန်း၊ ဆီမီး၊ ဆင်စာ စသည်ဖြင့် မညှိုးအောင် ပွဲထိုးဆုတောင်း အဓိဋ္ဌာန်ပြုပါက မိမိတို့ အကျိုးစီးပွားနှင့်တကွ ဘေးဥပဒ်အန္တရာယ် အပေါင်းမှ စောင့်ရှောက်လေ့ရှိသည်ဟု ယုံကြည်ကြပါသည်။

တနင်္ဂနွေထောင့်ရှိ ကားလမ်းမကြီးအထက်မှကြီးမားလှသော ဆင်ဖြူတော်ကြီးမှာ အဓိဋ္ဌာန်အောင် ပုဂ္ဂိုလ်တစ်ဦး၏ ဒါန အလှူတော် အမှတ်အသားဖြစ်လေသည်။

ဆင်များရှင် စေတီတော်မြတ်ကြီးသည်ကားဆင်ဖြူရတနာဓာတ် အထူးတည်ရှိသော တစ်ဆူတည်းသော စေတီတော်ဖြစ်လေသည်။

ရွှေထီးတော်အလှူရှင်များ

၁။ ရွှေနန်းကြော့ရှင်ဘုရင် နရပတိမင်းကြီး၊

၂။ သာလွန်မင်းကြီး၊

၃။ ဘိုးတော်မင်းတရား

၄။ မဟာမြိုင်ဆရာတော် အရှင်စန္ဒသူရိယနှင့် သာသမီးများဖြစ်သော ဗိုလ်မှူးကြီး တင်သိန်းလှူနှင့်ဇနီး ဒေါ်ခင်ခင် မိသားစု။

ဘုရားဖူးများ၊ ယောဂီများနှင့် ဂရု ရှိပုဂ္ဂိုလ်များအတွက် ရတနာအော မြေမှန် ဖြစ်သောကြောင့် လမ်း လိုက်ရပါသည်။

**အောင်ရွှေမြတ် (စစ်ကိုင်းတောင်)**

www.burmeseclassic.com

# ဝေဘူဆရာတော်ကြီး

## နှင့် ကျွန်တော့်ကိုယ်တွေ့ ကွင်းဆက်ကလေးများ

ကြည်စင်မြင့်



စာရေးသူ၏ အယူအဆမှာ စာရေးသူ အင်္ဂလန်၊ နယူးယောက်တို့ကို ရောက်ဖူးပါ။ ရောက်ဖူးသူများ ရှိကြသည်။ ကိုယ်တွေ့ကြုံဖူးသူများ ရှိကြသည်။ စာရေးသူ မရောက်သော်လည်း ကိုယ်တွေ့ သိရှိသူများ ရှိကြသည်ကိုး။

ထို့အတူ ဝိဇ္ဇာရှစ်သောင်း ဆရာခေါင်းနှင့် ဘိုးမင်းခေါင်၊ ဘိုးဘိုးအောင် ထိုပုဂ္ဂိုလ်များ၊ ရဟန္တာရှင် ဆရာတော်ကြီးများကိုလည်း လူတိုင်း မမြင်ဖူး၊ မကြုံဖူးသော်လည်း တွေ့ရှိ သိမီသူများ ရှိကြ၍ မရှိဘူး၊ မဟုတ်ဘူးဟု မပြောနိုင်။ ကြုံကြိုက်သည့်အခါ တွေ့ရှိကြသည်မှာ ဖြစ်မြဲပင်။

စာရေးသူမှာ ပုဂ္ဂိုလ်ထူးများ တွေ့ရကြုံရ ဆုံရသည့်အခါမှာ ထိုပုဂ္ဂိုလ်များ၏ တန်ခိုးအစွမ်းသတ္တိများကို တန်ဖိုးထားသိ ဖြစ်ခဲ့ဖူးပါသည်။

စာရေးသူ ရေးချင်သည့် ဝေဘူဆရာတော်ကြီး၏ တန်ခိုးတော်နှင့် ဖြစ်ရပ်များကို ရေးချင် ပြောချင်ပါသည်။ စာရေးသူ ငယ်စဉ်က အလွန်ကျော်စောထင်ရှားလှသော ဝေဘူဆရာတော်ကြီးကို မိသားစုနှင့်အတူ ကျောက်ဆည်သို့ သွားရောက်ဖူးမြော်ကြပါသည်။

ကျောက်ဆည် ဝေဘူချောင်သို့ ရောက်မှ ကိုယ် ဖူးတွေ့နေရသော ဝေဘူဆရာတော်ကြီးကို…

'ဪ အခု ငါဖူးတွေ့နေရသော ဝေဘူဆရာတော်ကြီးမှာ ငယ်စဉ် ရွှေဘိုနေစဉ်တုန်းက ရွှေဘိုမြို့တော်ရဲ့ တောင်ဘက်မြို့ထွက်အောင်မြေနေရာတွင် သီတင်းသုံးတော်မူတဲ့ အောင်မြေဆရာတော်ကြီးပါလား'

ဟု သိရတော့သည်။

ဆရာတော်ကြီး၏ မျက်နှာတော် ထူးခြားချက်မှာ မျက်နှာတော် တည်ငြိမ်သည်။ သို့သော် မျက်နှာတော်မှာ ပြုံးရိပ်သန်းနေသည့်၊ ကြည်လင်နေသည့် အေးချမ်းသော မျက်နှာတော်ဖြစ်သည်။ အပူပိုင်းဒေသတွင် နေသော လူများကဲ့သို့ ညိုရောင်မည်းရောင် မသန်းဘဲ စို၍နုသော အရောင်ကို ဆောင်ထားသည်။

ဆရာတော်ကြီး၏ မျက်နှာတော် ဖူးတွေ့ရသောအချိန်တွင် စိတ်၌ ကြည်နူးနှစ်သိမ့်နေသည်။ ကြည်သို

www.burmeseclassic.com

သဒ္ဓါစိတ် ယိုဖိတ်အေးချမ်းနေသော စာရေးသူတို့၏ရှေ့တွင် နွားနို့သည် ကုလားတစ်ဦး ရှိနေသည်။

ထိုနွားနို့ကုလားကြီးအား ဆရာတော်ကြီး တရားအဆုံးအမ ပေးနေသည်။ စိတ်ကို ကောင်းအောင်ထားရန် ရှင်းရှင်းလေးပဲ ဆရာတော်ကြီးက ဆုံးမဩဝါဒပေးနေသည်။ စာရေးသူတို့ ရောက်ပြီး မကြာမတင် အချိန်ကလေးမှာ နောက်နားက တီးတိုးစကားပြောသံများအရ နိုင်ငံတော်ဝန်ကြီးချုပ် ကြွလာကြောင်း သိရသည်။

စာရေးသူ မိသားစုလည်း ရှိသေလေးစားထိုက်သူတစ်ဦး၊ နိုင်ငံ့အကြီးအကဲတစ်ဦးကို လေးစားသည့်အနေဖြင့် ဘေးဘက်ကို တိုးပေးကြသည်။ ဆရာတော်ကြီးကလည်း နောက်ရောက်လာသည့် နိုင်ငံတော်အကြီးအကဲကို မျက်လုံးဝင့်ကြည့်လိုက်ပါသည်။ တည်တည်ငြိမ်ငြိမ်ပါပဲ။

ဆရာတော်ကြီးမှ စာရေးသူ မိသားစု ဘေးဘက်တိုး၍ လှူပ်လက်ခတ်သွားသည်ကို ကြည့်ပြီး မိန့်ကြားလိုက်သည်က နေကြ၊ နေကြ၊ နေကြပါတဲ့။ ဝင်လာသည့် ဒကာကလည်း ကြည်ညို လေးစားသည့် မျက်နှာနှင့် အေးချမ်းမြိုးရွှင်သည့်အသွင်ကို ဆောင်နေပါသည်။

ဆရာတော်ကြီးကလည်း အသိုင်းအဝိုင်း အစောင့်အရှောက်များနှင့် ကြွလာသည့် ဒကာတော်ကို သာမန်တည်ငြိမ်အေးချမ်းသည့် မျက်နှာတော်နှင့် ခေါင်းကလေး ညိတ်ရုံမျှလှုပ်၍ နှုတ်ဆက် အသိအမှတ်ပြုလိုက်ပါသည်။

ဆရာတော်ကြီး၏ ကြည်ညိုဖွယ်ကြန္တေ၊ ဒကာတော်၏ ကြည်ညိုနေသည့် မျက်နှာတို့မှာ ယခုတိုင် စာရေး



သူ၏ မျက်စိထဲမှ မထွက်ပါ။ ဆရာတော်ကြီးအား ဝတ်ပြုရှိခိုးအပြီး ဆရာတော်ကြီး ကောင်းချီးပေးပြီး ဆုံးမတရား ဟောကြားလိုက်သည်မှာ နွားနို့သည်ကုလားကြီးကို ပြောကြားသည့် စကားနှင့် တစ်ထပ်တည်းပင် ဖြစ်ပါသည်။

နိုင်ငံတော်အကြီးအကဲမို့ စကားတွေ ရှန်းရှန်းဝေအောင် ပြောဆိုနှုတ်ဆက်ခြင်းမဟုတ်ဘဲ သူတော်ကောင်းစကား သူတော်ကောင်းတရားကိုသာ ပြောလိုက်ပုံမှာ အံ့ဩမဆုံး၊ ကြည်ညိုမဆုံး ရှိလှပါသည်။

ဒီလိုနှင့် ဆရာတော်ကြီး၏ ဂုဏ်ရှိန်မှာလည်း ကြီးမားလှသည်။ တက္ကသိုလ်နွေကျောင်းပိတ်ရက် စာရေးသူတို့လည်း ညီဝမ်းကွဲလေးရှိရာ ဗန်းမော်သို့ လိုက်သွားခဲ့သည်။ ဗန်းမော်နေစဉ် တစ်နေ့၌ ဗန်းမော်သို့ ဝေဘူဆရာတော်ကြီး ကြွလာမည့်သတင်း ကြားရသည်။ စာရေးသူတို့ မိသားတစ်စုလုံး ဝမ်းသာမိကြသည်။

ဗန်းမော် မြို့သူမြို့သားများမှာလည်း ဝမ်းမြောက်ဝမ်းသာနှင့် မျှော်လင့်စောင့်စားကြသည်။ ဆရာတော်ကြီးလာလျှင် ဖူးမြင်ကြဖို့ အားခဲ စောင့်စားကြသည်။ ဌာနဆိုင်ရာ အရာရှိအရာခံများမှစ၍ ဆင်းရဲသား မိလက်ခုမျှားပါမကျန် 'ဆရာတော်ကြီး ကြွလာလျှင်ဟု...' ကြိုတင်စောင့်စားကြသည်။ ပြင်ဆင်ကြသည်။

ပညာရေးဌာနမှလည်း ဗန်းမော်ညိုနွဲ့တို့၊ ပညာရေးမှူး ဦးမောင်မောင်တို့က ကျောင်းသားအင်အားနှင့် သဘော်ဆိပ်ကမ်းမှ ကြိုဆိုရေးတာဝန်ယူကြသည်။ ကျေးရွာများမှ ရှမ်း၊ ဗမာ တိုင်းရင်းသားများကလည်း အိုးစည်ဒိုးပတ်ဝိုင်းများနှင့် တခမ်းတနား ဆရာတော်ကြီး မကြွမီ တီးမှုတ်သီဆိုကခုန်ကြသည်။ ပျော်၍မဆုံး တပြုံးပြုံးနှင့် စည်ကားလှသည်။

အုပ်ချုပ်ရေးပိုင်း ဆိုင်ရာတို့ကလည်း ဆရာတော်ကြီး၏ လုံခြုံရေးကအစ လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားသည်။ ဝန်ကြီးဟောင်း ဦးဘသောင်းတို့ကလည်း အနီးကပ် ကြည့်ရှုပြုစုရန် တာဝန်ယူကြသည်။ ကျောင်းပိတ်ရက်တွင် အိမ်ပြန်ရောက်နေသော တက္ကသိုလ်ကျောင်းသားများကို ဆရာတော်ကြီး မြို့လှည့် ပူဇော်ခံရာတွင် အနီးမှကပ်၍ လိုအပ်သည်များကို လုပ်ဆောင်စေသည်။

ဆရာတော်ကြီး လှည့်လည်မည့်ကားကို အခင်းနေရာထိုင်များ ပြုလုပ်စေသည်။ စာရေးသူနှင့် ညီဝမ်းကွဲတို့မှာ ဆရာတော်ကြီးစီးမည့် ကားပေါ်မှ ပလ္လင်ကို ပြင်ဆင်ရာ၌ ကျောမှီဖုံအပြင် အောက်ခင်းအထိုင်ပေါ်၌ စံပယ်ပန်းများ ခင်းကျင်းကြဖြန့်ထားသည်။

ချိန်းဆိုသည့်နေ့၌ ဆရာတော်ကြီး စီးနင်းလာသော အထူးသင်္ဘောကြီးမှာ ဥဩရှည်များဆွဲကာ ဗန်းမော်မင်းကျောင်းဆိပ်ကမ်းသို့ ဝင်ရောက်လာရာ ကမ်းလုံးညွှတ်မျှ ဗန်းမော်လူထုမှာလည်း မကြုံဖူးအောင် ကြိုဆိုကြများပြားလှသည်။ လူတိုင်း၏မျက်နှာတွင် ထူးကဲသည့် အရှိန်ကို အလျှင်





www.burmeseclassic.com

www.burmeseclassic.com

အချိန် ဖူးတွေ့ရန် စိတ်စောနေကြသည်။ စောင့်စားနေကြသည်။ သင်္ဘောသည် ကမ်းကပ်၍ လူကြီးများ သင်္ဘောပေါ်တက်ကာ ဆရာတော်ကြီးအား ပင့်ဆောင်ကြသည်။

မြို့မှလူကြီးများ ဦးဆောင်ပြီး သင်္ဘောပေါ်မှ ကုန်းပေါ်တစ်လျှောက် ဆရာတော်ကြီးအား အသင့်ပြင်ထားသော ကားပေါ်သို့ ပင့်ဆောင်လာသည်။ ဆရာတော်ကြီး ကားပေါ် ရောက်ချိန်မှစ၍ စာရေးသူတို့ အင်္ဂလိပ်ကျောင်းသားများ ဆရာတော်ကြီးအား စောင့်ရှောက်၍ အနီးကပ် လိုက်ပါလာရသည်။

ကုန်းဆင်းကုန်းတက် များသော ဖန်းမော်မြို့ကို ဆရာတော်ကြီး လိုက်ပါလာသော ကားတန်းကြီး လှည့်လည်သည်။ လမ်းဘေးဝဲယာတို့မှ လူထုပရိသတ်ကြီး ဖူးမြော်နေကြသည်။ ဆရာတော်ကြီး စီးနင်းလာသည့်ကားမှာ ဖြည်းဖြည်းသာ သွားနေသည်။ ဆိုးဝေးမှလာ၍လည်း ဆရာတော်ကြီးမှာ ပင်ပန်းနွမ်းနယ်နေဟန်မရှိ ပကတိ ကြည်လင်အေးချမ်းနေသော မျက်နှာတော်သာ ရှိသည်။

တည်းခိုရမည့် ယာယီစံကျောင်းတော်သို့ ဆိုက်ရောက်သောအခါ မြို့မှ လူကြီးများက ဆီးကြို၍ နေရာချထားသည်။ စာရေးသူတို့လည်း တာဝန်ကုန်သွားသည်။ ဆရာတော်ကြီး ထိုင်၍ မြို့လှည့်ပူဇော်ခံထားသော စံပယ်ပန်းမွှေ့ရာများက ယခုပင် ခြွေခူးထားသော စံပယ်ပန်းများကဲ့သို့ လတ်ဆတ်လျက် ရှိနေသည်ကို စာရေးသူတို့ အံ့တသြ တွေ့မြင်ကြရသည်။

လက်တစ်ဆုပ်စာ ပန်းကလေးများ ကောက်၍ အိတ်ထဲထည့်ခဲ့ကြသည်။ ကုန်းတန်ခိုးနှင့် ပြည့်စုံသော အရှင်ပါ



လားဟု ထွက်ဆမိကြသည်။

သတ်မှတ်ရက် အစေ့တွင်တော့ ဆရာတော်ကြီး ပြန်ကြွသွားသည်။ နှစ်ည၊ သုံးနေ့ ဖန်းမော်မှာ သီတင်းသုံးသည်။ ဖန်းမော်လူထုရင်တွင် ဟာ၍ ကျန်ခဲ့သည်။ လွမ်း၍ ကျန်ခဲ့ကြသည်။ ဆရာတော်ကြီးအကြောင်း သတိတရပြော၍ နေရစ်ခဲ့ကြရသည်။

တစ်ခုသော အကြောင်းကတော့ ဆရာတော်ကြီး ဖန်းမော်မှာ နှစ်ည၊ သုံးနေ့ နေသွားစဉ်အတွင်း သီတင်းသုံးရာ၌ တာဝန်ယူရသောဝန်ကြီး ဦးဘသောင်းတို့ သတိထား စောင့်ကြည့်ကြရာတွင် ဆရာတော်ကြီး ကုဋိတက်၍ ကျင်ကြီးကျင်ငယ် မစွန့်တာလည်း ထူးဆန်းလှသည်ဟု ပြောကြသည်။ စာရေးသူနေသောအိမ်သို့ စင်းခမ်းရွာမှ လူကြီးအချို့ မကြာမီ ရောက်လာကြသည်။

'ကျုပ်တို့ ဒီလိုပုဂ္ဂိုလ်များ တစ်သက်နဲ့တစ်ကိုယ် မတွေ့ဖူးပေါင်ဗျာ'

ဟု အစချီကာ ဝေဘူဆရာတော်ကြီး ကြွလာတုန်းကအကြောင်း ပြောကြပါသည်။

ဝေဘူဆရာတော်ကြီး ဖန်းမော်ခရီးစဉ်မှာတော့ ဖန်းမော်၏ အောက်တစ်ဆိပ်ကမ်းဖြစ်သည့် စင်းခမ်းမှာ နားဖို့ဝင်ဖို့ အစီအစဉ်မပါဘူးတဲ့။ စင်းခမ်းရွာ လူထုကလည်း ဝေဘူဆရာတော်ကြီး ပါလာသည့်သင်္ဘော ဆန်တက်လာသည်ဆိုသည့်သတင်း ကြားထားပါသည်။ စင်းခမ်းကို လာမည့်အစီအစဉ် မရှိဘူးဟု သိကြပါသည်။

သို့နှင့် ရွာကလူကြီးများစုပြီး ရွာဦးကျောင်းဆရာတော်ကို လျှောက်ကြပါသည်။ ရွာဦးကျောင်းဆရာတော်ကလည်း ''နေကြပါဦး။ ကျုပ်ပင့်ကြည့်ပေးပါဦးမယ်''ဟု မိန့်သတဲ့။ ဆရာတော်လည်း ပန်း၊ ရေချမ်းများ ပြင်ဆင်ခိုင်းပြီး ကျောင်းကနေ ဆန်တက်လာသော သင်္ဘောရှိရာ တောင်အရပ်သို့ ရှိခိုးလက်အုပ်ချီကာ...

'တပည့်တော်တို့ကို စောင့်ရှောက်သောအားဖြင့် ဝေဘူဆရာတော်ကြီး စင်းခမ်းသို့ ကြွရောက်တော်မူပါ'

ဟု အဓိဋ္ဌာန်ပြီး လှမ်းပင့်သတဲ့။

သင်္ဘောပေါ်က ဝေဘူဆရာတော်ကြီးကလည်း သင်္ဘောသားတစ်ဦးကို ခေါ်ပြီး သင်္ဘော မာလိန်မှူးကို ခေါ်စမ်းဟု အမိန့်ရှိလိုက်ပါသည်။ သင်္ဘောမာလိန်မှူး ရောက်လာရာ...

'ရှေ့က ရောက်မယ့်ရွာ ဘာရွာလဲ'

ဟု မေးပါသည်။ စင်းခမ်းရွာဖြစ်ကြောင်း၊ အဲဒီရွာပြီးလျှင် ဖန်းမော်ရောက်တော့မည့်အကြောင်း လျှောက်ထားပြီးရာ...

'အဲဒီရွာကို ခဏရပ်စမ်း။ ကျုပ် ခဏနားမယ်'

ဟု အမိန့်ရှိလိုက်ပါသည်။ သင်္ဘောလည်း ကမ်းကိုကပ်ရာ ကပ်သည်ဆိုလျှင်ပဲ တစ်ရွာလုံး ကလေးပါမကျန် ကမ်းလုံးညွတ် ကြိုဆိုဦးခိုက်နေကြပါသည်။ ရွာဦးကျောင်း ဆရာတော်လည်း ဝေဘူဆရာတော်ကြီးကို လာ



www.burmeseclassic.com

www.burmeseclassic.com

ရောက် ကန်တော့ပါသည်။ ကျေးရွာလူထု ဖူးမြော်နေပြီး ဆရာတော်နှစ်ပါး တွေ့ဆုံချိန်တွင် စင်းခမ်းဆရာတော်မှ...

'တပည့်တော်တို့ကို ပစ်မထားပါနဲ့ဘုရား'

ဟု လျှောက်ပါသည်။

ဝေဘူဆရာတော်ကြီးကလည်း...

'အေးအေး ပစ်မထားလို့ အခု ဖူးရပြီ မဟုတ်လား'

ဟု ပြန်ပြီး မိန့်ကြားလိုက်သတဲ့။

နောက် သဘော ဆက်ထွက်လာခဲ့ပါသည်။ စင်းခမ်းက ဒကာ၊ ဒကာမများ လွမ်းလွမ်းတတနှင့် ဆွေးပြီး ဟာကျန်ခဲ့မှာကတော့ အမှန်ပါပဲ။

တစ်ခါကလည်း ကြားဖူးလိုက်သည်။ စာရေးသူတို့ နှမတစ်ယောက်မှာ ပြင်ဦးလွင်မှာနေ၍ အထက်တန်းပြ ဆရာမတစ်ယောက် ဖြစ်သည်။ တပည့်မိန်းကလေးများပါ စုပေါင်း၍ ဝေဘူ ဆရာတော်ကြီးကို ကျောက်ဆည် သွားဖူးကြသည်။

ကျောက်ဆည်မှာပဲ ညအိပ်တည်းခိုကြသည်။ ဆရာတော်ကြီး အရုဏ်တက်ခါနီး တောင်ပေါ်မှ ဘုရားများ မီးပူဇော်လေ့ရှိသည်ဟု သတင်းစကား ကြားရသည့်အတိုင်း အရုဏ်မတက်မီ တောင်ပေါ် တက်ကြသည်။

ဆရာတော်ကြီး မီးပူဇော်နေသည်ကို စောင့်ကြသည်။ အရုဏ်တက်ခါနီး ဆရာတော်ကြီး ကြွလာသည်။ ကွယ်ရာမှ စောင့်ကြသည်။ အချိန်အနည်းငယ်ခွာ၍ တိတ်တဆိတ် နောက်က လိုက်ကြသည်။ သူတို့ တောင်ပေါ် ရောက်ချိန်တွင် ဘုရားလည်း မီးပူဇော်ထားပြီး ဖြစ်သည်။ ဆရာတော်ကြီးလည်း ရင်ပြင်ပေါ်တွင်မရှိ။

နောက်ဘုရားတစ်ဆူမှ မီးလင်းသည်ကို မြင်ရသည်။ လိုက်ကြပြန်သည်။ ဘုရားတစ်ဆူပြီးတစ်ဆူ မီးလင်းသည်။ ဆရာတော်ကြီးကိုတော့ မမီလိုက်ကြ။ အားလုံးပြန်ဆင်းပြီး ကျောင်းပေါ်သွားကြသည်။ ဆရာတော်ကြီး ကျောင်းပေါ်မှာ အေးအေး သက်သာ စံပယ်နေသည်ကို တွေ့ကြရသည်။

တစ်ချိန်က ရသေ့ကြီး ဦးခန္တီကို တောင်အောက်တွေ့ခဲ့သည့် ဒကာ၊ ဒကာမများက...

'အရှင်ဘုရား ခုနက တပည့်တော်တို့နဲ့ တောင်ခြေမှာ တွေ့ခဲ့ပါတယ်'

ဟု ပြောလျှင်...

'အင်း ငါက ဖြတ်လမ်းသိတော့ ဒီပေါ်အရင် ရောက်နေတာပေါ့'

ဟု ပြန်ပြောသလိုနေမှာပဲ။ ပုဂ္ဂိုလ်ထူးများ၏အကြောင်း လျှို့ဝှက်ချက်များက ပြော၍မယုံ ကြုံဖူးမှ သိကြရသည်။

စာရေးသူမှာ ပုဂ္ဂိုလ်ထူးများ ဖြစ်ကြသည့် ဘိုးသုစန္ဒီရသေ့ကြီးကိုလည်း အနီးကပ်နေဖူးသည်။ နောက်ထ... မတွေ့တော့မည့်အချိန် ရောက်ပ... ပုဂ္ဂိုလ်ထူးတို့၏အကြောင်းကို သိ... သည်။ သို့သော် အချိန်လွန်နေပြီ။

ယခု ဝေဘူဆရာတော်ကြီး... အကြောင်းကလည်း စေ့စေ့တွေး... ရေးရေးပေါ်လာသည်။ သို့သော်... နောင်တရရုံမှတစ်ပါး အခြားမရှိတော့... နောင်းလူများ ဝေဘူဆရာတော်ကြီး... အကြောင်း ကြားရသည့်အခါ၊ ပုံတော်... များ မြင်ရသည့်အခါ ဝေဘူဆရာတော်... ကြီးသည် "ဒီလိုပုဂ္ဂိုလ်ထူး အရှင်မြ... ကြီးပါလား" ဟု ကြည်ညိုနိုင်ရန် စာ... သူ၏ အတွေ့အသိများ သိကြ၊ မှ... သားကြစေရန် စာရေးသူထံ၌ ရှိသော... ဝေဘူဆရာတော်ကြီး၏ ကွင်းဆ... ကလေးအချို့ကို ရေးသားဖော်ပြလိုက်... ပါသည်။

စာရေးသူ၏ ကိုယ်တွေ့များ၊ ကို... တွေ့မဟုတ်သော အခြားသူမျ... အကြောင်းများ ပါသည်။ ယုံကြည်... လောက်သော ခိုင်လုံသောသူများ... ကိုယ်တွေ့များသာ ဖြစ်ပါသည်။

**ကြည်ဝင်းမြင့်**

စင်းခမ်း = စင်းခမ်းရွာ၊ ဗန်း... အောက်တစ်ဆိပ်ကမ်း။

**စာရှုသူ သုတေသီနှင့် ဝါသနာရှင်များသို့. . .**

မိမိတို့ဒေသရှိ ဆရာတော်ကြီးများ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။

ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်မှတ်တမ်းတင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

*လေးစားစွာဖြင့်. . .*

**ဦးကျော်သိန်း**

**စာတည်းချုပ်**



www.burmeseclassic.com

www.burmeseclassic.com

# ဝါးမင်းအဆောင်

## နှင့် သူ၏အစွမ်း

နေခြောက်လင်း (စလေ)

ချောက်မြို့ ရန်ကုန်–မန္တလေး လိုင်းပေါင်းစုံ မော်တော်ယာဉ်ဂိတ်သို့သွားသည့် စလေ–ချောက် ကားလမ်း၏ ဝဲဘက်တွင်ကပ်လျက် **နိုင်ငံသစ်စက်မှုလုပ်ငန်းတိုက်၏လသာဆောင်ထိပ်တွင်** ကလပ်နှင့်တကွ သပ်သပ်ရပ်ရပ်ထားရှိသည့် ဝါးမင်းပင်အဆောင်အား လမ်းမပေါ်ကားပေါ်မှ ကြည့်လျှင် အလွယ်တကူ မြင်တွေ့နိုင်ပါသည်။

ဝါးမင်းအဆောင်အား အဝေးမှကြည့်လျှင်ပင် ရွှေချထားသည့် အသွင်မြင်တွေ့ရသည်ဖြစ်ရာ စာရေးသူမှ ဝါးမင်းပင် ဆောင်ထားရခြင်းနှင့် ရည်ရွယ်ချက် ထူးခြားမှုများရှိလျှင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်သူများအတွက် ဝါးမင်းပင်နှင့် ပတ်သက်၍ နေအိမ်တိုက်တာတို့တွင် ဆောင်ယူထားရှိခြင်းဖြင့် ရရှိလာမည့် အကျိုးဆက်များ၊ အသုံးဝင်ပုံများကို စာရေးသူမှ ဝင်ရောက် လေ့လာ မေးမြန်းဖြစ်ခဲ့ပါသည်။

နိုင်ငံသစ် စက်မှုလက်မှုလုပ်ငန်းပိုင်ရှင်မှ...

ဝါးမင်းပင်အား နေအိမ်တိုက်တာ လုပ်ငန်းခွင် စားပွဲအနီးတွင် ဆောင်ယူထားရှိခြင်းဖြင့် အလုပ်အကိုင်များ အဆင်ပြေ ချောမွေ့စေပြီး ဥစ္စာစီးပွား လာဘ်လာဘများနှင့် ကြီးပွားတိုးတက်စေကြောင်း သိရှိရပါသည်။

မိမိအား မကောင်းကြံလို၍ စုန်း၊ ကဝေ၊ အမှောင့်ပယောဂ၊ အတိုက်အခိုက်တို့နှင့် မကောင်းကြံစည်သော်လည်း ဝါးမင်းဆောင်ယူထားရှိသူအား မကောင်းမကြံစည်နိုင်၊ အတိုက်အခိုက်တို့ကို တန်ပြန်စေနိုင်သည်ဟု ဆိုပါသည်။

ဗိုက်နာခြင်း၊ ဗိုက်အောင့်ခြင်း ဝေဒနာရှိသူများအားလည်း ဝါးမင်းပင်သို့မဟုတ် အဆစ်တို့နှင့် ဗိုက်နာသည့်



◄ တစ်တောင်အတွင်း

အဆစ်(၇)ဆစ်မှ (၁၀)ရှိ ဝါးမင်းပင်စည်

နေရာ၊ ဗိုက်အောင့်သည့် နေရာတို့တွင် ထောက်ထားပေးလျှင် ပျောက်ကင်းသက်သာနိုင်ကြောင်း...

ဝါးမင်းပင်မှ အဆိပ်ရှိ မြွေ့ကင်း အန္တရာယ်များလည်း ကာကွယ်၍ ဝါးမင်းပင်ရှိသည့် ဝါးချုံနား အနီးဝန်းကျင်နေရာများတွင် မည်သည့် အဆိပ်ရှိသတ္တဝါမှ မနေထိုင်နိုင်သဖြင့် မြွေ့ကင်း အန္တရာယ်များကိုလည်း ကာကွယ်သည်ကို သိရှိရပါသည်။

ဝါးမင်းပင်စစ်လျှင် အဝါရောင်ရှိပြီး အဝေးမှ ကြည့်လျှင် ရွှေချထားသကဲ့သို့ ထင်မှတ်ရပြီး ဝါးမင်းပင်၏ အရှည် တစ်တောင်အတွင်း အဆစ်(၇)ဆစ်မှ အထက်ရှိလျှင် ဆေးဖက်အသုံးပြုရာတွင် ပိုမို အစွမ်းထက်မြက်ကြောင်း သိရှိရပါသည်။


ယခု ဆောင်ယူထားရှိသည့် ဝါးမင်းပင်မှာ ပဲခူးရိုးမဘက်မှ ရယူခဲ့ခြင်းဖြစ်ပြီး အမြင့်မှာ လူ၏ တစ်ရပ်စာမျှ ရှိလျက် အဆစ်များမှာလည်း အရှည်တစ်တောင် အတိုင်းအတာအတွင်း အဆစ်မှာ (၇)ဆစ်၏အထက် (၉)ဆစ်၊ (၁၀)ဆစ်အထိရှိရာ အခြားဝါးမင်းပင်များထက် ပိုမို အစွမ်းထက် ဆေးဖက်ဝင်နိုင်မည်ကိုလည်း သိရှိမှတ်သားရပါသည်။

ဝါးမင်းပင်မှာ သစ်တော တစ်တောလုံး လိုက်၍ရှာသော်လည်း တစ်ပင်



www.burmeseclassic.com

www.burmeseclassic.com



▲ နိုင်ငံသစ် စက်မှုလက်မှုတိုက် အဆောက်အအုံထဲတွင်
ဝါးမင်းသင်အား ကာလ်နှင့် တွေ့ရစဉ်

မတွေ့နိုင်။ တောဆယ်တောမှာလည်း တစ်ပင်ပေါက်လေ့ပေါက်ထမရှိ၊ နေရာတိုင်းတွင် ပေါက်ရောက် ရှင်သန်လေ့မရှိ။

မထိုက်တန်ပါက ပျံသွား ရွှေ့ပြောင်းတတ်ကြောင်းနှင့် ဝါးစုန်းဝါးခြောက် အဆစ်အမျက် အခိုက်များရှိသည့် ဝါးများကိုလည်း သိရှိလေ့လာမှတ်သားရ ပါသည်။

**[ဝါးမင်းအဆောင်နှင့် ပတ်သက်၍ သိရှိလိုသမျှ မေးမြန်းသည်ကို ဗဟုသုတဖြစ်စေရန် ပြောပြပေးသော နိုင်ငံသစ်စက်မှုလုပ်ငန်း မိသားစုအား ကျေးဇူးမှတ်တမ်းတင် ရှိပါသည်။]**

**နေအောင်လင်း(စလေ)**

စာမျက်နှာ (၁၀၄)မှ အဆက်

ရမယ်။ ကြက်သွန်နီက (၂)လုံးထက် မပိုရသလို (၂)လုံးထက်လဲ မလျော့ဖို့ သတိထားရမယ်။

ကြီးတယ်ဆိုပြီး တစ်လုံးတည်း မလုပ်ရသလို သေးတယ်ဆိုပြီး သုံး,လေးလုံး မလုပ်ရဘူး။ သတ္တုရည်ပြီဆိုရင် သကြားအသင့်အတင့်ထည့်ပြီး ပျော်သွားအောင်မွှေရမယ်။

အရည်ကျဲနေသေးရင် သကြားထပ်ထည့်ပြီးမွှေ၊ သတ္တုရည် ခပ်ပျစ်ပျစ်ဖြစ်တဲ့အထိ သကြားထည့်ပြီး သောက်ရုံပါပဲ။ သူငယ်ချင်းက တစ်ကြိမ်ပဲ သောက်နိုင်းတာ။ ကျွန်တော်က သေချာအောင်ဆိုပြီး မနက်တစ်ကြိမ်၊ ညတစ်ကြိမ် သောက်လိုက်တယ်။ အခုတော့ အိုကေပဲ အစ်ကိုရေ'

'အင်း ဟုတ်တယ်ဗျ။ ကျွန်တော်တို့ လက်တစ်ကမ်းမှာပဲ အသီး, အရွက်, အမြစ်,အပွင့်နဲ့ ဖော်စပ်နိုင်တဲ့ အစွမ်းထက်ဆေးနည်းတွေ အများကြီးထဲ ကျွန်တော်တို့ကသာ မသိတာနော့'

'ဟုတ်တာပေါ့ဗျာ၊ အနီးအနားမှာရှိနေတဲ့ အသီးအရွက် စတာတို့ဟာ သူ့နေရာနဲ့သူ စွမ်းတာချည်းပါပဲ။ သုံးနည်းသိဖို့သာလိုတာ။ ဒါကြောင့် ဗုဒ္ဓရဲ့ သမားတော်ကြီး ဇီဝက ပြောတာပေါ့။ **"ကမ္ဘာမြေပြင်ပေါ်မှာ ပေါက်တဲ့ အပင်မှန်သမျှ ဆေးဖက်မဝင်တဲ့ အပင်ရယ်လို့ တစ်ပင်မှ မရှိဘူး"**တဲ့'

'ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့'

**(စာရှုသူကိုယ်တိုင်ဖြစ်စေ၊ မိတ်ဆွေ အသိုင်းအဝိုင်းအတွင်းမှာ ဖြစ်စေ ဒီလိုဝေဒနာမျိုးနှင့် တွေ့ကြုံခဲ့သော် အသုံးချနိုင်ဖို့ လက်တွေ့လွယ်ကူထက်သာစေသည့်ဆေးနည်းကောင်း တစ်လက် ဒါနပြုလိုက်ရပါစေ။)**

***ဆေးနည်း၊ ပြောပြသူ ကိုစန်းမြင့်အား ကျေးဇူးတင်ရှိပါသည်။***

**ကိုစနေ**

www.burmeseclassic.com

www.burmeseclassic.com

# ခေါင်းတစ်ခြမ်း ကိုက်နေသလား

ဦးကျော်ဒင်





သာယာကုန်းအပိုင် ခမိတ်ကျေးရွာမှာနေတဲ့ ဦးအောင်သန်း+ဒေါ်ခင်မွန်တို့အိမ်ကို မရောက်တာကြာပြီဖြစ်တဲ့အတွက် တစ်နေ့ညနေခင်းမှာ လမ်းလျှောက်ရင်း စာရေးသူ ထွက်လာခဲ့ပါတယ်။

အိမ်က တံခါးတွေ ဖွင့်ထားပါလျက်နဲ့ လူတစ်ယောက်မှ မတွေ့ရတဲ့အတွက် အိမ်အဝင်ပေါက်ကနေ ''ဘယ်သူမှ မရှိကြဘူးလား''ရယ်လို့ အသံပေးရင်း မေးလိုက်တော့မှ မကျန်းမာတဲ့အသံမျိုးနဲ့ ''ရှိပါတယ်'လို့ ပြောရင်း ဖြည်းလေးစွာ ထွက်လာတဲ့ ဒေါ်ခင်မွန်ကို တွေ့ရပါတယ်။

သူရဲ့ နားထင်နှစ်ဖက်မှာ ခေါင်းကိုက်ပျောက်စေတဲ့ ပလာစတာကပ်ထားတာကိုလဲ တွေ့ရပါတယ်။ ဒေါ်ခင်မွန်ရော ကျွန်တော်ပါ ဧည့်ခန်းမှာ ထိုင်မိကြတဲ့အချိန်မှာ ကျွန်တော်ကပဲ စကားကို စ,လိုက်ပါတယ်။

'နေမကောင်းဘူးလား ဘယ်လိုဖြစ်နေတာလဲ'

လို့ မေးလိုက်တော့...

'ရှင်လဲ မရောက်တာကြာပြီနော်ကျွန်မလဲ ခေါင်းတစ်ခြမ်းကိုက်နေတာ တစ်ပတ်လောက်ရှိပြီ'

'ဒါနဲ့ နေပါဦး ဒီလိုပဲနေတာလား၊ ဆေးခန်းလေး ဘာလေးရော ပြမကြည့်ဘူးလား'

လို့ ကျွန်တော်က မေးလိုက်တော့...

'ဘယ်မပြဘဲနေပါ့မလဲ ဦးကျော်ဒင်ရယ်...ဆေးခန်းလဲပြ၊ ဆေးလဲထိုး၊ ဆေးလဲသောက် လုပ်နေတာပဲ ဘယ်လိုမှ မသက်သာပါဘူး။

ကောင်းနိုးရာရာဖြစ်တဲ့ မြန်မာဆေးတွေလဲ သောက်တာပါပဲ။ ဒါပေမယ့် ဘာမှ အကြောင်းမထူးလို့ နှိပ်ကြည့်ရင် ကောင်းမလားဆိုပြီး ဒီရွာထဲက အနှိပ်သည် ဒေါ်အေးကို ခေါ်ထားတယ်'

အဲဒီလို ဒေါ်ခင်မွန်က ပြောနေတုန်းပဲ အသက်(၆၀)လောက်ရှိတဲ့ အနှိပ်သည် ဒေါ်အေးဆိုသူရောက်လာပြီး ဒေါ်ခင်မွန်အနီးမှာ ဝင်ထိုင်ရင်းနဲ့...

'ဘယ်လိုဖြစ်နေတာလဲ ပြောစမ်းပါဦး'

လို့ မေးတဲ့အတွက် ဒေါ်ခင်မွန်ကလဲ ဝေဒနာခံစားနေရသမျှ အကြောင်းစုံကို ပြောပြလိုက်တော့...

'အောင်မယ်လေး ခင်မွန်ရယ်၊ ဒီဝေဒနာမျိုးက ငါ နှိပ်ပေးလဲ မပျောက်ဘူး။ ဒါပေမယ့် နင်ကျေနပ်အောင်တော့ ငါ နှိပ်ပေးခဲ့ပါမယ်'

လို့ပြောပြီး ဒေါ်ခင်မွန်ရဲ့ ကျောဘက်ကနေ လည်ကုပ်နဲ့ ပခုံးနှစ်ဖက်ကို နှိပ်ပေးရင်း သူ့ရဲ့စကားကို ဆက်ပြောနေပါတယ်။

'ဒီရောဂါမျိုး ပြီးခဲ့တဲ့လကတည်းက ငါလဲ ဖြစ်တယ်။ ငါလဲ နင်လိုပဲ ဆေးတွေကို စုံနေတာပဲ သုံးလိုက်တာ၊ ဒါပေမယ့် ဒီခေါင်းတစ်ခြမ်းကိုက် အပြီးတောင် မပျက်ဘူး'

ရယ်လို့ ရယ်ရယ်မောမောနဲ့ ပြောပြရင်း တစ်ဆက်တည်းပဲ စကားကို ဆက်ပြောပါတယ်။

'ဘာဆေးနဲ့မှ မသက်သာတော့ ငါလဲ စိတ်ညစ်ညစ်နဲ့ အိပ်ရာထဲမှာ ဟိုတွေးဒီတွေး တွေးရင်း တို့မိဘလက်ထက် ဘိုးစဉ်ဘောင်ဆက် လက်ကိုင်ပြုထားတဲ့ ဆေးနည်းတစ်လက်ကို သွားသတိရမိတယ် အဲဒီဆေးနည်းကလဲ အမေက ပြောပြထားလို့ ငါလဲ သိရတာ'

'အဒေါ်ကြီး ဆေးနည်းက ဘယ်လိုဆေးနည်းလဲဆိုတာ ပြောပြပါဦး'

လို့ ကျွန်တော်က စကားကို ထောက်ပေးလိုက်တော့ သူလဲ အနှိပ်ကိုရပ်ပြီး ဒေါ်ခင်မွန်ရဲ့ ဘေးမှာ ထိုင်ရင်းပြောပါတယ်။

'အေး ပြောပြမှာပေါ့'

လို့ ပြောပြီး ပါလာတဲ့ ဆေးပေါ့လိပ်



www.burmeseclassic.com

www.burmeseclassic.com

ကို မီးညှိဖွာရင်းနဲ့ စကားကို ဆက်ပြောပါတယ်။

'ဒီလိုကွယ့် ဆေးနည်းက မခက်ပါဘူး။ သေချာမှတ်ထား'

'ဟုတ်ကဲ့'

လို့ ပြောပြီး ကျွန်တော်လဲ စားပွဲပေါ်က စာရွက်နဲ့ ဘောလ်ပင်ကို လှမ်းယူလိုက်ပြီး ပြောသမျှကို လိုက်ရေးပါတယ်။

'မုန့်ညင်းဆီ (၅၀)ကျပ်သားကို ဒယ်အိုးတစ်လုံးမှာ ထည့်ပြီး မီးနဲ့ ဆူအောင်ချက်၊ ဆူလာပြီဆိုတော့ အခွံနွာထားတဲ့ ကြက်သွန်ဖြူ လက်တစ်ဆုပ်ကို ထည့်ပြီးကြော်။

နီလာတဲ့အခါ လေးညှင်းပွင့် လက်တစ်ဆုပ်ကို ထည့်မွှေပြီး ဒယ်အိုးကို မီးဖိုပေါ်ကချပြီး အအေးခံထားလိုက်။

အေးပြီဆိုတော့ ပုလင်းသန့်သန့်တစ်လုံးထဲကို ဆီတွေခပ်ထည့်ပြီးရင် ပုလင်းကို လေလုံအောင် ပိတ်ထား။

ကြက်သွန်ဖြူ လေးညှင်းတွေကိုတော့ အသုပ် လုပ်စားတဲ့အခါ ဟင်းချက်တဲ့အခါမှာ ထည့်သုံးလိုက်'

အဒေါ်ကြီးလဲ စကားကို ရပ်ထားပြီး မီးငြိမ်းနေတဲ့ သူ့ရဲ့ဆေးပေါ့လိပ်ကြီးကို မီးညှိပြီး ဆက်ဖွာနေတဲ့အချိန်မှာ ကျွန်တော်က...

'အဒေါ်ကြီး အဲဒီဆီကို သိမ်းထားပြီး ဘယ်လို သုံးရမှာလဲဆိုတာ ပြောပါဦး'

လို့ သတိပေးလိုက်တော့...

'အေး အေး အဲဒီဆီကို နားထင်နှစ်ဖက်လုံးမှာ လိမ်း၊ အသားထဲ စိမ့်ဝင်သွားအောင်ပွတ် နောက်ပြီး လည်ကုပ်ကိုလဲလူး၊ အသားထဲ စိမ့်ဝင်သွားအောင်ပွတ် အဲဒီလို မနက်တစ်ခါ၊ ညနေတစ်ခါ လုပ်ပေး၊ ဒီခေါင်းကိုက် ခံနိုင်ရိုးလား။ နင်နေတော့ ငါသွားတော့မယ်ပဲ'



အဒေါ်ကြီးလဲ စိတ်ရှည်ရှည်နဲ့ ပြောပြပြီး ဆေးလိပ်ကို ဆက်ဖွာနေပါတယ်။

'အဒေါ်ကြီး ခေါင်းကိုက်တယ်ဆိုတုန်းကရော အဲဒီဆေးနဲ့ပဲ ပျောက်သွားတာလား'

လို့ ကျွန်တော်က မေးလိုက်တော့...

'အေး...ဟုတ်တယ် အဲဒီတုန်းက (၃)ရက်လောက်ပဲ လိမ်းပေးလိုက်ရတယ်။ တစ်ခါတည်း သက်သာသွားလိုက်တာ အခုချိန်ထိ ပြန်မပေါ်လာဘူး'

လို့ ပြောပြပြီး တစ်လက်စတည်းပဲ...

'ကဲ ခင်မွန် နင်လဲ အဲဒီဆေးကိုပဲသုံး၊ တခြား ဘာမှ စိတ်ကူးမလွဲနဲ့၊ ငါလဲ ပြန်လိုက်ဦးမယ်'

လို့ ပြောပြီး ထွက်သွားခဲ့ပါတယ်။ ကျွန်တော်ကလဲ...

'ကဲ ဒေါ်ခင်မွန်...ခင်ဗျားက ဝေဒနာခံစားနေရတော့ ဘာမှ လုပ်နိုင်မှာမဟုတ်ဘူး။ အဲဒီတော့ ဒီဆေးကို ကျွန်တော်ပဲ ချက်ပြီး ယူလာခဲ့ပေးမယ်'

လို့ ပြောလိုက်တော့ ဒေါ်ခင်မွန်က ခေါင်းညိတ်ပြပြီး...

'ကျေးဇူးပဲ ဦးကျော်ဒင်'

လို့ ပြန်ပြောတော့ ကျွန်တော်လဲ...

'ဒီလိုဆို ကျွန်တော်ပြန်ဦးမယ်'

လို့ ပြောပြီး ပြန်လာခဲ့ပါတယ်။

နောက်နှစ်ရက် လောက်နေတော့ ဆေးကို အဒေါ်ကြီး ပြောတဲ့အတိုင်း ချက်ပြီး ဒေါ်ခင်မွန်ဆီ ကိုယ်တိုင်ပဲ သွားပို့ပေးခဲ့ပါတယ်။

သုံးရက်လောက်နေတော့ ကျွန်တော်လဲ သထုံနဲ့ ပေါင် အကြားမှာရှိတဲ့ ဖင်းကျိုက်ဘုရားတောင်ပေါ်ကို အဓိဋ္ဌာန်ခရီး ထွက်ခဲ့ပါတယ်။

နှစ်လလောက်ကြာပြီး ပြန်ရောက်တော့ ဒေါ်ခင်မွန်ရဲ့ ခေါင်းတစ်ခြမ်းကိုက်ကိစ္စ သိချင်တာနဲ့ လူနာမေးသဘော ထွက်လာခဲ့ပါတယ်။

'အယ် ဦးကျော်ဒင်ကြီး ရောက်လာတယ်။ မပေါ်လာတာကြာပြီ ဘယ်ပျောက်နေတာလဲ'

ကျွန်တော်အိမ်ထဲကို ဝင်လိုက်တယ်ဆိုရင်ပဲ မြင်လိုက်တဲ့ ဒေါ်ခင်မွန် ပြုံးပြုံးရွှင်ရွှင် ကျွန်တော့်ကို ခရီးဦးကြိုပြုပါတယ်။

ကျွန်တော်ကလဲ ဖင်းကျိုက်ကို ခရီးထွက်နေတဲ့အကြောင်း၊ အခုမှ ပြန်ရောက်တဲ့အကြောင်းနဲ့ ဒေါ်ခင်မွန်ရဲ့ ခေါင်းတစ်ခြမ်းကိုက် ဝေဒနာအကြောင်း၊ သိချင်တာနဲ့ လာခဲ့ကြောင်း ပြောပြလိုက်ပါတယ်။

ဒေါ်ခင်မွန်ကလဲ ကျွန်တော် ချက်ပေးတဲ့ဆီကို သုံးတာ (၂)ပတ်လောက် သုံးရကြောင်း၊ ဝေဒနာ သက်သာ ပျောက်ကင်းသွားခဲ့တယ် ဆိုတဲ့အကြောင်းနဲ့ ကျွန်တော့်ကိုလဲ ဆီချက်ပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောပြပါတယ်။


**[ဆေးနည်း ပြောပြသော အနှိပ်သည် ဒေါ်အေးကို ဤဆောင်းပါးဖြင့် ဂါရဝပြုပါတယ်။]**

**ဦးကျော်ဒင်**



www.burmeseclassic.com

www.burmeseclassic.com



# ကောလီကျင့်စဉ် လာဘ်များဝင်

ပယောဂဆရာကြီး ဦးအောင်သူ

တစ်နေ့ ကျွန်ုပ် မင်းမနိုင်ရပ်ကွက်တွင် နေထိုင်သော ဆရာ ဦးအေးကြည်နှင့် အဆိုပါ ရပ်ကွက်ရှိ ကောင်းလက်ဖက်ရည်ဆိုင်၌ တွေ့ဆုံစဉ် ကျင့်စဉ်တစ်မျိုးဖြစ်သော ကောလီကျင့်စဉ်အကြောင်း မေးမြန်းမိသည်။

ဆရာမှ ကျွန်ုပ်ကို အရင်ဆုံး နှုတ်ဆက်စကားဆိုသည်။

'ကိုအောင်သူကို ကျွန်တော် မျှော်နေတာ အခုမှပဲ ပေါက်ချလာတော့တယ်'

ကျွန်ုပ်မှ...

'ဟုတ်ပ့ါ ဆရာကြည်ရေ၊ နေကလဲ အလွန်ပူ၊ တခြားကိစ္စလေးတွေလဲ ရှိတာနဲ့ မလာဖြစ်တာဘဲ'

ထိုစဉ် လက်ဖက်ရည်ဆိုင်မှ မိန်းကလေးတစ်ဦး ရောက်လာပြီး...

'ဘာမှာမလဲ'

ဟု ချိုသာသော အသံဖြင့် မေး၏။

'အေး... ချိုဆိမ့်တစ်ခွက်ပေးကွာ'

ဟု မှာလိုက်ရာ မကြာမီ လက်ဖက်ရည်ရောက်လာ၏။

အရင်ဆုံး ပူပူနွေးနွေး ရှိလှသော လက်ဖက်ရည်တစ်ငုံ သောက်လိုက်ပါသည်။ ဆရာ ကိုအေးကြည်မှလည်း ဒူးယားတစ်ဘူးကို ချပေးသည်။ ကျွန်ုပ်လည်း ချက်ချင်းပင် ဒူးယားဘူးထဲမှ စီးကရက်တစ်လိပ်ကိုယူ၍ မီးညှိပြီး တစ်ဖွာရှိုက်လိုက်သည်။

မီးခိုးငွေ့သည် လေထဲ ပျံ့လွင့်လျက် ကျွန်ုပ်၏ စိတ်သည်လည်း ပျံ့လွင့်လျက် ရှိသည်ကို စုစည်းလိုက်ပြီး ကျွန်ုပ်သိချင်နေသော အရာတစ်ခုကို ဆရာကိုအေးကြည်အား မေးလိုက်ပါသည်။

ထိုအချိန်၌ ဆရာကိုအေးကြည်လည်း ကျွန်ုပ်ကို အာရုံစူးစိုက်၍ကြည့်လျက် ကျွန်ုပ်မှ...

'ဆရာ ကိုအေးကြည် ဆရာ့ကို ကောလီကျင့်စဉ်အကြောင်း မေးချင်တယ်'

'ဩော်... ရပါတယ် ကိုအောင်သူရယ်'

ဟူ၍ ပြောဆိုလျက် ကောလီကျင့်စဉ် အသေးစိတ်ကို ရှင်းပြပါတော့သည်။

ဤကောလီ အကျိုးသက်ရောက်ပုံကို အနည်းငယ် ရှင်းပြလိုပါ၏။ **ကော+လီ = တနင်္လာ+ဗုဒ္ဓဟူး** ဂြိုဟ်နှစ်ခုတွဲထားပါသည်။

ထို့ကြောင့် ကောလီသည် **စိတ်ကြီးလာဘ်ကြီး**ဟူ၍ ရှေးဆရာမြတ်တို့ အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ခဲ့ကြ၏။

နောက်တစ်နည်း ဆိုရသော် **ကောလီသည် လောကီကောင်းကျိုးရနိုင်စရာ** အကြောင်းတွေ အများကြီးရှိသည်။ လောကီပညာရပ်အတွက်လည်း အသုံးချနိုင်သည်။ ဤနေရာ၌ ဉာဏ်ရှိသလို အသုံးပြုနိုင်၏။

လောက၌ ရှိရှိသမျှ ပုပုထုထု လူသားများသည် စီးပွားဥစ္စာကို လိုလားကြ၏။ စီးပွားဖြစ်လိုကြ၏။ ထို့ကြောင့် ယတြာအမျိုးမျိုးကို ဆရာမြတ်တို့မှ ဉာဏ်ကိုစေ၍ ယတြာအမျိုးမျိုး ပေးကြ၏။

သို့သော်လည်း မိမိတို့ကိုယ်တိုင် အကျင့်စရဏကို နိုင်နိုင်မြဲမြဲ ကျင့်ကြံအားထုတ်နိုင်လျှင် မိမိ လိုချင်သော လောကီကောင်းကျိုး၊ လောကုတ္တရာကောင်းကျိုးများကို မလွဲမသွေ ရနိုင်သည်ကို မည်သူမျှ မငြင်းဆန်နိုင်ပေ။ ထို့ကြောင့် ယခု ဖော်ပြလတ္တံ့သော ကောလီကျင့်စဉ်ကို ကျင့်ကြံနိုင်ရန် တင်ပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## စိပ်ပုတီးပညာရှင်

## ဆရာဦးသောင်းဆွေ

## ညွှန်ပြသော ကောလီကျင့်စဉ်

ဆရာ ဦးအေးကြည်သည် ဆရာဦးသောင်းဆွေ၏ တပည့်တစ်ဦး အပါအဝင်ဖြစ်သည်။ ထို့ကြောင့်လည်း ဆရာ ဦးသောင်းဆွေ၏ ကောလီကျင့်စဉ်ကို ရရှိခဲ့ပြီး နှစ်ပေါင်းအတန်ကြာ ကျင့်ခဲ့သူ ဖြစ်ပါ၏။

ယနေ့တိုင်လည်း အပတ်စဉ် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့များတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်လျက် တပည့်များနှင့်အတူ အဓိဋ္ဌာန်ဝင်လျက် ကျင့်နေသူ ဖြစ်ပါသည်။

အကျိုးထူးများလည်း ရရှိခဲ့ပြီး တပည့်များ၏ ပေးကမ်းလှူဒါန်းမှုကြောင့် မတောင့်တ မကြောင့်ကြဘဲ သာသနာပြုလျက်ရှိသည်ကို သိရ၏။ ဆရာဦးအေးကြည်၏ ပြောပြချက်အရ ဆရာဦးသောင်းဆွေ၏ တပည့်တစ်ဦးသည် ဤကောလီကျင့်စဉ်ကို ကျင့်နေရာ ချမ်းသာလျက်ရှိကြောင်း ပြောပါသည်။

ဆရာဦးအေးကြည် ပြောပြချက်ကို မှတ်သား၍ ဖော်ပြရေးသားလိုက်ပါသည်။ အစီအစဉ် တနင်္လာနေ့တွင် ရွှေတိဂုံစေတီတော်ကြီး၏ **အရှေ့ဘက်ရှိ မုခ်တန်ဆောင်းအတွင်းရှိ ကကုသန်မြတ်စွာဘုရား(မကိုဋ်ဆောင်း) ဆင်းတုတော်အား** ဦးစွာ ဝပ်တွားပူဇော်၍ **ယာဘက်လက် လက်ညှိုးတော်တွင် ဂမ္ဘီရဆန်စွာ တည်ရှိနေသော အမှတ်အသား (သို့) ပစ္စည်းတစ်မျိုးကို** အာရုံယူ၍ ကောလီကျင့်စဉ်အတွက် တင်ပြလျှောက်ထားရပါမည်။

ထိုသို့ လျှောက်ထားရာတွင် မိမိနာမည်ထည့်...



ဥပမာ...

'တနင်္ဂနွေသားဖြစ်သော တပည့်တော်၏ ဘဝအခက်အခဲ အကျပ်အတည်း အနှောင်အဖွဲ့ ဆင်းရဲဒုက္ခနှင့်တကွ ဂြိုဟ်ဆိုးဂြိုဟ်ညံ့ အပေါင်းမှ လွတ်ကင်း၍ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်း ပြီးပြည့်စုံကာ ပြောသမျှ ကြံစည်သမျှ အောင်မြင်၍ သာသနာပြုနိုင်စေရန် ဂြိုဟ်တိုင်အလိုက် ဘုရားဂုဏ်တော်များကို အဓိဋ္ဌာန်ပုတီးစိပ်၍ ကောလီချေခြင်း အဓိဋ္ဌာန်ကျင့်စဉ်ကို ဝင်ပါသည်ဘုရား'

ဟု ဆို၍ ရွှေတိဂုံစေတီတော်အား လက်ယာရစ်၍ မုခ်တန်ဆောင်းလေးခုအတွင်း ပူဇော်ထားသော မြတ်စွာဘုရားတို့အား လှည့်လည်ပူဇော်ပြီး **တနင်္လာအရပ် မုခ်အတွင်းရှိ ကကုသန်** ဘုရားရှင်ရှေ့တွင်ထိုင်၍ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဘုရားရှင်အား ကြည်ညိုသဒ္ဓါစိတ်ဖြင့်...

၁။ လောကဝိဒူဂုဏ်တော်ကို ရွတ်ဆို၍ ပုတီး (၁၅)ပတ်(တနင်္လာအရပ်)
၂။ ကြာသပတေးဂြိုဟ်တိုင်ရှေ့တွင် ဘဂဝါဂုဏ်တော်ရွတ်ဆို၍ (၁၉)ပတ်
၃။ ဗုဒ္ဓဟူးဂြိုဟ်တိုင်ရှေ့တွင် သတ္ထာဒေဝမနုဿာနံ (၁၇)ပတ်
၄။ သောကြာဂြိုဟ်တိုင်ရှေ့တွင် ဝိဇ္ဇာစရဏသမ္ပန္နော (၂၁)ပတ်

ဤကား တနင်္လာနေ့တွင် ပြုလုပ်ရမည့် **(ကော)**ကျင့်စဉ် ဖြစ်ပါသည်။ **(ဤကျင့်စဉ်သည် သောမဂြိုဟ်အတွက် ဖြစ်သည်။)**

ဒုတိယနေ့ဖြစ်သော **ဗုဒ္ဓဟူးနေ့ (ပါပအရပ်)** ယင်းအရပ်တွင် ချေရန်ဖြစ်ပါသည်။ **(လီ)**ကျင့်စဉ်ဖြစ်သည်။ ဗုဒ္ဓဟူးနေ့(လီ)အတွက် နံနက်ပိုင်း **(၁၂)နာရီမကျော်မီ** အပြီးလုပ်ရန်ဖြစ်သည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဗုဒ္ဓဟူးနေ့တွင် အရှေ့ဘက်မုခ်တန်ဆောင်းအတွင်းရှိ ကကုသန်မြတ်စွာဘုရားထံ တစ်ဖန် သွားရောက်ဖူးမြော်ပြီး ဆက်လက်ကျင့်ရန် ရှိနေသော (လီ)အတွက် ခွင့်ပြုလျှောက်ထားချက်တောင်းခံပါ။ လျှောက်ထားရာတွင် မိမိနာမည် ထည့်၍ဆိုပါ။

ဥပမာ...

'တပည့်တော် တနင်္ဂနွေသားသည် ကောလီချေခြင်းအဓိဋ္ဌာန်ကျင့်စဉ် ဒုတိယမြောက် (လီ)အတွက် ဆက်လက်၍ အဓိဋ္ဌာန်ပုတီးကို စိပ်ခွင့်ပြုပါဘုရား'

ဟု လျှောက်ထားပြီး အထက်ပါအတိုင်း လက်ယာရစ်လှည့်၍...

* ❖ တနင်္ဂနွေထောင့်(ပါပအရပ်) ဂြိုဟ်တိုင်ရှေ့တွင် **သမ္မာသမ္ဗုဒ္ဓေါဂုဏ်တော်**ကို ပုတီး (၆)ပတ်စိပ်ပါ။
* ❖ စနေဂြိုဟ်တိုင်ရှေ့တွင် **ဗုဒ္ဓေါဂုဏ်တော်**ကို ရွတ်ဆို၍ ပုတီး (၁၀)ပတ်စိပ်ပါ။
* ❖ အင်္ဂါဂြိုဟ်တိုင်ရှေ့တွင် **အနုတ္တရော ပုရိသဒမ္မသာရထိ** ပုတီး(၈)ပတ်စိပ်ပါ။
* ❖ ရာဟုဂြိုဟ်တိုင်ရှေ့တွင် **သုဂတော ဂုဏ်တော်** ပုတီး (၁၂)ပတ် စိပ်ပါ။

(၄)ခုမြောက်ဂြိုဟ်တွင် ပုတီးစိပ်ပြီးဆုံးသောအခါ အဆိုပါရာဟုဂြိုဟ်၏ မြောက်ဘက်ရှိ **အောင်မြေနေရာ**





www.burmeseclassic.com

www.burmeseclassic.com

သို့သွားပြီး ရွှေတိဂုံစေတီတော်ကြီး၏ သိတ်မှောက် အထက်ပန်းဆွဲအောက် ရှိ လေးထောင့်ကွက်ပုံသင်္ချာန် (၈၁၀၀)အကွက်နေရာကို ကြည့်၍ အသက်ဝအောင်ရှူလျက် အသက် အောင့်ပြီး မျက်တောင်မခတ်ဘဲ (၃)ကြိမ်တိတိ (၈၁၀၀)ကို ရွတ်ဆိုပါ။ ထိုင်းနောက် မိမိလိုရာ ဆုတောင်းပါ။ ဆုတောင်းပြည့်မည်။

## နဝင်းကျေအမိဋ္ဌာန်

ထို ဗုဒ္ဓဟူးနေ့မှာပင် မိမိ၏ မွေးနေ့ အလိုက် နဝင်းကျေရာအရပ်ကို ရွေး ချယ်၍ ထိုအရပ် ဂြိုဟ်တိုင်ရှေ့တွင် **ရဟုံဂုဏ်တော်**ကို ရွတ်ဆို၍ ပုတီး (၂၇)ပတ်စိပ်ပါ။

* * * ————→

ဖျှနိုဝ်သည် ဆရာ ဦးအေးကြည် ပြောပြသော **ကောလီကျင့်စဉ်**ကို အသေးစိတ် မှတ်သားပြီး စာဖတ်သူ များထံသို့ တစ်ဆင့် ရေးသားအပ်ပါ သည်။

ဒါကြောင့် စာရှုသူများ **ကောလီ ကျင့်စဉ်လာဘ်များဝင် လောကီ ကောင်းကျိုး စီးပွားတိုး** ကျင့်စဉ်ကို ကျင့်ကြပါရန် လေးစားစွာ တိုက်တွန်း လိုက်ရပါကြောင်း...

**မှတ်ချက်** ။ ။ **ဤဆောင်းပါးဖြင့် ပုတီးဆရာ ဦးသောင်းဆွေအား လည်းကောင်း၊ တစ်ဆင့်ပြောပြ သော ဆရာဦးအေးကြည်အား လည်းကောင်း ကျေးဇူးတင်ပါ၏။**

**ပထမံဆရာကြီး ဦးအောင်သူ**

### နေ့အလိုက် နဝင်းရိုရာထောင့်များ

| | | | |
|---|---|---|---|
| ၁။ တနင်္ဂနွေသားသမီး | ⇨ ရာဟုထောင့် | ⇨ | ၁ + ၈ = ၉ |
| ၂။ တနင်္လာသားသမီး | ⇨ စနေထောင့် | ⇨ | ၂ + ၇ = ၉ |
| ၃။ အင်္ဂါသားသမီး | ⇨ သောကြာအရပ် | ⇨ | ၃ + ၆ = ၉ |
| ၄။ ဗုဒ္ဓဟူးသားသမီး | ⇨ ကြာသပတေးအရပ် | ⇨ | ၄ + ၅ = ၉ |
| ၅။ ကြာသပတေးသားသမီး | ⇨ ဗုဒ္ဓဟူးအရပ် | ⇨ | ၅ + ၄ = ၉ |
| ၆။ သောကြာသားသမီး | ⇨ အင်္ဂါထောင့် | ⇨ | ၆ + ၃ = ၉ |
| ၇။ စနေသားသမီး | ⇨ တနင်္လာအရပ် | ⇨ | ၇ + ၂ = ၉ |

### စာမျက်နှာ (၁၀၀)မှ အဆက်

အကျိုးအမြတ် ရရှိနိုင်ကြသည်။

ကြွေထည်မြေထည် စဉ့်ထည်ပစ္စည်းများ ဝင်ကိန်းရှိ သည်။ အိမ်ရှင်မတို့မှာ သားသမီးရတနာ ဝင်တတ်ပါသည်။

✣ ကြက်နှစ်ဖွား



အခက်အခဲပြဿနာများကို ပြေလည် နိုင်နိုင်းအောင် ကိုင်တွယ်ဖြေရှင်း ဖြစ်မည်။ အတိရပ်မြေသို့ အလည်အပတ် သွားရတတ်သည်။

ကျောက်မျက်ရတနာ တွင်းထွက် ပစ္စည်း ဝင်ကိန်းရှိသည်။ ကာလ ကြာရှည်စွာ ကွဲကွာနေသော မိတ်ဆွေ သားချင်းတို့နှင့် ပြန်လည် ဆုံတွေ့ရ တတ်သည်။

✣ ခွေးနှစ်ဖွား



ဥပဒေနှင့်မကင်းသော လုပ်ငန်းပစ္စည်းများနှင့် ပတ်သက်မိတတ်သည်။ အချိန်ကုန်၊ ငွေကုန် အမှုပွေ့ရကိန်းရှိသဖြင့် သတိပြု ရှောင်ရှားပါ။

အဖျော်ယမကာနှင့် ရေထွက်ပစ္စည်းများကြောင့် ကျန်းမာရေး ချို့ယွင်းနိုင်သည်။ ငွေကုန်ကြေးကျ များတတ် သော ကာလဖြစ်ရာ စိစစ်ချွေတာနိုင်မှ ပြဿနာနည်းပါး မည်။

✣ ဝက်နှစ်ဖွား



ဝတ်ကောင်းစားလှ ဝတ်စားကာ ပွဲနေ ပွဲထိုင်သွားရတတ်သည်။ အိမ်တွင်းရေး သာယာကောင်း မွန်၍ မိသားစု အေးချမ်းစည်းလုံးသည့်ကာလ ဖြစ်သည်။

အလှူအတန်းကလေးများ ပြုလုပ်ဖြစ်မည်။ ဖန်ထည် မှန်ထည်ပစ္စည်းများနှင့် ပတ်သက်၍ ငွေကြေးအမြတ် အစွန်း ရရှိတတ်သည်။

ဤလတွင် ကံဇာတာ နိမ့်ပါး၍ အဆိုးတရားများ ကြုံဆုံနေရသူ များသည် မွေးကင်းစ ကလေးငယ်တစ်ဦးအား အနီးပိတ်၊ အကျီ အဝတ်အစား တစ်စုံလက်ဆောင်ပေးပါ။

ကြာသပတေးနေ့ ညနေပိုင်းတွင် လှူဒါန်းပြီးနောက် သမ္မာဒေဝ နတ်မြတ်များအား တိုင်တည်ကာ လိုရာဆုတောင်းပါ။

***ကြံအောင်သမျှ အောင်မြင်ကြပါစေ။***

**ဟူရင်းဇီ**



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၃ ခုနှစ်၊
နိုဝင်ဘာလအတွင်း
ပုံရိပ်ရှင်တို့၏

# ကံကြမ္မာ

ဟူကျင်ဇီ (Hu Jin Zhi)

ဤလတွင်...



✣ ကြွက်နှစ်ဖွား

စွန့်စားလုပ်ကိုင်ရသည့် လုပ်ငန်းဆောင်တာများ ပြုလုပ်ဆောင်ရွက်ဖြစ်မည်။ မိတ်ဆွေသားချင်းတို့နှင့် သင့်မြတ်အဆင်ပြေကာ ဘေးဘယာနည်းပါးသောကာလ ဖြစ်သည်။

ငွေကြေးအမြောက်အမြား မရရှိနိုင်သော်လည်း ငွေကြေးသောက ပြဿနာများ ကြီးမားစွာမရှိပါ။ စားဖိုဆောင်သုံးပစ္စည်းများ ဝင်တတ်ပါသည်။



✣ နွားနှစ်ဖွား

ငွေကြေးလာဘ်လာဘရွှင်လန်းသောကာလ ဖြစ်သည်။ မထင်မှတ်သောနေရာ၊ လူပုဂ္ဂိုလ်များထံမှ ငွေကြေး၊ အဖိုးတန်ပစ္စည်းများ ရရှိနိုင်သည်။

နေအိမ်ဂေဟာသို့ ညှော်ကောင်းစောင်ကောင်း ရောက်ရှိလာတတ်သည်။ ပန်းချီ၊ ပန်းရန်လုပ်ငန်းများနှင့် အကျိုးပေးမည်။ အမျိုးသမီးတို့ အိမ်ထောင်ကျကိန်းရှိသည်။



✣ ကျားနှစ်ဖွား

စီးပွားရေးနှင့် ကျန်းမာရေး မျက်နှာစာများတွင် ကြုံရဖွယ်ရှိသော အခက်အခဲများအတွက် တာဝန်ယူ ဖြေရှင်းပေးသူ ပေါ်ပေါက်မည်။

မိခင်၏ ဆွေမျိုးသားချင်းများအတွင်း သုမင်္ဂလာရေးကိစ္စ ပေါ်ပေါက်၍ ကိုယ်ရောစိတ်ပါ ကူညီပေးရတတ်သည်။ သင်ယူမှတ်သားထားသော နှုတ်မှုလက်မှုပညာများမှ ငွေကြေး ရနိုင်ကြသည်။



✣ ယုန်နှစ်ဖွား

မိတ်ဆွေသားချင်းများနှင့် အစေးမကပ်၊ အထီးကျန်ဆန်သော ကာလ ဖြစ်နိုင်သည်။ လျစ်လျူပြု၊ ဂရုမစိုက် ခြင်း ခံရတတ်သည်။

ဒေါသကို ဆင်ခြင်ထိန်းသိမ်းနိုင်ပါက ဒုက္ခနည်းပါးမည်။ သစ်ဝါးအချွန်များ၊ ဆူးငြောင့်များ သတိထားပါ။ နှလုံးသားရေး မျက်နှာစာတွင်မူ အခက်အခဲ ကြီးမားခြင်းမရှိပါ။



✣ နဂါးနှစ်ဖွား

လုပ်ကိုင်ကြံစည်သမျှ အောင်မြင် ဖြစ်ထွန်းမှု များပြားသောကာလ ဖြစ်သည်။ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲပြဿနာများ ပြေလျော့ ပျောက်ကွယ်သွားလိမ့်မည်။

ရေးဟောင်းနယ်မြေ အဓိကရနေရာ ဒေသများသို့ ဘုရားဖူး အလည်အပတ် သွားရောက်ရကိန်း ရှိသည်။



✣ မြွေနှစ်ဖွား

အလုပ်အကိုင်၊ ရာထူး အဆင့်များ တိုးမြင့်ခံစားရချိန်ဖြစ်သည်။ လူအများ ရိုသေလေးစား နေရာပေးခြင်း ခံရတတ်သည်။ အမွေအနှစ်များလည်း ရရှိနိုင်ကြသည်။

တယ်လီဖုန်းစကားပြောစက် Hand Set များ လက်ဆောင်ရဖွယ်ရှိသည်။ အမျိုးသမီးဇာတာရှင်တို့မှာ နေဂုဏ်ပြည့်စုံသော ခင်ပွန်းကောင်း ရတတ်လေသည်။



✣ မြင်းနှစ်ဖွား

စိတ်ရွှင်လန်း အားရဖွယ် သတင်းစကား အဖြစ်အပျက်များ ကြားသိရတတ်သည်။ နားနှင့်ပတ်သက်သော ရောဂါများ စစ်ဆေး ကာကွယ်ကုသသင့်သည်။

မြစ်ကူးချောင်းခြား ခရီးများ သွားရကိန်းရှိသည်။ ငါးပိ၊ ငါးခြောက်၊ ခရုကမာ စသည့် ရေထွက်ပစ္စည်းများကြောင့် ငွေကြေး အကျိုးအမြတ် ရနိုင်ကြသည်။



✣ ဆိတ်နှစ်ဖွား

ငွေကြေး ပျောက်ဆုံးတတ်သည်။ လောင်းကစားမှုနှင့် ဥပဒေမဲ့ စီးပွားလုပ်ငန်းများနှင့် ပတ်သက်သော ဆက်နွှယ်၍ ဒုက္ခပြဿနာ ကြုံရကိန်းရှိသည်။

နေအိမ်ရှိ အသုံးအဆောင်၊ ပရိဘောဂများကို ကြွက်၊ ခြင်၊ ခြပိုးမွှား တိရစ္ဆာန်များ ဖျက်ဆီးခြင်းမှ ကာကွယ်ပါ။



✣ မျောက်နှစ်ဖွား

အိမ်ခြံမြေဝင်နိုင်သည်။ စီးပွားရေးတွင် တီထွင်ဖန်တီးခြင်း၊ စေ့စွက်ကုန်ပစ္စည်းအသစ် ရှာဖွေခြင်းတို့





www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ သဘာဝသုခ တိုင်းရင်းဆေးခန်း

# ဆရာ ဦးထွန်းဝေ

(တဆ-၀၂၀၆၄)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော

# အဆုတ်ရောဂါ

ကာကွယ်ကုသနည်းများ

မြောင်းမြ မောင်ယဉ်တင့်



ဆရာဦးထွန်းဝေ တဆ-၀၂၀၆၄

အဆုတ်ရောဂါဟာ မျိုးရိုးလိုက်ပြီး ဖြစ်တတ်တဲ့ရောဂါ ဖြစ်သလို ကူးစက်တတ်တဲ့ရောဂါလဲ ဖြစ်ပါတယ်။ အဲဒီ အဆုတ်ရောဂါရဲ့ ကာကွယ်ကုသနည်းတွေအကြောင်း သိရှိဖို့ ဒဂုံမြို့သစ်(တောင်ပိုင်း)ကို ရောက်တဲ့အခါ ဆရာဦးထွန်းဝေနဲ့ သွားရောက် တွေ့ဆုံခဲ့ပါတယ်။

ဆရာဦးထွန်းဝေက သဘာဝဓမ္မဆရာကြီး ဦးထွန်းရည်ရဲ့ တပည့်ရင်းဖြစ်ပါတယ်။ဆေးကုသက်နှစ်(၂၀)ခန့်ရှိနေပြီဖြစ်တဲ့ ဆရာဦးထွန်းဝေနဲ့ တွေ့ဆုံ ဆွေးနွေးမေးမြန်းခဲ့သမျှ ပြန်လည်တင်ပြလိုက်ပါတယ်။

❐ **'ဆရာနဲ့ ဒီတစ်ပတ် ဆွေးနွေးမှာကတော့ အဆုတ်ရောဂါ ကာကွယ်ကုသနည်းများကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ အဆုတ်ရောဂါ ဖြစ်စေတဲ့ အကြောင်းများကို ပထမ ပြောကြားပေးပါ ဆရာ'**

○ 'အဆုတ်ရောဂါဖြစ်စေတဲ့အကြောင်းများကတော့...

၁။ နေပူ မီးပူခံသော အလုပ်လုပ်ခြင်း။
၂။ ဆေးလိပ် အရက် လွန်ကျူးစွာ သောက်သုံးခြင်း။
၃။ ပန်ကာလေ၊ လေအေးစက်နှင့် နေထိုင်မှုများခြင်း။
၄။ စက်ခိုးငွေ့များ၊ မကောင်းသော အနံ့ပြင်းများ၊ အပုပ်နံ့များ ရှူရှိုက်မှုများခြင်း။
၅။ ပင်ပန်းကြီးစွာ အလုပ်လုပ်ရခြင်း၊ မနိုင်သောဝန်ကို ထမ်းခြင်း။
၆။ မေထုန်မှု လွန်ကဲခြင်း။
၇။ ဆီး၊ ဝမ်း၊ လေ အဟုန်တို့ကို တားမြစ်ခြင်း။
၈။ ကြေကျက်ခဲသော အစားအစာများ စားခြင်း။
၉။ အစားအသောက်မဆင်ခြင်မှုကြောင့် ဝမ်းမကြာခဏ ပျက်ခြင်း။
၁၀။ မကြာခဏ ဖျားခြင်းကြောင့် အဖျားရောဂါ အကင်းမသေသဲ အဖျားရောဂါ အငုပ်ကျန်ရာမှ ဝမ်းမီးပျက်ခြင်း

စသော အကြောင်းအချက်များဟာ အဆုတ်ရောဂါဖြစ်စေတဲ့ အကြောင်းတရားများ ဖြစ်ပါတယ်'

❐ **'အဆုတ်ရောဂါ လက္ခဏာတွေကို ဆက်ပြီး ပြောပြပေးပါဦး ဆရာ'**

○'အဆုတ်ရောဂါ လက္ခဏာတွေကတော့...

၁။ ခြေဖဝါး၊ လက်ဖဝါး ပူခြင်း။
၂။ ကြောင်ကိုယ်၊ ကြက်ကိုယ်ကဲ့သို့ အသားပူခြင်း။
၃။ မကြာခဏ ဖျားခြင်း။
၄။ ပူလိုက်၊ ချမ်းလိုက် ဖြစ်ခြင်း။
၅။ ချောင်းဆိုးပျောက်ဆေးများ စားသော်လဲ မသက်သာခြင်း။
၆။ ချောင်းဆိုးပြီး သလိပ်ပုပ်များ ထွက်ခြင်း။
၇။ အစားအသောက် အအိပ်ပျက်ခြင်း။
၈။ တစ်နေ့တခြား အားအင်ကုန်ခမ်းလာခြင်း။
၉။ နံရိုးဘေးနှင့် ပခုံးများ အောင့်ခြင်း၊ ထုံခြင်း၊ နာကျင်ခြင်း။
၁၀။ သလိပ်ရောသောသွေး အန်ခြင်း။
၁၁။ အသံဝင်၊ အသံပျက်၊ အသံတိမ်ခြင်း။
၁၂။ အသက်ရှူရာတွင် မောပန်းခြင်း။
၁၃။ ခေါင်းမူးခြင်း။
၁၄။ တစ်ကိုယ်လုံး ပူခြင်း။
၁၅။ လက်ကောက်ဝတ်သွေး [illegible] ပုံမှန်ထက် အနည်းငယ်သော [illegible]

www.burmeseclassic.com

မြန်ခြင်း၊ ပူခြင်းဖြစ်ပြီး အရှိန်အဟုန်မြင့် သွေးတိုးခြင်း

စတဲ့ လက္ခဏာတွေဟာ အဆုတ်ရောဂါလက္ခဏာများ ဖြစ်ပါတယ်'

❒ **'အဆုတ်ရောဂါဟာ မျိုးရိုးလိုက်ပြီး ဖြစ်တတ်ကြောင်း၊ သိရပါတယ်။ ရှင်းပြပေးပါဦး ဆရာ'**

○ 'အဆုတ်ရောဂါ မျိုးရိုးလိုက်ပြီး ဖြစ်တတ်ပါတယ်။ သိပ္ပံဆေးပညာရှင်များအဆိုအရ ပိုးကြောင့် ဖြစ်တယ်ဆိုတဲ့ အယူအဆဟာ မှန်ကန်ပါတယ်။

ပိုးကြောင့် အစားအစာ၊ အသုံးအဆောင်များမှတစ်ဆင့် ကူးစက်နိုင်သလို ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်တရား(၄)ပါး လွန်ယုတ်လွဲမှားနေထိုင်မှုများရင် အဆုတ်ရောဂါသာ မဟုတ်ဘဲ အခြားရောဂါများ ဖြစ်နိုင်ပါတယ်'

❒ **'အဆုတ်ရောဂါ ကြိုတင်ကာကွယ်နိုင်တဲ့ အချက်အလက်များကိုလဲ သိပါရစေ ဆရာ'**

○ 'အဆုတ်ရောဂါ ကြိုတင်ကာကွယ်နိုင်တဲ့ အချက်အလက်တွေကတော့ အထက်မှာပြောခဲ့တဲ့ အဆုတ်ရောဂါဖြစ်စေတဲ့ အကြောင်းတရားများကို လုံးဝရှောင်ကြဉ်ရင် အဆုတ်ရောဂါ ကာကွယ်ပြီးသား ဖြစ်ပါတယ်။

အထူးသဖြင့် ဆေးလိပ်၊ အရက်ကို ရှောင်ကြဉ်ပြီး ကြက်သွန်နီ၊ ပန်းသီးနဲ့ အဝါရောင် ဂရိတ်ဖရုသီးတွေ ပုံမှန်များစွာ စားသုံးရင် အဆုတ်ရောဂါ မဖြစ်အောင် ကာကွယ်နိုင်ပါတယ်။

ကြက်သွန်နီကို ချက်ပြုတ်စားသောက်ပြီး ပန်းသီး (သို့မဟုတ်) ဂရိတ်ဖရုသီးနဲ့ တွဲဖက်စားသောက်ရင် အဆုတ်ရောဂါသာမဟုတ်ဘဲ ကင်ဆာရောဂါကို အထိရောက်ဆုံး ကာကွယ်နိုင်ကြောင်း သိပ္ပံဆေးပညာရှင်များရဲ့ သုတေသနပြုချက်တွေကို လေ့လာမှတ်သားမိပါတယ်'

❒ **'အဆုတ်ရောဂါ ကုသနည်းများကိုလဲ ဆက်ပြီး ပြောပြပေးပါဦး ဆရာ'**

○ 'အဆုတ်ရောဂါကို မြန်မာ့ဆေးကျမ်းတွေမှာ ကုထုံးအမျိုးမျိုးနဲ့ ဖော်ပြထားတာ တွေ့ရပါတယ်။ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှာ ကုထုံးအမျိုးမျိုးနဲ့ ဖော်ပြပြီးခဲ့တဲ့အတွက် အလွယ်ဆုံး ကုထုံးကို ပြောပြပါမယ်။

အဲဒါကတော့ ဆင်တုံးမနွယ်နဲ့ နွယ်ချိုဆတူရောစပ်ပြီး လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် မနက်တစ်ကြိမ်၊ ညတစ်ကြိမ် ရေနွေးနဲ့သောက်ရင် သက်သာပျောက်ကင်းနိုင်သလို ဂျပန်ရိုးရာ ဘယဆေးနည်းအရ **ကြောင်ပန်းရွက်၊ နနွင်းစိမ်း၊ ကြက်သွန်ဖြူ**တို့ကို ဆတူကြိတ်၍ ဆီးကင်းခန့်လုံးပြီး အရိပ်မှာ အခြောက်ခံကာ မနက်၊ နေ့လယ်၊ ညနေ တစ်နေ့သုံးကြိမ်၊ တစ်ကြိမ်တစ်လုံး သောက်ရင် ချောင်းဆိုးသွေးပါ အဆုတ်နာ ပျောက်ကြောင်း ဂျပန်ရိုးရာ ဘယဆေး နည်းတစ်မျိုးကို လေ့လာမှတ်သားရပါတယ်။

ကုသနည်းကတော့ အဆုတ်ရောဂါရှင်ကို ပထမ ဝမ်းမီးပြုပြင်ပေးရပါမယ်။ ဒေါသသုံးပါးကိုလဲညှိပြီး၊ ဓာတ်(၇)ပါးကို ပြုပြင်ပေးကာ အစာလဲဆေး၊ ဆေးလဲ အစာသို့သလို အားဖြစ်စေတဲ့ အစားအစာ၊ ဆေးတို့ကို တိုက်ကျွေးရပါမယ်။

မလအညစ်အကြေးတွေကို ဝမ်းသွားစေတဲ့နည်းနဲ့ ထုတ်ပယ်ပြီး အဆုတ်မှာ အခြေစိုက်တဲ့ရောဂါကို ထုတ်ပယ်တဲ့ ဆေးများနဲ့ ကုသရင် အဆုတ်ရောဂါဟာ သက်သာပျောက်ကင်းသွားမှာ ဖြစ်ပါတယ်'

❒ **'အဆုတ်ရောဂါရှင်များအတွက် ဆေးနည်းတစ်ခု ပညာဒါန ပြပေးပါဦး ဆရာ'**

○ 'အဆုတ်ရောဂါ သက်သာပျောက်ကင်းစေတဲ့ ဆေးနည်းတစ်မျိုး ပြောပြပါမယ်'

| အဆုတ်ရောဂါ | |
|---|---|
| သောက်ဆေး | |
| ၁။ တိုင်းရင်းဆေးအမှတ် (၁၄) အဝေသြသဓဆေး | (၁၀)ကျပ် |
| ၂။ ကန့် | (၄) ပဲ |
| ၃။ ယမ်းစိမ်း | (၄) ပဲ |
| ၄။ ဇက်သာ | (၄) ပဲ |
| ၅။ ကျောက်ချဉ် | (၄) ပဲ |

*[ဆေး(၅)မျိုး ဆေးချိန်(၁၁)ကျပ်သားတိတိ]*

အထက်ပါဆေးများ သမအောင် ရောစပ်ပြီး လေလုံပုလင်းနှင့် ထားပါ။ တစ်ကြိမ်လျှင် လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် မနက်၊ ည တစ်နေ့(၂)ကြိမ် ရေနွေးနဲ့ သောက်ပါ။ အဆုတ်ရောဂါ သက်သာ ပျောက်ကင်းစေပါတယ်။

❒ **'အခုလို အဆုတ်ရောဂါ ကာကွယ်ကုသနည်းများကို လိုရင်းတိုရှင်း ပြောပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဆရာ'**

○ **'ဆရာဦးထွန်းဝေနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...**

**ဆရာ ဦးထွန်းဝေ**

**သဘာဝသုခတိုင်းရင်းဆေးခန်း**

အမှတ်(၁၀၂/က)၊ မြိတ်လမ်းနှင့် စည်ပင်လမ်းထောင့် (၂၅)ရပ်ကွက်၊ အုံ့မြိုင်သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၂၀၀၅၂၆၂

ဆေးခန်းဖွင့်ချိန်-ညနေ (၃)နာရီမှ (၉)နာရီထိ (ဥပုသ်နေ့ပိတ်သည်။)

**မြောင်းမြ မောင်သဉ္စိတင့်**



www.burmeseclassic.com

www.burmeseclassic.com



# သဘော်ပင်

## အပင်ပုစေလိုလျှင် စမ်းသပ်ကြည့်ပါ

တစ်နေ့သော နံနက်ပိုင်းအချိန်တွင် မြို့စွန်ရပ်ကွက်ဖြစ်သော ကျွန်တော်တို့ နေထိုင်ရာလမ်းထဲရှိ မိတ်ဆွေဖြစ်သူ ကိုစံရွှေအိမ်သို့ အလည်သွားမိသည်။

အိမ်ရှေ့ အရောက်တွင် ကိုစံရွှေက ဖိတ်ခေါ်၍ သူနှင့်အတူ အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင်ထိုင်ပြီး စကားစမြည် ပြောကြသည်။ စကား ပြောကြရင်း ကျွန်တော်သည် ကိုစံရွှေ၏ အိမ်ခြံဝင်းထဲတွင် စိုက်ထားသော သဘော်ပင်လေးတစ်ပင်ကို တွေ့ရ၍ စိတ်ဝင်စားမိသွားသည်။

သဘော်ပင်လေးမှာ ပုချုပ်ပျပ်နှင့် အမြင့် (၄)ပေသာသာခန့်သာ ရှိမည်။ အပင် အဆစ်အလက်တိုင်းမှာ အသီးအပွင့်တွေ အထပ်ထပ်နှင့် တွေ့ရသည်။

ကိုစံရွှေနှင့် ပြောလက်စစကား ပြတ်သွားသည်နှင့် ကျွန်တော်က...

'ကိုစံရွှေ ခင်ဗျား စိုက်ထားတဲ့ သဘော်ပင်က ဘာသဘော်မျိုးလဲဗျ'

'ကျွန်တော်လဲ မသိဘူးဗျ။ ကျွန်တော့်အစ်မ အိမ်ခြံဝင်းထဲမှာ စိုက်ပျိုးထားတဲ့ အပင်ပေါက်တွေထဲက တစ်ပင်တောင်းပြီး စိုက်ထားတာပဲ'

'အေးဗျာ ကျွန်တော် သဘောကျတာက အပင်က ပုပျပ်ပျပ်ကလေးနဲ့ အသီးအပွင့်တွေကလဲ မြိုင်မြိုင်ဆိုင်ဆိုင် ရှိတယ်။ အပင်ပုတော့ အသီးခူးရတာ လွယ်ကူတာပေါ့။

နောက်ပြီး အပင် အရပ်မမြင့်တော့ လေတိုက်မိုးတိုက်လဲ ခံနိုင်တာပေါ့နော်။ အဲဒီလို အပင်ပုတဲ့မျိုးပဲ စိုက်ချင်တယ်ဗျာ။ ခင်ဗျား သဘော်သီးမှည့်လို့ ခူးစားရင် မျိုးစေ့လိုချင်တယ်ဗျာ'

ကျွန်တော်က ပြောလိုက်တော့ ကိုစံရွှေက...

'မျိုးစေ့က ရပါတယ်ဗျာ။ တစ်ခုတော့ရှိတယ်။ ကျွန်တော် စိုက်တုန်းက သဘော်ပင်ကို အပင်ပုအောင်လို့ ကိုယ့်စိတ်ကူးနဲ့ကိုယ် စမ်းသပ် စိုက်ထားတဲ့ သဘောရှိတယ်ဗျာ'

'ဘယ်လို စမ်းသပ် စိုက်ထားတာလဲ ဖြေပါဦး'

'ဒီလိုဗျ သဘော်ပင် အပင်ပေါက်ကို မြေမှာ ချစိုက်တဲ့အခါ အပင်ရဲ့အမြစ်နဲ့ တစ်ပေကျော်မှာ လက်တစ်ဝါးသာသာလောက် ရှိတဲ့ အိုးခြမ်းကွဲကို မြေကြီးထဲ ခံမြှုပ်ပြီး စိုက်၊ သဘော်ပင်ရဲ့အမြစ်က မြေကြီးထဲ တစ်ဟုန်ထိုး မဆင်းတော့ဘဲ မြစ်ပွားတွေထွက်ပြီး ဘေးကား ထွက်သွားကြလိမ့်မယ်။ ရေသောက်မြစ်က မြေအောက်ကို သိပ် မဆင်းနိုင်တော့ အပင်လဲ အားနဲ့မာန်နဲ့ အပင်မလုပ်နိုင်၊ အရပ် မထွက်နိုင်ဘူးပေါ့ဗျာ။

နောက်ပြီး အပင်ရဲ့ပင်စည် ရေနွေးကြမ်း ပန်းကန်လုံးလောက်ဖြစ်လာရင် ခဲတံသာသာ လောက်ရှိတဲ့ ဝါးတံလေးနဲ့ ပင်စည် အရင်းကနေ သပ်လျှို ရိုက်ထားလိုက်ပေတော့။ ခင်ဗျား သဘော်ပင် စိုက်ရင် ကျွန်တော်ပြောသလို စမ်းသပ်ကြည့်ပါလား'

ကျွန်တော်သည် ကိုစံရွှေ ပြောသည်ကို မှတ်သားထားမိသည်။ အပင် ပုပျပ်ပျပ်နှင့် အသီးအပွင့်တွေ ဝေဆာနေသော သဘော်ပင်ကလေးကို လှမ်းကြည့်ရင်း သဘော်ပင်စိုက်လျှင် ကိုစံရွှေပြောသလို လက်တွေ့ စမ်းသပ်ပြီး လုပ်ကြည့်ရန် စိတ်ကူးမိလိုက်ပါတော့သည်။

ကိုမောင်ကျော်လှိုင်(မအူပင်)




www.burmeseclassic.com

www.burmeseclassic.com

# [illegible]

## ဆေးတစ်ခွက်

ကိုစနေ



ကျွန်တော်သည် ငယ်စဉ်အခါက ဝါသနာ အလျောက် အိမ်သုံး လျှပ်စစ်ပစ္စည်း အမျိုးမျိုးကို လက်လှမ်းမီ သလောက် ပြုပြင်ခဲ့ပါသည်။ **၁၉၇၀ပြည့်နှစ်က** ကျွန်တော်တို့မြို့သို့ ရန်ကုန်မြို့မှ ပညာရှင်တစ်ဦး အခြေခံရေဒီယိုသင်တန်း လာရောက်ဖွင့်လှစ်စဉ်က တက်ရောက်သင်ကြားခဲ့၏။ (ထိုစဉ်က Onlyကက်ဆက်များပင် မပေါ်သေးပါ။)

ဝန်ထမ်းဘဝဖြင့် ကျင်လည်စဉ်ကလည်း အချိန်ရလျှင် ရသည့်အလျောက် ပြုပြင်ခဲ့ပါသည်။ ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီး နောက်ပိုင်းတွင်လည်း ဝါသနာကို မစွန့်လွှတ်နိုင်သည်ဖြစ်ရာ ဆက်လက်လုပ်ကိုင်ခဲ့၏။

အခုအချိန်မှာတော့ အသက်အရွယ်စကားပြောလာပြီမို့ အမြင်စွမ်းအားများက ဆန္ဒ၏ လိုအပ်ချက်ကို ကောင်းစွာ မဖြည့်ဆည်းနိုင်တော့သည့်နောက် လွန်ခဲ့သည့် (၃)နှစ်ခန့်မှစ၍ ဝါသနာကို မစွန့်လွှတ်ချင်ဘဲ စွန့်လွှတ်လိုက်ရတော့သည်။

သို့သော်လည်း လွှဲရှောင်မရသည့် ရင်းနှီးသူများမှ ရေဒီယို၊ မီးပူ၊ ပန်ကာ၊ ပေါင်းအိုး စသည့် အသေးအဖွဲ့အိမ်သုံးလျှပ်စစ်ပစ္စည်းကလေးများ ပျက်၍ အကူအညီတောင်းလျှင် လုပ်ကိုင်ပေးရဆဲ ဖြစ်ပါသည်။

တစ်နေ့...

'ဦးသန်းဝင်း ရှိလားဗျို့'

အသံနှင့် မရှေးမနှောင်း အိမ်ထဲဝင်လာသူက တစ်ရပ်ကွက်တည်းနေ ကိုစန်းမြင့်ဖြစ်၏။

'ကဲ ပေါ်တော်မူ ဘယ်က ကြွလာသလဲ၊ ပျောက်ချက်သား ကောင်းလှချည့်လား'

'ဟုတ်တယ် အစ်ကိုရေ၊ ဟိုတလောက လုံးဝ အပြင်ထွက်လို့မရတဲ့ရောဂါထလာလို့ ဘယ်မှ မသွားဖြစ်ဘူး။ အခုမှ သက်သာလို့ ရေဒီယိုပြင်ဖို့လာတာ'

'ကဲ ခင်ဗျား ရေဒီယိုကိစ္စ အသာထားဦး၊ အပြင်ထွက်မရတဲ့ ရောဂါဆိုတာ ဘာလဲဗျ၊ အထူးအဆန်း'

'ဒီလို အစ်ကိုရေ ကျွန်တော်က လက်သမားဆိုတော့ အစ်ကိုတို့နဲ့ ဘာထူးလို့လဲ၊ အညောင်းအညာတူတယ်ဗျ။ ဆောက်ရိုက်၊ စရွေးဖောက် စတဲ့ အလုပ်မျိုးက ဒူးတို့၊ ခါးတို့ အင်မတန် ညောင်းတာကလား၊ စာဆိုတောင် ရှိသေးတယ်။ **ဆောက်တို ခါးကုန်း မယားမုန်း ဆိုလား** ဟား ဟား ဟား'

ကိုမြင့်စန်းသည် သူ့စကားနှင့်သူ တဟားဟားရယ်ရင်း ဆက်ပြန်၏။

'အဲဒါကြောင့် ထင်ပါရဲ့၊ ဟိုတလောက ဒူလာသွေးဝမ်းတွေ သွားတယ်ဗျ၊ ဒါကြောင့် အပြင်ထွက်မရတဲ့ ရောဂါလို့ ပြောတာ'

'ဒါများ ကိုစန်းမြင့်ရယ်၊ အခုခေတ် အနောက်တိုင်းဆေးတွေက စွမ်းပါဘိသနဲ့ ဆေးခန်းမသွားဘူးလား'

'သွားပါသော်ကောဗျာ၊ တစ်ရက် နှစ်ရက်ပဲ သက်သာသယောင်နဲ့ ပြန်ဖြစ်တယ်။ နောက်တော့ ဆေးခန်း မသွားတော့ဘဲ ဆေးဝယ်သောက်တယ်။ ဒီလိုပါပဲဗျာ နှစ်ရက်လောက် ကြာ ပြန်ဖြစ်တာပါပဲ။

ဟိုဆေးကောင်းနိုး၊ ဒီဆေးကောင်းနိုးနဲ့ ရက်အတော်လေး ကြာသွားတယ်။ တစ်နေ့တော့ မိုးညိုက မိတ်ဆွေတစ်ယောက် ရောက်လာပြီး ဆေးနည်းပြောလို့ လုပ်ကြည့်တာ အတော်ကို သိသိသာသာကြီး သက်သာပျောက်ကင်းသွားတယ်ဗျို့၊ အခုဆို (၁၅) ရက်လောက်ရှိပြီ။ လုံးဝ ပြန်မဖြစ်တော့ဘူး'

'တယ်ဟုတ်ပါလား၊ ပြောစမ်းပါဦး၊ ခင်ဗျားဆေးနည်း အလွယ်တကူ ရနိုင်တဲ့ ဆေးအမည်တွေဆိုရင် ဆောင်းပါးရေးရအောင်'


'ရေးပါဗျာ ကျွန်တော်လဲ ကုသိုလ်ရတာပေါ့ ဆေးနည်းက မခက်ပါဘူး။ လောက်... အကြီးစားလောက် အရွယ်တူ ကြက်သွန်နီ (၂)လုံးကို ထုထောင်းပြီး ... ညှစ်ယူ

စာမျက်နှာ (၉၄) သို့



www.burmeseclassic.com

www.burmeseclassic.com



◆ ရှေးဟောင်းကိုဘော်စီ ဓာတ်ပုံနှင့်ရှုခင်းများအနက်မှ သာသနာတွင်ကောင်းဆုံးဖြစ်သော လွှယ်မောက်တောင်တော် KL-ညက်ထွန်း၏ ပန်းချီရှုခင်းပုံ

မိုးနှောင်း (ကောလင်း)

ထူးဆန်းထူးခြား အံ့ဖွယ်ထွေပြားသည့် ကောလင်း လွှယ်မောက်တောင်အနီးက

# သာသနာ့လိုဏ်ဂူတောင်တော်

လိုဏ်ဂူတောင် နတ်လမ်းညွှန်

လိုဏ်ဂူတောင်သည်ကား လွှယ်မောက်တောင်၏အနောက်ဟု ပြောနေကြသော မျက်မြင်အားဖြင့် လွှယ်မောက်တောင်၏ တောင်ဘက်ယွန်းယွန်း တစ်မိုင်ခန့်တွင် တည်ရှိပါသည်။

ထိုတောင်သည် ကျွန်းတောကျေးရွာအုပ်စုတွင် ပါဝင်၏။ ကန်ပေါက်ကြီးရွာ၊ အထက်သီတရာရွာ၊ လွဲမောက်ရွာသုံးပွင့်ဆိုင် ကားလမ်းမကြီးအလယ်၌ တည်ရှိသည်။ ကန်ပေါက်ကြီးအထက်သီတရာတို့သည် ကျွန်းတောအုပ်စုတွင် ပါဝင်၏။

လိုဏ်ဂူတောင်၏ တောင်ဘက်တွင် **လက်ခတ်တောင်**ရှိ၏။ လက်ခတ်တောင်၏ တောင်ဘက်တွင် **မြင်းစားကုန်း**ဟူ၍ရှိရာ ထူးဆန်းအံ့ဩဖွယ်ရာ မြင်းဖြူ၊ မြင်းနီတွေ တွေ့ရတတ်သည်။ ယခုထိရှိနေဆဲဟု အဆိုရှိ၏။

နတ်မြင်းတွေဟုလည်း ဆိုကြ၏။ တွေ့သူလည်းရှိ၊ မတွေ့သူလည်းရှိသည်ဆိုကြ၏။

ကောလင်းက စာရေးသူက လိုဏ်ဂူတောင်သို့ စက်ဘီးဖြင့် စီးနင်းလာခဲ့ရသည်။ လွှယ်မောက်တောင်၏ တောင်ဘက် လွဲမောက်ရွာအလွန်တွင် ချောင်းတံတားကျော်လိုက်ပါက လိုဏ်ဂူတောင်သို့သွားရာ မြေနီကားလမ်းမကြီးရှိ၏။

တဖြည်းဖြည်းချင်း မြင့်တက်သွားရစဉ် နောက်ပြန်လှည့်ကြည့်လေသော် လွှယ်မောက်တောင်၏ သာယာမှု၊ ခံ့ညားမှု၊ လှပမှုစသော ကောင်းမြတ်ခြင်းတရားတို့ကို ရှုမြင်ခံစားရပါ၏။ ကားလမ်းသည် ကောလင်း ခမောက်တောင်ထိ ကတ္တရာလမ်း ထို့နောက် မြေလမ်းဖြစ်၏။

ထို့နောက် ဆက်လက်စီးနင်းခဲ့ရာ (သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန၏ ရွှေသမင်တောင်ကြိုးပြင်ကာကွယ်တော့ ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်း ဇရိယာ ၁၃၅ကော။ ၂၀၀၉–၂၀၁၀)ဆိုင်းဘုတ်ကြီးကို ညာဘက်တွင်တွေ့ရှိရ၏။

ထိုနေရာမှ အထက်သို့ ထပ်မံစီးနင်း





www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရာ မကြာမီ ညာဘက်တွင် ကျွန်းတောလမ်း၊ ဘယ်ဘက်တွင် လိုဏ်ဂူတောင်–ကန်ပေါက်ကြီးလမ်း ဟူ၍ လမ်းနှစ်သွယ်ခွဲသွား၏။

လိုဏ်ဂူတောင်လမ်းဘက် ဆက်တက်ခဲ့ရာ လုံခြုံသပ်ရပ်သော အုတ်ရေချမ်းစင်ကို ဘယ်ဘက်တွင်တွေ့ရ၏။ မှန်များကား ကွဲစပြုနေပြီ။ ရေချမ်းစင်ကို ဦးဝိသုဒ္ဓ၊ ဦးဓမ္မဦးဆောင်ပြီး လူပုဂ္ဂိုလ်(၁၃) ဦးတို့ ကောင်းမှုပြုထားကြရာ ၁၃၆၉(၂၀၀၇)ခုနှစ်ဟု မှတ်တမ်းပြုထားကြ၏။

တောင်တက် သွားလမ်းကား သာယာလှပါဘိ၊ အေးချမ်းလှပါဘိ။ မကြာမီ သာသနာ့နယ်မြေသစ်ပင် မခုတ်ရဟု စာတန်းများတွေ့ရ၏။

နောက်ထပ်မကြာမီ ဘယ်ဘက်ခြမ်းမှာပင် "**ကောလင်းကျက်သရေဆောင် သာသနာ့လိုဏ်ဂူတောင်**" ဟူသော ဆိုင်းဘုတ်ကြီးကို အဝင်မုခ်ဦးအဖြစ် တွေ့ရ၏။

ညာဘက်တွင်ကား သုဓမ္မာဇရပ်ကြီးကို သွပ်မိုး၊ ပျဉ်ခင်းလျက် တိုင်များတွင် မင်းညီမင်းသားဝတ်စုံများ ဝတ်ဆင်ထားသည့် ပုံကားချပ်များ ထောင်ထား၏။

ရေချမ်းစင်လည်းရှိ၏။ လိုဏ်ဂူတောင်သည် ကောလင်း–ခမောက်တောင် လေးမိုင်၊ ခမောက်တောင်မှ လိုဏ်ဂူတောင် တစ်မိုင်ဝေး၍ **ကောလင်းမှ လိုဏ်ဂူတောင်ထိ ငါးမိုင်မျှဝေးကွာ၏။**

---

လိုဏ်ဂူတောင်

---

သာသနာပြုပုဂ္ဂိုလ်များ

---

လိုဏ်ဂူတောင်တော်သည် အရှင်



ကူန္ဒာစက္က ထီးတော်အောင် ဘိုးတော်စီ

ကူန္ဒာစက္က (ဝါ) ယောဂီဆရာရသေ့ကြီး ဘိုးတော်စီ ရှိစဉ်အခါက သာသနာထွန်းကားမယ့် အရပ်ဆို၍ ဓာတ်ပန္နက်များ စီမံလုပ်ဆောင်ခဲ့ရာ နေရာများအနက် တစ်ခုအပါအဝင် ဖြစ်သည်။

ကောလင်းမြို့ ခမောက်တောင်တော်အနီး (ကန်ပေါက်ကြီးရွာအရှေ့)ရှိ သာသနာလိုဏ်ဂူတောင်တွင် ဘုရားစေတီများ တည်ထားကိုးကွယ်နိုင်ရန် အတွက် လက်ရှိခမောက်တောင် သာသနာပိုင်ဆရာတော်ဘဒ္ဒန္တကောဝိဒ၏ ဩဝါဒကိုခံယူလျက် လိုဏ်ဂူတောင် ပထမဆရာတော် ဦးဥတ္တမရာဇာက သာသနာပြု ဆောင်ရွက်လျက်ရှိပေသည်။

လိုဏ်ဂူတောင်၏ ရှေးဦးမူလဘုန်းတော်ကြီးမှာ ၁၃၆၇–ခုနှစ်က သီတင်းသုံးတော်မူခဲ့သော ဘွဲ့မည် ဦးဓမ္မဖြစ်၏။ လူမည် ဦးစိန်မောင် ဖြစ်ပြီး ခမောက်တောင်ဆရာတော်၏ တပည့်လည်းဖြစ်၏။

ယင်းဦးစိန်မောင်က ယခုလိုဏ်ဂူတောင် ဆရာတော် ဦးဥတ္တမရာဇာ ဆက်လက်၍ သာသနာပြုနိုင်ရန် အခြောက်အပံ့ပြုသကဲ့သို့ ဖြစ်စေခဲ့သည်။

ဦးဓမ္မလက်ထက်က လက်ရှိခမောက်တောင် ဆရာတော်၏ ဩဝါဒအတိုင်း တောင်ထိပ်အတွင်းထဲမှာချည်း စေတီငယ်(၁)ဆူလှူထား၏။ ယက္ခညီနောင်ဘုရား(၁)ဆူ၊ အတွင်းရွှေစေတီ အောက်လိုဏ်အနီး ငွေစေတီလှူထားပြီး ဖြစ်သည်။

ခမောက်တောင် ဆရာတော်၏ ဩဝါဒအတိုင်း ပန္နက်ချထားခြင်းများလည်း ရှိ၏။ ဒကာကြီး ဦးစိန်မောင်ကပင် ဆက်လက်သာသနာပြုနိုင်ရန် မီးစက်(၂)လုံးကိုလည်း လှူထား၏။

ယခု ပထမဆရာတော် ဘဒ္ဒန္တဦးဥတ္တမရာဇာသည် ဤလိုဏ်ဂူတောင်သို့ (၁၃–၃–၁၃၁၀)နေ့က ရောက်ရှိပြီး သီတင်းသုံးတော်မူခဲ့သည်။ သက်တော်(၆၃)နှစ်၊ ဝါတော်(၈)ဝါ ရရှိခဲ့ပြီး ဖြစ်သည်။

ယခင်ဆရာတော် လက်ထက်တုန်းက ရေကို တောင်ထိပ်အထိ ထမ်းတင်ပေးကြရ၏။

ယခုအခါ ဒကာ၊ ဒကာမများက ရေကို ရေပိုက်ဖြင့် တောင်ခြေရေတွင်းမှနေ၍ တောင်ပေါ်အထိ စက်ဖြင့်တင်ပေးကြသည်။ ကျပ်ငါးသိန်းမှ ခုနစ်သိန်းတန်ခန့်ထိ အုတ်ရေကန်(၄)ကန်ထိ တည်ဆောက်ခဲ့ပြီး ဖြစ်သည်။

လက်ရှိ ခမောက်တောင်ဆရာတော်က ယခု တည်ဆောက်လျက်ရှိသော လိုဏ်ဂူတောင် သာသနာပြုလုပ်ငန်းကို ခမောက်တောင်လို သာသနာ့နယ်





www.burmeseclassic.com

www.burmeseclassic.com

ကြီးဖြစ်အောင် ဆောင်ရွက်ဖို့ ...မိန့်ကြားတော်မူခဲ့သည်။

လိုဏ်ဂူတောင်အကြောင်း

တစေ့တစောင်း

လေ့လာချက်

ထိုတောင်၌ ဂူပေါက်နှစ်မျိုး ရှိရာ တစ်မျိုးမှာ လူဝင်သာရုံ ကိုဆင့်ဝင် သွားရပြီး ပေငါး ဆယ်လောက် ကိုးခန်းမြောက် ...ွင် ကျောက်ခုတင်၊ ခုတင်ပေါ် ၌ ဆေးမြစ်ဆေးဥများ၊ ခေါင်း ...ရင်း၌ ပေစာများနှင့် ဘုရား ...ဟုတ် ညာတင်ကုတ်ခေါ် ...ထွား ရုပ်ကိုတွေ့ရကြောင်း...

ပြန်ထွက်လျှင် နောက် ...မြန် လျှောထွက်ရကြောင်း၊ ...တ်သီးကတ်သတ် ဝင်ထွက် ရသော ဘဲလှျာလို ဖြစ်နေကြောင်း...



လိုဏ်ဂူတောင်က ကိုးနဝင်းစေတီတော်ပုံ

အနှစ်(၅၀)ခန့်က လူထွက်သွားသော ...ချုံဘုန်းကြီး ဦးအောင်ထွန်းတို့ သွားဖူးခဲ့ကြသည်။

ပေစာများကိုကိုင်ရာ ပြာဖြစ်သွားပြီး ...ောင်ဟိန်းသံကြား၍ ပြေးထွက်ခဲ့ကြ သည်။

ထိုဂူ၏ မြေအောက်ထဲတွင် ရှေးက လမ်းကြောင်းနှစ်သွယ်ရှိသည်။ နတ် တောင်အရှေ့ဘက်နှင့် တောင်ဘက် ...န်ကန်အင်းဘက်ဟူ၍ ဖြစ်၏။

လွဲမောက်ရွာနေ ဦးဘသိန်း (၇၅)နှစ် က ဖြေကြားဖူးသည်။ အပေါ်ဂူသည် ကျိုးစက်ရာ၊ အောက်ဂူသည်ဆွမ်းစား ဆောင်ဟုလည်း ပြော၏။ **(သုနန္ဒာ ရာမ ကျော်ဖေယျာကျောင်း နှစ်(၃၀) ...း ပုလဲရတုစာစောင်ပါ မိုးနောင် (ကောလင်း)၏ ခေတ်မီကောလင်း မြို့ သမိုင်းအကျဉ်းမှ ထုတ်နုတ် ချက်)** ၁၃၇၂ခုနှစ်တွင် ရန်ကုန်၊ (၃၃) လမ်း စတားအင်ပါယာမှ ပုံနှိပ်ထုတ် ဝေခဲ့သည်။

ခမောက်တောင်၏ တောင်ဘက် အုန်းပင်(၃မင်)တောင်(ခေါ်) လိုဏ် ခေါင်းတောင်၌ (၉)ဆင့်ဝင်ရသော ဂူပေါက်အတွင်း ကျောက်ခုတင်ရှိ ကြောင်း စသည်တို့နှင့် ဂူထဲတွင် လမ်းကြောင်းနှစ်သွယ် ရှိကြောင်း ရေးခဲ့ပါသည်။

နောက်ဆက်တွဲ သိရှိရသည်မှာ အောက်ဂူတစ်ဂူ၏အထက် အပေါ်ဂူ တွင် ရှေးယခင်က ရသေ့များကျင့်ကြံ ကြောင်း ထင်ရှားခဲ့၏။

ဦးသံချောင်းငယ်စဉ်က ဂူထဲဝင်ခဲ့ဖူး သည်။ ဂူလေးထဲတွင် စိတ်ချမ်းသာ၏။ မပူမအိုက်၊ မချမ်း၊ အပူအအေးမျှတ ၏။ အတွင်းအထိ အလင်းရောင်ယဲ့ယဲ့ လေးရှိ၏။

မိမိ၏ ခွေးတစ်ကောင်ကို ခေါ်သွင်း သွားပြီးလွှတ်လိုက်ရာ ဂူတစ်ဖက် လမ်း တစ်သွယ်ဘက်မှ ဟောင်သံကို ကြားရ ၏။ ဂူတွင်းလမ်း(၂)လမ်းရှိရာ အဝင်ဘက်တွင် လူဝင်သာရုံ ဂူ(၉)ဆင့်ရှိ၏။

**(၉-၁-၂၀၁၁) နေ့တွင်** လွဲမောက်ရွာ ဦးသံချောင်း (၆၈)နှစ်က ပြောပြခဲ့ပါသည်။

(မင်္ဂလာဇေယျုနှင့် ရတနာ ဇေယျ စာသင်တိုက် ဦးစီးပဓာန ဆရာတော် ဘဒ္ဒန္တသာသန သိရီ၏ သက်တော်(၆၀)ပြည့် အထိမ်းအမှတ် မဂ္ဂဇင်းပါ မိုးနောင် (ကောလင်း)၏ "ကောလင်းသမိုင်း နောက် ဆက်တွဲ-၁"မှ) ၁၃၇၄-ခုနှစ် ကျော်သူရိန်ပုံနှိပ်တိုက် ထုတ် ဝေခဲ့သည်။

ဂူမတူးမီက စာရေးသူသည် ကိုယ်တိုင်ကိုယ်ကျ စက်ဘီးဖြင့် (၃-၄)ကြိမ်မက တစ်ကိုယ်တည်း တက်ရောက် လေ့လာခဲ့ဖူးသေးသည်။

ဆရာတော် ဘဒ္ဒန္တဥတ္တမရာဇာသည် ရဟန်းမဝတ်မီက အင်းတော်မြို့နယ် တွင် သမဝါယမ ဦးစီးဌာန၌ လုပ်ကိုင် ခဲ့၏။ လူအမည် ဦးအောင်လင်းဖြစ်၏။ ၁၉၈၄/၈၅ ခုနှစ်တွင် သမဝါယမ ဦးစီး ဌာနမှ ပင်စင်ယူခဲ့၏။

ထို့နောက်ပိုင်းတွင် ကောလင်းမြို့ နယ်၌ လွန်ခဲ့သော(၈)နှစ်က အောင် ပုံနှိပ်တိုက်လုပ်ငန်းကို တည်ထောင် ခဲ့သည်။ ထို့နောက် လောကီစည်းစိမ် ဥစ္စာများကို စွန့်လွှတ်ခဲ့ပြီး ယခုကဲ့သို့ သာသနာပြုလျက်ရှိပေသည်။

သာသနာလိုဏ်ဂူတောင်

ဆရာတော် ဘဒ္ဒန္တဥတ္တမရာဇာ

ချီးမြှင့်သော

လာဘ်ရှင်ကပ်ကျော်ဂါထာတော်

အဌာနမေတံ ဘိက္ခဝေ အနဝကာသော



www.burmeseclassic.com

www.burmeseclassic.com

ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတံ ဝေါရောပေယျ။

အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။

ဆရာတော် ဘဒ္ဒန္တဥတ္တမရာဇာ

ချီးမြှင့်သော အန္တရာယ်ကင်း

ကာယကျော်ဂါထာတော်

ဗုဒ္ဓဂုဏော၊ ဓမ္မဥာဏံ၊ အတိက္ကန္တီ

စက္ကိန္ဒရိယ၊ သစ္စာဝါသော၊ လောကသေဋ္ဌံ

ဘဂဝန္တံ အရိယသစ္စံ ကုသိုပြဟ္မ

ဒေဝမနုဿာနံ အတိမေတ္တံ အတိပီယံမယ

ဟာရယမေဝ၊ ဓမ္မပက္ခန္ဓိယောခန်

ပဠမံစ၊ ဇီဝိတံ၊ ကပ္ပဋ္ဌိတံ။

ဆရာတော်၏ တရားကျင့်စဉ်နှင့် ဩဝါဒများကို စာရေးသူသည် အချိန်မရသည့်အတွက် လျှောက်ထားမေးမြန်းခြင်း မပြုခဲ့ရပေ။

တူးဖော်မှုနှင့် ထူးဆန်းချက်

လိုဏ်ဂူတောင်ကို တူးဖော်မှုကား ၁၃၀၉–၁၃၁၀ ခုနှစ်လောက်က ဖြစ်သည်။ ခမောက်တောင်ဂေါပကအဖွဲ့ ဦးစံမောင်၊ ဦးအောင်နုတို့ ဦးစီးကမ္မကထပြု၍ လိုဏ်ဂူတောင်ကို တူးဖော်ခဲ့ကြရာ လိုဏ်ခေါင်းအဆုံး မရောက်နိုင်သေးပေ။ တူးထားပြီးသည်မှာ ပေ (၄၀၀)ခန့်သာ ရောက်သေး၏။

**ရသေ့ကြီးဘိုးတော်စီက ပြောခဲ့ဖူးသည်မှာ လိုဏ်ခေါင်းသည် ချင်းသင်း အနောက်က ဘုရားနှစ်ဆူမှာ ဆုံး၏၊ တစ်ပေါက်က နတ်တောင်၏ အနောက်မြန်က ကျောက်ဂူအဝမှာ ဆုံးသည်ဟု ဆိုကြ၏။**

ယင်းလိုဏ်ဂူတောင်၏ ဝင်ပေါက်ထွက်ပေါက်များကို အမျိုးမျိုး ပြောပြခဲ့ကြသည်မှာ အလွန် ထူးဆန်းနေပြီး အလွန်တရာ အံ့ဩဖွယ်များလည်း ဖြစ်နေပါ၏။

ရသေ့ကြီးဘိုးစီက လိုဏ်အတွင်း



● ပထမသာသနာပြုဆရာတော်

ဘဒ္ဒန္တ ဥတ္တမရာဇာ လိုဏ်ဂူတော်

လမ်းကို အသွားအလာလမ်းများလို မြေတစ်တန်၊ ရေတစ်တန်၊ လေတစ်တန်၊ မြေတစ်တန်ဟူ၍ အတန်တန်ရှိနေခဲ့သည်ဟု နှုတ်မြွက်ထွက်ဆိုခဲ့ကြောင်း ပြောကြသည်။

လိုဏ်ဂူတောင်ဂူနှစ်ခု၏ အတွင်းရှိ သွားလမ်းလာလမ်းများသည်ကားမြောက်ကိုလားသော် မိုင်းသုံတောင်၊ စွန်ဖားတောင်က စွန်ဖားရွာ (ဗြဲအိမ်၊ ဂုအိမ်မျှသာရှိ) အထက်ကျိုက်ထီးရိုးမင်းလည်တောင်။

အရှေ့ကိုလားသော် နတ်ရေတွင်းဆိုတဲ့ နတ်တွင်း။ တောင်ကိုလားသော် တောင်ဘက်ကို "ဇော်"(ဝါ)ဇော်ဝ(ဝါ) ဇော်ချောင်း၀၊ ရထားသံကားသံကြားရမယ်ဟုအဆိုရှိ၏။

အထက်မှဆင်းလာသော တောင်များက...

၁။ မင်းလည်တောင်၊

၂။ မိုင်းသုံတောင်၊

၃။ မှန်ကင်းတောင် ဟူသော တောင်ကြီးများဖြစ်၍ အထူးထင်ရှားကျော်ကြားကြ၏။

လိုဏ်ဂူတောင်သည်ကား "မသိသူ

ကျော်သွား။ သိသူဖော်စား"ဟုလည်း ကိုမောင်ဦး[(၄၅)နှစ်ကျပန်းလုပ်သား ကန်ပေါက်ကြီးရွာ]ကပြောပြခဲ့၏။

ဦးအေးမောင်(သိုင်းဆရာ)၏

ကိုယ်တွေ့များ

ကောလင်းမြို့ ကျော်ဖေယျာရပ် ဦးအေးမောင်(သိုင်းဆရာ)(၆၃)နှစ် ဤသို့ပြောပြခဲ့သည်။

၁၇–၁၁–၂၀၁၂နေ့က စာရေးသူ ဤသို့ပြောပြခဲ့သည်။ ၁၉၉၀ပြည့်နှ ခန့်က ဦးဖိုးနီ(ဝါ)ဦးနီ(ဝါ) ဦးမွေး (အရင် ကန်ပေါက်ကြီးကျေးရွာဥက္က နှင့် ဦးအေးမောင်တို့နှစ်ဦးထဲ လိုဏ် တောင်သို့ တက်ရောက်ဖူးသည်။

လေးတောင့်ထိုးဓာတ်မီးနှင့် ဓ (အလတ်)တစ်လက်ဖြင့် သက်က ပင်များကို ဆွဲတက်ခဲ့ကြသည်။

အောက်လိုဏ်ဂူအဝင် ကျောက်ဖျ ကြီးမှာ အလွန်ကြီးမားသည့် တောင် ကျောက်ဖျာကြီးဖြစ်၏။ အလျားမှော ၍ဝင်ကြည့်ရာ ကျောက်ဖျာကြီးသ ပွတ်တိုက်ထားသလို ချောမွတ်နေ ဦးအေးမောင်၏ နှုတ်ထွက်စကားအ ကို ဆက်လက်တင်ပြပါမည်။

အဲဒီကျောက်ဖျာကြီးဟာ သတ္တဝါကြီး အမြဲသွားလာပွတ်တိုက်မိနေလို့ ချော နေတဲ့ ပုံမျိုးပေါ့ဗျာ။ လူတစ်ယောက် ဝင်မှရတယ်ဗျ။ အဲဒီ ကျောက်ဖျာကြီး ကျားကြီးတွေနဲ့ စပါးကြီးမြွေကြီးတွေ နှစ်ကြာကြာ ဖိုက်နဲ့ပွတ်ပြီး ဝင်ထွက် လာနေခဲ့တဲ့ ပုံမျိုးပေါ့ဗျာ။

အထဲရောက်တော့ မတ်တပ်ရပ်လိုက် လက်တစ်ဖောင်စာ အမြင့်ရှိတယ်။ အ ရောက်တော့ လမ်းက ညာဘက်ကို ဆင်းသွားပြန်တယ်။ ရှေ့ဟုဘက်ကို လိုဏ်လမ်းကြောင်းရှိတယ်ဗျ။

လင်းနို့တွေကလဲ အထဲဂူကို သင်



www.burmeseclassic.com

www.burmeseclassic.com



◆ အောက်လိုဏ်ဂူ

တွေလိုလုံးခဲ့ပြီး တွဲလွဲခိုနေကြတယ်။ အပေါ်လိုဏ်နဲ့လဲ လမ်းကြောင်းတွဲထားတယ်။

လိုဏ်ဂူသွားလာတဲ့ လမ်းနှစ်သွယ်လောက်ရှိပြီး၊ လမ်းကြောင်းတစ်ကြောက အထက်ပိုင်းနန္ဒစီးအောင် နမ္မားအထိပေါက်တယ်လို့ ပြောကြတယ်။

နောက်အောက်ပိုင်းကိုသွားတဲ့ လမ်းကြောတစ်ကြောကတော့ ပုဂံတောင်၊ မောင်းတော်ရွာတွေဘက်သွားတယ်လို့ ပြောကြပါတယ်။

တစ်ချိန်ချိန်ကျတော့ ကျွန်တော်က ဆေးလဲကုပေးတာဆိုတော့ လူနာတစ်ယောက်ကို ယကျွဲညီနောင်ဝင်ပြီး နာမ်ကိန်းတော့ မေးမြန်းကြည့်တာ အောက်ဘက်သွားတဲ့ လမ်းက ကန့်ဘလူဘူတာ အရှေ့ဘုရားကြီးလောက်အထိ ပေါက်တယ်ဆိုပဲဗျာ။

**စာရေးသူ။** ။ နို့...အဲဒီ လင်းနို့တွေက မပျံ့ဘူးလားဗျ။

**ဦးအေးမောင်။** ။ ပျံ့တာပေါ့ဗျာ။ ဂူက ကျဉ်းကျဉ်းလေး လက်နဲ့ ရိုက်ချပစ်ရတာ ညှောင်းနေတာပဲ'

အောက်လိုဏ်ဂူရဲ့အပေါ် အလယ်တည့်တည့်မှာ သဘာဝပေါက်နေတဲ့ အပေါက်ငယ်ငယ်လေး ရှိတယ်ဗျ။ အချိန်တန်တော့ နေမွန်းတည့်ချိန်မှာ နေပြောက်က ဂူအောက်ထဲကိုဝင်ထိုးတာဟာ ထူးခြားဆန်းကြယ်လွန်းတယ်၊ အပေါ်ဂူက ကျိန်းစက်တဲ့ဂူ၊ အောက်ဂူက ဆွမ်းဘုဉ်းပေးတဲ့ဂူပေါ့ဗျာ။

*(လှေ့လာထားပြီးဟန်ဖြင့်ဖြေ၏။)*

**စာရေးသူ။** ။ နို့...ပြီး အဲဒီဂူကို လူတွေကပဲ တူးထားတယ်လို့ထင်သလား၊ တခြားသတ္တဝါတွေကပဲ တူးထားတယ်လို့ ခင်ဗျားထင်သလား။ ခင်ဗျားအမြင်လေးလဲသိချင်ပါတယ်။

**ဦးအေးမောင်။** ။ မြွေနဂါးတွေတူးတဲ့ ဂူတွေပဲ ဖြစ်နိုင်ပါတယ်ဗျာ။

ဆရာတော် ဘဒ္ဒန္တဥတ္တမရာဇာ၏

မိန့်ကြားချက်

(ကုန်းကိုးတန် ရေကိုးတန် နဂါးမယ်တော်)

**ဆရာတော်။** ။ လိုဏ်ဂူတောင်ရဲ့ ရာဇဝင်တစ်ခုကို ကျူပ်ပြောပြမယ်၊ ပါးစပ်ရာဇဝင်နော် ဒကာကြီးရဲ့။

**စာရေးသူ** ။ ။ တင်ပါ့ဘုရား၊ ရေးလို့ရမှာပါ ဘုရား။

ရှေးတုန်းက ကုန်းကိုးတန်၊ ရေကိုးတန် သွားလာကျက်စားတဲ့ နဂါးမယ်တော်ဆိုတဲ့ပုဂ္ဂိုလ်တစ်ပါး ရှိခဲ့ဖူးတယ်တဲ့။ နဂါးမက လူယောင်ဖန်ဆင်းပြီး ပွဲသွားကြည့်တယ်။ အဲဒီပွဲခင်းထဲမှာ လူယောက်ျား လုလင်တစ်ယောက်နဲ့ ရည်ငံပြီး ရသွားကြတယ်ဆိုပါတော့။

ညအခါတူအိပ်ကြရာမှာ အိပ်မောကျသွားကြတယ်။ နဂါးဆိုတာတန်ခိုးရှိလို့ လူယောင်ဖန်ဆင်းထားပေမယ့် သတိလက်လွှတ်ဖြစ်ပြီး အိပ်ပျော်တဲ့အခါကျရင် မူလပုံစံပြန်ပြီး ပေါ်ပေါက်တတ်ပါသတဲ့။

နဂါးမကလဲ လူရုပ်ပျောက်ပြီး နဂါးကြီးဖြစ်သွားသတဲ့။ လူယောက်ျားလုလင်က အိပ်ရာနိုးတော့ နဂါးကြီးကို တွေ့ရသတဲ့။ အဲဒါနဲ့... ကြောက်ကြောက်နဲ့ ကုန်းပေါ် ထွက်ပြေးသွားတယ်။

မိန်းမက မြေနဂါးဖြစ်လို့ မြေကြီးထဲကနေပြီး ယောက်ျားပျောက်လို့ လိုက်ရှာသတဲ့။

ယောက်ျားကလဲ သူ့မိန်းမကို နဂါးမမှန်းလုံးဝမသိဘဲ မိန်းမပျောက်လို့ လိုက်ရှာတယ်။ သူ့မိန်းမကို လူအဖြစ်နဲ့ပဲ ဒီလိုဏ်ဂူတောင်မှာ ပြန်လာဆုံတယ်။ ပြန်ပေါင်းထုတ်ကြတယ်လို့ ပြောစမှတ်ပြုကြပါတယ်။ ဒကာကြီးရဲ့။

(**မှတ်ချက်။** ။ နဂါးမယ်တော် ပွဲသွားကြည့်သောခေတ်ကို မြန်မာဇာတ်ပွဲများပေါ်ချိန် နှစ်တစ်ရာဝန်းကျင်ဟု ခန့်မှန်းကြည့်မိပါသည်။)

ရသေ့ကြီးဘိုးတော်စီက ဒီကောလင်းအနောက်ခြမ်းဒေသမှာ သာသနာပြုဖို့ ခမောက်တောင်ရယ်၊ လိုဏ်ဂူတောင်ရယ် ကောင်းကင်နက္ခတ်တွေနဲ့ ယှဉ်ပြီး သာသနာပြုသွားခဲ့တယ်။

ကောင်းကင်မှာ မနက်(၄)နာရီ ဒီလဒီရာသီ တန်ဆောင်မုန်းလမှာ အရှေ့တည့်တည့်မှ အမြင်အရ မနိမ့်မမြင့်ကြယ်တန်းတွေရှိပါတယ်။

ရှေ့ကကြယ်သုံးပွင့် မောင်ရှင်ဆိုင်းထမ်း(၉၀ဒီဂရီ)တက်တဲ့ ခုနှစ်စင်ကြယ်ရှိပါတယ်။ အဲဒီပုံစံနဲ့ ခမောက်တောင်ရဲ့ ရှေ့မျက်နှာစာ ပတ်ဝန်းကျင်က တောင်တော်တွေနဲ့ သွားပြီးညီနေ

www.burmeseclassic.com

တယ်။

မောင်ရှင်ဆိုင်းထမ်း ကြယ်စုတွေဟာ မိဂသီနက္ခတ်ရဲ့ တောင်ဘက်မှာရှိပြီး၊ အရှေ့တောင်နဲ့ အနောက်မြောက် တန်းလျက်နေပြီး ဆိုင်းထမ်းနေတဲ့ ပုံသဏ္ဍာန်ရှိတဲ့ ကြယ်ကြီး(၃)လုံးက အဓိက ဦးဆောင်နေတဲ့ ကြယ်မှုန်ကြယ်မွှားတွေနေပါတယ်။

မောင်ရှင်ဆိုင်းထမ်းနဲ့ ယှဉ်ပြီး(၉၀) တက်တဲ့ ခုနစ်စင်ကြယ်ကို အင်္ဂလိပ်လို "W"STAR ခေါ်ပြီး၊ မြန်မာတွေက "ယ"ပက်လက်လို့ ခေါ်ကြတယ်။

အဲဒီ "W"STAR ပုံစံကျတဲ့ တောင်တွေပေါ်မှာ ဘိုးတော်စီရှိစဥ်ကတည်းက သာသနာထွန်းကားမယ့် အရပ်ဆိုပြီး ပန္နက်စီမံ လုပ်ဆောင်သွားခဲ့တယ်။

အခုဆိုရင် ဓာတ်ရုံအနောက်နားဗောဓိပင်ရှိ တောင်ထိပ်မှာ ဘုရားတည်ဖို့ ပန္နက်ချထားပြီးပြီ။

## ရှင်ပစ္စေကဗုဒ္ဓါ သီတင်းသုံးတဲ့ဂူ


ဆရာတော်မိန့်ကြားသည့် နေ့သည် ကား(၁၂-၁၁-၂၀၁၂)နေ့ ၁၃၇၄ခု၊ သီတင်းကျွတ်လဆုတ် (၁၃)ရက်နေ့ ဖြစ်၏။

လိုဏ်ဂူတောင်၏ (၃)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော်အတွက် ကန်ပေါက်ကြီးရွာက ဦးသန်းမောင် (၇၃)နှစ်၊ ကျွန်းတောရွာက ဒေါ်ဖိုးဂွက် (၅၈)နှစ်တို့လဲ ရောက်ရှိနေကြ၏။ လိုဏ်ဂူတောင်နှင့် ပတ်သက်၍လည်း သူတို့ပြောစကားများကို စာရေးသူက ဘေးမှ ကြားနေရသည်။

**စာရေးသူ။ ။** ဒီ လိုဏ်ဂူတောင်နဲ့ ပတ်သက်တာများ ရှိရင် သိပါရစေခင်ဗျာ'

အမေးအဖြေကြားတွင် ဦးသန်းမောင်၊ ဒေါ်ဖိုးဂွက်တို့ တစ်လှည့်စီ ဖြေခြင်းလည်းရှိ၏။

**ဦးသန်းမောင်။ ။** အုပ်ချုပ်ရေးဆိုင်ရာနဲ့ ဆက်နွယ်တဲ့




အရှင်ဣန္ဒာစက္က (ခေါ်) ယောဂီရသေ့ကြီး ဘိုးတော်စီက ကောင်းကင်နက္ခတ်နှင့်ယှဉ်ပြီး သာသနာပြု ပန္နက်ချထားခဲ့ပုံ

အဝေးကလာတဲ့ တာဝန်ရှိသူတစ်ဦးဆိုပါတော့ဗျာ။ သူတို့က အုပ်စုလိုက် အဖွဲ့တွေနဲ့လာတာ။ ကြာညိုကျွန်းတောဆိုတာကို မေးပါတယ်။ တစ်လုံးပြီး တစ်လုံး မေးပါတယ်။

အဲဒီတုန်းက ကန်ပေါက်ကြီးဥက္ကဋ္ဌက ဦးမွှေးကြိုင်၊ ဦးဖိုးနီလို့လဲခေါ်ပါပါတယ်။

**(မှတ်ချက်။ ။ စာရေးသူက ထိုစဉ်က တာဝန်ရှိရောက်လာသူ၏ ရာထူးအမည်နှင့် ဦးမွှေးကြိုင် ဥက္ကဋ္ဌလုပ်သည့်ခုနှစ်ကို မှန်းဆ၍ တွက်ကြည့်ရာ ၁၉၈၈/၈၉ခုနှစ် ဝန်းကျင်က ထိုလိုဏ်ဂူတောင်သို့ လာရောက်ရှာဖွေကြောင်း သုံးသပ်မိပါသည်။**
***စာရေးသူ)***

အခု မသေသေးဘူး။ အဲဒီလာတဲ့ လူတွေက အမေးနဲ့အဖြေက မကိုက်မှန်းသိတော့ မြေပုံကို ကိုင်လာတာကို ထုတ်ပြတယ်။

မြေပုံက ဟောင်းနွမ်းစုတ်ပြတ်နေပြီ။ မြေပုံမှာက အခုရှိနေတဲ့နေရာတွေကို ကြာညိုကျွန်းတောရယ်၊ တော၊ ကြာညိုလယ်ကျင်းတွေ၊ ကျွန်းချောင်းတွေပဲ ပေါ်နေလို့ မေးကြမြန်းကြတယ်။

ကျွန်းတောက အဲဒီအချိန်မှာ ရွာဖြစ်နေပြီ၊ ကျွန်းချောင်းတော့ရှိပါတယ်ပေါ့။ တောလို့ပြထားတဲ့ ကန်ပေါက်ကြီးရွာကလဲ အင်္ဂလိပ် လက်ထက်လောက်မှ ပေါ်လာတာလို့ထင်ရပါတယ်။ ***(ထိုမြေပုံကို စာရေးသူက သုံးသပ်ကြည့်မိပြန်ရာ နယ်ချဲ့အင်္ဂလိပ်လက်ထက်ဝန်းကျင်တွင် ပေါ်ပေါက်လာဟန်တူပါသည်။)***

အဲဒီအရှေ့မှာ တောင်သုံးလုံးရှိတယ်။ နတ်ရှင်တောင်၊ ခမောက်တောင်၊ အုန်းပင်တောင် အုန်းပင်တောင်ဆိုပေမယ့် အုန်းပင်တစ်ပင်မှ မရှိဘူး။ အခုလိုဏ်ဂူတောင်ကိုပဲ ခေါ်ကြတာပါ။

**စာရေးသူ ။ ။** ဟုတ်ကဲ့ခင်ဗျာ။ ဥမင်တောင်ကိုပဲ ဗမာစကားသံနဲ့ အလွယ်တကူခေါ်ကြတဲ့သဘောပါ။ ကျောက်ကြမ်းတောင်ဘက်မှာလဲ ဥမင်တောင်တစ်တောင် ရှိပါသေးတယ်။

**ဦးသန်းမောင် ။ ။** သူတို့ကကျေးရွာလူကြီးတွေကိုတစ်ခုပြီးတစ်ခုမေးပါတယ်။ "**ရှင်ပစ္စေကဗုဒ္ဓါလိုဏ်ဂူရှိတယ်**"ပြပါတဲ့။

**စာရေးသူ ။ ။** "ပစ္စေကဗုဒ္ဓါ"ကို မြန်မာအဘိဓာန်တွင် သစ္စာလေးပါးကို ကိုယ်တိုင်သိတော်မူသော ဘုရားငယ်ဟု ဖွင့်ဆိုထားပါသည်။


အဆိုပါ မေးခွန်းကြောင့် ကျေးရွာလူကြီးများက လိုဏ်ဂူတောင်သို့ ပို့ဆောင် ပြသပေးကြရကြောင်း၊ လိုဏ်ဂူနှစ်ဂူထဲတွင် လင်းနို့ အများအပြားရှိကြရာ မေးမြန်းသူ၏ တပည့်များက လင်းနို့များကို ဖမ်းစားကြသောကြောင့် နားရွက်ဆွဲခိုင်း၊ ဒဏ်ချ[illegible]ပြုကြောင်း သိရှိရသည်။

ဤစာရေးသူသည်လ[illegible] ဤ



www.burmeseclassic.com

www.burmeseclassic.com




အရှင်ဣန္ဒာစက္က (ခေါ်) ယောဂီရသေ့ကြီး ဘိုးတော်စီက
သာသနာထွန်းကားမယ့်အရပ်ဆိုပြီး
"W" STAR ခေါ်ပြီး၊ မြန်မာလို "ယ" ပက်လက်ပုံစံဖြင့်
ဓာတ်ပန္နက်လုပ်ဆောင်ခဲ့ပုံ

လိုဏ်ဂူတောင်သို့ ၂၀၀၃ခုနှစ်ဝန်းကျင်က လေ့လာခဲ့ဖူးသည်။ ကောလင်းမြို့ တောင်အင်းသချိုင်းဟောင်းတွင် ပေါ်တော်မူဘုရား ပေါ်ပေါက်စဥ်က သမိုင်းကွင်းဆက်များ ရှိ,မရှိ သိရှိလို၍ (၃,၄)ကြိမ်မျှ တစ်ကိုယ်တည်း တက်ရောက် လေ့လာခဲ့ဖူးပါသည်။ စုံစမ်းမေးမြန်းခြင်းစသည်တို့ ပြုခဲ့ပါသည်။

အကောင်အထည် မည်မည်ရရမရှိခဲ့သော်လည်း အလွန်ထူးဆန်း၍ အံ့ဩဖွယ်တို့ဖြင့် ပြည့်နှက်နေခဲ့လိမ့်မည်ဟု ယနေ့တိုင် ယုံကြည်လျက်ရှိပါသည်။

လွဲမောက်ရွာသူရွာသားအချို့၊ နတ်ရေတွင်းရွာသူရွာသားအချို့၊ အနီးနေရသေ့တစ်ပါးစသည်တို့ထံ မေးမြန်းသာခဲ့ဖူးပါသည်။

လင်းနို့အုပ်စုလိုက်ရှိနေ၍ မသွားနိုင်ဟုတားကြသော်လည်းသွားဖြစ်အောင် သွားခဲ့ဖူးပါသည်။ ထူးဆန်းထူးခြား၍ အံ့ဖွယ်တောင်ဖြစ်သည်ကိုတော့ အလိုလို သိရှိနေပါသည်။

**ဦးသန်းမောင်။** ။ ဒီ လိုဏ်ဂူတောင်ကိုစပြီး တူးဖော်တာကတော့ ခမောက်တောင်ကကိုစံမောင်တို့ အောင်နုတို့ အုပ်စုတွေပဲ။ အခု သူတို့ရှိနေကြသေးတယ်။

သူတို့မတိုင်ခင် ဟိုးနှစ်တွေကြာလှပြီပေါ့ဗျာ။ အောက်လင်းဓာတ်မီးနဲ့ သုံးလေးယောက် ဝင်ကြည့်ကြတာ ကျောက်ခုတင်လိုလိုမှာ ဆေးမြစ်က (၃)စည်းရှိတယ်။ ပေစာတွေကိုတွေ့လို့ ကိုင်လိုက်ရင် ပြာဖြစ်သွားတာတွေ ပုဏ္ဏားရုပ်လဲ တွေ့ကြသတဲ့။

စာဆိုတွေကတော့ "**ဘုရားမဟုတ်၊ ညာတင်ကုတ်၊ ကိုင်လိုက်ရင် ဂီးလီးဂုတ်လုပ်၊ ဥဏ်တော်က တစ်မှတ်တဲ့။ (မှတ်ချက်။** ။ ဦးသန်းမောင်ပြောပြချက်များကို ဒေါ်ဖိုးဝွက်ကပါ ထောက်ခံဖြေကြားပေးသည့် အခါများလည်း ရှိပါသည်။ **စာရေးသူ)**

**ဦးသန်းမောင်။** ။ ဒီ လိုဏ်ဂူတောင်ကို စပြီး တူးဖော်ခဲ့ကြတာ မြွေရိုးကြီး လက်ညှိုးကြီးလောက်ရှိတဲ့ အရိုးကြီးတွေ၊ ထန်းခေါင်းလောက်ရှိတဲ့ အရိုးစုပုံကြီးကို အပေါ်လိုဏ်ဂူမှာ တွေ့ကြရသတဲ့။

အောက်လိုဏ်ဂူမှာ ကိုးဆယ့်ကိုးတံခါး၊ ကိုးဆယ့်ကိုးကွေ့ဆိုတာတွေလဲ ရှိသတဲ့။ အတွင်းမှာ ကျဉ်း–ကျယ် – ကျဉ်း ပုံစံနဲ့ ကျဉ်းလိုက်၊ ကျယ်လိုက်၊ ကျဉ်းလိုက်နဲ့ပေါ့ဗျာ။

**မေး။** ။ ပုံမှန်မဟုတ်တဲ့ အတွင်းဂူလမ်းတွေ ဖြစ်မှာပေါ့နော်။

**ဦးသန်းမောင်။** ။ ဟုတ်ကဲ့။ တစ်ဖက်က မှန်ကန်ဆည်ရဲ့ အနောက်နား ဘုရား(၂)ဆူ ရွှေအင်းမျှော်၊ ရွှေမင်းမျှော်ဘက်ကို ပေါက်တယ်လို့ ပြောကြတယ်။ မောင်းကော်ရွာဘက်ကိုလဲသွားတယ်ဆိုလား။ တချို့က တောင်ဘက်ကန့်ဘလူဘက် သွားသတဲ့။ ဂူလမ်းအမျိုးမျိုးပေါ့ဗျာ။

**ဘဒ္ဒန္တဥတ္တမရာဇာ။** ။ခမောက်တောင် ဆရာတော်ဦးကောဝိဒကတော့ ဒီလိုဏ်ဂူကို **နဂါးချက်နယ်၊ နဂါးလိုဏ်ဂူ**လို့ ဖွင့်ဆို မိန့်တော်မူပါတယ်။

**ဦးသန်းမောင်။** ။ လွန်ခဲ့တဲ့ (၂)နှစ်လောက်က အနောက်ကနေ နဂါးကြီးပျံလာတယ်လို့ ဥက္ကံကလူတွေက ပြောကြတယ်။ ဒီလိုဏ်ဂူတောင်ကို ပျံတာ တောင်ထိပ်ပေါ်ကျပြီး ပျောက်သွားသတဲ့။

နှာရီဝက်လောက် နေတော့ အနောက်ဘက် လာလမ်းကိုပျံပြီး ထွက်သွားသတဲ့။

ရှေးအစဉ်အဆက်ကတော့ ကျားနဲ့နဂါးများ ကျက်စားရာ မတ်စောက်သောတောင်ရယ်လို့ ပြောဆိုရိုးစဲကားတွေ ရှိခဲ့ကြတယ်ဗျ။

**ဒေါ်ဖိုးဝွက်။** ။ ဟုတ်ပါတယ်။ ဦးသန်းမောင်ပြောတဲ့အတိုင်း ဥက္ကံကလူတွေက ဒီတောင်ကို နဂါးကြီးပျံလာတာလို့ ပြောကြတာ မှန်ပါတယ်။

**စာရေးသူ။** ။ ဟုတ်ပါတယ်။ ပါးစပ်ရာဇဝင်ကို ဆန်းစစ်တဲ့နည်း၊ အထောက်အထားနဲ့၊ သမိုင်းကွင်းဆက်တွေနဲ့ ပြန်စစ်ပြီး ရေးပါဦးမယ်ခင်ဗျ။

**ဦးသန်းမောင်။** ။ ဒါ ကျုပ်တို့က လုပ်ကြံ ပြောတာ မဟုတ်ပါဘူး။ အမှန်အတိုင်းပဲ ပြောတာပါ။

**ဒေါ်ဖိုးဝွက်** ။ ။ ဟုတ်ပါတယ်။ သူ့ပြောတဲ့အတိုင်း ပြန်ပြော ပြတာတွေပါ။



www.burmeseclassic.com

www.burmeseclassic.com

## သာသနာ့လိုဏ်ဂူတောင်၏ ရာဇဝင်နှင့် သမိုင်းအကျဉ်းချုပ်

လိုဏ်ဂူတောင်နှင့် ပတ်သက်၍ ပြောကြားချက်၊ ဖတ်ရှုချက်၊ လေ့လာသိရှိချက်များအရ ဂေါတမမြတ်စွာဘုရား ပွင့်တော်မမူမီက ရှင်ပစ္စေကဗုဒ္ဓါ(ဘုရားငယ်) သီတင်းသုံးတော်မူခဲ့ရာဒေသ ဖြစ်ခဲ့ဖူးသည်။

မြတ်စွာဘုရား ဖွားတော်မမူမီ (၂၂)နှစ်က ဘုရား၏ဘိုးတော် အဥ္စနမင်းကြီးသည် အမတ်ကြီး ရာဇသင်္ဂြိုဟ်ကို မြေဒူးဒေသသို့ မြို့တည်ရန် စေလွှတ်တော်မူခဲ့ဖူးသည်။

ကောလီဓာတ်ကြေစေရန် (၉)ဌာနကို ဖန်တီးတည်ဆောက်ခဲ့ရာ ဟိန္ဒူဖြုဟ္မဏရုပ်တုများနှင့် အရံ(၉)မြို့ ရှိခဲ့ကြောင်း မှတ်သားရချက်များအရ ဤလိုဏ်ဂူတောင်နှင့် ကောလီမြို့ခေါ်သော ကောလင်းမြို့များသို့ ဓာတ်ပန္နက်များ ချမှတ်ခဲ့ဖွယ်ရာ ရှိနိုင်သည်။

မြန်မာဘုရင် ခေတ်တစ်ခေတ်တွင် အကြောင်းတစ်ခုခုကြောင့် မင်းသမီးပုန်းအောင်းခဲ့သောဂူလည်း ဖြစ်သည်။

၁၃၀၆ ခုနှစ် ဝန်းကျင်လောက်က ခမောက်တောင် သာသနာပြုအရှင်ဣန္ဒာစက္က(ဝါ) ယောဂီဆရာရသေ့ကြီးဘိုးတော်စီ အဓိဋ္ဌာန်ပြုတရားကျင့်ခဲ့ရာ၊ ဓာတ်ပန္နက်များချခဲ့ရာတောင် ဖြစ်ခဲ့ဖူးသည်။

အချို့သော ခေတ်ကာလများတွင် **ကျားနှင့်နဂါးများ** ကျက်စားခဲ့ဖူးသည်။ ကုန်းကိုးတန်၊ ရေကိုးတန် နဂါးမယ်တော်နှင့် လူသားလုလင်ပျိုတို့၏ မေတ္တာဇာတ်လမ်း ပြန်ပေါင်းဆုံကြရာဂူလည်းဖြစ်သည်။

ဤလိုဏ်ဂူတောင်သည် အလွန်ထူးဆန်းထူးခြား၍ အံ့သြဖွယ်ရာတို့ဖြင့် ပြည့်နှက်နေသည့်တောင် ဖြစ်ကြောင်း သိရှိမှတ်သားရပေသည်။




သာသနာ့လိုဏ်ဂူတောင် လိုဏ်ဂူနှစ်ဂူနှင့်
ဘုရား+ သာသနိကဆောက်လုပ်ဆဲ အဆောက်အအုံအချို့ပုံကြမ်း

### ဆောက်လုပ်ပြီးအချို့

လိုဏ်ဂူတောင်တော်၌ ကိုးနဝင်းစေတီ၊ ဓမ္မစကြာတရားဟောဘုရားနှင့် ပဉ္စဝဂ္ဂီငါးပါး၊ ဂန္ဓကုဋိတိုက်တစ်လုံး ပြီးစီးပြီးဖြစ်သည်။

အပေါ်လိုဏ်နှင့် အောက်လိုဏ်တွင် ခေါင်းလောင်းများရှိသည်။ ဆောက်လုပ်ဆဲကျောင်းဆောင်မှာ သိန်း(၄၀) ကျော်ခန့်ကုန်ပြီး ဖြစ်သည်။ မပြီးစီးသေးပါ။

ဆွမ်းချက်ကျောင်းဆောင် (၁)လုံး၊ ပစ္စည်းပစ္စယကိုဒေါင်(၁)လုံး၊ဦးမွေးကြိုင်ဇရပ်(၁)ဆောင်၊ ဓာတ်ရုံ(၁)ရုံ၊ ဓာတ်ရုံ အရှေ့နားတွင် ထိုင်တော်မူဘုရား (၁)ဆူရှိ၏။ ဗောဓိပင်များ စိုက်ထားပြီး ဖြစ်သည်။

**မိုးနောင်** *(ကောလင်း)*

ကျမ်းကိုး

၁။ မောင်ကျော်ရှင်း မြေတူမြို့ (စာပေ ဗိမာန်ဒုတိယဆု စာပေဗိမာန်။)

၂။ မိုးနောင်(ကောလင်း)ရေး ဆောင်းပါးများ (ရှေ့၌ဖော်ပြပြီး)

တွေ့ဆုံပြောပြသော ပုဂ္ဂိုလ်များ

**ဘဒ္ဒန္တ ဦးဉတ္တမရာဇာ** လိုဏ်ဂူတောင်၊ ကောလင်းမြို့နယ်။

**ဒေါ်မြင့်မြင့်သိန်း (၅၈)နှစ်** ခမောက်တောင်ရွာ။

**ကိုပေသီး (၄၆)နှစ်** စက်ဘီးပြင် ကောလင်း။

**ကိုမောင်ဦး (၄၅)နှစ်** ဂေါပက အတွင်းရေးမှူး၊ လိုဏ်ဂူတောင် ကန်ပေါက်ကြီးရွာ။

**ဦးသိန်းအောင်(၇၀)နှစ်** တောင်သူကြီးအထက် သီတရာရွာ။ အခြား ပုဂ္ဂိုလ်များဖော်ပြပြီး။ အားလုံး ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုသော နံနက်ခင်းတွင် ဦးအောင်ဝင်းတင့်နှင့်အတူ ကံမမြို့ ဈေးအတွင်း ဝင်ရောက် ကြည့်ရှု လေ့ သာဖြစ်သည်။ ရောင်းချသော သား၊ ငါး သီးနှံ ပစ္စည်းပစ္စယများနှင့် ရောင်း သည်ဖောက်ကားနေမှုများက မြို့ခံ လူထု၏ လူနေမှုဘဝနှင့် ကျန်းမာရေး အခြေအနေကို တစ်စိတ်တစ်ဒေသ သိ ရှိရသော ကြေးမုံပြင်များ ဖြစ်ကြလေ သည်။

ဈေးတွင်း မုန့်ဆိုင်တန်းတွင် နံနက် ခင်း အာဟာရ ဖြည့်တင်းပြီးနောက်…

'ဒီနေ့ ဆရာ ဘယ်သွားချင်သလဲ'

'ကံမမြို့ကို လာရတဲ့ အဓိက ရည် ရွယ်ချက်က **ဖိုးတောဆရာတော်**နဲ့ **ထုံးကြီးဆရာတော်**တို့ကို ပူဇော်ဖို့ပါ'

'ဖိုးတောဆရာတော်က အနေအေးတယ်။ ဘာမှ မသိသလို၊ မတတ်သလို နေလေ့ရှိ တယ်။ ဒါပေမယ့် ဆည်းကပ်တဲ့လူတွေက ဗုဒ္ဓနုဆိုင်ရာ၊ အနုပညာလောက၊ စီးပွား ရေးလောကတွေက ထိတ်ထိတ်ကြဲတွေ ချည်းပဲ။ ပေးတာလဲ ဟိတ်ကြီးဟန်ကြီး မထုတ်ဘူး။ စီးကရက် ခဲပြားစက္ကူမှာ အပ်ချည် အရောင်စုံ ပတ်ပေးလိုက်တာမျိုးလို မထူးဆန်းလှပေမယ့် တကယ်စွမ်းတယ်။

ဆရာတော်က လူများများနဲ့ ရောနှောမနေ ဘူး။ ပရိသတ်များလာရင် တစ်နေရာ ပြောင်း သွားတတ်တယ်။ ဟိုတစ်လောက လေဖြတ် သွားလို့ ရန်ကုန်က ဒကာတစ်ယောက် ဆေးကုပေးဖို့ ပင့်သွားတယ်။

အဲဒီအချိန်ကစလို့ လုံးဝ မမြင်ရတော့ဘူး။ စုံစမ်းလို့မရအောင် ခြေရာပျောက်သွားတာ။ ကျွန်တော့်အထင်တော့ ပရိသတ်များလာလို့ ရောဂါဖြစ်တာ အကြောင်းပြုပြီး လူမသိ သူမသိ တစ်နေရာမှာ အားထုတ်နေတယ်လို့ ယူဆရတယ်'

'ထုံးကြီး ဆရာတော်ကော'

'ထုံးကြီးတောင်ကျောင်း ဆရာတော်

သရက်ခရိုင် ကံမမြို့နယ် ထုံးကြီးတောင်ကျောင်း ဆရာတော်

# ဦးကောဝိဒ

အား ဖူးမြော် ဂါရဝပြုခြင်း

ထက်မြင့်ကျော်စွာ



▲ သက်တော်ရာပြည့် ပူဇော်ပွဲ(အကြီး)၌ ရိုက်ကူးထားသော ထုံးကြီးဆရာတော် ဦးကောဝိဒ ပုံတော်

ဦးကောဝိဒကတော့ ရှိပါတယ်။ ဟိုး တစ်ရက်က ရာပြည့်အကြို ပူဇော်ပွဲ လုပ်သေးတယ်။ အဲဒီ ဆရာတော်ဆီ သွားဖို့ ဆိုင်ကယ် စီစဉ်ပေးပါ့မယ်'

ထိုနေ့တွင်ပင် ထုံးကြီးတောင် ကျောင်းတိုက်သို့ သွားရောက် ဖူးတွေ့ ဖြစ်သည်။ ကံမမြို့မှ အနောက်မြောက် ယွန်းယွန်း၊ သရက်မြို့သို့ သွားသော

www.burmeseclassic.com

ကားလမ်းအတိုင်း တစ်မိုင်ခန့် သွားပြီးနောက် လက်ယာဘက် လမ်းခွဲအတိုင်း ထုံးကြီးရွာသို့ သွားရသည်။

ထုံးကြီးရွာတွင် တောင်ကျောင်းနှင့် မြောက်ကျောင်းဟူ၍ ဘုန်းကြီးကျောင်း နှစ်ကျောင်းရှိရာ သက်တော်ရှည် ဆရာတော်ကြီးသည် တောင်ကျောင်း၌ သီတင်းသုံးတော်မူလေသည်။

ကျောင်းသို့ ရောက်သောအခါ လက်ထောက် ဦးပဥ္စင်း ဦးကုဝေရက ဖော်ရွေစွာ ဆီးကြိုကာ ဆရာတော်ကြီးထံ ခေါ်သွားပေးသည်။ ဆရာတော်ကြီးမှာ ခေတ္တ ကျိန်းစက် အနားယူနေသည် ဖြစ်၍ ဦးချကန်တော့ကာ ကျောင်းဝင်း အတွင်း လိုက်လံ ကြည့်ရှုကြသည်။

## ထူးခြားသော ပိန္နဲသီး

ကျောင်းအတွင်း ပိန္နဲပင်များရှိရာ ပိန္နဲသီး ရင့်မှည့်ချိန်ဖြစ်၍ အပင်တိုင်းတွင် ပိန္နဲသီးများ တွဲလဲဖြင့် တွေ့ရသည်။ ကျောင်းအနီး ကပ်လျက် အပင်ကြီးတွင်မူ အကိုင်းများ၌ တွဲ၍ သီးသကဲ့သို့ ပင်ခြေတွင် မြေကြီးနှင့်ကပ်လျက် အပြွတ်လိုက် သီးနေသည်ကို ထူးခြားစွာ တွေ့ရသည်။ ဖရဲသီးများပမာ မြေပေါ် ဝပ်တွားနေသည်လည်း ရှိ၏။ သီးကင်းဝင်စက အလုံး (၆၀)နီးပါး ရှိသည်။

အလွန်ချို၍ အရသာရှိသော အသီးမျိုးဖြစ်ရာ ရင့်မှည့်ချိန်တွင် ကျပ်ညှပ်မည်ကို စိုးရိမ်သဖြင့် ကျောင်းသား၊ သာမဏေများ အတို့အမြှုပ်အတွက် အသီးအချို့ ဆွတ်ခူးခွင့် ပေးခဲ့သည်။ ယခုအခါ (၃၆)လုံးကျန်၍ အားလုံး အမြွှာပြည့် အောင်အသီးများ ဖြစ်ကြသည်။

ပိန္နဲသီးတို့သည် သုံး,လေး,ငါးလုံး ပြွတ်၍ တွဲ၍ သီးတတ်သော်လည်း



▲ ထုံးကြီးတောင်ကျောင်း မုခ်ဦး

▼ ထုံးကြီးတောင်ကျောင်း



ဤမျှ များပြားသည်ကို ဤတစ်ကြိမ်သာ တွေ့ရ၏။ ထူးခြားစွာ ကျပ်ခဲ၍ မြေတိုက်သီးနေသည်မှာ ပြာသိုလခန့်တွင် စတင်ကြောင်း သိရသည်။

ဆရာတော် ဦးကောဝိဒ သက်တော်ရာပြည့် အထိမ်းအမှတ်နှစ်တွင် ဤသို့ ထူးခြားစွာ သီးပွင့်သည်က ဂုဏဝိသိဋ္ဌ ပူဇာ အထိမ်းအမှတ်ဖြစ်ကြောင်း ယူဆဖွယ် ရှိသည်။

ဆရာတော်သည် ၁၂၇၄ ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၁၀)ရက်နေ့ဖွား

ဖြစ်ရာ ပဋိသန္ဓေသက်နှင့် တွက်စစ်
က အသက်တစ်ရာ တင်းတင်းပြည့်
သောကာလတွင် စတင် သီးပွင့်ခြ
ဖြစ်သည်ကို တွေ့ရပေသည်။

## မိုးကောင်းစေတီနှင့် ကျောက်ရုပ်များ

ဆရာတော်ကြီးအား သဘာဝတ
ကပင် ဂါရဝပြု ပူဇော်သည့်
အဖြစ် ထူးခြားစွာ သီးပွင့်နေသ
ပိန္နဲပင်ကြီးအနီးတွင် မိုးကောင်းစေ





www.burmeseclassic.com

www.burmeseclassic.com





▲ ထုံကြီးဆရာတော်နှင့် လက်ထောက်ဦးပဥ္စင်း ဦးကုသလ

ထုံကြီးဆရာတော်အား ဖူးတွေ့ရစဉ် ▶

တော်ကို ဖူးတွေ့ရသည်။ ဆရာတော်ကြီးလက်ထက်တွင် အများကောင်းမှုဖြင့် တည်ထား ကိုးကွယ်ခဲ့ကြသည်ဟု သိရသည်။

လေးထောင့်အုတ်ခုံအထက် ပစ္စယံသုံးဆင့်တင်၍ ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည်။ ပထမပစ္စယံလေးဖက်လေးတန် မုခ်လိုဏ်တွင်း၍ တင်မျှော်ခွေ ရုပ်ပွားတော် တစ်ဆူစီ ပူဇော်ထားလျက် ထောင့်လေးထောင့်၌ ခြင်္သေ့ (၄)ကောင်ရံ၏။ ဒုတိယပစ္စယံထောင့်များတွင်မူ မနုသီဟ (ခေါ်) နရသီဟ (၄)ကောင် ထားရှိသည်။

မနုသီဟမှာ သောဏနှင့် ဥတ္တရမထေရ်တို့ သုဝဏ္ဏဘုမ္မိသို့ သာသနာပြု ကြွရောက်စဉ် ပင်လယ်မှ ဘီလူးများ၏ရန်ကို ကာကွယ်ရန် ဖန်ဆင်းသော သတ္တဝါ ဖြစ်သည်။ ခြင်္သေ့(၅)မျိုးတွင် အပါအဝင် ဖြစ်သော ခြင်္သေ့သည်း မြတ်စွာဘုရား၏ သာသနာ အတွင်း ရဟန္တာ၊ တန်ခိုးရှင်တို့ ဖန်တီးမှသာ ဖြစ်ပေါ်နိုင်သည့် သတ္တဝါ ဖြစ်သည်။

မိုးကောင်းစေတီ ကိန်းဝပ်ရာ ကျောင်းတော်မြေသည် ထုံကြီးရွာ၏ တောင်ဘက်၊ ပင်လယ်နှင့် နီးရာဘက်၌ရှိရာ ဤရုပ်တုများ ထားရှိခြင်းဖြင့် ရွာအတွက် (ရေဘီလူး)ရန် ဘေးအကာအကွယ်ဖြင့် ရည်ညွှန်းကြောင်း သိရသည်။

ကျောင်း၏တစ်ဖက်တွင်မူ သဘာဝအလျောက် ဖြစ်ပေါ်နေသော ကျောက်ရုပ်များ တည်ရှိသည်။ ဘဲ၊ ငုံး၊ ငန်း လည်တံရှည်၊ ကမ္ဘာဦးသားကောင် ဒိုင်နိုဆော၊ ဒိုင်နိုဆောသားငယ် စသည်ဖြင့် ကျောက်တုံးများက ပုံသဏ္ဌာန် အမျိုးမျိုး ဖြစ်တည်နေကြလေသည်။

## ကျောင်းတော်သမိုင်းနှင့် မြန်မာ့ဝေဒ အာယုဗ္ဗေဒဆေးပညာ

ထို့နောက်တွင် ဦးပဥ္စင်းနှင့်အတူ ကျောင်းပေါ်သို့ ပြန်တက်လာကြရာ ဆရာတော်ကြီး ကျိန်းစက်ရာမှ နိုးနေသည်ကို ဖူးတွေ့ရသည်။ ဆရာတော်က ကိုယ်တိုင် ရေးသားထားသော ကျောင်းသမိုင်းအကျဉ်းကို ဦးပဥ္စင်းမှ တစ်ဆင့် ထုတ်ပေးကာ လေ့လာစေသည်။

ဤကျောင်းသည် မူလက မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ ထုံကြီးကျေးရွာ၏ အရှေ့ဘက်တွင် တည်ရှိခဲ့သည်။ ၁၂၇၅ ခုနှစ်တွင် ဦးထွန်းလှ၊ ဒေါ်ပု၊ ဦးမြိုင်တို့က ရွှေမြင်တင်ကျောင်းဆရာတော် ဦးကောသလ္လအား ဆောက်လုပ်လှူဒါန်းခြင်း ဖြစ်သည်။

ဆရာတော်သည် ခေတ္တသာ သီတင်းသုံး၍ တပည့် ဦးသုတအား လွှဲအပ်ပေးခဲ့သည်။ ဆရာတော် ဦးသုတသည် (၈) နှစ်ခန့် သီတင်းသုံးပြီးနောက် ပရိသုဒ္ဓပြုသွားရာ ဦးစန္ဒောဘာသ (ဘုန်းကြီး ဦးစံအေး)နှင့် ဦးစန္ဒောဘာသ (ဇီကုန်း ဦးပဥ္စင်း)တို့က တစ်နှစ်စီသာ သီတင်းသုံးကာ ပြည်မြို့သို့ ပြောင်းရွှေ့သွားကြသည်။ ထို့ကြောင့် ဆရာတော် ဦးကောသလ္လထံ ဘုန်းကြီး တောင်းကြပြန်သည်။

ဦးကောသလ္လက "**ပထမ ဆုံကျင်း**"



www.burmeseclassic.com

www.burmeseclassic.com



◆ (၃၆)လုံးရှိသော မြေကပ်ပိန္နဲသီးများ



ကျောင်းဝင်းအတွင်းမှ မိုးကောင်း စေတီတော် ▶

ဆရာတော်ထံ လျှောက်ကြားစေသည်။ ဆုံကုန်းဆရာတော်ကြီးမှာ လောကီ၊ လောကုတ္တရာ နှံ့စပ်ကျွမ်းကျင်သူဖြစ်ရာ ကျောင်းမှာ ထုံးကြီးရွာ၏ အရှေ့၌ ရှိနေသည်။ **"အင်း ဝ ရှင် ကြီး ထန်း သီး စုပ် ဖတ် မူလရပ် ရာဟုထောင့်က စရေပါ"** လင်္ကာအရ မူလအရပ်တွင် ရှိသဖြင့် ကျောင်း မတည်တံ့နိုင်၊ ဘုန်းကြီး မမြဲနိုင်ပါ။ ကျောင်းကို နေရာရွှေ့ဆောက်ပါက ဘုန်းကြီး (ကျောင်းထိုင်ဆရာတော်) ထည့်မည်ဟု မိန့်ကြားသဖြင့် ဦးစံဖူး၊ ဒေါ်လှမှုန်တို့က ရွာတောင်ဘက်တွင် မြေခြင်းလဲ၍ ကျောင်းဆောက်လှူကြသည်။

ဆုံကုန်းဆရာတော်က ဦးဇာဂရကို ထည့်လိုက်သဖြင့် ၁၂၈၆ ခုနှစ်တွင် ယခုနေရာသို့ ကြွရောက်တော်မူသည်။ (၂၁)နှစ်မျှ သီတင်းသုံး၍ သက်တော် (၅၄)နှစ်၊ ၁၃၀၇ ခုနှစ်တွင် ပျံတော်မူသည်။

ကျောင်းကို ကျောင်းအမ ဒေါ်လှမှုန်ကို စွန့်ခဲ့သဖြင့် ဒေါ်လှမှုန်က ဒုတိယ ဆုံကုန်းဆရာတော် ဦးကဝိန္ဒအား လှူဒါန်းသည်။ ဦးကဝိန္ဒက တောင်စကိုင်းကျောင်းမှ ဦးကောဝိဒ (သီက္ခာ ၁၄-ဝါ)ကို ကြွရောက် တာဝန်ယူစေရာ ယခုတိုင်ပင် ဖြစ်လေသည်။

ဆရာတော် ဦးကောဝိဒသည် ပညာလောဘကြီးစွာဖြင့် လောကီ၊ လောကုတ္တရာစာပေ ပညာများသာမက လောကဓာတ်ပညာကို အင်္ဂလိပ်စာပေ ပြတင်းမှလည်း လှမ်းမြော်ကြည့်ရှုခဲ့သည်။ ရဟန်းဖြစ်စ မန္တလေးတွင် စာဝါ တက်စဉ်က ထိုခေတ် အင်္ဂလိပ်သင်ရိုး ငါးအုပ်၊ နက်စဖီးဂရမ်မာ၊ အက်ဆေး၊ အင်္ဂလိပ် ရာဇဝင်မျ[...] ကိုလည်း ကုန်စင်အောင် လေ့[...] သင်ယူခဲ့သည်။

ထို့ကြောင့် အိုဗာတင်း၊ ဂလူး[...] ဂရိတ်ဖရု စသည့် အင်္ဂလိပ်စ[...] မွေးစား မြန်မာဝေါဟာရပါ ပစ္စည်း[...] ကပ်လှူသောအခါ မြန်မာလို[...] အင်္ဂလိပ်စာဖြင့် ရေးသားပြမှ နား[...] တော်မူလေသည်။ အင်္ဂလိပ်စာ ကျွ[...] ကျင်သော်လည်း တရားဟောရာ[...] အင်္ဂလိပ်ဝေါဟာရ မညှပ်ဘဲ မြ[...] စကား သီးသန့်ဖြင့် မြန်မာတို့ နား[...] အောင် ဟောကြားလေ့ရှိသည်ဟု [...] ပေသည်။


## ထေရုပ္ပတ္တိအကျဉ်း

ပရိတ်ရေ ဆူပွက်၍ ရွှေဥ[...] တော်ဟု ခေါ်ကြသော ထုံးကြီး[...]




www.burmeseclassic.com

www.burmeseclassic.com




ဝမ်းဘဲပုံ ကျောက်တုံး

ငုံးပုံစံ



ငန်းလည်တံရှည်ပုံ



ကျောင်း ဆရာတော် ဦးကောဝိဒ လောင်း မောင်ဖိုးစံကို ၁၂၇၄ ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၁၀)ရက်၊ တနင်္လာနေ့တွင် သရက်ခရိုင်၊ ကံမမြို့နယ်၊ တောင်စကိုင်းရွာနေ ဦးဘိုးကြူ၊ ဒေါ်ပန်းစိန်တို့မှ မွေးဖွားခဲ့သည်။

ခုနစ်နှစ်အရွယ်တွင် စာပေ စတင် သင်ယူရာ (၁၃)နှစ်သားတွင် သာမဏေ ပြုသည်။ ပိဋကတ်၊ ဗေဒင်၊ ဆေးကျမ်း၊ ဓာတ်ကျမ်းတို့ကို ကံမမြို့ သုံးထပ် ကျောင်း ဆရာတော် ဦးကုသလထံမှ သင်ယူတတ်မြောက်သည်။

၁၂၉၃ ခုနှစ်တွင် မြို့ရွာ မငြိမ်သက် သဖြင့် ဓနုဖြူမြို့သို့ ရှောင်ပြေးရလေရာ ဇလွန်မြို့၊ ဂျင်းတိုက်ကျောင်း ဆရာ တော်ထံမှ ပထမံ၊ ပဥ္စမံ၊ အဠမံ ရုပ်ထွက်ပညာများ ဆည်းပူးခဲ့သည်။ ထိုနှစ် တပို့တွဲလတွင် တောင်စကိုင်းရွာ ရေသိမ်၌ တောင်စကိုင်းဆရာတော် ဦးဝိဇယအား ဥပဇ္ဈာယ်ပြုကာ ရဟန်း ဘောင် ဝင်ရောက်သည်။

ထို့နောက် မန္တလေး၌ လေးဝါ သီတင်းသုံးကာ အင်္ဂလိပ်စာ အပါအဝင် စာဝါလိုက်စားသည်။ (၅)ဝါအရတွင် ရန်ကုန်သို့သွား၍ စာသင်ကာ ပထမ ကြီးတန်းအထိ ဖြေဆို အောင်မြင်ခဲ့ သည်။ ၁၃၀၀ ပြည့်နှစ်တွင် မွေးရပ်ပြန် ကာ စာဝါ ပို့ချပြီးနောက် ၁၃၀၃ ခုနှစ် တွင် ပခုက္ကူ၊ မဟာဝိသုတာရာမတိုက် ဆရာတော် ဦးပညာထံ နည်းခံ၍ စာဝါ သင်ယူသည်။

ထိုမှ စစ်ကြီး စတင်သဖြင့် မွေးရပ် သို့ ပြန်လာရာ ၁၃၀၇ ခုနှစ်၊ တပို့တွဲ လတွင် ထုံးကြီးတောင်ကျောင်း တာဝန် ခံ ကျောင်းထိုင်ဆရာတော် ဖြစ်လာ သည်။

သံဃနာယကအဖွဲ့ အဆင့်ဆင့်တွင် ပါဝင် တာဝန်ယူ ပူဇော်မှုကြီး ၁၃၆၂



www.burmeseclassic.com

www.burmeseclassic.com

ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်၊ ၁၃၇၁ ခုနှစ်တွင် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်များ အလှူခံတော်မူရသည်။

လောကီ, လောကုတ္တရာ စာပေများနှံ့စပ်၍ ထင်ရှားသော ဓမ္မကထိက ဆရာတော်တစ်ပါးလည်း ဖြစ်သည်။

ဆရာတော်ကြီး လေ့လာသင်ယူခဲ့ရသမျှတို့ကို စာအုပ်ချုပ်၍ သိမ်းဆည်းထားရာ (A3)ဆိုဒ် စာအုပ် (၆) အုပ်မျှ ရှိသည်ကို တွေ့ရသည်။ ယင်းအနက်မှ သုံးထပ်တွက်ကိန်း အဟောလက်ာ၊ တတိယကမ္ဘာစစ် မဖြစ်နိုင်ကြောင်း ရာသီစက်၊ နဝင်းစက်နှင့် အဟောဆိုင်ရာ လက်ရေးမူများကို မှတ်တမ်းပြုတင်ပြလိုက်ပါသည်။

ဆရာတော်သည် ဗေဒဝိဇ္ဇာဖြစ်ကြောင်း ၁၂၉၃ ခုနှစ်က ရေးသော လက်ရေးမူ၌...

**ရှင်** – ဆရာ ပညာကြီးသူမို့ လက်ာနည်းခြုံကာ

**ကော** – ကနုပဒုံကြာလို စုံနယာ တင့်ဆန်း

**ဝိ** – သေသ တံဆိပ်ပါသည် အတိတ်လာ ရှေ့ကကံစွမ်း


**ဒ** – သိဒ္ဓဆက်မပါ လက္ခဏာ ခေါင်ပန်း

**ဧဗ** – ဒင်ခေါ် ပညာလမ်းတွင်ဖြင့် ထင်ရာစမ်း တကယ်

**ဒ** – ရပ်ဂုဏ် ဖော်မပြချင်ဘူး မဟောသဓ လေးညီသဖွယ်

**ဝိ** – ဇ္ဇာစက်ခရီးနယ်မှာ ကြီးအကျယ် တန်ခိုးတောက်တာမို့ မိုးအောက်က မြေတခွင် ဘုန်းသီရိလွှင်

**ဇ္ဇာ** – ဂရုဆရာရှင်လို ကမ္ဘာတွင် ကျော်ကြားလိမ့်လေး။



▲ ဗိုလ်ဗိုလ်ဆော သားငယ်ပုံ

▼ ဗိုလ်ဗိုလ်ဆောပုံ



ရှင်ကောဝိဒဟု ရေးထားသဖြင့် ရဟန်းမတက်မီ ရေးသားထားကြောင်း သိရလေသည်။ ဤတွင် ဆရာတော် ညွှန်းသည် "**ဇာဂရု**"သည် ညောင်ရမ်းခေတ် ဗေဒဝိဇ္ဇာ ပုဏ္ဏားတော်ဖြစ်သည်။ သာလွန်မင်းသည် ၁၀၁၀ ပြည့်နှစ် တော်သလင်းလဆန်း (၉) ရက်နေ့တွင် ပုဏ္ဏားတော် ဇာဂရုကို ခေါ်၍ ထီးတင်ရန် အခါတောင်းရာ "**ကိုယ်တော်မြတ် ထီးတင်ချိန် မမှီချေ**"ဟု လျှောက်၏။

'ငါ ဘယ်ချိန်ခါ နတ်ပြည်စံမည်နည်း'


'နက်ဖြန် တစ်ချက်တီးကျော်လျှင် နတ်ပြည်စံမည်'

'မှန်လျှင် မှန်စေ၊ မမှန်လျှင် သားမယားနှင့်တကွ မီးပုံတိုက်မည်'


နာရီခွက်ထား၍ စောင့်ကြည့်စေရာ နေ့ သုံးချက်တီးသည့်တိုင် ပကတိ ကျန်းမာစွာ ရှိရာမှ လေးချက်တီးတွင် အဖျားရောဂါရောက်ကာ နောက်နေ့ တစ်ချက်တီးကျော်လျှင် နတ်ပြည်စံ



www.burmeseclassic.com



◆ တတိယကမ္ဘာစစ် မဖြစ်နိုင်ကြောင်း ဂြာသီစက်နှင့် နဝင်းစက်



◆ ကမ္ဘာစစ်ဆိုင်ရာ ဗေဒအဖြေ ဆရာတော်၏ လက်ရေးမူ

လေသည်။ ***(ပုခန်းဆရာတော် ဦးဝိမလာဘိဝံသ ရေးသည့် ရွှေတန်ဆာ ဘုရားသမိုင်း၊ စာ-၃၀၆)***

ထို့နောက် ဆရာတော်ကြီးအား ရှိခိုး ဦးချသောအခါ ခေါင်းပေါ် လက်တော် တင်၍ ဘုန်းကြီး သက်ရှည် ကျန်းမာစွာဖြင့် သာသနာ့ဝန် ထမ်းရွက် ပြုစုနိုင်စေကြောင်း ဆုမွန်ကောင်း တောင်းပေးတော်မူသည်။

ဆရာတော်အား (စာဖြင့်ဖြစ်စေ) အကြောင်းအရာအချို့ မေးလျှောက်ရန် အတွက်မူ ပင့်ကူရုပ်ထားသဖြင့် နှုတ်ခမ်း ရောင်ကိုင်းနေသည့်အတွက် အားနာ အလိုက်သိစွာ လက်လျှော့ခဲ့ရလေသည်။

သက်တော် တစ်ရာ ပြည့်ပြီဖြစ်သော်လည်း ဦးအောင်ဝင်းတင့်ကဲ့သို့ ဖူးမြော်နေကျ ဒကာများကိုမူ ကာလ အတန်ကြာသော်လည်း မေ့လျော့ခြင်း မရှိပါ။ မြင်သည်နှင့် နာမည်နှင့်တကွ နှုတ်ဆက်ကာ ယခင်တစ်ခေါက် (နောက်ဆုံး ရောက်ခဲ့ချိန်)က ကိစ္စများ အကြောင်း မေးမြန်းတော်မူသည်ဟု သိရသည်။

ဆရာတော်သည် အသက် တစ်ရာ ပြည့်သည့်တိုင် သလိပ်မခတ်၊ တံတွေး ထွေးခြင်း တစ်ကြိမ်မျှ မရှိပါ။ ဆွမ်းဘုဉ်း ပြီးချိန် ပလုတ်ကျင်းသည်မှလွဲ၍ ကွမ်း, ဆေး, လက်ဖက် မှီဝဲခြင်းမရှိပါ။

နေလွဲချိန်တွင် ရေနှင့် တံပူ (သွားပွတ်တံ)မှလွဲလျှင် ပါးစပ်တွင်း မသွင်းသည့် ဝိနည်းလေးစားသူ ဖြစ်လေသည်။ ည (၇) နာရီနှင့် နံနက် (၂) နာရီတွင် (တစ်နေ့ နှစ်ကြိမ်) နှစ်နာရီကြာမျှ ကမ္မဋ္ဌာန်း ဆောက်တည်တော်မူသည်မှာ ရဟန်းငယ်ဘဝကပင် ဖြစ်သည်ဟု သိရသည်။

နံနက် (၄) နာရီတွင် ကမ္မဋ္ဌာန်းသိမ်းကာ စကြံ ကြွတော်မူသည်။ နာစေးချောင်းဆိုးမှလွဲ၍ ဝေဒနာကြီးများ ခံစားရခြင်း မရှိပေ။ ဆေးသမား၊ ဆရာဝန်များက ရောဂါ မရှိသော်လည်း သက်တော် ကြီးရင့်သဖြင့် နှလုံးအားဆေး၊ အသည်းအားဆေး စသည်ဖြင့် သင့်ရာ တိုက်ကျွေး ထိုးနှံပေးကြသည်ဟု သိရသည်။

## ဆရာတော်၏ ဓမ္မအလှူ

အလှူတကာတွင် တရားအလှူသည် အမြတ်ဆုံး ဖြစ်၏။ ထုံးကြီးတောင်ကျောင်း ရေဆူဆရာတော် အရှင်ကောဝိဒ စွန့်လှူသော ဓမ္မဒါနကို ဝမ်းမြောက်စွာ လက်ခံယူကာ ဖြန့်ဝေပေးလိုက်ပါသည်။

www.burmeseclassic.com

## ကြီးပွားတိုးတက်ကြောင်းတရား

ဥဋ္ဌာနဝတော သတိမတော၊
သုစိကမ္မဿ နိသမ္မကာရိနော။
သညတဿ ဓမ္မဇီဝိနော၊
အပ္ပမတ္တဿ ယသော ဘိဝၯတိ။

◎ ထကြွဝီရိ သတိထင်စွာ၊ စင်ကြယ် အမှု မျှော်ရှုသေချာ၊ ကိုယ်နှုတ် စောင့်ရေး သက်မွေးစင်စွာ၊ မမေ့မလျော့ ကျင့်လော့ခုနစ်ဖြာ။

◎ ခြံရုံစည်းစိမ် ဂုဏ်သိန်များစွာ၊ ရာထူးဘွဲ့ထူး ဂုဏ်ထူးစုံစွာ၊ ဝိဇ္ဇာ သိပ္ပ တတ်ကြွလိမ့်မှာ တိုးပွား ကြောင်း အပေါင်းမှတ်ကြပါ။

◎ ကျောင်းတော်ရွှေထုံး တို့ဘုန်း ဆရာ၊ ထုတ်ဖော်ဟောပြ ဓမ္မဒေသ နာ၊ ဓမ္မပဒ ဗုဒ္ဓမြတ်စွာ နှုတ်တော် ထွက် မပျက်ကျင့်ကြရာ။ ။

## သည်းမခံမှု ဆိုးကျိုး


ရန်သူပေါ်ငြား အပြစ်များနှင့် မုန်း ထားလူနတ် သေလတ်တွေဝေ လား လေပါယ်ရွာ ဤငါးဖြာ မှတ်ပါအက္ခန္တိ (သည်းမခံမှု)ပေတည်း။

## အပြစ်မပြုသင့်သူ ရှစ်ယောက်

ရှူးတစ်သွယ်၊ သူငယ်၊ မင်း၊ ဘရင်း နှင့်မိမာတာ၊ အစ်ကိုသာ ဆရာနှင့် ရှင်ရဟန်း။ ပြစ်မပြုလေနှင့် ရှစ်ခု နည်းမှန်ပြ သည်းခံကြစမ်း။

## မြတ်ဥစ္စာ

အာရောဂျပရမာ လာဘာ၊
သန္တုဋ္ဌိ ပရမံ ဓနံ။
ဝိဿာသ ပရမာ ဉာတိ၊
နိဗ္ဗာနံ ပရမံ သုခံ။ ။
ကျန်းမာခြင်းက မြတ်လှလာဘ်၊
တင်းတိမ်ခြင်းက မြတ်လှဓနံ။
ချစ်ကျွမ်းခြင်းက မြတ်လှဉာတံ၊
နိဗ္ဗာန်က မုချ မြတ်သုခံ။ ။



သုံးထပ်ကိန်းတွက်ပုံ လက်ရေးမူ

## လက္ခဏာသုံးပါး အကြောင်း

### လေးပါးစီ

**အနိစ္စ** – ဖြစ်ပျက်ပိုင်းခြား မရှိငြား ဖောက်ပြန် ဤနှစ်တန် အမှန်အနိစ္စ၊ ခိုက်တန့်တည်၏ မြဲ၏ဆန့်ကျင် ဤနှစ်အင် အမှန်အနိစ္စ။

**ဒုက္ခ** – အမြဲမပြတ် ကပ်၍နှိပ်စက် နှစ်ချက်ယင်းဒုက္ခ၊ ဆင်းရဲ တည်ရာ ချမ်းသာဆန့်ကျင် ဤနှစ်အင် ဆင်ခြင်ယင်း ဒုက္ခ။

**အနတ္တ** – လိုလိုက်ဆိတ်ရိုး အစိုးမရ ဤနှစ်ဝ သိကြအနတ္တ၊ မလိုက်အလို ကိုယ်၏ဆန့် ကျင် ဤနှစ်အင် ဆင်ခြင် အနတ္တ။

## ပယ်သင့်သည့် ကျယ်ငါးပါး

စကားပြောကျယ်၊ အရယ်ကျယ်နှင့် ခေါ်ကျယ်၊ ချေကျယ်၊ အသမ်းကျယ် ကျယ်ငါးပါးကို ပယ်ရမည်။

## ယခုဘဝဋ္ဌ

## အထွတ်အထိပ်ရောက်ရာ

## အကြောင်းငါးပါး

စိရကာလနိရန္တ၊
နိရပဿဝ သက္ကစ္စံ။
အတိရတိ ဘာဝနဋ္ဌ၊
ကုမ္မေ ပဋ္ဌ ကုမ္မဝ ဘဝေ။
ဝိသေသပုဂ္ဂလာနံ စ၊
ကိတ္တိံ ပပ္ပေါန္တိ နိပ္ပတ္တိံ။

*(ကောဝိဒ ရစနာ)*

ခက်ခဲသော ပါဠိအသံထွက်

**နိရန္တ** = နိရန်တင်စ
**သက္ကစ္စံ** = သက်ကစ်စံ
**ဘာဝနဋ္ဌ** = ဘာဝနင်စ
**ကုမ္မေ** = အိမေ
**နိပ္ပတ္တိံ** = နိပ်ဖတ်တိန်
**ပဋ္ဌ** = ပင်စ
**ကုမ္မဝ** = အိဝ
**ပုဂ္ဂလာနံ** = ပုတ်ဂလာနံ
**ကိတ္တိံ** = ကိတ်တိန်
**ပပ္ပေါန္တိ** = ပပ်ပွန်တိ


(စာမျက်နှာ (၁၂၅) သို့)



www.burmeseclassic.com

www.burmeseclassic.com






◄ ဌာပနာဆင်းတုတော်ငယ်များ

◄ အရှေ့မြတန်ဆောင်းအရံစေတီတစ်ဆူ

# အရှေ့မြတန်ဆောင်း အရံစေတီတော်

ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)

မြောက်ဦးမြို့ နန်းတော်ကုန်း၏ မြောက်ဘက် တစ်မိုင်သာသာခန့် အကွာတွင် အရှေ့မြတန်ဆောင်းစေတီတော်ကြီးတစ်ဆူကို ဖူးတွေ့ရပါသည်။

စေတီတော်ကြီးမှာ ညီတော်စေတီတော်၏မြောက်ဘက်၊ အနောက်မြတန်ဆောင်းစေတီတော်၏ အရှေ့ဘက်တွင် ကျရောက်ပါသည်။ ပေ(၄၀) ခန့်မြင့်သော တောင်ကုန်းပေါ်တွင် တည်ဆောက်ထားပါသည်။

မြောက်ဦးမြို့တည် စေတီတော်ကြီး တစ်ဆူ ဖြစ်သည်ဟူ၍လည်း သိရှိရပါသည်။ စေတီတော်ကြီးကို မြောက်ဦးမြို့တည် ဘုရင်မင်းစောမွန်နှင့် မိဖုရားစောစစ်တို့က ရခိုင်သက္ကရာဇ် ၇၉၂ ခုနှစ်၊ အေဒီ ၁၄၃၀ ပြည့်နှစ်တွင် တည်ထားလှူဒါန်းခဲ့သော စေတီတော်ကြီးတစ်ဆူပင် ဖြစ်ပါသည်။

စေတီတော်ကြီးကို တံတိုင်းလေးဘက် ကာရံထားပြီး အရှေ့အနောက်တွင် တက်လမ်း လှေကားဟောင်းများ တွေ့ရှိရပါသည်။ စေတီတော် တံတိုင်းအတွင်း ထောင့်လေးထောင့်တွင် အရံစေတီလေးဆူ ဖူးတွေ့ရပါသည်။

တံတိုင်း အနောက်မြောက်ထောင့် အပြင်ဘက်တွင်လည်း ဂူငယ်တစ်လုံး ရှိသည်ကို တွေ့ရှိရပါသည်။ စေတီတော်ကြီး အရှေ့တွင်လည်း ဂူနှင့် တစ်ဆက်တည်း အာရုံခံအဆောင် တစ်ဆောင်အရာသာ တွေ့ရှိရပါသည်။

မူလက ရင်ပြင်တစ်ခုလုံး စဥ့်ကြွမ်းခင်းပြားများ ခင်းခဲ့သည်ဟု သိရှိရပါသည်။ စေတီတော်ကြီးနှင့် အရံစေတီများမှာ မြောက်ဦးခေတ် ပျက်သုဉ်းပြီးနောက်ပိုင်း ပြုပြင်မည့်သူ ကင်းမဲ့ကာ ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။

ခရစ်နှစ် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလထဲတွင် စေတီတော်ကြီး၏ အရှေ့မြောက်ထောင့်မှ အရံစေတီတော်ကို ပြုပြင်လှူဒါန်းမည့်သူပေါ်၍ မြောက်ဦးရှေးဟောင်းသုတေသန ဦးစီးဌာနမှ ကြီးကြပ်ပြီး အရှေ့မြောက်ထောင့်အရံစေတီကို ပျက်စီးနေရာမှ ပြန်လည်ပြုပြင် ထိန်းသိမ်းကြပါသည်။


ပြန်လည်ပြုပြင် ထိန်းသိမ်းရန် အတွက် ဤအရှေ့မြတန်ဆောင်း အရှေ့မြောက်ထောင့် အရံစေတီငုတ်တိုကို အောက်ခြေပတ်လည်၌ တူးဖော်သန့်ရှင်းရေးလုပ်ရာ ဌာပနာ ဘုရားဆင်းတုငယ်အဆူ(၈၀)ခန့်ကို စေတီငုတ်တို အနောက်ဘက်ခြေရင်းမှာ ပြန့်ကြဲစွာ ဖူးတွေ့ရပါသည်။

ဆင်းတုတော်များမှာ ကြေးနှင့် ခဲဆင်းတုငယ်များ ဖြစ်သည်ဟု ခန့်မှန်းရပါသည်။ စေတီတော်ကို သိုက်အချော များ သိုက်ဖောက်စဥ်က ပြန့်ကြဲကျန်ခဲ့




www.burmeseclassic.com

www.burmeseclassic.com





ပုံ-၁



ပုံ-၂



ပုံ-၃



သော ဆင်းတုငယ်လေးများ ဖြစ်နိုင်ပါသည်။

ယခု ပြန်လည်ပြုပြင်နေသည့် အရှေ့မြတန်ဆောင်း အရံစေတီငယ်မှာ အုတ်စေတီငယ်ဖြစ်ပြီး အမြင့် လူတစ်ရပ်ကျော်နီးပါးခန့်သာ ကျန်ရှိပါတော့သည်။

အောက်ခြေ အချင်း (၁၆)ပေခန့် ရှိပြီး စေတီတော်ပြီးစီးပါက အမြင့် (၁၉)ပေခန့် ရှိလိမ့်မည်ဟု ခန့်မှန်းရပါသည်။

ပြီးစီးနေသော အရှေ့တောင်ထောင့်မှ အရံစေတီငယ်မှာလည်း အချင်း(၁၆)ပေခန့်ရှိပြီး အမြင့် (၁၉)ပေခန့် ရှိပါသည်။ ထောင့်လေးထောင့်မှ စေတီအရံ လေးဆူ စလုံးမှာ အရွယ် အစား အတူတူပင်တွေ့ရှိရပါသည်။

စေတီတော် အောက်ခြေပန္နက်မှာ အဝန်းဖြစ်ပြီး ပစ္စယံသုံးဆင့်ဖြင့် အဆင့်ဆင့် တွေ့ရှိရပါသည်။ အောက်ခြေ အဆင့်တစ်ဆင့်တွင်သာ ဖိနပ်နှင့် သွေး တစ်ဆင့်ပိုပြီး ကျန်ပစ္စယံအဆင့်များတွင် မိုးချော၊ သွေး၊ ခါးဆစ်၊ ဖောင်းလုံးများဖြင့် အဆင့်ဆင့်ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။

ပစ္စယံအဆင့်များ အထက်တွင် ခေါင်းလောင်းမှောက်၊ သပိတ်မှောက်ကို တွေ့ရှိရပါသည်။ စေတီတော်အောက်ခြေဖိနပ်မှ သပိတ်မှောက်အဝန်းတက်သွားပြီး သပိတ်မှောက်အပေါ် ဓာတုဂဗ္ဘတိုက်ကို လေးထောင့်ဖွဲ့စည်းထားပါသည်။

ဓာတုဂဗ္ဘအထက်မှ လည်သီးခံ ထီးတော်တင်ထားပါသည်။ ထီးတော်ကို မှိုပွင့်သဏ္ဍာန်တင် လျှ သည်။ ဒေသခံများက ဒန်းအိုးမှော် ထီးတော်ပုံဟူ၍လည်း ခေါ်ဆိုကြ





www.burmeseclassic.com

www.burmeseclassic.com

သည်။ ထီးတော်ကို အဝန်းတင် ဆောင်ထားပါသည်။

ဤစေတီတော်ပုံစံမှာ ဝေသာလီ ခေတ်လက်ရာ စတူပါစေတီငယ်ပုံစံကို အခြေခံ၍ တည်ဆောက်ထားသော လက်ရာပင် ဖြစ်ပါသည်။

မြောက်ဦးခေတ် အစောပိုင်းလက်ရာ နှင့် မြောက်ဦးခေတ်လယ် လက်ရာများ တွင် ဝေသာလီခေတ် စတူပါစေတီငယ် များကိုအခြေခံ၍ တည်ဆောက်သည့် ပုံစံမျိုးကို များသောအားဖြင့် တွေ့ရှိရ ပါသည်။

စေတီတည်ဆောက်ပုံ ရခိုင်ကိုယ်ပိုင် ဟန်ပုံစံတစ်မျိုးဟုပင် ပြောဆို၍ ရပါ သည်။ စေတီတော်ပုံစံမှာ ရိုးရှင်းပြီး နှံ့ညားထည်ဝါလှသည့် စေတီတော်မျိုး ပင် ဖြစ်ပါသည်။


အရှေ့မြတန်ဆောင်း အရှေ့ မြောက်ထောင့်အရံစေတီငယ် အောက် ခြေ တောင်ဘက်တွင် ကပ်လျက် ရှေးခေတ်ဟောင်း ကျောက်ဆစ် လက်ရာ အပိုင်းအစတချို့ကို စုပုံတွေ့ရှိ ရပါသည်။

တွေ့ရှိရသော ကျောက်ဆစ် လက်ရာ အပိုင်းအစများကို ပုံနံပါတ် ထိုး၍ ရေးသားဖော်ပြလိုက်ရပါသည်။

* * * ပုံ (၁)


**ပုံ(၁)ဒီဇိုင်းလက်ရာမှာ**၏ ခန္ဓာ ကိုယ်အောက်ပိုင်း အစိတ်အပိုင်း လက်ရာတစ်ခုဖြစ်မည်ဟု ခန့်မှန်းရပါ သည်။ ဘီလူးခန္ဓာကိုယ် အောက်ပိုင်း ဖြစ်မည်လားဟု ယူဆမိပါသည်။

စေတီတော်ကြီး မှန်ဝင်ဝကပဲ ဖြစ်ဖြစ်၊ တံတိုင်းလှေကားတက်လမ်း ကပဲဖြစ်ဖြစ် ထားခဲ့သော ဘီလူးရုပ်လုံး မှ ကျိုးပဲ့သွားသော အစိတ်အပိုင်း လက်ရာတစ်ခုဖြစ်မည်ဟု ခန့်မှန်းမိပါ သည်။





အရှေ့မြတန်ဆောင်းအရံစေတီ တည်ဆောက်ပြီးစီးပြီးဖြစ်ပေါ်လာမည့် စေတီပုံစံကို ရေးဆွဲထားသည့်ပုံ

အရှေ့မြတန်ဆောင်းအရံစေတီမှုကြမ်းပုံ







www.burmeseclassic.com




◆ အရှေ့မြတန်ဆောင်အရံစေတီ အောက်ခြေပြမြေပုံ






ညာဘက်လက်တွင် တုတ်ကိုင်ထား သည့်အနေအထား တွေ့ရှိရပါ၏။ လက်ကောက်ဝတ်တွင် လက်ကောက် ကြီးတစ်ကွင်း ဝတ်ဆင်ထားပါသည်။ ညာဘက်ဒူးခေါင်းမှ ခြေသလုံးထိ တစ်ပိုင်းကိုလည်း တွေ့ရှိရပါသည်။ ခြေဖျား မပါရှိတော့ပေ။

ခါးအောက်ပိုင်း ဖောင်းပြား အဆင့် ဆင့်ကို တွေ့ရှိရပါ၏။ခါးပတ်ပြားပင် ဖြစ်ပါသည်။ ခါးပတ်ပြားအပေါ်မှ ဣန္ဒြေကာ အပြားဝန်းကို ချထားပါ သည်။

ဣန္ဒြေကာ အပြားဝန်းကို အစင်း ကြောင်းများဖြင့် အလှဆင်ထားပါ သည်။ ဣန္ဒြေကာ အောက်ထောင်နေ သော ပွင့်ဖတ်ချွန်တစ်ဝက်ကို တွေ့ရှိရ ပါ၏။ ပွင့်ဖတ်ချွန်တွင် စွပ်ထားသော အရာပေါက်တစ်ပေါက်ပါရှိပါသည်။

ပုဆိုးဝတ်ထားသည့် နေရာတွင် ပုဆိုးအစင်းပြား ကန့်လန့်ဖြတ်အစင်း ကြောင်းများကို အရစ်ရစ်ဖော်ထားပါ သည်။ အနုစိတ် ထုဆစ်ထားသော လက်ရာအပိုင်းအစတစ်ခုပင် ပြော မည်ဖြစ်ပါသည်။

* * * ပုံ (၂)

ပုံ(၂)ဒီဇိုင်းလက်ရာတွင် ခန္ဓာကိုယ် ရင်အုပ်ပိုင်း (အလယ်ပိုင်း)လက်ရာ တစ်ခု ဖြစ်သည်ဟု ပြောရမည်ပင် ဤအရုပ်အပိုင်းအစသည်လည်း မူ က ရင်ပြင်တော်မှ လည်းကောင်း လှေကားဝင်ဝမှ လည်းကောင်း စိုက် ခဲ့သော ကြာဖူးကိုင် ဒွါရပါလနတ် အပိုင်းအစတစ်ခု ဖြစ်လိမ့်မည် ယူဆရပါသည်။

ဦးခေါင်းပိုင်းနှင့် ခါးအောက် မတွေ့ရှိရတော့ပေ။ လည်ဆံ ပေါ်လွင်လှပါ၏။ လက်ရှိ ချောင်း

www.burmeseclassic.com

အောက်ချ၍ တံတောင်ဆစ်မှ ကုပ်ကာ လက်ဖျားကို ရင်ဘတ်တွင် ကပ်ပြီး ကြာဖူးရိုးဟု ယူဆရသည့် အရိုးတစ်ဖက်တစ်ချိုး ပခုံးပေါ်တင်၍ ကိုင်ဆောင်ထားသည်ကို တွေ့ရှိရပါသည်။

ကိုင်ထားသော လက်နှစ်ဖက်စလုံးတွင် လက်သန်းများကို ထောင်ထားပါ၏။ လက်နှစ်ဖက်စလုံး လက်မောင်းရင်းနှင့် လက်ကောက်ဝတ်တွင် လက်ကျော၊ လက်ကောက်ပြားကြီးများကို ဝတ်ဆင်ထားပါသည်။

ပခုံးအထက်တွင် နားတောင်းကွင်းကြီး ဝတ်ဆင်ထားပါသည့်ဟန် အရာ တွေ့ရှိရပါသည်။ မြောက်ဦးခေတ် အစောပိုင်း ဒွါရပါလဝတ်ဆင် ဖန်တီးမှု တစ်စိတ်တစ်ပိုင်းကို ဤပုံ(၂)ကို ကြည့်ခြင်းအားဖြင့် လေ့လာနိုင်ပါသည်။

* * * ပုံ (၃)

**ပုံ(၃)ဒီဖိုင်းလက်ရာသည်** ပုံ(၁)ကဲ့သို့ ဘီလူးရုပ်အပိုင်းအစ လက်ရာတစ်ခု ဖြစ်နိုင်ပါသည်။ ဒိုင်းကာ ဘီလူးရုပ်တချို့ကို ဤကဲ့သို့ ဟန်မျိုးဖြင့် မြောက်ဦးခေတ်အစောပိုင်း လက်ရာများတွင် တွေ့ရှိဖူးပါ၏။

ဘယ်ဘက်ခြေထောက်ကို လှမ်း၍ ညာဘက်ခြေထောက်ကို အားယူထားဟန်အနေအထား တွေ့ရှိရပါသည်။ ခါးပတ်ပြားကြီးအပေါ်မှ ကွန်ခြေကာ အပြားကြီးကို ချထားပါသည်။

ကွန်ခြေကာကို အစင်းကြောင်းများဖြင့် အလှဆင်ထားပါ၏။ ခါးပတ်စ တစ်ဖက်ကို ဘယ်ဘက်ဒူးအောက်တွင် အပြားလိုက် ချထားပါသည်။ ပုဆိုးကိုလည်း ကန့်လန့်ဖြတ် အစင်းကြောင်းများဖြင့် တန်ဆာဆင်ထားပါသည်။

ကွန်ခြေကာ အပြားအောက်တွင် ဒူးဖုံးဖတ်ချပ်တစ်ဝက်ကို တွေ့ရှိရပါသည်။ ထိုဒူးဖုံးဖတ်တွင် သပ်စွပ်သည့် အပေါက်တစ်ဝက် တွေ့ရှိရပါ၏။ အရုပ်ကိုဆက်သည့် အပေါက်ဖြစ်မည်ဟု ယူဆမိပါ၏။

ဖော်ပြပါ ကျောက်ဆစ်ဒီဖိုင်း အပိုင်းအစသုံးခုစလုံးများ မြောက်ဦးခေတ် အစောပိုင်းလက်ရာများချည်း ဖြစ်ကြပါ၏။ မြောက်ဦးခေတ် ဝတ်ဆင်မှု၊ ယုံကြည်မှု တစ်စိတ်တစ်ပိုင်းကို ခန့်မှန်းလေ့လာ သိရှိနိုင်ပါသည်။

အရှေ့မြတန်ဆောင်း အရုံစေတီတော် ဖွဲ့စည်းတည်ဆောက်ပုံမှာလည်း မြောက်ဦးခေတ် အစောပိုင်း၏ ရခိုင်ကိုယ်ပိုင်ဟန် ကိုယ်ပိုင်စတိုင် စေတီတည်ဆောက်ပုံ လက်ရာတစ်ခု ဖြစ်သည်ဟု ပြောရမည်ပင် ဖြစ်ပါသည်။

***အနန္တောအနန္တငါးပါးကို ထာဝရဦးထိပ်ပန်ဆင် ကန်တော့လျက်...***

**ပန်းချီထူးလှ**

***(ရွှေးဟောင်းသုတေသန)***

**ကိုးကားချက်**

၁။ ရခိုင်မြန်မာပဏ္ဍိတ ဦးသာထွန်းဦး မြောက်ဦးဘုရားသမိုင်း။

၂။ ကိုယ်တိုင်ကွင်းဆင်းမှုမှတ်တမ်း။

၃။ **ရခိုင်ပြည်နယ် ယခင် ပြည်သူ့ကောင်စီ**– မြောက်ဦးလမ်းညွှန်။

၄။ **တက်ထွန်းနီ(မြောက်ဦး)**–မြောက်ဦးမြို့ ထင်ရှားသော ဘုရားသမိုင်း အကျဉ်းနှင့် ဘုရားဖူးလမ်းညွှန် အမှတ်စဉ်(၁)။

၅။ **မြောက်ဦးမြို့ ရှေးဟောင်းသုတေသနဦးစီးဌာန**။ ။ မြောက်ဦးဒေသရှိ ရှေးဟောင်း အဆောက်အအုံများ မှတ်တမ်း။

**စာမျက်နှာ (၁၂၀)မှ အဆက်**

၁။ **စိရကာလဘာဝနဥ္စ**၊ ကြာမြင့်စွာ အားထုတ် အလုပ်လုပ်ခြင်း လည်းကောင်း။

၂။ **နိရန္တရဘာဝနဥ္စ**၊ မရပ်မနား အားထုတ် အလုပ်လုပ်ခြင်း လည်းကောင်း။

၃။ **နိရဝသေသဘာဝနဥ္စ**၊ အကြွင်းမဲ့ အားထုတ် အလုပ်လုပ်ခြင်း လည်းကောင်း။

၄။ **သက္ကစ္စဘာဝနဥ္စ**၊ ရိုသေလေးစားစွာ အားထုတ် အလုပ်လုပ်ခြင်း လည်းကောင်း။

၅။ **အဘိရတိဘာဝနဥ္စ**၊ မပျင်းမရိ နှစ်သက်မွေ့လျော်စွာ အားထုတ် အလုပ်လုပ်ခြင်း လည်းကောင်း။

**ဣမေပဥ္စ**၊ ဤငါးပါးတို့သည်။ **ဣဓဘာဝေ**၊ ဤပဋိပတ္တိ ဝတ္တမာန်ဘဝ၌ပင်။ **ဝိသေသပုဂ္ဂလာနံ**၊ ယခုဘဝမှာ အထွတ်အထိပ်ရောက်ကုန်သော လူထူးလူမြတ်တို့အား။ **ကိတ္တိ**၊ ကျော်စောခြင်းသို့။ **နိပ္ဖတ္တိ**၊ အလုပ်ကိစ္စ ပြီးမြောက်ခြင်းသို့။ **ပပ္ပေါန္တိ**၊ မုချမသွေ ရောက်ရလေကုန်တော့သတည်း။

**အောင်မြင်ကြောင်းတရား (၁၅)ပါး**

(ရှင်တော်မြတ်ဘုရား ဟောတော်မူသော မေတ္တသုတ် ပရိတ်တော်)

သက္ကော စ ဥဇူ စ သုဟုဇူ စ၊
သုဝစောစဿ မုဒု အနတိမာနီ။
သန္တုဿကော စ သုဘရော စ၊
အပ္ပကိစ္စော စ သလ္လဟုက ဝုတ္တိ။
သန္တိန္ဒြိယော စ နိပကော စ၊
အပ္ပဂဗ္ဘော ကုလေသွ နနုဂိဒ္ဓေါ။
န စ ခုဒ္ဒ မာစရေ ကိဉ္စိ
ယေန ဝိညူ ပရေ ဥပဝဒေယျုံ

စာမျက်နှာ (၁၂၈)သို့



www.burmeseclassic.com

www.burmeseclassic.com

သရာကြီးဦးအောင်မြင်
(ဥပဒေတွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

ဟောလိဝုဒ် သရုပ်ဆောင်မင်းသမီး

# အိန်ဂျလီနာဂျိုလီ

၏ လက္ခဏာ



**(က)အက္ခရာ**ဖြင့် ညွှန်ပြထားသော နေရာမှာ လက်မ၏ ပထမအဆစ်ပိုင်း ဖြစ်သည်။ ပါးလျှာနေကြောင်း တွေ့ရသဖြင့် အကင်းပါးသူဟု သတ်မှတ်ရမည်။

၎င်းသူမျိုးမှာ ထက်မြက်သွက်လက်ချက်ချာ သင်လွယ် တတ်လွယ် ပင်ကိုဗီဇမျိုး ရှိသဖြင့် ဘာလုပ်လုပ် အောင်မြင်ကျော်ကြားနိုင်ကြသည်။


ထို့ကြောင့်လည်း သရုပ်ဆောင်ရုပ်ရှင်မင်းသမီးအဖြစ် အောင်မြင်ကျော်ကြားရခြင်းဖြစ်သည်။

**(ခ)အက္ခရာ**ဖြင့် ညွှန်ပြထားသော နေရာမှာ လက်ညှိုးထိပ်ဖြစ်သည်။ လက်ခလယ်လက်ချောင်းနီးပါး ရှည်လျား၍ လက်သူကြွယ်ထိပ်ထက် ပိုမြင့်နေကြောင်း တွေ့ရသည်။

အယူဉ်အပြိုင် ဝါသနာပါသူ၊ ဦးဆောင်လိုသူ၊ လွှမ်းမိုးလိုသူ၊ ဘာလုပ်လုပ် ထိပ်ဆုံးရောက်လိုသူဟု သတ်မှတ်ရမည်။

လက်ညှိုးရှည်သော အမျိုးသမီးတို့မှာ ခင်ပွန်းအပေါ် လွှမ်းမိုးနိုင်ခြင်းလည်း ရှိပြီး ခင်ပွန်း၏ အလိုလိုက်ခြင်း ခံရမည်ဆိုလျှင်၊ ထို့ပြင် သူမရော သူမ ခင်ပွန်းပါ ရုပ်ရည်ရူပကာ ချောမောလှပကြမည်ဆိုလျှင် ပထမမွေးသောကလေးမှာ သမီးမိန်းကလေး ဖြစ်တတ်ပြီး အချို့မှာ မွေးသမျှ သမီးများသာ ဖြစ်တတ်ကြသည်။

သူမနှင့် ရုပ်ရှင်မင်းသား ဘရက်ပစ်တို့ အိမ်ထောင်ပြုပြီး ပထမကလေးမှာ သမီးဖြစ်ပြီး နောက်မွေးသော အမွှာကလေးတွင်လည်း သမီးပါဝင်သည်။ သူမကိုယ်တိုင် ဒါရိုက်တာလုပ်ပြီး ရုပ်ရှင်ရိုက်ကူးခြင်းမျိုးလည်း ရှိခဲ့သည်။ **၎င်းကား လက်ညှိုးရှည်ခြင်း အကျိုး ဖြစ်သည်။**




**(ဂ)အက္ခရာ**ဖြင့် ညွှန်ပြထားသော နေရာမှာ လက်သန်းအဖျား အတွင်းဘက်သို့ အနည်းငယ်မျှ ကွေးနေကြောင်း တွေ့ရသည်။ စကားပရိယာယ် ကြွယ်ဝသော၊ ဖြတ်ထိုးဉာဏ်ကောင်းသော၊ဆက်ဆံရေးနည်းပရိယာယ် ကျွမ်းကျင်သော သူများတွင်သာ တွေ့ရတတ်သည်။

**(ဃ)အက္ခရာ**ဖြင့် ညွှန်ပြထားသော နေရာမှာ နှလုံးလမ်းကြောင်း ဖြစ်ပါသည်။ မကွေးလွန်း၊ မဖြောင့်လွန်း၊ ဦးခေါင်းလမ်းနှင့် မနီးလွန်း၊ မဝေးလွ
လက်ညှိုးအောက် ကြာသပ
ဂြိုဟ်ခုံလယ်ထိ ရောက်ရှိပြီး
အားကောင်းနေကြောင်း တွေ့ရသည်



www.burmeseclassic.com

www.burmeseclassic.com

နှလုံးလမ်းကြောင်း ကောင်းခြင်းကြောင့် နှလုံးလှသူ၊ ကြင်နာတတ်သူ၊ ရက်ရောစွာ ပေးကမ်းစွန့်ကြဲ လှူဒါန်းတတ်သူ၊ ကူညီတတ်သူ၊ ပရဟိတ ဝါသနာပါသူဟု သတ်မှတ်ရမည်။

သူမမှာ ကမ္ဘောဒီးယားမှ မွေးစားသား(၁)ဦး၊ ဗီယက်နမ်မှ မွေးစားသား (၁)ဦး၊ အီသီယိုပီးယားမှ မွေးစားသမီး (၁)ဦးရှိသည်။ ထို့ပြင် ၂၀၀၁ ခုနှစ်မှ စပြီး ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များ ဆိုင်ရာအဖွဲ့အစည်း (UNHCR)အတွက် သူမပိုင်ငွေများ လှူဒါန်းခဲ့ရာ စုစုပေါင်း ဒေါ်လာ ငါးသန်းကျော်ပြီဖြစ်ကြောင်း သိရသည်။

ဒုက္ခသည်များအတွက် ကုလသမဂ္ဂ၏ အထူးသံတမန်အဖြစ် ခန့်အပ်ခြင်း ခံထားရသူလည်း ဖြစ်သည်။ ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံ၌ သဘာဝ ထိန်းသိမ်းရေး၊ ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုများအတွက် MaddoxJolie-Pitt ဖောင်ဒေးရှင်း တည်ထောင် လုပ်ကိုင်နေသေးသည်။

**(င)အကွေ့ရာ**ဖြင့် ညွှန်ပြထားသည်မှာ ဦးခေါင်းလမ်းကြောင်းဖြစ်သည်။ အများပိုင်းမှာ အသက်လမ်းကြောင်းနှင့် အနည်းငယ်ပူးပြီး မဖြောင့်လွန်း၊ မကွေးလွန်း ထင်ရှားရှည်လျား အားကောင်းကြောင်း တွေ့ရသည်။

ဘာလုပ်လုပ် စေ့စပ်သေချာခြင်း၊ စိတ်ကူးကောင်းပြီး လက်တွေ့ လျင်မြန်စွာ အကောင်အထည် ဖော်နိုင်ခြင်းရှိသူဖြစ်ကြောင်း သတ်မှတ်ရမည်။

စိတ်ကူးနှင့် လက်တွေ့ တစ်ထပ်တည်းကျပြီး စေ့စပ်သေချာခြင်းကြောင့်လည်း ယခုလို ကမ္ဘာကျော်အောင် ထင်ရှားသူ ဖြစ်လာခြင်းဟု ယူဆပါသည်။

**(စ)အကွေ့ရာ**နှင့် ညွှန်ပြထားသော နေရာမှာ အသက်လမ်းကြောင်းအရင်း ဖြစ်သည်။ **လက်ဖနောင့်ပိုင်းအလယ်** (သောကြာဂြိုဟ်ခုံနှင့် တနင်္လာဂြိုဟ်ခုံကြား) နက်ပကျွန်းဂြိုဟ်ခုံတွင် ရှိနေသည်။

ပြည်တွင်းနှင့် ပြည်ပ မကြာခဏ သွားလာ လှုပ်ရှားလုပ်ကိုင်ရသူများတွင် ဤအသက်လမ်းကြောင်းမျိုး တွေ့ရလေ့ရှိသည်။

အထူးသဖြင့် ကမ္ဘာလှည့်သူများတွင် ရှိတတ်သည်။ ထို့ပြင် အတ္တမကြီးလွန်းသူများ၊ သူ့ဘက်ကိုယ့်ဘက် မျှမျှတတ စဉ်းစားလုပ်ကိုင် ပြောဆိုတတ်သူများတွင်လည်း တွေ့ရလေ့ရှိသည်။

**(ဆ)အကွေ့ရာ**နှင့် ညွှန်ပြထားသော နေရာမှာ အင်္ဂါဂြိုဟ်ခုံ လက်မရင်းအနီး အပေါ်ဘက် ကပ်လျက် ထင်ရှားစွာ ထွက်နေသော ဒုတိယအသက်လမ်း ဖြစ်သည်။ **အင်္ဂါလမ်း (သို့မဟုတ်) အရံအသက်လမ်းဟုလည်း ခေါ်ကြသည်။**

သတ္တိရှိခြင်း၊ ရဲရင့်ခြင်း၊ လှုပ်ရှားသွားလာမှု လျင်မြန်ဖျတ်လတ်ခြင်း၊ အရွယ်တင်နုပျိုခြင်း၊ ဘေးဥပဒ်ကင်းခြင်း၊ အိုဇာတာကောင်းခြင်း၊ ခံနိုင်ရည်ရှိခြင်းတို့ကို ဖြစ်စေသော အမှတ်အသားဖြစ်သည်။

ဤသင်္ကေတကြောင့် ရုပ်ရှင်သရုပ်ဆောင်ဘဝအတွက် အက်ရှင်ဇာတ်ကြမ်းကားမျိုးဖြင့် ပို၍ လူကြိုက်များ ထင်ရှားအောင်မြင်ရခြင်း ဖြစ်သည်။

ထို့ပြင် ရင်သားကင်ဆာ ဖြစ်နိုင်ခြေမြင့်မားနေသော သူမ၏ ရင်သားနှစ်မြွာကိုပင် ခွဲစိတ်ဖြတ်တောက် ပစ်ခဲ့သော သတ္တိမှာ မိန်းမသားတိုင်း အတုယူသင့်သော ရဲရင့်သည့် ဆုံးဖြတ်ချက်ပင်ဖြစ်သည်။

*လက္ခဏာပညာသုတ တိုးပွားကြပါစေ။*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

ဆရာကြီး ဦးအောင်မြိုင်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

စာမျက်နှာ (၁၂၅)မှ အဆက်

၁။ စွမ်းနိုင်ဖြောင့်မတ် ပိုဖြောင့်လတ်စေ၊ ဆိုလွယ်နည့်ညက် မတက်မာန်ထွေ၊ ရောင့်ရဲသမှု ပြုစုလွယ်စေ၊ ကိစ္စသေးသက်မွေးပေ့ါပါစေ။

၂။ ဣန္ဒြေငြိမ်သက် ရင့်ကျက်ဉာဏ်ထွေ၊ မကြမ်းတမ်းဘဲ မစွဲမျိုးဆွေ၊ ကဲ့ရဲ့ဖွယ်ဟုတ် သေးနုပ်ပါစေ၊ မပြုဘဲရှောင်လွှဲနိုင်ပါစေ။

ထုံးကြီးဖောင်ဆရာတော်ကြီး၏ သိဒ္ဓိဆယ်ပါးပြီးဂါထာတော်ကြီးကိုမူ **ဆရာမောင်မောင်မြင့် (ဥဿာမြို့သစ်) က ၂၀၁၂ ခုနှစ်၊ ဧပြီလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ် (၃၀၉)၊ စာမျက်နှာ(၁၅၂)တွင်** ဆရာတော်ကြီး ပရိက်ပူဇော်စဉ် ရေဆူပုံ ကိုယ်တွေ့ဖြစ်ရပ်နှင့်တကွ ပူဇော်ရေးသားပြီးဖြစ်သောကြောင့် အလိုရှိပါက ယင်းတွင် ရှာဖွေဖတ်ရှုနိုင်ပါသည်။

ထက်မင်းကျော်စွာ




www.burmeseclassic.com

www.burmeseclassic.com

ဝက်သားနှင့် ရွက်ကျပင်

# ရေဖျဉ်းအတွက် ဆေး



ကသစ်ရွာငယ်ကလေး၌ ရေဖျဉ်းစွဲနေသူ (၄)နှစ်သမီးအရွယ် ကလေးတစ်ယောက်ရှိ၏။ ကလေးမှာ ရေဖျဉ်းကြောင့် ဝမ်းဗိုက်ကြီး ပူကားကာ အသက်ရှူမဝသည့် အခြေအနေသို့ မကြာခဏ ရောက်၏။

ထိုအခါ ဆေးရုံသို့ သွားပြကာ ရေဖျဉ်းမှ ရေများ စုပ်ထုတ်ပစ်ရသည်။ ကြာသော် ကလေးသည် ဆေးရုံဆေးခန်းသို့ မသွားလိုတော့ဘဲ ငြင်းဆန်ရုန်းကန်လာ၏။ ဗိုက်ပူနံကားလေးနှင့် ဝေဒနာ ခံစားနေရလေသည်။

ထိုအချိန်တွင် အညာအရပ်မှ ခရီးသွားဟန်လွှဲ သက်ကြီးဝါကြီးတစ်ဦးက တွေ့သွားပြီး...

'ဒီမှာကွာ ရွက်ကျပင်ပေါက် အပင်ပဲရှာ၊ ဝက်သားနဲ့ အရောလေးချက် ရွက်ကျပင်ပေါက်အရွက် တစ်ပိဿာဆို ဝက်သားတစ်ပိဿာ၊ (၅၀)ကျပ်သားဆိုလဲ ဆတူရောချက်ပြီး လူနာစားနိုင်သမျှသာ စားခိုင်းကောင်းသွားလိမ့်မယ်'

ချက်ကျွေးသော် ကလေးသည် များများမစားနိုင်၊ စားနိုင်သမျှ မကြာခဏ ချက်ကျွေးကြ၏။ ရွက်ကျပင်ပေါက်မျိုးသည် ယခုခေတ်၌ အနည်းငယ် ရှားသွားကြပြီ ဖြစ်၏။

အရွက်ထူ၍ အနားတွန့်များနှင့် အပင်မှာ အရှည်တစ်တောင်ကျော်မျှ ရှိသည်။ မြေပေါ်သို့ ကျပါက ကျရာနေရာ၌ပင် အပင်များ အရွက်နားမှ ပြန်ပေါက်လေ့ရှိ၏။

အပွင့်မှာ ရိုးတံဖြူဖြူ ပွင့်ဖတ်သေးသေးနှင့် ခတ္တာအသေးစား အပွင့်မျိုး ဖြစ်ပါသည်။ ယင်း ရွက်ကျပင်ပေါက် အပင်အရွက်သည် ဆေးဖက်ဝင်၏။

ရေဖျဉ်းစွဲသောကလေးသည် ယခု (၁၀)နှစ်အရွယ် ရှိနေပြီ ဖြစ်၏။ ရေဖျဉ်းစွဲရောဂါ သက်သာပျောက်ကင်း၍ ပြန် မဖြစ်တော့ပါ။ ကျန်းမာ၍ ဉာဏ်ရည်ဖွံ့ဖြိုးစွာ ရှိနေပါသည်။ သို့ပါ၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ပရိသတ်အား အကျိုး မျှော်၍ ရေးသား ဖော်ပြလိုက်ရပါတော့သည်။

ရေဖျဉ်းစွဲသမားဆို ဝက်သားနှင့် ရွက်ကျပင် အသက်ရှင်ချင်လျှင် ဆတူ ချက်စားကြပါကုန်လော့ဟု သတင်းကောင်း ပါးလိုက်ရပါသည်။

**နန္ဒာခင်(သဂ္ဂလမြေ)**



www.burmeseclassic.com

www.burmeseclassic.com

အမြင့်မြို့ဟောင်း ရန်အောင်မင်္ဂလာကျောင်းတိုက်၊ မံဘုရား ဂန္ဓကုဋီ တန်ဆောင်းတွင်း ဝင်ရောက်ကာ မံဘုရားဆင်းတုတော်အား ဖူးမြော်ဖြစ်ခဲ့ရာတွင် ဘုရားခန်း တံခါးမတစ်ဖက်တစ်ချက်တွင် ချထားသော ဓာတ်ပုံနှစ်ပုံကို တွေ့မြင်ရသည်။

နားရွက်လေးထောင်ကာ ပြူးကြောင်ကြောင် ကြည့်နေသော ယုန်ကလေးတစ်ကောင်၏ ဓာတ်ပုံနှင့် လှပသော အမြီးကို ဖြန့်ကားထားသော ဒေါင်းတစ်ကောင်၏ ဓာတ်ပုံတို့ ဖြစ်ကြသည်။

ဆရာတော် ဦးဝါယမိန္ဒအား ဖူးတွေ့လျှောက်ထားကြည့်ရာ...

'မွန်လေးက ဒါယကာတစ်ယောက် လာလှူသွားတာပဲ။ မံဘုရားကိန်းဝပ်တော်မူတဲ့ သီဟာသနပလ္လင် "ဒေါင်းယပ်"နှစ်နေရာမှာလည်း ယုန်နဲ့ဒေါင်းရုပ်ရှိနေတာမို့ ဘာမှ ကန့်ကွက် ငြင်းပယ်မနေတော့တဲ့ ဆိတ်ဆိတ်နေခဲ့တာပါ။ အကြောင်းထူးရှိလို့လား ဒကာ'

ဟု အမိန့်ရှိသဖြင့် မကြာမတင်က ကြုံခဲ့ရသော အဖြစ်အပျက်ကလေးကို လျှောက်ထားရသည်။

### ယန်းအား ဖြည့်ခြင်း

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းပိုင်းတွင် ဝင်းစိန်တောရဆရာတော်ကြီး ဦးကေသရ၏ (၉၂)နှစ်မြောက် ဝိဇာတမင်္ဂလာပွဲသဘင်သို့ တက်ရောက် ဂါရဝပြုရာ မော်လမြိုင် နန်ချွမ်ကြူးဘုံဘုရားကျောင်း ဂေါပကအဖွဲ့ဝင် "စောအောင်ဒင်"နှင့် တွေ့ဆုံစကားပြောဖြစ်သည်။

'ညီလေးဟန်ပန်က သွက်လက်လာပါးနေတယ်။ အရင်က ကိစ္စတွေ ပြီးလည်သွားပြီထင်ပါရဲ့'

'ဟုတ်တယ် အစ်ကို အရင် တစ်ခေါက် ဆုံကြတုန်းက မြှုပ်နှံထားတဲ့ငွေ





အမြင့်မြို့မှ မံဘုရား

ရှခန်းယံ

# နေလဘုရားမှာ

## ယန်းအားဖြည့်ပါ

တွေကလဲ ထိုင်းမှိုင်းနေတဲ့အပြင် ဘိုးဘွားပိုင် မြေယာတွေလဲ အသိမ်းခံရလို့ မပဒါမြေလူးချိန်ပေါ့။

အဲဒီအချိန်မှာ တရုတ်ဘုန်းကြီး (မဟာယနရဟန်း)တစ်ပါးနဲ့ တွေ့တယ်။ "စူးဖုချိုင်"တဲ့၊ အဲဒီဆရာတော်က နေလဘုရားမှာ ဒေါင်းနဲ့ယုန် အရှင်ဓာတ်ပုံတွေလှူပါ။ ယန်းအားပြည့်ပြီး အဆင်ပြေပါလိမ့်မယ်လို့ မိန့်ပါတယ်။

ဒါကြောင့် ပန်းရန်ဝတ်က နေလ

www.burmeseclassic.com



◆ လက်ယာဘက် ပလ္လင်ခေါင်းယမ်းမှ ဒေါင်းရုပ်

◆ လက်ဝဲဘက် ခေါင်းယမ်းမှ ယုန်ရုပ်






www.burmeseclassic.com

www.burmeseclassic.com



◆ ပလ္လင်အနား မှန်ဝယ်မှ ခြင်္သေ့ရုပ်ကလေး

◆ သက်ရှိ ဒေါင်းခတ်ပုံ



ဘုရားမှာ ယုန်နဲ့ ဒေါင်းခတ်ပုံတွေ တင်လှူရပါတယ်။ နှစ်လလောက်ကြာတော့ နိုင်ငံတော်သမ္မတကြီးရဲ့ ပွင့်လင်းမြင်သာတဲ့ လှုပ်ရှားဆောင်ရွက်မှုတွေကြောင့် အသိမ်းခံရတဲ့ မြေယာတွေ ပြန်ရလာတယ်။ ရင်းနှီးထားတဲ့ ငွေကြေးတွေလဲ ပြန်ပေါ်လို့ လုပ်ငန်းလည်ပတ်နိုင်နေပါပြီ'

နေလဘုရားဟူသည် သီဟာသနပလ္လင်၏ နောက်ခံတံကဲအလယ် "ဒေါင်းယပ်"နေရာ၌ နေကိုယ်စားဒေါင်းရုပ်၊ လကိုယ်စား ယုန်ရုပ်ထွင်းထုတန်ဆာဆင်ထားကာ ပလ္လင်ထက်၌ ဆင်ပျဉ်ခွေရုပ်ပွားတော်တစ်ဆူ ပူဇော်ထားခြင်းကို ရည်ညွှန်းပါသည်။

အရှေ့ နေထွက်၊ အနောက် နေဝင်ရှိ၍ လောကကမ္ဘာမြေအား ကြားမရှိစေရန် စည်းသားသတ်မှတ်ကာ မြတ်စွာဘုရား၏ သာသနာတော် ကမ္ဘာမြေအနှံ့ ထွန်းလင်းပျံ့ပွားသကဲ့သို့ သမ္မာဆန္ဒဖြင့် လုပ်ကိုင်ဆောင်ရွက်သမျှ မြေကမ္ဘာအနှံ့ ကြားလပ်မရှိ အောင်မြင်ဖြစ်ထွန်းစေရန် ဆုတောင်းခြင်း ဖြစ်သည်။

"ယင်း" ဓာတ်သဘောဆောင်သာမန်အရုပ်များအစား "ယန်း"ဓာတ်အားဖြည့်သည့် သက်ရှိ ယုန်၊ ဒေါင်းအရုပ်များ တန်ဆာဆင်ပူဇော်ခြင်းဖြင့်

 ဇာမျက်နှာ (၁၃၆) သို့

www.burmeseclassic.com

ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ပရိတ်ဒေသနာတွင် **အာဋာနာဋိယသုတ်** ဟူ၍ ပါဝင်သည်။

အာဋာနာဋိယ သုတ်တော်သည် ဘုရားရှင် အာဋာနာဋိယမြို့၌ သီတင်းသုံးတော်မူစဉ် လောကပါလနတ်မင်းကြီးလေးပါးတို့ ဘုရားရှင်ထံမှောက်လာရောက်ခစား ဖူးမြော်ကြစဉ် ဟောကြားသောကြောင့် အာဋာနာဋိယသုတ်တော်ဟု ဖြစ်ပေါ်လာရသည်။

နတ်မင်းကြီး လေးပါးတို့ အနက် ဘီလူးများအပေါ်၌ အုပ်ချုပ်ရသော ကုဝေရ နတ်မင်းကြီးက ဘုရားရှင်၏ သားတော် ရဟန်းတော်များနှင့် ဝေနေယျများတို့အပေါ်၌ အန္တရာယ်ပြုတတ်ကြသော ဘီလူးဆိုးများ၏ ဘေးမှ လွတ်ကင်းစေရန် **အမိန့်တော်ပြန်တမ်း**ကို ပြုသင့်ပါကြောင်း လျှောက်ထား ရွှေနားတော်သွင်းခဲ့သည်။

ယင်းကို အကြောင်းပြု၍ အာဋာ နာဋိယသုတ်တော် ဖြစ်ပေါ်လာခဲ့သည်။ ယက္ခ(ခေါ်)ဘီလူးဆိုးများသာမက၊ ဘူတ (ခေါ်) လူဆိုးလူယုတ်မာများ၊ တိရစ္ဆာန်ဆိုးကြီးများ၊ ဒေဝ(ခေါ်)နဂါး မျိုးနွယ်နဂါးဆိုးတို့၏ အန္တရာယ်တို့ကို ပါချေပနိုင်သော သုတ်တော်ဖြစ်၍ မြတ်ဗုဒ္ဓ၏ ယတြာအလား တင်စားခေါ်ဝေါ်ရမည့် သုတ်တော် ဖြစ်ပါသည်။ ***(နံနက်ခင်း ရှင်းစရာ၊ စာ– ၁၀၇)***

နတ်တို့တွင် နတ်ကောင်းနှင့် နတ်ဆိုးဟူ၍ (၂)မျိုးရှိသည်။ သမ္မာနတ်နှင့်

စိတ်ဝင်စားစရာ

# ကုဝေရနတ်မင်း

နှင့် ဂါထာတော်

ချိုးတင့်
(ညောင်လေးပင်)



▲ ကုဝေရနတ်မင်းကြီး ရုပ်တု (တိဘက်)

မိစ္ဆာနတ်တို့ဖြစ်သည်။ ထိုနတ်တို့တွင် သောတာပန်ဖြစ်သော သိကြားနတ်မင်းနှင့် သူ့လက်အောက်၌ အုပ်ချုပ်ထားကြသော သောတာပန်(လောကပါလ)နတ်မင်းကြီးလေးပါး၊ ထိုနတ်တို့ အောက် လက်အောက်ခံဖြစ်သော

မြေနေ သောတာပန်နတ်များ၊ သီလ... သရဏဂုံတည် ရုက္ခစိုးနတ်မျ... မင်းကောင်းမင်းမြတ်... သူရဲကောင်း စသည်တို့... ကူးထွက်လာသော န... များသည် သမ္မာဒေ... နတ်များ ဖြစ်ကြသည်... ထိုနတ်များသည် လူတို့... ထိန်းသိမ်းစောင့်ရှေ... လမ်းမှန် ရောက်စေသည်... လူတို့နှင့် မိတ်ကျွ... ဝင်သော နတ်များလည်း... ဖြစ်ကြသည်။ သက်ဆိုင်... ပဋ္ဌာန်းဆက်ရှိသူမျ... အိပ်မက်ယာမက်ပေးခြ... အတိတ် နိမိတ်ပြခြင်း အ... ကိုယ်ထင်ပြခြင်းတို့ဖြင့် နှိုးဆေ... သတိပေးတတ်ကြသည်...

ထိုနတ်များနှင့် ဆန့်ကျ... ဘက် မိစ္ဆာနတ်ဆိုးမျ... လည်း ရှိသည်... မကောင်းမှုကို ဦးဆောင်... သူတို့၏ ကံသတ္တိအရ နတ်ဖြစ်... သူများ၊ ယင်း ဆိုးညစ်များမှ ကူး... လာသောနတ်များ၊ ဘာသာစွဲ,ဂိုဏ်း... များမှ ကူးဆက်လာသော နတ်များ... မိစ္ဆာနတ်ဟု အမည်ရကြသည်။

သမ္မာဒေဝနတ်များ လစ်လျူ... သလို အနှောင့်အယှက် ပေးတတ်... သူများဖြစ်၍ ရန်လိုသော နတ်များ...



www.burmeseclassic.com

www.burmeseclassic.com

ဆိုရပါသည်။

သမ္မာဒေဝနတ်များက လူတို့ကောင်းမှုရကြရန် ကောင်းရိက္ခာထုပ်၊ လူ့ဘဝတွင် မြှုပ်နှံကြရန် လက်ယာရစ်ခရပတ်လျက်က လှည့်လည် ကြွေးကြော်ကြသည်။

မိစ္ဆာနတ်များက လူတို့အကြိုက်ကြိုက်ရာလုပ် တစ်ဘဝတာ ကောင်းစားရေးအတွက် လက်ဝဲရစ် လှည့်လည် ကြွေးကြော်ကြသည်ဟု ဆိုသည်။

ကုဝေရနတ်မင်းသည် ထိုနတ်အုပ်စုနှစ်စုအနက်က ကောင်းအုပ်စုမှ ခေါင်းဆောင်နတ်တစ်ပါးဖြစ်သည်။ ထို့ကြောင့်ပင် မကောင်းမှုပြုသူ နတ်ဆိုးဘီလူးဆိုးများကို နှိမ်နင်းကာကွယ်ရန် မြတ်ဗုဒ္ဓထံမှ ဘေးဆိုးရန်ဆိုး အန္တရာယ်ဆိုးအမျိုးမျိုးတို့ကို အကာအကွယ်အတားအဆီး ပြုနိုင်သော အာဋာနာဋိယသုတ်ပရိတ်တော်ကို ဟောတော်မူရန် တောင်းပန်ခဲ့ခြင်းဖြစ်သည်။

ကုဝေရနတ်မင်းကြီးသည် မြင်းမိုရ်တောင်၏ မြောက်ဘက်အရပ်ကို အုပ်ချုပ်သည့် ယက္ခတို့၏ အကြီးအမှူးဖြစ်သည်။ သက္ကတစကားအရ **ဝေသဝရဏာ** ပါဠိစကားအရ **ဝေဿဝဏာ၊** တိဘက်စကားအရ **နာမ်တိုဆီ၊** ဂျပန်စကားအရ **ဘီရှမ်မွန်တမ်**ဟု ထင်ရှားသည်။

**"ဂဒါဝုဓာ"**လက်နက်ကို ကိုင်ဆွဲသော နတ်မင်းဖြစ်သည်။ အခြားသော **ဓတရဋ္ဌ၊ ဝိရုဠှက၊ ဝိရူပက္ခ** နတ်မင်းတို့လည်း ဆိုင်ရာအစွမ်းထက်လက်နက်များကို ပိုင်ဆိုင်ကြသည်။

ထိုနတ်မင်းများသည် ဘုရားရှင်ကို ကိုးကွယ် ဆည်းကပ်ကြပြီးနောက် သောတာပန် တည်တော်မူကြသည်။ ထိုအခါမှစ၍ လက်နက်များကို ကိုင်ဆွဲခြင်းမပြုကြတော့ပါ။

အချို့သော လူတို့သည် ကုဝေရ



နတ်မင်းကြီး(ခေါ်) ဝေဿဝဏ်နတ်မင်းကြီးထံ၌ သားဆုပန်လေ့ရှိကြသည်။ ထိုနတ်မင်းကြီး၏ လူ့ဘဝအမည်မှာ **"ကုဝေရ"**ဖြစ်သည်။ ထေရဝါဒ ထွန်းကားရာ နိုင်ငံများတွင် ထင်ရှားပြီး **"ကုဝေရနတ်မင်း"**ဟူသာ သုံးစွဲ သိမှတ်မှုများသည်။

စာရေးသူသည် ကုဝေရနတ်မင်းကြီးနှင့် ပတ်သက်သော သိပ္ပံဆောင်းပါးတစ်ပုဒ်ကို (၃-၁၀-၂၀၁၂)နေ့စွဲပါ "Weekly Eleven" ဂျာနယ်တွင် ဖတ်ရှုခဲ့ရသည်။

၁၉၃၈ ခုနှစ်က နာဇီ ဂျာမနီများ တိဘက်မှ လွန်ခဲ့သော နှစ်ပေါင်း (၁၀၀၀)ခန့်က ဥက္ကာခဲဖြင့် ထုဆစ်ထားသော ကုဝေရနတ်မင်းကြီး ရုပ်တုတစ်ခုကို ယူဆောင်ခဲ့ကြသည်။

ထိုအရုပ်မှာ (၂၄)စင်တီမီတာမြင့်ပြီး (၁၀)ကီလိုဂရမ် အလေးချိန်ရှိသည်။ ယူဆောင်လာသူများမှာ နာဇီအက်စ်အက်စ်အဖွဲ့ အကြီးအကဲ ဟင်းနရစ်ဟင်းမလား၏ အကူအညီဖြင့် လေ့လာရေးခရီးထွက်ရင်း ယူလာခဲ့ကြခြင်းဖြစ်သည်။

နာဇီတို့သည် ရုပ်တု တန်ဖိုးထက် ရင်ဘတ်တွင် ပါဝင်သော စကြာတံဆိပ်ကြောင့် နာဇီစကြာနှင့်ဆင်တူ၍ ယူလာခဲ့ကြခြင်း ဖြစ်နိုင်သည်။

"စကြာ"ဟူသည် သက္ကတဘာသာစကားမှလာပြီး **"ကံကောင်းခြင်းကို ယူဆောင်လာသည်"** ဟူသော အဓိပ္ပာယ်ရသည်။ ထိုရုပ်တုကို (၁၁) ရာစု"ဘွန်"ယဉ်ကျေးမှု ထွန်းကားစဉ်ခေတ်အခါက သွန်းလုပ်ခဲ့ခြင်းဟု ယူဆရသည်။

ကုဝေရနတ်မင်းရုပ်တုမှာ တိမ်မြုပ်နေခဲ့ရာမှ ၂၀၀၇ ခုနှစ်လေလံတင်ပွဲတွင် ပြန်ပေါ်လာသည်။ [ထိုအချက်များကို (Ref-AP,AFP)မှ ရရှိခြင်းဖြစ်သည်။ **တိဘက်မှ ရယူခဲ့သော ဥက္ကာခဲဖြင့် ထုဆစ်ထားသည့် ကုဝေရနတ်မင်းကြီး ရုပ်တုပုံကို (၃.၁၀.၂၀၁၂)နေ့စွဲပါ (Weekly Eleven)ဂျာနယ်မှ ကူးယူပူးတွဲတင်ပြပါသည်။]**

ကုဝေရနတ်မင်း ခေါ် ဝေဿဝဏ်နတ်မင်းကြီးသည် လှံတံ(သံတင်းပုတ်၊ ချွန်းတောင်း)လက်နက်ကို ကိုင်ဆောင်သူဖြစ်သည်။ ဒေါသပြင်းထန်သော ဘီလူးဆိုးတို့၏ အရှင်သခင်ဖြစ်သော ကုဝေရနတ်မင်း၏ **"ဂဒါဝုဓာ"** လက်နက်နှင့် ဘီလူး အထောင်တို့ ခေါင်းကို ဖြတ်စေနိုင်သည်။

ထိုဂဒါဝုဓာခေါ် လှံတံလက်နက်နှင့် ပတ်သက်၍ အစွမ်းထက်ဂါထာတော်တစ်ပုဒ် ရှိပါသည်။ ထိုလက်နက် အပါအဝင် သိကြားမင်း၏ ဝရဇိန်လက်နက်၊ ယမမင်း၏ မျက်စောင်းလက်နက်နှင့် အာဋာဝကဘီလူးမင်း၏ ဘွဲ့ဖြူလက်နက်တို့၏ အစွမ်းသတ္တိများကို တစ်ဂါထာချင်း ဖွဲ့ဆိုထားသော **"လက်နက်ကြီးလေးပါး"** ဂါထာများ ရှိပါသည်။

ထိုလက်နက်ကြီးများကို ကမ္ဘာ့ခေတ်မီဆန်းပြားသော စွမ်းအား ကြီးလက်နက်များသည် မည်မျှ စွမ်းသော်လည်း အန်တု၍ မရနိုင်ပါလေ။ **(အကျယ်ကို သိလိုမူ နိုင်ငံတော်ဗုဒ္ဓသာသနာ မဟာဗုဒ္ဓဝင် စတုတ္ထတွဲတွင် ဖတ်ရှုတော်မူနိုင်ပါသည်။)**

 စာမျက်နှာ (၁၃၆) သို့

www.burmeseclassic.com

www.burmeseclassic.com

# သင်္ကေတများ၏

ဟန်လင်းဇီ

ဘာသာစကား (၂၈)

## (၁)ဂဏန်းခြေတစ် ဖြစ်သည်

# 1

လူသားတို့၏ စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ ခံစားသိ အပျော်ကြူးခြင်းနှင့် ဘဝနေမှုဆိုင်ရာ သင်္ကေတဖြစ်သည်။ အင်္ဂလိပ်ဂဏန်းခြေ(1)၏ ရေးသားဖြစ်တည်ပုံအရ အားအင်ပြည့်ဝသော၊ သန့်စွမ်းသော ပုရိသနိမိတ်အဖြစ်လည်း နှိုင်းဆိုတတ်ကြသည်။

ကြတ္တိယကို အားနွဲ့သော လိင်အဖြစ် သတ်မှတ်၍ စွမ်းအားရှင် ပုရိသအဖြစ် ထိုနိမိတ်ပုံကို အနောက်တိုင်းတွင်သာမက အရှေ့တိုင်း အယူအဆများတွင်လည်း အထူး နေရာပေးလေ့ရှိကြသည်။

ဂျပန်ကျွန်းစုတစ်ခုတွင်ကား မဟာပုရိသပွဲတော်ကို နှစ်စဉ် နွေရာသီရောက်တိုင်း သောင်းသောင်းဖြဖြ ကျင်းပလေ့ ရှိကြသည်။ ထိုပွဲတော်တွင် ပေ (၂၀)ကျော်ခန့်ရှိသော လိင်နိမိတ်ပုံတူ ရုပ်တုကြီးကို ဝေါယာဉ်များ အဆင့်ဆင့်ဖြင့် ခမ်းနားစွာ တင်ဆောင်ကာ လှည့်လှည်ကြသည့်အပြင် မိခင်အရွယ် သက်လတ်ပိုင်း အမျိုးသမီးများက လသားအရွယ် အရပ်အလျားရှိသော လိင်နိမိတ်ကိုယ်စီ ရင်ဝယ်ပွေ့ပိုက်လျက် စီတန်းလမ်းလျှောက်ကြသည်။

ပွဲတော်လာ ကလေး၊ လူကြီး၊ ယောကျ်ား၊ မိန်းမ ပရိသတ်က ထိုလိင်နိမိတ်ကို ပွတ်သပ် ဆုတောင်းလေ့ရှိကြသည်။

**(ထို မဟာပုရိသပွဲတော်အား ရုပ်သံမှတ်တမ်း တင်ထားသည့် VCDခွေကို ကြည့်ရှု လေ့လာဖူးပါသည်။ အပျော်သဘော၊ နောက်ပြောင်ကျီစယ်ခြင်းများ မရှိဘဲ ကြုခြေရရ ယုံကြည်သက်ဝင်မှု ရှိကြသည်ကို မြင်တွေ့ရသည်။**

**ကလေးသူငယ်များ ကျန်းမာသန့်စွမ်းစွာ ကြီးပြင်း လူလားမြောက်နိုင်ခြင်း၊ အရွယ်ရောက်ပြီးသူများ သားကောင်းရတနာ မွေးဖွားနိုင်ခြင်း အကျိုးများ ခံစားရစေသည်ဟု ယုံကြည်ကြလေသည်။)**

ထို့ကြောင့် **(၁)ဂဏန်းကို** ဖန်တီးနိုင်ခြင်း၊ အမျိုးမျိုး အထွေထွေ ဖြစ်အောင် ခွဲခြမ်းစိတ်ဖြာ ချိုးဖဲ့နိုင်ခြင်း၏ သင်္ကေတဟု ဆိုကြသည်။

ထို့ပြင် အခြေခံကျခြင်းနှင့် အသက်ဇီဇ အားလုံး၏ မူလ အရင်းအမြစ်အဖြစ်လည်း တင်စားကြသည်။

ထို့အတူပင် မူလအစပြုခြင်းနှင့် အလင်းရောင်၏ ကိုယ်စားအဖြစ် သတ်မှတ်ကြသည်လည်း ရှိသည်။

တရုတ်ဓလေ့တွင်ကား အနိုင်းမဲ့ခြင်း၊ ထပ်တူကျခြင်း၊ ခြုံငုံပေါင်းစပ်ခြင်း၊ နောက်ဆက်တွဲဖြစ်စဉ်၊ တိုတောင်းသော အချိန်တာ၊ အံ့အားသင့်ခြင်း စသည်ဖြင့် အဓိပ္ပာယ်များစွာ ရှိလေသည်။

**၁နှင့်၁ကို** ပေါင်းယှဉ်ကာ **တစ်,တစ်** ဟု ဆိုလျှင်ကား တစ်ခုချင်းစီ၊ တစ်ခုမကျန် အသေးစိတ်ဟူသော အဓိပ္ပာယ်ရသည်။

## (၂) ဂဏန်း


# 2

ပွဲတင်ပြန်လာခြင်း၊ အရောင်ပြန်ဟပ်ခြင်း၊ အင်အားတူမျှခြင်း၏ သင်္ကေတဖြစ်သည်။ ဖန်တီးပြုပြင်ခံရခြင်း ကြတ္တိလိင်သဘောတို့လည်း ဆောင်သည်။ တရုတ်တို့က ၎င်းကို **ယင်း**(Yin)ဟုခေါ်၏။

ဂျီသြမေတြီပညာတွင် အမှတ်(၂)ခု၊ မျဉ်း(၂)ကြောင်း သို့မဟုတ် ထောင့်တစ်ထောင့်ဖြင့် ကိုယ်စားပြု ဖော်ပြကြသည်။

ယင်းသည် ဒြပ်တစ်ခု၏ ပထမဆုံးသော ဈူကလိယပ်စ်(ဒြပ်မှုန်) ဖြစ်လေသည်။

* * *



အဆိုပါ ဒြပ်မှုန်သည် ပြောင်းလဲ ဖြစ်စဉ်တစ်ခု၏ ဆန့်ကျင်ဘက် အခြေခံများ ဖြစ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

သက်ရှိတစ်စုံတစ်ဦး၏ ဘဝဖြစ်စဉ်တွင် မွေးဖွားခြင်းနှင့် သေဆုံးခြင်း၊ ဗီဇနှင့် မရဏ၊ ကြမ္မာငင်ခြင်းနှင့် ကံကောင်း ပွင့်လင်းခြင်း၊ ပျောက်ကြွေပျက်သုဉ်းခြင်းနှင့် ထာဝရတည်တံ့ခြင်း၊ နိစ္စနှင့် အနိစ္စတို့ကို ဆက်သွယ်သည့် ဝင်ရိုးဖြစ်ကာ ဝင်ရိုးစွန်းနှစ်ခုသည် အထက်ပါအတိုင်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေကြသည်ဟု (၂)ဂဏန်းကို ဖွင့်ဆိုသည်။

တရုတ်ဓလေ့တွင်မူ ပြီးပြည့်စုံခြင်း၊ မောင်နှံစုံတွဲဟု ဆို၏။ ထိုစုံတွဲတွင် ထပ်မံ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်းပြုပါက ဆန့်ကျင်ဘက်ဖြစ်သော မပြီးပြည့်စုံခြင်းသို့ ရောက်၏။

ဇနီးမောင်နှံ(၂)ဦးတွင် ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ နောက်ထပ် တစ်ဦး ဖြည့်စွက်၍ မရသကဲ့သို့ပင် နုတ်ပယ်၍ မရသောသဘော ဖြစ်သည်။

ယင်းသည် ရေတွက်၍ မရသော နယ်ပယ်နှင့် သတ်မှတ် ရေတွက်၍ ရသော နယ်ပယ်တို့ ပေါင်းစပ်ခြင်းလည်း ဖြစ်သည်။ ဥပမာ မင်္ဂလာပြည့်စုံသော ပျော်ရွှင်မှု (Xǐ)ယှီဟူသော စာလုံးသည် လူ့ဘဝတွင် (တရုတ်နှင့် အရှေ့တိုင်း ဓလေ့အရ) အရေးကြီးဆုံးသော တစ်သက်တွင် မင်္ဂလာဟု ဆိုလေ့ရှိသော လက်ထပ်ထိမ်းမြားခြင်း မင်္ဂလာကို ရည်ညွှန်းသည်။

ထိုပျော်ရွှင်မှုသည် ရေတွက်၍ မရကောင်းသော်လည်း ဂဏန်းခြေ (၂)နှင့် ယှဉ်တွဲရေးသားခြင်းဖြင့် နယ်ပယ်နှစ်ရပ် ပေါင်းစည်းလိုက်၏။ ထိုအခါ (Shuāng Xǐ)**ရှွမ်းယှီ** ပျော်ရွှင်မှုစုံတွဲ ဖြစ်လာ၏။

* * * ⟶


ဤစာလုံးကို လက်ထပ်ထိမ်းမြားခြင်း မင်္ဂလာမှတစ်ပါး အခြားသော သုမင်္ဂလာကိစ္စများတွင် သုံးလေ့မရှိပေ။ ထိမ်းမြားခြင်းမင်္ဂလာ၌သာ အမြတ်တနိုး တခမ်းတနား နေရာပေးတန်ဆာဆင်တတ်ကြလေသည်။

ဤတွင် **"ယှီ"**စာလုံးနှစ်လုံး ယှဉ်တွဲထားသဖြင့် စာလုံးချင်း တူသော်လည်း နေရာမတူ သဘောသဘာဝ ကွဲလွဲသည်။ ကွဲလွဲသည် ဆိုသော်လည်း ဝိရောဓိအသွင်သာရှိ၍ ပဋိပက္ခအသွင် မဆောင်ယူချေ။

ဤသဘောကို ရည်ညွှန်းကာ မောင်နှံ ပေါင်းစည်းမှုတွင် နိမိတ်ကောင်းယူသုံးနှုန်းခြင်း ဖြစ်သည်။ မင်္ဂလာမောင်နှံနှစ်ဦးသက် အသက်အရွယ်၊ ရုပ်ရည်၊ ပညာအရည်အချင်း၊ ဓနဂုဏ်၊ အရပ်အမောင်း စသည်တို့ တူညီနိုင်သည်။


အဓိကကွဲလွဲချက်မှာ နေရာဖြစ်သည်။ အရှေ့တိုင်းဓလေ့အရ ယောက်ျားက လက်ယာ၊ မိန်းမက လက်ဝဲဘက်၌ နေရာယူရသည်။ အလားတူပင် သဘောသဘာဝဖြစ်သော ယောက်ျား၊ မိန်းမ ကွဲလွဲခြင်း ရှိရသည်။

လိင်တူညီနေပါက **"ရှွမ်းယှီ"** ပျော်ရွှင်မှုစုံတွဲ မဖြစ်ပေ။ **(ယခုအခါ အနောက်တိုင်း လူမှုအဖွဲ့အစည်းအချို့တွင် လိင်တူလက်ထပ်ခြင်းကို ဥပဒေတစ်ရပ်ဖြင့် တိုက်ပွဲဝင်လျက်ရှိရာ ဤအချက်ကို ပိုမိုသိသာစေလေသည်။)**



ရှွမ်းယှီ (Shuāng Xǐ)ပျော်ရွှင်မှုစုံတွဲစာလုံး

(၃)ဂဏန်း



(၃)ဂဏန်းကား ပေါင်းစည်းညီညွတ်မှုဖြစ်၍ သဘာဝ ဖန်ဆင်းရှင် ဘုရားသခင်က သတ်မှတ်ပေးလိုက်သော စည်းကမ်းကလနားဖြစ်သည်။

လူနေမှုဘဝတွင် မွေးဖွားခြင်း၊ ထိပ်တည့်ရပ်နှင့် မျိုးနွယ်ဆက် ဟူသော သုံးထောင့်၊ သုံးနားညီတြိဂံကို ရည်ညွှန်းသည်။ **[ထိပ်တည့်ရပ်** Zenith **သည် ဘဝတွင် အောင်မြင်စွာ အသက်ရှင်နေထိုင်မှု အခြေအနေကို ဆိုလိုခြင်း ဖြစ်သည်။ အထွတ်အထိပ် ရောက်ချိန်ဟုလည်း ဆိုနိုင်သည်။]**

(၃)ဂဏန်းကို စက်ဝိုင်းခြမ်းရှိ အစွန်းအမှတ်နှစ်ခု၊ အလယ်ဝန်းထိမှတ် (တန်းဂျင့်မျဉ်းထိမှတ်)တို့ဖြင့် လည်းကောင်း၊ တြိဂံဖြင့်လည်းကောင်း သင်္ကေတပြုတတ်ကြသည်။

တရုတ်ဓလေ့တွင်ကား (၃)ဂဏန်းသည် နီးစပ်ခြင်း၊ လျင်မြန်ထိရောက်ခြင်း သဘောဆောင်သည်။ Sān Sān Bù Jǐn "စန်းစန်းပုကျင်" သုံးနှင့် သုံး ပေါင်းဆုံလျှင် မဝေးတော့ပြီဟု ဆိုရိုးပြုကြလေသည်။

တည်ငြိမ် ခိုင်မြဲခြင်းကိုလည်း ညွှန်းဆိုကြသည်။ Tripod သုံးချောင်းထောက်ကို ပမာပြုခြင်း ဖြစ်သည်။ လူနေမှုဘဝတွင် စားဝတ်နေရေး



www.burmeseclassic.com

www.burmeseclassic.com

ပညာရေးမျက်နှာစာတွင် ဆရာ၊ ကျောင်းသား၊ မိဘ စသည်တို့ကို ပုံဆောင်သည်။

သို့သော် **(၃)ဂဏန်းကို (၈) ဂဏန်းနှင့် တွဲဖက်လျှင်ကား** (三八) Sān Bā = ၃,၈သည် ကလေကဝ၊ တေလေဂျပိုးဟူ၍ အဓိပ္ပာယ် သက်ရောက်သွားသည်။

(၃)သည် လျင်မြန်ခြင်း သဘောရှိ၍ (၈)သည် "ပါးကွဲ" (သမုဒ္ဒာန် ၈ပါး) သဘောအရ အရပ်ရှစ်မျက်နှာနှင့် လောကဖြစ်စဉ်၏ အချုပ်အမှူး ဖြစ်သည်။

ထိုသို့ ထက်မြက်ပြည့်စုံခြင်း သဘောနှစ်ခု ပေါင်းစည်းသောအခါ လူသား၏ ပင်ကိုစွမ်းအား အရင်းအမြစ်က လိုက်မီနိုင်ခြင်း မရှိတော့ဘဲ အရာရာတိုင်းကို အပေါ်ယံမျှသာ ယောင်တိယောင်ဝါး သိရှိသူ ဖြစ်လာရတော့၏။

အချုပ်အားဖြင့် (၃)ဂဏန်းသည် အခြေခံခိုင်မာခြင်းနှင့် ပေါင်းစည်းခြင်း ပြည့်စုံခြင်း၏ သင်္ကေတအဖြစ် အမှတ်အယူ များကြလေသည်။

အင်္ဂလိပ်စာပေတွင်လည်း အထက်ပါကဲ့သို့ ဂဏန်းနှစ်ခု ပေါင်းယှဉ်သော ဝေါဟာရရှိသည်။ ဥပမာ Threescore သည် (၆၀)(ခြောက်ဆယ်)ဖြစ်သည်။ score သည် ပြိုင်ပွဲတွင်ရသော အမှတ်၊ ပေးဆပ်ရန်ရှိသော ငွေ၊ အကြွေး၊ အခြေခံအကြောင်းအရာ၊ မှတ်သားသည် စသည့် အဓိပ္ပာယ်များရှိသကဲ့သို့ နှစ်ဆယ်ဟူသော ဂဏန်းကိုလည်း ညွှန်းသောကြောင့် ဖြစ်လေသည်။

**ဟူဂျင်းဇီ**

စာမျက်နှာ (၁၃၁)မှ အဆက်

ထိုင်းမှိုင်းခြင်း၊ ငြိမ်သက်ခြင်း၊ လျှို့ဝှက်ခြင်း၊ မှောင်မည်းခြင်း စသည့် "ယင်း" ဓာတ်သဘောများမှ ပြောင်းလဲကာ သွက်လက်ခြင်း၊ လှုပ်ရှားတက်ကြွခြင်း၊ ပွင့်လင်းခြင်း၊ ရှင်းလင်းမြင်သာခြင်း စသော "ယန်း"ဓာတ်သဘောများ သက်ဝင်လှုပ်ရှားစေခြင်း ဖြစ်လေသည်။



▲ သက်ရှိ ယုန်ဓာတ်ပုံ

အထူးသက်ရောက် အားကောင်းစေလိုပါက စွမ်းအင်ပြည့်ဝသော သီဟရာဇာ ခြင်္သေ့မင်းကို အမှီပြုသော သီဟာသနပလ္လင်တွင် စံပယ်သော နေလဘုရားတွင် တန်ဆာဆင်လှူဒါန်းသင့်ပါသည်။

ပလ္လင်အနားပတ်လည်တွင် လိုဏ်မှန်ငယ်များထွင်းကာ ခြင်္သေ့ရုပ်ကလေးများ တန်ဆာဆင်ထားရှိခြင်း ရှိ,မရှိ စိစစ်ရန် ဖြစ်ပါသည်။

နေလဘုရားတွင် ယန်းအားဖြည့် ပူဇော်ခြင်းဖြင့် ထိုင်းမှိုင်းလေးလံ ငြိမ်သက်နေသည်တို့ သက်ဝင်လှုပ်ရှားအောင် စွမ်းဆောင်နိုင်ကြပါစေ။

**ဝူခန်းယဲ**

စာမျက်နှာ (၁၃၃)မှ အဆက်

ဘေးရန်အန္တရာယ် အသွယ်သွယ်ကို အောင်မြင်ပြီးမြောက်စေနိုင်သော မဟာဝူဓ လေးဂါထာအနက်မှ ဤဆောင်းပါးနှင့်သက်ဆိုင်သော ဝေဿဝဏ်နတ်မင်းကြီးခေါ် ကုဝေရနတ်မင်း၏ "**ဂဒါဝုဓာ**" ဂါထာတော် မြတ်ကို ဖော်ပြလိုက်ပါသည်။

ယုံကြည်သဒ္ဓါနှင့် ရွတ်ပွားကြမည်ဆိုသော် ယနေ့ခေတ် သိပ္ပံလက်နက်ဆန်းများကို ကာကွယ်တားဆီးနိုင်လိမ့်မည်ဟု စိတ်မှန်သော စေတနာယုံကြည်ချက်နှင့် တင်ပြလိုက်ပါသည်။

"ယန္တရားကို မန္တရားက နိုင်လိမ့်မည်" ဟူသော သူတော်ကောင်းကြီးတို့၏ အဆိုအမိန့်ကို ဦးထိပ်ထား၍ ရွတ်ပွား ပူဇော်တော်မူကြပါကုန်။

ဝေဿဝဏ္ဏောသဂဒါဝုဓာ၊
ယထာ ဆိန္နေယ ကုဿိသံ၊
တထေဝ မာရဝိသယံ၊
ဆေတွာမေ ဟောတု ဝိဇယော။

**အနက်မြန်မာပြန်**

**ဝေဿဝဏ္ဏောသ**၊ ဝေဿဝဏ်နတ်မင်းကြီး၏။ **ဂဒါဝုဓာ**– ကဒါဝုဓနေချွန်းတောင်းလက်နက်ဖြင့်၊ **ယကုဿိသံ**၊ ဘီလူးအထောင်တို့၏ ဦးခေါင်းကို၊ **ဆိန္နေ ဆိန္နတိယထာ**၊ ဖြတ်နိုင်သကဲ့သို့၊ **တထေဝ**၊ ထိုနည်းထား အလားတူသာလျှင်၊ **မာရဝိသယံ**၊ မာရ်မင်း၏အရာကို၊ **ဆေတွာ**၊ ဖြတ်၍၊ **မေ**၊ အကျွန်ုပ်၏ **ဝိဇယော**၊ ရန်သူတို့ကို အောင်ခြင်းသည်၊ **ဟောတု**၊ ဖြစ်ပါစေသတည်း။

*မေတ္တာရှည်လျက်...*

**မျိုးတင့်(ညောင်လေးပင်)**

**စာကိုး**

၁။ မဟာဗောဓိမြိုင် ဆရာတော်ကြီး၏ "နံနက်ခင်း ရှင်းစရာ"။
၂။ ရွှေပေါ်ကျွန်း ဇေယျသိဒ္ဓိမဟူညာဏ ဆရာတော်ကြီး၏ "မဟာ လေးဂါထာ"။
၃။ (၃၀–၁၀–၂၀၁၂)နေ့ထုတ် Weekly Eleven) ဂျာနယ်ပါ ဆောင်းပါး



www.burmeseclassic.com

www.burmeseclassic.com



မိုးကောင်းစေတီ



ဉသျှစ်လှစေတီ

# ညောင်တုန်းမြို့တစ်ခွင် အစိဌာန်ခရီးစဉ်

သရာကြီးဦးအောင်မြိုင် (ဉပဒေတွဲ့) လက္ခဏာဗေဒင်ပညာသုတေသီ

၁။ မိုးဟုတ်စေတီတော်**(ညောင်တုန်းမြို့အဝင်)**
၂။ မိုးကောင်းစေတီတော်**(ကျောင်းကြီးတိုက်ပရိဝုဏ်)**
၃။ ဉသျှစ်လှစေတီတော်**(မြို့လယ်)**
၄။ ပြည်တော်အေးစေတီတော်**(မိုလ်ချုပ်လမ်း)**
၅။ ပေါ်တော်မူစေတီတော်

**[စေတီတော်(၅)ဆူ]**

၆။ အတုလမာရဇိန်သွန်းဘုရားကြီး**(လမ်းမတော်လမ်း)**
၇။ အရဟံဇိနအောင်တော်မူနိုင်ငံအေး ရုပ်ပွားဆင်းတုတော်ကြီး**(မိုလ်ချုပ်လမ်း)**
၈။ အနုတ္တရမာရဇိန်ဗုဒ္ဓရုပ်ပွားတော်**(မိုးဟုတ်စေတီမြောက်ဘက်စောင်းတန်း)**
၉။ ရှင်ပင်သာလျောင်းရုပ်ပွားတော်**(ဉသျှစ်လှစေတီကြာသပတေးတန်ဆောင်း)**
၁၀။ ရွှေဘုန်းမြင့်မြတ်စွာဘုရား**(မိုလ်ချုပ်လမ်း)**

**[ရုပ်ပွားတော်(၅)ဆူ]**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ရှိ ကျွန်ုပ်နေအိမ်မှ ကိုယ်ပိုင်ကားဖြင့် မနက်စောစော (၆)နာရီခွဲအချိန် စတင် ထွက်ခွာခဲ့သည်။ လမ်းတွင် မော်တော်ကားများ၊ ဆိုင်ကယ်များ၊ ဆိုက်ကား များ စက်ဘီးများ၊ ထော်လာဂျီများကို ရှောင်တိမ်း မောင်းနှင်ရသောကြောင့် လည်းကောင်း၊ ညောင်တုန်းလမ်းခွဲမှ ညောင်တုန်းမြို့သို့ အဝင်လမ်းမှာ လမ်း ပြုပြင်နေခြင်းကြောင့် လည်းကောင်း ရန်ကုန်–ညောင်တုန်း မိုင်သုံးဆယ် [illegible]ခရီးကို အချိန် တစ်နာရီခွဲခန့် မောင်းနှင်ခဲ့ရသည်။ နံနက်(၈)နာရီမှ ညောင်တုန်းမြို့အဝင်သို့ ရောက်ခဲ့၏။

မူလ စီစဉ်ထားသည့်အတိုင်း စေတီ တော်(၅)ဆူ၊ ရုပ်ပွားတော်(၅)ဆူ အဓိဌာန်ဝင်ရန် ဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



▲ ပြည်တော်အေးစေတီ



▲ အရပ်ဘိုနအောင်တော်မူနိုင်ငံအေး ရုပ်ပွားဆင်းတုတော်ကြီး

ရန်ကုန်မြို့တွင် နေထိုင်သူတစ်ဦး ဖြစ်၍ ညောင်တုန်းမြို့မှာ ကျဉ်းကျဉ်းကလေးဖြစ်သည်။ မိမိသွားလိုသော စေတီတော်များလည်း တစ်ဆူနှင့်တစ်ဆူ သိပ်မဝေးလှပါ။ ပေါ်တော်မူစေတီတော်ရှိရာသို့ ကားလမ်းမပေါက်သဖြင့် ခြေကျင်လျှောက်သွားခဲ့ရသည်။

မိုးဟုတ်စေတီတော်မှ သိပ်မဝေးလှပါ။ ရှေးခေတ် မြားတစ်ပစ် အကွာအဝေးဟု ဆိုသည်။ ယခုခေတ် (၁၅) မိနစ်ခန့် ခြေကျင်လျှောက်ရုံနှင့် ရောက်ပါသည်။

မြို့ပေါ်မှာ မဟုတ်ဘဲ တောစပ်သို့သွားရ၏။ မိုးဟုတ်စေတီတော်နှင့် ဥဿျစ်လှစေတီတော်တို့ကသာ ထည်ဝါခမ်းနားစွာ ပြုပြင်ထားသည်။ အခြားစေတီတော်(၃)ဆူကတော့ တောဘုရားဟု ဆိုရမည်။ ထူးခြားခမ်းနားစွာ ပြုပြင်ခြင်း မရှိသေးပါ။

ရုပ်ပွားတော်(၅)ဆူတွင် သွန်းဘုရားကြီးကတော့ ကြေးသွန်း ရုပ်ပွားတော် မဟာမြတ်မုနိပုံတော် ဖြစ်သည်။ အရှေ့ဘက်သို့ မျက်နှာတော် လှည့်ထားသည်။ ပရိဝုဏ်ကျယ်ပြန့်ပြီး ခမ်းနားထည်ဝါလှပါသည်။

ဒုတိယ အနေဖြင့် နိုင်ငံအေး ဘုရားရုပ်ပွားတော်က ဉာဏ်တော် အထူး မြင့်မားသည်။ ဦးစိန်ကတုံး ဘုရားဟု လူသိများသည်။

ထို(၂)ဆူလုံး ဘူမိဖဿမုဒြာ ဖြစ်သည်။

ရွှေဘုန်းမြင့် မြတ်စွာဘုရားလည်း ဘူမိဖဿမုဒြာပင်ဖြစ်သည်။ ကြေးသွန်းရုပ်ပွားတော်ဖြစ်သည်။ ဒေါနှစ်ဖက်တွင် အင်္ဂတေရုပ်ပွားတော်တစ်ဆူစီ ရံထားသည်။

အနုတ္တရမာရဇိန် ရုပ်ပွားတော်ကတော့ မိုးဟုတ်စေတီတော် မြောက်ဘက်စောင်းတန်းထိပ် တန်ဆောင်းတစ်ခုအတွင်း ဖူးတွေ့ရသည်။ အဘယလာဘမုနိမုဒြာဟု ယူဆရသည်။ ရှင်ပင်သာလျောင်း ရုပ်ပွားတော်ကိုတော့ မြို့လယ်ကားဂိတ်ရှေ့ ဥဿျစ်လှမဟာစေတီ၏ ကြာသပတေးအရပ် ရင်ပြင်တန်ဆောင်းတွင် ဖူးတွေ့ရသည်။

ထိုစေတီတော်(၅)ဆူနှင့် ရုပ်ပွားတော်(၅)ဆူမှာ အလွယ်တကူ ဖူးမြင်အဓိဋ္ဌာန်ဝင်နိုင်သည်။ မြို့ခံ မည်သူ့ကိုမဆို မေးမြန်းသိရှိနိုင်သည်။ ကျွန်ုပ်၏ အဓိဋ္ဌာန်ဝင်သော အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ရှေးဟောင်းသမိုင်းဝင် မိုးဟုတ်စေတီတော်၊
၂။ ပေါ်တော်မူစေတီတော်၊
၃။ မိုးကောင်းစေတီတော်၊
၄။ ဥဿျစ်လှမဟာစေတီတော်၊
၅။ ပြည်တော်အေးစေတီတော်၊
၆။ အနုတ္တရမာရဇိန်ရုပ်ပွားတော်၊ ***(မိုးဟုတ်စေတီမြောက်ဘက်စောင်းတန်း)***
၇။ အတုလမာရဇိန်သွန်းဘုရားကြီး။
၈။ ရွှေဘုန်းမြင့်မြတ်စွာဘုရား။
၉။ ရှင်ပင်သာလျောင်းရုပ်ပွားတော်၊ ***(ဥဿျစ်လှစေတီကြာသပတေးအရပ်)***
၁၀။ အရပ်ဘိုနအောင်တော်မူနိုင်ငံအေး ရုပ်ပွား ဆင်းတုတော်ကြီး ***(ဦးစိန်ကတုံးဘုရား***

စေတီတော်(၅)ဆူတွင် နောက်ဆုံးမှာ **"ပြည်တော်အေး"**ကိုထား ရုပ်ပွားတော်(၅)ဆူတွင် နောက်ဆုံးမှာ **"နိုင်ငံအေး"**ကို ထားခဲ့သည်။ ဤ

www.burmeseclassic.com





◆ ရွှေဘုန်းမြင့်ရုပ်ပွားတော်

◆ အနုဗ္ဗာရမာဂဓိမိုက္ကရုပ်ပွားတော်

BURMESE CLASSIC .com

...အဓိဋ္ဌာန်ကို **"အေးရာအေးကြောင်း ...အဓိဋ္ဌာန်"** ဟု ကျွန်ုပ် အမည်သတ်မှတ် ...ပါသည်။

အဓိဋ္ဌာန်အနေဖြင့် စေတီတော် ...၏ တနလာ်အရပ်တွင် ထိုင်၍ ...ည်းကောင်း၊ ရုပ်ပွားတော်များ၏ ...ရှေ့မျက်နှာစာမှာထိုင်၍ လည်းကောင်း ...–ကိုးချက်ဂါထာတော်ကို (၉)ခေါက် ...ပ်ပွားပူဇော်ခြင်း ဖြစ်ပါသည်။

---

ဇ–ကိုးချက်ဂါထာတော်

---

◆ ...ကစိတ္တံ ဝိစိန္တေတွာ၊
...ကဓမ္မံ သုနိသာတိ။
...သတော သသမော လောကော၊
...ရာဇာတိ ပါကဋော။
...သတိ သမ္မာသမ္ဗုဒ္ဓံ
...သတိ ဓမ္မမုတ္တမံ။
...သတိ မဂ္ဂမုဂ္ဂယှ၊
...သတိ ပနတော နမော။

...သော ပါဠိအသံထွက်

...ကစိတ္တံ = အေကစိတ်တံ

**ဝိစိန္တေတွာ** = ဝိစိန်
တစ်တဝါ

**ကေဓမ္မံ** = အေကဓမ်မံ

**သုနိသာတိ** = သုနိတ်
သတိ

**ပါကဋော** = ပါကဋော

**သမ္မာသမ္ဗုဒ္ဓံ** = သမ်မာသမ်ဗုတ်ဓံ

**ဓမ္မမုတ္တမံ** = ဓမ်မမုတ်တမံ

**မဂ္ဂမုဂ္ဂယှ** = မက်ဂမုတ်ဂယ်ယှ

**အနက်**

**သသတော**၊ နိဗ္ဗာန်ရောက်ကြောင်း တရားကို ရှာမှီးသောသူအား။ **သသမော**၊ နေ့ညမပြတ် ရှာမှီးအပ်သော။ **လောကော**၊ လောကဉ်။ **ကေရာဇာတိပါကဋော**၊ တစ်ဆူတည်းသော တရားမင်းဟူ၍ ထင်ရှားသော မြတ်စွာဘုရားသည်။ **ကေစိတ္တံ**၊ နိဗ္ဗာန်ရောက်ကြောင်း စိတ်တစ်ခုကို။ **ဝိစိန္တေတွာ**၊ ကြံ၍။ **ကေဓမ္မံ**၊ တစ်ခုသော တရားကို။ **သုနိသာတိ**၊ ကောင်းစွာ ဆောင်နိုင်တော်မူ၏။

**သမ္မာသမ္ဗုဒ္ဓံ**၊ မြတ်စွာဘုရားကို။ **သသတိ**၊ ရှာမှီး၏။ **ဥတ္တမံ**၊ မြတ်သော။ **ဓမ္မံ**၊ တရားကို။ **သသတိ**၊ ရှာမှီး၏။ **ဥဂ္ဂယှ**၊ မိမိစိတ်ကို ချီးမြှောက်၍။ **မဂ္ဂံ**၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းကို။ **သသတိ**၊ ရှာမှီး၏။ **သသတိ**၊ လမ်းကောင်းကို ရှာမှီးသော။ **တေပန**၊ သင့်အားကား။ **နမော**၊ ရှိခိုးပါ၏။

*(ဤဇ–ကိုးချက်ဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာ ဆရာကြီးဦးစံတင့်(ဓမ္မာစရိယ၊ ဝိနယဓရ၊ စတုနိကာယကောဝိဒ)မှ ပြန်ဆိုပေးပါသည်။)*

ဤအဓိဋ္ဌာန်၏ ကိုယ်တွေ့ အကျိုးထူးမှာ အပူမှန်သမျှ အမြန်ဆုံး အေးစေသည်ဟုသာ ပြောပါရစေ။

**[အချို့ စေတီ၊ ရုပ်ပွားများ အကြောင်း သီးခြား ဆောင်းပါးရေးမည်ဖြစ်၍ ဤဆောင်းပါးတွင် ဓာတ်ပုံ (၁၀)ပုံလုံး မထည့်ပေးဘဲ (၆)ပုံသာ ထည့်ပေးလိုက်ခြင်းကို ခွင့်လွှတ်သည်းခံ ပေးတော်မူကြပါခင်ဗျား...]**

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေသွဲ့)*
လက္ခဏာဗေဒင်ပညာသုတေသီ



www.burmeseclassic.com

www.burmeseclassic.com



▲ တိမ်ပြာဂမုန်းပင်အား အနီးကပ်မြင်ရပုံ

မြဒင် (ဇင်းကျိုက်)

# တိမ်ပြာဂမုန်း၏ အစွမ်း

ယခု စာရေးသူတင်ပြလိုသည့် အကြောင်းအရာမှာ **"တိမ်ပြာ"**ဂမုန်း အကြောင်းဖြစ်ပါသည်။ တိမ်ပြာဂမုန်း၏ အစွမ်းမှာ အဆိပ်ရှိသော သတ္တဝါများ ကိုက်မိခြင်းများကို သက်သာပျောက်ကင်းစေပါသည်။

တိမ်ပြာဂမုန်း၏ အစွမ်းထက်ကြောင်းကို စာရှုသူများရှေ့၌ ဓာတ်ပုံနှင့်တကွ ရေးသားတင်ပြပါမည်။

လွန်ခဲ့သော တစ်ပတ်ကျော်ခန့်က စာရေးသူ၏ အိမ်မှတီဗွီ စက်ချို့ယွင်းသွားသဖြင့် ဆရာ ကိုဝင်းဗိုလ်အိမ်သို့ ရောက်ခဲ့ပါသည်။ ကိုဝင်းဗိုလ် အပြင်သွားနေသဖြင့် သူ၏ဇနီးနှင့်သာ အကျိုးအကြောင်း ပြောပြခဲ့၍ ပြန်မည်ဟု ဆုံးဖြတ်သော်လည်း မျက်စိက ခြံခတ်၍ စိုက်ပျိုးထားသော အပင်များဆီသို့ ရောက်သွားလေသည်။

'ဒီအပင်က နနွင်းပင်လား'

ဟု ကိုဝင်းဗိုလ်အမျိုးသမီးအား မေးလိုက်မိ၏။

ထိုအခါ ကိုဝင်းဗိုလ် အမျိုးသမီးက...

'နနွင်းပင် မဟုတ်ဘူး။ သိချင်ရင်တော့ ဟိုမှာ သူ့သခင်ရှိတယ် မေးကြည့်ပါလား'

ဟု ပြောသည်။

ကိုဝင်းဗိုလ်ဇနီး ညွှန်ပြရာဆီသို့ စာရေးသူ ကြည့်လိုက်၏။ အသက်ငါးဆယ်ကျော်ခန့် အဒေါ်ကြီးတစ်ဦးကို တွေ့လိုက်ရပါသည်။ စာရေးသူမှ ဝါသနာအဟုန်ကြောင့် ယင်းအဒေါ်[...] ထံ လျှောက်လာခဲ့လေသည်။ စာ[...] သူက အဒေါ်ကြီးထိုင်နေသော [...] ရပ်၍...

'အန်တီ ဟိုရှေ့မှာ ခြံခတ်ပြီး [...] ထားတဲ့ အပင်က ဘာအပင်လို့ ခေါ်[...] သလဲ၊ ခြံခတ်ပြီး စိုက်ထားတယ် [...] တော့ ကျွန်တော့်စိတ်ထဲမှာ အ[...] ဖြစ်နေလို့ပါ'

ထိုအခါ အဒေါ်ကြီးက...

'အဲဒီအပင်က တိမ်ပြာဂမုန်း[...] ခေါ်တယ်။ ရှားပါးတဲ့ ဂမုန်းတ[...]

စာရေးသူက...




www.burmeseclassic.com

www.burmeseclassic.com



▲ တိမ်ပြာဂမုန်းတော

▼ တိမ်ပြာဂမုန်းဥကို ဩ ရိုက်ထားသောပုံ



'အဲဒီဂမုန်းပင်က ဘာတွေများ ထူးခြားလို့လဲ အန်တီ'

'ထူးခြားမှုကတော့ အဆိပ်ပြေတယ်။ မြွေကိုက်၊ ကင်းကိုက်၊ ခွေးကိုက် အဆိပ်ရှိတဲ့ သတ္တဝါအားလုံးရဲ့ အဆိပ်ကို ပြေစေတယ်'

အဒေါ်ကြီး၏ စကားကို စာရေးသူ စိတ်ဝင်စားနေမိသည်။

စာဖတ် ပရိသတ်အတွက်လည်း ဗဟုသုတရရှိစေရန် အဒေါ်ကြီး သိထားသော တိမ်ပြာဂမုန်းအကြောင်းကို တောင်းပန်၍ ရှင်းပြခိုင်းရပါသည်။

ထိုအခါ အဒေါ်ကြီးမှ အောက်ပါအတိုင်း ရှင်းပြခဲ့ပေးလေသည်။

'ဒီဂမုန်းကို စိုက်ထားတာကတော့ အတိုးအတွားတွေ လက်ထက်ကတည်းက ဆိုရမယ်။ မသန့်ရှင်းတဲ့ နေရာမျိုးမှာ စိုက်မိခဲ့ရင် လုံးဝကို မရှင်နိုင်ဘူး။

ဒီဂမုန်းက ဥကိုသာသုံးရတယ်။ အဒေါ်တို့ ခပ်ငယ်ငယ်တုန်းကဆို ကန်တွေ ပက်တဲ့အခါ ငါးဆင်းဖမ်းရင်း မကြာခဏ ငါးကျည်းစူးတာတို့ ခံခဲ့ရဖူးတယ်။

ကလေးဘဝ အရွယ်ဆိုတော့ ပိုတာ

www.burmeseclassic.com

ပဲပေါ့။ အဲဒီအခါ အဘိုးက ကန့်ပေါင်ပေါ်မှထိုင်ပြီး တဟားဟားနဲ့ ရယ်နေတော့တာပဲ။ နောက်မှ အဒေါ်တို့တွေကိုခေါ်ပြီး အဲဒီပင်ရဲ့ဥကို ကိုက်ဝါးခြေပြီး ငါးကျည်းစူးတဲ့ နေရာကို အုံပေးတယ်။

မကြာပါဘူး အဆိပ်ပြေသွားတယ်။ တစ်စတစ်စနဲ့ လူသိများလာတယ်။ သူက လာတောင်း၊ ဟိုကလာတောင်းနဲ့ မျိုးတောင် တုံးမလို ဖြစ်သွားတယ်'

အဒေါ်ကြီးက စကားစဖြတ်၍ ဆေးလိပ် တစ်ဖွာ၊ နှစ်ဖွာ ရှူသွင်းလိုက်လေသည်။ ပြီးမှ စကားကို ပြန်ဆက်ပြောသည်။

'ပင်လယ်ငါးခူစူးတာလဲ ကောင်းတယ်။ အဲဒါကတော့ လက်တွေ့ပါပဲ။ ဒါကြောင့် အဒေါ်တို့ အဘိုး,အဘွားတွေက ဒီဂမုန်းဥကို ကွင်းဆင်း တောတက် ဆောင်လေ့ရှိပါတယ်'

ဟု စိတ်ရှည်စွာ ရှင်းပြပေးပါသည်။ ထို့နောက် အဒေါ်ကြီးမှ အောက်ပါအတိုင်း ရှင်းပြပေးပါသည်။

တစ်နေ့နံနက် ခပ်စောစော အဒေါ်ကြီးအိမ်သို့ ရဟန်းတစ်ပါး ကြွရောက်လာပါသည်။ အဖေ,အမေတို့၏ မိတ်ဆွေဖြစ်ကြောင်း ပြောပါသည်။

ထို့နောက် အိမ်ရှေ့တွင် စိုက်ပျိုးထားသော ဂမုန်းပင်များကို ကြည့်ပြီး 'တိမ်ပြာဂမုန်းပင်တွေပါလား' ဟု ပြောပြီး စကားကို ရပ်လိုက်ပါသည်။

သို့ဖြင့် အဒေါ်ကြီးက...

'တင်ပါ့ဘုရား ဒီဂမုန်းပင်ရဲ့ဥဟာ ကင်းကိုက်၊ ငါးကျည်းစူး အဆိပ်အတော်များများကို နိုင်ပါတယ်'

ဟု ပြောတော့ ဘုန်းကြီးက...

'ဒါတင်ဘယ်ကမလဲ ဒကာမကြီးရဲ့ ခွေးကိုက်၊ မြွေကိုက်တဲ့ အဆိပ်တွေကို ပါပြေစေတယ်'

ဟု ပြောပြီး အဒေါ်ကြီးအား ကုသနည်းကို ပေးခဲ့ပါသည်။

ကုသနည်းကတော့ ခွေးကိုက်သည်ဖြစ်စေ၊ မြွေကိုက်သည်ဖြစ်စေ ဒဏ်ရာကို ရေစင်အောင်ဆေးပြီး ယင်းဥကို သွေး၍ အနာဝ၊ ဘေးနှုတ်ခမ်းတို့ပေါ်၌ လိမ်းပေးရပါသည်။ ထို့နောက် ယင်းသွေးထားသော ရေကို ကြက်ဥပန်းကန်လုံး တစ်လုံးစာတိုက်ပါ။ မကြာမီ အဆိပ်ပြေသွားပါမည်။

တချို့သော လူတို့မှာ ခွေးကိုက်ထားသည့်ဒဏ်ရာမှာ ကြာမြင့်ထားသော်လည်း ခွေးဆိပ်ကျန်နေသဖြင့် အနာမှာ မကြာခဏ ယားယံပြီး ရောင်လာပါသည်။


ထိုဒဏ်ရာကို ပထမဦးစွာ အသစ်ဖြစ်အောင် ဆွပေးပြီး ထွက်လာသော အဆိပ်သွေးများကို ကုန်အောင် ညှစ်ထုတ်၍ ယင်းဆေးဥကို ဘေးပတ်ချာလည်လိမ်းပြီး ပန်းကန်တစ်လုံးစာ သောက်သုံးလျှင် အဆိပ်ပြေရုံမက တစ်သက်စာအတွက် ခွေးရူးပြန်ရောဂါကိုပါ ကာကွယ် စိတ်ချရသွားမည် ဖြစ်ပါသည်။

ထို့နောက် (၇)ရက်သားသမီးတွေကို အရေးကြုံလာလျှင် ကယ်တင်ပေးပါဟု ဘုန်းကြီးမှ မှာကြားခဲ့လေသည်။

*မြခင်(ဖင်းကျိုက်)*

စာကြွင်း

**တိမ်ပြာဂမုန်းမှာ ဆင်တူယိုးမှား အပင်များလည်း ရှိပါသည်။ တိမ်ပြာဂမုန်းမှန်လျှင် ဥကို ခွဲကြည့်ရုံဖြင့် အပြာရောင်ဖြစ်နေသည်မှာ တိမ်ပြာဂမုန်းအစစ် ဖြစ်ပါသည်။**



# မျိုးစေ့များ

ကြွက်၊ ပုရစ်ဖော်ခြင်း ကင်းဝေးစေဖို့

စိုက်ပျိုးရေး လုပ်ကိုင်သူတိုင်း **ကြွက်၊ ပုရစ်၊ ပိုးမွှား** စသော အကောင်များ၏ ဖျက်ဆီးခြင်းကို ကြုံတွေ့ဖူးပါ လိမ့်မည်။ ထိုသို့ ဖျက်ဆီးခြင်း ကြုံရ သည့်အခါ ပိုးမွှားအန္တရာယ် ကာကွယ် သုတ်သင်နည်း အမျိုးမျိုးဖြင့် အသုံးပြု လုပ်ကိုင်ကြရသည်။

အချို့သော ပုဂ္ဂိုလ်များက အဆိပ် ဆေးဝါးများ သုံးစွဲခြင်းကို ရှောင်ကြဉ် လိုကြ၏။ စာရေးသူ ယခု တင်ပြမည့် နည်းလမ်းမှာ မည်သည့်အဆိပ်ဆေးမှ မသုံးရဘဲ ပိုးမွှားအန္တရာယ် ကင်းဝေး နည်းဖြစ်ပါသည်။

မျိုးစေ့များ မြေချစိုက်ပျိုးပြီး ကြွက်၊ ပုရစ်၊ ပိုးမွှားတို့ ကိုက်ဖော်စားသုံး ဖျက်ဆီးခြင်းမှ ကာကွယ်ရန် **မျိုးစေ့ များကို မစိုက်ပျိုးမီကတည်းက ရေနံဆီ (ဒီဇယ်ဆီလည်း ရပါသည်) နှင့် မျိုးစေ့များအား လူးနယ်လိုက်ပါ။ ရေနံဆီများစွာ သုံးရန်မလိုပါ။မျိုးစေ့ များတွင် ရေနံဆီနံ့ စွဲကပ်သွားရုံဆို လျှင် ရပါပြီ။**

ထို့နောက် မိမိစိုက်ပျိုးမြေတွင် စိုက်ပျိုးပါက ရေနံဆီနံ့ကြောင့် အဆိပ် ပိုးမွှားသတ္တဝါများ၏ အန္တရာယ်မှ ကင်း ဝေးကြောင်း တွေ့ရပါလိမ့်မည်။


***စိုက်ပျိုးတိုင်း အောင်မြင်ဖြစ်ထွန်း ကြပါစေ။***

**ညွန့်ဝင်း(နတ်တလင်း**



www.burmeseclassic.com

www.burmeseclassic.com



မောင်နီ
(ကျောက်မဲ)

# နွယ်ဝင်ခွေးတောက်

## သိဒ္ဓိရောက်သလော

ကျောက်မဲမြို့၊ စီးပွားရေး ပန်းချီလောက၌ ကမ္ဘာသစ်ပန်းချီဆိုသည့် ဆိုင်းဘုတ်ချိတ်ပြီး နံပါတ်ပြားများနှင့် အမင်းဆိုင်၊ အလှပြင်ဆိုင် ဆိုင်းဘုတ်များကို လှပအောင် ဖန်တီးရေးဆွဲလာခဲ့သော ကိုမျိုးမြင့်ဆိုသူသည် ငယ်ရွယ်စဉ်ကတည်းက ယနေ့တိုင် တစိုက်မတ်မတ် ပန်းချီရေးဆွဲလာသူ ဖြစ်လေ၏။

မြန်မာ့လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနတွင်လည်း ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူလည်း ဖြစ်လေ၏။

အသက် (၅၇)နှစ်အရွယ်ဖြစ်သည့် (၂-၆-၁၂) စနေနေ့ ည (၈း၀၀)နာရီတွင် သူ့မိသားစုနှင့်တကွ သူငယ်ချင်းများ ဖြစ်ကြသော ကျွန်ုပ်တို့အား ထာဝရခွဲခွာသွားခဲ့လေပြီ။ သူကား သက်ဆိုးရှည်ရှာ။

လောကဓမ္မတာအရ လူသည် သေမျိုးဖြစ်၍ သေဆုံးကြရမည်မှာ ဆန်းသော်လည်း ကျွန်ုပ်ကိုတော့ လွမ်းကျန်ရစ်အောင် လုပ်သွားသည့် နွယ် ရှိလေ၏။

သူမသေမီ (ပုံတွင် ပြထားသည့်) နွယ်ဝင်ကို ကျွန်ုပ်အား မှတ်မှတ်ရရ ပေးသွားခဲ့လေ၏။ ကျန်းမာရေး မကောင်းသည့်ကြားက ပေးသွားခြင်း ဖြစ်လေ၏။

သူ့ခြံဝင်းအတွင်း အိမ်၏ မြောက်ဘက်တွင် နှစ်ပေါင်း(၂၀)ကျော် သက်တမ်းရှိသော၊ ပင်စည် ခြေသလုံးခန့်ရှိသော၊ ကလေးများ ဒန်းစီးနေကျဖြစ်သော ခွေးတောက်ပင်ကြီးကို ခုတ်ဖြတ်ရှင်းလင်းရာမှ ဤနွယ်ဝင်ကို တွေ့ရှိသွားပြီး ဖြတ်တောက်ကာ သိမ်းဆည်းထားခဲ့လေ၏။

သိမ်းဆည်းထားပြီး (၃)ရက်မြောက်နေ့၌ သူ့အလုပ်စခန်းရှိရာ မြို့ထဲသို့ ကျွန်ုပ် ရောက်သွားသောအခါ သူကား ပက်လက်ကုလားထိုင်၌ ထိုင်လျက်ရှိ၏။ ညှိုးနွမ်းသော မျက်နှာ၊ လေးလံသော အမူအရာနှင့် ဖြစ်လေ၏။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းပါ နွယ်ဝင်များ အကြောင်းအား ကျွန်ုပ်ကို ဖြည်းလေးစွာ မေးမြန်းဆွေးနွေးလေ၏။

ကျွန်ုပ်မှာ လောကီကိစ္စရပ်များ၌ ဝါသနာထုံသော်လည်း သစ်ဖောက်၊ သစ်တံခါး၊ နွယ်ဝင်၊ နွယ်ကွင်းထိုးစသည့် သိဒ္ဓိရှိနိုင်သော ရက္ခလောက အကြောင်းကို များများမသိပါ။ တိတိကျကျ မဖြေနိုင်ခဲ့ပါ။ ယေဘုယျသာ ပြောနိုင်၏။

ဤသို့ ထူးကဲစွာ ဖြစ်လာခြင်းမှာ

www.burmeseclassic.com

သဘာဝ၏ ထူးခြားသော လက်ဆောင်ဟုပင် ထင်မြင်မိပါ၏။ စကားပြောရင်းက သူ့နံဘေးတွင်ရှိသော သမီးလတ်ကို...

'သဲသဲ... အိမ်ပြန်ပြီး အဖေ သိမ်းထားတဲ့ ခွေးတောက်နွယ်ဝင်ကို ယူလာခဲ့'

ဟု ခိုင်းလေ၏။

'ရှည်နေရင် ဖြတ်ယူလာခဲ့'

ဟု ကျွန်ုပ်က ထပ်ဆင့် ခိုင်းလိုက်၏။

အိမ်မှာ အလုပ်ခန်းနှင့် မဝေးသောကြောင့် ဆိုင်ကယ်စီးပြီး ထွက်သွားသော သဲသဲမှာ တစ်အောင့်မျှကြာလျှင် ခွေးတောက်နွယ်ဝင်ကို ကိုင်လျက် ပြန်ရောက်လာ၏။ ရောက်လျှင်ရောက်ချင်း ဖခင်လက်ထဲသို့ နွယ်ဝင်ကို ထည့်လိုက်၏။

'ရှည်လို့ ဖြတ်ခဲ့ရသေးတယ်။ လူမရှိလို့ ကိုယ်တိုင် ဖြတ်ယူလာခဲ့ရတာ'

ဟု ဆိုပြန်လေ၏။ မောသည့်အကြောင်း စောင်းပါးရိပ်ခြည် ဖြေဆိုခြင်းဖြစ်လေ၏။ တူမသဖွယ်ဖြစ်၍ နွဲ့ချင်ဟန်တူ၏။ ကျွန်ုပ်က သူမကို ပြုံးပြ၍...

'မောရင် သောက်ဖို့ ဟိုမှာ ရေသန့်ဘူးရှိတယ်'

ဟု ရေသန့်ဘူးကို လက်ညှိုးထိုးပြလိုက်၏။ ပြီးမှ ကိုမျိုးမြင့်ဘက်လှည့်ကာ...

'ဒီဟာလား ခွေးတောက်နွယ်ဝင်ဆိုတာ'

ဟု မေးလိုက်၏။

'ဟုတ်တယ် ဒါပဲ။ ခင်ဗျားအတွက် တမင်သက်သက် သိမ်းထားတာ'

ဟု ဆိုလျက် နွယ်ဝင်ကို ကျွန်ုပ်ထံသို့ လှမ်းပေးလိုက်၏။

လက်ထဲ ရောက်လာသော နွယ်ဝင်ကား အစိုဓာတ်ရှိဆဲဖြစ်၍ တော်တော်လေး၏။ တစ်စုံတစ်ယောက်က တမင်သက်သက် နွယ်ဝင်ဖြစ်အောင် လုပ်ယူလျှင်ပင် ခက်ခက်ခဲခဲ စဉ်းစဉ်းစားစား လုပ်မှရသည့် ပုံစံမျိုး ဖြစ်၏။

တစ်ကွင်းတည်းကို နှစ်ကြိမ်ဝင်ထား၏။ သေသေချာချာကြည့်မှ သိနိုင်၏။ ထို့ကြောင့် စိတ်ဝင်စားမှုနှင့်အတူ ယူထားလိုက်၏။

မည်သို့ ပြုလုပ်ယူမှ အစွမ်းထက်မည်ကိုလည်းမသိ။ မည်သို့ ထားသိုမှ အာနိသင်မပျက် တည်ရှိနေနိုင်မည်ကိုလည်း မသိပေ။ သို့သော် ပေကျံနေသော မြေနီရောင် ရွှံ့များအား ရေဖြင့် ဆေးကြောပြီး ဗီရိုတစ်လုံးပေါ်တွင် မှတ်မှတ်ရရ တင်ထားလိုက်၏။

ကျွန်ုပ်အား နွယ်ဝင်ပေးပြီး (၁၀)ရက်ခန့် ကြာသောအခါ ကိုမျိုးမြင့် သေလေ၏။ သူ ပေးထားရစ်သော နွယ်ဝင်ကား ဗီရိုပေါ်တွင် အခြေမပျက် ယနေ့တိုင် တည်ရှိနေဆဲ ဖြစ်လေ၏။

နွယ်ဝင်ရပြီး နှစ်ပတ်ခန့်ကြာလျှင် တိုက်ဆိုင်မှုတစ်ခု ထူးခြားစွာ ဖြစ်ပေါ်လာ၏။ ရရန်ရှိပါသော်လည်း ထစ်ငေါ့နေသော ငွေကြေးအချို့ ရှောရှောရှူရှူ ဝင်လာလေ၏။ ဤကား ကိုယ်တွေ့တည်း။

တိုက်ဆိုင်မှု သက်သက်လော၊ နွယ်ဝင်၏ တန်ခိုးသိဒ္ဓိလောဟု ကျွန်ုပ် အနေဖြင့် ခွဲခြမ်းဝေဖန်မှု မပြုနိုင်ပါ။

နွယ်ဝင်အကြောင်း ကောင်းစွာ သိရှိသူများက အကျိုးအကြောင်း ဆီလျော်စွာ ဝိဇ္ဇာနည်းကျ (ဝါ) သိပ္ပံနည်းကျ ရေးသားရှင်းလင်းပေးပါလျှင် ဖတ်ရှုသူတိုင်း အကျိုးများမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

မောင်နီး(ကျောက်မဲ)


စာ
မူ
ပို့
လို
က...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၄၂၆၄၄



www.burmeseclassic.com

www.burmeseclassic.com



ကလိန်အောင်ဆုတောင်းပြည့် ဆံတော်ရှင်"ရှင်ဆံတော်စေတီတော်"

မြဝဏ္ဏ60
(ကျော်မြငေး)

ထားဝယ် ရှင်ကိုးရှင် စာရင်းဝင် ကလိန်အောင်ဆုတောင်းပြည့်ဆံတော်ရှင်

# ရှင်ဆံတော်စေတီတော်

တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ထားဝယ် ရှင်ကိုးရှင်ဘုရားများသို့ ကျွန်မ တစ်ကြိမ်တစ်ခါသာမက သုံးကြိမ်ပင် သွားရောက် ဖူးမြော်နိုင်ခဲ့ပြီ ဖြစ်ပါသည်။ ထပ်မံ၍လည်း ဖူးမြော်ချင်စေကြောင်း ဆုတောင်းနေမိပါသည်။

ရှင်ကိုးရှင် ဘုရားကိုးဆူပြည့်အောင် ဖူးမြော်ဖို့ခဲယဉ်းကြောင်း ထားဝယ်သူ ထားဝယ်သားများက ပြောလေ့ရှိပါသည်။ နယ်ခံဒေသခံများပင် ဖူးမြော်ရန် ခဲယဉ်းသော ဤ ရှင်ကိုးရှင်ဘုရားများကို ကျွန်မသုံးကြိမ်တိုင် ဖူးမြော်ခဲ့ရသည် ...ကြောင်းဟု ဆိုရမှာ ဖြစ်ပါသည်။

BURMESE CLASSIC .com

သို့ပါ၍ ကျွန်မ ဖူးမြော်ခဲ့ရသော ရှင်ကိုးရှင်စေတီ ဘုရားကိုးဆူကို ရေးသားပူဇော်ရန် ကြိုးစားရပြန်ပါသည်။ သို့မှသာ ဓမ္မဒါနပြုရာ ရောက်မည်ဖြစ်၍ စီကာစဉ်ကာ ရေးသားရပါပြီ။


ယခု ရေးသားပူဇော်မည့် ဘုရားမှာ ရှင်ကိုးရှင်စာရင်းတွင် အမှတ်စဉ်အရ အမှတ်(၉) နောက်ဆုံးနေရာတွင် ရှိသော **"ရှင်ဆံတော်"**ဟုခေါ်သော ကလိန်အောင် ဆံတော်ရှင်စေတီဘုရား ဖြစ်ပါသည်။

ထိုရှင်ကိုးရှင်စေတီဘုရားများသည် ရှေးနှစ်ပေါင်းများစွာ အချိန်ကပင် အထင်ကရ ရှိခဲ့သော ဘုရားများဖြစ်ပြီး အဓိဋ္ဌာန်ပြု ဘာဝနာပွားများသူများ အဓိဋ္ဌာန်အောင်ရာ သာသနိကစေတီ ဘုရားများလည်း ဖြစ်ပါသည်။

**"ရှင်ဆံတော်"**ဟု အမည်ရသော **ကလိန်အောင်ဆံတော်ရှင်**သည် ဆုတောင်းလည်းပြည့်သော ရှင်ဘုရား တစ်ဆူ ဖြစ်ပါသည်။

**ထားဝယ်မြို့မှ မြောက်ဘက်အရပ် (၄၇)မိုင်အကွာ ရေး–ထားဝယ်သွားကားလမ်းနံဘေးရှိ ကလိန်အောင်ရွာ၏ အနောက်ဘက်၊ ထားဝယ်မြစ်ကမ်းနံဘေးတောင်ပေါ်တွင် တည်**

www.burmeseclassic.com



ကလိန်အောင်ရှင်ဆံတော် ရုပ်ပွားတော်

ရှိပါသည်။

ရှေးယခင်အခါက တောင်ပေါ်သို့ ခြေကျင်ခရီး စကြံလမ်းမှသာ တက်နိုင်သော်လည်း ယခုအခါ ကားလမ်းခရီး ပေါက်နေပြီ ဖြစ်သောကြောင့် ကားငယ်၊ ကားသေး၊ ဆိုင်ကယ်၊ ထော်လာဂျီများဖြင့် သက်သာစွာ သွားရောက် ဖူးမြော်နိုင်ပြီ ဖြစ်ပါသည်။

ဂေါတမဘုရားရှင် (၁၁)ဝါမြောက်တွင် မြောက်ဥတ္တရကုရုမှ ဆွမ်းခံတော်မူပြီးအပြန် ဝေမိဿကတောင်သို့ အရောက် ဂဝံပတော့ရသေ့၊ ဒူရကနတ်သား ဂုမ္ဘနတ်ဘီလူးတို့နှင့် ကြုံတွေ့ပြီး ဖူးမြော်ခြင်းကို ခံယူခဲ့ရ၏။

ထိုအခါ ဘုရားရှင်က ဆံတော်မြတ်တစ်ဆူစီ ပေးသနားခဲ့ရာ သုံးဦးသော ပုဂ္ဂိုလ်တို့သည် **"ဝေဿဝဏ္ဏတောင်"**ကုန်း၌ ရှေးဘုရားသုံးဆူဖြစ်သော ကကုသန်၊ ကောဏာဂုံ၊ ကဿပ ဘုရားရှင်တို့၏ ဆံတော်မြတ်များရှိရာ၌ မိမိတို့ ဆံတော်သုံးဆူကိုပါ ဌာပနာ၍ စေတီတည်ရန် ဗျာဒိတ်ထားခဲ့ပါသည်။

ဘုရားရှင်၏ ဗျာဒိတ်တော်အတိုင်း ထို ဝေဿဝဏ္ဏတောင်ကုန်းတွင် စောက် အတောင်(၄၀)၊ အနံအလျား အတောင်(၃၀)တူးပြီး ကျောက်အင်္ဂတေတို့ဖြင့် ချောမွေ့စွာပြု၍ ဆံတော်သုံးဆူကို ဌာပနာကာ ဉာဏ်တော်(၁၅)တောင်ရှိ ကျောက်စေတီကို တည်ထားခဲ့၏။

စေတီတော်သည် ဆုတောင်းတိုင်း ပြည့်စေခဲ့သည့်အတွက် **"ဆုတောင်းပြည့်ဆံတော်ရှင်"**ဟု ဘွဲ့မည်တွင်ခဲ့ပါသည်။

ဒူရကတိုင်း အောင်သာဝတီပြည် (ကလိန်အောင်)ကို အုပ်စိုးသော "နရုတိမင်း" (ဒူရကနတ်သားဝင်စားသူ)သည် ဘဝပဋ္ဌာန်းဆက်အရ မူ... ဆံတော်ရှင်စေတီ ဌာပနာတိုက်... ဖွင့်၍ ဆံတော်များကို မင်းနှင့်ပြည်သူ... အများ ဖူးမြော်ပြီးနောက် အထူးထူ... သော ပစ္စည်းများနှင့်အတူ ပြန်လည်... ဌာပနာပိတ်ခဲ့ပြီး စေတီကို မွမ်းမံ... သည်ဟုလည်း မှတ်တမ်းများက ဆို... သည်။

စေတီတော်ကို...

- သက္ကရာဇ် ၁၉၈ ခုနှစ်တွင် ဓမ္မသေနမင်း... လည်းကောင်း။
- သက္ကရာဇ် ၅၅၈ ခုနှစ်တွင် ဓမ္မဝိဇယမင်း... လည်းကောင်း။
- သက္ကရာဇ် ၈၈၅ခုနှစ်တွင် နန္ဒိယ( ရှင်ဝံ... လည်းကောင်း။
- သက္ကရာဇ် ၁၁၁၆ ခုနှစ်တွင် အလောင်း... တရားကြီး ဦးအောင်ဇေယျက ... ကောင်း မင်းအဆက်ဆက် ပြ... သည်။

www.burmeseclassic.com



◆ ရှင်ဆံတော် သာသနိကနယ်မြေမှ ဆုတောင်းပြည့် ရုပ်ပွားတော်သုံးဆူ

BURMESE CLASSIC .com

"ရွှေလရောင်သွေး၊ တရုတ်မြေ၊ ...ထိုအခါ ပေါ်လတ္တံ့၊
...ဒိုဿကာလပေါ်၊ စေတီတော်၊ ရှိမြဲတော် ...ထွက်လတ္တံ့."

...ဟူသော တဘောင် ထွက်ခဲ့သော ...ကြောင့် သက္ကရာဇ် ၁၂၈၄ ခုနှစ်တွင် ...ယ်မြို့၊ မြို့တွင်းရပ် တရုတ် ...များ ဖိုးသူဌေး ဦးခူဂေါ်ဒင်နှင့် ဇနီး ...သိန်းမေတို့ အရင်းခံပြုပြီး စေတီ ...အား အသစ်ပြုပြင်ကာ သက္ကရာဇ် ...၂ ခုနှစ်၊ တန်ခူးလပြည့်နေ့တွင် ...တော် တင်လှူခဲ့ပါသည်။

...စေတီတော်ကြီးတွင် ရှေးအခါ ...မင်းလက်ထက် ဌာပနာတိုက်ကို ...ကာ ဆံတော်မြတ်များ ဖူးမြော် ...ဆံတော်မြတ်များ ဌာပနာ ...မင်းနှင့်တကွ မိသားစုများ၊ ...သားများ၏ ကိုယ်အလေးချိန် ...နှင့်အညီ ရွှေဖြင့်သွန်းသော ရုပ်ပုံတော်များ

ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန်၊ ရှင်အာနန္ဒာတို့၏ ရွှေကိုယ်တော်များ၊ ဂေါတမဘုရားရှင်၏ မယ်တော်၊ ခမည်းတော်ကိုယ်စား ရွှေကိုယ်တော်များ၊ အဂ္ဂသာဝကကြီးများ၏ ရွှေကိုယ်တော်များနှင့် နှစ်ကျိပ်ရှစ်ဆူသောဘုရားရှင်များ ရွှေပလ္လင်တွင် သီတင်းသုံးနေပုံ ရွှေကိုယ် ရွှေပလ္လင်များ...

ဂေါတမဘုရားရှင်၏ အစကြီးကြာ တစ်ဆယ့်ခြောက်ကြိမ် ဖြစ်စဉ်တော် ရွှေကိုယ်တော်ရုပ်များ၊ ဇာတ်ကြီးဆယ်ဘွဲ့လာ ဘုရားလောင်းတို့၏ ရွှေကိုယ်တော်ရုပ်ပုံများနှင့်အတူ အထူးထူးသော ဝန်းရံမှုများ၊ ရတနာများဖြင့် **ရွှေစင်ပိဿာချိန် လေးသောင်း၊ ငွေပိဿာချိန် တစ်သိန်းနှစ်သောင်း**တို့ဖြင့် ဌာပနာတော်ပိတ်ကာ စေတီတော်ကို ပြုပြင်ခဲ့ဖူး၏။

ထိုသို့သော ကောင်းမှုအကျိုးကြောင့် စေတီတော်မြတ်သည် ဆုတောင်း ပြည့်စုံခဲ့ရရှိသာမက စေတီတော် ကိန်းဝပ်ရာ ပလ္လင်တော်ဟု ဆိုရမည့် အောက်ခြေပတ်လည် ပစ္စယာတွင် **ကျောက်ပွားများ** ထွက်ပေါ်လာသည်မှာ နှစ်စဉ်ပို၍ ပိုကာ ထွက်ပေါ်နေသည်ကို ဖူးတွေ့ရပါသည်။


ထို့အပြင် စေတီရင်ပြင်ပတ်လည်၌လည်း ရှေးယခင် ပွားလာသော ကျောက်ပွားနှင့် နောင်းခေတ်အခါကျမှ ပွားလာသော ကျောက်ပွားများ ဟူ၍ ခွဲခြားကာ ရာဇမတ်ကာ၍ တလေးတစား ဖွဲ့စည်း ဖော်ပြထားပါသည်။

ရေဖြူမြို့နယ် ကလိန်အောင်မြို့တွင် ဆုတောင်းပြည့် ဆံတော်ရှင်စေတီ



www.burmeseclassic.com


www.burmeseclassic.com



◆ ရှင်ပံ့တော်စေတီတော်၏ လုံးပတ်တော်မှ ကျောက်မှော်များ

BURMESE CLASSIC .com


◆ ရှင်ပံ့တော်စေတီတွင် ထပ်မံထွက်ပေါ်လာသော ကျောက်မှော်များ





www.burmeseclassic.com

www.burmeseclassic.com




◆ ရှင်သံတော်စေတီ ရင်ပြင်ရှိ ကျောက်ပွားကြီးများ

မြတ်အဖြစ် ဘုရားဖူးများ အချိန်အခါ မလပ်စည်ကားနေပြီး ဘုရားပွဲတော်ကို နှစ်စဉ်မပျက် တပို့တွဲလပြည့်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပါသည်။

ထိုဘုရားပွဲရက်များတွင် ရှင်ကိုးရှင်စာရင်းဝင် ဆုတောင်းပြည့် ဆံတော်ရှင်စေတီတော်ကြီးသည် ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးတတ်သည်ကိုလည်း ဘုရားဖူးလာ အများပြည်သူများ ဖူးတွေ့ရပါသည်။

စေတီတော်ကြီးတွင် ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်းခဲ့သော စေတနာရှင် အလှူရှင်များ၏ ဒါနစွမ်းအားကြောင့် စည်ပင်သော သာသနိကနယ်မြေ ဖြစ်ခဲ့ရုံသာမက ကျောင်းကန်ဇရပ်များ၊ ဘုရားဖူးများ၊ နားနေဆောင်များနှင့် အတင့်အတယ်နှင့် သာယာစည်ပင်နေပါသည်။

◆ ရှင်သံတော် တည်ရှိကိန်းဝပ်နေသော ကလိန်အောင်မြို့အဝင်



ဒေသခံ ရှင်ရဟန်း ဥပါသကာများနှင့်အတူ ထိန်းသိမ်းစောင့်ရှောက်လျက် ရှိသောကြောင့် ပိုမိုစည်ကားတိုးတက်လာသည်ကိုလည်း နှစ်စဉ်ရောက်နေသော ကျွန်မ ဖူးတွေ့သိမြင်နေရပါသည်။

စေတီတော်တွင် ဆတက်ထမ်းပိုးတိုး၍တိုးကာ ပွားများလာသော ကျောက်ပွားများကိုလည်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့မိပါသည်။ ကုသိုလ်ထူး အကျိုးပေးလျှင်ဖြင့် ထပ်မံ ထောက်ရှုဦးမည့်အခါ မည်မျှ တိုးလာဦး




www.burmeseclassic.com

www.burmeseclassic.com



◆ ရှင်ဆံတော်အစေတီတော်သို့ တောင်ဘက်ဆီးဦးစမုခ်ဦး

◆ ရှင်ဆံတော်စေတီရင်ပြင် အတက်မုခ်ဦး



မည်နည်း ဆိုသည်ကို သိချင်၍ ဖြစ်ပါသည်။

ထားဝယ် ရှင်ကိုးရှင်ဘုရားဖူးခရီးကို သုံးနှစ်ဆက်တိုက် ဖူးမြော်နိုင်ရန် ပံ့ပိုးကူညီသော မောင်ငယ် ဦးမျိုးကြီး၊ ဒေါ်အေးမြခိုင် (သုခမိန်ဘုရားဖူးလုပ်ငန်း)အားလည်းကောင်း၊ ညီမငယ် ဒေါ်မိုးသူဇာလွင်အားလည်းကောင်း ကျေးဇူးအထူးတင်ရပါကြောင်း ကျေးဇူးစကား ဆိုရပါသည်။

**မြမဥ္ဇူဝေ(*ကျုံမငေး*)**

မှီငြမ်းမှု

**၁။ ဆုတောင်းပြည့် ဆံတော်ရှင် (ရှင်ဆံတော်)ဘုရားသမိုင်း။**

**၂။ စာရေးသူ၏ ထားဝယ်ရှင်ကိုးရှင် ဘုရားဖူးခရီးမှတ်တမ်းများ (၁၁.၁.၂၀၁၀ / ၂၀၁၁ / ၂၀၁၂)။**

**စာမျက်နှာ (၁၅၂)မှ အဆက်**

ကျောင်းအဝင်ဝတွင် ဖိနပ်ချွတ်နေစဉ် နောက်မှနေ၍ "ဆရာကြီး မန္တလေးကို ပြောင်းရပြီ" ဟူ၍ လှမ်းပြောသံကို ကြားရပါသည်။

နောက်လှည့်ကြည့်တော့ တစ်ဦးတစ်ယောက်မှ မတွေ့ရပါ။ မမြင်အပ်သော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တစ်ဦး ဖြစ်နိုင်ကြောင်း သိရှိခဲ့ပါတော့သည်။

ဘုန်းကြီး ပင့်ပြီးနောက် ကျောက္ကာလမ်းမဂေါ်ရှိ ထိုင်နေကျ စည်းစိမ်ရှင် လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်နေစဉ် ကျောက်ဆည်တက္ကသိုလ်သို့ ပြောင်းရွှေ့ရပြီဖြစ်ကြောင်း ဖုန်းဆက်ဝင်လာပါတော့သည်။

ယခု ကျွန်တော့်အလှည့်မှာတော့ မန္တလေးသို့ ပြောင်းရွှေ့ခဲ့ရပါပြီ။ (ကျောက်ဆည်တက္ကသိုလ် စစ်ကိုင်းတက္ကသိုလ်များကိုလည်း မန္တလေးနယ်မြေဟု သတ်မှတ်ထားပါသည်။)

အထူးသဖြင့် မိမိ၏ မိသားစုနှင့် ခွဲခွာနေကြရသော ဆရာ/မများ အဓိဋ္ဌာန်ဝင်ကြပါ။ ရက်ဆက်အဓိဋ္ဌာန်ဝင်ကြပါ။ အဖြစ်နိုင်ဆုံး မိမိပြောင်းရွှေ့လိုသော တက္ကသိုလ်သို့ ဆုတောင်းပါ။ မိမိ၏အဓိဋ္ဌာန် မှန်ကန်မှုကြောင့် ဆုတောင်းပြည့်ဝမှာ ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ (၄၇)ဆုတည်မိပြီး မန္တလေး ပြောင်းခဲ့ရပါပြီ။

ခွဲခွာနေရသော မိသားစုတိုင်း ဤအဓိဋ္ဌာန်ကြောင့် အမြန်ဆုံး ပြန်လည်ပေါင်းစည်းနိုင်ကြပါစေ။ ကံကောင်းပြီးရင်း ကံကောင်းနိုင်ကြပါစေ၊ မိမိ၏ဆန္ဒများ လိုအပ်တိုင်း ပြည့်ဝကြပါစေ။

*သဗ္ဗေသတ္တာ ကမ္မဿကာ*

**ဒေါက်တာ မောင်မောင်သူ**
*(ပထဝီဝင်၊ ပါမောက္ခ/ဌာနမှူး)*



www.burmeseclassic.com

www.burmeseclassic.com

# ရည်မှန်းနေရာ ပြောင်းရွှေ့ရန်

ဒေါက်တာ မောင်မောင်သန်း
(ပထဝီဝင်၊ ပါမောက္ခ/ဌာနမှူး)



## ဖြုပ်ါအဓိဌာန်

တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များတွင် ပညာသင်နှစ်များ ခွဲရာ၌ ဒီဇင်ဘာလမှ မတ်လအထိ စုစုပေါင်း (၄)လအား ပထမပညာသင်ကာလ၊ ဧပြီလနှင့် မေလများတွင် (၂)လကျောင်းပိတ်ပြီး ဇွန်လမှ စက်တင်ဘာလအထိ (၄)လကို ဒုတိယပညာသင်ကာလဟု သတ်မှတ်ပါသည်။ အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် (၂)လကျောင်းပိတ်ပါသည်။ ယင်း(၂)လတွင် အဝေးသင်တက္ကသိုလ်အတွက် ဆက်သက်သင်ရပါသည်။

ဒုတိယပညာသင်နှစ် ကုန်ခါနီးတိုင်း တက္ကသိုလ်ဆရာ/ဆရာမများ လောကတွင် ပြောင်းရွှေ့မိန့် ထွက်လေ့ရှိပါသည်။ မူလနေရာမှ အဝေးတစ်နေရာသို့ ပြောင်းရွှေ့မိန့် ထွက်လာမည်ကို စိုးရိမ်ပူပန်နေတတ်ကြပါသည်။

'ဆရာကြီး နယ်တက္ကသိုလ် ဒီဂရီကောလိပ်တွေမှာ Transferတွေ တင်နိုင်းပြီလို့ ကြားနေရတယ်။ နယ်ကထင်လာမယ့် ကထိက ဆရာ/မကလဲ (၁၄)ယောက်၊ မန္တလေးဝန်းကျင်မှာ ရှိနေတာလဲ (၁၄)ယောက်ဆိုတော့ ကျွန်မတို့တော့ ပါပြီထင်တယ် ဆရာကြီးရယ်'

ဟု ဆိုလာကြပါသည်။

'ကိုယ့်အလှည့်ကျတော့လဲ မနွဲ့ကောင်းပေါ့ကွာ'

'သင်စင်မယူမိ စပ်ကြားတော့ ပြောင်းရွှေ့ခြင်း သံသရာ လည်နေဦးမှာပါ'

ဟု ဖြေသိမ့်ပေးလိုက်ရင်း ဤဆောင်းပါးကို ရေးသားမိခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ အဆင့်မြင့်ပညာဦးစီးဌာနတွင် မြန်မာနိုင်ငံအထက်ပိုင်းနှင့် မြန်မာနိုင်ငံအောက်ပိုင်းဟူ၍ (၂)ခု ရှိပါသည်။ အဆင့်မြင့်ပညာဦးစီးဌာန (မြန်မာနိုင်ငံအထက်ပိုင်း)၏ လက်အောက်တွင် တစ်နှစ်သာ ပြောင်းရွှေ့အမှုထမ်းရသော တက္ကသိုလ်များ ရှိခဲ့ပါသည်။

ကလေးတက္ကသိုလ်၊ မြစ်ကြီးနားတက္ကသိုလ်၊ ဗန်းမော်တက္ကသိုလ်၊ ကျိုင်းတုံတက္ကသိုလ်၊ ပင်လုံတက္ကသိုလ်၊ လွိုင်ကော်တက္ကသိုလ်နှင့် မိုးညှင်းဒီဂရီကောလိပ်တို့ ဖြစ်ပါသည်။ တစ်နှစ်အမှုထမ်းပြီးပါက မိမိ ပြောင်းရွှေ့လိုသော တက္ကသိုလ်များသို့ Transfer ပြန်တင်ရပါသည်။

ဒေသခံ ဆရာ/မများမှာ မတင်ကြပါ။ မန္တလေးဝန်းကျင်ရှိ ဆရာ/မများမှာ မန္တလေးတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ အဝေးသင်တက္ကသိုလ်၊ နိုင်ငံခြားဘာသာတက္ကသိုလ်၊ ကျောက်ဆည်တက္ကသိုလ်၊ စစ်ကိုင်းတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်များသို့ တင်လေ့ရှိပါသည်။

မိသားစုနှင့် ပေါင်းစည်းနေထိုင်ရန်၊ သက်ကြီးရွယ်အို မိဘများအား ပြုစုစောင့်ရှောက်ရန်၊ ပညာဆက်လက်သင်ကြားရန် စသည်ဖြင့် အကြောင်းအမျိုးမျိုးပြကာ တင်လေ့ရှိကြပါသည်။

'မူလနေရာ ပြန်ပြီးပြောင်းရတော့ မိတ်ဟောင်းဆွေဟောင်းတွေနဲ့ ပြန်ဆုံရတာပေါ့ကွာ။ နေရာသစ်ပြောင်းရတော့လဲ မိတ်သစ်ဆွေသစ်တွေနဲ့ အတွေ့အကြုံသစ်တွေ ရတာပေါ့ကွာ'

ဟု ဖြေသိမ့်စကား ပြောမိရာ...

'သစ် သစ်နိုင်လွန်းပါတယ် ဆရာကြီးရယ်'

ဟု တုံ့ပြန်ကြပါသည်။

ယခု တင်ပြမည့် အဓိဋ္ဌာန်ကျင့်စဉ်ကို ပါမောက္ခ/ဌာနမှူးအဖြစ် စတင်ထမ်းဆောင်ခဲ့သော လွိုင်ကော်တက္ကသိုလ် ရောက်မှသာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နယ်များတွင် တာဝန်ထမ်းဆောင်ရပါက အချိန်ပိုများစွာ ရလာပါသည်။

ပိုနေသော အချိန်များအား အခြားနည်းမျိုးစုံတို့ဖြင့် အပန်းဖြေပါက ပျင်း၊ ပျော်၊ ပျက်၊ ပြေး ဘဝဖြင့် ကုန်သွားမည့်အစား ဤအဓိဋ္ဌာန်ကို ကျင့်ကြံကြိုးစားအားထုတ်ပါက ပိုမို၍ အကျိုးရှိပါကြောင်း ကိုယ်တွေ့ဖြစ်၍ ရေးသားတင်ပြခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**လိုတိုင်းပြည့်စေတီကို**

**ပုတီးစိပ်၍ တည်ခြင်း**

၁၈။ သဗ္ဗညုတဉာဏ် (၉)ပတ်စိပ်ပါ။
၁၇။ အနာဝရဏဉာဏ် (၉)ပတ်စိပ်ပါ။
၁၆။ ပု-ဒိ-အာ (၉)ပတ်စိပ်ပါ။
၁၅။ အနတ္တ (၉)ပတ်စိပ်ပါ။
၁၄။ ဒုက္ခ (၉)ပတ်စိပ်ပါ။
၁၃။ အနိစ္စ (၉)ပတ်စိပ်ပါ။
၁၂။ ဘဂဝါ (၉)ပတ်စိပ်ပါ။
၁၁။ ဗုဒ္ဓေါ (၉)ပတ်စိပ်ပါ။
၁၀။ သတ္ထာဒေဝမနုဿာနံ (၉)ပတ်စိပ်ပါ။
၉။ အနုတ္တရောပုရိသဒမ္မသာရထိ (၉)ပတ်စိပ်ပါ။
၈။ လောကဝိဒူ (၉)ပတ်စိပ်ပါ။
၇။ သုဂတော (၉)ပတ်စိပ်ပါ။
၆။ ဝိဇ္ဇာစရဏသမ္ပန္နော (၉)ပတ်စိပ်ပါ။
၅။ သမ္မာသမ္ဗုဒ္ဓေါ (၉)ပတ်စိပ်ပါ။
၄။ အရဟံ (၉)ပတ်စိပ်ပါ။
၃။ သံဃံ သရဏံ ဂစ္ဆာမိ (၉)ပတ်စိပ်ပါ။
၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ (၉)ပတ်စိပ်ပါ။
၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ (၉)ပတ်စိပ်ပါ။

**အဓိဋ္ဌာန်ဝင်ရန် အဆင့်ဆင့်များ**

၁။ အချိန်ရွေးပါ။ ***(အိပ်ရာဝင်ခါနီး ရွေးခဲ့ပါသည်။)***

၂။ နေရာရွေးပါ။ ***(ဝန်ထမ်းဖြစ်နေ၍ နေရာများနိုင်ပါသည်။)***

၃။ သမ္မာဒေဝ နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့အား ပင့်ဖိတ်ပါ။

၄။ မြတ်စွာဘုရားအား ပန်း၊ ဆီမီး၊ သောက်တော်ရေ ကပ်လှူပါ။

၅။ ငါးပါးသီလ ခံယူပါ။

၆။ မေတ္တာသုတ် ရွတ်ပါ။

၇။ အရပ်ဆယ်မျက်နှာ မေတ္တာပို့ပါ။

၈။ အဓိဋ္ဌာန်ကို တစ်ရက်လျှင် တစ်ဆင့်နှုန်းထားပါ။ **"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"** ဟု ရွတ်ပြီး ပုတီးတစ်လုံးချပါ။ တစ်ပတ်ပြည့်တိုင်း **"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"၊ "နမောတေ ဗုဒ္ဓ မဟာဝီရ"** ဟူ၍ ရွတ်ပါ။ ပုတီး (၉)ပတ်ပြည့်အောင် စိပ်ပါ။

၉။ တစ်ရက်လျှင် တစ်ဆင့်နှုန်းတည့်ပါ။ (၁၈)ရက်ပြည့်လျှင် စေတီတစ်ဆူတည်ပြီး ဖြစ်ပါမည်။ ရက်ပျက်သွားပါက အဆင့်(၁)မှ ပြန်စရပါမည်။

၁၀။ အဓိဋ္ဌာန်ပုတီး(၉)ပတ် ပြည့်သွားပါက ပြုလုပ်ခဲ့ပြီးသော ကုသိုလ်များကို (၃၁)ဘုံသို့ အမျှဝေပါ။ သမ္မာဒေဝ နတ်များကိုလည်း တိုင်တည်၍ သက်သေပြုပါ။

၁၁။ **"အဓိဋ္ဌာန်ကြောင့် တပည့်တော်သည် (...)တက္ကသိုလ်သို့ ပြောင်းရွှေ့ရပါလို၏ အရှင်ဘုရား"** ဟူ၍ ဆုတောင်းပါ။ ကွင်းအတွင်း ပြောင်းရွှေ့လိုသော တက္ကသိုလ်၏ နာမည်ကို ထည့်ပါ။ ရက်ဆက် အဓိဋ္ဌာန်ဝင်ပါ။ (၉)ဆူ တည်ပြီးပါက သိသာထင်ရှားလာပါမည်။

နေ့စဉ်ရက်ဆက် အဓိဋ္ဌာန်ဝင်ပါက အထုံ ဖြစ်လာပါလိမ့်မည်။ အဓိဋ္ဌာန်မဝင်ဘဲ မအိပ်ဘူးဆိုသော အဆင့်သို့ ရောက်လာပါလိမ့်မည်။ ပြောင်းရွှေ့မိန့်ထွက်ခွာခါနီးတွင် နိမိတ်များ ထင်လာပါသည်။

လှိုင်ကော်တက္ကသိုလ်တွင် အဓိဋ္ဌာန်ဝင်နေစဉ် ကျွန်တော် နေထိုင်ရာ အိမ်ဝင်းအတွင်းသို့ မြင်းများ ဝင်ရောက်မြက်စားနေပါသည်။ ပြန်လည် မောင်းထုတ်ခဲ့ရပြန်ပါသည်။ ညပိုင်းရောက်တော့ "မြင်းခြံဒီဂရီကောလိပ်သို့ ပြောင်းရွှေ့ရကြောင်း" ဖုန်းသတင်း ဝင်လာပါတော့သည်။

ပြောင်းရွှေ့လိုသော တက္ကသိုလ်ကို ဆုတောင်းရာ၌ ဖြစ်နိုင်သော တက္ကသိုလ်ကို ဆုတောင်းရန်လည်း လိုပါသည်။ **"ကိုယ့်ထက် ဝါကြီးသော ဆရာ/မကြီးများ ရှိနေပါလျက် ပြောင်းရွှေ့လိုပါသည်ဟု ဆုတောင်းပါက မဖြစ်နိုင်ပါကြောင်း"** ကြိုတင် အသိပေးထားပါသည်။

မြင်းခြံဒီဂရီကောလိပ်တွင် အမှုထမ်းစဉ်ကလည်း မိမိရည်မှန်းရာ မရောက်သေးသဖြင့် ဆက်လက် အဓိဋ္ဌာန်ဝင်ခဲ့ပြန်ပါသည်။ မန္တလေးနှင့် ရတနာပုံ တက္ကသိုလ်များတွင် စီနီယာဆရာမကြီးများ ရှိနေသဖြင့် ဆုမတောင်းခဲ့ပါ။

Transfer Order ထွက်ခွာခါနီးအချိန်တွင် အိပ်မက် မက်ခဲ့ပါသည်။ **မာဇဒါဂျစ်ကားအစိမ်းဖြင့် ဗောဓိတစ်ထောင်ရှိ ကျောင်းတော်မှူနှင့် ရပ်တော်မူ မြတ်စွာဘုရားအား မိသားစုနှင့်အတူ ဖူးမြော်ရကြောင်းပင်** ဖြစ်ပါသည်။

Transfer Order ထွက်ရာတွင် မုံရွာ တက္ကသိုလ်သို့ ပြောင်းရပါသည်။ မာဇဒါကား အစိမ်းရောင်ပင် ရှိပါသည်။ မာဇဒါကားတွင် အစိမ်းရောင်နှင့် အပြာရောင်ဟူ၍ နှစ်မျိုးရှိပါသည်။

မုံရွာတွင် တာဝန်ထမ်းဆောင်နေစဉ် စီနီယာဆရာမကြီးများ အသီးသီး အငြိမ်းစားယူသွားကြပြီ ဖြစ်ပါသည်။ မန္တလေးသို့ ပြောင်းရွှေ့နိုင်ရန် အခွင့်ကောင်း အခါကောင်းလည်း ဖြစ်ပါသည်။

ဆက်လက် အဓိဋ္ဌာန်ဝင်ဆဲ ဖြစ်ပါသည်။ ၁၃၇၃ ခုနှစ်၊ ဝါဆို လဆန်း (၁၄)ရက် ကြာသပတေးနေ့ (၁၄.၇.၂၀၁၁) ညပိုင်းတွင် မုံရွာ ကျောက်ကာလမ်းမကြီးဘေးရှိ အုတ် တောရ စာသင်တိုက်သို့ နက် ဝါဆိုလပြည့်နေ့ သီလပွဲအတွက် သွားရောက်လျှောက်ထားရာ ဘုန်း





www.burmeseclassic.com

www.burmeseclassic.com



ကင်းရွာမှ ရှေးဟောင်းစေတီများ

မကွေးလှမြင့်

မကွေးမြို့က

# ကင်းဘုရား ကင်းတံတား

## နှင့် ထူးဆန်းသော ဘီလူးညီနောင်

ကွေးမြို့သို့ ရောက်ဖူးကြသော ...ည်တွင်းပြည်ပ ဧည့်သည်များသည် ...နိုင်ငံ၏ ထင်ရှားကျော်ကြားသော ...ဟောင်းသမိုင်းဝင် မြသလွန်စေတီ ... သွားရောက်ဖူးမြော်ကြမည်ဟု ...ကြည်ကြပါသည်။

...သို့သော် မကွေးမြို့၏ တောင်ဘက် ... မြို့နယ်နိမိတ်နှင့် တစ်မိုင်ခန့် ... မြသလွန်သမိုင်းနှင့် ဆက်စပ်နေ ... နေရာများ၊ ရှေးဟောင်းစေတီ ... ကျောင်းကန်ဇရပ်များနှင့် ...ကြည့်ရှုသင့်သော နေရာများ ...သည်ကို ခရီးသွားများ သိနည်း ...ည်။

...နေရာများသည် ခရီးသွားလမ်း ...တွင် မပါ။ မြေပုံအညွှန်းတွင် ...သိသူကျော်သွား သိသူဖော် ...ဆိုသော စကားပုံတစ်ခု ရှိပါ ... ထို့ကြောင့် မကွေးမြို့နယ်၏ လူသိနည်းပြီး အလွန် တန်ဖိုးရှိသော လေ့လာကြည့်ရှုသင့်သည့် နေရာအချို့ ကို ရေးသားတင်ပြသွားပါမည်။


မကွေးမြို့၏တောင်ဘက် တစ်မိုင်ခန့်အကွာတွင် **ကင်း၊ ကျောက်ကုန်း၊ အုတ်ဖို၊ မြင်းခင်း**ဆိုသော ကျေးရွာများရှိသည်။ ကင်းရွာသည် မကွေးနယ်နိမိတ်နှင့် ချောင်းကလေးတစ်ခုသာ ခြားသည်။ ထိုချောင်း၏ အမည်မှာ ရှေးလူကြီးများအခေါ် ဖွေ့ချောင်းဟု သိရ၏။

ထိုဖွေ့ချောင်းပေါ်၌ မကွေးနှင့် ကင်းရွာကို ဆက်သွယ်ထားသော သစ်သားတံတားကလေးတစ်ခု ရှိ၏။ တံတားအရှည် ပေ(၂၀)ခန့်သာရှိသည်။ တံတားသက်တမ်းမှာ နှစ်ပေါင်း(၁၅၀) ကျော်ပြီး ယခုအခါ မကွေးမြို့ သာယာလှပရေးအတွက် ကမ်းနားလမ်း ဖောက်လိုက်သောအခါ ထိုကင်းတံတားကလေးသည် သစ်သားတံတားလေး



www.burmeseclassic.com

www.burmeseclassic.com



ဘီလူးညီနောင်

မှ အုတ်ကွန်ကရစ်အသွင် ပြောင်းလဲခဲ့သည်။

ကင်းရွာနှင့် ကင်းတံတားသည် ရောဝတီမြစ်ကမ်းစပ်တွင် ရှိသည်။ ကင်းရွာသည် ရှေးအခါက အိမ်ခြေ(၁၀၀)ခန့် ရှိပါသည်။ ကုန်းဘောင်ခေတ်၊ မြန်မာဘုရင်၏ စစ်သည်များ ကင်းစခန်းချဖူးပြီး နောင်အခါ ကျေးရွာတစ်ရွာ ဖြစ်လာသောအခါ ကင်းရွာဟု အမည်တွင်လာကြောင်း လေ့လာသိရှိရသည်။

ကင်းတံတားအနီးတွင် ညောင်ပင်ကြီးတစ်ပင်ရှိ၏။ ထိုညောင်ပင်အောက်တွင် သန်လျက်ကိုင်ဘီလူးညီနောင် ရုပ်တုကြီးများ တွေ့ရ၏။ အလွန်ကြီးမားခံ့ထည်လှပါသည်။

ထိုဘီလူးညီနောင်မှာ မြသလွန်စေတီ၏ ဘုရားဒါယကာများ ဖြစ်ကြသော **ဘောကြွယ်နှင့်ဘောသော** ဖြစ်ပါသည်။ မကွေးမြို့သည် ဘီလူးတည်သောမြို့ဟု ရှေးလူကြီးသူမများက ယုံကြည်ကြသည်။

## ဘီလူးညီနောင်ရုပ်တုနှင့် ပတ်သက်သော ဖြစ်ရပ်ဆန်းတစ်ခု

ထိုဘီလူးညီနောင်နှင့် ပတ်သက်၍ ကင်းရွာဇာတိ၊ အဘဦးသိန်းဖံ(ယခုကွယ်လွန်)ထံမှ ထူးခြားသော ဖြစ်ရပ်ဆန်းတစ်ခု ကြားသိခဲ့ရပါသည်။

ဖက်ဆစ်ဂျပန်ခေတ်က ကင်းရွာထိပ် ကင်းတံတားအနီးတွင် ဂျပန်ကင်ပေတိုင်စခန်းတစ်ခု ရှိခဲ့၏။ ထိုအချိန်က ထိုနေရာတစ်ဝိုက်တွင် တောချုံများ ထူထပ်စွာ ပေါက်လျက် ဘီလူးညီနောင်ရုပ်တုများကို ဖုံးအုပ်ပြီး ပျောက်ကွယ်နေခြင်းကြောင့် မည်သူမှ ဘီလူးညီနောင်ရှိမှန်း မသိခဲ့ကြပေ။

ထိုအချိန်က ထိုနေရာသည် တကယ့် စိမ့်ကြီး၊ မြိုင်ကြီး၊ ဂနိုင်[illegible] သဖွယ် ကျေးငှက်သာရကာမျာ[illegible] အသံကို ကြားနေရ၏။ ဘီလူးညီနေ[illegible] ရုပ်တုအနီးတွင် အလွန် ကြီးမားသေ[illegible] ညောင်ပင်ကြီးတစ်ပင်ရှိ၏။ အ[illegible] အာဝါသ ကောင်းလှ၏။


ဂျပန်များသည် ထိုညောင်[illegible] အောက်၌ အညစ်အကြေးစွန့်ကြ[illegible] နွားသတ်၊ ဝက်သတ်ကြ၏။လူမျာ[illegible] ညှဉ်းပန်းနှိပ်စက်ကြ၏။ အရက်သေ[illegible] သောက်စားမူးယစ်လျက် ရှန့်ရင်းကြ[illegible] တမ်းသော စကားများ အော်[illegible] ပြောဆိုကြ၏။ အခြား မဖွယ်မရာမျ[illegible] လည်း ပြုကျင့်ကြ၏။

တစ်ခုသော မိုးရာသီ၏ ညတ[illegible] သန်းခေါင်ယံအချိန်တွင် ရောဝတ[illegible] သည် လှိုင်းလုံးကြီး ထကြွက[illegible] တကြီး အော်ဟစ်ဆူညံ[illegible] က[illegible] သို့ အလုံးအရင်း[illegible] တက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဘီလူးညီနောင် တောကြွယ် တောသော

က်ဆစ်ကင်ပေတိုင် ကင်းစခန်းတစ်ခု ပါးမျိုး၍ အားလုံးကို မြစ်ထဲဆွဲခေါ် သွားခဲ့၏။

သို့သော် ကမ်းနှင့်နီးသော ကျေးရွာ သားများ၏ အိမ်များမှာ ကျန်ခဲ့၏။ ရွာသားများ အိပ်မောကျနေသဖြင့် အဖြစ်အပျက်ကို မသိလိုက်ရ။ နံနက် လင်းသောအခါ ဖက်ဆစ်ကင်ပေတိုင် ခန်းတစ်ခုလုံး မတွေ့ရတော့ ထိုစဉ်က က်ဆစ်များသည် ဘာသာတရားကို လေးစားမှုမရှိ။

ရက်စက်ယုတ်မာပြီး ညစ်ညမ်း သော အပြုအမူများကြောင့် ဘီလူး ညီနောင်က ဒဏ်ခတ်အပြစ်ပေးလိုက် ခြင်း ဖြစ်မည်ဟု ဘာသာတရားကို လေးစားသော ကျေးရွာသူ ကျေးရွာ သားများက ထင်မြင်ယူဆကြ၏။

ထိုနေ့မှစပြီး ဘီလူးညီနောင်ရှိသော နေရာတစ်ဝိုက်တွင် မည်သူမျှ ညစ်အကြေး စွန့်ဖို့ဝေးစွ။ ရှုန့်ရင်း တမ်းသော စကားများပင် မပြော ဆိုရဲတော့ကြောင်း သိရသည်။

## နောက်ဖြစ်ရပ်ဆန်းတစ်ခု

၁၉၅၉ ခုနှစ် ကာလတစ်ဝိုက်က ဖြစ်သည်။ မကွေးမြို့နယ်အတွင်း ဘုရားသုံးဆူတောင်ခြေ၌ သိဂ်ါဂီရိဆို သော ရပ်ကွက်တစ်ခုရှိ၏။ ထိုရပ်ကွက် တွင် ကိုမွှေးဆိုသော လူတစ်ယောက် ရှိ၏။ ကိုမွှေးသည် ရိုးသား၍ ကိုယ့် ကျင့်တရားကောင်းမွန်၏။ ဘာသာရေး ကို ရိုသေကိုင်ရှိုင်း၏။ လူတစ်ဖက်သား အား ကူညီရိုင်းပင်းတတ်၏။

ကိုမွှေးသည် ရပ်ကွက်ထဲက ပဲလှော် ဖိုတစ်ခုတွင် အလုပ်လုပ်သည်။ ပဲလှော် ဖိုပိုင်ရှင်သည် ကိုမွှေး၏ ရိုးသားမှုကို ယုံကြည်၍ ငွေရေးကြေးရေးကိစ္စများ နှင့် ပတ်သက်လျှင် ကိုမွှေးအား တာဝန် ပေးလေ့ရှိသည်။

တစ်နေ့သောအခါ ပဲလှော်ဖိုပိုင်ရှင် သည် ကိုမွှေးအား အုတ်ဖိုရွာသို့ ကြွေးတောင်းခိုင်းလိုက်သည်။ အုတ်ဖို ရွာသည် ကင်းရွာနှင့် ကပ်လျက်ရှိ၏။ ထိုအချိန်မှာ နေ့လယ်ခင်းဖြစ်သည်။ အညာနေသည် ပူပြင်းလှ၏။ ကိုမွှေး သည် အုတ်ဖိုရွာမှ ကြွေးတောင်းပြီး အပြန် ကင်းရွာတံတားထိပ်က ညောင် ပင်ကြီးအောက်သို့ ရောက်လာ၏။

နေရှိန်ပြင်းသောကြောင့် ထိုညောင် ပင်အောက်၌ထိုင်ကာ နေခိုနေရင်း မှေးခနဲ အိပ်ပျော်သွား၏။ အိပ်ရာမှ နိုးသောအခါ ညနေစောင်းအချိန် ရောက်နေပြီဖြစ်၏။ ကြွေးတောင်းရ သော ငွေများကို ပြန်စစ်သောအခါ တစ်ပြားတစ်ကျပ်မှ အပျောက်အရှ မရှိ။

ကိုမွှေးသည် အပေါ့အပါး သွားလို၍ ချုံတောထဲ တိုးဝင်သွားရင်း ဘွားခနဲ ဘီလူးညီနောင်ရုပ်တုအား တွေ့လိုက် သဖြင့် အံ့ဩတုန်လှုပ်သွားခဲ့၏။ ထို့ နောက် ဘီလူးညီနောင်ရှေ့၌ ထိုင် လျက်...

'အမိုက်အမဲကို ခွင့်လွှတ်တော်မူပါ။ ကျွန်ုပ် သည် မွေးစမှ ယနေ့တိုင် ကိုယ်ကျင့်တရား ကို ထိန်းသိမ်းစောင့်ရှောက်ပြီး သီလတရား ကို မြဲမြံအောင် ကျင့်ကြံနေထိုင်ခဲ့ပါသည်။ ရတနာသုံးပါးကိုလည်း နေ့စဉ် ကြည်ညို

www.burmeseclassic.com

ကိုးကွယ်ပြီး ဝေနေယျ သတ္တဝါများကိုလည်း အမြဲမေတ္တာပို့ပါသည်။ ဤကောင်းမှုကုသိုလ်များအတွက် ကျွန်ုပ်အား စောင့်ရှောက်တော်မူပါ'

ဟု တိုင်တည်ခဲ့၏။

ထူးခြားချက်မှာ ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလတွင် ဖွင့်သော အောင်ဘာလေသိန်းဆု ဖွင့်ပွဲတွင် ကိုမွေး တစ်သိန်းဆုပေါက်ကြောင်း ထီဆိုင်ပိုင်ရှင်က မြို့ထဲသို့ အသံချဲ့စက်ဖြင့် လှည့်အော်ခဲ့သည်။ ထိုခေတ်က ငွေတစ်သိန်းပိုင်ရှင်မှာ မကွေးအတိုင်းအတာအရ သူဌေးလေးတစ်ဦးအဖြစ် နေ့ချင်းညချင်း ရောက်ရှိသွားခဲ့ပါသည်။ အကြောင်းမှာ ရွှေတစ်ကျပ်သား (၂၀၀)ကျပ်သာ ဈေးရှိပါ၏။

ကိုမွေးသည် ထီပေါက်ပေါက်ပြီးချင်း ဘောကြွယ်၊ ဘောသော ဘီလူးညီနောင်ရုပ်တုအနီးဝန်းကျင်မှ သံချွန်ယ်များကို ရှင်းလင်းပြီး ထုံးသုတ်ခဲ့သည်။ နေ့စဉ် အမွှေးတိုင်၊ ဖယောင်းတိုင်၊ ပန်းနှင့် သစ်သီးများ ကပ်လှူပူဇော်ခဲ့သည်။

ယခုအခါ ဘီလူးညီနောင်ရုပ်တုများကို သက်ဆိုင်ရာက တဲနန်းပြာသာဒ်များ ဆောက်လုပ်လျက် ဘက်စုံပြုပြင် ဆောင်ရွက်ထားသည်ကို တွေ့ရသည်။

## နှစ်ပေါင်းတစ်ရာကျော် ဘုန်းကြီးကျောင်း

ကင်းရွာနှင့် အုတ်ဖိုရွာကြားတွင် နှစ်ပေါင်းတစ်ရာကျော် သက်တမ်းရှိပြီဖြစ်သော ရှေးဟောင်းဘုန်းတော်ကြီး တစ်ကျောင်းကို တွေ့ရပါသည်။ ပြာသာဒ်ကျောင်းဟု ခေါ်ကြပါသည်။

တိုင်အလုံးပေါင်း (၁၆၀)လုံးရှိပြီး လှေကားနှစ်စင်း တပ်ထားကာ သစ်ထွင်းပန်းပုရုပ်လုံးအချို့ ကြွင်းကျန်ရစ်ပါသေး၏။ အဆောင်လေးဆောင်ရှိရာ နှစ်ဆောင်မှာ ပြိုပျက်ခဲ့ပြီဖြစ်၏။

သီပေါမင်းလက်ထက်က ပထမဆရာတော် ဦးဝိသုဒ္ဓ ဆောက်လုပ်ခဲ့သည်ဟု ကျောင်းထိုင်လျက်ရှိသော ကင်းရွာဇာတိဆရာတော် ဦးဝိသုတက အမိန့်ရှိသည်။ ဆရာတော်ငါးဆက် ကျောင်းထိုင်ခဲ့သော ကျောင်းဖြစ်၏။

ပထမဆရာတော် ဦးဝိသုဒ္ဓ၊ ဒုတိယဆရာတော် ဦးပညာဇေ၊ တတိယဆရာတော် ဦးပညာစာရ၊ စတုတ္ထဆရာတော် ဦးနေမိန္ဒနှင့် လက်ရှိဆရာတော် ဦးဝိသုတတို့ ဖြစ်ကြ၏။

ထိုကျောင်းကြီးတွင် ပထမဆရာတော် လက်ထက်ကတည်းကကိုးကွယ်ခဲ့သော ရှေးဟောင်းကြေးဆင်းတုတစ်ဆူနှင့် ရှေးဟောင်းသိမ်ကြီးထဲတွင် စကျင်ကျောက်ဖြင့် ထုဆစ်ထားသော ရုပ်ပွားတော်တစ်ဆူအား ဖူးတွေ့ရ၏။

ထို ရှေးဟောင်းဘုန်းတော်ကြီးကျောင်းသည် ၁၉၅၀ ပြည့်နှစ်မှ ၁၉၈၅ ခုနှစ်အထိ အစိုးရ မူလတန်းကျောင်းအဖြစ် စာသင်ခဲ့ပြီး ပထမဆုံးကျောင်းအုပ်ဆရာကြီးမှာ ဆရာလှကြီးဆိုသူဖြစ်ကြောင်း သိရသည်။ ရွာနီးချုပ်စပ်ကင်း၊ ကျောက်ကုန်း၊ အုတ်ဖိုရွာများမှ ကလေးများ ဤကျောင်း၌ စာသင်ခဲ့ကြသည်။

ယခုအခါ ရှေးဟောင်းဘုန်းတော်ကြီးကျောင်းများ ယိုင်နဲ့ပြီး အခင်း၊ အကာများ အမိုးများ ပေါက်ပြဲ ဆွေးမြည့်ကာ လေပြင်းမုန်တိုင်း ပြင်းပြင်းတစ်ခုနှင့်ကြုံတွေ့ပါက ပြိုလဲပျက်စီးသွားနိုင်သည့် အနေအထားတွင် ရှိပါသည်။

ထိုကျောင်း၏ အနီးဝန်းကျင်မှာလည်း ရှေးဟောင်းစေတီပုထိုးများ တွေ့ရ၏။ အချို့မှာ ရွှေသင်္ကန်း၊ အချို့မှာ ထုံးသင်္ကန်းနှင့် ရှေးအခါက သာသနာတော် စည်ပင်ပြန့်ပွားခဲ့သော နေရာတစ်ခုဖြစ်သည်။ ဂေါပကလူကြီး ဦးတင်စိန်က စေတီများ၏ ဘွဲ့တော်များ ပြောပြသည်။

**စကြာမှန်ကင်းစေတီ၊ ရွှေမုဒ္ဒေ... စေတီ၊ မြေကြီးမုံစေတီ၊ ရွှေကြေး... စေတီ၊ ဘုန်းတော်ပြည့်စေတီ၊ ဘိုးတော်... ကြီးစေတီ၊ ရှမ်းမျက်နှာစေတီ၊ ရတနာ... မှန်ကင်းစေတီ၊ ရတနာမာန်အောင်စေတီ၊ မဟာဇောတိစေတီ၊ လေးမျက်နှာ စေတီ၊ စကြာညီနောင်စေတီ၊ ရန်နိုင်အောင်စေတီ၊ ရန်အောင်မြင်စေတီ၊ အောင်သိဒ္ဓိစေတီ၊ ရွှေအင်ကြင်းစေတီ၊ တာဝတိံသာစေတီ၊ သဗ္ဗညုမာန်အောင်စေတီ၊ အနန္တပဋ္ဌာန်း... စေတီများ ဖြစ်ကြသည်။**

ထိုကျောင်းအနီးရှိ အုတ်ဖိုရွာသည် ... ကုန်းဘောင်ခေတ် ဘုရင့်စစ်သည်... တပ်စခန်းချစဉ် အုတ်ဖုတ်ခဲ့သောနေ... ဖြစ်ခဲ့၍ **အုတ်ဖိုရွာ**ဟု အမည်တွင်... ဖြစ်သည်။ ယခုတိုင် အုတ်ဖုတ်လုပ်... များ ဆောင်ရွက်ဆဲဖြစ်၏။

တစ်ဖန် အုတ်ဖိုရွာမှလွန်... မြင်းခင်းဟူသော ကျေးရွာရှိ... ရှေးအခါက ဘုရင့်စစ်သည်တော်... မြင်းခင်းသဘင် ကျင်းပခဲ့ရာ နေရာ... ၍ **မြင်းခင်းကျေးရွာ**ဟု အမည်တွ... ခြင်းဖြစ်၏။

ထိုကျေးရွာ အနီးတစ်ဝိုက်... ရှေးဟောင်းစေတီပုထိုး၊ ကျောင်း... ဘုရားများ လက်ညှိုးထိုးမလွဲ ပေါ်... ပြီး ရှေးဟောင်းအမွေအနှစ်များ... စိတ်ဝင်စားသူများ၊ သမိုင်းကို စိတ်... စားသူများအတွက် အလွန် တန်... ပြီး မြန်မာတို့၏ ရှေးဟောင်းဗိသု... အနုပညာလက်ရာများ မြင့်မား... မှုကို ရှုမြင်သုံးသပ်နိုင်ပါသည်။

ခရီးကြုံ၍ မကွေးမြို့သို့ ရော... သော် ဤနေရာများသို့ သွားရေ... လေ့လာဖူးမြော်သင့်ကြောင်း ... ရေးသားလိုက်ပါသည်။

မကွေး...မြင့်



www.burmeseclassic.com

www.burmeseclassic.com



ရောင်းဝယ်ဖောက်ကား ကုန်သည်များအတွက် နေဝင်မီးလက် စီးပွားတက်

# လောဘ်ရှင် အစိဌာန်ကျင့်စဉ်

ဦးခင်မောင်သန်း (အ.မ.က၊ ပခန်းတန်း)

**'နေဝင်မီးလက် စီးပွားတက်'** ဆိုသည့်စကားကို လူတိုင်း ကြားဖူးပြီးသား ဖြစ်သည်။ ထိုစကား၏ အသွားအလာအရ ညနေ နေဝင်သွားလျှင် အိမ်၌ မီးထွန်းနေကျဖြစ်သည်။ အမှောင်ခွင်း၍ အလင်းဆောင်ခြင်းဖြင့် ကောင်းသည်ဟု ဆိုရမှာ ဖြစ်ပါသည်။

သို့သော်...

ကျွန်ုပ်၏ အတွေးအမြင်သည် ဤသို့ မဟုတ်ပါ။ လူတိုင်းလူတိုင်းသည် နေ့စဉ်နေ့တိုင်း တစ်နေကုန် တစ်နေခန်း စားဝတ်နေရေးအတွက် ရုန်းကန်ရရှိုးလည်းဖြစ်ပါသည်။ ဤကဲ့သို့ တစ်နေ့တာကာလအတွင်း လုပ်ငန်းများ လုပ်ဆောင်ရာ၌ အဆင်ပြေသည်များ ရှိသလို အဆင်မပြေသည်များလည်း ရှိမှာဖြစ်ပါသည်။

အဆင်ပြေ ချောမွေ့နေလျှင် အကြောင်း မဟုတ်သော်လည်း အဆင်မပြေလျှင်ဖြင့် အကြောင်းက ဖြစ်ပါလိမ့်မည်။ လောဘနှင့်နွယ်ပြီး ဒေါသဖြစ်ရမည်။ ပြဿနာကြီးငယ် သွယ်သွယ်တို့ ဖြစ်ပေါ်လာတတ်သည်။

ထိုအခါ၌ စိတ်ရွှင်လန်းမှုများ မရှိဘဲ စိတ်ဖိစီးမှုဒဏ်ကြောင့် အဆင်ပြေသလို အရက်သောက်စား အပျော်အပါးတို့ဖြင့် စိတ်သက်သာရာကို ရှာတတ်ကြသည်။ အမှန်က ဤကဲ့သို့ စိတ်ဖြေဖျောက်ခြင်းသည် တဒင်္ဂသာ လျော့ပါးသွားမှာ ဖြစ်သည်။

ထို့ကြောင့် အမြော်အမြင် ကြီးမားကြကုန်သော ရှေးရှေးက သူတော်ကောင်းများက နေဝင်မီးလက် စီးပွားတက်ဆိုသည့် စကားကို ထားခဲ့ဟန်တူပါသည်။

မှန်မှန်ကန်ကန် စိတ်ဖိစီးမှုဒဏ်ကို ဖြေလျော့သွားစေဖို့ အအေးတကာ့ အအေးများ၏ ထိပ်ခေါင်တင် ဘုရားရှင်အား ရည်မှန်းပြီး ညချမ်းချိန်၌ ဆီမီး(အလင်းတိုင်)များ ပူဇော်ပြီး ကုသိုလ်ယူကြရန် တိုက်တွန်းထားခြင်း ဖြစ်သည်။

ညချမ်းချိန်၌ ဘုရားရှင်အား အလင်းတိုင်များ ပူဇော်လိုက်သည်နှင့် ဘုရားရှင်၏အပေါ်၌ ကြည်ညိုသဒ္ဓါ စိတ် ပြဋ္ဌာန်းပြီး အလင်းတိုင်သာမက ရေချမ်း၊ ပန်း၊ နံ့သာတိုင်များ ကပ်လှူ ဖြစ်သွားပါလိမ့်မည်။

ဆီမီးထွန်းသည်နှင့် ဆီမီးကပ်လှူသည်နှင့် ဘုရားရှိခြင်း၊ သီလယူခြင်း၊ သရဏဂုံဆောက်တည်ခြင်း၊ မေတ္တာပို့ခြင်း၊ အမျှဝေခြင်း စသည့် လုပ်ငန်းစဉ်များအား မီးရထားခေါင်းတွဲ ရွေ့လျားသည်နှင့် ကျန်သည့် ရထားတွဲများ အတူရွေ့လျားသွားသည့် ဥပမာလို ကုသိုလ်လုပ်ငန်းစဉ်များသည် အစီအစဉ်တကျ ဆောင်ရွက်ပြီးသား ဖြစ်သွားမည်။

ထို့ကြောင့် ဤနေဝင်မီးလက် စီးပွားတက် ဆိုသည်မှာ နေဝင်ပြီး ညချမ်းချိန်တွင် ဘုရားရှိခိုးခြင်း စသည့် ကုသိုလ်ကောင်းမှုများကို မမေ့မလျော့သော သတိတရားဖြင့် ဆောင်ရွက်ကြရန် တိုက်တွန်းထားကြောင်း နားလည်သဘောပေါက်ရမှာ ဖြစ်ပါသည်။ ကြည်ညိုခြင်းမှသည် အောင်မြင်ခြင်းများဆီသို့ဟု ဆိုရမှာလည်း ဖြစ်ပါသည်။

အဘိဝါဒန သီလိဿ၊
နိစ္စံဝုဍ္ဎာ ပစာယိနော။
စတ္တာရော ဓမ္မာဝဍ္ဎန္တိ၊
အာယုဝဏ္ဏော သုခံ ဗလံ။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **သီလိဿ** | = | သီလိတ်သ |
| **နိစ္စံဝုဍ္ဎာ** | = | နိတ်စံဝုတ်ဒါ |
| **စတ္တာရော** | = | စတ်တာရော |
| **ဓမ္မာဝဍ္ဎန္တိ** | = | ဓမ်မာဝတ်ဒန်တိ |
| **ဝဏ္ဏော** | = | ဝန်ဏော |

**အနက်**

**နိစ္စံ၊** အမြဲ။ **ဝုဍ္ဎာပစာယိနော၊** အသက်ကြီးသောသူတို့ကို အရိုအသေပြုလေ့ရှိသော။ **အဘိဝါဒနသီလိဿ၊** ရှိခိုးခြင်းအလေ့ရှိသောသူအား။ **အာယု၊** အသက်ရှည်ခြင်း လည်းကောင်း။ **ဝဏ္ဏော၊** အဆင်းလှခြင်းလည်းကောင်း။ **သုခံ၊** ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း လည်းကောင်း။ **ဗလံ၊** ခွန်အား ကြီးမားခြင်းလည်းကောင်း။ **ဣတိ၊** ဤသို့။ **စတ္တာရော၊** လေးပါးကုန်သော။ **ဓမ္မာ၊** အကျိုးတရားတို့



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဝဍ္ဎန္တိ၊ တစ်နေ့တခြား တိုးပွားလေကုန်၏။

***[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း တို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဂ္ဂဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက-ဒီဃနိကာယ ရှေ့ကာဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]***

ဆိုသည့် ပါဠိစကားအရလည်း မိမိထက် ဂုဏ်ရှိန်ဝါကြီးသူကို အမြဲတမ်း အရိုအသေ ပြုမည်ဆိုလျှင် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ကိုယ်အားဉာဏ်အားကြီးခြင်း ဆိုသည့် အကျိုးတရား(၄)မျိုးကို တိုးပွားမည်ဆိုထားကြောင်း ထင်ရှားစေပါသည်။

နေ့ဝင်ချိန်၌ ဘုရားရှင်အား ဆီမီး ထွန်းပူဇော်ခြင်းသည်လည်း မိမိထက် ဂုဏ်ရှိန်ဝါ အလွန်ကြီးမားတော်မူသည့် အစိန္တေယျ အပ္ပမေယျ နန္တဂုဏ်ရှင်ကို ပူဇော်ခြင်းဖြစ်၍ မကြံစည်နိုင်သော၊ မရေမတွက်နိုင်သော၊ အဆုံးအစ မရှိနိုင်သော ကောင်းကျိုးချမ်းသာများကို ရမည်မှာ သေချာသည့်ကိစ္စ ဖြစ်ပါသည်။

ဘုရားရှင်စကားသည် မှားသည်များ ရှိခဲ့ပါ၏လော။

စဉ်းစားလိုက်ပါ။


သို့ရာ၌...

စနစ်တကျ ဖြစ်စေရန် နေ့ဝင်ချိန်ဇယားကို မှတ်သားလိုက်ပါဦး။

**လစဉ် နေ့ဝင်ချိန်ပြဇယား**

* * *

ဤကျင့်စဉ်သည် နေ့ဝင်မီးလက် စီးပွားတက် ဆိုသည့်စကားအတိုင်း နေ့ဝင်ချိန် လအလိုက် ဖော်ပြထားသည့် ဇယားတိုင်း နမော (၅)ချက်



စီးပွားတက် ဆိုသည့်အတိုင်း နမောငါးမျိုးဂါထာဖြင့် အဓိဋ္ဌာန်ပြုပုတီးစိပ်ရမှာ ဖြစ်သည်။

ဤသို့ နေ့ဝင်ချိန်၌ ဘုရားရှင်အား ဆီမီး၊ ပန်း၊ ရေချမ်း၊ အမွှေးနံ့သာများဖြင့် ပူဇော်ပြီး နမော(၅)မျိုး စီးပွားတိုးဂါထာဖြင့် ပုတီးစိပ်လျှင် စီးပွားလာဘ်လာဘများ တစ်နေ့တခြား ဒီရေအလားကဲ့သို့ တိုးပွားလာမှာလည်း ဖြစ်ပါသည်။

| လစဉ် | နေ့ဝင်ချိန် | |
|---|---|---|
| | နာရီ | မိနစ် |
| တန်ခူး | ၆ | ၀၀ |
| ကဆုန် | ၆ | ၁၀ |
| နယုန် | ၆ | ၂၀ |
| ဝါဆို | ၆ | ၃၀ |
| ဝါခေါင် | ၆ | ၂၀ |
| တော်သလင်း | ၆ | ၁၀ |
| သီတင်းကျွတ် | ၆ | ၀၀ |
| တန်ဆောင်မုန်း | ၅ | ၅၀ |
| နတ်တော် | ၅ | ၄၀ |
| ပြာသို | ၅ | ၃၀ |
| တပို့တွဲ | ၅ | ၄၀ |
| တပေါင်း | ၅ | ၅၀ |

**နမော(၅)မျိုး စီးပွားတိုး**

နမော(ပုတီးတစ်လုံးချ) ၁-ပတ်
နမော တဿ(ပုတီးတစ်လုံးချ) — ၁-ပတ်
နမော ဘဂဝတော(ပုတီးတစ်လုံးချ) ၁-ပတ်
နမော အရဟတော(ပုတီးတစ်လုံးချ) ၁-ပတ်
နမောသမ္မာသမ္ဗုဒ္ဓဿ(ပုတီးတစ်လုံးချ)၁-ပတ်

နမောတဿနှင့် ပတ်သက်သည့် သမိုင်းစဉ်လာကိုလည်း မှတ်သားဖူးပါသည်။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကာလ...

၁။ မဟာဝဂ္ဂပါဠိတော် သက္ကပဉ္စသုတ်၌ **သိကြားမင်း၊**

၂။ မူလပဏ္ဏာသပါဠိတော် စူဠဟတ္ထိပဒေါပမသုတ်၌ **ဇာဏုသောဏိပုဏ္ဏား၊**

၃။ မဇ္ဈိမပဏ္ဏာသပါဠိတော် ပိယဇာတိကသုတ်၌ **ပသေနဒီကောသလမင်းကြီး၊**

၄။ မဇ္ဈိမပဏ္ဏာသပါဠိတော် ဗြဟ္မာယုသုတ်၌ **ဗြဟ္မာယုပုဏ္ဏားကြီး၊**

၅။ မဇ္ဈိမပဏ္ဏာသပါဠိတော် သင်္ဂါရဝသုတ်၌ **ဓနဉ္စာနီပုဏ္ဏေးမ၊**

၆။ အင်္ဂုတ္တိုရ်ပါဠိတော် ဒုကနိပါတ် သမစိတ္တဝဂ်ဆဋ္ဌသုတ်၌ **အာရာမဒဏ္ဍပုဏ္ဏား၊**

၇။ အင်္ဂုတ္တိုရ်ပါဠိတော် ပဉ္စကနိပါတ် စတုတ္ထပဏ္ဏာသက ကရဏပါဠိသုတ်၌ **ကာရဏပါလိပုဏ္ဏား၊**

စသည့် ပုဂ္ဂိုလ်ကြီးများက သုံးကြိမ်တိတိ ရွတ်ဆိုပူဇော်ခဲ့ကြောင်း သိရပါသည်။

တစ်ဖန်...

သာတာဂီရိ ယက္ခော နမော
တဿ စ အသုရိန္ဒကော။
ဘဂဝတော မဟာရာဇာ၊
သက္ကော ပန အရဟတော၊
သမ္မာသမ္ဗုဒ္ဓဿ ဗြဟ္မာ စ၊
ပဉ္စဒေဝါ နမဿန္တိ။



www.burmeseclassic.com

www.burmeseclassic.com

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ယက္ခော** | =ယက်ခေါ |
| **တသာ** | =တတ်သ |
| **အသုရိန္ဒကော** | =အသုရိန်ဒကော |
| **သက္ကော** | =သက်ကော |
| **သမ္မာ** | =သမ်မာ |
| **သမ္ဗုဒ္ဓေါ** | =သမ်ဗုတ်ဓော |
| **ဖြဟ္မာ** | =ဖြန်မာ |
| **ပဥ္စဒေဝါ** | =ပင်စဒေဝါ |
| **နမဿန္တိ** | =နမတ်သန်တိ |

**အနက်**

**သာတာဂီရိ၊** သာတာဂီရိ အမည်ရှိသော။ **ယက္ခော၊** ဘီလူးသည်။ **နမော၊** နမောဟူ၍။ **နမဿတိ၊** ရှိခိုး၏။ **အသုရိန္ဒကော၊** အသုရိန္ဒနတ်မင်း (ဝါ) အသုရိန်နတ်မင်းကြီးသည်။ **တသာစ၊** တသာဟူ၍သာ။ **နမဿတိ၊** ရှိခိုး၏။ **မဟာရာဇာ၊** စတုမဟာရာဇ် နတ်မင်းကြီးတို့သည်။ **ဘဂဝတော၊** ဘဂဝတောဟူ၍။ **နမဿန္တိ၊** ရှိခိုးကြကုန်၏။

**သက္ကောယန၊** သိကြားမင်းသည်ကား။ **အရဟတော၊** အရဟတောဟူ၍။ **နမဿတိ၊** ရှိခိုး၏။ **ဖြဟ္မာစ၊** ဖြဟ္မာမင်းသည်ကား။ **သမ္မာသမ္ဗုဒ္ဓေါ၊** သမ္မာသမ္ဗုဒ္ဓေါဟူ၍။ **နမဿတိ၊** ရှိခိုး၏။ ဤသို့ **ပဥ္စဒေဝါ၊** ငါးပါးသော နတ်ဖြဟ္မာတို့သည်။ **နမဿန္တိ၊** ရှိခိုးကြကုန်၏။

ပါဠိတော်အရ ဆရာမြတ်များက **သာတာဂီရိနတ်မင်းကြီးက နမော** ဟူ၍ လည်းကောင်း၊ **အသုရိန်နတ်မင်းကြီးက တသာ**ဟူ၍ လည်းကောင်း၊ **စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့က ဘဂဝတော**ဟူ၍ လည်းကောင်း၊ **သိကြားမင်းက အရဟတော** ဟူ၍ လည်းကောင်း၊ **ဖြဟ္မာမင်းကြီးက သမ္မာသမ္ဗုဒ္ဓဿ** ဟူ၍ ရှိခိုးကြသည်။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ မွှောစရိယ(မဟာဝဏ္ဏဒီပြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]*

ထို့ကြောင့် နတ်မင်းကြီး ငါးပါးဂါထာဟုလည်း ခေါ်ကြသည်။

ဤသို့အားဖြင့်...

အစဉ်အလာ ကြီးမားလှသော ဂါထာဖြစ်ကြောင်း ထင်ရှားသဖြင့် နေ့စဉ်နေ့တိုင်း အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့ တစ်နေ့တာ ပင်ပန်းသမျှကို နေဝင်မီးလက် စီးပွားတက်ဆိုသည့် စကားနှင့်အညီ နေဝင်ချိန်ဖယားအတိုင်း ရှေးဦးပြုဖွယ်ရာများဆောင်ရွက်ပြီး နမော(၅)မျိုးကို ပုတီးစိပ်ကာ ပူဇော်လျှင်ဖြင့်...

နမော(၅)မျိုး စီးပွားတိုး ဆိုသကဲ့သို့ စီးပွားလာဘ်လာဘများ ဝေစည်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း တင်ပြရေးသားလိုက်ပါသည်။

*သင်၏ဘဝ သာယာပါစေ။*

**ဦးခင်မောင်သန်း**

*(အ.မ.က၊ ပခန်းတန်း)*

---

## ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ



## အတွက် ရွေးချယ်ပါ ဤဂဏန်း

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက် ဖော်ပြအပ်ပါသည်။

| | |
|---|---|
| **အကြိမ်** | ၂၉၈ |
| **နိုဝင်ဘာလ** | ၁၁ |
| **ခုနှစ်** | ၂၀၁၃ |
| | ၂၃၂၂ = ၉ |

**အကြိမ်၊ လ၊ ခုနှစ်** ဂဏန်းများအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက (၉) ဂဏန်းရသည်။ သို့ဖြစ်၍ **၁၊ ၂၊ ၃၊ ၉၊ ၀** ဂဏန်းများများပါအောင် ရွေးချယ်ပါ။


အထူးသဖြင့် ရှေ့ဂဏန်းများကို **၁၊ ၂၊ ၃၊ ၉** ဂဏန်းများကို အထူးပြု ရွေးချယ်ပါ။

ဥပမာ

| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
|---|---|---|---|
| ၁...၁ | ၂...၁ | ၃...၁ | ၉...၁ |
| ၁...၂ | ၂...၂ | ၃...၂ | ၉...၂ |
| ၁...၃ | ၂...၃ | ၃...၃ | ၉...၃ |
| ၁...၉ | ၂...၉ | ၃...၉ | ၉...၉ |
| ၁...၀ | ၂...၀ | ၃...၀ | ၉...၀ |

မှတ်ချက်။ ။(...)ကွင်းအတွင်းတွင် ၁၊ ၂၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**"အကြိမ်"**ဂဏန်းမပါဘဲ **"လ"**ဂဏန်းနှင့် **"နှစ်"**ဂဏန်းကိုသာ ပေါင်းပါက (၁ + ၁+ ၂+ ၀+ ၁ +၃) = ၈ ရသည်။ သို့ဖြစ်၍ **"၈"**ဂဏန်းကိုလည်း ပစ်ပယ်၍ မရပါ။ သို့ဖြစ်၍...



| စ... | ဆုံး | | | | | |
|---|---|---|---|---|---|---|
| ၁... | ၁၊ | ၂၊ | ၃၊ | ၈၊ | ၉၊ | ၀ |
| ၂... | ၂၊ | ၃၊ | ၈၊ | ၉၊ | ၀၊ | ၁ |
| ၃... | ၃၊ | ၈၊ | ၉၊ | ၀၊ | ၁၊ | ၂ |
| ၉... | ၉၊ | ၀၊ | ၁၊ | ၂၊ | ၃၊ | ၈ |

ဤလတွင် **တနင်္လာနှင့် ဗုဒ္ဓဟူးသားသမီး**များ ထီကံပွင့်နေပါသည်။

သို့ဖြစ်၍ မိမိတို့ဒေသရှိ ရှေးဟောင်းဘုရားတစ်ဆူဆူပေါ်တွင် သန့်ရှင်းရေး(၃)ရက်ပြုလုပ်ပေးပြီး မိမိမွေးနံ အရပ်၊ ထောင့်တွင် သမ္ဗုဒ္ဓေဂါထာတော်ကြီးကိုနေ့စဉ်မိမိသက်စေ့ ရွတ်ပွားပူဇော်ပေးပါ။

အထက်ပါအဓိဋ္ဌာန် အောင်မြင်ပြီးမြောက်ပါက သက်ကြီးရွယ်အို (၅)ဦးအား ဆေးဝါး အာဟာရ တတ်နိုင်သမျှ လှူဒါန်းပေးပါ။

အထူးဂဏန်း

✦ ၁၃၃၉၂၃ ✦ ၉၈၂၃၈၁ ✦ ၃၂၂၀၉၉

*ထီကံ ပွင့်ပါစေ*

**ဆရာရဲထက်** (သုတေသီ)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏ အဘိုးများဖြစ်သော ဦးမင်းခန့်၊ ဦးမင်းသန့်၊ ဦးခန့်မင်း၊ ဦးပုံ့သင်းတို့သည် ရှေးမြန်မာ့ရိုးရာဆေးဆရာများဖြစ်ပြီး အဘိုးလေးတို့နှင့်အတူ တိုက်ဆိုင်ကြုံကြိုက်သလို ကျွန်ုပ်သည် ဆေးလွယ်အိတ်လွယ်၊ ကွမ်းအစ်ကိုင်၍ အသက်(၁၃)နှစ်သားအရွယ်အထိ ဆေးကုလိုက်ပါသွားခဲ့ရဖူးပါသည်။

အဘိုးလေးတို့ ဆေးဝါး၊ ဆေးမည်များ နားမလည်ခဲ့သော်လည်း ထို(၁၃)နှစ်အရွယ်တွင် ကျွန်ုပ် ကောင်းစွာမှတ်သားမိသည့်အချက်တစ်ချက်မှာ အဘိုးလေးတို့သည် လူနာအိမ်သို့ရောက်လျှင် လူနာ၏ မွေးသက္ကရာဇ်ကိုမေး၍(ထိုစဉ်က ကျွန်ုပ်၏အထင်) ဗေဒင်တွက်သည်ဟုပင် ထင်ပါသည်။

တွက်ချက်ရေးခြစ်ပြီးမှ ဆေးကုပါသည်။ တစ်ခါတစ်ရံတွင် လုံးဝ ဆေးမပေး၊ ဆေးမကျွေး၊ ဆေးမကုဘဲ...

'မနက်ဖြန်မှ လာခဲ့ဦးမယ်။ လူနာက လမ်းပြင်တံတားခင်းပေးပါ။ ညောင်သွားထောက်ပါ။ ဆွမ်းသက်စေ့ လောင်းလှူပါ။ ဘုန်းတော်ကြီးကျောင်းသွားပြီး လျက်ဆား၊ ခွေးထုပ်ငန်းဆေး၊ အကြောပြေဆေးလှူပါ'

စသည်ဖြင့် ပြောဆိုခိုင်းခဲ့ပြီး ပြန်လာရတတ်ပါသည်။ နောက်တစ်နေ့မှ ယမန်နေ့က လှူခိုင်းပြုခိုင်းသည်များပြီးပြီလားမေး၍ ပြုပြီးပါပြီ၊ လှူပြီးပါပြီဆိုမှ ဆေးပေးဆေးကျွေး၊ ဆေးကုပေးပါသည်။

ထိုအချက်နှင့် ပတ်သက်၍ ကျွန်ုပ်အသက်သုံးဆယ်အရွယ်တွင် အဘိုးလေး ဦးမင်းသန့်အား အဘယ်ကြောင့် လူနာကို ချက်ချင်းဆေးမပေး၊ ဆေးမကုသဘဲ ထိုသို့ လှူခိုင်းပြုခိုင်းရသည်လည်းဟု မေးမြန်းခဲ့ရာ အဘိုးလေးမှ...

# ကံနာဝဋ်နာ

## ကုသိုလ်ဦးစွာ ပြုခိုင်းပါ



'ဝိုမြေး တော်တော် မှတ်ထားတာပဲကွ၊ ဒီလို မြေးရဲ့ လူနာဟာ ရိုးရိုးဖျားနာတာ သွေးရိုး သားရိုး သွေးလေသလိပ် သည်းခြေဖောက်ပြန်လို့ဖြစ်တဲ့ ရောဂါဆိုရင် ဆေးပေး ဆေးကျွေးရင် ဆေးတိုးမယ်။ ကုသရလွယ်မယ်။ ပျောက်ကင်းလွယ်မယ်ကွယ့်။

အဲသလို မဟုတ်မူဘဲ လူနာဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရမှာ ကံကြောင့်ဖြစ်တဲ့ ကံနာ ဝဋ်နာရောဂါဆိုရင် ကုသရမလွယ်ဘူး။ ဆေးမတိုးဘူး။ ပျောက်ကင်းဖို့ ခက်ခဲကြန့်ကြာမယ်။

ဒီတော့ ကံနာဝဋ်နာဆိုရင် ကုသိုလ်ဆက်ယတြာဖြစ်တဲ့ သူ့အသက်ကယ်တဲ့ အလှူ၊ ဥပမာ စာငှက်ကလေးတွေ သက်စေ့လွှတ်ပေး၊ ငါးသက်စေ့လွှတ်ပေးပေါ့ကွယ်။

ရဟန်းသံဃာ သက်ကြီးဝါကြီးများကို ဆေးဝါးဓာတ်စာ လှူခိုင်းတာတို့၊ အများသူငါ သွားလမ်းသာလို့ လာလမ်းဖြောင့်အောင် လမ်းပြင်ပေး၊ တံတားခင်းပေးတာတို့၊ မြတ်စွာဘုရားရဲ့ ဖွားဖက်တော်ဖြစ်တဲ့ မဟာဗောဓိရွှေညောင်တော်ပင်ကို ညောင်ထောက်ပေးတာတို့ စတဲ့ ကုသိုလ်တွေ ဆေးမကုမီ ပထမဦးစွာ ပြုခိုင်းလှူခိုင်းရတယ်ကွယ့်။

ဒါမှ အတိတ်ကုသိုလ်နဲ့ ပစ္စုပ္ပန်ကုသိုလ် ဆက်မိပြီး ဆေးတိုးမယ်။ ဆေးကုလို့ရမယ်။ ရောဂါပျောက်ကင်းအသက်ချမ်းသာခြင်း ရောက်မယ်ကွယ့်'

ဟု ရှင်းပြပြောဆိုခဲ့ပါသည်။

'အဲဒီလို ကံနာဝဋ်နာကို ဘယ်လိုတွက်ပြီးသိလဲ'

ဟု အဘိုးလေးကို ကျွန်ုပ်က မေးခဲ့ရာ ရှင်းပြသဖြင့် ရေးသားတင်ပြပါသည်။

- ❖ လူနာ၏ ရောက်ရှိဆဲ အသက်ကို တည်ပါ။
- ❖ ထို့နောက် (၈)ဖြင့် မြှောက်ပါ။
- ❖ ပြီးလျှင် (၁၂)တစ်ဆယ့်နှစ်ဖြင့်စားပါ။
- ❖ (၈)ကြွင်းလျှင် ကံငှာဝဋ်နာ ဖြစ်သဖြင့် ကုသိုလ်ဆက်ယတြာ တစ်မျိုးမျိုး တတ်စွမ်းသလို ပြုခိုင်း၊ လှူခိုင်းပြီးမှ ဆေးကုပါ။
- ❖ ကျန်အကြွင်းများမှာ သွေးလေသလိပ်ဖောက်ပြန်သော ရိုးရိုးရောဂါဖြစ်၍ ချက်ချင်းဆေးကုနိုင်ပါသည်။

ဟု သိရှိမှတ်သားထားခဲ့ရသဖြင့် ဗဟုသုတအဖြစ် ရေးသားတင်ပြလိုက်ရပါသည်။

မြေမိုးချစ်(နတ်ရောက်)

www.burmeseclassic.com



◆ သံမနိုင် ကျောက်မနိုင်

# ချွေးရုပ်ရွာ ဝန်းကျင်မှ

## ဆေးပင်များ (၁)

နယ်လှည့်
ဆေးသုတေသီတစ်ဦး

...ချုပ်အထက်ရွာ (လေသာရွာ)မှ ...မျိုးသား တိုင်းရင်းဆေးဆရာ ...သိမ်း (ခေါ်) ဦးသန်းအေးက ...သက်တွေ့ ကုသပျောက်ကင်းခဲ့ ... ဆေးနည်းများနှင့် ဒေသထွက် ...ပင်အချို့အကြောင်း ရှင်းပြခဲ့ ...

### သံမနိုင်ကျောက်မနိုင်

...တွင် ကပ်၍ ပေါက်ရောက် ... ပင်ငယ်မျိုးဖြစ်သော သံမနိုင် ...က်မနိုင်ပင်ကို ဖောရောင်နာ၊ ...တ်သက်သော ဝေဒနာများ ... သုံးခွက်တစ်ခွက်တင် ကျို ...ပေးရသည်။ တစ်ကြိမ်လျှင် အပင်အစို (၂)ကျပ်သားမှ ကျိုရသည် ဆို၏။

ဆေးကျမ်းအလိုအရ အဖော အရောင် ကျဆင်းစေ၏။ ဆီးချုပ်၊ ဆီးပူညောင်းကျ၊ ဆီးကျောက်တည် ရောဂါများအတွက် အပင်အစို ပဥ္စငါးပါး သတ္တုကို ကျိုချက်၍ လည်းကောင်း၊ အခြောက်ကို လက်ဖက်ခြောက်ပြု၍ လည်းကောင်း သောက်သုံးပေးရ သည်ဟု ဖော်ပြထားသည်။

ထို့အပြင် ရင်သားတွင် အနာပေါက် ခြင်းအတွက် သံမနိုင်ကျောက်မနိုင် အစို ပဥ္စငါးပါးကို ထမင်းနှင့်ရော၍ ညက်စွာ ထောင်းကြိတ်ပြီးလျှင် ရင်သား(နို့နာ)သို့ အုံပေးရသည်။

နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် အဟောင်းပစ်၍ အသစ်ထပ်လဲပါ။ နု လျှင် ပိန်၍ ရင့်လျှင် ပြည်ပေါက်စေ သည်။ ပြည်ပေါက်လျှင် ဖန်ရည်ဆေး၍ ယင်းအတိုင်းပင် ဆက်၍ ပျောက်ကင်း သည်အထိ အုံပေးပါဟု ဖော်ပြထားပေ သည်။

### တောင်စဉ့်ကြက်သွေး

ဆေးကျမ်းအလိုအရ **တောင်ကြာဥ** ဟု ခေါ်ကြသည်။

အပင်ကို ချိုးဖြတ်လိုက်လျှ...

www.burmeseclassic.com



◆ တောင်ကြာစူ


◆ မကာ်ပွက် အညွန့်နိုင်





www.burmeseclassic.com

www.burmeseclassic.com



◆ မကာ်အရွက်ထွက်ပုံ

◆ လည်ပင်းကိုင်ဆေး၊ ရာဂါပျောက်ခဲ့သူ ဒေါ်တင်ခိုင်(မြွေရုပ်ရွာ)



ရောင်အစေးများ ထွက်၏။ အနီ ... နှစ်မျိုးရှိ၍ ဆေးသုံးမှာ တူပါ ...ည်။

ခြေမအကြောထုံးခြင်း၊ ညှင်း၊ ...တိုင်၊ မီးယပ်ကွက်များ။ အနာကိုတ် ...အတွက် အသုံးဝင်သည်။

တောင်ကြာဥကို ပါးပါးလှီး၍ ...လျက်၊ ပျားရည်နှင့် စိမ်ထားပါ။ ...ရက် နေပြပြီးလျှင် ထန်းလျက် ...မဟုတ် ပျားရည်ကို ဟင်းသောက် ...တစ်ဇွန်း နံနက်တစ်ကြိမ်စီ သောက် ...ပါ။ ထန်းလျက်ရည် ထပ်ဖြည့်ပေး ...

တောင်ကြာဥ (၅၀)ကျပ်သားခန့်ကို ...ရည် သို့မဟုတ် ထန်းလျက်ရည် ...ကျပ်သားနှင့် စတင် စိမ်ထားရ ...ည်ဆို၏။

ဆေးကျမ်းအလိုအရ တောင်ကြာဥ (၁)ကျပ်သားမျှကို ပါးပါးလှီး၊ ဝက်သား နှင့် ပေါင်းကာ လေဖြတ်သူကို ကျွေး ရသည်။ တစ်နေ့လျှင် (၂)ကြိမ် (၂ကျပ်သားမျှ) ကျွေးရသည်ဟု ဖော် ထား၏။

မျက်နှာပြင် အသားအရေ ချောမွေ့ လှပစေရန် တောင်ကြာဥအခြောက်ကို ရေနှင့် သွေး၍ လိမ်းပေးကြသည်ဟု ဒေသသုံးအဖြစ် မှတ်သားရသည်။

ရွှေလ ဆက်ဖတ်ပါရန်

**နယ်လှည့် ဆေးသုတေသီတစ်ဦး**

www.burmeseclassic.com



# အိမ်မြှောင်နိမိတ်

နှင့် သိသူများမှ ဖြေကြားပေးကြပါရန်

နေမဝင်
(နတ်မောက်)

ကျွန်တော်တို့ ငယ်စဉ်တုန်းက အိမ်မြှောင်နှင့်ပတ်သက်ပြီး မြန်မာဖတ်စာတွင် သင်ခဲ့ရဖူးပါသည်။ နောင်အခါတွင် ခုံတော်မောင်ကျာဘမ်း ဖြစ်လာမည့် ကျောင်းသားငယ်က အိမ်မှာကပ်နေလျှင် အိမ်မြှောင်၊ ကျောင်းမှာနေလျှင် ကျောင်းမြှောင်၊ ယခုလက်ထဲတွင်ရှိနေသည့်အတွက် လက်မြှောင်ပါဆုံးဖြတ်ပေးခဲ့ပုံ ဖြစ်ပါသည်။

အိမ်မြှောင်သည် အိမ်တိုင်းတွင် ရှိပါသည်။ ထူးထူးခြားခြား အိမ်မြှောင်အမျိုးနှစ်ခွတွေပင် တွေ့မြင်ဖူးပါသည်။ ပီယသိဒ္ဓိဆေးဖော်ရာတွင် ဆေးဖက်ဝင်သည်ဟု သိမှတ်ဖူးသည်။ မည်သို့ဖော်စပ်သည်တော့ မသိပါ။

အိမ်မြှောင်များနှင့် ပတ်သက်၍ ကျွန်တော် စိတ်ဝင်စားခဲ့သည်မှာ ကြာပြီ။ တစ်ခါသော် ကျွန်တော့်တွင် နယ်သို့ သုံးရက်တာမျှ လေ့လာရေးခရီးထွက်ရန်အတွက် ခရီးစရိတ် ငွေကြေးအလွှန် ခက်ခဲနေရာ ညနေပိုင်း စာရေးစားပွဲတွင် ထိုင်ငိုင်နေစဉ် အိမ်ခေါင်မိုးမှ အိမ်မြှောင်တစ်ကောင် ကျွန်တော့် ဦးခေါင်းပေါ် ပြုတ်ကျလာသည်။

ဦးခေါင်းပေါ်မှ စာရေးစားပွဲ စာအုပ်ပုံပေါ် ထိုမှတစ်ဆင့် လျင်မြန်စွာ ပြေးထွက်သွားပါသည်။ ထူးခြားသော နိမိတ်ဟု ကျွန်တော် ယူဆမှတ်သားထားလိုက်သည်။ မည်သို့ ထူးခြားသည်ကို...

တကယ်ပင် နောက်နေ့နံနက် ကျွန်တော် ရုံးသို့ ရောက်သောအခါ လွန်ခဲ့သည့် ဆယ်နှစ်ခန့်က ခွဲခွာထွက်သွားသော သူငယ်ချင်း အောင်ထွန်း ရောက်လာပြီး သူ ကျောက်တူးသွားရာ ကျောက်ပွင့်လာသဖြင့် ကျွန်တော့်အား ငွေသုံးသိန်းလာပြီး ကျေးဇူးပြုပါသည်။

သူငယ်ချင်းအရင်း ပြောမနာဆိုမနာ ဆဲမနာတွေ ဆယ်ယောက်စလုံးကို သူ ယခုကဲ့သို့ လိုက်၍ ကျေးဇူးပြုနေကြောင်း၊ ဉာတကာနုဋ္ဌသင်္ဂဟော မင်္ဂလာပြုနေကြောင်း၊ ကျွန်တော့်အား နောက်ဆုံးမှ လာ၍ ကျေးဇူးပြုရသဖြင့် နောက်ဆုံးဘိတ် အိတ်နှင့်လွယ် ဆိုသလို ငွေသုံးသိန်း ကျေးဇူးပြုကြောင်း၊ အခြား သူငယ်ချင်းကိုးယောက်ကို တစ်သိန်းစီသာ ကျေးဇူးပြု ထောက်ပံ့ခဲ့ကြောင်း သူ ဆယ်နှစ်တာ ဒုက္ခတွေ၊ သုခတွေ၊ အတွေ့အကြုံတွေ ရွှမ်းရွှမ်းဝေ ဝမ်းမြောက်စွာပြောကာ ငွေသုံးသိန်း ကျွန်တော့်အား ပေးသွားပါသည်။

သူက "ကလေးတွေ မုန့်ဖိုးပေါ့ကွာ" ဟု ဆိုသော်လည်း ကျွန်တော့်မိသားစုမှာတော့ စားဝတ်နေရေးအတွက် ကြီးမားသော အထောက်အပံ့ကောင်းကြီးပင် ဖြစ်ရပါလေသည်။

ဖျတ်ခနဲ မနေ့ညက ကျွန်တော့် ခေါင်းပေါ်သို့ ပြုတ်ကျလာပြီး ပြေးသွားသော အိမ်မြှောင်ကြီးကို မျက်စိထဲ မြင်လိုက်မိပါသည်။ ဩော်...ဒီငွေသုံးသိန်း လာဘ်ပွင့်တော့မယ်ဆိုတဲ့ နိမိတ်ပါလားဟု မှတ်ယူမိပါသည်။

တစ်ကြိမ်တွင် နယ်သို့ ကြွေးမြီရစရာလေးများ သွားရောက်တောင်းရန် ပြင်ဆင်နေချိန် အိမ်မြှောင်ကြီး တစ်ကောင်မှာ အိမ်ကြမ်းပြင်သို့ ဖုတ်ခနဲ ကျလာ... ချက်ချင်း ထွက်ပြေးသွားသည်ကို ... မြင်ရပါသည်။ ထူးသော နိမိတ်ပ...

တကယ်ပင် နယ်ကျေးရွာများ... ကြွေးမြီသွားတောင်းရာ အားလုံး... ချက်ချင်းနေ့ချင်း ရခဲ့ပါသည်။ ... ဤနိမိတ်ပါလားဟု မှတ်ယူထား... သည်။

ဒုတိယတစ်ကြိမ် ဤသို့ပင် ကြွေး... ရရန်အတွက် သွားတောင်းရန် ပြင်... နေစဉ် အိမ်မြှောင်ငယ်တစ်ကောင်... ကြမ်းပြင်ပေါ်သို့ ဖုတ်ခနဲကျလာ... အကျနာသည် ထင်ပါသည်။

မေ့နေသလိုမျိုး မျက်လုံးပြူး... ကာ ရပ်နေပါသည်။ အတန်ကြာ... တွန့်၍တွန့်၍ ဖြည်းညင်းစွာ ထွက်... ပါသည်။ ထူးသော နိမိတ်ပင်။

သို့သော် ထိုနိမိတ်သည် မကော... ပါ။ နယ်သို့ ကြွေးမြီများ သွားတော... တစ်ဦးစ၊ နှစ်ဦးစသာ ရပါသည်။ ... ဆယ်ဦးခန့်ထံမှ မရခဲ့သေးပါ။

သို့အတွက်...

- အိမ်မြှောင် ဦးခေါင်းပေါ် ပြုတ်... လျှင် မုချလာဘ်ဝင်တော့မည်... ကြေးအလုံးအခဲလိုက် သပိတ်... အိတ်ဝင် ဝင်တော့မည်ဟု ... ကောင်း **(ကျွန်ုပ်မိတ်ဆွေမှ... သိန်းတစ်ရာပင် ပေါက်ခဲ့ပါ...**
- ကြွေးမြီတောင်းသွားရန် ပြင်ဆ...



www.burmeseclassic.com

www.burmeseclassic.com

အိမ်မြှောင်ပြုတ်ကျပြီး ချက်ချင်းပြေးလျှင် ကြွေးတောင်း၍ အမြန်ရပြီး အိမ်မြှောင်သည် ပြုတ်ကျရာမှ ချက်ချင်းမပြေးနိုင်ဘဲ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေလျှင် ကြွေးငွေတောင်းရ နှောင့်နှေး ကြန့်ကြာမည့် နိမိတ်များဟု ကိုယ်တွေ့အရ မှတ်ယူထားပါသည်။

ထို့အပြင် အိမ်မြှောင် စစ်ခြင်း(ဝါ) အိမ်မြှောင်စုတ်ထိုးခြင်းနှင့် ပတ်သက်ပြီး နိမိတ်ကောင်း၊ နိမိတ်ဆိုးကောက်ယူနိုင်သည်မှာလည်း အမှန်ပင် ဖြစ်ပါသည်။

ကျွန်တော်၏ ကိုယ်တွေ့များအရ အိမ်မြှောင်စုတ်ထိုး နိမိတ်သည် ကျမ်းဂန်လာအတိုင်း ကိုးဆယ်ရာနှုန်း တိကျမှန်ကန်သဖြင့် တင်ပြအပ်ပါသည်။

ရတနာမြတ်၊ သုံးပါးနတ်၊ ဆည်းကပ်လေကွယ့် ဝေနေတဲ့။ စစ်ထအိမ်မြှောင်၊ နိမိတ်ဆောင်၊ အိုအောင်မှတ်ကွယ့် သံပေါက်တဲ့။

အရှေ့ရပ်က၊ စစ်လာပြ လာဘ်ရမည်ကွယ့် မင်းဘေးတဲ့။

မိမိနေအိမ်၊ အဆောက်အအုံ၊ တိုက်ခန်း၏ အရှေ့ဘက်မှ အိမ်မြှောင်စစ်လျှင် (ဝါ) စုတ်ထိုးလျှင် လာဘ်လာဘရမည်။ သို့သော် ထိုလာဘ်လာဘသည် မင်းဘေးမင်းဒဏ် သင့်နိုင်သောလာဘ်လာဘ ဖြစ်မည်ဟု ဆိုလိုသည်။

အရှေ့တောင်မှာ၊ စစ်တို့လာ၊ မှတ်ပါလေကွယ့် ခိုက်ရန်တဲ့။

မိမိနေရာ အရှေ့တောင်မှ အိမ်မြှောင်စစ် စုတ်ထိုးလျှင် ခိုက်ရန်ပွားတတ်သည်၊ ဆင်ခြင်သတိဖြင့် နေထိုင်ရမည်။ ရန့်ဝေးအောင် ရှောင်ရမည်ဟုလို့။

တောင်ရပ်ကသာ၊ စစ်တို့လာ၊ ရပါမည်ကွယ့် ဘောဇဉ်တဲ့။

မိမိနေရာ တောင်အရပ်မှ အိမ်မြှောင်စစ် စုတ်ထိုးလျှင် အစားဆန်ရေ ပေါများမည်။ စားဖွယ်သောက်ဖွယ်များ ရရှိမည်ဟု ဆိုလိုပါသည်။

အနောက်တောင်ရပ်၊ စစ်တုန်လတ်၊ မှတ်ကြလေကွယ့် ဥပဒ်တဲ့။

မိမိနေရာ အနောက်တောင်မှ အိမ်မြှောင်စစ် စုတ်ထိုးလျှင် နေအိမ်မိသားစုတွင် အစားမှားခြင်း၊ ဆေးမှားခြင်း စသည်ဖြင့် ကျန်းမာရေးနှင့် ပတ်သက်သော ဘေးဥပဒ် သင့်တတ်သဖြင့် ဆင်ခြင်သတိဖြင့် နေထိုင်သွားလာစားသောက်ရပါမည်။

အနောက်ရပ်မှာ၊ စစ်တို့လာ၊ ရပါမည်ကွယ့် ခင်ပွန်းတဲ့။

အနောက်အရပ်မှ အိမ်မြှောင်စစ် စုတ်ထိုးလျှင် ခင်ပွန်းကြီးဆယ်ပါးမှ တစ်ပါးပါး ထပ်မံတိုးပွားရရှိတော့မည်ဟု ကောက်ယူနိုင်ပါသည်။

အနောက်မြောက်စွန်၊ စစ်လာပွန်၊ ဟောညွှန်းလေကွယ့် ဖျားနာတဲ့။

မိမိနေအိမ် အနောက်မြောက်မှ အိမ်မြှောင် စစ်လာ စုတ်ထိုးလာလျှင် ရေချိုးမှား၊ အပူမိ၊ အအေးမိဖြစ်ပြီး နာဖျားတတ်သဖြင့် သတိဖြင့် ဆင်ခြင်သွားလာ နေထိုင်ရမည်ဟု မှတ်ယူကောက်ယူနိုင်ပါသည်။

မြောက်ရပ်ဒိသာ၊ စစ်မည်လာ၊ ရပါမည်ကွယ့် လာဘ်ကြီးတဲ့။

မိမိနေအိမ် မြောက်အရပ်မှ အိမ်မြှောင်စစ်လာ စုတ်ထိုးလာလျှင် မုချမလွဲ လာဘ်လာဘကြီးမား ထည်ဝါစွာ ရရှိတော့မည်။ ကြွေးဟောင်းများ ရမည်။ အမွေနှစ် အမွေဟောင်းများရတတ်သည်၊ ရွှေငွေ အလုံးအခဲလိုက် ဝင်တတ်သည်ဟု မှတ်ယူကောက်ယူနိုင်ပါသည်။

အရှေ့မြောက်မှာ၊ စစ်ပြန်လာ၊ ဟောပါလေကွယ့် ဖူးပါတဲ့။

မိမိနေအိမ် အရှေ့မြောက်ထောင့်မှ အိမ်မြှောင်စစ်လာ စုတ်ထိုးလာလျှင် ပူပန်စရာ၊ သောကများစရာတို့နှင့် ကြုံတွေ့ရတတ်သည်။

အောက်အရပ်ကသာ၊ စစ်တို့လာ၊ မှတ်ပါလေကွယ့် ဘေးဒဏ်တဲ့။

မိမိနေအိမ် ကြမ်းပြင် အောက်ဘက်မှ အိမ်မြှောင်စစ်လာ စုတ်ထိုးလာလျှင် ရန်သူမျိုးငါးပါးမှ တစ်ပါးပါး၏ ဘေးဒဏ်သင့်တတ်သဖြင့် ဆင်ခြင် သတိရှိရပါမည်။

အထက်ရပ်ဆည်၊ စစ်လာသည်၊ ဘုန်းကြီးမည်ကွယ့် ဟောလေကွယ့်၊ အိမ်မြှောင်စစ်ရာ၊ ရပ်ဆယ်ဖြာ၊ မှတ်ပါလေကွယ့် အပြီးတဲ့။

မိမိနေအိမ် ခေါင်မိုးမှ အိမ်မြှောင် စစ်လာ စုတ်ထိုးလာလျှင် ဘုန်းတန်ခိုးကြီးမည်။ ရာထူးတက်မည်။ မင်းမြှောက်စားခံရမည်။ အများ၏ လေးစားကြည်ညိုပူဇော်သက္ကာရပြုခြင်း ခံရမည်ဟု နိမိတ်ကောက်ယူရပါမည်။

သို့အတွက် အရှေ့၊ အရှေ့တောင်၊ အနောက်တောင်၊ အနောက်မြောက်၊ အရှေ့မြောက်၊ အောက်အရပ်တို့မှ အိမ်မြှောင်စစ်လာလျှင် မကောင်းသောနိမိတ်ဖြစ်သဖြင့် ထိုသို့ ကြုံတွေ့လျှင် ဂုဏ်တော်ပွားခြင်း၊ သမ္ဗုဒ္ဓေရွတ်ခြင်း စသည်တို့ပြု၊ မေတ္တာပို့ အမျှဝေ၍ ထိုနေရာများသို့ ပရိတ်ရေတောက်ပေးခြင်း၊ ပရိတ်သဲ ဖြူးပက်ပေးခြင်း ပြုရပါမည်။

သို့မှသာ မကောင်းသော နိမိတ်များ ပျောက်၍ ကောင်းသော နိမိတ်များ၊ ဟိတ်များ ရရှိလာမည် ဖြစ်ပါကြောင်း ကျမ်းနှင့်ညှိ၍ အသိဗဟုသုတ ပွားစေရန် ကိုယ်တွေ့များနှင့် ပေါင်းစပ်စီခြယ် ရေးသားတင်ပြအပ်ပါသည်။

စာရေးသူ သုတေသီ ဝါသနာရှင်များက အိမ်မြှောင်နိမိတ်နှင့် ပတ်သက်၍ သိသူများမှ ဖြေကြားပေးကြပါရန် ပန်ကြားအပ်ပါသည်။

**နေမဝင်(နတ်မောက်)**



www.burmeseclassic.com

www.burmeseclassic.com

# ငွေကြေးရလွယ်အောင်



ငွေကြေးဆိုင်ရာ အခက်အခဲမှ (၇)ရက်သားသမီးများ ကင်းဝေးပြီး စိတ်ချမ်းသာမှုရစေမည့် လာဘ်ရငွေရှင် အစီအရင်တစ်ခု ဖြစ်ပါတယ်။


ထိုအစီအရင်ကို **မိမိတို့ရဲ့ မွေးနေ့ နံနက် (၉း၃၀)နာရီမှ နံနက် (၁၀း၃၀) နာရီတွင်** ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဆောင်ရွက်ရန် ငွေမင်သုတ်လိမ်းထားသော မြေအိုးအသစ်တစ်လုံးတွင် ကြီးလေးကြီး စမလေးလုံးကို ရေးပါ။ ထိုအိုးပေါ်တွင် အေးပါစေ အောင်ပါစေဟု စာရေးပါ။ စာရွက်ဖြူတွင်ရေးပြီး ကပ်လိုက ကပ်နိုင်ပါတယ်။

ထိုအိုးကို ဈေးဆိုင်၊ အလုပ်စားပွဲ အိမ်ဦးခန်း အမြင့်တစ်နေရာတွင် ထားခြင်းဖြင့် လာဘ်ရငွေရှင်စေပါလိမ့်မည်။

* * *

**အောင်အိုးပုံစံ**




ဥပမာ

တနင်္ဂနွေသားသမီးဆိုရင် **သပြေ (၉)ညွန့်၊ အုန်းညွန့်(၆)ညွန့်**ကို အောင်အိုးတွင်ထည့်ပြီး အမြင့်တစ်နေရာတွင် ထားပါ။ အရွက်များ ညှိုးခြောက်သွားရင် အသစ်လဲပေးပါ။

(၁၅)ရက်ခန့် ဆောင်ရွက်မိလျှင် လာဘ် ပွင့်ပြီး စိတ်ချမ်းသာမှုရမှာ ဖြစ်ပါတယ်။

* * *

| နေသား | အထူး | အညွန့် | အရေအတွက် |
|---|---|---|---|
| တနင်္ဂနွေ | ဇမ္ဗူဒီပါလက်ယာ | အုန်း | ၆ |
| တနင်္လာ | တောင်ကျွန်းဖြစ်၍ | ကံ့ကော် | ၁၅ |
| အင်္ဂါ | မပါမဖြစ် | ဆီး စွယ်တော် | ၈ |
| ဗုဒ္ဓဟူး | အာစရိယဝါဒ အရ | ဝါး ရွက်လှ | ၁၇ |
| ကြာသပတေး | သပြေ(၉)ညွန့်ကို | ပွဲ့ုံးမ၊ မေမြို့ပန်း | ၁၉ |
| သောကြာ | နေ့သားတိုင်း | သီး သစ္စာပန်း | ၂၁ |
| စနေ | ထည့်လှူပါ။ ဆုတောင်းပါ။ | ဒေါ်နှ၊ ပိတောက် | ၁၀ |

ရွတ်ရမည့် ဂါထာ

အဂ္ဂေါ ဗုဒ္ဓေါ အဂ္ဂေါ ဓမ္မော၊
အဂ္ဂေါ သံဃော အနုတ္တရော၊
အဂ္ဂေါ ဝိပါကော မေ ဟောတု၊
ယံယံ ဣစ္ဆာသမိဇ္ဈတု။ *(၃၀-ခေါက်)*

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **အဂ္ဂေါ** | = အက်ဂေါ |
| **ဗုဒ္ဓေါ** | = ဗုတ်ဓေါ |
| **ဓမ္မော** | = ဓမ်မော |
| **အနုတ္တရော** | = အနုတ်တရော |
| **ဣစ္ဆာသမိဇ္ဈတု** | = အိတ်ဆာသမိတ်ဈတု |

**အနက်**

**ဗုဒ္ဓေါ**၊ ဘုရားမြတ်စွာရတနာသည်။ **အဂ္ဂေါ**၊ အမြတ်ဆုံးဖြစ်ပါပေ၏။ **ဓမ္မော**၊ တရားမြတ်စွာရတနာသည်။ **အဂ္ဂေါ**၊ အမြတ်ဆုံးဖြစ်ပါပေ၏။ **အနုတ္တရော**၊ တပည့်အများစုတွင် အတုမရှိသော။ **သံဃော**၊ သံဃာတော် အပေါင်းသည်။ **အဂ္ဂေါ**၊ အမြတ်ဆုံးဖြစ်ပါပေ၏။

**ဧတေန သစ္စေန**၊ ဤမှန်သော သစ္စာစကားကြောင့်။ **မေ**၊ အကျွန်[illegible] အား။ **အဂ္ဂေါ**၊ အမြတ်ဆုံးဖြစ်သော [illegible] **ဝိပါကော**၊ အကျိုးသည်။ **ဟောတု**[illegible] ဖြစ်ပါစေသတည်း။ **ယံယံ ဣစ္ဆာ** **သမိဇ္ဈတု**၊ လိုလိုရာရာဆန္ဒမှန်သမျှ သည် ကောင်းစွာပြည့်စုံပါစေသတည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း တို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်[illegible] အောင်ရွှေ[ မွှာစရိယ(မဟာဝဂ္ဂါဒိမြန်[illegible] ဂုဏ်ထူး)၊ ဒီဃဘာဏက-ဒီဃနိကာယ[illegible] ကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆို[illegible] ပါသည်။ ]*

ယုံကြည်မှုများဖြင့် ဆောင်ရွက်သွား[illegible] လျှင်ဖြင့် လာဘ်ရွှင်လာဘ်ပွင့်လာ[illegible] လိမ့်မည်။

***သင့်တင့်အောင်နှလုံးသွင်း အရွှံ့ကောင်း ပါစေ။***

**ကဝိသီရောမဏိ**



www.burmeseclassic.com

www.burmeseclassic.com

# မီးဘေးနှင့်

## သောကကင်းဝေး ငြိမ်းအေးစေသော ကျင့်စဉ်

လွန်ခဲ့သော (၁၅)နှစ်ကျော်ခန့်က ကျွန်ုပ်တို့၏မြို့တွင် တစ်နှစ်အတွင်း မီး(၁၁)ကြိမ် လောင်လိမ့်မည်ဟု ဘုန်းကြီးတစ်ပါး အိပ်မက် မြင်မက်သည်ဟုဆိုသော ကောလာဟလ သတင်းတစ်ခုသည် ရုတ်တရက် ပေါ်ပေါက်လာ၏။

ဘယ်ဆရာတော် မြင်မက်သည်ဟု လိုက်လံစုံစမ်းကြည့်သော်လည်း တိတိကျကျ ရေရေရာရာ မသိရှိခဲ့ရပါ။ သို့သော် အံ့ဩဖွယ်ရာပင်။ အမှန်တကယ်ပင် ကျွန်ုပ်တို့မြို့၌ တစ်နှစ်အတွင်း မီး(၁၁)ကြိမ်တိတိ လောင်ကျွမ်းခဲ့ပါသည်။

ကြီးကြီးမားမား လောင်သည်က (၃)နေရာလောက်သာဖြစ်ပြီး ကျန်(၈)နေရာက ခပ်သေးသေးမွှားမွှား လောင်ခဲ့ခြင်းပင်ဖြစ်သည်။ **ဥပမာ** အိမ်ခန်းတစ်ခန်းတည်းလောင်ခြင်း၊ မီးဖိုချောင်တစ်ခုတည်းလောင်ခြင်း၊ အိမ်တစ်လုံးတည်း လောင်ခြင်းမျိုးများဖြစ်သည်။

ထိုနှစ်တွင်ပင် ကျွန်ုပ်တို့မြို့မှ မြို့မဈေးဟောင်းကြီးသည် ဈေးကြီးတစ်ခုလုံးကွက်ပြီး (လူနေအိမ်များသို့ မကူးစက်ဘဲ) မီးလောင်ကျွမ်းခဲ့ပါသည်။ ထို့ကြောင့် ဈေးသူဈေးသားများအားလုံး စီးပွားရေး၊ ရောင်းရေးဝယ်တာများက ကမောက်ကမ ဖြစ်ခဲ့ရပါသည်။

နောက်ပိုင်းတွင် သက်ဆိုင်ရာမှ မြို့လယ်ရှိ (၆)လမ်း၊ (၇)လမ်း၊ (၈)လမ်းတို့တွင် ယာယီဈေးဆိုင်ခန်းများ ဆောက်ပေးကာ အရောင်းအဝယ်များကို ပြန်လည် သက်ဝင်လှုပ်ရှားစေခဲ့ပါသည်။

ဈေးကြီး မီးလောင်ပြီး (၃)လလောက်တွင် ကျိုက်လတ်မြို့နယ်ရှိ ရွှေပေါ်ကျွန်း ဝေနေယျများ၏ နှစ်စဉ်လှူဒါန်းလျက်ရှိသော ဆန်အိတ်(၂၀၀)ကျော်ကို မြို့နယ်မှ ရွှေပေါ်ကျွန်းသာသနာပြု အကျိုးတော်ဆောင် (၅)ဦးသည် မလှိုင်မြို့နယ်ရှိ ရွှေပေါ်ကျွန်းသာသနာပြုစခန်းသို့ သင်္ဘောတစ်တန်၊ ကားတစ်တန်၊ ရထားတစ်တန်ဖြင့် သွားရောက် ပို့လှူခဲ့ပါသည်။

ကျောင်းတော်သို့ ရောက်သောအခါ ဆရာတော်ကြီးအား ဝင်ရောက်ဖူးမြော်ရင်း အကျိုးတော်ဆောင် (၅)ဦးသည် ကျိုက်လတ်မြို့ မြို့မဈေးဟောင်းကြီးတစ်ခုလုံး မီးလောင်ကျွမ်းခဲ့သည့် ဖြစ်စဉ်ကို လျှောက်တင်ခဲ့ရာ ဆရာတော်ကြီးက...


'ကွက်ကွက်လေး လောင်သွားတာပဲ။ ဘယ်သူ့ကိုမှ မညှပ်ဒဏ်နဲ့ ကံကြောင့် လောင်တာ'

ဟု မိန့်ကြားခဲ့ပါသည်။

**(ထိုစဉ်က မြို့မဈေးဟောင်းကြီး မီးလောင်သည်နှင့် ပတ်သက်၍ မြို့သူမြို့သားများတွင် ဥပဒ်စရာကိစ္စများ ပေါ်ပေါက်ခဲ့ပါသည်။ ထိုဥပဒ်စရာကိစ္စများမှာ ဘုရားကြီးပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲတွင် အရက်သောက်ထားသူများက ဝင်ရွတ်ခြင်း၊ မြို့နယ် မ.ယ.ကမှ ဝါတွင်းကြီးကံ့ကော်တစ်ထောင်မှ ဘုရားဆင်းတုတော်များ ပင့်လာခြင်း၊ အနေကဇာတင်ခြင်းတို့ ဖြစ်သည်။)**

ထို့နောက် အကျိုးတော်ဆောင် (၅)ဦးမှ မိမိတို့၏မြို့တွင် မီး ခဏခဏ လောင်ကျွမ်းမှုများ ဖြစ်ပေါ်နေသဖြင့် မီးဘေးအန္တရာယ်မှ ကင်းဝေးစေသော ကျင့်စဉ်ကို ချီးမြှင့်ပေးပါရန် လျှောက်တင်ရာ ဆရာတော်ကြီးမှ ဝေနေယျအပေါင်းတို့အား မီးဘေးအန္တရာယ်မှ ကင်းဝေးစေသော ကျင့်စဉ်ကို ချီးမြှင့်ပေးသနားခဲ့ပါသည်။

ထိုကျင့်စဉ်သည် မီးဘေးတစ်ခု



တည်းသာ မဟုတ်ဘဲ **သားပူ၊ မယားပူ၊ ရည်းစားပူ၊ ရောဂါအပူ၊ စီးပွားရေးအပူ၊ ငွေကြေးအပူ** အစရှိသော အပူဒုက္ခများကိုလည်း ကင်းငြိမ်းစေသော ကျင့်စဉ်ဖြစ်ကြောင်း ထပ်မံမိန့်ဆိုခဲ့ပါသည်။

ဆရာတော်ကြီး၏ မီးဘေးအန္တရာယ်မှ ကင်းဝေးစေကာ အပူသောကများကို အေးငြိမ်းချမ်းသာစေသော ရေများ ရေနိုင် ကျင့်စဉ်တော်မှာ...

သဘာဝနိယာမအားဖြင့် မီးကို ရေက နိုင်ပါသည်။ အပူကို အအေးက နိုင်ပါသည်။ သို့ဖြစ်ပါ၍ လောင်မြိုက်သောမီးဘေး ကင်းလွတ်စေရန်နှင့် တစ်ခုတစ်ရာ အတိုင်းအတာအထိ သောကမီးတို့ကိုပါ ငြိမ်းအေးစေရန်တို့အတွက် အောက်ဖော်ပြပါ ရေတော်(၅)ဖလားကို သုံးလောကထွတ်ထား သက်တော်ထင်ရှား မြတ်စွာဘုရားအား ယုံကြည်သဒ္ဓါထက်သန်စွာ တစ်နေ့ အနည်းဆုံး( နံနက်+နေ့လယ်+ညဦး) သုံးကြိမ် နေ့စဉ် လှူဒါန်းပေးကြပါ။

(က) သော်တော်ရေ (၁)ဖလား
(ခ) မျက်နှာသစ်တော်ရေ (၁)ဖလား
(ဂ) ရေချိုးတော်ရေ (၁)ဖလား
(ဃ) ခြေဆေးတော်ရေ (၁)ဖလား
(င) သုံးတော်ရေ (၁)ဖလား

**မှတ်ချက်** ။ ။ **ရေတော်များကို ကြေးဖလား၊ ငွေဖလား၊ စတီးဖလားတို့ဖြင့်သာ သုံးစေချင်ပါသည်။**

***ဘဝ အစစ လှကြပါစေ***

**အောင်နန္ဒစံ(ကျိုက်လတ်)**

**နဂါးပွဲရောင်ခြည်**

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာ့ကျေးလက်တောရွာက

# မြေတိုင်းမန္တန်



မြန်မာ့ ကျေးလက်တောရွာများတွင် တော့ ယနေ့အထိ အိမ်ဆောက်လျှင် ပန္နက်မချ မြေမတိုင်းမီ မြေတိုင်းမန္တန် ရွတ်ပြီးမှ မြေတိုင်းလေ့ ရှိပါသည်။

နယ်တော်ရှင် ပယ်တော်ရှင် တစ်ပွဲ ပေးပြီး အုန်းသီးပေါ်တွင် နယ်တော်ရှင် ကို ရည်ပြီး ဆီမီးတစ်တိုင်ထွန်းပါသည်။ မြေတိုင်းမန္တန် ရွတ်သူက ပေါက်ပေါက် ဆုပ်ဖြင့် မြေတိုင်းမည့်နေရာတွင် ပက် ကြဲပြီး မြေတိုင်းမန္တန်ကို ရွတ်လေ့ရှိပါ သည်။

ကျေးလက် တောရွာများတွင်တော့ ဗေဒင်ဆရာ မဟုတ်ကြသော်လည်း မြေတိုင်းမန္တန်ကို ရွတ်ပေးလေ့ရှိသည်။ ဤသည်ကားလည်း ဆရာတော် ဘုန်းကြီးများမှာ ဇဝံမေသုတံ သင် ကတည်းက လောကီအရေးအရာများ အလို့ငှာ သင်ပေးလေ့ရှိသည်။

မဟာဘုတ်ဂြိုဟ် သက်ရောက်၊ အင်္ဂဝိဇ္ဇာ အဆင့်လောက်တော့ အကြမ်းဖျင်း သင်ပေးကြပါသည်။ ယခု စာရေးသူ ရေးသားတင်ပြမည့် မြေတိုင်း မန္တန်မှာ လက်ဆင့်ကမ်းပညာရပ်များ ဖြစ်ပါသည်။

ဩော်း နမောဗုဒ္ဓါယ ပထဝီဗလသုန္ဒရီ သဗ္ဗညုမဏ္ဍလံ ဇေယျာဇေယျတုမင်္ဂလံ 'အသခ္ချေယံမာရသေနံ သိဒ္ဓိကမ္မံ အဟံဝန္ဒာမိ သဗ္ဗဒါ။

ဦး ဇမ္ဗူဒီပါ တောင်ကျွန်းသာမှ ရက္ခဘုမ္မာ အာကာသစိုး ဗိဿနိုးနှင့် တန်ခိုးကြီးမြတ် သုရဿတီ စန္ဒီပရမီသွာ မဟာပိန္နဲ ဂေါရမန္တ ဒေဝယ္မှာ နတ်များစွာလည်း ကောင်းစွာရှေ့ရှု သူကောင်းပြု၍ ကျွန်ုပ်အပြီး ပြီးစေသော်။

မဏိမေခလာ မဟာဝသုဝရော တာနော ယက္ခ ကုမ္ဘဏ် စသည့် ထိုမှများစွာ နတ် ဒကာလည်း ကောင်းစွာကြည့်ရှု သူကောင်း ပြု၍ ကျွန်ုပ်အပြီး အောင်စေသော်။

ဦး... ဇမ္ဗူဒီပါ သာသည့်အထွတ် ဘဒ္ဒကပ် ဟု မည်မှတ်တွင်ဘိ တန်ခိုးရှိသော်။ ကြီးဘိ သနင်း ရှင်နတ်မင်းတို့ ကောင်းခြင်းထူးမြတ် ပဓိဗိဇနော ပြုန်ခရာနှင့် ကောင်းစွာသတ်မှတ် မြေမှာမှတ်၍ မှတ်သည့်အိမ်ကို ဆောက်လို ၍သာ လျှောက်ထားပါသည်။

များစွာဘုန်းလိုင် စည်းစိမ်ခိုင်၍ ဖြိုးဖြိုး တိုးတက် အသက်ရှည်စွာ အနာမဲ့ကြော ဆုမွန်တောင်း၍ ကောင်းခြင်းများစွာ ရလိုပ သည် နတ်တကာများတို့...

မြေမှာလိပ်ခုံး သာခုံးသစ်ဆွေး မီးသွေးတိုင် ဟောင်း ရှေးကျောင်းဆောက်ဖူး လမ်းဦး လမ်းမ တစ်စသချိုင်း လုပ်ပြုဖူး ဝက်ရူး နွား ဆေးဆရာဟောင်း မြေမကောင်းလျှ ပြောင်း၍ပေးပါ နတ်တကာတို့...

မှန်စွာမပျက် ပန္နက်ချက်ရာ မြေကမ္ဘာတွင် ဥစ္စာရွှေငွေ ဆန်ရေစပါး ပေါ်များကြွယ်ဝ သုခမနေ ဆန္ဒအသီးသီး ရည်တိုင်ပြီး၍ စီးပွား တိုးတက် စဉ်ဆက်မပြတ် လှူဒါန်းနှင့် အလှ ရေစက် လက်နှင့်မကွာ လှူဒါန်းရပါစေ ဒါနကောင်းမှု အစုစုဖြင့် ဝတ္တုဆယ်ပါး တရား သဒ္ဓါ သူ့ထက်သာ၍ သက်မှာရာကျော် ရှည်စေသော်ဝ်။

ဟေဝိဝိတ္တာ၊ ဏ္ဍမ်ဘတ္တံ၊ ဘုဒ္ဓဟိ၊ ဘုဒ္ဓဟိ၊ **အာယု ဝဏ္ဏော သုခံ ဗလံ။**

**< မောင်ဗဟိန်း (အင်းတော်) >**

# ရေ

## ကြာမြင့်စွာ လှောင်သူများအတွက်



စာရေးသူသည် ၂၁-၃-၂၀၀၄ တနင်္ဂနွေနေ့က ပန်းတောင်းမြို့နယ်၊ ရွာထောင်ရွာရှိ မြနန်းရတနာပုံကျောင်း တွင် ရဟန်းဘောင်သို့ (၇)ရက်တာမျှ ဝင်ရောက်ခဲ့ပါသည်။ ထိုကျောင်းတွင် ကျောင်းထိုင် ဆရာတော် သက်တော် (၅၈)နှစ်ရှိ ဆရာတော်ဦးပဏ္ဍိတ သီတင်းသုံးတော်မူပါသည်။

တောကျောင်း ဖြစ်ပေသော်ငြား လည်း မြနန်းရတနာပုံဆိုသည့်အတိုင်း ကျောင်းထဲသို့ ဝင်လိုက်ပါက ရွှေရောင် တဖိတ်ဖိတ်ထလျက်ရှိသော နန်းတော် သို့ ရောက်သွားသည့်အလား အောက် မေ့ရပါသည်။

ထိုကျောင်းတွင် ဝါတော်(၁)ဝါသာ ရှိပြီး သက်တော်(၈၃)နှစ်ရှိသော ဦးတိက္ခဆိုသော ဦးပဉ္စင်းကြီး(၁)ပါး ရှိပါသည်။ လှူဘဝတုန်းက ဤကျောင်း တိုက်တွင် သူလှူထားသော အုတ်ကန် ကြီး(၁)ခု ရှိပါသည်။

စာရေးသူမှ...

'ဦးပဉ္စင်းကြီး ရေလှောင်ကန်ကြီးက ရေအခက်အခဲဖြစ်တဲ့အခါ သုံးဖို့(၁) နှစ်ပတ်လုံး ရေထည့်ပြီး ရေလှောင် ထားတာ ဆိုတော့ ခြင်တွေ၊ ဖားတွေနဲ့ အခြားအကောင်တွေဝင်ပြီး သား ပေါက်တာတွေ မလုပ်ဘူးလား ဘုရား'

ဟု မေးလျှောက်ကြည့်ရာ...

'မဝင်အောင် အုတ်ခဲတစ်လုံးကို မီးရဲနေ အောင် မီးဖုတ်ပြီး ကန်ထဲကို ထည့်ထားရ တယ်။ ဒါဆိုရင် ခြင်ကပေါက်တဲ့ ပိုးလောက် လမ်း ဖားကပေါက်တဲ့ ဖားလောင်းတွေ ဝင်ပြီး သားမပေါက်နိုင်ဘူး မနေနိုင်ဘူး'

ဟု ပြန်ပြောသဖြင့် အုတ်ကန်နှင့် ရေလှောင်သူများ၊ မြေကွက်ကြီးများ တူး၍ ရေလှောင်ရသည့် ရွာများတွင် ခြင်များ၊ ဖားများ ဝင်ရောက် သား ဖောက်ခြင်း မပြုနိုင်ရန် ဤနည်းကို အသုံးပြု ကာကွယ်နိုင်ပါသဖြင့် ဗဟုသုတအဖြစ် ဖြန့်ဝေလိုက်ရပါပေ သည်။

**ရေလှောင်ကန်သေးလျှင် အုတ် ခဲ(၁)လုံးသာ သုံးရပြီး ကန်ကြီးပါက (၃)လုံးအထိ ထည့်နိုင်ပါသည်။**

***ဦးပဉ္စင်းကြီး ဦးတိက္ခအား ရှိခိုးဦးချ စွာဖြင့်...***

**ဦးကိုကိုကြီး (စစ်ဆေးရေး)**
**(၂)မတယ၊ ထုံးဘို**



www.burmeseclassic.com

www.burmeseclassic.com



# ကန့်နှံ့ရာ နှစ်ကြာတဲ့ဝေဠု (၁)

ရွှေတောင် ခင်မောင်ကြည်

ယာရစ်ပတ်။ တနင်္ဂနွေထောင့် ဆီချိတက်။ အောင်မြေနင်း။ ဆယ်ထပ်ကြီးဘုရားဆီ လှမ်းမျှော်ဝပ်စင်း ကော်ရော် ပူဇော်အထူး။ ကြည်နူး လိုက်လေ။

ရွှေဆံတော် စေတီတော်မြတ်ကို လက်ယာရစ် အဓိဋ္ဌာန်(၃)ပတ်, ပတ်။ ပရိတ်တော်တွေ ရွတ်ဖတ်။ ဂါထာမြတ်တွေကျူး၊ ထူးခြားလှတဲ့ ဒီခရီးအဓိဋ္ဌာန်။ ကေန် ကေ အောင်မြင်မှုလေ။

တနင်္ဂနွေ အောင်မြေအရပ်ကနေ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးကို ဖူးမြော်မာန်လျှော့ ကန်တော့ဦးချ ဩကာသကိုတဲ့ အစချီ…

ဆဗ္ဗညုရံသိ ရောင်ခြည်တော် ခြောက်သွယ် ဂုဏ်တော်ဖွင့်နဲ့ အောင်ခြင်းရှစ်ပါးအဆင့်ဆင့်၊ နေ့စဉ် ရွတ်ဖတ်ပူဇော်အပ်သော ဘုရားရှိခိုးအမျိုးမျိုး တိုးတိုးနဲ့ မောင်ဖိုးဟန်။

ဉုံ နမောတေအောင်ဂါထာ၊ စိန္တာမဏိ၊ ဣတိပိသော ရတနာ(၃)ပါး ဂုဏ်တော်များ၊ ဓာတ်တော်ပေါင်း ဘုရားရှိခိုး၊ နောက်ိုးတန်၊ သံရှစ်ချက်၊ ရှေစ်ချက်၊ သိရသို၊ သမ္ဗုဒ္ဓေ ယံဒုန္နိမိတ္တံ၊ ဗုဒ္ဓဂုဏောအနန္တာ

၁၉၇၃ ခုနှစ်၊ ဧပြီလ၊ ဒုတိယပတ် (၁၁)ရက်လား၊ (၁၂)ရက်လား မမှတ်မိတဲ့ နေ့တစ်နေ့။ အတာကျူးတော့မယ့် နှစ်သစ်ကူးအချိန် အခါသမယ။

မောင်ဖိုးဟန် အဓိဋ္ဌာန်ခရီးအတွက် ပြည်မြို့ ရွှေဆံတော်စေတီတော်မြတ်ကြီးကို အဖူးအမြော် ရောက်ရပြန်ပါပြီ။ အစဉ်လတိုင်း အဓိဋ္ဌာန်မပျက်၊ ရက်မလွတ်။

တရုတ်မော်ကနေ ခရီးသည်လဲ တင်၊ ကုန်လဲတင်တဲ့ ကုန်တင်ကားနဲ့ နက်(၅)နာရီမထိုးမီ ထွက်လာတယ်။ ဘွင်းမြို့ရွာမှာ ကြာပေမယ့် မနက်(၈) နာရီမထိုးသေးဘူး ပြည်မြို့ကို ရောက်ပြီ။ စောလိုက်တာ။

မောင်ဖိုးဟန် ကားပေါ်က ဆင်းတာနဲ့ ရွှေဆံတော်စေတီတော်မြတ်ကြီး ခြေတော်ရင်းကို အရောက်သွားရပြီ။ အဖူးအမြော်ခရီး စ,ပြီ။ မြောက်ဘက် စောင်းတန်း လှေကားထစ်တွေကို တစ်ထစ်ချင်း နင်းလို့။

စောင်းတန်းကရှည်တော့ အမောဆို့လာတယ်။ အမောပြေ နားလိုက်၊ လှေကားထစ်တွေကို နင်းလိုက်။

စိုက်စိုက် စိုက်စိုက် တစိုက်စိုက်နဲ့ ကုန်းတော်ပေါ်ကို ရောက်လာပြီ။

မြောက်ဘက် စောင်းတန်းထိပ် သောကြာတန်ဆောင်းကနေ လက်





www.burmeseclassic.com

www.burmeseclassic.com

ကုမာယ ဓမ္မာန၊ စဓဗဝ၊ ငွေသညက စမကြီးလေးလုံး အစတစ်လုံး အဆုံးမှာတော့ ပါဠိအနက်ပြန်၊ (၉)တန်သော နဝင်္ဂသီလတော်ခံယူ။

အဓိဋ္ဌာန်အစ မြတ်ဗုဒ္ဓကို ရည်မှန်း ဖြိုဟ်ရှစ်ခွင်မှာ လှူဒါန်းထားသမျှ ပန်းပေါင်းစုံရနံ့တို့က မွှေးကြူထုံအီ။ အမွှေးတိုင်ပေါင်းစုံ နံ့သာတိုင်ရနံ့တို့က သင်းပျံ့လို့ဝေစည်။

တစ်ခါတစ်ခါ လေအဝှေ့မှာ ပါလာတဲ့ ရနံ့လေးက အမွှေးနံ့သာ ပန်းမာလာ အနံ့မဟုတ်။ တသီးတခြား ကွဲပြားတဲ့ ရနံ့။ ဘာရနံ့နဲ့မှမတူ။ တစ်မူထူးလိုက်လေ။ ပျံ့ပျံ့လေးသင်း။

ရင်တွင်းမှာတော့အေး ကြည်နူးမှု ပီတိအဟုန်ကလေးက တရိပ်ရိပ်တက်။

အဓိဋ္ဌာန်ရက်မှာ အဓိဋ္ဌာန်ချက်တော့ အောင်မြင်လေပြီ။

အထက်ဘဝဂ် အောက်အဝီစိ ရှိရှိသမျှ အနန္တစကြဝဠာ သတ္တဝါနဲ့ ဝေနေယျတွေကို မေတ္တာတွေပို့။ ပို့သမျှတွေကိုလဲ ခံယူ။ လှူဒါန်းသမျှ ဒါနအစုစု ကောင်းမှုအထွေထွေကိုလဲ ရကြပါစေသမျှဝေ။

နောက်တစ်လ အဓိဋ္ဌာန် ခရီးဆက်ဖို့ ခုမနက်ကတည်းက ပရိက်ပြု၊ အခြေတည်၊ ညဘက်ရောက်ရင် နောက်တစ်နေ့မနက်ကစလို့ တစ်လတိတိ အဓိဋ္ဌာန်ခရီး မောင်ဖိုးဟန်မှာ ဆက်ဖို့ကြံပြီ။ တာဝန်ရှိပြီ။

အဓိဋ္ဌာန်ပြီးတော့ မြတ်ဗုဒ္ဓကို ဦးသုံးကြိမ်ချ။ နေရာကထ။ တနင်္ဂနွေထောင့် အရှေ့မြောက်အရပ်ကိုထွက် ဆယ်ထပ်ကြီး ရုပ်ပွားတော်မြတ်ကို လက်အုပ်ချီ ဂုဏ်တော်ကို နှုလုံးသွင်း။

ကြက်မင်းတောင်၊ ယုန်မင်းတောင်၊ ဝန်ချတောင်၊ အလောင်းတော်ကဿပ စေတီတော်မြတ်တို့ဆီကို စိတ်က



ရောက်။

ရွှေဆံတော် စေတီတော်မြတ်ရဲ့ ရင်ပြင်တော်ကို ပတ်လျှောက်။ ရောဝတီမြစ်ကူးတံတားကိုလဲ ဖြတ်ပြီး လျှောက်။

အနောက်တောင်ထောင့်အရပ်က တန့်ကြည့်တောင်၊ ငွေဘုံသာနဲ့ ရွှေဘုံသာ၊ မော်တော်ကားလမ်း တောက်လျှောက်ပေါက်နေပြီဖြစ်တဲ့ ဖိုးဦးတောင်အထိ။

စိတ်က ရော်ရှမ်းမှန်းဆလို့ မျှော်ကာကြည့်လိုက်တော့ ဖိုးဦးတောင်အထိ ထင်ထင်ရှားရှားကြီး ဖူးမြော်ရ၊ ဝမ်းသာကြည်နူးရ။

အလွမ်းဓာတ်ခံက ဆွေးအောင် ဖန်သလိုလို၊ ဟိုလိုလို၊ ဒီလိုလို ကုန်းဘောင်ခေတ်ကို ရောက်သွားသလိုလို။

ကုန်းဘောင်ခေတ်နှောင်း ပုဂံမင်းလက်ထက်က သီရိခေတ္တရာရသေ့မြို့ဟောင်း မြင်ဗာဟုတောင်တော်မဟာ စေတီတော်မြတ်ကြီးမှာ သာသနာပြုကျောင်းထိုင်ခဲ့တဲ့ **'စာထိုးဘုန်းကြီး'** ဆိုတာ ရှိခဲ့တယ်။

'ညနေ ညနေဆိုရင် စာထိုးဘုန်းကြီး ရောဝတီမြစ်ကြီးကို ဖြတ်ကူးပြီး ဖိုးဦးတော ဘုရားကို ဆီမီးပူဇော်သည်'

လို့ ပေါင်းတည်မြို့ အဋ္ဌာရသစာပုံ တိုက်က ပုံနှိပ်ထုတ်ဝေခဲ့တဲ့ စာအု တစ်အုပ် **'ဝိဇ္ဇာမယခနေသိဒ္ဓိကျမ်း** စာမျက်နှာ (၃၄၆–၃၇၇) ဝိဇ္ဇာဓိုရ် ဟူသော ဝါဒမသင့်သည်ကို ပြခြ ဆိုတဲ့ အခန်းမှာ ရေးသားထားတယ် စာပြီးနှစ်တော့ မပါဘူး။ ဒါပေမယ့် **'ဝိဇ္ဇာမယပညာညွှန့်ပေါင်းကျမ်** မှာတော့ စာပြီးနှစ်ကို ဖော်ပြထား တယ်။

ခရစ်နှစ် ၁၉၁၂ ခုနှစ်၊ မြန် ကောဇာသက္ကရာဇ် ၁၂၇၄ ခုနှ တော်သလင်းလပြည့်ကျော် (၁၁)ရ တနင်္ဂနွေနေ့မှာ ကျမ်းပြုပြီးစီးအော မြင်တဲ့အကြောင်း၊ ကျမ်းပြီး ဆုတောင်း၊ ကျမ်းပြီး အာသီသဂါ အဆုံးမှာ ရေးသားဖော်ပြထားတယ်

ဝိဇ္ဇာမယ ပညာညွှန့်ပေါင်းကျမ်း ဝိဇ္ဇာမယခနေသိဒ္ဓိကျမ်းထက် တယ်။ ကျမ်းနှစ်စောင်စလုံးကို ကျမ်း **ဆရာ ဦးကျမ်းဆွယ်**က ရေးသာ တာပဲ။

စာထိုးဆရာတော်ကြီး ဖိုးဦးတော ကိုအသွား ရောဝတီမြစ်ကြီးကို ဖြ ကူးတဲ့အခါ ရေပြင်ကို မြေပြင်ထင် ဥဒကသိဒ္ဓိပြီးခဲ့လေသလား…

ကောင်းကင်ယံ အဇ္ဈာမှာ ကြွ ကာကြွလို့ အာကာသသိဒ္ဓိ ပြီးခဲ့ သလား… မြေကိုပဲ လျှိုခဲ့ သလား…

မောင်ဖိုးဟန် အတွေးတွေ ရှေ့ဆက်မသွားတော့ဘဲ ဘိုးဘိုး တိုက်ရှေ့က တစ်ဆစ်ချိုး လေ ကလေးဆီ ဖြတ်ဝင်လို့တယ်။





www.burmeseclassic.com

www.burmeseclassic.com

လိုက်ပြီ။

တရားဂူ (၂)နဲ့ (၃)အကြားက တန်ဆောင်းလေးထဲမှာတော့ ဆရာရသေ့ ဦးအောင်နက် ချိန်းတဲ့ရက်မျက်။ ဆက်ဆက်ပြီး ရောက်နေပါကော။ လူလဲစုံပ။

ဦးလှဖေ၊ ဦးစိန်လှ၊ ဆရာဟန်၊ ဆရာပုဏ်၊ ဒေါ်ကြည်အေး၊ ဒေါ်ရှင်း တို့တစ်တွေ ယောဂီဝတ်စုံတွေနဲ့။

ဗုဒ္ဓဝေယျာဝစ္စ ဆောင်ရွက်လုပ်ကိုင်နေကြ။ အသီးသီးမှာက တာဝန်ကိုယ်စီ။

ဖိုးဟန်ကို မြင်လိုက်ကြတော့ အားလုံးကဝမ်းသာ။ ပီတိတွေ ဖြာကြလို့။ နေရာတွေပေး။ ရေနွေးလဲလိုက်။ အမြည်းနှိုက်ဖို့ မျက်စပစ်။

ဆရာရသေ့ ဦးအောင်နက်က အောင်မြင်စေကြောင်း "ခပေါင်း" မီးကရက်ကို ရက်ရက်ရောရော စွန့်ကြဲပေးကမ်း။

လက်[illegible]ကမ်းအကွာမှာ မောင်ဖိုးဟန် ထိုင်လို့ဦးချ။ ပေးသမျှ ဆုတွေကို ငုံအောင်ယူ။ ကြည်ဖြူတဲ့နှလုံး၊ ရွှင်ပြုံးတဲ့မျက်နှာနဲ့ ဘေးဝဲယာကြည့်လိုက်တော့...


မှန်အိမ်ကလေးတစ်လုံး၊ မီးကလဲလင်းလို့ နေ့ခင်းကြီး ကြောင်တောင်။

ပဋိသန္ဓာရစကားတွေ ပြောကြားလို့အပြီး နေ့ခင်းကြောင်တောင် အလင်းဆောင်နေတဲ့ မှန်အိမ်လေး အကြောင်းကို ဖိုးဟန်ကမေးတယ်။ ဆရာရသေ့က ဆရာဟန်ကို မေးဖို့ပြောတယ်။

ဆရာဦးဟန်တို့ကို ဖိုးဟန်က ကြည့်လိုက်တော့...

'ညမှ ဆက်ပြောမယ်'

တဲ့။ စျေးကိုင်လိုက်တာ။ ဆရာဟန်ဆိုတာလေ။ တကတည်း။




နေ့ခင်းကြောင်တောင်
မီးလင်းတဲ့ မှန်အိမ်

စောင့်လိုက်ရတာ။ နာရီပေါင်းများစွာ။ ညပုသ်စောင့်ထားလို့ ညစာအတွက်ကတော့ ဝန်တာအေး။ မန်ကျည်းဖျော်ရည် အေးအေးလေးကိုသောက် အောင့်အောင့်ပြီးစောင့်။ အမောတကော အပြောကိုလေ။

ရောက်တတ်ရာရာ ပြောကြဆိုကြရင်း နေဝင်လို့ မိုးအချုပ် ရုတ်တရက် ဖိုးဟန်က မှန်အိမ်လေးအကြောင်း ဆရာဟန်ကို မေးတယ်။ ကောက်ကာငင်ကာ ခခယမ်းယမ်း။

ဆရာဟန်က လူပုစိတ်တို။ ဖိုးဟန်ကိုတော့ စိတ်ရှည်လက်ရှည်ကို ပြောပြတယ်။ အချိန်ယူပြီးတော့ကို ပြောပြတာ။ အကြာကြီးမှ အကြာကြီး။

မှန်အိမ်လေးအကြောင်းကို ဖိုးဟန်သိရပြီ၊ ခရေစေ့တွင်းကျ။ အသေးစိတ်။ တစ်ခုမကျန်။

မောင်ဖိုးဟန် ပြည်မြို့ကအပြန် တရုတ်မှော်ကို ရောက်တာနဲ့ နေ့မီးလင်းမှန်အိမ်လေးဇာတ်လမ်းကို ဆရာဟန် ပြောပြလိုက်တဲ့အတိုင်း ဆရာပုဏ်ရဲ့ ထောက်ပင့်ဖြည့်စွက်ချက်တွေနဲ့အညီ စမ်းသပ် လုပ်ကိုင်တော့တာပါပဲ။

တစ်သဝေမတိမ်း တထေရာတည်း၊ တစ်ထပ်တည်း။ ကဲ... စပြီ။

* * *

မနက်(၄)နာရီထိုး မောင်ဖိုးဟန်အိပ်ရာကနိုးပြီ။ ကိုယ်လက်သန့်စင်။ မျက်နှာသစ်။ ကျင့်ဝတ်မပျက်။ ဘုရားဝတ်တက်။

မြတ်ဗုဒ္ဓကို ဆီမီး၊ ရေချမ်း၊ ပန်းနံ့သာတိုင်တွေ လှူ။ အနန္တောအနန္တ ငါးပါးပွဲမှာ နံ့သာ(၅)တိုင်လှူ။ လက်ဆယ်ဖြာ ရင်မှာယှက် ရတနာ(၃)ပါး ဦးထိပ်ရွက်။ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် ဦးနှိမ်ချ။ ရှိခိုးကော်ရော် ပူဇော်ကန်တော့ရ။

ဩကာသနဲ့ ငါးပါးသီလခံယူ။

မြတ်ဗုဒ္ဓနှုတ်တော်က မိန့်မြွက်ခဲ့သမျှ ပရိတ်တော်ဒေသနာများကို ခပ်တိုးတိုး ရွတ်ပွား။ အမိဋ္ဌာန်ပုတီးပတ် ရည်မှတ်တဲ့အတိုင်း တစ်ပတ်ပြီးတစ်ပတ် ဆက်တိုက်စိပ်လို့သွား။

အများသတ္တဝါ ဝေနေယျတို့ ကိုယ်နဲ့ထပ်တူ ရကြစေကြောင်း စေတနာကောင်းနဲ့ အမျှဝေ။ မေတ္တာတွေပို့ မနောဘဝင်မှာ ကြည်နူး။ ရွှင်မြူးလို့ ဝမ်းသာ။ ချမ်းသာတဲ့ကိုယ်စိတ် ဟိတ်အပြည့်နဲ့။

ဘယ်အရာနဲ့မှ မလဲနိုင်တဲ့သုခ။ နေ့စဉ်နေ့တိုင်းရ။ အဟောဝတ ကောင်းလေစွ။

မနက် မိုးမလင်းမီ ဝေလီဝေလင်းမှာစ။

ခဏအကြာ တံမြက်စည်းတစ်ချောင်းနဲ့ အိမ်ရှေ့က လမ်းမတစ်လျှောက်မှာ လှည်းကျင်း။ ဂုဏ်တော်များနဲ့ ပရိတ်မြတ်ရွတ်ဖတ်။ ဒီလို



www.burmeseclassic.com

www.burmeseclassic.com

ထပ်လို့ယူ။

အိပ်ရာက မနက်စောစောနိုးထ။ ပြုဖွယ်ကိစ္စ(၃)ဖြာ **'ဒါန၊ သီလ၊ ဘာဝနာ'**။

မောင်ဖိုးဟန်မှာ အဓိဋ္ဌာန်ခရီး အောင်မြင်ပြီးစီး။ ရှေ့ဘဝခရီးအတွက် ကတော့ အညွန့်ကလေး တလူလူကို မှန်းကြည့်ပါလို့မြင်။ အပူအပင်တွေကင်း။ နောက်ဆံတင်းစရာလဲမလို။

ဩော် ဒါနဲ့ ဟို နေ့ခင်းကြီး မီးလင်းတဲ့မှန်အိမ် ဖာတ်လမ်းအရှိန်လေး မြှင့်လိုက်ကြရအောင်။


ဆရာဟန် ပြောစကားအရ နာက (၁)ကျပ်သား၊ ကန့်က(၃)ကျပ်သား (ကျည်တောက်ကန့်) နံပါတ်(၅)လုံ ဖောက်ကနှစ်လုံး။ နံပါတ်(၂) ဖောက် လုံကတစ်လုံး။ ပြဒါးသန့်သန့်က (၅)မူးသား။ မှန်အိမ်ကလေးက တစ်လုံး၊ ရေနံဆီ၊ သွပ်နန်းကြိုးလေးက တစ်တောင်လောက် မရှိတရှိ။

လိုအပ်တဲ့ အမည်အားလုံးက ဖိုးဟန်မှာ ရှိပြီးသား။ ဘယ်သူ့ကိုမှ အပူကပ်စရာမလို။ ဘယ်မှ သွားရှာစရာမလို။ ဝယ်စရာလဲမလို။ အသင့်။ လိုရမည်ရဆောင်ထားတာ။ ဝယ်ယူစုဆောင်းထားတာ။

မောင်ဖိုးဟန် ဖိုခွင်ပြင်တယ်။ ဖိုခွင် မျက်နှာသစ်တယ်။

ဖားဖိုကို လေဟာ,မဟာကြည့်တယ်၊ ပြင်တယ်၊ ညှပ်ကြီး၊ ညှပ်လတ်၊ ညှပ်ကလေး၊ ဂေါက်၊ မီးသွေး၊ ရေအင်တုံ ဖိုခွင်ဘေး ပတ်ပတ်လည်မှာ အစီအရီ၊ လက်တစ်ကမ်းအကွာ။

ကျည်တောက်ကန့် (၃)ကျပ်သားကို အတုံးကလေးတွေ တုံးတယ်။ ကြွေပန်းကန်ပြားထဲကို ထည့်တယ်။ အတုံးတွေက မညီဘူး။ တစ်ပဲသား၊ တစ်ပဲသားပျော့ပျော့၊ တစ်ပဲသား



သာသာ မညီမညာ။

လုံခါးပြတ် နံပါတ်(၅)ထဲကို နာ(၂)ကျပ်သားထည့်တယ်။ လုံငှားဖုံး ဖုံးတယ်။ လုံကို ဖိုခွင်ထဲထည့်။ နှာပေါက်နဲ့ ဓာတ်တိုက်တည်။

လုံဘေးပတ်လည်မှာ မီးသွေးဖြည့်။ လုံငှားဖုံးပေါ်မှာ မီးသွေးတစ်တုံးတင်။ အဲဒီမီးသွေးနဲ့ ညီအောင် လုံဘေးတစ်ဝိုက်မှာ မီးသွေးထပ်ပြီး ဖြည့်ထည့်။ ဖားဖိုကိုဆွဲ။ လေအေးလေးနဲ့စ။

ဖိုခွင်မှာ မီးညွန့်တက်ပြီး ဝိုင်းလာတော့ နာက အရည်ပျော်နေပြီ။ လုံငှားဖုံးပေါ်က မီးခဲကိုဖယ်။ လုံငှားဖုံးကိုဖွင့် ညှပ်တိုလေးနဲ့ လုံနှုတ်ခမ်းကိုညှပ်။

ဝါးဆစ်ပိတ် ထက်ခြမ်းခွဲ ဝါးဆစ်မြောင်းကလေးထဲကို နာပျော်ရည်ကို ဖြည်းဖြည်းဖြည်းဖြည်း လက်ပြန်လောင်းပြီး သွန်လိုက်တယ်။

မောင်ဖိုးဟန် နာပျော်တာကို အလွန်မခံဘူး။ နာပျော်ရည်အငွေ့တက်မခံဘူး။ နာပျော်တာနဲ့ လောင်းတာပဲ။ မြန်မြန်ဆန်ဆန်။ အမြန်။

ဝါးဆစ်ရဲ့ အနိမ့်တစ်ဖက်ထိပ်မှာ နာပျော်ရည်သွားပြီးစုတယ်။ နောက်ဘက်မှာတော့ ကြွက်မြီးကလေးတန်းလို့။ ပြားချပ်ကပ်ပြီး ကျန်ခဲ့တယ်။

လုံကို ဖိုခွင်ထဲပြန်ထည့်။ မီးနာအောင် ပြန်ထား။ လုံငှားဖုံးကို ပြန်ဖုံး။

ဝါးဆစ်မြောင်းကလေးထဲက နာခဲသွားတော့ နာကို ညှပ်နဲ့ညှပ်ပြီးယူ။ ဖိုခွင်ထဲ ထည့်ထားတဲ့ လုံရဲ့ လုံငှားဖုံးကိုဖွင့်။ နာခဲကို လုံထဲပြန်ထည့်။

ဖားဖိုကြိုးကို တစ်ချက်ချင်း[...]
လေကို ပြတ်တောက်ပြတ်တော[...]
တစ်လုံးချင်းသွင်း။ (၃)မိနစ်အတွ[...]
နာပျော်တာပဲ။

လုံပေါ်လုံဘေး မီးသွေးတွေ[...]
ချပေး၊ ဖြဲပေး။ လုံငှားဖုံးကို ဖွင့်ကြ[...]
မောင်ဖိုးဟန် ငုံ့ကြည့်လိုက်လို့ ကို[...]
အရိပ်ပေါ်တာနဲ့ တစ်ပြိုင်နက် လုံနှု[...]
ခမ်းကို ညှပ်တိုလေးနဲ့ညှပ်။ ဆတ်[...]
ဆွဲပြီး အပေါ်တင်။

ဝါးဆစ် မြောင်းကလေးထဲ[...]
လုံစောင်းပြီး လက်ပြန်လောင်းထည့်[...]
လောင်းထည့် လောင်း လောင်းထည့်[...]

မောင်ဖိုးဟန် လောင်း လောင်း[...]
ထည့်လိုက်တာ နာတွေ လျော့,လျော့[...]
သွားတယ်။ နာထုကလဲ ကျစ်သ[...]
တယ်။ တစ်တစ်ကလေး။ ပြဒါး[...]
ဖွေး။

နာတစ်ကျပ်သားလောက်ပဲ ကျ[...]
တော့မယ်လို့ ထင်တဲ့အချိန် မော[...]
ဟန် နာဓာတ်သားကို ချိန်ကြည့်တ[...]
တစ်ကျပ်သား နည်းနည်းလေး[...]
တယ်။ ရွှေးကြီးတစ်ရွှေး။

ဖွေးဖွေးလှုပ်။ မြူတ်တွေထ။ ဖ[...]
ဥလေးတွေ တွဲခဲနေတဲ့နာ။ မက်[...]
လေး။

ဒီနေ့တော့ နာပြဒါး ထုတ်လိုက်[...]
တော်တော်မောသွားပြီ။ မောင်ဖိုး[...]
အနားယူမှ ဖြစ်တော့မယ်။ ပင်ပန်း[...]
သကို။

ဒါပေမယ့် မောင်ဖိုးဟန် မနား[...]
သေး။ ကျည်တောက်ကန့် အစ[...]
လေးတွေကို ပြန်ကြည့်။ ပြည့်စုံအော[...]
ထပ်ပြီးစီစဉ်။

နောက်နေ့မနက်မှာတော့ ဖို[...]
သန့်ရှင်း။ မျက်နှာသစ်။ [...]
နံပါတ်(၅)ထဲကို နာသန့်တစ်ကျပ်[...]



www.burmeseclassic.com

www.burmeseclassic.com

ကိုထည့်။ လုံကို ဖိုခွင်ထဲမှာထည့်။ နာပေါက်နဲ့ ဓာတ်တိုက်အနေအထား။ လုံငှားဖုံးကို ဖုံး။

လုံဖောက်ဘေး ပတ်လည်မှာ မီးသွေးခဲကြီးကြီး (၃)ခဲကို ဖိုခုံလောက် ဆိုင်ထည့်။ လုံငြိမ်ပြီဆိုတာနဲ့ လုံတစ် ဝက်အထိ မီးသွေးထပ်ထည့်။ ထမင်း ချက်မီးဖိုထဲက မီးခဲ(၃)ခဲလောက်ကို ယူ။ မီးသွေးတွေ အပေါ်ကတင်။

အဲဒီအပေါ်က မီးသွေးတွေထပ် တင်။ ဖိုခွင်ကိုကြည့်။ ဖိုကြိုးကိုဆွဲ။ လေသွင်း။ လေပြည်လေညင်း လေအေး လေးပဲသွင်း။

မီးသွေးတွေ မီးစွဲတော့ လေကို တဖြည်းဖြည်း တင်းတင်းပြီးဆွဲ။ ဖိုဆွဲ ချက်တင်းတာနဲ့ မီးကလဲပြင်း။

လုံထဲကနာ အရည်ပျော်ပြီ။ နာဆို တာက ပျော်နှုန်းနိမ့်သကို။ နိမ့်ရတဲ့ အထဲ နာခဲကအသန့်။

ဖိုကြိုးကို လက်ကလွှတ်၊ လေကိုရပ် လုံငှားဖုံးပေါ်က မီးသွေးခဲ မီးခဲတွေကို ညှပ်တိုလေးနဲ့ညှပ်၊ ဖိုခွင်အတွင်း နှုတ်ခမ်းဘေးပတ်လည်မှာတင်။ လုံငှား ဖုံးကို ညှပ်တိုလေးနဲ့ ဆွဲညှပ်ဖွင့်။ ဖိုခွင် နှုတ်ခမ်းပေါ်မှာ တင်ထား။

ဖိုခွင်မီးရဲရဲ လုံထဲကို ငုံ့ကြည့်လိုက် တော့ လား... လား... လုံးပတ်လည် မီးဟိတ်ကြောင့် နာထိပ်လင်းပြီး အရည် ပျော်နေတယ်။ ဝင်းလို့။

အပူလောင်နေတဲ့ နာငွေ့ကလဲ ချစ်,ရစ်ပြီး ကြောင်လိမ်ပတ် တက်နေ တယ်။ မောင်ဖိုးဟန် ညှပ် လက်တံ အရှည်လေးနဲ့ ကြွေပန်းကန်ပြားထဲက ကန့်ကျည်တောက် တစ်ပဲသားလောက် အတုံးကလေးကို ညှပ်ပြီးယူတယ်။

ဖိုခွင် မီးရဲနေတဲ့ လုံထဲကို ချက်ချင်း တော့ မထည့်ဝံ့ဘူး။ ကမန်းကတန်း ထည့်လိုက်ရင် ကန့်က အပူကြီးပြီး



မီးထတောက်မယ်။ နာပျော်နေတဲ့ လုံထဲမှာ မီးတောက်လို့ မဖြစ်ဘူး။ ဒါကြောင့်...

ညှပ်နဲ့ညှပ်ထားတဲ့ ကန့်အတုံး ကလေးကို လုံထိပ်ဝအပေါ်မှာ ခဏ လောက် မီးပြတယ်။ ဖိုလေကိုရပ် မီးနဲ့နှပ်ထားလို့ အပူဓာတ်ကလဲ လျော့ တဲ့အချိန် ကန့်တုံးကလေး ညို့ခနဲ ဖြစ် လာတာနဲ့ ညှပ်ကိုဟ ကန့်ကို လုံထဲချ လိုက်တယ်။

နာပျော်ရည်ပေါ်မှာ ပလုံကလေး တွေစီ ပွက်ပြီး ကန့်ပျော်ရည်က အုပ် သွားတယ်။ ကန့်ပျော်ရည် ငြိမ်သွားတဲ့ အခါ လုံငှားဖုံးကို ပြန်ဖုံးတယ်။ ဖိုလေကို စသွင်းပြီ။ ဖြည်းဖြည်းညှင်းညှင်း။ နောက်တော့ တင်းလိုက်။

မီးတစ်အုပ်အကျမှာ လုံငှားဖုံးကို ဖွင့်ကြည့်လိုက်တော့ နာထဲကို ကန့် ပျော်ရည် စိမ့်ဝင်သွားပြီ။

ကန့်အတုံးကလေးတစ်တုံး လုံထဲ ကို ထည့်လိုက်ပြန်ပြီ။ ခဏစောင့်။ လုံငှားဖုံး ပြန်ဖုံး။ ဖိုပြန်ဆွဲ။

အဲဒီလို အကြိမ်ကြိမ် အခါခါ ကန့် တွေကုန်အောင် ပစ်ပစ်ပြီး ထိုးလိုက် တော့...

နာပေါ်မှာ ထိပ်ဆောင်းပြီး ဂျစ်ဆောင် တက်လာတယ်။ နာပျော်နှုန်းလဲ မြင့် သွားတယ်။ နာ ပျော်မှပျော်ရဲ့လားလို့ ထင်ရတယ်။ နာပျော်ရည်ကို မမြင်ရ တော့ဘူး။

ဖားဖိုမီးကို တဖြည်းဖြည်းမြှင့်လိုက် တယ်။ ဒါဟ မီး။ မီးပြင်းထိုးတယ်။

မီးရှိန်ပြန်ချ ဥဏှာသာသာ ထိုးပြန် တယ်။ ဥဏှာ။ ဥဏှာကနေ ဒါဟ၊ ဒါဟ ကနေ ဖားဖိုမီးကိုပြန်ချ။ တစ်ချက်ချင်း ပြန်ဆင်း။

ဥဏှာ။ ဥဏှာကနေ ပါစက၊ ပါစက ကနေ ဒါဟ၊ ကောလီမီးစုံ။

ကောလီမီးစုံ အစုန်အဆန် အပြန် ပြန်အလှန်လှန် ထိုးတယ်။ ဖားဖိုမီး နာချက်က ပြင်းသလို တင်းလဲတင်း တယ်။

ကန့်တွေကုန်အောင် ပစ်,ပစ်ပြီး ထိုးလိုက်တော့ နာထိပ်ဆောင်းကလဲ မြင့်,မြင့်ပြီး တက်လာတယ်။ လုံထဲမှာ အတောင့်လိုက်ကြီး။ မီးခဲလေးကို ရဲနေသလို။

နာထိပ်ဆောင်းကို တေဇောသွင်း လိုက်တာ။ တေဇောဝင်နေပြီ၊ တေဇော ရင့်အောင် ဆက်ထိုးတယ်။

နောက်ထပ် မီး(၃)အုပ်ထပ်ထိုး။ လုံငှားဖုံးကိုဖွင့်။ သဲခွက်ထဲကိုချ။ ဒီအဆင့်က...

ဆရာ ဦးဟန်တိုးရဲ့ ပြောစကားအရ သာဆိုရင် မောင်ဖိုးဟန် နာကို ကန့် ပေါက်ပြီး ချိုးလိုက်ပြီ။ နာကျိုးသွားပြီ။ နာကျိုးဖြစ်သွားပြီ။

ဒီနေ့အဖို့တော့ မောင်ဖိုးဟန် ဖိုနား။ နာကိုချိုးတဲ့ နာကျိုးလုံကို သဲခွက်ထဲ မှာ ဒီအတိုင်း ပစ်ထားလိုက်တယ်။

---

**ရှေ့လ ဆက်ဖတ်ပါရန်**

---

**ရွှေတောင် ခင်မောင်ကြည်**




www.burmeseclassic.com

www.burmeseclassic.com

# မေးခိုင်ပိုးဝင်တဲ့ ဝက်

ကိုကိုအောင်
(မြကန်သာ)
ဝက်လက်မြို့

ကုသနည်းမခက်



မြန်မာလူမျိုးများသည် အစားအစာများထဲတွင် အရွက်မှာ လက်ဖက်၊ အသီးမှာ သရက်၊ အသားမှာ ဝက်ဟု အရသာအရှိဆုံး အစားအစာအဖြစ် တင်စားပြောဆိုကြသည်။ ထို့အတူ ဝက်သတ္တဝါကို ဒေသတိုင်းလိုလို တစ်နိုင်တစ်ပိုင် မွေးမြူကြသလို မွေးမြူရေးခြံကြီးများနှင့်လည်း မွေးမြူကြသည်ကိုလည်း တွေ့နိုင်ပါသည်။

အထူးသဖြင့် ကျေးလက်ဒေသရှိ လူများသည် မိမိတို့ ရင်သွေးငယ်များအား အလှူအတန်းပေးနိုင်ရန် ဝက်များကို စုဘူးသဖွယ် အလေးထား မွေးမြူကြသည်ကိုလည်း တွေ့ရပါသည်။

တစ်နေ့ စာရေးသူနှင့်အတူ စာပေရောင်းရင်းများ ဖြစ်ကြသော ဆရာ မင်းဝသသန်ဦး(ဝက်လက်)၊ ဆရာသဏ်းဝင်း(ကြေး/မြေ)၊ ဆရာ နေသွေး(လိန်ပင်)တို့ ဆိုင်ကယ်(၂)စီးနှင့်အတူ ကိုမြင့်စိုးအောင် (သမိုင်းသုတေသီ)နေထိုင်ရာ ဟံလင်းမြို့ဟောင်းသို့ လေ့လာရေး ထွက်ခဲ့သည်။

ကိုမြင့်စိုးအောင်နှင့်အတူ ရွှေဂူကြီးဘုရားအား သွားရောက်ဖူးမြော်ပြီး နန်းတော်ဟောင်းနေရာ ပျူလူမျိုးတို့၏ ကျောက်ဖြစ်ရုပ်ကြွင်း ဖြစ်နေသော အရိုးစုများ၊ ရေပူရေအေးတွင်းများကို ဆက်လက်လေ့လာပြီး ကိုမြင့်စိုးအောင် ရှင်းလင်းပြောပြသည်များကို မှတ်သားခဲ့ကြသည်။

အပြန်ခရီးတွင် သခွတ္တောစံပြကျေးရွာမှာ နေထိုင်သော စာပေမိတ်ဆွေ ဆရာကောင်းခန့်(သခွတ်မြေ) အိမ်သို့ နားကြရန် ခြံဝင်းအတွင်း ကွေ့ဝင်ခဲ့သည်။ ခြံဝင်းထရံဘေး ဝက်ခြံဝါးလုံးတန်းကို လက်နှစ်ဖက်ထောက်ကာ အစာကျွေးနေဟန်တူသော ဆရာကောင်းခန့်က ဆိုင်ကယ်သံကြားရာသို့ လှည့်ကြည့်လိုက်ပြီး…

'ဟာ ကိုယ့်ဆရာတွေပါလား၊ လာကြဗျာ၊ အိမ်ရှေ့ဝဲတဲလျှားခုံမှာ ထိုင်ကြဦး၊ စားပွဲပေါ်မှာ ရေနွေးကြမ်းလဲရှိတယ်။ သောက်ကြဦးဗျ'

ဟု ဆိုကာ ရေနွေးကြမ်း၊ ထန်းလျက်ခဲ၊ မြေပဲဆန်ကြော်တို့နှင့် ညှိခံသည်။ ဆရာမင်းဝသသန်ဦး(ဝက်လက်) ကတော့ ဆာနေဟန်တူသည်။ မြေပဲဆန်ကြော်ဖွန်းကို လက်မှ,မချ တစ်ဖွန်းပြီး တစ်ဖွန်း လွေးနေသည်။ စာရေးသူက ရေနွေးကြမ်းကို အကြမ်းပန်ကန်းများထဲ ငှဲ့ထည့်ရင်း…

'ကောင်းခန့် ဝက်,ထောလှချည့်လား၊ မင်းကတော့ ဘော့(စ်)ပါပဲကွာ၊ ဘယ်နှကောင် မွေးထားလဲကွ'

ဒီမှာပဲ ကောင်းခန့်(သခွတ်မြေ)က…

'ဘော့(စ်)ဖြစ်မလားလို့ ဝက်မွေးပါတယ်ကွာ။ စားခွက်နှိုက် ဝက်လေး…
ကောင် ပါးစပ်လဲမဟနိုင်၊ အစာ…
မစားနိုင် ရောဂါတစ်မျိုးမျိုး ဖြစ်…
ထင်ပါရဲ့ကွာ'

ဟု စိတ်မကောင်းစွာ ပြော…
သည်။ ဒီတွင် ဝက်မွေးမြူဖူး…
နေသွေး(လိန်ပင်)က…

'ဆရာကောင်းခန့် ဘယ်ဝက်…
မကောင်းတာလဲ၊ လာဗျာ ကျွန်တော်…
ပြပါဦး'

ပြောပြောဆိုဆို ဆရာကောင်း…
ခေါ်သွားကာ နေမကောင်းသော…
ကို အတန်ကြာသွားကြည့်သည်…
ပြန်လာကာတန်းလျားမှာပြန်ထိုင်…

'ဆရာကောင်းခန့်ရာ ခင်ဗျား…
**မေးခိုင်ပိုးဝင်နေတာ**ဗျ။ ဒါ…
ပါးစပ်မဟနိုင်၊ အစာမစားမ…
တာ ဆေးမြီးတိုနည်းနဲ့ ကုလို…

စာမျက်နှာ (၁၇၆)



www.burmeseclassic.com

www.burmeseclassic.com

# ဂုဏ်တော်ဂါထာပြန်

## နှင့် စီရင်မှုအဖုံဖုံ

မောင်ဖယ်ဂိုး
(အင်းတော်)

ရှေးအစဉ်အဆက် ပညာရှင်ကြီးများ အမြတ်စွာဘုရား၏ ဂုဏ်တော်ဉာဏ် တော်များ၍ စီရင်ဆောင်ရွက်ခဲ့ကြသည်။

နားနောင်ဆရာတော် ဦးကလျာဏ ၏ အင်းစမ လက်ရေးမူထဲမှ ဖော်ပြ သွားလိုပါသည်။ မည်သူမဆို သီလ၊ သမာဓိရှိလျှင် အခက်အခဲ အကျပ် အတည်းများအတွက် စီရင်ဆောင်ရွက် နိုင်သည်။

တစ်ကြောင်းချင်းလည်း ရွတ်ဖတ် နိုင်သ...။ ဖယောင်းတိုင်တွင် ဂါထာ တစ်ပိုဒ်စီရေး၍ ခုနစ်နေ့နံ ဝဲ,ယာရံ၍ အောက်တွင် ခုနစ်နေ့ထားပြီး မီးထွန်း အစီအရင်အဖြစ်လည်း စီရင် ဆောင် ရွက်နိုင်သည်။ ဂါထာမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

* * *

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| (၁) | ကြ | ရ | ဏွာ | ဂ | တ္တ | ရ | သာ | → | ကာယသိဒ္ဓိ(ဂါထာ) |
| (၂) | တိ | ဟံ | စ | တော | ရော | ထိ | နံ | → | ရောဂါသိဒ္ဓိ(သူပြု) |
| (၃) | ဝိ | သ | ရ | လော | ပု | သ | ဗု | → | ဓနသိဒ္ဓိ(မုန်းသူ) |
| (၄) | သော | မ္မာ | ဏာ | က | ရိ | တ္တာ | ဒွေ | → | မသိဒ္ဓိ(ဆုလာဘ်) |
| (၅) | ဘ | သ | သ | ဝိ | သ | ဒေ | ဘ | → | ဘယာသိဒ္ဓိ(ဓန) |
| (၆) | ဂ | မ္မု | မ္ဗ | ဒ္ဒူ | ဒ | ဝ | ဂ | → | လောကုတ္တရာ(အခြေခံ) |
| (၇) | ဝါ | ဒွေ | န္တော | အ | မ္ဗ | မ | ဝါ | → | ဉာဏ်စဉ်(မေတ္တာ) |
| (၈) | အ | ဝိ | သု | နု | သာ | နု | တိ | → | ပိဋကတ်(ရာဇ) |

အထက်ပါ ဖော်ပြချက်အရ...

အမှတ်(၁) **ကြရဏွာဂတ္တရသာ** သည် ကာယသိဒ္ဓိဖြစ်ပါသည်။

မြန်မာ့လက်ဖွေ့ အကျော်အမော် များအဖို့ ရွတ်ဆိုဖို့သင့်သော ဂါထာ ဖြစ်ပါသည်။ ခရီးလမ်းသွားလာသည့် အခါတွင် အသုံးပြုနိုင်သည်။

(၂) **တိဟံစတောရောထိနံ...**

သည် ကျန်းမာရေး ညှိုးနေသည့်အခါ အခင်တွက်ရိုးများအရ တြင်းပြတ်၊ နဝင်းစန်းပြတ်၊ လွန်းပြတ်၊ ဓာတ်လေး ပေါင်းသုဉ်း၊ အာယုစန်းတိုင်ခြေနှင့် တိုင် ကူးနှင့် တိုင်ဆင်းတို့တွင် အာယုစန်း နက္ခတ် အနိမ့်ပိုင်းကျသည့်အခါ ဆီမီး ထွန်း ပူဇော်နိုင်သည်။ စုန်းပြု၊ နတ်ပြု နှင့် ခုနစ်စဉ်တိုက်တို့တွင်လည်း အသုံး ပြုနိုင်သည်။

(၃) **ဝိသရလောပုသဗု...**

ဓနသိဒ္ဓိနက္ခတ်နှင့် ကြုံချိန်ဖြစ်စေ၊ ငွေကြေးအတွက်ဖြစ်စေ မိမိအား အမုန်းထားနေသူများကို မေတ္တာသက် ဝင်လာအောင် စီရင် ဆောင်ရွက်နိုင် သော အစီအရင်ဖြစ်ပါသည်။

(၄) **သောမ္မာဏာကရိတ္တာဒွေ...**

သည် ဆုလာဘ်၊ လာဘ်လာဘများ အတွက် စီရင်ဆောင်ရွက်နိုင်ပါသည်။

(၅) **ဘသသဝိသဒေဘ...**

ဘေးဘယာ ကင်းစေရန်နှင့် ဓန ငွေကြေးအလို့ငှာ ဆောင်ရွက်နိုင်သည်။

(၆) **ဂမ္မုမ္ဗဒ္ဒူဒဝဂ...**

လောကုတ္တရာအလို့ငှာ အထောက် အပံ့ဖြစ်စေ၊ အခြေအရံအလို့ငှာ စီရင် လိုသည့်အခါ ဆောင်ရွက်နိုင်ပါသည်။

(၇) **ဝါဒွေါန္တောအမ္ဗမဝါ...**

ဉာဏ်စဉ် လောကီ, လောကုတ္တရာ ဉာဏ်နှင့် စပ်လျဉ်း၍ လည်းကောင်း၊ မေတ္တာချစ်ခင် သက်ဝင်စေဖို့ စီရင် ဆောင်ရွက်နိုင်သည်။

(၈) **အဝိသုနုသာနုတိ...**

ရာဇာမင်းများနှင့် စပ်လျဉ်း၍ဖြစ်စေ ရာထူးဌာနန္တရအတွက် ဆောင်ရွက် သည့်အခါတွင်လည်း ဆောင်ရွက်နိုင် သည်။

ဖယောင်းတိုင်တွင် မိမိ လိုလား တောင့်တ ရာအရ စီရင် ဆောင်ရွက် နိုင်ပါသည်။

**ဥပမာ** ။ ။ ဂါထာအပိုဒ်(၃)ကို စီရင် ဆောင်ရွက်လိုပါက အောက်ပါ အတိုင်း စီရင်နိုင်ပါသည်။

* * *






www.burmeseclassic.com

www.burmeseclassic.com

ဖယောင်းတိုင်ဖြစ်စေ၊ ပျားဖယောင်းနှင့်ဖြစ်စေ စီရင်နိုင်သည်။ ပျားဖယောင်းနှင့် စီရင်ပါက ချည်မျှင်သည် ဆောင်ရွက်လိုသူ၏ သက်စေ့ချည်မျှင် ဖြစ်ဖို့လိုပါသည်။

မွေးနေ့ နံနက်ဖြစ်စေ၊ ညဥ့်ဖြစ်စေ မြတ်စွာဘုရားရှင်အား ဆီမီးပူဇော်ပါ။ ဂုဏ်တော် (၉)ပါးဖြင့် (၃၇)ခေါက်ရွတ်ပါ။ **ဝိသာရလောပုသဗု** ဂါထာနှင့်လည်း (၇)ခေါက်ရွတ်ပြီး ထွန်းပါ။

မီးပူဇော်နေစဉ် **ရတနသုတ်၊ မေတ္တသုတ်၊ ယံဒုန္နိမိတ္တံ**တို့ဖြင့် ရွတ်ဖတ်ပူဇော်ပါ။ နေ့နံအလိုက် ဘုရားဂုဏ်တော်ကို ပုတီး(၁၀)ပတ်စိပ်ပါ။ မေတ္တာပို့အမျှဝေပါ။

**နေ့သားအလိုက် ပုတီးစိပ်ရမည့် ဂုဏ်တော်(၉)ပါး**

| | | | |
|---|---|---|---|
| ၁။ | တနင်္ဂနွေသား/သမီး | အရဟံ | ပုတီး(၁၀)ပတ် |
| ၂။ | တနင်္လာသား/သမီး | သမ္မာ သမ္ဗုဒ္ဓေါ | ပုတီး(၁၀)ပတ် |
| ၃။ | အင်္ဂါသား/သမီး | ဝိဇ္ဇာစရဏသမ္ပန္နော | ပုတီး(၁၀)ပတ် |
| ၄။ | ဗုဒ္ဓဟူးသား/သမီး(နံနက်) | သုဂတော | ပုတီး(၁၀)ပတ် |
| ၅။ | ရာဟုသား/သမီး(မွန်းတည့်အလွန်) | လောကဝိဒူ | ပုတီး(၁၀)ပတ် |
| ၆။ | ကြာသပတေးသား/သမီး | အနုတ္တရောပုရိသဒမ္မသာရထိ | ပုတီး(၁၀)ပတ် |
| ၇။ | သောကြာသား/သမီး | သတ္ထာ ဒေဝမနုဿာနံ | ပုတီး(၁၀)ပတ် |
| ၈။ | စနေသား/သမီး | ဗုဒ္ဓေါ | ပုတီး(၁၀)ပတ် |
| ၉။ | ကိတ်သား/သမီး(စနေ မွန်းတည့်ဖွားသူ) | ဘဂဝါ | ပုတီး(၁၀)ပတ် |

* * *

စာဖတ်သူများ ငွေကြေးကုန်ကျသက်သာပြီး လိုအင်ဆန္ဒများအရ စီရင်ဆောင်ရွက်ပါ။

ပွဲအဖြစ် ပေးနိုင်က ပေးပါ။ မပေးနိုင်ပါက သစ်သီး(၃)လုံး၊ ဆီမီး(၃)တိုင်၊ သောက်တော်ရေ(၃)ခွက်တို့ဖြင့် ပူဇော်ကန်တော့ပြီး စီရင် ဆောင်ရွက်နိုင်ပါသည်။

လိုအင်ဆန္ဒပြည့်ဝ၍ သူတော်ကောင်းစိတ်ဖြင့် စီရင်ဆောင်ရွက်နိုင်ကြပါစေ။

***အာယု ဝဏ္ဏော သုခံ ဗလံ***

**မောင်ဗဟိန်း(အင်းတော်)**

စာမျက်နှာ (၁၇၄)မှ အဆက်

ပျောက်ပါတယ်'

ဒီတွင် ဆရာသဏ်းဝင်း(ကြေး/မြေ)က...

'ဟကောင်ရ ဆေးနည်းရှိတာတော့ ဟုတ်ပါပြီ။ မင်းက ပြောဦးမှပေါ့'

'ပြောပါမယ်ဗျာ၊ ဒီလိုဗျ ရောဂါဖြစ်တဲ့ဝက်ကို ရေနံချေး ဆီးဖြူသီးခန့် (၂)နာရီခြား (၁)ကြိမ် ပါးစပ်ထဲဝင်အောင် တိုက်ပေးရတယ်ဗျ။ အဲဒါက တစ်နည်းဗျ။

နောက်တစ်နည်းက နာနတ်ရွက်ကို ထုချေပြီး သတ္တုရည်ကို ညှစ်ယူ လက်ဖက်ရည် ပန်းကန်တစ်ဝက်လောက်ရရင် တိုက်ပေး။ အဲဒီလို (၃)နာရီတစ်ကြိမ် တိုက်ပေးရင် ခင်ဗျားဝက် ပါးစပ်ဟလာပြီး အစာ စားလာပါလိမ့်မယ်။ ဖြစ်နေတဲ့ရောဂါ မကြာခင် သက်သာပျောက်ကင်းသွားမယ်ဗျို့။ ခင်ဗျား ဝက်ကလေးတွေကို ကျွန်တော် ကြည့်လိုက်ကတည်းက 'ဝိုက်'ထားတာ တွေ့ရတယ်လေ။ အနာမကျက်ခင် ရွှံ့လူးတော့ ပေးခိုင်ပိုး ဝင်တာပေါ့ဗျာ'

ဒီတော့ဗျာ ဆရာကောင်းခန့်က ဝမ်းသာစွာဖြင့်...

'အေးကွာ ကျေးဇူးပဲဟေ့ ပြီးမှ မင်းပြောတဲ့ဆေးမြီးတိုနည်းနဲ့ ကုပေးရဦးမယ်ကွာ'

အတန်ကြာ ဆရာကောင်းခန့်နှင့် စကားစမြည် ပြောကြပြီး နှုတ်ဆက်ကာ စာရေးသူတို့အဖွဲ့ ဝက်လက်မြို့သို့ ဆိုင်ကယ်နှစ်စင်းနှင့် ထွက်ခွာခဲ့ကြပါတော့သည်။

**[ဆေးမြီးတို ပြောပြသော ဆရာနေသွေး (လိန်ပင်)အား ကျေးဇူးတင်စွာဖြင့်...]**

**ကိုကိုအောင်(မြကန်သာ)**
**ဝက်လက်မြို့**

**စာမူပို့ရ...**

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၃၃၊ (၂၉)လမ်း
ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၄၂...



www.burmeseclassic.com

www.burmeseclassic.com

# မင်္ဂလသုတ် ပရိတ်ထဲက



## အစွမ်းထက်တဲ့ အင်းတစ်ကွက်

ရသဂမ္ဘီရ ကျော်ဝင်းအောင်
(မြည်-ဆည်မြောင်း)

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် အင်းစမကဏ္ဍကို ထပ်မံတိုးချဲ့ ရေးသားထားသည်ကို လေ့လာဖတ်ရှုရပါ၏။ ထိုသို့ဖတ်ရှုရသောကြောင့် ငယ်စဉ် ကလေးဘဝက အဘိုးလေး၊ အဘိုးကြီး၊ ဘကြီးဆရာတော်များမှ ဦးပဥ္စင်း၊ ကိုရင်ကြီး၊ ကျောင်းသားကြီးများကို စာသင် အားလပ်ချိန်တိုင်း အင်းပညာ၊ စမပညာ၊ ဗေဒင်ပညာ၊ ဆေးပညာများ သင်ကြားပို့ချနေသည်ကို ဘုန်းတော်ကြီးကျောင်းအလည်အပတ်ရောက်တိုင်း အနီးမှနေ့စဉ်လိုလို မြင်တွေ့ရသည်။

ထို့အတွက်ကြောင့်ပင် စာရေးသူသည် အထက်ပါ ပညာရပ်များကို အတော်အတန်နီးပါး တီးမိခေါက်မိ ရှိခဲ့ပါသည်။ နေ့စဉ် တွေ့ပါမြင်ပါများသောကြောင့်လည်း ဖြစ်သည်ဟု ဝန်ခံရပါသည်။

ရှေး ဆရာတော်ကြီးများသည် အပည့်များ သာသနာဘောင်တွင် မပျော်ပိုက်၍ လူဝတ်လဲခဲ့သော် လူ့ဘဝတွင် စားသောက်နေရေး အဆင်ပြေစေရန်အတွက် အတတ်ပညာတစ်ခုအဖြစ် သင်ကြားပေးလိုက်ခြင်း ဖြစ်သည်။

ထိုခလေ့သည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၊ မုံရွာခရိုင်အတွင်းရှိ ကျေးလက်တောရွာ ကျောင်းများတွင် ယနေ့တိုင် မြင်တွေ့ရဆဲဖြစ်သည်။ သို့သော် ယခင်ကလောက် များပြားမှု မရှိတော့ပါ။ ယနေ့ သိပ္ပံခေတ်၏ တိုးတက်မှုကို မှီခိုလာသောကြောင့် လျော့ကျလာနီးပါးမျှ မြင်တွေ့ရတော့သည်။

အင်းအိုင်၊ စမ၊ ဗေဒင်ပညာ တိုင်းရင်းဆေးပညာများသည် အလွန်ကြည်ညိုဖွယ် ကောင်းလောက်အောင် အစွမ်းများ ရှိနေပါသည်။

ထိုပညာရပ်များသည် များသောအားဖြင့် မြတ်စွာဘုရားရှင်၏ ဓမ္မစက် ရတနာသုံးပါး ဂါထာမန္တန်များကို အခြေခံပြုထားသည်သာ များပါသည်။

ထိုသို့ အခြေခံပြုထားရာတွင်လည်း စည်းကမ်းတကျ ဆောင်ရန်ရှောင်ရန်တို့ကိုလည်း သတ်မှတ်ထားကြသည်။ ထို့အတူ စီရင် ပြုလုပ်ဆောင်ရွက်ရာတွင်လည်း လိုက်နာရန် သတ်မှတ်ချက်များ ရှိပါသေးသည်။ စာရေးသူ လေ့လာသိရှိ မှတ်သားမိသလောက်မှာ...

အင်းလက်ဖွဲ့ စီရင်ရာတွင် **စာကို အရင်း၊ အင်းကို အဖျား(ခေါင်းပိုင်းဘက်)** စမရုပ်ကို ခြေကစလိပ်ရမည်။

စီရင်စဉ်အတွင်း...

၁။ စကားမပြောရ၊
၂။ ဝင်ထွက်သွားခြင်းမရှိ၊
၃။ တံတွေးမထွေးရ၊
၄။ စအိုပိတ်ပြီး မထိုင်ရ

စသည်တို့ကို သတိကောင်းကောင်းချပ်ရမည်။ ထို့အပြင် အင်းစီရင်ရာ၌လည်း အင်းကျိုး၊ အင်းစောင်း၊ အင်းပေါက်၊ အင်းရွဲ့ခြင်း၊ အပြစ်များကိုလည်း ကင်းစင်အောင် စီရင်ဆောင်ရွက်ရမည် ဖြစ်သည်။

**ထိုသို့ စနစ်တကျ စီရင်ဆောင်ရွက်တတ်ပါက မိမိအပေါ်ကိုဖြစ်စေ၊ သူတစ်ပါးအပေါ်ကိုဖြစ်စေ မကောင်းကြံစည်လုပ်ကိုင်သူများကို တန်ပြန်ပညာတစ်ရပ်အဖြစ် အသုံးပြုကြပါသည်။**

အင်းအိုင်စမများကို စီရင်သုံးစွဲရာတွင်...

- ✤ သီလလုံခြုံမှုရှိခြင်း။
- ✤ အင်းစမပညာရပ်ကို စနစ်တကျ ကောင်းစွာ စီရင်နိုင်ခြင်း။
- ✤ ဘာသာတရားကို ကိုင်းရှိုင်းမှုရှိခြင်း။
- ✤ အမဲသား( နွားသား၊ ကျွဲသား ) မြွေသား၊ ခွေးသား မစားသူဖြစ်ရမည်။
- ✤ သေရည်သေရက် ထန်းရည် သောက်စားသူ မဖြစ်ရခြင်း။
- ✤ သူတစ်ပါးအိမ်ရာ( လင်ရှိမယား )ကို ကျူးလွန်သူ မဖြစ်ရခြင်း။

စသော အချက်များကို ရှောင်ကြဉ်သောသူ ဖြစ်ပါက စီရင်ရာတွင် ပိုမိုအောင်မြင်နိုင်ကြောင်း ကြားနာမှတ်သားဖူးပါသည်။





www.burmeseclassic.com

www.burmeseclassic.com

သို့ရာတွင် အင်းပညာနှင့် စမပညာတွင် အင်းပညာသည် ပိုမိုနက်ရှိုင်းသည်ဟု ပြောကြပါသည်။ စာရေးသူလည်း တွေးကြည့်မိပါ၏။ ဟုတ်ပါပေသည်ဟု ဝန်ခံမိပါသည်။ အဘယ်ကြောင့်နည်းဟု ဆိုသော် အင်းကဏ္ဍတွင် အင်းကျိုး၊ အင်းကန်း၊ အင်းစောင်း၊ အင်းရွဲ့၊ အင်းပေါက်ခြင်း စသော အပြစ်များကြောင့် ပိုမိုနက်ရှိုင်းကြောင်း ဆိုရခြင်းဖြစ်မည်ထင်ပါ၏။

ထို့ကြောင့် ရှေးပဝေသဏီကာလကပင် တည်ရှိလာသော စကားတစ်ခွန်းမှာ…

"အင်းကောင်းလျှင် တစ်ကွက်၊
ဆေးကောင်းရင် တစ်စက်၊
စာမ,ကောင်းရင် တစ်ချက်၊
လင်ကောင်းရင် တစ်ယက်"

ဟူသော စကားမှာ ယနေ့တိုင် ဂမ္ဘီရလောကဆရာတိုင်းလိုလို သိရှိကြသည်။ ယခုအထိ စာရေးသူသည် လက်တွေ့ဆန်သော သဘောတရားတို့ကို တင်ပြခဲ့ခြင်းဖြစ်သည်။ အင်းပညာနှင့် စမပညာသည် အကျိုးသွား အာနုဘော်ချင်း တူသော်လည်း ဆွဲသားစီရင်ပုံချင်း မတူကြပါ။ အင်းစမလက်ဖွဲ့စီရင်ပုံ အခြေခံ ဥပဒေသများကို အထက်တွင် ရေးသားဖော်ပြခဲ့ပြီး ဖြစ်သည်။

ယခု စာရေးသူ တင်ပြမည့် အစီအရင်မှာ **အင်းအစီအရင်သာ** ဖြစ်ပါ သည်။ မြန်မာလူမျိုးတို့ တတ်မြောက်သော ဂမ္ဘီရပညာများသည်လည်း ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံတည်းဟူသော ရတနာသုံးပါး၏ အာဏာစက်များ ပါဝင်ပတ်သက်လျက်ရှိသည်မှာ တစ်မူထူးခြားလှသော ပညာရပ်ပင် ဖြစ်ပါသည်။

ယခု စာရေးသူအင်းမှာ သူခိုး၊ ခိုးသူကို ဖော်ပေးသော အင်းဖြစ်ပါသည်။ အင်းဆန်ဂါထာမှာ ပရိတ်ကြီးထဲမှ ပထမဆုံးပရိတ်ဖြစ်သည့် မင်္ဂလသုတ်တော်မှဖြစ်သည်။ အပုဒ်အားဖြင့် (၁၃)ပုဒ်မြောက်ဂါထာဖြစ်သည်။ ယင်းတို့မှာ…

ဗဟူဒေဝါ မနုဿာ စ၊
မင်္ဂလာနိ အ,စိန္တယုံ၊
အာကင်္ခမာနာ သောတ္ထာနံ၊
ဗြူဟိ မင်္ဂလ မုတ္တမံ။
ဖြစ်သည်။

**စီရင်ပုံမှာ…**

အိုးထိန်းလက်စက် မြေကို ဆီမီးခွက်လုပ်ရန်ဖြစ်သည်။ **အိုးထိန်းလက်စက်မြေမှာ မြေအိုးများလုပ်သော မြေကိုခေါ်သည်။**

အိုးပြုလုပ်ဆဲ ကျန်သော မြေအချို့ကို အင်းကွက်ချနိုင်သော ဆီမီးခွက်လုပ်ရမည်။ အင်းကျိုး၊ အင်းကန်း၊ အင်းစောင်း၊ အင်းရွဲ့၊ အင်းပေါက်ခြင်းကင်းစေရန်အတွက် စတုရန်းလေးဖက်ညီ အကွက်(၅၀)ပါသော အင်းပန္နက်တစ်ခုရှိရန် လိုပါသည်။

အင်းပညာ ဝါသနာပါသူတိုင်း သေသပ်လှပသော၊ စနစ်ကျသော အင်းပန္နက်တစ်ချပ်ရှိရန် အထူးလိုအပ်ပါသည်။ ထိုသို့ အကွက်(၅၀)ပတ်လည်ပါ အင်းပန္နက်ရှိမှသာ အင်းပုံစံအမျိုးမျိုးကစားနိုင်မည်ဖြစ်သည်။

အကွက်(၅၀) ပတ်လည်ပါသော အင်းပန္နက်မျဉ်းဆုံရာတွင် အပေါက်လေးများဖောက်ပြီး ထိုအပေါက်ကလေးများမှ ခဲတံချွန်ဖြင့် အစက်ထောက်သွားပါ။ ယင်းအစက်ကို လက်ယာရစ် မျဉ်းပေါင်းသားပြီးပါက စတုရန်းအင်းတစ်ကွက်ကို ရရှိပါမည်။

အင်းပန္နက်ချချိန်၊ အင်းမျဉ်းသားချိန်၊ အင်းဆန်သွင်းချိန်တို့တွင် ရွတ်ဆိုရန်ဂါထာများ ရှိကြသည်။ လောကီပညာစာအုပ်များနှင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အဟောင်းများတွင် ပါရှိပြီးဖြ[…]၍ မဖော်ပြတော့ပါ။

အိုးထိန်းစက်မြေဖြင့် ဆီမီးခွက်ထွ[…]ရန် အင်းရရှိပါက သိမ်ဝင်အပ်ချည်[…] ကျိုးခြေမီးစာကျစ်ပြီး မီးထွန်းရမည်[…] မီးမထွန်းမီ ဆီမီးခွက်ကို အိုးဖုတ်ရာ[…]တွင်ထည့်ပြီး ကျက်သွားလျှင် ထုတ်[…]ယူပါ။ သိဒ္ဓိတင်ပေးပြီးမှသာ အသုံးပြု[…]၍ ရပါသည်။

ယင်းဆီမီးခွက်သည် အသုံးလို[…]တိုင်း အသုံးပြု၍ရသော ပစ္စည်းဖြစ်ပါ[…]သည်။ ဆီမီးထွန်းသူသည် ပထမဦးစွာ[…]ဘုရားဆောင်ရှေ့တွင် ပန်း၊ ရေချမ်း[…] ဆီမီး၊ နံ့သာတိုင်များ ထွန်းညှိပူဇော်ပြီး[…] ငါးပါးသီလ ခံယူဆောက်တည်ကာ[…] အောက်ပါ အမိန့်ပြန်တမ်းကို ရွတ်ဆို[…] ရမည်။

ရွတ်ဆိုပြီးလျှင် (၃၁)ဘုံရှိ အားလုံး[…]သော နတ်ဒေဝတာများကို လည်း[…]ကောင်း၊ မြို့တော်ရှင် နယ်တော်ရှင်[…] (၃၇)မင်းနတ်ပါမကျန် အမျှပေးဝေ[…]မည်။ သစ္စာပြု အမိန့်ပြန်တမ်းမှာ…

'မောင်…မ…ဖြစ်သူ၏ (ပစ္စည်းအမျိုး[…] အစား) ပျောက်ဆုံးသွားသည်မှာ မှန်ကန်[…]ပါသည်။ ဤဆီမီးခွက်သည် မင်္ဂလသုတ်[…] ပရိတ်တော်ပါ "ဗဟူဒေဝါ မနုဿာ [...] မင်္ဂလာနိ အ,စိန္တယုံ၊ အာကင်္ခမာနာ[…] သောတ္ထာနံ ဗြူဟိ မင်္ဂလ မုတ္တမံ" စာပိုဒ်ဖြင့်[…] စီရင်ထားသည်မှာ မှန်ကန်ပါသည်။ ဤ[…] မှန်ကန်သော သစ္စာစကားကြောင့် ပျောက်[…]ဆုံးသွားသော (ပစ္စည်းအမျိုးအစား)သည်[…] မကြာမီ ပြန်လည်ရရှိပါစေသား အရှင်မြတ်[…]ကြီးဘုရား'

**မှတ်ချက်** ။ ။ **ပျောက်ဆုံးသွား[…]သော ပစ္စည်းလည်း တရားနည်း[…] လမ်းကျသော မှန်ကန်သည့် ပစ္စည်း[…] ဖြစ်ရန် လိုပါသည်။**



www.burmeseclassic.com

www.burmeseclassic.com

# မင်း,သူဌေးဖြစ်ကိန်း လေးကိန်း

## တွက်နည်းနှင့် အဟော

ကောင်းခန့်
(သခွတ်မြေ၊ ဝက်လက်)

ကုန်းဘောင်ခေတ် နှောင်းပိုင်းကာလက အခါပေးမိ၍ ကွပ်မျက်ခံခဲ့ရသော နက္ခတ်ဗေဒဆရာ စာဆိုရှင်တစ်ဦးရှိခဲ့ဖူး၏။

ထိုဆရာကြီးသည်ကား နဘေအရာမှာ အထူးဂုဏ်ရသည့် **"စလေဆရာဦးပုည"** ဆိုလျှင် မြန်မာရာဇဝင် စာပေသမိုင်း၌ လေ့လာဖူးသူတိုင်း သိကြည်မှာ ကေန်မလွဲပင်တည်း။

ဆရာဦးပုညသည် စာပေအရေးအသားဘက်တွင် အောက်ပါ သဖြန်တို့ကို ဖတ်ကြည့်ခြင်းအားဖြင့် သူ၏ ကလောင်စွမ်းကို သိရှိနိုင်ပါသည်။

'ပန်းစံပယ် နန်းအလယ် မပေါ်ခိုက်ဟာမို့ အလိုက်တော်တန်သင့်ရုံပ ခံပွင့်ကိုကုံး နန်းရခဝ မန်းမြေမှာ စံပယ်လှိုင်တော့ ခံပန်း ခိုင်ယာယီရွှေတယ် တောလေ့ရှာသုံး'

ဟု နာမည်ကျော် ဒွေးချိုးသဖြန်ကို ရေးခဲ့သလို...

'ကြက်ညီနောင် ရေဝယ်မျောပါလို့ မြကြောင်းဝံရွှေတောင် လဲတော့မရှောင်၊ အာကာဘောင် ကြယ်ပြောင်ကွယ့် မြေမှာလူးပြည်ဝေယျာ လေလာရင် မြေပါရွှေ့စေတော့ မေ့နောင် မပုန်းတယ် သုံးဘဝကူး'

ဟူ၍ အနုအလှ သမုဒယ စာသားတွေနှင့် မောင်မယ်တို့အကြိုက် စွာတိုင် တြိချိုးလေးတွေကိုလည်း ရေးခဲ့၏။

ထို့ပြင်မက ဗေဒသုတေသီတွေအတွက်လည်း ဗေဒင်တွက်နည်း, ဟောနည်းတို့ကို တေးထပ်အပုဒ်ပေါင်း များစွာအဖြစ် သူ၏ ကလောင်ဝင့်ခြင်းနှင့် ဗေဒပညာတို့ကို ရောမွှေနှောက်ကာ နောင်လာနောက်သား ဗေဒဝါသနာရှင်တို့အတွက် ပညာအမွေကို ချန်ထား မှတ်တမ်းများ ပြုစုထားခဲ့ပါသည်။


ထိုသို့သော ပညာရှင်ကြီးသည် သက်ဦးဆံပိုင် ခေတ်စနစ်အောက်တွင် နီးရာဓားကို ကြောက်၍ အခါပေးမိရာမှ "မြင်းကွန်း မြင်းခုံတိုင်" အရေးတွင် အသက်ပါ စတေးခံခဲ့ရရှာပေ၏။

ယခု ကျွန်ုပ် တင်ပြမည် ဖြစ်သော **"မင်း,သူဌေးဖြစ်ကိန်း လေးကိန်း တွက်နည်း"** သည်လည်း ဦးပုည၏ ဗေဒင် တွက်နည်း,ဟောနည်း တေးထပ်တွေထဲမှ တစ်ပုဒ်ပင် ဖြစ်ပါသည်။ လေ့လာကြည့်ကြပါစို့။

### ကိန်းလေးကိန်း

### တွက်နည်းတေးထပ်

'ကောဇာမှာ နှောနံနှေး နှောခံ၍ ပစ်ချေ
ဟောရန်မေ့ ဇက္ကေ၊ ခေတ်ကြေအောင်
ကျော်သဲ၊ တြမှာ ဓနကြွယ်၊ မြန်မာနယ်
ငြိမ်းလိမ့်ပျော်ပွဲ...
ကျွန်ုပ်ငါးတန်၊ လုံ့ဓားရုံ၊ စံစားရန်ပေါ်ကဲ၊
ကံအားသန်တော်ဆဲမို့၊ စော်ကဲတို့ကိန်း၊
နှယ်...
သုညမှာ ဆုံလေပြား မင်းသားဖြင့် မင်းဖြစ်
ရမယ်၊ ဆင်းရဲသားတစ်သွယ်၊ အနွယ်ပါ
ကျော်ဟိုးလို့၊ တန်ခိုးဖြင့် ကြီးကျယ်ဂုဏ်၊



မျိုးဆွေလုံးစုံ၊ ဖွားနေ့က စ၍ကြံလျှင် ဓန
ကုံလုံ ကြွယ်ဦးမည်ကွယ့်လေး'

အထက်ပါ တွက်နည်း,ဟောနည်း တေးထပ်၏ အဓိပ္ပာယ်မှာ...

တွက်လိုသော ကောဇာခုနှစ်ကို တည်ပြီး တွက်လိုသူ၏ မွေးနံ့ပေါင်းပါ။ ထိုသို့ပေါင်းပြီးလျှင် (၉)နှင့်စားပါ။ ရလဒ်မလို အကြွင်းကိုကြည့်၍ အောက်ပါ အဟောတို့နှင့် တိုက်ဆိုင်၍ ကြည့်ပါ။

၁။ **၁–ခုကြွင်းလျှင်** နာမည် သတင်း ကျော်ဇောခြင်းတို့ကို ရရှိသောနှစ် ဖြစ်သည်။

၂။ **၃–ခုကြွင်းလျှင်** စီးပွားရေး အလုပ်အကိုင် တိုးတက်ကောင်းမွန်ခြင်း၊ ဥစ္စာဓနတို့ ပြည့်စုံအောင် ရရှိတတ်ခြင်း။

၃။ **၅–ခုကြွင်းလျှင်** အကြီးအကဲ ရာထူး တိုးတက်ခြင်း၊ စီးပွားဥစ္စာ တိုးတက်ခြင်း။

၄။ **၀–သုညကြွင်းလျှင်** မင်းညီမင်းသားဆိုလျှင် မင်းဖြစ်ကိန်းရှိသည်။ ဆင်းရဲသားဆိုလျှင် ဂုဏ်သတင်းကျော်၍ မျိုးနွယ်ပါ ဂုဏ်တက်ကိန်း ရှိပါသည်။

ကျန်အကြွင်းနှစ်သည် သာမန်

www.burmeseclassic.com

အကျိုးတို့ကိုသာ ရရှိမည်ဖြစ်ပြီး အထက်ပါ အကြွင်း(၄)ခုတို့နှင့် ကြုံခဲ့လျှင်မူ ကောင်းသောနှစ်များဖြစ်၍ ကောင်းကျိုးတို့ကို ရရှိမည်ဖြစ်ပါသည်။

အထက်ပါ တွက်နည်းကို ဝါသနာရှင်အနေနှင့် ရှင်းလင်းလွယ်ကူစွာ တွက်တတ်စေရန် စာရေးသူအနေနှင့် စေတနာထားကာ ဥပမာအဖြစ် တွက်ပြပါမည်။

**ဥပမာ ။ ။ ၁၃၇၅ ခုနှစ်တွင် ၂လံာနေ့ သားသမီးကို** တွက်ကြည့်မည် ဆိုပါစို့။

* * * ——————→

၂–လံာသားသမီး၏ အကြွင်းသည် ၀,သုညဖြစ်သောကြောင့် **၁၃၇၅ ခုနှစ် အတွက် ထိုသူသည် အကောင်းဆုံးနှစ် ဖြစ်သည်ကို**တွေ့ရပါမည်။

အထက်ပါ တွက်နည်းတေးထပ်တွင် ပါဝင်သော ဗေဒင်ကိုးကျော်း ဂဏန်း အခေါ်တို့ကို ရေးပါမည်။

**ဧကေ့–ဧက** = တစ်ဂဏန်း

| | | |
|---|---|---|
| **ကောဇာနှစ်** | | ၁၃၇၅ |
| **တွက်လိုသူ၏ နံသင့်ဂဏန်း** | + | ၂ |
| **စားကိန်း** | ၉ | ၁၃၇၇ = ၁၅၃ (မလို) |
| | | ၉ |
| | | ၄၇ |
| | | ၄၅ |
| | | ၂၇ |
| | | ၂၇ |
| | | ၀–အကြွင်း |

**တြ–တြိ** = သုံးဂဏန်း

**နော–နဝ** = ကိုးဂဏန်း

**နော** = ပေါင်းပါ

**ပစ်ချေ** = စားပါ

***သုနက္ခတ္တံ ကောင်းသောနက္ခတ်နှ***

***ကြုံ၍ ကောင်းကျိုးသုခ ရရှိနိုင်ကြပါစေ***

**ကောင်းခန့်**

***(သခွတ်မြေ၊ ဝက်လက်)***

## စာမျက်နှာ (၁၇၈)မှ အဆက်

ဤအစီအရင်သည် စာရေးသူ ငယ်ငယ် ကလေးဘဝ အဘိုးလေး ဘုန်းကြီး၏ လက်တွေ့ပွဲစီရင်နည်း ဖြစ်သည်။ စီရင်ပေးသူ၏ သီလ၊ သမာဓိပေါ် မူတည်၍ အစွမ်းပြမြဲဖြစ်သည်။ အင်းပုံစံနှင့် အင်းဆန်ဂါထာ သွင်းပုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

* * * ——————→

ပုံစံ(၁)သည် အင်းဆန်သွင်း မြင်းသွားပုံစံ ဂဏန်းနံပါတ်စဉ် ဖြစ်သည်။ ပုံစံ(၂)သည် အင်းဆန်ဂါထာကို အင်းဆန်သွင်းထားပုံ ဖြစ်သည်။ ထို့ကြောင့် လေ့လာသူသုတေသီ အင်းပညာဝါသနာပါသူ အပေါင်းကို ပိုပြီးသိရှိနားလည်သဘောပေါက်စေရန် "ဗဟူ ဒေဝါ......" အပိုဒ်ကို နံပါတ်စဉ် ရေးထိုး၍ ပြမည်။

| | | | | | |
|---|---|---|---|---|---|
| | ၁ | ၈ | ၁၅ | ၂၂ | |
| ၂၅ | ၁၄ | ၂၁ | ၂ | ၉ | ၁၆ |
| ၂၀ | ၇ | ၂၆ | ၂၃ | ၃၀ | ၃ |
| ၁၃ | ၂၄ | ၂၉ | ၃၂ | ၁၇ | ၁၀ |
| ၆ | ၁၉ | ၁၂ | ၂၇ | ၄ | ၃၁ |
| | ၂၈ | ၅ | ၁၈ | ၁၁ | |

ပုံစံ–၁

| | | | | | |
|---|---|---|---|---|---|
| | ဗ (၁) | စ (၈) | န္တိ (၁၅) | သော (၂၂) | |
| ဗြ (၂၅) | စိ (၁၄) | နာ (၂၁) | ဟူ (၂) | မ (၉) | ယံ |
| မာ (၂၀) | သော (၇) | ဟိ (၂၆) | ဗ္ဗာ (၂၃) | မှ (၃၀) | ဒေ |
| အ (၁၃) | နံ (၂၄) | လ (၂၉) | မံ (၃၂) | အာ (၁၇) | ငံ |
| နု (၆) | ခံ (၁၉) | နိ (၁၂) | မ (၂၇) | ဝိ (၄) | ဗ္ဗ |
| | ငံ (၂၈) | မ (၅) | က (၁၈) | လာ (၁၁) | |

ပုံစံ–၂

| | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဗ | ဟူ | ဒေ | ဝါ | မ | နု | သော | စ | မ | ငံ | လာ | နိ | အ | စိ | န္တိ | ယုံ | အာ | က | [illegible] |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉? |
| မာ | နာ | သော | ဗ္ဗာ | နံ | ဗြ | ဟိ | မ | ငံ | လ | မှ | ဗ္ဗ | မံ | | | | | | |
| ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ | ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ | ၃၀ | ၃၁ | ၃၂ | | | | | | |

*(ဂမ္ဘီရဆန်သော စမပညာရပ်များကို တီထွင်ခဲ့သော သိဒ္ဓိရှင် မဟာိဒ္ဓိရှင် အပေါင်းကို ဦးခိုက်စွာ ရှိသေလေးမြတ်ကန်တော့ပါသည်။)*

**ရသဂမ္ဘီရ ကျော်ဝင်းအော**

***(ပြည်–ဆည်မြောင်)***



www.burmeseclassic.com

www.burmeseclassic.com

# ကဿာသယ ဂါထာတော်

မြင့်



စာအုပ်တွေရှင်းရင်း ရတနာမြတ်သုံးပါးကို ပူဇော်သဒ္ဒါပွားများရန် ရေးထားသည့် စာအုပ်လေးတစ်အုပ်ကို တွေ့ရှိရပါသည်။

ဤစာအုပ်သည် ဘိုးတော်မင်းတရားကြီး ကိုးကွယ်တော်မူသော **နန်းဦးဆရာတော်ကြီး ချီးမြှင့်တော်မူသည့် ကဿာသယ မစိုးရိမ်ဂါထာ(ခေါ်) သစ္စာအဓိဋ္ဌာန်ပုတီးစိပ်နည်း** စာအုပ်ဟောင်းလေး ဖြစ်ပါသည်။

သည်စာအုပ် ရထားသည်မှာ နှစ်ပေါင်းအတော်ကြာနေပါပြီ။ စာအုပ်ပါဂါထာများမှာ ဘာသာရေးမဂ္ဂဇင်းအချို့တွင် ဖော်ပြထားသဖြင့် သိရှိပြီးဖြစ်ပေမည်။

သို့သော်လည်း သည်စာအုပ်တွင်ပါရှိသည်မှာ တစ်မူထူးခြား၍ တစ်ကြောင်း၊ ရှေးဟောင်းဂါထာများ၏ စွမ်းရည်မသိ ဖြစ်နေမည်စိုး၍ တစ်ကြောင်း ကျင့်ကြံအားထုတ်သူများ အကျိုးကျေးဇူးများစေရန် ရည်သန်၍ ဖော်ထုတ်လက်ဆင့်ကမ်း ဒါနပြုလိုက်ပါသည်။

စာအုပ်၏နိဒါန်းတွင် ဖော်ပြထားသည်မှာ **သစ္စေန သမောနတ္ထိသောမေ သစ္စပါရမီ**ဟူသော ဝဏ္ဏသုတ် ဒေသနာတော်နှင့်အညီ လောက၌ သစ္စာစကားနှင့်တူသော လူတို့အား ကာယစိတ္တသုခနှစ်ပါးကို ပေးစွမ်းနိုင်သော ဆေးဝါးမန္တရားသည်မရှိ သစ္စာစကားသည်သာလျှင် လောက၏ အဓိကလိုရာကို သုံးစွဲနိုင်သော ဆေးဝါးမန္တရားဖြစ်၏။

ထိုစကားသည် မှန်ပေ၏။ လူတို့သည် မိမိတို့၌ရှိသော ဂုဏ်(ဝါ)ပြုလုပ်အပ်သော အမှုကိစ္စတို့ကို ရိုးသားမှန်ကန်စွာ ထုတ်ဖော်၍ ဆောက်တည်ခြင်းသည် သစ္စာအဓိဋ္ဌာန်ပြုသည် မည်၏။

ထိုသစ္စာအဓိဋ္ဌာန်ပြုခြင်းအမှုသည် ကာယသုခ စိတ္တသုခနှစ်ပါးကို မုချပေးစွမ်းနိုင်၏။

ထိုနှစ်ပါးနှင့် ပြည့်စုံမှသာလျှင် အိမ်ထောင်ရေးသုခကို ပြည့်ပြည့်ဝဝ ခံစားရပေလိမ့်မည်။ အကယ်၍ ကာယသုခရှိပြီး စိတ္တသုခမရှိဘဲ ချို့တဲ့ခဲ့ပါလျှင် ရွှေပုံပေါ်မှာ စံနေရသော်လည်း ပျော်မွေ့နိုင်မည်မဟုတ်ပါ။

ထိုနည်းတူ စိတ္တသုခရှိပြီး ကာယသုခမရှိခဲ့လျှင် စိတ်သွားတိုင်း ကိုယ်မပါ၍ လိုရာပြီးမြောက် ခရီးမပေါက်နိုင်။ ထိုသို့ ကိုယ်စိတ်နှစ်ပါးရပြား သုခမရှိပါလျှင် မည်သူတစ်ဦးတစ်ယောက်မျှ လူ့ဘောင်ဌာန လူ့လောကအလယ်မှာ ထည်ထည်ဝါဝါနှင့် ပျော်မွေ့စွာ ရပ်တည်၍ နေနိုင်မည်မဟုတ်ပေ။

သို့အတွက် လူ့လောက အလယ် ထည်ထည်ဝါဝါနေနိုင်ခြင်း အကျိုးငှာ ဘိုးတော်မင်းတရားကြီး ကိုးကွယ်တော်မူသော လေကီလောကုတ္တရာပညာတွင် တစ်ဖက်ကမ်းရောက် တတ်မြောက်တော်မူသော နန်းဦးဆရာတော်ကြီးက လောကုတ္တရာရေးရာတွင်သာမက လူတို့၏ လောကီရေးရာပါ စိတ်မအေးရှာသည်ဖြစ်၍ ပစ္စုပ္ပန်ဘဝမှာလည်း ကာယသုခ၊ စိတ္တသုခနှစ်ပါးနှင့်ပြည့်စုံ၊ သံသရာမှာလည်း လူချမ်းသာ နတ်ချမ်းသာနှင့်တကွ နိဗ္ဗာန်ချမ်းသာတိုင် အကျိုးပေးစွမ်းနိုင်သော ရတနာသုံးပါးနှင့်စပ်သော ဤဂါထာကို ထားခဲ့ပေသည်။

ဤဂါထာကို ရှာဖွေတင်ပြသည့် **ဆရာတော် (ဘွဲ့အမည်ရေးမထားပါ။ ရန်ကုန် မစိုးရိမ်ကျောင်းတိုက်ဟုသာ ပါရှိသည်။)**ကလည်း လောကရှိသူအပေါင်းတို့၏ သားရေး၊ သမီးရေး စသည့် အရေးပေါင်းများစွာတို့ကို ကျော်လွှား၍ လိုရာပန်းတိုင်သို့ စိတ်အေးချမ်းသာစွာ ရောက်နိုင်သောနည်းကို ရှာဖွေရှာပေမှုမှရရှိသော ဤနည်းသာလျှင် အကောင်းဆုံး တွေ့ရသောကြောင့် တပည့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့ကို မေတ္တာရှေ့ထား၍ ဖြန့်ချိဝေငှလိုက်ကြောင်း ရေးသားထားပါသည်။

## ပွားများအားထုတ်ပုံ အစီအစဉ်

ကျောက်ဖယောင်းတိုင် အရင်းကစ၍ ကဿာသယဂါထာတော်ကြီးကို ပါဠိသက်သက် ပထမဂါထာ၊ ဒုတိယဂါထာ၊ တတိယဂါထာတို့ကို အစဉ်အတိုင်းရေးပါ။ ပြီးက ကိုယ်လက်သန့်စင်ပြီး ဘုရားရှေ့တော်မှာ ထွန်းညှိ၍ ငါးပါးသီလခံယူပြီး မိမိနိုင်သော



www.burmeseclassic.com

www.burmeseclassic.com

ဆုကို သစ္စာအဓိဋ္ဌာန် ပြုပါသည်။

**ပထမနေ့** **ပထမဂါထာတော်**ကို ပါဠိသက်သက် ပုတီးလုံးသက်စေ့ ပုတီးစိပ်ပါ။

**ဒုတိယနေ့** ဒုတိယဂါထာ၊ **တတိယနေ့** တတိယဂါထာ ပါဠိ သက်သက် ပုတီးလုံး သက်စေ့စိပ်ပါ။

ဤကဲ့သို့ အစဉ်အတိုင်းလုပ်သွားပါက လိုသောအရာများ ပြီးမြောက်အောင်မြင်မည်မလွဲပါဟူ၍ ပါရှိပါသည်။

တစ်နေ့တစ်ဂါထာ ရွတ်ရမည်ဟု ပါရှိသဖြင့် ကျောက်ဖယောင်းတိုင် အလွယ်တကူမရပါက ဖယောင်းတိုင် အကြီး(တုတ်တုတ်ရှည်ရှည်)ကို တစ်နေ့ တစ်တိုင် ရေးသားထွန်းညှိ ပူဇော်လျှင် လည်း ဖြစ်နိုင်ကောင်းပါသည်။

ရတနာမြတ်သုံးပါးကို ကိုးကွယ် ဆည်းကပ်ပူဇော်သည်ဖြစ်၍ ကုသိုလ် စိတ် ဖြစ်ထွန်းနေမည်မှာ မလွဲပါ။ ဤဂါထာသုံးပုဒ်ကို နေ့စဉ်သက်စေ့ ရွတ်ဆိုပါကလည်းလိုရာပြည့်စုံကြောင်း ဖော်ပြထားပါသည်။ ဉာဏ်ရှိသလို ပွား များပါရန်။


## ဣဏ္ဏာသယ မစိုးရိမ်ဂါထာ

၁။ ဗုဒ္ဓေါလောကေ သမုပ္ပန္နော၊
ဟိတာယ သဗ္ဗပါဏီနံ။
ဓမ္မောလောကေ သမုပ္ပန္နော၊
သုခါယ သဗ္ဗပါဏီနံ။
သံဃောလောကေ သမုပ္ပန္နော၊
ပုညာယ သဗ္ဗပါဏီနံ။

၂။ ဗုဒ္ဓတေဇေန အရိန္ဒမော၊
ဗုဒ္ဓေါမေ ရက္ခတု နိစ္စံ။
ဓမ္မတေဇေန မဟာလာဘော၊
ဓမ္မောမေ ရက္ခတု သဒါ။
သံဃတေဇေန မဟာယသော၊
သံဃောမေ ရက္ခတု ဒိနေ။

၃။ နမောတေ ဗုဒ္ဓ ဝီရတ္ထု
ဝိပ္ပမုတ္တောသိ သဗ္ဗဓိ
သမ္ဗာဓ ပဋိပန္နောသ္မိ
တဿ မေ သရဏံ ဘဝ

၄။ အရဟံ ဗုဒ္ဓေါ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
အကာလိကော ဓမ္မော ဓမ္မံ သရဏံ ဂစ္ဆာမိ
သုပ္ပဋိပန္နော သံဃော သံဃံ သရဏံ ဂစ္ဆာမိ
ဗုဒ္ဓေါ သဗ္ဗညုတညာဏော၊
ဓမ္မော လောကုတ္တရော နဝ၊
သံဃော မဂ္ဂဖလသေဋ္ဌော၊
ဣစ္စေတံ ရတနတ္တယံ၊ သစ္စေန သင်္ဂမော
ဟောတုမေ ဇယမင်္ဂလံ။ ။



ခက်ခဲသော ပါဠိအသံထွက်

၁။ ဗုဒ္ဓေါ = ဗုတ်ဒေါ
သမုပ္ပန္နော = သမုပ်ပန်နော
သဗ္ဗ = သပ်ဗ
ဓမ္မော = ဓမ်မော
ပုညာယ = ပုန်ညာယ
၂။ အရိန္ဒမော = အရိန်ဒမော
ရက္ခတု = ရက်ခန်တု
နိစ္စံ = နိတ်စံ
သဒါ = သဒါ
၃။ ဝီရတ္ထု = ဝီရတ်ထု
ဝိပ္ပမုတ္တောသိ = ဝိပ်ပမုတ်တောသိ
သဗ္ဗဓိ = သပ်ဗဓိ
သမ္ဗာဓ = သမ်ဗာဓ
ပဋိပန္နောသ္မိ = ပတိပန်နောသမိ
တဿမေ = တတ်သမေ
သုပ္ပဋိပန္နော = သုပ်ပတိပန်နော
ဂစ္ဆာမိ = ဂစ်ဆာမိ
သဗ္ဗညုတ = သပ်ဗင်ညုတ
လောကုတ္တရော = လောကုတ်တရော
မဂ္ဂဖလ = မက်ဂဖလ
သေဋ္ဌော = သိတ်ထော
ဣစ္စေတံ = အိတ်စေတံ
ရတနတ္တယေန = ရတနတ်တယေန
သစ္စေန = သစ်စေန
သင်္ဂမော = သင်ဂမော
မင်္ဂလံ = မင်ဂလံ

**အနက်**

၁။ **ဗုဒ္ဓေါ**၊ မြတ်စွာဘုရားသည်။ **လောကေ**၊ လောက၌။ **သဗ္ဗပါဏီနံ**၊ လုံးစုံများစွာသတ္တဝါတို့၏။ **ဟိတာယ**၊ အစီးအပွားအလို့ငှာ။ **သမုပ္ပန္နော**၊ ကောင်းစွာ ပွင့်ထွန်း ပေါ်ပေါက်တော်မူလာပါပေ၏။

**ဓမ္မော**၊ မဂ်လေးတန်၊ ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် တရားတော်မြတ်သည်။ **လောကေ**၊ လောက၌။ **သဗ္ဗပါဏီနံ**၊ လုံးစုံများစွာ သတ္တဝါတို့၏။ **သုခါယ**၊ ချမ်းသာရန်အလို့ငှာ။ **သမုပ္ပန္နော**၊ ကောင်းစွာ ပွင့်ထွန်း ပေါ်ပေါက်တော် မူလာပါပေ၏။

**သံဃော**၊ အရိယာရှစ်ဖေါ် သံဃာတော်သည်။ **လောကေ**၊ လောက၌။ **သဗ္ဗပါဏီနံ**၊ လုံးစုံများစွာ သတ္တဝါတို့၏။ **ပုညာယ**၊ ကုသိုလ်တရားဖြစ်ပွားရန်အလို့ငှာ။ **သမုပ္ပန္နော**၊ ကောင်းစွာ ပွင့်ထွန်း ပေါ်ပေါက်တော်မူလာပါပေ၏။

၂။ **ဗုဒ္ဓတေဇေန**၊ မြတ်စွာဘုရားတန်ခိုးတော်အားဖြင့်။ **အရိန္ဒမော**၊ ရန်သူတို့ကို ဆုံးမနိုင်ခြင်းသည်။ **ဟောတု**၊ ဖြစ်ပါစေသတည်း။ **ဗုဒ္ဓေါ**၊ မြတ်စွာဘုရားသည်။ **မေ**၊ အကျွန်ုပ်အား၊ **နိစ္စံ**၊ အမြဲ။ **ရက္ခတု**၊ စောင့်ရှောက်တော် မူပါစေသောဟုန် သတည်း။

**ဓမ္မတေဇေန**၊ တရားတော်မြတ်

www.burmeseclassic.com

တန်ခိုးတော်အားဖြင့်။**မဟာလာဘော၊** များသော လာဘ်လာဘသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။ **ဓမ္မော၊** တရားတော်မြတ်သည်။ **မေ၊** အကျွန်ုပ်အား၊ **သဒ္ဓါ၊** အခါခပ်သိမ်း။ **ရက္ခန္တု၊** စောင့်ရှောက်ပါစေကုန်သတည်း။

**သံဃတေဇေန၊** သံဃာတော်၏ တန်ခိုးတော်အားဖြင့်။**မဟာယသော၊** များသော အခြံအရံ အကျော်အစောသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။ **သံဃော၊** သံဃာတော်သည်။ **မေ၊** အကျွန်ုပ်အား။ **ဒိနေ ဒိနေ၊** နေ့တိုင်းနေ့တိုင်း။ **ရက္ခန္တု၊** စောင့်ရှောက်ပါစေကုန်သတည်း။

၃။ **ဝီရ၊** ရဲရင့်သော လုံလရှိတော်မူသော။ **ဗုဒ္ဓ၊** မြတ်စွာဘုရား။ **တေ၊** အရှင်ဘုရားအား။ **မေ၊** အကျွန်ုပ်၏။ **နမော၊** ရှိခိုးခြင်းသည်။ **အတ္ထု၊** ဖြစ်ပါစေသတည်း။ **တွံ၊** အရှင်ဘုရားသည်။ **သဗ္ဗဓိ၊** ခပ်သိမ်းသောအခါကာလ၌။ **ဝိပ္ပမုတ္တော၊** အနှောင်အဖွဲ့ ဟူသမျှမှ လွတ်တော်မူသည်။ **အသိ၊** ဖြစ်တော်မူပါပေ၏။ (အဟံ–တပည့်တော်ကား) **သမ္မာဓပဋိပန္နော၊** မလွတ်မကင်း အကျဉ်းအကျပ်သို့ ရောက်သည်။ **အသ္မိ၊** ဖြစ်ပါပေ၏။ **တွံ၊** အရှင်ဘုရားသည်။ **မေ၊** အကျွန်ုပ်၏။ **သရဏံ၊** ကိုးကွယ်ရာသည်။ **ဘဝ၊** ဖြစ်တော်မူပါလော့။

၃။ **ဗုဒ္ဓေါ၊** မြတ်စွာဘုရားသည်။ **အရဟံ၊** ပူဇော်အထူးကို ခံတော်မူထိုက်ပါပေ၏။ **ဗုဒ္ဓံ၊** မြတ်စွာဘုရားကို။ **သရဏံ၊** ကိုးကွယ်ရာဟူ၍။ **ဂစ္ဆာမိ၊** ဆည်းကပ်ပါ၏။

**ဓမ္မော၊** တရားတော်မြတ်သည်။ **အကာလိကော၊** အခါမလင့် အကျိုးပေးတတ်ပါပေ၏။ **ဓမ္မံ၊** တရားတော်မြတ်ကို။ **သရဏံ၊** ကိုးကွယ်ရာဟူ၍။ **ဂစ္ဆာမိ၊** ဆည်းကပ်ပါ၏။

**သံဃော၊** သံဃာတော်မြတ်သည်။ **သုပ္ပဋိပန္နော၊** ကောင်းမြတ်သော အကျင့်ပဋိပတ်ကို ကျင့်တော်မူတတ်ပါပေ၏။ **သံဃံ၊** သံဃာတော်မြတ်ကို။ **သရဏံ၊** ကိုးကွယ်ရာဟူ၍။ **ဂစ္ဆာမိ၊** ဆည်းကပ်ပါ၏။

**ဗုဒ္ဓေါ၊** မြတ်စွာဘုရားသည်။ **သဗ္ဗညုတညာဏော၊** အလုံးစုံကို သိတော်မူတတ်သော သဗ္ဗညုတဉာဏ် ရှိတော်မူပါပေ၏။

**ဓမ္မော လောကုတ္တရော၊** လောကုတ္တရာတရားတော်သည်။ **နဝ–** ကိုးပါးအပြားရှိပါပေ၏။ **သံဃော၊** သံဃာတော်သည်။ **မဂ္ဂဖလသမင်္ဂေါ၊** မဂ်ဖိုလ်တရားတော်ဖြင့် မြတ်တော်မူပါပေ၏။

**ဣစ္စေတံ–** ဤသို့သော စကားသည်။ **ရတနတ္တယေန၊** ရတနာသုံးပါး အပေါင်းဟူသော။ **သစ္စေန၊** သစ္စာဖြင့်။ **သင်္ဂမော၊** ပေါင်းစည်း၏။ **မေ၊** ကျွန်ုပ်အား။ **ဇယမင်္ဂလံ၊** အောင်ခြင်းမင်္ဂလာသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဂ္ဂါဒိမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]*

**မှတ်ချက်။ ။ ဂါထာကို စက္ကူတွင်ရေးပြီး ဖယောင်းတိုင်တွင်ပတ်ပြီး မီးပူဇော်လျှင်လည်း ရပါသည်။**

မြင့်

စာမျက်နှာ (၁၈၄)မှ အဆက်

အကြောကပ်နေသော လုပ်သားတစ်ဦးအား မြန်မာ့လက်ဖွေ့နည်းပြဆရာ ကိုထွန်းထွန်းမှ **ဒဏ်ရာပေါ် သံပရာသီးလှိမ့်ပေးပါက အကြောညှပ်၊ အကြောကပ် ဝေဒနာအပြင် ရောင်ရမ်းခြင်းများပါ ပျောက်ကင်းကြောင်း** ပြောပြသည်ကို ဖတ်ရှုရသည်။

သို့နှင့် အားရဝမ်းသာဖြင့် မိမိခြံအတွင်းရှိ သံပရာပင်မှ အသီးတစ်လုံးခူးခိုင်းပြီး ဒဏ်ရာတစ်လျှောက်လုံးပေါ်သို့ နာရီဝက်ခန့်ကြာအောင် စိတ်ရှည်လက်ရှည် လှိမ့်ပေးခဲ့ရာ ကိုက်ခဲနာကျင်သည့် ဝေဒနာ သိသိသာသာပျောက်ကင်းကာ ထိုညမှစ၍ ကောင်းစွာအိပ်စက်ခဲ့ရပါသည်။

ယခုအခါ အတော်အတန် လမ်းလျှောက်နိုင်ပြီဖြစ်သဖြင့် ဆေးနည်းပေးသော **ကိုထွန်းထွန်း(မြန်မာ့လက်ဖွေ့နည်းပြဆရာ)အား** အထူးပင် ကျေးဇူးတင်ရှိပါသည်။

ဤနေရာတွင် စာရှုသူများအား အထူးသတိထားရန် တင်ပြလိုပါသည်။ အကြောနှင့် ပတ်သက်သော ဝေဒနာများခံစားရပါက ကျွန်တော့်လို လနှင့်ချီ၍ မခံစားရအောင် **မကျွမ်းကျင်သော အနှိပ်သည်များထံ အနှိပ်မခံကြရန် ဖြစ်ပါသည်။**

တတ်သိနားလည်သော အကြောပညာရှင်များနှင့်သာ ကုသသင့်ပါသည်။ အကယ်၍ လက်လှမ်းမမီပါက ဆေးရုံဆေးခန်း (သို့မဟုတ်) ယခုကဲ့သို့သော လက်တွေ့ အစွမ်းထက်မြက်သော နည်းများဖြင့်သာ ကုသသင့်ပါကြောင်း မေတ္တာဖြင့် တင်ပြလိုက်ရပါသည်။

ကိုစနေ




www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးအား

အထူး ကျေးဇူးတင်ရှိပါသည်

ကိုဇနေ



[အကြောထုံး၊ အကြောကပ်၊
နာကျင်ကိုက်ခဲခြင်းအတွက်]

နှစ်စဉ် ပြုမြဲအတိုင်း ၂၀၁၃ ခုနှစ်၊ သင်္ကြန်ကာလတွင် တစ်ရပ်ကွက်တည်းနေ ဦးဝင်းမြင့်၊ ကိုအောင်ကျော်ကျော်၊ ကိုကျိုးကို(ငြိမ်းထက်၊ မင်းလှ)တို့နှင့်အတူ ဒုလ္လဘရဟန်း ဝတ်ဖြစ်ခဲ့ပါသည်။

ယခင်နှစ်များက သင်္ကြန်အကြိုနေ့ မတိုင်မီ တစ်ရက်က စောပြီး သင်္ကန်းဝတ် နှစ်ဆန်းတစ်ရက်နေ့ညနေ လူထွက်ဖြစ်ကြ၏။ ယခုနှစ်မှာတော့ တစ်မူထူးခြားစွာ (၂၅-၄-၂၀၁၃)နေ့ညနေအထိ (၁၅)ရက်တိတိ ဝတ်ဖြစ်ခဲ့ကြပါသည်။

သင်္ကန်းဝတ်နေစဉ်က အကောင်းသား လူထွက်ပြီး (၃)ရက်အကြာ နံနက်အိပ်ရာအထ ယာဘက် တင်ပါးခွက်ထဲမှ နင့်ခနဲ ဖြစ်သွားပြီး အလွန်နာကျင်သောဝေဒနာ ခံစားလိုက်ရသည်။

နာကျင်မှုမှာ ခဏတစ်ဖြုတ် မဟုတ်ဘဲ ပိုမို ဆိုးဝါးလာသည့်ပြင် ကိုယ်အနေအထားပြောင်း၍ပင် မရလောက်အောင် ဖြစ်နေသဖြင့် သီးခြား အိပ်သူဇနီးအား အသံကျယ်ကျယ်ဖြင့် အော်ခေါ်ပြီး အကျိုးအကြောင်း ပြောပြရတော့၏။

အချိန်မှာ မိုးလင်းစ နံနက် ငါးနာရီခွဲခန့်ရှိပြီဖြစ်ရာ အိမ်နီးနားချင်း အကူအညီဖြင့် နီးစပ်ရာ အနှိပ်သည်အား အရေးပေါ် ခေါ်ရလေသည်။

အနှိပ်သည်မှာ လွန်စွာသဘောကောင်းသူဖြစ်၍ မသက်သာမချင်း (တစ်နာရီခန့်) အားစိုက်၍ နှိပ်သော်လည်း အကြောင်းမထူးသဖြင့် ဆေးခန်းသို့သွားရန် ပြောပြီး ပြန်သွားလေသည်။

လက်ရှိအခြေအနေမှာ ထိုင်ခြင်း၊ ထခြင်းလုပ်ရန် မဆိုထားနှင့် ဟိုဘက်ဒီဘက်ပင် စောင်းမရသဖြင့် ဆိုက်ကားဖြင့် ဆေးခန်းသွားရန်လည်း မဖြစ်နိုင်ပေ။ ထို့ကြောင့် နာမည်ရ ဆေးခန်းတစ်ခုမှ ဆရာမတစ်ဦးအား ပင့်၍ကုသခဲ့ရသေးသည်။

သို့သော်လည်း အနှိပ်ဆရာမှ လက်ကိုင်သန်သန်ဖြင့် နာမည်ပေါက်လက်စွမ်းပြထားမှုကြောင့် တင်ပါးခွက်၊ ပေါင်၊ ခြေသလုံးနှင့် ခြေဆစ် အကြောများပါ အထိမခံနိုင်လောက်အောင် ရောင်နေသည်ဖြစ်ရာ မူရင်းအကြောရောဂါအပြင် ရောင်နေသည်ကိုပါ ကုသနေရသဖြင့် တစ်လခန့် ကြာသွားလေသည်။

သို့ဖြင့် တဖြည်းဖြည်း အကူအည[ီ]ဖြင့် စောင်းနိုင်၊ ထိုင်နိုင် အနည်းငယ်[…]လမ်း စမ်းလျှောက်နိုင်သည့် အခြေ[…]အနေသို့ ရောက်လာ၏။ သို့သော်[…]ညပိုင်းတွင် ကိုက်ခဲနာကျင်မှုကြောင့်[…]ညစဉ် အတော်နှင့် အိပ်မပျော်နိုင်ခဲ့ပေ[…]

တစ်နေ့ **၂၀၁၃ ခုနှစ်၊ ဇူလိုင်လ[…] ထုတ် (၂၇-နှစ်ပြည့် အထူးထုတ်) နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ် (၃၂၄) စာမျက်နှာ(၁၅၀)တွင်** ဆောင်းပါးရှင် ကိုထွေး(မန္တလေး) ရေ[…]သားသည့် **"အကြောထုံး၊ အကြော[…]ညပ်၊ အကြောကပ် နာကျင် ကိုက်ခဲ[…]ခြင်းအတွက် ဆေးနည်းတစ်လက်"** ဆိုသော ဆောင်းပါးအား ဖတ်[…]သည်။

ဆောင်းပါးတွင် အကြောညပ်[…]

စာမျက်နှာ (၁၈၃) သို့

www.burmeseclassic.com

ယခင်လမှ အဆက်

အခြေခံ ကြိုးထုံးနည်း( ၈၄ )

雪 花

Xué Huá

ရွှဲပွား

ဆီးနှင်းပွင့်


# တရုတ် ကြိုးထုံးပညာ (၈၄)


ဟုကျင်းစီ


သမပိုင်းဒေသများတွင် တွေ့ရလေ့ရှိ
သော ဆီးနှင်းပွင့်ပုံသဏ္ဍာန် ထုံးချည်
ည်းဖြစ်သည်။ ဆောင်းနှောင်းရာသီ
ရောက်လာသောအခါ ဖွေးဖွေးဖြူသော
ဆီးနှင်းခဲများဖြင့် လူရုပ်၊ အိမ်၊
ခော်တော်ကား စသည်ဖြင့် အရုပ်မျိုးစုံ
ထုပ်၍ရသည်။

**(ထိုဆီးနှင်းခဲများကို သဏ္ဍာန်ပြု၍ တရုတ်ဒေသန္တရ ဝေါဟာရတွင် ...ခဲမုန့်ကို "ရွှဲပေါင်း"** Xué Bāo **...နှင်းထုပ်ဟု ခေါ်လေ့ရှိသည်။)**

ရာသီဥတု ချမ်းအေးလှသဖြင့် အပူ
...ဒေသများတွင်ကဲ့သို့ အရည်ပျော်










www.burmeseclassic.com

www.burmeseclassic.com



ပုံ-၄

လွယ်ကူမှု မရှိကြပေ။

ယခု ဖော်ပြမည့် ဆီးနှင်းပွင့်များမှာ ဆီးနှင်းဖြင့် ပြုလုပ်ထားသော ပန်းပွင့် မဟုတ်ပါ။ နေရောင်တွင် တလက်လက် တောက်ပနေသော ဆီးနှင်းထုအား အလင်းရောင်ဖြတ်သန်း၍ ဖြစ်ပေါ်လာသော ကြယ်ပွင့်ပုံ အလင်းသွေဖည်မှုသာ ဖြစ်သည်။ တင်စားခေါ်ဝေါ်သော ဝေါဟာရဖြစ်၍ ထိုဆီးနှင်းပွင့်များကို ကိုင်တွယ် သယ်ဆောင်၍ မရပါ။

ထို့ကြောင့် ဤကြိုးချည်နည်းသည် စိတ်ကူးစိတ်သန်းကို ကိုယ်စားပြု၍ အကောင်အထည်ဖော်ခြင်း ဖြစ်သည်။ မြတ်နိုးမှုကို ဖော်ညွှန်းသည်။

ဆီးနှင်းပွင့်ပုံစံ ကြိုးထုံးအဆင်တန်ဆာကို လက်ဆောင်ပေးခြင်းဖြင့် မိမိ၏ ချစ်ခင်မြတ်နိုးမှု၊ အလေးအနက်ထားမှုများကို ကိုယ်စားပြု အသိပေးခြင်းဖြစ်သည်။

ကြိုးချည်နည်းကို လေ့လာကြပါစို့။

**ပုံ(၁)** ကြိုး(၆)ချောင်း (ခြောက်မြှောင့်)ကြယ်ပုံ သဏ္ဌာန်ပြုလုပ်မည်ဖြစ်သည်။ တစ်မြှောင့်အတွက် ကျက်သရေ မင်္ဂလာကြိုးချည်နည်း **(တရုတ်ကြိုးထုံးပညာ(၅၄) ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ နက္ခတ္တရောင်ခြည် မဂ္ဂဇင်း၌ ဖော်ပြပြီးဖြစ်သည်။)** ဖြင့် (၁၀)ကြိမ် ထုံးချည်ပါ။ (၃)မြှောင့်အထိ ထုံးချည်ပြီးသည့်ပုံစံဖြစ်သည်။

**ပုံ(၂)** (၅)မြှောင့်အထိ ထုံးချည်ပြီးသည့်ပုံစံ ဖြစ်သည်။

**ပုံ(၃)**နောက်ဆုံး ဆဋ္ဌမမြောက် အမြှောင့်အစွန်းကို မူလကြိုးစနှင့် ပေါင်း၍ ချည်ရန် ဖြစ်သည်။ (၈)မြှောင့်ကြယ်ပုံစံကို လိုအပ်ပါက နောက်ဆုံး (၈)ခုမြောက် အဋ္ဌမမြောက် အမြှောင့်ကို မူလကြိုးစနှင့် ပေါင်း၍ ချည်ရ[...] မည်။

**ပုံ(၄)** ဆီးနှင်းပွင့်ကြိုးထုံး အဆ[...] တန်ဆာများဖြစ်သည်။

မိမိအလိုရှိရာ မျက်နှာစာတွင် အသုံး[...] ပြုနိုင်ပါပြီ။

ဆီးနှင်းတို့သည် အေးမြခြင်း[...] သဘောဆောင်သည်ဖြစ်ရာ ဒေါသ[...] အမျက်မာန်များ ပြေလျော့စေရ[...] တောင်းပန်တိုးလျှိုး လေပြေသွေး[...] စကားဆိုခြင်း အဓိပ္ပာယ်အဖြစ်လည်း[...] ကောင်း၊ ခွင့်လွှတ်ကျေအေးခြင်း[...] အနက်ဆောင်၍ လည်းကောင်း အသုံး[...] ပြုနိုင်ကြပေသည်။

ဟူဂျင်းဇီ





www.burmeseclassic.com

www.burmeseclassic.com


စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များအကြောင်း

ဆရာကြီးဦးအောင်မြိုင်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။


* * *



ယခုလအတွက် နံပါတ် (၁)နေရာတွင် ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ **မြန်မာသက္ကရာဇ် ၁၃၄၁ ခုနှစ်၊ ဝါခေါင်လ ကြာသပတေးသမီး** အသားညိုလွှန်းသူ ဖြစ်ပါတယ်။

သူမနာမည်က **"ရွှေမြဲရုံချယ်"** ဖြစ်ပြီး ထိုးမြဲလက်မှတ်အဖြစ် နာမည်ရဲ့ နောက်ဆုံးစာလုံး **"ချယ်"**ကို ရွေးထိုးထားခြင်း ဖြစ်ပါတယ်။

ထိုးမြဲလက်မှတ်ပုံသဏ္ဍာန်က မျဉ်းဖြောင့်ပုံနဲ့ အိတ်ဖောက်ပုံတွေဖြစ်လို့ ဘယ်မှာနေနေ ဘာလုပ်လုပ် အယှဉ်အပြိုင်တွေများခြင်း၊ ငွေဝင်ကောင်းသလောက် ငွေထွက်များခြင်း၊ ငွေမမြဲခြင်း၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေး အညံ့အပျက်တွေ ကြုံရခြင်း ဖြစ်တတ်တဲ့ နိမိတ်ပါပဲ။



ယခုအခါ သူမ အသက်(၃၂)နှစ်ရှိပြီဖြစ်ပါတယ်။ ထိုးမြဲလက်မှတ်ရဲ့ အညံ့အပျက်တွေ ထိုက်သင့်သလောက် ခံစားခဲ့ရပြီးလို့ လက်မှတ်ပြုပြင်လိုသူ ဖြစ်ပါတယ်။

မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်၊ ဝုဒ္ဓိတို့ ချကြည့်ရင်...


* * *(နံပါတ်-၁)

ကြာသပတေး အထွန်းဖွားဖြစ်သူကို ဗုဒ္ဓဟူးအစ၊ တနင်္လာအဆုံး အပြင်မိတ်ဂြိုဟ်တွဲနဲ့ နာမည်ပေးထားခြင်း ဖြစ်ပါတယ်။ **ရာဇ + မရဏ = ဣဋ္ဌ + အနိဋ္ဌ။ နာမက္ခရတိုင်စဉ်မှား၊ ဝုဒ္ဓိအပြန်** နာမည်ပေးညံ့ပါတယ်။

လက်မှတ် ရွေးထိုးထားတာကလဲ မရဏဌာနက တနင်္လာနံအက္ခရာစာလုံးဖြစ်လို့ အချစ်ရေးနဲ့ ငွေကြေးကိစ္စတွေကြောင့် အမြဲစိတ်ညစ်နေရမယ့်သူ ဖြစ်ပါတယ်။

ဒီနာမည်မျိုးမှာတော့ အသားအရောင်နဲ့ လိုက်ဖက်ပြီး မွေးနံစာလုံးလဲ ဖြစ်တဲ့ အထွန်းဌာနက ကြာသပတေးနံသင့်အက္ခရာစာလုံး "မြဲ"ကို အင်္ဂလိပ်လို လက်မှတ်ရွေးထိုးတာ ပိုကောင်းပါမယ်။


* * *



**(ထိုးမြဲလက်မှတ် နမူနာပုံစံ)**

★ ငွေအိတ်သကော်တ လုလုဆွဲမှ ငွေဝင်ကောင်းပြီး ခိုင်မြဲမယ်။

နံပါတ်-၁




**(မူလမဟာဘုတ်ခွင်)** **(နာမက္ခရတိုင်)** **(ဝုဒ္ဓိ)**



www.burmeseclassic.com


www.burmeseclassic.com

★ အညွှန်နေရာမှာ ပွင့်ဖတ်(၅)ခုပါတဲ့ ပန်းပွင့်သင်္ကေတ ထည့်မှ ကိုယ်ရောစိတ်ပါ ချမ်းသာမယ်။

★ လက်မှတ်အောက်က မျဉ်းမသားရပါ။

၂။

* * *



ယခုလအတွက် နံပါတ်(၂)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ **မြန်မာသက္ကရာဇ် ၁၃၃၈ ခုနှစ်၊ တန်ဆောင်မုန်းလ၊** စနေသား **"မိုးအေးချမ်း"**ဆိုသူ ဖြစ်ပါတယ်။

လက်မှတ်က အပေါ်ပြိုင်၊ အောက်ပြိုင်၊ ခုတင်ဆိုင်းအမျိုးအစား ဖြစ်ပါတယ်။ အလုပ်အကိုင်မှာရော၊ အိမ်ထောင်ရေးမှာပါ အပြိုင်တွေ ပေါ်ပေါက်တတ်ခြင်း၊ အချုပ်အနှောင် အမှုအခင်း ပြဿနာ ဘေးဥပဒ် အန္တရာယ် တွေ့ကြုံရတတ်ခြင်း၊ ရုတ်တရက် ကွယ်လွန်တတ်ခြင်းနိမိတ် ဖြစ်ပါတယ်။

ငွေကြေးဥစ္စာပစ္စည်းလဲ မမြဲတတ်ဘူး။ ယခု အသက် (၃၇)နှစ်ထဲမှာဖြစ်လို့ လက်မှတ်ကြောင့် ကြုံရတဲ့ အညံ့အပျက်တွေ အသက်အန္တရာယ် စီးပွားရေး ထိခိုက်တာတွေ၊ အချစ်ရေး အိမ်ထောင်ရေး ထိခိုက်တာတွေ ကြုံခဲ့ရပြီဖြစ်ကြောင်း ပြောပါတယ်။

မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်၊ ဝဋ္ဋိတွေ ချကြည့်ရင်...

* * *(နံပါတ်-၂) ⟶

စနေ အထွန်းဖွားဖြစ်သူကို ကြာသပတေးအစ တနင်္လာအဆုံး ရန်ဓာတ်နာမည် **အဓိပတိ + ပုတိ = ဣဋ္ဌ + အနိဋ္ဌ။** နာမက္ခရတိုင်စဉ်မှားဖြစ်လို့ နာမည်ညံ့ပါတယ်။


ဒီနာမည်မျိုးကို သုံးလုံးတွဲလက်မှတ် မထိုးသင့်ပါဘူး။ **"မိုး"**ဆိုတဲ့ စာလုံးက အဓိပတိဌာနမှာရှိပြီး **"အေး"**ဆိုတဲ့ စာလုံးက ဘင်္ဂ(အပျက်)ဌာနမှာရှိတယ်။

**"ချစ်"**ဆိုတဲ့ စာလုံးက ပုတိ(အပုပ်)ဌာနမှာရှိတယ်။ ဒါကြောင့် ဌာနကောင်းတဲ့ **"မိုး"**ကိုသာ လက်မှတ်ရွေးထိုးရမှာ ဖြစ်ပါတယ်။


နံပါတ်-၂




(မူလမဟာဘုတ်)





(နာမက္ခရတိုင်)




(ဝဋ္ဋိ)

* * *



**(ထိုးမြဲလက်မှတ် နမူနာပုံစံ)**


✦ ငွေအိတ်သင်္ကေတ တည့်တည့်ကြ...
ဆွဲရမယ်။

✦ လက်မှတ်အောက်က မျဉ်းမသားရ...

✦ အညွှန်ရှည်ရှည် မဆွဲရဘူး။

၃။

* * *



ယခုလအတွက် နံပါတ်(၃)နေ... မှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှ... ပိုင်ရှင်မှာ **မြန်မာသက္ကရာဇ် ၁၃...** **ခုနှစ်၊ တော်သလင်းလ၊** တနင်္ဂ... သမီးဖြစ်ပြီး ယခုအသက် (၃၀)နှ... ဖြစ်ပါတယ်။

"လှသန်းအေး"ဆိုတဲ့ သူ... နာမည် အစစာလုံး **"လှ"**ကို အင်... အက္ခရာနဲ့ လက်မှတ်ထိုးထား... ဖြစ်ပါတယ်။ ထောင်နေတဲ့ အပြိုင်လ... တွေများနေလို့ ဘဝမှာ အယှဉ်အပြိ... အတိုက်အခံ၊ အနှောင့်အယှက် အ... အခဲတွေ များတတ်တယ်။ ပတ်ဝ... ကျင်နဲ့ ဆက်ဆံရေး အဆင်မပြေ... တွေများတတ်တယ်။

မူလမဟာဘုတ်ခွင်၊ နာမက္ခရတို... ချကြည့်ရင်...


* * *(နံပါတ်-၃)

တနင်္ဂနွေ ဘင်္ဂ(အပျက်)ဌာနဖွား... ဗုဒ္ဓဟူး(မရဏဌာန)အစ၊ တနင်္... (ဘင်္ဂဌာန)အဆုံး၊ အနိဋ္ဌ + အ... နာမည်ပေးထားတယ်။ နာမက္ခရ... စဉ်လဲ မှားနေတယ်။ **"လ...** **အုန်း၊ ရှယ်၊ မို့"**ဆိုတဲ့ စာလုံး တစ်... လုံးနဲ့ မိန်းကလေးတွေရဲ့ နာမည်...




www.burmeseclassic.com

www.burmeseclassic.com



(မူလမဟာဘုတ်ခွင်) (နာမက္ခရတိုင်)



(မူလမဟာဘုတ်ခွင်) (နာမက္ခရတိုင်)


စတင် မပေးသင့်ဘူးလို့ ကျွန်ုပ်ရဲ့ ဆရာတစ်ဦးက ပြောဖူးတယ်။

အဲဒီလို နာမည်ပေးမိရင် အချစ်ရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေး တစ်ခုခု (သို့မဟုတ်) တစ်ခုမက အညံ့အပျက် ကြုံရတတ်တယ်တဲ့။

သူမကလဲ ပြောပါတယ်။ အချစ်ရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေး ဘာတစ်ခုမှ မကောင်းခဲ့ဘူးတဲ့။ ဒါကြောင့် နာမည်တွေ၊ ထိုးမြဲလက်မှတ်တွေ ပြုပြင်ချင်ကြောင်း ပြောတယ်။

သူမရဲ့နာမည် အလယ်စာလုံး **"သန်း"**ဟာ တနင်္ဂနွေရဲ့ အတွင်းမိတ် သောကြာဂြိုဟ်ဖြစ်ပြီး မူလမဟာဘုတ် **"ရာဇဌာန"**မှာ ရှိနေတယ်။ ဒါကြောင့် အဲဒီစာလုံးကိုပဲ ထိုးမြဲလက်မှတ်ရွေးထိုးသင့်တယ်။

* * *




**(ထိုးမြဲလက်မှတ် နမူနာပုံစံ)**

★ လက်မှတ်အောက်က ငွေအိတ်သင်္ကေတ လှလှခွဲ၊ မျဉ်းမသားရ။

★ အညွန့်နေရာမှာ ပွင့်ဖတ်(၆)ခုပါတဲ့ ပန်းပွင့်သင်္ကေတ ထည့်ရမယ်။

၄။

* * *



ယခုလအတွက် နံပါတ်(၄)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ **မြန်မာသက္ကရာဇ် ၁၃၄၂ ခုနှစ်၊ ဝါခေါင်လ၊ ဗုဒ္ဓဟူးညဖွား** အမျိုးသားတစ်ဦးဖြစ်ပြီး ယခုအခါ အသက်(၃၃)နှစ် ဖြစ်ပါတယ်။

**'ရန်အောင်မြင်'**ဆိုတဲ့ နာမည်(၃)လုံးတွဲကို အင်္ဂလိပ်စာလုံးနဲ့ လက်မှတ်ထိုးထားခြင်း ဖြစ်တယ်။ လက်မှတ်ရဲ့ ပုံသဏ္ဌာန်ကိုတော့ အောက်မှာ အပြိုင်မျဉ်းတွေနဲ့ အပေါ်မှာ မျဉ်းမတ်ထောင်နေတယ်။

အိမ်ထောင်ရေး ဖောက်ပြန်ရှုပ်ထွေးမှုတွေ များတတ်တယ်။ ဒါပေမယ့် အလုပ်မှာတော့ အကြီးအမှူး ဦးစီးခေါင်းဆောင် ဖြစ်နိုင်ပါတယ်။

မူလမဟာဘုတ်ခွင်နဲ့ နာမက္ခရတိုင်စဉ် ချကြည့်ရင်...


* * *(နံပါတ်-၄)

ရာဟု အထွန်းဖွားဖြစ်သူကို **ရာဟု + တနင်္ဂနွေ + ကြာသပတေး = (အထွန်း + မရဏ + ဘင်)**နာမည်ပေးထားတယ်။ **ဣဋ္ဌ + အနိဋ္ဌ** နာမည်ဖြစ်တယ်။

နာမက္ခရတိုင်စဉ်လဲ မှားတယ်။ အိမ်ထောင်ရေး၊ ကျန်းမာရေး အညံ့အပျက်တွေ ကြုံရပြီး မတော်တဆ ဘေးဥပဒ်လဲ ကြုံနိုင်တယ်။ နာမည်ရဲ့ ပညတ်ကောင်းပေမယ့် အကျိုးမဖြစ်ထွန်းနိုင်ပါဘူး။

ယခုဆိုရင် မိန်းမကိစ္စကြောင့် အမှုအခင်းဖြစ်ပြီး အလုပ်က ပြုတ်ခဲ့ပြီတဲ့။ ဒီနာမည်က ပြုပြင်သင့်ပါတယ်။ ထိုးမြဲလက်မှတ်ထိုးရင် နာမည်ထိပ်ဆုံးစာလုံး "ရန်"ကိုသာ ရွေးထိုးရမှာပါ။

* * *



**(ထိုးမြဲလက်မှတ် နမူနာပုံစံ)**

★ ငွေအိတ်သင်္ကေတ လှလှတည့်တည့်ခွဲ။

★ လက်မှတ်အောက်က မျဉ်းမသားရ။

★ အညွန့်တိုတို ထိပ်က ခပ်ကွေးကွေး ဖြစ်ပါစေ။

***ယခုတစ်လ ဉာဏ်မျှနှင့်သာ ကျေနပ်ကြပါ။***

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသင်တက္ကသိုလ်**

www.burmeseclassic.com

ကျေးဇူးရှင် အဖ ပထမံဆရာအေး သင်ကြားပေးခဲ့သော

# ရေနေမီး

သရာနေမျိုး ( ဘီအေ )



၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်းလောက်တွင် ပဲခူးမြို့ ရှင်စောပုလမ်းမတန်းရှိ ကျွန်တော့်ဓာတ်ခန်းသို့ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှ စတားမုန့်တိုက်မန်နေဂျာ ကိုကျော်မိုး ရောက်လာပါသည်။

၂၀၁၃ ခုနှစ်၊ မေလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ကျွန်တော်ရေးသားခဲ့သော သွပ်ဖမ်းနည်းကိုအလွန် အင်မတန်မှ သဘောကျနှစ်သက်သဖြင့် မဂ္ဂဇင်းတိုက်တွင် မေတ္တာရပ်ခံ စုံစမ်းပြီး ရောက်ရှိလာခြင်း ဖြစ်ပါသည်။

သူနှင့် ဝါသနာတူ အဂ္ဂိရတ်သမားပြင်သစ်လူမျိုး မစ္စတာမိုင်း၏ မိတ်ဆက်စာ ဉာဏ်ပူဇော်ခငွေနှင့် လက်ဆောင်ပစ္စည်းများကို ကျွန်တော့်အား ပေးလေသည်။

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ အရှေ့ဘက် (၅)မိုင်ခန့်ဝေးသော နေရာတွင် ခြံကွက်ဝယ်၍ ဖားဖိုတစ်ဖိုနှင့် လက်တွေ့ စမ်းသပ်ပြုလုပ်နေကြောင်း၊ အဆင်ပြေပါက သူနှင့် တစ်ပါတည်း ဘန်ကောက်မြို့သို့ အလည်အပတ်လိုက်ခဲ့စေချင်ကြောင်းနှင့် ပြင်သစ်လူမျိုး မစ္စတာမိုင်းလည်း မြန်မာ့အဂ္ဂိရတ်ပညာနှင့် တော်တော်ကြီး ရင်းနှီး ကျွမ်းဝင်နေပြီဖြစ်ကြောင်း ရေပက်မဝင်အောင် ပြောပြနေလေသည်။

'ကိုကျော်မိုးရေ အဂ္ဂိရတ်ဆိုတာ မီးပညာဖြစ်ပါတယ်။ ခင်ဗျား လိုချင်တဲ့ ဓာတ်အဆင့်ရောက်အောင် အနည်းဆုံး (၆)လ (၁)နှစ်လောက် ထိုးရလိမ့်မယ်။ အခုချက်ချင်းကြီး ကျွန်တော် လိုက်လို့ မဖြစ်သေးဘူးလေ။

ဒီတော့ ကိုကျော်မိုးနဲ့ မစ္စတာမိုင်းတို့အတွက် အဂ္ဂိရတ်( မီးအတတ်ပညာ )တစ်ခု ကျွန်တော် လက်ဆောင်ပေးလိုက်မယ်။ သေသေချာချာ မှတ်ယူပြီး လက်တွေ့ လုပ်ကြည့်ပါ'

လွန်ခဲ့သော (၁၀)နှစ်ခန့်က ပဲခူးမြို့ကို စွန့်ခွာ၍ ဒေးစွန်ပါတောင်တွင် စမပထမံ ဂိုဏ်းချုပ်၏ ကျွေးမွေးစောင့်ရှောက်မှုကို ခံယူပြီး လောကီအစီအရင်များ၊ ဂမ္ဘီရအတတ်ပညာများကို ကျင့်ကြံအားထုတ်ခဲ့ပါသည်။

ဒေးစွန်ပါတောအတွင်း ရောက်ရှိပြီး (၃)နှစ် (၁၈)ရက်ပြည့်သော စနေနေ့ နံနက်(၂)နာရီခန့်လောက်တွင် ကျေးဇူးရှင် အဖပထမံဆရာအေးနှင့် ထူးဆန်းစွာ တွေ့ဆုံခဲ့ရပြီး ဆရာအရှင်မြတ်ကြီး ကိုယ်တိုင် သင်ကြားပေးခဲ့သော အဂ္ဂိရတ်ပညာ ရေနေမီးအကြောင်း တင်ပြလိုက်ပါသည်။

ချော်ပျော်မီး၊ ဓာတ်ပျော်မီးကို ဖိုသမားတိုင်း နားလည်သဘောပေါက်ပြီးဖြစ်ပါသည်။ ရေနေမီးကို ပိုင်နိုင်အောင် ထိုးတတ်ပါမှ ရှေ့ဆက်တက်မည့်ဓာတ်၊ ဖမ်းမည့်ဓာတ်၊ သတ်မည့်ဓာတ်တွေအတွက် မီးပေးမီးယူ လွယ်ကူမှန်ကန်ပါလိမ့်မည်။

ရေနေမီး ဆိုသည်မှာ ဖိုခွင်ထဲက လုံကို မီးရဲနေအောင် ထိုးပြီး ရေစက်ချကြည့်လိုက်တာပါပဲ။ ရေစက်လေးက ဖူးခနဲ လုံထဲမှ ကန်ထွက်သွားတာမျိုး မဖြစ်ရ...

မီးနည်းပြီး ရေစက်က... လုံဖင်တွင် ပြားနေလျှ... လည်း ရေနေမီ... မမှန်သေးပါ။ မီးရဲ... သော လုံခွံအတွင်... ရေစက်ချကြည့်... လိုက်လျှင် ရေစက်... လေးက လည်နေပြီ... ဓာတ်လုံးကဲ့သို့ လုံးနေမှ ရေနေမီးအမှ... ဖြစ်ပါသည်။

ရေနေမီးကို ပိုင်နေအောင် ထိုးတတ်... မှသာ မီးနုဓာတ်တွေကို တဖြည်းဖြည်း... မီးရင့်အောင် တက်ယူခြင်း၊ မီးသက်... ရင့်အောင် မွေးယူခြင်း၊ မီးပေးမီးယူ... ကျွမ်းကျင်လိမ္မာပါးနပ်ပါလိမ့်မည်။

ဓာတ်ပစ္စည်း တစ်ခုမှ မပါဘဲ အင... ဆုံး မီးမှန်အောင် လေ့ကျင့်ယူရတ... ပါပဲ။ ပထမဆုံး မိမိအသုံးပြုမည့် ဖား... ၏ လေပေါက်နှာဝကို သေချာစစ်ဆေး... ရပါမည်။

နှာဝများ ပိတ်နေလျှင် ဖွင့်ပေး... မည်။ ဖိုကြိုးကို ဆွဲကြည့်ပြီး လေထွက်... အား ကောင်းမကောင်း ညီမညီ စ... ဆေးပါ။ ဖိုခွင်အတွင်း အက်ကြောင်... များ၊ ကွဲကြောင်းများရှိလျှင် ရွှံ့စေးနှ... ဖာပါ။ ညှိပါ။ ဖိုမျက်နှာပြင်ကိုလည်... ရွှံ့စေးရည် ပျစ်ပျစ်နှင့် ဖိုမျက်နှာသစ်... ရပါမည်။

နှာတိုက် မီးထိုးမည်ဖြစ်၍ မိမိ... နှင့် ကိုက်ညီမည့် လုံခွံကို ရွေးချယ်... ပါမည်။ နံပါတ်(၄) ...ရှည်သုံးလျှ...

www.burmeseclassic.com

သင့်တော်ပါသည်။

သဲထိတ်ခတ်လျှင် သဲသည် အပူကို စုပ်ယူသဖြင့် လုံခြေသို့ အပူရောက်နိုင်ပါသည်။ သို့အတွက်ကြောင့် ပြာထိတ်ခတ်လျှင် ကောင်းပါသည်။ ဖိုခွင်အတွင်း လုံခွံထိပ်ကို နှာဝ(လေပေါက်) အထက် လက်နှစ်လုံး တင်ထားပြီး လုံဖင်မှ နှာဝအောက် လက်တစ်လုံး အထိ ပြာထိတ်ခတ်ပါ။ ပတ်လည် အရွယ်တူ မီးသွေးခဲလေးများ ခုတ်ထစ်ပြီး အသင့်ပြုလုပ်ထားရပါမည်။

လုံခွံကို သန့်ပြန့်သော လုံငှားဖုံးဖုံးအုပ်၍ မီးခဲ(၅)ခဲမျှ ဖြန့်ထည့်ပြီးမှ မီးသွေး(၅)ခဲခန့်လောက် အကြားမလပ်အောင်ထည့်ပြီး ဖိုကြိုးကို ခပ်ဖြည်းဖြည်း မှန်မှန်လေးဆွဲပါ။

မီးသွေးကို မီးစွဲလာမှ နောက်ထပ်မီးသွေးခဲများကို ပတ်လည် ဖိုခွင်ပြည့်အောင် ဖြည်းဖြည်းချင်းထည့်ပါ။ စိတ်ရှည်ရှည်ထားပြီး ဖိုကြိုးကို ဖြည်းဖြည်းမှန်မှန်ဆွဲပါ။ လိုအပ်လျှင် မီးညီစေရန် ဂေါက်တံဖြင့် သတိထားပြီး ချရပါမည်။

ပထမ မီးသွေး(၁)အုပ် ကျခါနီး လုံငှားဖုံး မပေါ်ခင် မီးသွေး(၄,၅)ခဲထည့်ပါ။ ဖြည်းဖြည်းမှန်မှန် ဖိုကြိုးကို ဆွဲပါ။ ထိုအချိန်တွင် ဖိုဆွဲခြင်းကို မရပ်ရပါ။

ဆက်၍ မီးသွေးခဲများကို ဖိုခွင်ထဲတွင် အကြားမလပ်အောင် ဖိုခွင်အပြည့်ထည့်ရပါမည်။ ဒုတိယမီးသွေးအုပ်ကို ဖြည်းဖြည်းမှန်မှန်လေး ဖိုကြိုးကိုဆွဲပါ။ အပြင်းမဆွဲရပါ။

ဒုတိယမီးသွေးအုပ် ချခါနီးတွင် ဖိုကြိုးကို မှန်မှန်လေးမှ ဖြည်းဖြည်းမှန်မှန် ပြန်ဆွဲပါ။ တတိယမီးသွေးတစ်အုပ်ထည့်ပြီး ဖိုကြိုးကို ဖြည်းဖြည်းမှန်[illegible] လုံနှုတ်ခမ်းပေါ်သည့်အထိ ဆွဲပါ။

လုံနှုတ်ခမ်း ပေါ်လာလျှင် ဖိုဆွဲခြင်းကို ရပ်၍ မီးညှပ်ကို သေချာစွာ ဘယ်ဘက်လက်နှင့် ကိုင်ပြီး လုံငှားဖုံးကို မိမိရရညှပ်၍ ဖွင့်ပါ။ ထိုအချိန်တွင် လုံခွံအပေါ်ပိုင်း တစ်ခုလုံး နီရဲနေပါလိမ့်မည်။

ညာလက်ဖြင့် ဂေါက်တံကို ကိုင်ပြီး ရေဇလုံထဲ နှစ်လိုက်ပါ။ ပြီးလျှင် ဂေါက်တံကို မြှောက်ကိုင်လိုက်သော ဂေါက်တံထိပ်၌ ပါလာသော ရေသီးလေး နီရဲနေသော လုံခွံနှုတ်ခမ်းကို မထိစေဘဲ လုံအတွင်းသို့ ချကြည့်လိုက်ပါ။

လုံခြေတွင် ရေသီးလေးသည် ပတ်လည်ပြီး လုံးနေပါလိမ့်မည်။ ထိုမီးကို ရေနေမီးဟု မှတ်ယူပါလေ။ မီးများခဲ့လျှင် ရေစက်သည် ဖူးခနဲနေအောင် ကန်ထွက်ပါလိမ့်မည်။ ယင်းရေနေမီးကို ပိုင်နေအောင် ထိုးတတ်လျှင် ဆေးဒန်းအခဲလေးများ ပြုလုပ်၍ ဆေးဒန်းပြဒါးကို အစိမ်းဖမ်း၍ ရပါသည်။

ဖမ်း၍ရသော ဆေးဒန်းပြဒါးကို ယင်းရေနေမီးဖြင့် မီးထိုးခံ ဆေးဒန်းပြဒါးအထိ တက်လှမ်းနိုင်ရုံမက ဆေးဒန်းပြဒါး အဖြူခဲ အပျော့အပျဉ်းကျသည်အထိ ထိုး၍ရပါသည်။

**ဆရာနေမျိုး(*ဘီအေ*)**

စာမျက်နှာ (၁၉၂)မှ အဆက်

လွန်းလို့ တစ်ခါတည်း အကုန်စားလိုက်ပါတယ်။

နောက်တစ်ရက် ဆက်ကျွေးပါတယ်။ ကျွန်မလဲအံ့ဩသွားရပါတယ်။ ကျွန်မ ဖြစ်ပျက်ခံစား နေရတဲ့ သွေးဝမ်းသွားရောဂါဟာ သက်သာပျောက်ကင်းသွားပါတယ်။

ဆရာမှ ပြောပြပါတယ်။ သွေးဝမ်းသွားပဲဖြစ်ဖြစ်၊ အတွင်းသိပ်ခေါင်းမှ သွေးယိုတာပဲဖြစ်ဖြစ် အဲဒီနည်းအတိုင်း စားပေးပါက ပျောက်ကင်းကြောင်း ပြောပြပါတယ်။ သက်သာပျောက်ကင်းတာကတော့ ကျွန်မလက်တွေ့ပါပဲ။

**ဆေးဖော်စပ်ပြုလုပ်ပုံမှာ...**

မီးကွင်းဂမုန်းရွက် မနုမရင့် (၃)ရွက်အား ပါးပါးလှီးဖြတ်ပြီး ကြက်ဥတစ်လုံးဖြင့် ကြော်စားရုံပါပဲ။

ကြက်သွန်နီတစ်လုံး ပါးပါးလှီးပြီး ဆီအနည်းငယ်ဖြင့် ဆီသတ်ပြီး မီးကွင်းဂမုန်းအား ရေစင်ကြယ်အောင် ဆေးကြောပြီး ထည့်ကြော်ပါ။ နွမ်းသွားရင် ကြက်ဥတစ်လုံး ဖောက်ထည့်ပါ။ သုံး,လေးခါ မွှေနှောက်ပြီးမှ မီးဖိုမှချပါ။ ခဏ အအေးခံပြီး တစ်ထိုင်တည်း အဝစားရပါတယ်။

ရောဂါဖြစ်တာ ကြာနေရင် (၂)ခါ၊ (၃)ခါအပြင် မစားရပါဘူး။ လက်တွေ့ ခံစားခဲ့ရတော့ အဲဒီအတိုင်း (၂)ကြိမ်ပဲ စားဖြစ်ခဲ့ပါတယ်။ မီးကွင်းဂမုန်း အစွမ်းထက်ပုံကတော့ အံ့ဩစရာပါပဲ။

ကျွန်မ ရောဂါလဲ ပျောက်ကင်းသွားတာမှာ ယခု အသက် (၅၈)နှစ်ပင် ရောက်ရှိနေပါပြီ။ ယင်းရောဂါလဲ ထပ်မဖြစ်တော့ပါ။ ကြက်ဥက **အိမ်ကြက်ဥဆိုရင် ပိုကောင်းကြောင်း။ အိမ်ကြက်ဥ မရပါက ဥစားကြက်ဥလဲ ပျောက်ပါတယ်။**

အဲဒီဆေးနည်းပေးခဲ့တဲ့ ဆရာ ဦးကျော်စိုးလဲ ကွယ်လွန်သွားရှာပါပြီ။ ဆရာ့ရဲ့ ကျေးဇူးတရားအား ဦးခိုက် ကန်တော့ပါတယ်။ **ဆရာ ကောင်းရာသုဂတိ ရောက်ရှိပါစေ။**

မမိုးမြင့်(*လက်ပံတန်း*)



www.burmeseclassic.com

www.burmeseclassic.com

# မီးကွင်းဂမုန်း အလွမ်း

အုံ့မခန်း

မဗိုးမြင့်
(လက်ပံတန်း)

၂၀၁၃ ခုနှစ်၊ မတ်လ၊ အမှတ်(၃၂၀) စာမျက်နှာ(၁၅၁) နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် **"မြင့်သိန်းကျော်-ကသာမြေ"** ရေးသားတဲ့ မီးကွင်းဂမုန်း ဆေးအသုံးဆိုတဲ့ ဆောင်းပါးအား ဖတ်လိုက်ရတော့ တစ်ချိန်က ကျွန်မ အသက် (၄၂)နှစ်က ဖြစ်ပျက်ခံစားခဲ့ရသော ရောဂါဝေဒနာနဲ့ တူနေပါတယ်။

သို့ဖြစ်၍ ကျွန်မရဲ့ ဆေးသုံးစွဲနည်းလဲ တင်ပြလိုပါသေးတယ်။

ကျွန်မ နေထိုင်ရာ ဝန်းသိုမှ ရန်ကုန်မြို့မှ တောင်ဥက္ကလာပ (၁၂)ရပ်ကွက်တွင် နေထိုင်သော မိဘများ ရှိရာသို့ အလည်အပတ် ရောက်ရှိနေခိုက် မမျှော်လင့်ဘဲ တစ်နေ့တွင် ဝမ်းကိုက်သလိုမျိုး ခံစားလာရပြီး ဝမ်းသွားသော်လဲ ဝမ်းမသွားဘဲ သွေးများသာ ကျဆင်းလာပါတယ်။

အဲဒီ အဖြစ်အပျက်အား မည်သူ့ကိုမှ ပြောမပြဘဲ တစ်ယောက်တည်း ကြိတ်မှိတ်နေခဲ့မိတယ်။ ကျွန်မဆိုသော ကျွန်မဟာ ဆေးထိုးဆေးစား အလွန်ကြောက်သူပါ။ တစ်ခါဖူးမျှ မဖြစ်ဘူးတော့ ပျောက်သွားမှာပဲဆိုပြီး ပေါ့ပေါ့တန်တန် နေခဲ့မိတယ်။

နောက်ရက်တွေမှာလဲ ယခုလိုပဲ သွေးတွေ ကျဆင်းလာရုံမကတော့ဘဲ ပန်းထွက်လာတာဟာ ကြောက်စရာပါပဲ။

ကျွန်မလဲ တစ်ရက်၊ နှစ်ရက် စောင့်ကြည့်ဦးမယ်ဆိုပြီး နေလာတာ အခြေအနေက တစ်နေ့တခြား ပိုဆိုးလာပါတယ်။ ကိုယ်တွေလက်တွေလဲ မသယ်ချင်သလို အားပျော့လာပါတယ်။

ကျွန်မကိုယ်ကျွန်မ သေတော့မှာလားဆိုပြီး ကြောက်လန့်လာမိပါတယ်။ ဒီတော့မှ ကျွန်မမိခင်အား အကျိုးအကြောင်း ပြောပြရတော့တာပေါ့။



အမေလဲ သိရော ဒီလောက် ဖြစ်နေတာ မပြောရကောင်းလား ဆိုပြီး အပြစ်တင်ပါတယ်။ ဒါနဲ့ အားချင်း ဆေးခန်းပြမယ်၊ ဆေးရုံတင်မယ် ဖြစ်ရော။ အဲဒီ အဖြစ်အပျက် ပြောဆိုနေချိန်မှာ တစ်လမ်းတည်းမှာ အတူနေထိုင်တဲ့ ကျွန်မ မိဘများနဲ့ အလွန်ခင်မင်ရင်းနှီးသူ တိုင်းရင်းဆေး သင်တန်းဆင်း ဆရာ ဦးကျော်စိုး ရောက်ရှိလာပါတယ်။

အမေမှ အဲဒီ ဆရာဦးကျော်စိုးအား ကျွန်မ ဖြစ်ပျက်ခံစားနေရတဲ့ ရောဂါဝေဒနာကြောင့် ဆေးရုံဆေးခန်းသွားမယ့်အကြောင်း ပြောပြတော့ ဆရာမှ ပြောပါတယ်။

ကျွန်မရောဂါကို သူပြောပြမယ့်အတိုင်း လိုက်နာဆောင်ရွက်မယ်ဆိုပါရင် ဆေးရုံတက် ဆေးခန်းသွားစရာ မလိုဘဲ အမှန်တကယ် ရက်ပိုင်းမှာပဲ သက်သာ ပျောက်ကင်းသွားမယ့်အကြောင်း ကျွန်မ ကြားလိုက်ရတယ်။

ဒါနဲ့ ဆရာ့အား အမြန်ဆုံး သက်သာ ပျောက်ကင်းအောင် ကုသပေးပါရန် အားကိုးစွာ တောင်းပန်စကား ပြောမိပါတယ်။

ဆရာမှ ဘာမှအားမငယ်ပါနဲ့ ယခုချက်ချင်း ဆေးနည်းဖော်ကျွေးမယ်ဆိုပြီး အိမ်ခဏပြန်သွားပါတယ်။

ကျွန်မတို့မိသားစုလဲ ဆေးခန်းမသွားတော့ဘဲ ဆရာပြန်အလာ စောင့်နေမိပါတယ်။ ကျွန်မ စိတ်ထဲမှာလဲ ဝမ်းသာသွားမိတယ်။

ဆရာပြန်ရောက်လာတော့ လက်ထဲမှာ မီးကွင်းဂမုန်းရွက်နဲ့ ကြက်ဥတွေကို တွေ့လိုက်ရပါတယ်။ ဆရာမှ ကျွန်မ မိခင်အား ဘယ်လိုလုပ် ဘယ်လိုကိုင် ပြောပြတော့ ကျွန်မမှ မှတ်သားထားပါတယ်။

ဆရာပြောသလို အမေက ဆောင်ရွက်ပြုလုပ်ပြီး ကျွန်မအား ကျွေးတယ်။ တစ်ထိုင်တည်း အဝစားမည် သူ့မျှမကျွေးရ။ ကျွန်မလဲ ချက်ချင်

စာမျက်နှာ (၁၉၁) သို့



www.burmeseclassic.com

www.burmeseclassic.com



# အန္တရာယ်ကင်းစေသော

ဂါထာအစီအရင်

ဂါမဏိစော်
(စစ်ကိုင်း)





တစ်နေ့တွင် မြင်းမူမြို့နယ်၏ ရွာလေးတစ်ရွာမှ ကိုမြင့်ဦးဆိုသူသည် ကျွန်ုပ်ထံသို့ ရောက်ရှိလာလေ၏။

ကျွန်ုပ်လည်း မြို့သားတို့၏ ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင်သို့ ခေါ်ဆောင်သွားကာ ဧည့်ဝတ်သမှု ပြုရလေ၏။

'အခု ငါ့သားက ရွာကို ပြန်လာချင်လို့ပြီ။ အဲဒီကိစ္စအတွက် မင်းဆီ လာခဲ့တာကွ။ တောင်သူလုပ်ငန်းက အားတာ မဟုတ်ဘူး'

ဟု ကိုမြင့်ဦးမှ ပြောလေ၏။

'ခင်ဗျားသားက နိုင်ငံခြားမှာ အလုပ်သွားလုပ်နေတာဆို'

'ဟုတ်တယ်လေကွာ၊ အခု နိုင်ငံရပ်ခြားမှာ ဖြစ်ပျက်နေတာတွေ မင်းမကြားလို့လား။ သူများနိုင်ငံမှာ လုပ်ကိုင်ရတာ အစစအရာရာ အဆင်ပြေဖို့ မလွယ်ဘူးတဲ့ကွ။ ငါ့မှာ မရှိ့ရှိတာလေး ရောင်းချထားတဲ့ အရင်းနှီးကြောင့်သာ သားကို ပြန်ပြီးမခေါ်တာ။ အင်းလေ ပြောသာ ပြောရတာပါ။ နှစ်မစေ့သေးတဲ့အတွက် ပြန်လာလို့လဲ မရသေးဘူးလို့ သားက လှမ်းပြောတယ်'

'သူများနိုင်ငံမှာ မိဝေးဖဝေး သွားပြီး လုပ်စားနေရတာ ငွေပိုငွေလျှံ မရဘူးလားဗျ'

ဟု ကျွန်ုပ်မှ မေးလျှင်...

'ပို့ရှာပါတယ်ကွာ။ အရင်းကျေသလောက်လဲ ရှိနေပါပြီ။ ဒါပေမယ့် အဲဒါက အရေးမဟုတ်ဘူးကွ။ အရေးကြီးတာက ငါ့သားလေး ဟိုမှာ ဘေးမသီရန်မခ ရှိနေဖို့ရယ်၊ အချိန်တန်ရင် ရွာကို ပြန်လာနိုင်ဖို့ရယ်ပဲ အရေးကြီးတယ်ဟ'

'ဟုတ်ပါပြီဗျာ ဒါဖြင့် ကျွန်တော်က ဘာကူညီပေးရမလဲ'

ဟု မေးလျှင်...

'ဖိုးဇော်ရာ ငါတို့က တောမှာနေရပေမယ့် လူမှုရေး၊ ပညာရေးတွေ သိပ်ပြီး မနိမ့်ကျသေးပါဘူးကွ။ မင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ဗေဒင်တွေ၊ ယတြာတွေနဲ့ ပတ်သက်တဲ့ စာတွေရေးနေတာ ဖတ်ရပါတယ်။ ပြီးတော့ ဆရာဝင့်(ကျွန်ုပ်၏ အဘိုးဆရာ)ရဲ့အမွေကို မင်းရထားတာ သိပါတယ်ကွ။ ဒါကြောင့် ငါ့သားလေး နိုင်ငံရပ်ခြားမှာ ဘေးမသီ ရန်မခနဲ့ ကျန်းကျန်းမာမာ ရှိနေဖို့အတွက် ဓာတ်ယတြာတို့ အဆောင်တို့ လုပ်ပေးဖို့ပြောတာကွ'

ဟု ကိုမြင့်ဦးမှ ပြောလေ၏။

'ကောင်းပါပြီဗျာ၊ ဒါနဲ့ ခင်ဗျားသားနဲ့ ဖုန်းအဆက်အသွယ်လုပ်လို့ လွယ်သလား'

ဟု ကျွန်ုပ်မှ မေးလျှင်...

'ရပါတယ်ကွ ဟောဒီမှာ (၁၅၀၀) တန်ဖုန်း။ အရင်လကမှ မဲပေါက်လို့ လုပ်ထားတာ အခု သားဆီ ဆက်လိုက်ရမလား'

'နေ...နေပါဗျာ၊ နောက်မှ အေးအေးဆေးဆေး ဆက်ပါ။ အခု လက်ဖက်ရည်သောက်ပြီး အိမ်ကို သွားကြစို့။ ပြီးတော့ ခင်ဗျားသားကိုယ်တိုင် လုပ်ဆောင်ရမယ့် အန္တရာယ်ကင်း အစီအရင်ကို ပြောပြမယ်။ ဖုန်းဆက်ပြီး လှမ်းပေးလိုက်ပေတော့'

ဟု ပြောကာ လက်ဖက်ရည်ဆိုင်မှ ထွက်ခဲ့ကြလေ၏။

ယခုပြဆိုမည့် အန္တရာယ်ကင်း





www.burmeseclassic.com

www.burmeseclassic.com

အစီအရင်သည် ဂါထာတစ်ပုဒ်အား ရွတ်ဆိုပူဇော်ရန် ဖြစ်ပါသည်။ ကိုမြင့်ဦး၏ သားလေးအား ဖုန်းဖြင့် လှမ်းဆက်သွယ်ကာ ပြောပြပေးခဲ့ပါသည်။

ထိုအစီအရင်အား တခြားသော နိုင်ငံရပ်ခြားရှိ မြန်မာများနှင့် ပြည်တွင်း၌ နေထိုင်ကြကုန်သော (၇)ရက်သားသမီးများ အသုံးပြုသင့်သော အန္တရာယ်ကင်းအစီအရင် ဖြစ်သဖြင့် အသုံးပြုလိုလျှင် သုံးနိုင်ရန်အတွက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ဖော်ပြပေးလိုက်ပါသည်။

## အန္တရာယ်ကင်းဂါထာ အစီအရင်

မည်သူမဆို ဘေးအန္တရာယ် အသွယ်သွယ်တို့ ကျရောက်ခဲ့ပါလျှင် **"နော–ဧတန်"**ဟု ခေါ်သော ဂါထာကို အမှုအခင်းအလိုက် အရပ်မျက်နှာသို့ မျက်နှာမူကာ "(၉)ခေါက်" ရွတ်ဆို ပူဇော်၍ ကြုံကြိုက်နေသော ဒုက္ခများမှ ကင်းလွတ်အောင် ဆုတောင်းမှုပြုရပါမည်။

ကိုမြင့်ဦး၏သားကို နော(၉)တန်ဂါထာအား နေ့စဉ်**"အနောက်တောင်"** ထောင့်အရပ်သို့ မျက်နှာမူကာ ရွတ်ဆိုစေပါသည်။

အဘယ်ကြောင့်ဆိုလျှင် **"ရာဇတောဝါ မနုဿတောဝါ"**ဟု ပရိတ်ကြီး ပါဠိတော်၌ ပြဆိုထားသဖြင့် ယခု အရပ်တစ်ပါး၌ အုပ်ချုပ်သူတို့၏ဘေး၊ လူအများ၏ ရန်ပြုသောဘေးတို့ ကင်းလွတ်စေရန် ဖြစ်ပါသည်။

**ထိုဂါထာကို အရပ်မျက်နှာအလိုက် အသုံးပြုရပုံမှာ...**

အရှေ့မြောက်ထောင့် အရပ်မှစ၍...

'မှူ , နိုး ,မီး ,တွေ, ဘေး, လာဘ်, လေ, ရေ, မြေ, ထက်အောက်စုံ'


ဟူသော လင်္ကာအတိုင်း အမှုအား



လျော်စွာ အရပ်မျက်နှာကို အသုံးပြုရပါမည်။

* * *

"ပုံစံ"




ဥပမာ အသုံးပြုပုံ

အမှုအခင်း တရားတပေါင် ကြုံတွေ့ရလျှင် **"အရှေ့မြောက်"**ထောင့် အရပ်သို့ မျက်နှာမူ၍"နော ဧတန်ဂါထာအား ၉ခေါက်" ရွတ်ဆိုပူဇော်၍ ဆုတောင်းမှုပြုပါ။

နိုးသားစားပြတို့၏ ဘေးရန် ကြုံတွေ့ရသော် **"အရှေ့အရပ်"**သို့ မျက်နှာမူ၍ ရွတ်ဆိုပူဇော်ပါ။

မီး, လျှပ်စစ်, စက်ပစ္စည်း စသော ဘေးအန္တရာယ် ကြုံတွေ့ရလျှင် **"အရှေ့တောင်"**ထောင့် အရပ်သို့ မျက်နှာမူ၍ ရွတ်ဆိုပူဇော်ပါ။

တွေဝေခြင်း, မဆုံးဖြတ်နိုင်ခြင်း စသော မောဟအန္တရာယ်များ ကြုံတွေ့ရသော် **"တောင်"**အရပ်သို့ မျက်နှာမူ၍ ရွတ်ဆိုပူဇော်ပါ။

မင်းဘေး,လူဘေးမှစ၍ အတိုက်အခိုက် ဘေးအန္တရာယ်များ ကြုံတွေ့ရသော် **"အနောက်တောင်"**ထောင့် အရပ်သို့ မျက်နှာမူ၍ ရွတ်ဆိုပူဇော်ပါ။

လာဘ်လာဘပိတ်ခြင်း၊ စီးပွားဥစ္စာ ပျက်ဆီးခြင်း စသော ဘေးအန္တရာယ်များ ကြုံတွေ့ရသော် **"အနောက်အရပ်"**သို့ မျက်နှာမူ ရွတ်ဆိုပူဇော်ပါ။

လေတိုက်ခြင်း၊ မုန်တိုင်းကျရောက်ခြင်း စသော ဘေးအန္တရာယ်များ ကြုံတွေ့ရသော် **"အနောက်မြောက်"** ထောင့်အရပ်သို့ မျက်နှာမူ၍ ရွတ်ဆိုပူဇော်ပါ။

ရေကြီးခြင်း၊ ရေလမ်းခရီးသွားလာလုပ်ကိုင်ရခြင်း စသည်တို့၌ ဘေးအန္တရာယ်များ ကြုံတွေ့ရသော် **"မြောက်အရပ်"**သို့ မျက်နှာမူ၍ ရွတ်ဆိုပူဇော်ပါ။

မြေယာအမှုအခင်းများ၊ ဥယျာဉ်ခြံမြေ စသည်တို့အတွက် ဘေးအန္တရာယ် ကြုံတွေ့ရသော်**"အထက်ကောင်းကင်အရပ်သို့ လည်းကောင်း၊ အောက်မြေပြင်သို့ လည်းကောင်း"** မျက်နှာမူ၍ **နောဧတန်ဂါထာအား** ရွတ်ဆိုပူဇော်ပါ၍ ဆုတောင်းမှုပြုပါ။

## နော ဧတန်ဂါထာ

ဦး နော ရဋ္ဌတိ ရဋ္ဌမာနော၊ နနော နနော ဥတ္တမော၊
နနော နနော ဘုမ္မိရာဇာနော၊ နနော နနော၊
ဣတိပိ ယောဘဂဝါဝုတ္တာ၊ ဣတိမန္တာ သုဓိပဗ္ဗာ၊
ဣတိ ဗုဒ္ဓေဟိ သရဏံ၊ သဗ္ဗေဒေဝါ ပိယံမမ၊
ဣတိ ဓမ္မေဟိ သရဏံ၊ စတုရာဇာ ပိယံမမ၊
ဣတိ သံဃေဟိ သရဏံ ပုရိသ ဣတ္ထိ ပိယံမမ၊
သဗ္ဗေ အန္တရာယော ဝိနဿန္တု အသေသတော၊

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **ရဋ္ဌ** | = | ရတ်ဌ |
| **ဥတ္တမော** | = | အုတ်တမော |
| **ဘုမ္မိ** | = | ဘုံမိ |





www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| **ဝုတ္တာ** | = | ဝုတ်တာ |
| **မန္တာ** | = | မန်တာ |
| **ဗုဒ္ဓေ** | = | ဗုတ်ဓေ |
| **သဗ္ဗေ** | = | သပ်ဗေ |
| **ဣတ္ထိ** | = | အိတ်ထိ |
| **ဓမ္မေ** | = | ဓမ်မေ |
| **အန္တရာ** | = | အန်တရာ |
| **နသန္တု** | = | နတ်သန်တု |

မြန်မာပြန်

ဦ၊၊ ပြီးစီးအောင်မြင်ခြင်းသို့ ရောက်စေသတည်း။ **ရဇ္ဇမာနော၊** တပ်အပ်ပြီးသော ဝတ္ထုအာရုံ ကာမဂုဏ်တို့၌။ **နော-ရဇ္ဇတိ၊** မတပ်အပ်။ **နော၊** ငါ့အား။ **နေ၊** အလိုမရှိကုန်သော အနိဋ္ဌာရုံတို့သည်။ **န-နသန္တု၊** ပျောက်ပျက်စေကုန်သတည်း။

**နော-မယာ၊** ငါသည်။ **ဥတ္တမော ဥတ္တမံ၊** မြတ်လှစွာသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။ **န-နမာမိ၊** ရှိခိုးပါ၏။

**နော၊** ငါ့အား။ **နေ၊** အလိုမရှိအပ်ကုန်သော အနိဋ္ဌာရုံတို့သည်။ **န-နသန္တု၊** ပျောက်ပျက်စေကုန်သတည်း။ **နော၊** ငါ့အား။ **ဘုမ္မိရာဇာနော၊** ဘုမ္မစိုးနတ်မင်းတို့သည်။ **န-နသန္တု၊** မကောင်းသော ဘေးဒဏ် အန္တရာယ် အပေါင်းတို့မှ ကင်းစေသတည်း။

**ယောဘဂဝါ၊** အကြင်မြတ်စွာဘုရားသည်။ **ဣတိပိ ဣမိနာစ ကာရဏေန၊** ဤသို့ ဣသသရိယ စသည် အပြား.ဘုန်းခြောက်ပါးနှင့် ပြည့်စုံတော်မူသောကြောင့်လည်း။ **ဘဂဝါ၊** ဘဂဝါ မည်တော်မူ၏။

**သော-ဘဂဝါ၊** ထိုဘုန်းခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ **မန္တာ၊** ပိဋကတ်သုံးပုံဟု ဆိုအပ်သော တရားတော်မြတ်တို့ကို။ **ဝုတ္တာ၊** ဟောတော်မူအပ်ကုန်၏။

**ဣတိ၊** ဤသို့။ **မန္တာ၊** ဘုရားသခင်ကိုယ်တော်မြတ်သည် သရဇ္ဈာယ်အပ်သော မန္တရားတို့သည်။ **သုခါဝဟာ၊** ချမ်းသာကို ဆောင်တတ်ကုန်၏။

**ဣတိ၊** ဤသို့ နှလုံးပြု၍။ **အဟံ၊** ငါသည်။ **ဗုဒ္ဓေဟိ၊** ဘုရားရှင်တို့ကို။ **သရဏံ၊** ကိုးကွယ်ဆည်းကပ်ခြင်းကို။ **ကရောမိ၊** ပြုပါ၏။ **သဗ္ဗေ၊** ခပ်သိမ်းကုန်သော။ **ဒေဝါ၊** နတ်တို့သည်။ **မမ၊** ငါ့အား။ **ပိယံ၊** ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးခြင်းကို။ **ကရောန္တု၊** ပြုကြစေကုန်သတည်း။

**ဣတိ၊** ဤသို့။ **ဓမ္မေဟိ၊** မဂ်ဖိုလ် နိဗ္ဗာန်ပရိယတ် အမြတ်ထွက်ထားဆယ်ပါးသော တရားတို့ကို။ **သရဏံ၊** ကိုးကွယ်ဆည်းကပ်ခြင်းကို။ **ကရောမိ၊** ပြုပါ၏။ **စတုရာဇာ၊** လောကကို စောင့်ကြပ်ကုန်သော နတ်မင်းကြီးလေးပါးတို့သည်။ **မမ၊** ငါ့အား။ **ပိယံ၊** ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးခြင်းကို။ **ကရောန္တု၊** ပြုကြစေကုန်သတည်း။

**ဣတိ၊** ဤသို့။ **သံဃေဟိ၊** မဂ္ဂဋ္ဌာန်၊ ဖလဋ္ဌာန်ရှစ်ပါးသော အရိယာ သံဃာတော်တို့ကို။ **သရဏံ၊** ကိုးကွယ်ဆည်းကပ်ခြင်းကို။ **ကရောမိ၊** ပြုပါ၏။ **ပုရိသဣတ္ထိ၊** ယောကျ်ားမိန်းမ နှစ်ပါးတို့သည်။ **မမ၊** ငါ့အား။ **ပိယံ၊** ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးခြင်းကို။ **ကရောန္တု၊** ပြုကြစေကုန်သတည်း။

**သဗ္ဗေ၊** ခပ်သိမ်းကုန်သော။ **အန္တရာယော၊** မကောင်းသော အန္တရာယ်တို့သည်။ **ဝိနသန္တု၊** ကင်းစင်လွင့်ပျောက် မကျရောက်စေကုန်သတည်း။

*နာညမညာသ ဒုက္ခမိစ္ဆေယျ*

*ဂါမဏိဇော်(စစ်ကိုင်း)*

## စာရှုသူ၊ သုတေသီနှင့်

## စာရေးသူ

## ဆောင်းပါးရှင်များသို့ . . .

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြပါရှိသော ရောင်ခြည်ကဏ္ဍအသီးသီးရှိ ဆောင်းပါးများမှ သင့်လျော်သည်များကို ရွေးချယ်၍ **ဆောင်းပါးပေါင်းချုပ်**များ ထုတ်ဝေနေပါသည်။

သို့ဖြစ်၍ စာရေးသူဆောင်းပါးရှင်များမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခံရပါက **ဆောင်းပါးပေါင်းချုပ်များတွင် ထည့်သွင်းမည်ကို သဘောတူညီပြီးဖြစ်သည်ဟု** နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါသည်။

အကယ်၍ ဆောင်းပါးပေါင်းချုပ်များတွင် **ပါဝင်လိုခြင်းမရှိသူ စာရေးသူ ဆောင်းပါးရှင်များအနေနှင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းသို့ ဆောင်းပါးများကို မူလကပင် ပေးပို့ခြင်း မပြုကြပါရန်** မေတ္တာရပ်ခံအပ်ပါသည်။

အကယ်၍ ပေးပို့ပါက ဆောင်းပါးပေါင်းချုပ်များတွင် ထည့်သွင်းမှုကိုပါ သဘောတူညီပြီးဖြစ်သည်ဟု နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါမည်။

**ထပ်မံပြီး ရွေးချယ်ဖော်ပြခံရပါက သင့်လျော်သောစာမူခနှင့် စာအုပ်လက်ဆောင်ပါ ပေးပို့ပေးပါမည်။**

*လေးစားစွာဖြင့်...*

ဦးကျော်မိုးသိန်း

စာတည်းချုပ်

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

**ပါရမီမဂ္ဂဇင်း**

အမှတ် ၂၃၃၊ (၂၉)လမ်း၊

ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့၊



www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာ ပဟေဠိ

အဖြေညှိကြစို့




သရောကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

ဤဆောင်းပါးနှင့်အတူ ပူး
ဖော်ပြပေးထားသည့် ဘယ်
လက်ဖဝါးပုံစံပိုင်ရှင်မှာ **အသက်**
**(၅၀)ဝန်းကျင်ရှိ အမျိုးသမီး**
**တစ်ဦး** ဖြစ်ပါသည်။ ထို လက်
ဖဝါးပုံစံကို လက္ခဏာပညာအမြင်
ဖြင့် စနစ်တကျ အသေအချာ
လေ့လာစစ်ဆေးပြီးမှ အောက်ပါ
မေးခွန်းများကို ဖြေပါ။

၁။ အကြီးအမှူး ဦးစီးခေါင်းဆော
ဖြစ်နိုင်သူလား။ အဘယ်ကြော
ပါနည်း။

၂။ ပြည်ပနှင့် ဆက်သွယ်လုပ်
အောင်မြင်နိုင်သူလား။ အဘယ်
ကြောင့်ပါနည်း။

၃။ ငွေကြေးဥစ္စာ ဆင်းရဲနွမ်းပါး ချို
နေသူလား။ အဘယ်ကြောင့်ပါန

၄။ အခြေအရံနည်းပါး၊ အထီး
ဖြစ်နေသူလား။ အဘယ်ကြော
ပါနည်း။

မိမိတို့၏ အဖြေများကို အကြော
ပြချက်နှင့်တကွ သီးခြား စာရွက်လွ
တွင် ရေးမှတ်ပြီးမှသာ ပဟေဠိအဖြေ
များနှင့် တိုက်ဆိုင် ညှိနှိုင်းကြည့်မည်
လျှင် လက္ခဏာပညာသုတ ပိုမိုတိုးတ
ပါလိမ့်မည်။

ပဟေဠိ အဖြေများကို
စာမျက်နှာ(၁၉၉)တွင်ကြည့်ရှုပါရန်




www.burmeseclassic.com

www.burmeseclassic.com

လူတိုင်းအတွက် တရုတ်ရိုးရာ

# အိပ်မက်ရှင်းတမ်း (၇၄)

ထက်မြင့်ကျော်စွာ



◎ ဆေးတံကို မြင်မက်ခြင်းသည် အခွင့်အခါကောင်းကို ရည်ညွှန်းခြင်းဖြစ်သည်။

✤ **အမျိုးသားက မြင်မက်လျှင်...**

ဘဝ တိုးတက်ရေးအတွက် အခွင့်အလမ်း တွေ့ကြုံရမည်။

✤ **အမျိုးသမီး (အိမ်ထောင်မဲ့)က မြင်မက်လျှင်...**

အခွင့်အရေးကောင်း လက်လွတ်ဆုံးရှုံးခဲ့သည်ဟု ပြောလိုခြင်းဖြစ်သည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

ခင်ပွန်း၏အိမ်တွင် လူဦးရေ လျော့ပါးသွားမည်။

**(ရှေးခေတ်ကာ တရုတ်လူကုံထံတို့ ဇနီးများစွာ ပေါင်းသင်းလေ့ရှိရာ ဤကဲ့သို့ ခင်ပွန်း၏အိမ်ဟု ဝိသေသပြု ရည်ညွှန်းခြင်း ဖြစ်သည်။ အိမ်သားတစ်ဦး ခရီးထွက်သွားခြင်း၊ အိမ်ထောင်ခွဲသွားခြင်း၊ ရပ်ဝေးမြေခြားသို့ သွားရောက် အခြေစိုက်ခြင်း၊ ကွယ်လွန်ခြင်း စသည် တစ်ခုခု ဖြစ်နိုင်သည်။ မြန်မာမှုတွင် လူထွက်ကိန်းရှိသည်ဟု ဆိုကြ၏။)**

✤ **လူမမာ၊ ရောဂါဝေဒနာ ခံစားရသူက မြင်မက်လျှင်...**

မြန်မကြာ ရောဂါသက်သာ၍ ပြန်လည်ကျန်းမာလာမည်။

✤ **လူပျိုက မြင်မက်လျှင်...**

ဘဝအဖော် ဇနီးလောင်း တွေ့နိုင်သည်။

✤ **အိမ်ထောင်ကွဲ အမျိုးသမီးက မြင်မက်လျှင်...**

ယခင်ယောကျ်ားနှင့် ပြန်လည်ဖူးစာဆုံရန် မဖြစ်နိုင်တော့ပါ။

✤ **အိမ်ထောင်ကွဲ အမျိုးသားက မြင်မက်လျှင်...**

ကွဲခွာရုပ်၍ မြက်ပင်သေရသည်။

**(မထင်မှတ်ဘဲ အိမ်ထောင်ကျလိမ့်မည်ဟု ဆိုလိုသည်။ စိတ်သာယာမှုဖြင့် ရောရောဝင်ဝင်နေထိုင်ဆက်ဆံရာမှ သဒ္ဓါကျွံတတ်သည်။ မြန်မာမှုတွင် အပျက်ပျက်နှင့် နှာခေါင်းသွေး ထွက်တတ်သည်ဟု ဆိုကြသည်။)**

✤ **ကုန်သည်က မြင်မက်လျှင်...**

ကုန်စည်အသစ်၊ ဈေးကွက်အသစ်ကြောင့် အဆင်ပြေ အကျိုးရှိမည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

လယ်ယာမြေ တိုးပွားမည်။

✤ **ခရီးထွက်စဉ် မြင်မက်ပါက...**

ကွန်းခိုစရာ နေရာရရှိမည်။

✤ **အချုပ်အကျဉ်းကျနေသူက မြင်မက်လျှင်...**

ကိုယ်စိတ်သက်သာရာရမည်။

✤ **ပစ္စည်းပျောက်စဉ် မြင်မက်ပါက...**

သတင်းအစအန ရရှိမည်။

✤ **လူပျောက်ပါက...**

သူ့အလိုအလျောက် ပြန်ရောက်လာမည်။

✤ **ကိုယ်ဝန်ဆောင်မိခင်က မြင်မက်လျှင်...**

လွယ်ကူ အဆင်ပြေစွာ မျက်နှာမြင်နိုင်သည်။

✤ **ကျောင်းသူ ကျောင်းသားက မြင်မက်လျှင်...**

စာမေးပွဲ အောင်မည်။

✤ **အလုပ်လျှောက်ထားသူ၊ အလုပ်ရှာနေသူက မြင်မက်လျှင်...**

အလုပ်အကိုင် အတည်တကျ ဖြစ်သွားနိုင်သည်။

✤ **သက်ကြီးရွယ်အိုများ မြင်မက်ခြင်း ဖြစ်က...**

အပူဇော်ခံရမည်။

◎ ဆေးတံ သောက်ရှူရသည်ဟု မြင်မက်လျှင် ဘဝအခြေအနေ အဆင့်အတန်း ပြောင်းလဲမှုကို ရည်ညွှန်းသည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

ကျန်းမာသန်စွမ်း၍ ရောဂါကင်းပမည်။



www.burmeseclassic.com

www.burmeseclassic.com

✤ **အိမ်ရှင်မက မြင်မက်လျှင်ကား...**

ခင်ပွန်းသည် ကျန်းမာရေးအတွက် ဗျာများရကိန်းရှိသည်။

✤ **လူပျိုက မြင်မက်လျှင်...**

ရေလာမြောင်းပေးသူ မိန်းကလေးနှင့်ကြုံဆုံရမည်။

✤ **အပျိုက မြင်မက်လျှင်ကား...**

ကာယိန္ဒြေထိခိုက်စော်ကားခြင်း ခံရတတ်သည်။

✤ **အချုပ်အကျဉ်း ကျနေသူက ဆေးတံ သောက်ရှူရသည်ဟု မက်လျှင်...**

မျှော်မှန်းသည့်ထက် အချိန်စောစွာ လွတ်မြောက်၍ ဌာနေပြန်ရောက်မည်။

✤ **ရောဂါဝေဒနာခံစားရစဉ် မြင်မက်က...**

ဝေဒနာတောင်ကြီးကို ကျော်လွှန်မည်။

**(ရောဂါကျွမ်းနေသူက တစ်ဘဝခရီး လွတ်မြောက်၍ ရောဂါနစဉ် ဖြစ်ပါက ပြန်လည် ကောင်းမွန်ကျန်းမာလာမည်။)**

✤ **ကုန်သည်က မြင်မက်လျှင်...**

စီးပွားလုပ်ငန်းများ တိုးတက်ပိုင်ဆိုင်ရမည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

ရပ်ဝေးမြေခြားသို့ သီးနှံတင်ပို့၍ အကျိုးအမြတ် ပိုမိုရရှိမည်။

✤ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

မြင်းကောင်းခွာလိပ် ဖြစ်တတ်သည်။ ပင်ကိုဉာဏ်ရည် ကောင်းသော်လည်း စာမေးပွဲ၌ ထင်တိုင်း မပေါက်ရောက်နိုင်ပါ။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

ခရီးတွင်ကျယ်မည်။



✤ **ပစ္စည်းပျောက်စဉ် မြင်မက်ပါက...**

လမ်းဆုံး ရောက်သွားပြီ။

✤ **လူပျောက်ရှာစဉ် မြင်မက်က...**

အိမ်ပြန်ရောက်နေပြီ။

✤ **ဆေးသမားတော်က မြင်မက်လျှင်...**

နေထိုင်ရာဒေသတွင် ကူးစက်ရောဂါဘေး ကင်းဝေးမည်။

✤ **အိမ်ထောင်ပျက် အမျိုးသားက မြင်မက်လျှင်...**

နောက်တစ်ပင်ထူဖြစ်မည်။

✤ **အိမ်ထောင်ပျက် အမျိုးသမီးက မြင်မက်လျှင်ကား...**

မထိမဲ့မြင်ပြုခြင်း ခံရတတ်သည်။

✤ **အရည်အချင်းရှိလျက် ကြိုးစားရှာဖွေပါက အလုပ်အကိုင်မဲ့နေသူဖြစ်ပါက...**

အားပြုစရာလုပ်ငန်း၊ အလုပ်အကိုင် တစ်နေရာ ရရှိမည်။

✤ **ဆေးတံ သောက်ရှူနေသူ တစ်ဦးတစ်ယောက်ကို မြင်တွေ့ရသည်ဟု မြင်မက်လျှင်...**

စီးပွားရေး အကျိုးအမြတ်ရရှိမည်။

❂ ဆေးတံ သိမ်းဆည်းရသည်၊ သို့မဟုတ် ဆေးတံ အသစ်ဝယ်ရသည်ဟု မက်လျှင် ပွဲနေပွဲထိုင် တက်ရောက်ရမည့်နိမိတ် ဖြစ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မ လျှင်...**

ထိမ်းမြားလက်ထပ် မင်္ဂလာ သဘင်၌ ဦးစီးဦးဆောင် ကျင်းပပေး ကိန်းရှိသည်။

✤ **ဇနီးသည်က မြင်မက်လျှင်...**

နေအိမ်ဂေဟာ၊ မိသားစုအတွ သုမင်္ဂလာရေးကိစ္စ ပေါ်ပေါက်မည်။

✤ **လူပျိုက မြင်မက်လျှင်...**

မိတ်ဆွေသားချင်း၏ လက်ထ မင်္ဂလာပွဲသို့ တက်ရောက် ကူညီပေး ကိန်းရှိသည်။

✤ **အပျိုက မြင်မက်လျှင်...**

သွေးသားရင်းချာတို့၏ မင်္ဂလာပွဲသို့ တက်ရောက်အားပေးရတတ်သည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

အကျိုးတူ ပူးပေါင်းမှုလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်မည်။

✤ **တောင်သူလယ်သမားက မြင် မက်လျှင်...**

ထွန်ယက်ရေး စက်ကိရိယာများ ရရှိမည်။

✤ **ကျောင်းသားက မြင်မက်လျှင်...**

ဂုဏ်ပြုပွဲ တက်ရောက်ရတတ်သည်။

✤ **ကိုယ်ဝန်ဆောင်မိခင်က မြင် မက်ပါက...**

ထူးခြားသော သားသမီးရတန ဖွားမြင်မည်။

✤ **ပစ္စည်းပျောက်စဉ် မြင်မက်ပါ က...**

အိမ်တိုင်ရာရောက် ပို့ဆောင်ပေးသူ ရှိမည်။

✤ **လူပျောက်ရှာစဉ် မြင်မက်လျှင် ကား...**

မတွေ့နိုင်တော့ပါ။

✤ **အချုပ်အကျဉ်းကျစဉ် မြင်မက် ပါက...**



www.burmeseclassic.com

www.burmeseclassic.com

လျှော့ရက်များရ၍ လွတ်မြောက်ရန် နီးကပ်လာပြီ။

✤ **ခရီးထွက်စဉ် မြင်မက်ပါလျှင်...**

လုံခြုံဘေးကင်းမည်။

✤ **ပြည်သူ့ ကိုယ်စားလှယ်လောင်းက မြင်မက်လျှင်...**

ထောက်ခံအားပေးမှုများ ရရှိနိုင်သည်။

❂ လူစုလူဝေး လူအများကြားတွင် ဆေးတံကို သူတစ်ပါးအား သောက်ရှုရန် ပေးလိုက်သည်ဟု မြင်မက်လျှင် ထုတ်ပယ်၊ ဖဲကြဉ်ခံရခြင်း နိမိတ်ဖြစ်သည်။

✤ **ဝန်ထမ်းလုပ်သားက မြင်မက်လျှင်...**

အလုပ်ထုတ်ပယ်ခြင်း ခံရမည်။

✤ **တစ်စုံတစ်ခုသော အဖွဲ့အစည်းဝင် အဖွဲ့သားက မြင်မက်လျှင်...**

ဆိုင်ရာအဖွဲ့အစည်းမှ ထုတ်ပယ်ခြင်းခံရဖွယ်ရှိသည်။

✤ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

ပညာသင်ခွင့်ရပ်ဆိုင်းခြင်း ခံရတတ်သည်။

✤ **လူသာမန်က မြင်မက်လျှင်...**

လူမှုအသိုင်းအဝိုင်းမှ ဖဲကြဉ်ကာ တစ်ကိုယ်တည်း အထီးကျန်စွာ နေထိုင်ရမည်။

✤ **လူပျို၊ အပျို(ရည်းစား၊ ဘဝဖော်ရှိသူ)က မြင်မက်လျှင်...**

လမ်းခွဲခြင်းခံရကိန်းရှိသည်။

✤ **ကုန်သည်ပွဲစားက မြင်မက်လျှင်...**

အရောင်းအဝယ်ထိုင်းမှိုင်း တိတ်ဆိတ်နေမည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

သီးနှံအထွက် ဆုတ်တတ်သည်။

✤ **အိမ်ထောင်ရှင်များက မြင်မက်လျှင်...**

ဇနီးမောင်နှံ အချင်းများကာ မခေါ်မပြော ဖြစ်ရဖွယ်ရှိသည်။

❂ ဆေးတံယူဆောင်ကာ စည်းဝေးပွဲ တက်ရောက်ရသည်ဟု မြင်မက်လျှင် လေးပင်လယ်အနှံ့ နာမည်ကျော်ကြားတတ်သည်။ (လေးပင်လယ်၊ ပင်လယ်လေးရပ်သည် အရပ်လေးမျက်နှာဟု ရည်ညွှန်းခြင်း ဖြစ်သည်။)

❂ တစ်ဦးတစ်ယောက်နှင့် ဆေးတံ လုယူရသည်ဟု မြင်မက်လျှင် အဖျားအနာရောဂါများ အဆက်မပြတ် ဖြစ်ပေါ်ခံစားရတတ်သည်။

**ထက်မင်းကျော်စွာ**

---


စာမျက်နှာ (၁၉၆)မှ အဆက်

**လက္ခဏာပဓာနဋ္ဌိ အခြေများ**

**၁။ အကြီးအမှူး ဦးစီးခေါင်းဆောင် ဖြစ်နိုင်သော လက္ခဏာမျိုး ရှိသည်။**

အဘယ်ကြောင့်ဆိုသော် လက်ညှိုး လက်ချောင်းထိပ် ခရုပတ်ဇွေကြီးမျိုး ရှိ၍ လက်ညှိုး လက်ချောင်းထိပ်က လက်သူကြွယ် လက်ချောင်းထိပ်ထက် အနည်းငယ် ပို၍ ရှည်နေခြင်းကြောင့် ဖြစ်သည်။ "ဃ"အက္ခရာ


* * *




**၂။ ပြည်ပနှင့် ဆက်သွယ် လုပ်ကိုင် အောင်မြင်နိုင်သော လက္ခဏာရှင် ဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော် အသက်လမ်းကြောင်းအရင်းပိုင်းမှ နိုင်ငံခြားခရီးလမ်း ထင်ရှားအားကောင်းစွာ ထွက်နေခြင်းကြောင့်ဖြစ်သည်။ **"က"အက္ခရာ**


* * *




**၃။ ငွေကြေးဥစ္စာ ဆင်းရဲနွမ်းပါး ချို့တဲ့နေသူ မဟုတ်ပါ။ ချမ်းသာကြွယ်ဝပြည့်စုံနေသူ ဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော် အသက်လမ်းကြောင်းနှင့် ကံလမ်းကြောင်း၊ ဦးခေါင်းလမ်းကြောင်းတို့ ပေါင်းစပ်ကာ ကြီးမားသော ရတနာဘဏ်တိုက် သင်္ကေတ ဖြစ်ပေါ်နေခြင်းကြောင့် ဖြစ်သည်။ **"ဂ"အက္ခရာ**


* * *




**၄။ အခြေရှိနည်းပါးသူ မဟုတ်ပါ၊ အထီးကျန် ဖြစ်နေသူလည်း မဟုတ်ပါ။ အခြွေအရံ ပေါများလှသူ ဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော် သောကြာဂြိုဟ်ခုံမှာ အခြွေအရံလမ်းကြောင်းတွေ ထင်ရှားပေါများ အားကောင်းနေခြင်းကြောင့် ဖြစ်သည်။ **"ခ"အက္ခရာ**

* * *




*လက္ခဏာပညာသုတ တိုးပွားကြပါစေ။*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင် (ဥပဒေသ) လက္ခဏာဗေဒင်ပညာသုတေသီ**




www.burmeseclassic.com

www.burmeseclassic.com

# စောင်းလျားသီး

## ၏ လက်တွေ့အစွမ်း



ထိုနေ့က ကျွန်တော် ရုံးအားရက်ဖြစ်သဖြင့် ဇနီးသည်နှင့်အတူ မကွေးမြို့သို့ ဈေးဝယ်လိုက်ဖြစ်ခဲ့သည်။ **မကွေးမြို့နှင့် နတ်မောက်မြို့သည် (၃၆)မိုင် ဝေးကွာပြီး** လိုင်းကားစီးလျှင် တစ်ထောင်ကျပ်သာ ပေးရပါသည်။

ဇနီးသည်မှာ လွန်ခဲ့သော (၂)နှစ်ခန့်ကပင် သွေးတိုးရောဂါ ရှိနေကြောင်း စမ်းသပ်သိရှိခဲ့ရပြီး ကျွန်တော့်နေအိမ်တွင် ဒန့်သလွန်စေ့အခြောက်များ များစွာ စုဆောင်းထားပါသည်။ ဒန့်သလွန်ပင်လည်း စိုက်ထားရသည်။

သွေး ရုတ်တရက်တိုး၊ ဇက်ကြောထိုး၊ ခေါင်းတုတစ်စစ် ကိုက်လာလျှင် ဇနီးသည်မှာ ဒန့်သလွန်စေ့ နှစ်စေ့၊ တစ်ခါတလေ သုံးစေ့ ဝါးစားပြီး ရေသောက်၍ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်ခန့် မှိန်းအိပ်လိုက်လျှင် ချက်ချင်း သွေးတိုးကျ သက်သာပျောက်ကင်းသွားသည်သာ။

တစ်ခါတလေလည်း ဒန့်သလွန်ရွက်ကြမ်းများကို ကြိတ်ခြေအရည်ညှစ်၍ ဟင်းသောက်ဇွန်း နှစ်ဇွန်း၊ သုံးဇွန်းအထိ သောက်လိုက်လျှင် ချက်ချင်း သက်သာပါသည်။

ဒန့်သလွန်ရွက်နုများ ပေါများချိန်တွင် ကြက်သွန်ဖြူ နှစ်ဥခန့် ထောင်းထည့်ပြီး ဟင်းချိုချက်သောက်စေပါသည်။

ဒန့်သလွန်စေ့၊ ဒန့်သလွန်ရွက်၊ ကြက်သွန်ဖြူသည် သွေးတိုးကို ကျစေပြီး သွေးတိုးနှင့် အသက် မဆုံးရှုံးစေအောင် ထိန်းပေးသည်မှာ ကျွန်တော့်ဇနီးသည် လက်တွေ့ပင်။

ထိုနေ့က လိုင်းကားစီး၍ နာရီဝက်ခန့်တွင် ဇနီးသည်မှာ ဇက်ကြောထိုး ခေါင်းကိုက် သွေးတိုးလာပါသည်။ ခက်ပြီ။ ဒန့်သလွန်စေ့များလည်း ဆောင်ယူမလာမိ။ ကားပေါ်မှာ မည်သို့ ပြုရမည်မသိ ဖြစ်နေပါသည်။

ခုံတန်းတွင် အတူကားစီးနေရသော ဦးအောင်ဆုဆိုသူမှ...

'ကိစ္စမရှိဘူး။ ရှေ့မှာ ကြာကန်ရွာ ရောက်တော့မယ်။ ကျွန်တော် ဆင်းဝယ်ပေးမယ်'

ဟု ဆိုပါသည်။ ကြာကန်ရွာမှာ ဒန့်သလွန်စေ့ဝယ်၍ ရပါ့မလားဟု မှတ်ယူမိပါသည်။ ဇနီးသည်မှာ ကျွန်တော့်ပခုံးကိုမှီ၍ မှိန်းနေပါသည်။

ကြာကန်ရွာရောက်ပြီ။ ကား ခေတ္တနားချိန် ဆင်းသူဆင်း၊ တက်သူတက်။ ဦးအောင်ဆု ဆင်းသွားပြီး မကြာမီ ကားပေါ် ပြန်တက်လာသည်။

'ရော့ ဒီစောင်းလျားသီးမှည့်သုံးလုံး အမြန်ဝါးစားလိုက်ပါ အစ်မကြီး'

ဟု ဆိုကာ စားခိုင်းပါသည်။

အဝါရင့်ရောင် မှည့်စိုနေသော စောင်းလျားသီးနှစ်လုံးစားပြီး ဇနီးသည်မှာ မျက်နှာကြည်လင်လာသည်။ နောက်တစ်လုံး စားပြီးသောအခါ ဦးခေါင်း ထောင်မတ် သက်သာသွားပါသည်။

'မကွေးက တည်းခိုအိမ်ရောက်ရင် ဒီစောင်းလျားသီးအမှည့်တွေ ကြိတ်ခြေအရည်ညှစ်ပြီး သတ္တုရည်သောက်လိုက်ပါအစ်မကြီး'

ဟု ဆိုကာ စောင်းလျားသီးမှည့် ဆယ့်ငါးလုံး ပေးပါသည်။

'ကျေးဇူးတင်ပါတယ်ဗျာ ဘယ်လောက်ဖိုး ဝယ်လာတာလဲ'

ဟု ကျွန်တော်မှ ပြောရင်း ပိုက်ဆံထုတ်ရာ...

'နေပါစေဗျာ တစ်လုံးမှ တစ်ဆ... တစ်ရာဖိုး ဆယ့်ငါးလုံးနဲ့ ဈေးဆစ်... လာတာ မပေးပါနဲ့'

ဟု ငြင်းကာ ကျွန်တော့်လက်... ငွေငါးရာတန်ကို မယူဘဲ ပြန်တွန်း... ပါသည်။

မကွေးမြို့ မိတ်ဆွေ ဒေါ်အေး... အိမ်သို့ ရောက်သောအခါ စောင်းလျား... သီးအမှည့် ခုနစ်လုံးခန့်ကြိတ်၍ သ... ရည်သောက်လိုက်သေးသည်။

ညပိုင်း အိမ်ပြန်ရောက်သော... တွင်လည်း ကျန် စောင်းလျားသီး... များကို သတ္တုရည် ညှစ်သောက်... သည်။

ယခု ဤစာမူ ရေးနေချိန်အ... သုံးလအတွင်း ဇနီးသည်မှာ ... သွေးတိုးမထတော့ပါ။ စောင်းလျား... ၏ လက်တွေ့အစွမ်း ကိုယ်တိုင်... သိခဲ့ရ၍ တင်ပြလိုက်ပါသည်။

**(ရွာသစ်ရွာမှ ဦးအောင်ဆု... ကျေးဇူးပါ။)**

**မြေမိုးချစ်(နတ်မောက်)**



www.burmeseclassic.com


www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင်နှင့်

ကျေးဇူးရှင် ဆရာတော်ကြီးများ

သန်းပညာ

## အိမ်မဲမြို့ ကွင်းကျောင်းစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တနန္ဒိယထေရ်အား ဂါရဝပြု ပူဇော်ခြင်း



အိမ်မဲမြို့ ကွင်းကျောင်း စာသင်တိုက်
ပဓာန နာယက ဆရာတော် ဘဒ္ဒန္တနန္ဒိယထေရ်

ဆရာတော်သည် ၁၃၁၀ ပြည့်နှစ်၊ ဖွာသိုလဆန်း(၁၀)ရက်၊ စနေနေ့တွင် ဖွားမြင်ရာ မဟာဘုတ်အရဆိုရင် (၁)ကြွင်း မဟာဘုတ်ပိုင်ရှင် ဖြစ်ပါတယ်။

**လေ့လာကြည့်ပါ။**

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ |

(၁)ကြွင်း မဟာဘုတ်

ဆရာတော်သည် (၁)ကြွင်း မဟာဘုတ်ပိုင်ရှင်ဖြစ်တဲ့အတွက် **တနင်္ဂနွေဂြိုဟ်(၁–နွေ)သည် ဘင်္ဂအပျက်အိမ်၌ ရပ်တည်နေတဲ့အတွက်...**

- ❑ လုပ်ငန်းတွင်း ပဋိပက္ခများ ကြုံရခြင်း၊
- ❑ အလုပ်အကိုင် အကြံအစည်များ ပျက်ပြားစေခြင်း၊
- ❑ အဖ,ကံ မကောင်းခြင်း၊
- ❑ ငယ်စဉ်က အိမ်တွင်းရေးသောကများ ကြုံရတတ်ခြင်း၊
- ❑ ဘွဲ့ထူးဂုဏ်ထူးရရန် ခက်ခဲတတ်ခြင်း၊
- ❑ နာမည်ဂုဏ်သတင်း အထူး ကျော်ကြားမှု မရှိတတ်ခြင်း၊
- ❑ နေရာဒေသ အပြောင်းအရွှေ့များ တတ်ခြင်း၊

တို့ ဖြစ်စေပါမယ်။

ထို့ပြင်...

**ဗုဒ္ဓဟူးဂြိုဟ်(၄–ဟူး)သည် မရဏအိမ်၌ ရပ်တည်နေတဲ့အတွက်...**

- ❑ လူအများ အဖွဲ့အစည်းများနှင့် ဆောင်ရွက်ရမှုလုပ်ငန်းများ အဆင်မပြေတတ်ခြင်း
- ❑ လူမှုရေးလုပ်ငန်းများ အကျိုးမပြုတတ်ခြင်း

တို့ ဖြစ်တတ်ပါတယ်။

စာမျက်နှာ (၂၀၅) သို့



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏

# အစိုင်ကွန့် မှတ်တမ်း

ဖြစ်ရပ်ဆန်းများ

မဟာစက်ရှင် (လှိုင်လင်)

လောကတွင် ဆင်းရဲဒုက္ခအပေါင်းတို့မှ လွတ်မြောက်ရာ ထွက်မြောက်ကြောင်း လမ်းနှစ်သွယ်သာ အမှန်ရှိ၏။ ယင်းတို့မှာ လောကီထွက်ရပ်လမ်းနှင့် လောကုတ္တရာထွက်ရပ်လမ်းဟူ၍ ဖြစ်၏။


လောကုတ္တရာ ထွက်ရပ်လမ်းမှာ အထူးဆိုဖွယ်ရာမရှိ။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးနှင့်တကွ ကမ္ဘာ့နိုင်ငံများပါ မကျန် ထင်ရှားနေသော ဒုက္ခကင်းပျောက် နိဗ္ဗာန်ရောက်စေသည့် ဝိပဿနာ မဟာလမ်းစဉ်ကြီးဖြစ်သောကြောင့် ဖြစ်သည်။ အပြစ်အနာအဆာကင်းသောလမ်းလည်း ဖြစ်၏။

လောကီထွက်ရပ်လမ်းမှာမူ နိဗ္ဗာန်သို့ တိုက်ရိုက်ရောက်စေခြင်း မရှိသော်လည်း ရှေးအကြောင်းဆက် မကောင်းသူ၊ အကြောင်းကြောင်းကြောင့် လောကုတ္တရာထွက်ရပ်လမ်း မလိုက်နိုင်သူ ဆုကြီးပန်၊ ဆုထူးပန်ပုဂ္ဂိုလ်တို့၏ ပါရမီကွန်းခိုရာ ဖြစ်သောကြောင့်လည်း လောက၌ အောက်တန်းမကျသော အထက်တန်းလမ်းစဉ်တစ်ခုသာဖြစ်သည်။

အထူး သတိပြုရမည်မှာ လောကုတ္တရာ ထွက်ရပ်လမ်းနှင့် လောကီထွက်ရပ်လမ်း နှစ်သွယ်တို့ကို ယှဉ်၍ မပြောဆို မသတ်မှတ်ကောင်း မသုံးသပ်ကောင်း။ လမ်းကား တစ်လမ်းစီဖြစ်သောကြောင့်တည်း။

လောကုတ္တရာ ဝိပဿနာကျင့်စဉ်တို့ကို အားထုတ်လျှင် အိပ်မက်အတိတ်နိမိတ် စသော ပညတ်တရား (ဝိပဿနာ ဉာဏ်မရောက်မီ သမထနိမိတ်တို့မှ လွဲ၍) အခြားသော ပညတ်တရားတို့ကို အမိက မထားမှ အောင်မြင်နိုင်သော်လည်း လောကီကျင့်စဉ် (သမထဝိဇ္ဇာလမ်း)တွင်မူ အိပ်မက်၊ အတိတ်၊ နိမိတ်

ပုံ-က



တို့ကို ဂရုပြုမှသာ လောကီကိစ္စ အောင်မြင်နိုင်ပါသည်။

ထပ်ဆိုအံ့။ လောကုတ္တရာ အားထုတ်နေသူသည် ပရမတ်အစား ပညတ်ကို အလေးပြုကာ နိဗ္ဗာန်မရနိုင်။ လောကီကျင့်စဉ် အားထုတ်နေသူသည် ပညတ်တရား အိပ်မက်၊ အတိတ်၊ နိမိတ်တို့ကိုပယ်၍ ပရမတ်သဘောတို့ကို အလေးအမြတ် ပြုနေပါကလည်း ခရီးမရောက်နိုင်။

ပညာရှိ သူတော်ကောင်းများ မိန့်ဆိုသကဲ့သို့ **(လောကီဆို ကီမှ လောကုတ္တရာဆို ကုတ်မှ ခရီးရောက် အောင်မြင်နိုင်မည်။ ကီမကျ၊ ကုတ် မကျ လုပ်နေလျှင် ဗရုတ်သုတ်ခ ဘာမှ အရာမထင်ဖြစ်မည်။)** ဆိုသော စကားမှာ လောကီသမားရော လောကုတ္တရာသမားပါ အလွန် မှတ် သားဖွယ် ကောင်းလှသော အဆိုအမိန့် ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ် ရေးသားနေ သည့်၊ ရေးသားဖော်ပြနေသည့် ဖြစ်ရပ် မှန်များမှာ လောကီနှင့်သာ သက်ဆိုင် သည့် ဖြစ်ရပ်များသာဖြစ်၍ ပညာရှိ

www.burmeseclassic.com

ပုံ-ခ



စာရှုသူတို့သည် ကျွန်ုပ်၏ လောကီကိစ္စအကြောင်းတို့ကို လောကုတ္တရာအမြင်ဖြင့် ရှုမြင်မည်မဟုတ်ဟု ယူဆပါသည်။

ကျွန်ုပ် တွေ့ကြုံခဲ့ရသော ဖြစ်ရပ်မှန်များထဲမှ ကဏ္ဍတစ်ခုဖြစ်သည့် ပုတီးနိမိတ်ပြကဏ္ဍလည်း တစ်ခုအပါအဝင်ဖြစ်သောကြောင့် ယခင်လထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတို့တွင် ပုတီးနိမိတ်အချို့တို့ကို တင်ပြပြီး ဖြစ်ပါသော်လည်း မပြီးဆုံးသေးသော အကြောင်းတို့ကြောင့် ထပ်မံတင်ပြလိုက်ပါသည်။

ကျွန်ုပ် ကြုံတွေ့ခဲ့ရသော ပုတီးပုံရိပ်နိမိတ်တို့သည် ကျိုးကြောင်းမဲ့ ဖြစ်ပေါ်လာသည် မဟုတ်ပါ။ အကြောင်းတရားတစ်ခု ဖြစ်လာတိုင်း ပုတီးပုံရိပ် ဟူသော အကျိုးတရားက ပေါ်လာမြဲ ဖြစ်သောကြောင့် ကျွန်ုပ်ကိုယ်တိုင် ဘာကြောင့် ပေါ်လာရသလည်း ဆိုသည်ကို တိတိကျကျ မခန့်မှန်းနိုင်ပါ။

သို့သော် ကျွန်ုပ် ဆိုခဲ့သည့်အတိုင်း ကျွန်ုပ် စီမံထားသော ဂါထာတော်ကို အဓိဋ္ဌာန်ဝင်ပြီးသည့် အချိန်မှစ၍ ပုတီးနိမိတ်တို့ ပြလာသောကြောင့် ဂါထာ၏ ဟိတ်တန်ခိုးကြောင့်ဟု ဆုံးဖြတ်လိုက်ခြင်းဖြစ်ပါသည်။

သို့သော် ကျွန်ုပ်လက်စွဲတော် ပုတီးကိုလည်း မေ့ထား၍မရသော အကြောင်းကို သီးသန့် တင်ပြပါဦးမည်။ ယခုမူ ကျွန်ုပ် ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်မှန် အကြောင်းကို ဖော်ပြပါမည်။

ကျွန်ုပ်၏ကျေးဇူးရှင် ဖခင်ကြီး ကွယ်လွန်သွားသည်မှာ ကြာပြီဖြစ်သော်လည်း ဖခင်ကြီး၏ ကျေးဇူးဂုဏ်တို့ကို တသသ ဖြစ်နေဆဲဖြစ်၍ မေ့မရနိုင်သေးပါ။

သက်ရှိထင်ရှား ရှိနေချိန်တွင် ဖခင်၏ ဂုဏ်ကျေးဇူးတို့ကို မအောက်မေ့မိတတ်ကြသော သားသမီးတို့၏ နိယာမအရ ပေါ့ပေါ့တန်တန် နေခဲ့မိသော ကျွန်ုပ်မှာ ဖခင်ကြီး မရှိတော့သည့် အချိန်တွင်မှ ဖခင်၏ သားသမီးများအပေါ် ထားရှိခဲ့သည့် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း စာနာခြင်း။ ဒုက္ခအပေါင်းတို့၏ ရှေ့တွင် မားမားမတ်မတ် ရပ်ပြခြင်း စသော... စသော ဂုဏ်ကျေးဇူး အပေါင်းတို့ကို အစီအရီ ပြန်စဉ်းစားမိပါသည်။

သို့ဖြစ်၍ အလွန် နှမြောတသဖြစ်ကာ အစားထိုးမရသော ဆုံးရှုံးမှုအတွက် အလွန် ယူကြုံးမရဖြစ်ပြီး အသက်ရှိစဉ် ဥပေက္ခာပြုမိခဲ့သည့် အဖြစ်ကို အထူးနောင်တရမိပါသည်။

သို့သော်လည်း မိခင်အိုကြီးမှာ အသက်ထင်ရှား ရှိနေသေးသောကြောင့် မိခင်ဟူသော အေးရိပ်ကား ကျွန်ုပ်၏ဘဝတွင် ရှိနေဆဲဖြစ်၍ တော်သေး သည်ဟု ဆိုရပေမည်။

မပြည့်စုံသော ဘဝထဲ ရုန်းကန်နေရသော ကျွန်ုပ်မှာ မိခင်ကြီးအား ကျေနပ်လောက်အောင် ပံ့ပိုးပေးနိုင်ခြင်း မရှိသေးရကား မိမိ၏ ကြုံရသော ကံကြမ္မာကိုသာ အခါခါ အပြစ်တင်မိပါသည်။

သို့သော် အခြားသော မောင်နှမသားချင်းတို့၏ မိခင်ကြီးအား ပံ့ပိုးသော ကုသိုလ်က ရှိနေသဖြင့် တော်ပါသေးသည်။

မိခင်၏ ကျေးဇူးတို့ကို အားပါးတရ ဆပ်ခွင့်မရှိသေးသည့် အချိန်တွင် နားစွန်နားဖျား ကြားနာလိုက်ရသော ဆရာတော်တစ်ပါး၏ မိဘကျေးဇူးနှင့် ပတ်သက်၍ ဟောကြားသော တရားသားတစ်ခုကြောင့် ကျွန်ုပ်သည် မိခင်နှင့် ပတ်သက်မိသော ကုသိုလ်ထူး



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုကို ယူမိလိုက်ရပါသည်။

ဆရာတော်၏ တရားမှာ....

'မိဘကျေးဇူး ဆပ်ချင်ပါတယ်ဆိုတဲ့ ဒကာ၊ ဒကာမတွေ အထူးသဖြင့် ဒကာတွေ မိဘကျေးဇူးဆပ်တယ်ဆိုတာ အသာထားဦး ကိုယ့်ကို ဝမ်းနဲ့လွယ် အသက်နဲ့ရင်းပြီး မွေးဖွားပေးခဲ့တဲ့ ကိုယ့်အမေရဲ့ ထဘီကို ကျေးဇူးသိတတ်တဲ့စိတ်နဲ့ ဘယ်နှခါများ လျှော်ပေးဖူးခဲ့ကြလဲ'

ဆရာတော်၏ တရားကား ထိမိလှ၏။ ကျွန်ုပ်၏ နှလုံးသားထဲ စိမ့်ဝင်သွား၏။ ကျွန်ုပ်လည်း ဤကုသိုလ်ထူးကို ရအောင်ယူမည်ဟု ဆုံးဖြတ်ချက်ချ၍ မိခင်ကြီး၏ ထဘီကို လျှော်ဖွပ်ကုသိုလ် ယူခဲ့ပါသည်။

သို့သော်လည်း မိခင်ကြီးမှာ ကျွန်ုပ်အား ထဘီလျှော်လျှင် ဘုန်းကံနိမ့်မည်ဟု ဆို၍ လျှော်မည့်ထဘီထည့် ဇလုံအား ဝှက်၍ထားသဖြင့် ကျွန်ုပ်မှာ မိခင်ကြီးဝှက်ထားသော ထဘီဇလုံအား ဖနီးသည်ကို ရအောင် ရှာခိုင်း၍ မိခင်ကြီး မသိအောင် လျှော်ဖွပ်၍ ကုသိုလ်ထူးကို ကြံဖန်ယူနေရပါသည်။

ထိုအချိန် ကျွန်ုပ်သည် ပုတီးကို ရက်တိုအဓိဋ္ဌာန်ပြု၍ ဝင်ဖြစ်နေသော အချိန်လည်း ဖြစ်သည်။ စိပ်ပွားသည့် ဂါထာမှာ ကျွန်ုပ်၏လက်စွဲ **စေပိုင်ဂါထာတော်**နှင့် တွဲ၍ အဓိဋ္ဌာန်တင်နေသည့် အချိန်လည်း ဖြစ်၏။

ဤသို့ မိခင်ကြီး၏ ထဘီတို့ကို လျှော်ဖွပ်ကုသိုလ်ယူရင်း ပုတီးအဓိဋ္ဌာန်တစ်ရက်တွင် အဓိဋ္ဌာန်အပြီး ပုတီးကို ယောဂီအခင်းပေါ် ချလိုက်ရာ ဤသို့သော ပုတီးပုံရိပ် နိမိတ်သည် ပေါ်လာပါသည်။ **(ပုံ–က)**

သားသည်မိခင်တစ်ဦး၏ ပုံရိပ်ဖြစ်ပါသည်။ **"ထိုင်လျက်အနေအထားဖြင့် မိမိ၏သားငယ် (သို့မဟုတ်) သမီးငယ်လေးကို ရင်ခွင်ထဲထွေးပိုက် ယုယထားသည့်ပုံရိပ်"** ကို ကျွန်ုပ်၏ပုတီးက ချပြလိုက်ပြန်ပါသည်။

တစ်နည်းအားဖြင့် ဂါထာတော်စောင့်ဒေဝါ (သို့မဟုတ်) ပုတီးစောင့်ဒေဝါ(သို့မဟုတ်) ဝိဇ္ဇာနှင့် ဒေဝတာတစ်ပါးပါးမှ ကြီးမားလှသည့် မိခင်တို့၏ မေတ္တာပုံရိပ်ကို အသိအမှတ်ပြု နိမိတ်ပြလိုက်လေသလား (သို့မဟုတ်) မိခင်ထဘီကို လျှော်ဖွပ်ကုသိုလ်ယူနေသော ကျွန်ုပ်အား အားသစ် လောင်းပေးလိုက်ခြင်း ဖြစ်နေမလား။

ဤဖြစ်ရပ်ဆန်းကို ကြုံခဲ့ရပြီးနောက် ကျွန်ုပ်သည် တစ်ဆင့်တိုး၍ (ကျွန်ုပ်မှာ ဖခင်ကြီးမရှိတော့၍) မိခင်အိုကြီး၏ ခြေအစုံတွင် စွပ်ထားသော ခြေအိတ်တစ်စုံကို မိခင်ကြီးထံမှ တောင်း၍ (မလျှော်ဖွပ်ဘဲ) ပလတ်စတစ်အိတ်တွင် ထည့်ကာ ကျွန်ုပ်အိပ်သော ခေါင်းအုံးထဲတွင် ထည့်ပြီးသော ညစဉ်ညတိုင်း မိခင်၏ ခြေအစုံကို ဦးခေါင်းဖြင့် ကန်တော့ဖြစ်ပါသည်။

ဤကုသိုလ်ကို သဘောကျသော ကျွန်ုပ်၏ ဇနီးမှာလည်း သူ၏ဖခင်ဝတ်သော ခြေအိတ်၊ မိခင်ဝတ်သော ခြေအိတ်အစုံတို့ကို မိဘ၏ ခြေရာပမာ အမှတ်ထားကာ ရှိသေစွာဖြင့် သူ၏ ခေါင်းအုံးထဲထည့်၍ မိဘတို့၏ ခြေအစုံအား ဦးခေါင်းဖြင့် ရှိသေစွာ ညစဉ်ကန်တော့ဖြစ်နေပါတော့သည်။

ဤသို့ ကြုံတွေ့ခဲ့ရပြီး မရှေးမနှောင်းတွင်ပင် ထပ်မံကြုံတွေ့ခဲ့ရသော ပုတီးမှ ချပြလိုက်သည့် ပုံရိပ်နိမိတ်တစ်ခု၏ ဖြစ်ရပ်မှန်လေး တစ်ခုကိုလည်း တင်ပြလိုသည့်ဆန္ဒကြောင့် ဝါသနာတူ စာရှုသူတို့အတွက် ရည်ရွယ်၍ ဗဟုသုတ ပွားလိုက်ရပါသည်။

တစ်ခုသော အဓိဋ္ဌာန်ရက်သေ
အတွင်း ဖြစ်ပါသည်။ ကျွန်ုပ်သ
အိပ်မက်ဆိုးဟု ဆိုရမည့် ထိတ်
ဖွယ် အိပ်မက်များ ဆက်တိုက်
သကဲ့သို့ မက်ပါသည်။ အိပ်မက်
တွင် ဘီလူးလိုက်၍ ပြေးရ၊ သရဲလို
၍ ပြေးရ၊ မကောင်းဆိုးဝါးပေါ
လိုက်၍ ပြေးရနှင့် တရေးနိုးသေ
ရင်တထိတ်ထိတ်နှင့် ညပေါင်း
လည်း များလှ၏။

ထို့ကြောင့် ကျွန်ုပ်သည် စဉ်းစာ
၏။ ငါ့ကို ဘီလူးစမတွေ သောက်ခို
နေတာလားဟု ကြံဖန်တွေး၍ တစ်
တွင် ကျွန်ုပ်သည် စာအုပ်တစ်အုပ်တွ
ဖော်ပြထားသော **"သမ္ဗာဒေဝ**
**မော်"**သွင်းသည့် အဓိဋ္ဌာန်ကို ဝင်ဖြစ်
သည်။

စမတို့နှင့်အတူ ကျွန်ုပ် စိပ်ပွားသေ
ဂါထာမှာ ထုံးစံအတိုင်း ကျွန်ုပ်၏ စေပို
ဂါထာတော်ပင် ဖြစ်ပါသည်။

နဂါးစမ၊ ဂဠုန်စမ၊ ဒေဝါစမတို့
သောက်၍ အဓိဋ္ဌာန်ဝင်ရာ ထူးခြား
မရှိခဲ့သော်လည်း ဘီလူးစမ အဓိဋ္ဌာ
ဝင်သောနေ့ ညတွင်မှ ဤသို့ အိပ်မက်
ကို မက်ပါသည်။

ဘီလူးတစ်ကောင် ကျွန်ုပ်အာ
လိုက်နေ၏။ ကျွန်ုပ်က ရှေ့ကပြေ
ဘီလူးက နောက်မှ အတင်းလိုက်၏
မိလုမိခင်အချိန် ကျွန်ုပ်မှာ ကြောက်
အားလန့်အားနှင့် မိုးကောင်းကင်ပေါ်
အာရုံဖြင့် တက်ပြေးကြည့်ရာ ကျွန်ုပ်၏
ခန္ဓာသည် မြောက်တက်သွားကာ လေ
ဟုန်စီး၍ အဆုံးမရှိ ကောင်းကင်ပေါ်
တက်ရောက်သွားပြီး ဘီလူးရန်မှ လွတ်
ကင်းသွားသည်ဟု အိပ်မက်မြင်မက်
သည်။

နံနက်ရောက်၍ အဓိဋ္ဌာန်ကို ဆက်
ဝင်ရာ အဓိဋ္ဌာန်ပုတီးစိပ်၍အပြီး ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com

၏ ပုတီးကို ရှေ့ယောဂီခင်းပေါ် ချလိုက်ရာ ဤသို့သော နိမိတ်ပုံတစ်ခုသည် ပေါ်လာပြန်ပါသည်။ **(ပုံ–ခ)**

ဘီလူးတစ်ကောင်၏ မျက်နှာဟု ပြောလျှင်ရသော မျက်လုံးပြူးပြူးနှင့် ပါးစပ်ဖြဲထားသော ဘီလူးမျက်နှာပုံရိပ် နိမိတ်တစ်ခုပါ။ ဘာကြောင့်ဟု အဖြေရှာမရသော ဖြစ်ရပ်ကြောင့် ကျွန်ုပ် အံ့ဩရပါသည်။

ဆက်တိုက်ဆိုသကဲ့သို့ ကျွန်ုပ်ဘဝတွင် ထူးခြားသည်ဟု မှတ်ယူရမည့် အိပ်မက်တစ်ခုအား ရက်ပိုင်းအတွင်း ထပ်၍ မက်ပြန်ပါသည်။

အိပ်မက်ထဲ၌ ကျွန်ုပ်သည် ကွင်းပြင်တစ်ခုတွင် ရပ်လျက်နေပြီး အဆုံးမဲ့ ကောင်းကင်ပြာကြီးအား မော့ကြည့်နေမိ၏။ ထိုအချိန်တွင် အလွန် မြင့်မားဝေးလံလှသော အထက်ကောင်းကင်မှ အဖြူရောင်အရာတစ်ခု တလူ့လူ့နှင့် ဖြည်းညင်းစွာ ကျလာနေ၏။

တဖြည်းဖြည်းနှင့် ကျလာရာ ကျွန်ုပ်၏ လက်တစ်ကမ်းအရောက်တွင် ကြည့်လိုက်ရာ လျှောက်လွှာစာရွက်တစ်ရွက်ဖြစ်နေ၏။ စာရွက်မှာ ကျွန်ုပ်၏ ညာဘက်လက်ထဲကိုမှ တည့်တည့် ကျလာသဖြင့် ဖမ်းယူပြီး ကြည့်လိုက်မိ၏။

စာရွက်တွင် နံပါတ်စဉ်များ ရေးထားပြီး စာရွက်၏အပေါ်ဆုံး အမှတ်စဉ် (၁)နေရာတွင် ကျွန်ုပ်၏ နာမည်ကို ရေးထား၍ နာမည်ဘေးတွင် ကွင်းစကွင်းပိတ်ဖြင့် **"အုပ်ချုပ်သူ"**ဟု ရေးထား၏။

ကျွန်ုပ်နာမည်၏ အောက်အမှတ်စဉ် (၂)မှစ၍ အမှတ်စဉ်(၂၀)ကျော်အထိတွင်မူ သိဒ္ဓိရှင်ဝိဇ္ဇာတို့၏ အမည်များကို စီတန်းရေးချထားသည်ကို တွေ့ရ၏။ ပဟေဠိဆန်၍ ထူးခြားသော အိပ်မက်ဖြစ်၍ မှတ်တမ်းတင်ထားမိ၏။ ထူးသည်မှာ ထိုသိဒ္ဓိရှင်ဝိဇ္ဇာများ၏ နာမည်တို့ကို ကျွန်ုပ် မမှတ်မိတော့ပါ။

လောလောဆယ် ကျွန်ုပ်၏ ဘဝအခြေအနေကား အဓိဋ္ဌာန်ရက်တိုလေးကို အောင်မြင်ရန် အတော်ကြိုးစားနေရသူ သာမန်လူတစ်ယောက်သာ ဖြစ်ပါသည်။

ကျွန်ုပ်သည် ဘဝတိုင်း ဘဝတိုင်း နိဗ္ဗာန်ကိုရောက်သည့် ဘဝအထိ သစ်တစ်ပင်ကောင်းသဖြင့် ငှက်တစ်သောင်း နားနိုင်မည့်ကိုယ် ဖြစ်ရပါလို၏။

ထို့ထက်...

သစ်တစ်ပင်စိမ်းသဖြင့် ငှက်တစ်သိန်း နားနိုင်မည့်ကိုယ် ဖြစ်ရပါလို၏။

ထို့ထက်...

သစ်တစ်ပင် လန်းသဖြင့် ငှက်တစ်သန်း နားနိုင်မည့်ကိုယ် ဖြစ်ရပါလို၏။

ထို့ထက်...

သစ်တစ်ပင် ဝေဖြာသဖြင့် ငှက်ကုဋေ နားနိုင်မည့်ကိုယ် ဖြစ်ရပါလို၏။

*မေတ္တာရည်၍...*

**မဟာစက်ရှင်(လှိုင်လင်)**

စာမျက်နှာ (၂၀၁)မှ အဆက်

ဒါ့ပြင်...

ရင်နာရောဂါ၊ ဝမ်းနဲ့ပတ်သက်သော ရောဂါများ ဖြစ်တတ်တဲ့အတွက် ဂရုပြုစေချင်ပါတယ်။ ဝက်သားကို အထူးရှောင်သင့်ပါတယ်။

စနေဂြိုဟ်သည် (ဝ–နေ)သည် အကောင်းဆုံးဌာနဖြစ်သော အထွန်းအိမ်၌ ရပ်တည်နေတဲ့အတွက် ကောင်းကျိုးပေးတဲ့ဂြိုဟ်ပဲဖြစ်ပါတယ်။ အကောင်းဌာနတွင် ရပ်တည်နေတဲ့အတွက် စနေဂြိုဟ်ရဲ့သဘောအရ ထီးမိုးထားသလိုပါပဲ။

ဒါကြောင့်...

- ❑ ပူပင်ကြောင့်ကြ ကင်းဝေးခြင်း။
- ❑ ဆင်းရဲဒုက္ခရောက်သူများကို ကယ်တင် စောင့်ရှောက်ပေးရခြင်း၊
- ❑ ထီကံကောင်းခြင်း၊
- ❑ ဆိတ်ငြိမ်ရာကို နှစ်သက်ခြင်း၊
- ❑ တစ်ဦးတည်းနေလိုခြင်း၊
- ❑ ရပ်ဝေးဒေသများနှင့်အကျိုးပေးခြင်း၊
- ❑ လူမျိုးခြားများနဲ့ အကျိုးပေးခြင်း၊
- ❑ နိုင်ငံခြားခရီး သွားရခြင်း၊
- ❑ မွေးရပ်မြေနဲ့ အကျိုးမပေးခြင်း၊
- ❑ ဘာသာရေးလုပ်ငန်းများ အကျိုးပေးသန်ခြင်း၊
- ❑ ဘာသာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ရရှိခြင်း၊
- ❑ မင်းစိုးရာဇာများရဲ့ ဆည်းကပ် ကိုးကွယ်မှုကို ရရှိခြင်းတို့ကို ဖြစ်စေပါမယ်။

အကြံပြုပါရစေ...

ဆရာတော်သည် (၁)ကြွင်း မဟာဘုတ်အရ ဗုဒ္ဓဟူးဂြိုဟ်(၄–ဟူး)သည် အဆိုးဌာနဖြစ်သော မရဏအိမ်၌ ရပ်တည်နေတဲ့အတွက်...

- ❊ ရေသတ္တဝါများကို အစာကျွေးခြင်း၊
- ❊ ရေသတ္တဝါများကို အဘယဒါနပြုခြင်း၊
- ❊ ကလေးငယ်များကို လိမ္မော်သီးများဝေခြင်း၊
- ❊ ရဟန်းသာမဏေများကို လွယ်အိတ်များလှူခြင်း၊
- ❊ ရေလှူခြင်း၊ ရေတွင်းရေကန် ပြုပြင်ခြင်း၊ အလှူငွေထည့်ဝင်ခြင်းတို့ ဆောင်ရွက်ခြင်းဖြင့် ကျန်းမာချမ်းသာပြီး ကံကောင်းမှုများကြုံတွေ့ရ မှာဖြစ်ကြောင်း ရိုသေစွာ လျှောက်ထား ဂါရဝပြုလိုက်ရပါတယ်။

*အေးပါစေ၊ အောင်ပါစေ၊*

**သန်းပညာ**



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး မင်းယက္ခ

## ၏ ဘဝအတွေ့အကြုံများ ( ၂၁ )

ဆရာကြီးမင်းယက္ခ
(တိုက်ပွဲဝင်)

ယခင်လမှ အဆက်

ဖေဖော်ဝါရီလ (၁၂)ရက်နေ့ ညဦးပိုင်းတွင် စာရေးသူနှင့် တပည့်ကြီး ဆရာ ထွေးသောင်းတို့၏ နှစ်ကိုယ်တော် သိုင်းပြပွဲကြီးမှာ အောင်အောင်မြင်မြင် ပြီးဆုံးခဲ့ပါသည်။ စာရေးသူ (မင်းယက္ခ)လည်း လက်တွင် ဓားဖြင့် ထိုးမိ၍ အနာက တော်တော်လေး နက်ပြီး ကြီးသောကြောင့် အသာပင် ငြိမ်နေရပါသည်။

မငြိမ်နိုင်သူကတော့ တပည့်ကြီး ဖြစ်သူ ဆရာထွေးသောင်း ဖြစ်သည်။ သူသည် စာရေးသူထံတွင် ၁၉၆၄ ခုနှစ်ကတည်းက စာရေးသူ၏ ညီဖြစ်သူ ဆရာလူခင်နှင့်အတူ ပညာ သင်ယူလာသူ ဖြစ်သည်။ စာရေးသူ တတ်သမျှ ပညာရပ်တို့ကို သူတို့နှစ်ယောက်ကို ဦးစွာ သင်ပေးသည်။

ဆရာထွေးသောင်းကလည်း ရှမ်းကြီးသိုင်း၊ ရှမ်းတရုတ်သိုင်း၊ အင်းလေးသိုင်း၊ မြောက်ပိုင်းရှမ်းသိုင်း၊ ပလောင်ရိုးရာသိုင်းတို့ကိုသာမက ဆရာကြီး ဦးနေဝင်း၏ ဓားတစ်လက်သိုင်း ဝိုင်းထွက်ပညာ ပြည်ဝင်ပြည်ထွက် အဆင့်ကို အောင်မြင်ထားသူ ဖြစ်ပါသည်။

ထိုည ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပဒေသာကပွဲကြီးတွင် ဆရာထွေးသောင်းက မီးသိုင်းအကဖြင့် ဖျော်ဖြေမည်ဖြစ်သလို ကျေးရွာ ကောင်စီဥက္ကဋ္ဌနှင့် ပြည်သူ့စစ် အဖွဲ့ခေါင်းဆောင် ဦးခင်၏သားဖြစ်ပြီး စာရေးသူတို့၏ သိုင်းသင်တန်းသား ဖြစ်သော မောင်ကျော်ဦးနှင့် တေးသရုပ်ဖော်သီဆို ကပြကြဦးမည် ဖြစ်ပါသည်။

ထိုညက ဒုတိယပိုင်း အစီအစဉ်တွင် ကျေးရွာများမှ တက်ရောက်လာသော အနုပညာအဖွဲ့များက တစ်ခန်းရပ် ဇာတ်များ၊ တစ်ပင်တိုင်အကများ၊ ခု ထွေအက၊ အိုးစည်ဗိုင်းအက၊ ဒိုးပ ဝိုင်းအက၊ ယိမ်းအက၊ အဆိုအ တို့ဖြင့် ဖျော်ဖြေကြပါသည်။ စည်က သိုက်မြိုက်လှပါသည်။ မီးသိုင်းက ဆရာထွေးသောင်းကို သတိပေးလို ပါသေးသည်။

'ထွေးသောင်းရေ မီးတုတ်လုပ်ရင် မ မီးတုတ်လုပ်မယ့် ဝါးလုံးထိပ်ပိုင်း နှ လောက်ကို သံပြားကို အပေါက်ဖောက် စွပ်၊ သံပြားဝိုင်းအောက်က သံကို ကန့် ဖောက်ရိုက်ထား။

သံပြားဝိုင်းအပေါ်က အုန်းဆံပတ်တွေ အရည်လိုက်ထည့်၊ အုန်းဆံဖတ် အဝတ်စကို ကြိုးကျစ်ပြီး ပတ်ချည်။ အု ဖတ် ဒါမှမဟုတ် ကြိုးပေါ်ကနေပြီး သွ ကြိုး၊ သံနန်းကြိုးနဲ့ ပတ်ချည်၊ သေချာ အပေါ်က သံပြားဝိုင်းကို ဖောက်စွပ်ပြီး သံ ဝိုင်းအပြင်ဘက်က သံကို ကန့်လန့်ဖော ရိုက်။ မီးတုတ် ကျွတ်မသွားအောင် ကွာ။

ဒီငယ်ဆီနဲ့ စိမ်ထား၊ ကစားခါနီးမှာ ဒီ ဆီကို စစ်ပစ်၊ အစက်တွေကျရင် မီးပွား ကျတတ်တယ်၊ တကယ်လို့ မီးစာ ကျ ထွက်သွားရင် ကစားတာကို ရပ်လိုက် မီးသိုင်းကစားတာ အလွန် ရာယ် တယ်၊ သတိထားပြီး စားပေါ့ကွာ'

www.burmeseclassic.com

ဟု အထပ်ထပ် အခါခါ မှာလိုက်ပါသည်။

ဆရာထွေးသောင်းမှာ စာရေးသူ သိုင်းသင်ရာသို့ ဖဝါးခြေထပ် လိုက်ပါနေသူ ဖြစ်သည်။ ဆရာသမားကို ရိုသေလေးစားသူ ဖြစ်သည်။ သေဖော်ရှင်ဖက် ဖြစ်သည်။ သူက ရိုးသားသည်၊ ကြိုးစားသည်၊ သစ္စာရှိသည်။ သူ၏ ဒါနစ်ပါး မရှိကတည်းက စာရေးသူ ထံတွင် လာရောက် နေထိုင်ခဲ့သူ ဖြစ်သည်။

ခိုင်းလိုက်လျှင် ဖင်ပေါ့သည်။ ဘယ်လောက် ပင်ပန်းပင်ပန်း သူက မညည်းညူဘဲ လုပ်တတ်သည်။ စာရေးသူ၏ နယ်သင်တန်းများတွင် သိုင်းသွားသင်လျှင် စာရေးသူက နံနက် (၈)နာရီမှ မွန်းတည့် (၁၂)နာရီထိ သင်သည်။ ထမင်းစား (၁)နာရီဖြုတ်ပြီး ဆရာထွေးသောင်းက မွန်းလွဲ (၁)နာရီမှ ညနေ (၅)နာရီထိ သင်သည်။

တာလပတ် မိုးထားသော်လည်း နေပူရှိန်က ပြင်းလှသည်။ ဆရာထွေးသောင်းကတော့ ချွေးတစ်လုံးလုံးဖြင့် အပင်ပန်းခံ သင်ကြားသည်။ သို့သော် လူငယ်ပီပီ အပျော်အပါး ကြိုက်သည်။ သူ့တွင် အားနည်းချက်တစ်ခုကတော့ ဘာပဲလုပ်လုပ် ပေါ့ပေါ့ဆဆ လုပ်တတ်ခြင်းပင် ဖြစ်သည်။

ဒီအကျင့်ဆိုးကို ပြင်ရန် မကြာခဏ ပြောရသည်။ သို့သော် ဘယ်လောက်ပြောပြော ဘယ်လောက်ဆိုဆို သူကတော့ ခွေးမြီးကောက် ကျည်တောက်စွပ် ပြန်မပြော မလိုက်နာသည့် လူမျိုး။ သူ့အတွက် ရင်မောရပါသည်။

**(ဆရာ ထွေးသောင်းသည် ယခုအခါ တိုက်ပွဲဝင် သိုင်းသင်တန်း၏ သင်မဆရာကြီးအဆင့်နှင့် အမေရိကန် ပြည်ထောင်စု လော့စ်အိန်ဂျယ်လိစ်မြို့တွင် သိုင်းသင်တန်း ဖွင့်လျက်ရှိသည်။ *စကားချပ်။*)**



စာရေးသူက ဘယ်လောက်ပင် စိုးရိမ်, စိုးရိမ်၊ သတိပေး, သတိပေး ဆရာ ထွေးသောင်းကတော့ မစိုးရိမ်၊ ဘာသတိမှ မရှိ၊ သူကစားမည့် မီးတုတ်ကို စာရေးသူ ပြောသည့်အတိုင်း သူကိုယ်တိုင်လည်း မလုပ်၊ တပည့်တွေကိုလည်း တိတိကျကျ သေသေချာချာ မခိုင်း။ မြင်းကချောင်းမှ သိုင်းသင်တန်းသား လက်သစ် တပည့်ကျော်များကို မီးတုတ် လုပ်ခိုင်းလိုက်သည်။

တပည့်များကလည်း ဝါးလုံးရှည် နှစ်လုံးကိုယူ၍ ထိပ်နှစ်ဖက်တွင် အုန်းဆံဖတ်များကပ်ပြီး အုန်းဆံကြိုးနှင့် အထပ်ထပ် ချည်သည်။ ဆရာက ပေါ့ပေါ့, တပည့်က ပေါ့ပေါ့။

ပဒေသာကပွဲအတွက် ဇာတ်စင်ကြီးကို ဟီးနေအောင် ဆောက်ထားသော်လည်း ဇာတ်စင်ရှေ့ မြေကြီးပေါ်တွင် ဖျာများ ခင်းပေးထားသည်။ အမိုးအကာ မရှိပါ။ လေဟာပြင် ဇာတ်ရုံကြီးသဖွယ် ဖြစ်နေပါသည်။

ထိုညက ချီတက်လာသော ကျေးရွာကိုယ်စားပြု အနုပညာအဖွဲ့များက သူ့အစီအစဉ်နှင့်သူ ကပြ ဖျော်ဖြေကြပါသည်။ ပျော်ရွှင်ကြည်နူးဖွယ်ကောင်းသော ညတစ်ညပင် ဖြစ်ပါသည်။ ဆရာထွေးသောင်းရဲ့ "မီးသိုင်းအက"ကို တင်ဆက်ပါပြီ။

တပည့်များက မီးတုတ်နှစ်ချောင်းကို မီးရှို့လိုက်ပါပြီ။ တုတ်နှစ်ချောင်း ဆိုတော့ မီးတုတ် လေးခု၊ ဆရာထွေးသောင်းက ဇာတ်စင်အလယ်သို့ ထွက်လာပြီး မီးတုတ်နှစ်ချောင်းကို ရင်ဘတ်ရှေ့တွင် ကြက်ခြေယှက်ကာ ကိုင်ရင်း ပရိသတ်ကြီးကို ဦးညွတ်ဂါရဝ ပြုလိုက်ပါသည်။

ရန်ကုန်ကလာသည့် ဆရာကြီး မင်းယက္ခရဲ့ တပည့်ကြီး ကပြမည့် မီးသိုင်းအကကို အားပါးတရ ကြည့်ကြမည်ဟု မျှော်လင့်စောင့်စားနေသော ပရိသတ်ကြီးက တစ်ခဲနက်သော လက်ခုပ်သံများဖြင့် ကြိုဆိုလိုက်ကြပါသည်။

ဇာတ်စင်၏ ဘေး တစ်ဖက်တစ်ချက်တွင် နေရာယူထားသော ကရင်တိုင်းရင်းသူ လှပျိုဖြူလေးများ၏ ဒုံးယိမ်းအဖွဲ့ကလည်း လက်ခုပ်သံများဖြင့် အားပေး ကြိုဆိုလိုက်ကြသည်။ တစ်ဖက်တွင် (၁၅)ယောက်ရှိ၍ နှစ်ဖက်တွင် ယိမ်းပျိုဖြူပေါင်း အယောက် (၃၀) ရှိသည်။ သူတို့ နားနားနေနေ ထိုင်နေရန်အတွက် ကောက်ရိုးများကို ခပ်ထူထူ ခင်းပေးထားသည်။

ကောက်ရိုးဆိုဖာပေါ်တွင် အနားယူနေကြသော ကရင်ဒုံးယိမ်းအဖွဲ့မှာ ဆရာထွေးသောင်း၏ မီးသိုင်း ကစားပြီးလျှင် သူတို့ တက်ရမည့်အလှည့် ဖြစ်သည်။ ထို့ကြောင့် တက်တက်ကြွကြွ ဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

မီးသိုင်းကစားရာတွင် ပသာဒ လှစေရန် ဇာတ်စင်ပေါ်ရှိ မီးတိုင်ကို မှိတ်လိုက်ပါသည်။ ဆရာ ထွေးသောင်းကို မမြင်ရတော့ပါ။ လေထဲတွင် စတင် လှုပ်ရှားလာသော မီးလုံးလေးများကိုသာ လှပစွာ မြင်နေရသည်။

အမှောင်ထဲမှာဖြစ်၍ မီးလုံးလေးများမှာ ပို၍ လှနေပါသည်။ တုတ်နှစ်ချောင်း၏ ထိပ်နှစ်ဖက်ရှိ မီးလုံးလေးများမှာ လေထဲတွင် ဝေ့ကာ, ဗိုက်ကာ, ဝန်းကာ, ဝဲကာ လူးလာခေါက်ပြန် သွားနေပါသည်။

လက်ခုပ်သံများ တစ်ခဲနက် ထွက်ပေါ်လာပါသည်။ လက်ခုပ်သံများဖြင့် အားပေးလေလေ ဆရာထွေးသောင်းမှာ ပို၍ ကြိုးစားကစားလေ ဖြစ်သည်။ မီးတုတ်နှင့် လေတိုးသံများမှာ တဝိုးဝိုး အော်မြည်နေပါသည်။

တုတ်နှစ်ချောင်းကို ဘယ်,ညာ ရှေ့,နောက် ဝှေ့ယမ်းနေစဉ် မီးတုတ်ထိပ်ရှိ အုန်းဆံကြိုးများကို မီးလောင်သွားသောကြောင့် မီးစွဲနေသော အုန်းဆံဖတ်ကြီးမှာ ဝိုးခနဲ မြည်သံကြီးနှင့် ဇာတ်စင်၏ ညာဘက်ဘေးသို့ လွင့်ပျံသွားပါတော့သည်။

မီးလောင်စာကြီးမှာ ဒုံးယိမ်းကရန် စောင့်ဆိုင်းနေသော ကရင်ဒုံးယိမ်းသမလေးများပေါ်သို့ ဝဲပျံကျလာသောကြောင့် အော်ဟစ်ကြပြီး ရှောင်ပြေးကြရပါသည်။

မီးလောင်စာကြီးမှာ ခြောက်သွေ့နေသော ကောက်ရိုးများပေါ်သို့ ကျသွား၍ မီးများမှာ ဟုန်းခနဲ ထတောက်ပါတော့သည်။ ဒုံးယိမ်းသမလေးများမှာလည်း ကြောက်အားလန့်အားနှင့် အော်သူအော် ပြေးသူပြေးနှင့် ဝရုန်းသုန်းကားဖြစ်နေပါတော့သည်။

အနီးနားမှ လူများကလည်း အဝတ်



စိမ့်များဖြင့် ဝိုင်းရိုက်ရာ မီးမှာ ဟုန်းခနဲ, ဟုန်းခနဲ ထတောက်နေပါသည်။ ဇာတ်စင်ဘေးမှာတော့ ကမ္ဘာပျက်နေပါပြီ။

ထိုသို့ ဇာတ်စင်တစ်ဖက်တွင် မီးများကို ငြိမ်းသတ်နေစဉ် ဆရာထွေးသောင်း၏ မီးတုတ်ထိပ် တစ်ဖက်မှ အုန်းဆံဖတ်ကြီးကို ချည်ထားသော အုန်းဆံကြိုးများကို မီးလောင်သွားသောကြောင့် အုန်းဆံဖတ် လောင်စာကြီးမှာ ဇာတ်စင်၏ ဘယ်ဘက်ဘေးသို့ ဝိုးခနဲမြည်ပြီး ဝဲပျံကျသွားပြန်သည်။

ခင်းထားသော ကောက်ရိုးဆိုဖာများကို မီးလောင်ပါတော့သည်။ ဒုံးယိမ်းကမည့် ကရင်တိုင်းရင်းသူ လှပျိုဖြူချောလေးများမှာ ဇာတ်စင်ပေါ်တွင် ဒုံးယိမ်းမကမီ ဇာတ်စင်ဘေး ကောက်ရိုးများပေါ်တွင် ခြေထောက်ကို မီးမလောင်ရေးအတွက် ခုန်ပေါက်ပြီး ဒုံးယိမ်းကနေရရှာပါသည်။

ဘေးမှ လူများကလည်း ရရာတုတ်များ၊ အဝတ်များဖြင့် ရိုက်သော်လည်း ကောက်ရိုးမီးဖြစ်၍ တဝုန်းဝုန်း လောင်နေပါတော့သည်။ ဆရာ ထွေးသောင်းကတော့ ဒါတွေကို မသိ။ ဇောဖြင့် ဆက်၍ မီးသိုင်းကို ကစားနေဆဲ။ စာရေးသူကလည်း မနေနိုင်တော့ဘဲ ဇာတ်ခုံရှေ့သို့ ပြေးပြီး...

'ဟော့ကောင် တော်တော့ ရပ်တော့ ဘေးမှာ မီးလောင်နေပြီ'

ဟု သံကုန်သံဖျား အော်လိုက်ရ တော့သည်။ ဒီတော့မှ ဘသားချော မီးသိုင်းကို ရပ်လိုက်ပါတော့သည်။

ဇာတ်ခုံပေါ်မှ မီးများလည်း ပြန်လင်းလာပြီ။ ရပ်ရွာမှ လူငယ် ကာလသားများ၏ တက်ညီလက်ညီ ရေပုံးများဆွဲ၍ ငြိမ်းသတ်သောကြောင့် မီးမှာ ချက်ချင်း ငြိမ်းသွားပါသည်။

ကောက်ရိုးများကိုသာ မီးလောင်ပြီး ဇာတ်စင်ကို မီးမစွဲ၍ တော်ပါသေးသည်။ သို့မဟုတ် ကောက်ရိုးက ဇာတ်စင်ပါ မီးလောင်သည့်ကိန်း ဆိုက်တော့မည်။

ပွဲခင်းမှာလည်း မီးလန့်သွားသောကြောင့် လူတွေ ဟိုပြေး ဒီပြေးနှင့် တော်တော်လေး ပွဲပြန်ထိန်းရသည်။ ဆရာ ထွေးသောင်းကတော့ သူ့အပြစ်နှင့်သူဖြစ်၍ ဘာမျှ မပြောနိုင် မျက်နှာငယ်လေးနှင့် ဖြစ်နေပါသည်။ ထိုည ကျေးရွာမှ ကာလသားများက ဆရာထွေးသောင်းကို ချစ်စနိုးဖြင့်...

**"မီးရှို့တဲ့ သိုင်းသမား"**ဟု အမည်ပေးလိုက်ကြပါတော့သည်။

မီးရှို့တဲ့ သိုင်းသမားကတော့ အ မသတ်နိုင်သေး၊ အမှတ်မရှိသေး၊ အ အစဉ်အတိုင်း တေးသရုပ်ဖော်လေး တပည့်ဖြစ်သူ (သူ့လိုပဲ အနုပညာ တော်တော်ကြီးသူ) ကျော်ဦးနှင့်တွဲ၍ ဆိုလိုက်ချင်သေးသည်။ နည်းနည်းနောနော ပိုးမဟုတ် တော်တော်ကြီးသည့်ပိုးဖြစ်၍ သူ့ဆန္ဒကို လိုက်လျောပေးလိုက်ပါသည်။

**ရှေ့လ ဆက်ဖတ်ပါရန်**

**ဆရာကြီး မင်းယက်**
**(တိုက်ပွဲဝင်)**


www.burmeseclassic.com

www.burmeseclassic.com

# မင်း၊ သိကြား၊ ဝိဇ္ဇာ

## သုံးဂါထာ

ဇော်နန္ဒ
(ကျိုက်လတ်)



ရခဲ၍ တန်ဖိုးကြီးလှသော လူ့ဘဝကြီးတွင် ကုသိုလ်၊ ပညာ၊ ဥစ္စာ အိမ်အလုပ်တို့နှင့် အချိန်ပြည့်လိုလို နပန်းလုံးနေရသော ကျွန်ုပ်သည် အားလပ်ချိန် အလွန်ပင် နည်းပါးလွန်းသောကြောင့် မြို့၏ အရှေ့ပိုင်းရှိ ဆရာဖြစ်သူ၏ နေအိမ်သို့ တစ်လလျှင် တစ်ခေါက်သာ သွားရောက်နိုင်ပါတော့သည်။ (ဆရာမှာလျှင်တော့ မှာမှာချင်း အရောက်သွားပါသည်။)

ကျွန်ုပ် ရောက်သွားချိန်တွင် ဆရာသည် ပက်လက် ကုလားထိုင်တစ်လုံးဖြင့် အိမ်တံခါးဝကို ခပ်စောင်းစောင်းနောက်ကျောပေး ထိုင်နေကာ စာအုပ်တစ်အုပ်ကို အေးအေးဆေးဆေးဖတ်ရှုနေပါသည်။

ကျွန်ုပ်သည် ပါလာသော ရယ်ဒီကွန်အားဆေးတစ်ကတ်ကို ဆရာ့အား တရိုတသေ ပေးအပ်ကာ ဆရာ့၏အရှေ့နား အောက်ဘက်ကြမ်းပြင်ပေါ်တွင် ထိုင်ချလိုက်ပါသည်။

ကျွန်ုပ်၏ ဆရာဆိုသည်မှာ စာရေးဆရာ၊ ဗေဒပညာရှင် ဦးစိန်လှိုင်(ကျိုက်လတ်)ဖြစ်ပါသည်။ ဟိုးယခင်က နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် "တင်အောင်လှုံ(ဘိုကလေး)" ကလောင်အမည်ဖြင့် ဆောင်းပါးများစွာ ရေးသားခဲ့ဖူးပါသည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၏ နာယကကြီး သာသနာ့အကျိုးဆောင် ကေလာသဆရာအောင် (အရှင်အရိယဓမ္မသိဒ္ဓိ)၏ အသည်းရင်းလည်း ဖြစ်ပါသည်။

ဆရာသည် ယခု အသက် (၈၀) ကျော်လာသည်အထိ မိမိ၏(အတ္တ) အကျိုးကို များစွာ ချိုးနှိမ်ဘေးဖယ်ထားကာ "ပရ" ဟူသော ရပ်ရွာအကျိုး၊ အသင်းအဖွဲ့အကျိုး၊ အများအကျိုးတို့အတွက်သာ တစ်စိုက်မတ်မတ် အားသွန်ခွန်စိုက် ကိုယ်ဖိရင်ဖိ လုပ်ကိုင်ဆောင်ရွက်နေဆဲဖြစ်၍ အလွန်ပင် အလေးအမြတ်ပြုအပ်သော ပါရမီရှင်တစ်ဦးဖြစ်ပါသည်။

ဆရာသည် တပည့်ဖြစ်သူရောက်လာပြီဖြစ်သဖြင့် စာအုပ်ကို ခေတ္တခဏပိတ်လိုက်ကာ...

'မင်း သားတွေ သမီးတွေ နေထိုင်ကောင်းကြရဲ့လား'

'ဟုတ်ကဲ့ ကောင်းပါတယ် ဆရာ'

'မင်းလဲ ကျန်းမာရေး ဂရုစိုက်နော်'

'ဟုတ်ကဲ့ပါ ဆရာ'

ဆရာက ကျွန်ုပ်ထက် ကျန်းမာရေးပိုကောင်းပါသည်။ ယနေ့ အသက်(၈၀)ကျော်သည်အထိ လူငယ်များနှင့် တင်းနစ်ကို သာသာလေး ရိုက်နိုင်နေဆဲပင် ဖြစ်ပါသည်။ တင်းနစ် ပုံမှန်ရိုက်နေရလျှင် ဆရာ၏ ကျန်းမာရေးသည် ဒေါင်ဒေါင်မြည်ပင် ဖြစ်ပါသည်။ ဆရာသည် ခေတ္တပိတ်ထားသော စာအုပ်ကို ပြန်ဖွင့်လိုက်ကာ...

'မင်း နားထောင် ငါ ဖတ်ပြမယ်'

ဟု ဆိုကာ ဟောင်းနွမ်းနေသော ဝါကြန့်ကြန့်စာအုပ်လေးထဲမှ စာသားတချို့ကို လေးလေးမှန်မှန် ဖတ်ပြပါသည်။ [ကျွန်ုပ် ရောက်သွားသည့် အခေါက်တိုင်း ဆရာသည် ရေးထားသော စာမူများ(သို့မဟုတ်)စိတ်ဝင်စားဖွယ်ကောင်းသည့် အကျိုးရှိမည့် စာအုပ် တစ်အုပ်အုပ်မှ စာသားတချို့ကို ကျွန်ုပ်အား ဖတ်ပြလေ့ရှိပါသည်။]

'မင်း,သိကြား,ဝိဇ္ဇာ၊ သုံးဂါထာကို
ရအောင်ကျက်ပွား၊ ရွတ်ဆိုထားလျှင်၊
ဘေးများအန္တရာယ်၊ မငြိတွယ်ဘဲ၊
ရောင်းဝယ်ဖောက်ကား၊ ချမ်းသာများပြီး၊
ထင်ရှားတန်ခိုး၊ နေ့တိုင်းတိုးသည်၊
အကျိုးမဟာပွလ ရှိကြောင်းတည်း

တဲ့။ ဘာအဓိပ္ပာယ်လဲ မင်း သိလား'

'ဟုတ်ကဲ့ သိပါတယ် ဆရာ၊ မင်း,သိကြား,ဝိဇ္ဇာသုံးဂါထာကို ရွတ်ဖတ်နေမယ်ဆိုရင် ဘေးအန္တရာယ်ကင်းမယ်၊ ရောင်းရေးဝယ်တာ ပွင့်လန်းမယ်၊ ချမ်းသာမယ်၊ ထင်ရှားမယ်၊ တန်ခိုးကြီးမယ်၊ အကျိုးများမယ်လို့ ဆိုပါတယ် ဆရာ'

'အေး ဟုတ်တယ် အဲဒီ မင်း,

www.burmeseclassic.com

သိကြား,ဝိဇ္ဇာသုံးဂါထာမှာ "မင်း" ဂါထာကိုတော့ မင်းသိရင်သိမယ်။ သိကြားဂါထာနဲ့ ဝိဇ္ဇာဂါထာကိုတော့ မင်းသိလောက်မယ် မထင်ဘူး'

'သိကြားဂါထာဆိုတာ "**ဝေဒါသာကု**" အစချီဂါထာ မဟုတ်ဘူးလား ဆရာ'

'မဟုတ်ဘူးကွ ဒီ ဂါထာတွေက အလွန်ရှားပါးတယ်။ လူသိ အလွန်နည်းတယ်။ ဒီစာအုပ်လေးက ၁၃၁၃ ခုနှစ်၊ နတ်တော်လက ထုတ်ထားတာ ဆိုတော့ (၆၂)နှစ်တောင် ရှိနေပြီ။ ငါ့မှာ မနည်းထိန်းသိမ်းထားရတာ။ မင်း အခု အဲဒီဂါထာသုံးပုဒ်ကို တစ်ခါတည်းကူးသွား၊ နောက်ပြီး ရအောင်ကျက်၊ရရင်တစ်သက်လုံးရွတ်ပေတော့'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော် ရအောင်ကျက်ပါမယ်'

ထို့နောက် ကျွန်ုပ်သည် ဆရာ့ဆီမှ အဆိုပါ မင်း,သိကြား,ဝိဇ္ဇာသုံးဂါထာကို ကူးယူလာခဲ့ကာ ရအောင်ကျက်မှတ်ပြီး နေ့စဉ် ရွတ်ဖတ်ပူဇော်သွားမည်ဟု ခိုင်ခိုင်မာမာ သန္နိဋ္ဌာန်ချလိုက်ပါတော့သည်။

ရှင်အာရဟံရဟန္တာမြတ်၏
အမိန့်တော်အာတိုင်း
အနော်ရထာမင်းစော အမြဲမပြတ်
ရွတ်ဖတ်ပွားများသော
(မင်း)ဂါထာတော်

အနန္တဂုဏ သမ္ပန္နံ၊
နဝဂုဏောဟိ ဥက္ကဋ္ဌံ။
သဗ္ဗညု ဗုဒ္ဓစေတီယံ၊
အဟံ နမာမိ သဗ္ဗဒါ။

ခက်ခဲသော ပါဠိအသံထွက်

**အနန္တ** = အနန်တ
**သမ္ပန္နံ** = သမ်ပန်နံ
**ဥက္ကဋ္ဌံ** = အုတ်ကတ်ထံ



**သဗ္ဗညု** = သပ်ဗင်ညု
**ဗုဒ္ဓ** = ဗုတ်ဓ
**သဗ္ဗဒါ** = သပ်ဗဒါ

**အနက်**

**အနန္တဂုဏ သမ္ပန္နံ၊** ဆုံးစမထင် မိုးကောင်းကင်သို့ အစင်ကြယ်ပွား ဂုဏ်တော်အနန္တ ကျေးဇူးတော်အဝဝ တို့နှင့် အစစမကုန် ပြည့်စုံတော်မူထသော။ **နဝဂုဏောဟိ ဥက္ကဋ္ဌံ၊** လူ,နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ဦးခေါင်း ညွတ်ကျိုး လက်စုံမိုးရာအမှန် အရဟံ အစ ဘဂဝါအဆုံး ကိုးပါးလုံး အစုံကျော်သည့် ဂုဏ်တော်ထူးတို့ကြောင့်၊ **ဥက္ကဋ္ဌံ၊** ဘယ်သူနှင့်မျှ မယှဉ်သာအောင် ပါရမီ ဖြည့်စကတည်းကိုက သဒ္ဒါရည် ပြည့်ဝ တဲ့ အကဲတွေကြောင့် လူပွဲ, နတ်ပွဲ, ဗြဟ္မာပွဲမှာ တစ်သာတည်း သာကဲပြီး ထူးချွန် အမွန်အမြတ် အဓိပတိ ဥက္ကဋ္ဌ တစ်ဆူ ဖြစ်တော်မူထသော။ **သဗ္ဗညု ဗုဒ္ဓစေတီယံ၊** တရားဉသုံ အလုံးစုံကို အကုန်သိမြင် ရွှေဉာဏ်တော်သခင် ဘုရားရှင်တည်းဟူသော (စေတီတော်) မြတ်ကို။ **အဟံ၊** သံသရာဝဋ်ပေါက်မှ လွတ်မြောက်လို့ ရည်ရွယ် နိဗ္ဗာန်နယ် ကမ်းတစ်ဖက်သို့ လှမ်းတက်လိုသော ဘုရားပည့်တော်သည်၊ **သဗ္ဗဒါ၊** နေ့ရော ညဉ့်ပါ ဘယ်ခါမလပ် အထပ်ထပ်လျှင် **နမာမိ၊** သုံးပါးသောကံ သုံးတန်စေတနာ သုံးဖြာဒွါရ ပဏာမဖြင့် တုပ်ကွရိုက် ဦးနှိမ်မိုးကာ ရှိခိုးလိုက်ပါ၏ အရှင် ဘုရား။

ကျွန်နှစ်ထောင့်ငါးရာ
သာသနာတွင်း စောင့်ရှောက်ရမည်
ဖြစ်သော သိကြားမင်းကြီး၏
နေ့စဉ်မပြတ် ရွတ်ဖတ်ပွားများသော
(သိကြား)ဂါထာတော်

သဗ္ဗပန္နန ဆိန္နော၊
အန္တော,ဗဟိ,ဗဟန္တံ ဝါ။
အန္တ ဗလဝါရေပိ၊
နသက္ကော ဂဏိုတုံသဒါ။

ခက်ခဲသော ပါဠိအသံထွက်

**သဗ္ဗ** = သပ်ဗ
**ပန္နန** = ပန်ဓန
**ဆိန္နော** = ဆိန်ဒေါမှို
**အန္တော** = အန်တော
**ဗဟန္တံဝါ** = ဗဟန်တံဝါ
**နသက္ကော** = နသက်ကော
**ဂဏှိတုံ** = ဂနိတုံ

**အနက်**

**အန္တောဝါ၊** နှောင်အိမ်ဖွဲ့ခြ[...] သံခြေချင်းနှင့် ညွတ်ကွင်းထောင်[...] ချုပ်ချီပါသော အတွင်းနေရာ[...] လည်းကောင်း။ **ဗဟိဝါ၊** အတွင်းမှ[...] ရန်သူရဲတို့ ဆွဲဆောင်ရာ အပြင်[...] နေရာ၌လည်းကောင်း။ **ဗဟန္တံဝါ၊** အတွင်းအပြင်ပါ နှစ်နေရာနှင့် ကွ[...] ကာချောင်းခြား ဟင်းလင်းပြင်များ[...] ဆိုအပ်သော နှစ်ဌာန၌ လည်းကော[...] **သဗ္ဗပန္နနဆိန္နော၊** ခပ်သိမ်းဉသုံ အ[...] စုံကုန်သော အနှောင်အဖွဲ့ကြိုးအမျိုး[...] တို့မှ တန်ခိုးဖြင့် ဖြတ်တောက်၍ လွ[...] မြောက်နိုင်သည် (အမှို)မှုချမသွေ[...] ပေ၏။ **အနန္တဗလဝါရေပိ၊** [...] သချာ များစွာထောင်သောင်း ရန်[...]





www.burmeseclassic.com

www.burmeseclassic.com



# ရောင်ဆေးအကြောင်း

သိကောင်းစရာ နောက်ဆက်တွဲ

ဦးမင်းဇင်
(ရွှေနဝင်း)



ဓာတ်ဆေးမျိုး ဖြစ်သည့်အတွက် ရောင်ဆေးတစ်မျိုးတည်းကို ဦးတည်၍ ခန္ဓာကိုယ်တွင်းသို့ တိုက်ကျွေးသည့်အခါ ချင့်ချိန်သုံးသပ်ပြီးမှ တိုက်ကျွေးရသော်လည်း ရောင်ဆေးနှင့် ပတ်သက်၍ အခြားအသုံးချနည်းပေါင်း များစွာ ပဒေသာဟု ဆိုရလောက်အောင် အသုံးဝင် တွင်ကျယ်လှပါသည်။

ရောင်ဆေးတွင် ပါဝင်သည့် ဓာတ်ဆေးပစ္စည်းများ၏ သဘောသဘာဝကို ကျွမ်းကျင်ပိုင်နိုင်လျှင် ဓာတ်တစ်ပါးနှင့် ဓာတ်တစ်ပါး နိုင်ရာကို ဓာတ်,ဓာတ်ချင်း ထိန်းချုပ်၍ အသုံးချသွားလျှင် လွန်စွာ အရာရောက်လှပါသည်။

ယခင် တင်ပြရေးသားခဲ့သော ရောင်ဆေးနှင့် ပတ်သက်သည့် အကြောင်းအရာများသည် ရောင်ဆေးကို သုံးစွဲတော့မည်ဆိုလျှင် မသိမဖြစ် သိထားရသည့် အဓိကကျသည့် အခြေခံသဘောတရားများ ဖြစ်ပါသည်။

ယခု တင်ပြရေးသားမည့် **"ရောင်ဆေးအသုံးပြုနည်း အဖြာဖြာ"**မှာ အထက်ဖော်ပြပါ အခြေခံ အချက်အလက်များကို စာဖတ်သူ သုတေသီပညာသင်များ နားလည်ပိုင်နိုင်ခဲ့ပြီဆိုလျှင် ထပ်ဆင့်၍ ရောင်ဆေးကို ဆင့်ပွားအသုံးပြုနိုင်ရန် စေတနာထားပြီး **ဆရာစားမချန်** တင်ပြပေးပါမည်။

မြန်မာစကားတွင် "ပို့မယ့်ပို့ ကူးတို့ဆိုက်အောင်ပို့" ဆိုသကဲ့သို့ "စထားခဲ့ပြီး" ဖြစ်၍ လိုရာဆိပ်ကမ်းသို့ ရောက်အောင် ပို့လက်စနှင့် စေတနာထား၍ ပို့ပေးခြင်းဟု ဆိုနိုင်ပါသည်။

စာဖတ်သူ သုတေသီ ပညာသင်များ အကျိုးများစေရန် ရည်ရွယ်၍ ရေးသားတင်ပြလိုက်ခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ ရောင်ဆေးကို ခန္ဓာကိုယ်တွင်းသို့ သောက်သုံးသော်လည်း အတိုင်းအတာတစ်ခုအထိ အန္တရာယ်ကင်းစွာ တိုက်ကျွေးနိုင်သည့် နည်းကောင်းတစ်ခုကို အရင်ဦးစွာ တင်ပြပေးပါမည်။

## ဆေးသုံးနည်း(က)

ထိုဆေး သုံးနည်းစနစ်မှာ ရောင်ဆေးမှာ ပါဝင်နေသည့် ပြဒါးဓာတ်၏ အဆိပ်သင့် အန္တရာယ်ပေးနိုင်သည့် သတ္တိကို နိုင်နင်းသည့် ဆေးဖက်ပစ္စည်းနှင့် ချုပ်သတ်၍ ဆေးအဖြစ် သုံးစွဲသည့်နည်း ဖြစ်ပါသည်။

ယင်းဆေးနည်းမှာ...

(၁) ရောင်ဆေးမှုန့် (၈)ပဲသား
(၂) ကွမ်းရွက်ခြောက်မှုန့် (၅)ကျပ်သား

ယင်းဆေး(၂)ပါးကို အတတ်နိုင်ဆုံး ရော၍ သမသွားအောင် ရောထောင်းပြီး ပိတ်ပါးစနှင့်စစ်ပြီး အမှုန့် နုနုညက်ညက်ရအောင် ချယူပါ။

ပြီးလျှင် ကွမ်းရွက်စိမ်းသတ္တုရည် (၁၀)ကျပ်သားနှင့် ယင်းဆေးမှုန့်တို့ကို ရောတေ၍ ညက်အောင် တစ်ခါပြန်ကြိတ်ပါ။

ဆေးသည် စေးပြီး ညက်လာပြီဆိုလျှင် ငရုတ်ကောင်းစေ့ခန့်အရွယ် ဆေးလုံးကလေးများ လုံးပြီး နေလှန်းပါ။ ခြောက်သွေ့သွားလျှင် လေလုံအောင် သိမ်းဆည်းထားပါ။

အထက်ပါ ဆေးနည်းစနစ်သည် ရောင်ဆေးမှာ ပါဝင်သည့် ပြဒါးဓာတ်၏ အန္တရာယ်ပေးနိုင်သည့် သတ္တိ၊ ပြဒါး၏ အဆိပ်ဓာတ်ကိုနိုင်သည့် ကွမ်းရွက်မှုန့် (၁ း ၁၀)နှုန်းဖြင့် တွဲစပ်ပြီး ချုပ်၍ ကွမ်းရွက်သတ္တုရည် (၁း ၂၀)နှုန်းဖြင့် အခိုးထပ်မံ၍ သတ်ထားသောကြောင့် ယင်းကို ဆေးအဖြစ် သောက်သုံးရန် အတော်အတန် စိတ်ချရသည်ဟု ဆိုနိုင်ပါသည်။

သို့သော် ယင်းဆေးကိုလည်း တရားလွန် နင်းကန်သုံး၍တော့ မရနိုင်ပါ။ သတိထားပြီး သုံးစွဲပါက အသုံးဝင်လှပါသည်။

ယင်းဆေးကို ရှေးဆရာကြီးများက **"စတုရဂ်ဗလ"**ဆေးဟု ခေါ်ဆိုကြပါသည်။

ထိုဆေးကို အသုံးပြုနိုင်သည့်ရောဂါများမှာ...



www.burmeseclassic.com

www.burmeseclassic.com


၁။ အဆစ်အမြစ် ကိုက်ခဲနာကျင်ခြင်း။
၂။ အနာများ နေ့မနေ့ဝင်၍ ရောင်ကိုင်းနေခြင်း။
၃။ အကြောတက်ခြင်း၊ အကြောဆွဲခြင်း။
၄။ ခြေလက် ထုံကျဉ်ကိုက်ခဲခြင်း။
၅။ သွေးကြောလေကြော ပိတ်ဆို့ခြင်း။
၆။ အမြစ်မပြတ်သည့် အဖုအပိမ့်၊ အဖုအ၊ အဖု ယောင်များ။
၇။ ကင်ဆာကဲ့သို့ ကိုက်ခဲနာကျင်သော ရောဂါများ။
၈။ သံဆိပ်တက်၍ မန်းဝင်မေးခိုင်ခြင်း။
၉။ အနာစိမ်း သွေးစုနာ အပုကာန်၍ ဆက်တိုက် ထွက်နေခြင်း။
၁၀။ ဓာတ်မတည့်ခြင်း (Allergic) ထွက်ခြင်း
၁၁။ သွေးမှုင်လေမှုင်ဖြစ်၍ ရောင်ရမ်းခြင်း။
၁၂။ ဦးနှောက်သွေးကြောကျဉ်း၍ ခေါင်းကိုက်ခဲခြင်း။
၁၃။ သွေးသားမညီမျှ၍ အကျိတ်အဖုထွက်ခြင်း
၁၄။ သွေးပြစ် သွေးလေးခြင်း။
၁၅။ လေငန်းရောဂါ အကြောသေရောဂါများ

စသည့် ရောဂါများတွင် ရောဂါအနု အရင့်ပေါ် မူတည်၍ ဆေး(၄,၅,၇)လုံး စသည် ချင့်ချိန်၍ တိုက်ကျွေးပါ။ တစ်နေ့(၁/၂)ကြိမ် တိုက်နိုင်ပါသည်။

ထိုဆေး တိုက်နေစဉ်အတွင်း လူနာကို ဖွဲ့စည်းပိတ်ဆို့စေသည့် အစားအသောက်များကို ရှောင်ကြဉ်ခိုင်းပါ။

**ဥပမာ။** ။ ဝက်သား၊ ဘဲသား၊ ငါး သလောက်၊ အုန်းနို့၊ မျှစ်၊ တညင်းသီး၊ ပုစွန်ချဉ်၊ ငါးချဉ်၊ ဒံပေါက်ထမင်း၊ ထောပတ်ထမင်း၊ ဆူးပုပ်ရွက်၊ မှို၊ တွင်းအောင်းသား စသည်တို့ကို ရှောင်ပါ။

လူနာကို ဆီး၊ ဝမ်း အချုပ်မခံပါစေနှင့်။ ဆီး,ဝမ်း ဖြောင့်မှန်အောင် ဂရုစိုက်ပြုပြင်ပေးပါ။ ထိုဆေးကို တိုက်နေစဉ် အနည်းဆုံး (၅)ရက်တစ်ကြိမ် ဝမ်းနုတ်ပေးပါ။ ရေအေး၊ လေအေး ကြာရှည်စွာ အအေးခံခြင်းကို ရှောင်ကြဉ်



ပါ။

ဆေးတိုက်၍ ရောဂါလက္ခဏာများ ပျောက်ကင်းသက်သာသွားပြီး ဆေးရပ်လိုက်လျှင် လူနာကို အုန်းစိမ်းရည်ကို နံနက်ပိုင်း(၉/၁၀)နာရီခန့်တွင် (၃)ရက်ဆက်တိုက် တိုက်ပေးပြီး ဆေးအခိုးကို ထုတ်ယူပေးပါ။ ရှောင်ခိုးကို သတ်ပေးပါ။

**မှတ်ချက်။ ။ လူနာကို အုန်းစိမ်းရည် တိုက်ခိုင်းခြင်းသာ ဖြစ်ပါသည်။ အုန်းနို့၊ အုန်းထမင်း စသည့် ပိတ်ဆို့ဖွဲ့စည်းမှုကို ဖြစ်စေသည့်အစာများ ပေးကျွေး "ခိုင်းခြင်းမဟုတ်" သည်ကို အထူးသတိပြုပါ။**

တစ်ဖန် ရှောင်ဆေးဖုတ်ရာမှ ထွက်ရှိလာသော ဒယ်အိုးအောက်ခြေတွင် ကပ်နေသည့် **"ရှောင်ချေး"** သည်လည်း အသုံးတွင်ကျယ်လှပါသည်။

(က) ကင်ဆာအနာကဲ့သို့သော အမြစ်တွယ်၍ ဖြစ်ပေါ်လာသော အနာအိုအနာဟောင်း၊ အပုပ်နံ့ထွက်နေသည့်အနာများကို ရှောင်ချေးကို အုန်းဆီကောင်းကောင်း သန့်သန့်နှင့်(အချဉ်မပေါက်သည့် အုန်းဆီဖြစ်ရမည်။) သွေး၍ တစ်နေ့ (၂) ကြိမ် မှန်မှန်ထည့်ပေးပါ။

ဆေးတစ်ခါထည့်တိုင်း ဗီနီကာ (၁) ဆ ရေနွေးနွေး (၁၅)ဆ ရော၍ ဖန်ဆေးပေးပြီးမှ ဆေးထည့်ပါ။ အပုပ်နံ့များ ပျောက်ကင်း၍ အနာ အမြန် ပျော လာပါမည်။

(ခ) ရှောင်ချေး(၁)ကျပ်သား+ သံပ ရည်(၁၀)ကျပ်သားကို ဖန်ပုလ တွင် ထည့်ပြီး လေလုံအောင် ( ရက်ခန့်ထားပါ။ နေ့စဉ် တစ် (၁)ကြိမ် ပုလင်းကို လှုပ်ပေး

ရက်စေ့လျှင် ဆေးရည်သ စိမ်းပြာရောင် ဆေးရည်ကြည်ကို ပုလင်းအောက်ခြေတွင် ဆေးအန ထိုင်နေပါမည်။ သုံးလျှင် ယင်းဆ ရည်ကြည်ကိုသာ သုံးရပါသည်။

ထိုစိမ်ဆေးရည်သည် ထုံက လေငန်း၊ အကြောတက်၊ အကြော ရောဂါ၊ သွေးလေမလျှောက်သ ရောဂါ၊ သွေးမှုင်လေမှုင်၊ ကင်းကို ပင့်ကူကိုက်ခြင်း စသည့် ရော အကျိတ်အဖု၊ အဆီကျိတ်ရောဂ တွင် စုတ်ဆေးအနေဖြင့် ဆေးပေ ပေးနိုင်ပါသည်။

**မှတ်ချက်။ ။ ရောဂါကူးစက်ခြ ကာကွယ်ရန် တစ်ခါသုံး စုတ်ကို သုံးရန် သတိပြုပါ။**

ထိခိုက်ရှနာများတွင် လတ်တ ဆေးရည်ကို ဂွမ်းစတွင် ဆွတ်၍ အ ပေါ်သိပ်ထားပါက သွေးအမြန်တိတ် အနာမရင်းဘဲ အကျက်မြန်ပါသ

သို့သော် ဆေးထည့်ကာစ အနာမှာ စပ်သည့်ဝေဒနာကို ခ မည်။ သည်းခံရန် လိုပါသည်။

အဆိပ်ရှိသောသတ္တဝါ ကိုက် လျှင် ယင်းဆေးရည်ကို အကို သည့်ဒဏ်ရာတွင် သိပ်ထည့်ပေး အမြန် အဆိပ်ပြေစေပါသည်။

(ဂ) မပျောက်နိုင်သည့် ယ အနာစို၊ အ စက်များ အထက်ဖော်ပြပါ ဗီနီကာ ဖ နှင့်ဆေး၍...



www.burmeseclassic.com

www.burmeseclassic.com

ရှောင်ချိုး(၈)ပဲသား+ နနွင်းမှုန့် (၅) ကျပ်သားနှင့် ရောစပ်၍ အုန်းဆီနှင့် ဖျော်၍ လိမ်းပေးပါ။ (၃/၄)ရက်အတွင်း ပျောက်ကင်းသက်သာပါသည်။

(ဃ) ညှင်း၊ ပွေး၊ ဒက် စသည့် အရေပြား ပေါ်တွင် မှီခိုစွဲသည့် ရောဂါများ ကို...

ရှောင်ချိုး + နံ့သာဖြူနှင့် သွေးပြီး လိမ်းပေးပါ။

(င) **ရှောင်ချိုးဖြင့် ကြွက်နို့ရောဂါ ကုခြင်း။**

ကြွက်နို့ကို သတ်မည်ဆိုလျှင် ပထမ ဦးဆုံး ကြွက်နို့၏အပေါ်ယံ အသားမာများ ကုန်စင်အောင် လက်သည်းညှပ် (သို့မဟုတ်) ကတ်ကြေးသန့်သန့်ဖြင့် လှီးဖြတ်ပေးပါ။

အပေါ်ယံ အသားမာများ ကုန်သွားလျှင် ယင်းကြွက်နို့နေရာပေါ်တွင် ရှောင်ချိုးကို သံပရာရည်နှင့်ဖျော်၍ ဂွမ်းစတွင် စွတ်ပြီး ကြွက်နို့ပေါ် ဆေးအုံပြီး ပလာစတာ ကပ်ပေးပါ။

တစ်ရက်ခြား တစ်ခါ ယင်းဆေးကို ကြွက်နို့အမြစ် မကျွတ်မခြင်း ဆေးအုံပေးထားပါ။ ဆေး(၂/၃)ခါ အုံပေးရုံဖြင့် ကြွက်နို့အမြစ် ကျွတ်ထွက်လာပြီး ပျောက်ကင်းသွားပါမည်။

(စ) **ရှောင်ချိုး ဖယောင်းချက် ဆေး ချက်နည်း။**

| | | |
|---|---|---|
| ၁။ | ရှောင်ချိုး | (၈) ပဲသား |
| ၂။ | နှမ်းဆီ | (၁၀) ကျပ်သား |
| ၃။ | ရေနံချေး | (၂) ကျပ်သား |
| ၄။ | ပျားဖယောင်း | (၃) ကျပ်သား |

ယင်းဆေး(၄)ပါးကို ဖယောင်းချက် ဆေးချက်ပြီး လေလုံအောင် သိမ်းဆည်းထားပါ။

ယင်း ဖယောင်းချက်ဆေးသည် အနာမှန်သမျှ လွန်စွာ အသုံးတည့်လှပါသည်။

အဖု၊ အကျိတ် စ.ဖြစ်ကာစတွင် ဆေးကို ခပ်ထူထူ တစ်နေ့(၃)ကြိမ် လိမ်းပေးပါက အဖုကျိတ်နုလျှင် သူ့အလိုလို ကြေသွားပါမည်။ ရင့်လျှင် ပြည် အမြန်ပေါက်ပါသည်။

အနာပြည်ပေါက်လာလျှင် ဆေးကို ဂွမ်းစက္ကူတွင် ကပ်၍ အနာပေါ်တွင် ကပ်ထားပေးပါ။ အနာမှ ပြည်ကို စုတ်ယူပြီး အနာ အမြစ် အမြန်ကျွတ်ထွက်လာပြီး အသားနု တက်မြန်ပြီး အနာ ကျက်မြန်စေပါသည်။

အထက်ဖော်ပြပါ "**ရှောင်ဆေး အသုံးပြုနည်း အဖြာဖြာ**"တို့သည် စာဖတ်သူ သုတေသီ ပညာသင်တို့ အတွက် လွန်စွာအကျိုးရှိပြီး အသုံး တည့်စေရန်အတွက် ရည်ရွယ်၍ "**ဆရာစားမချန် စေတနာတရား အမှန်**"ဖြင့် ရေးသားတင်ပြလိုက်ခြင်း ဖြစ်ပါသည်။

***လူသားအားလုံး ပညာပြည့်ဝ နလုံးလှ၍ လောကကောင်းကျိုး သယ်ပိုးဆောင်ရွက်နိုင်ကြပါစေ။***

**ဦးမင်းဇင် (ရွှေနဝင်း)**

စာမျက်နှာ (၂၁၀)မှ အဆက်

သည် ဗိုလ်ပါအပေါင်းတို့သည်လည်း။ **သဒါ၊** အခါခပ်သိမ်း။ **ဂဏှိတုံ၊** ချုပ်ချယ်သတ်ယမ်း နှိပ်စက်ကြမ်းမည်ဟု ဖမ်းယူခြင်းငှာ။ **နသက္ကာ၊** ဂါထာပြန် မာန်တန်ခိုးကြောင့် အမျိုးမျိုး ဟန်မကျဘဲ လွတ်လွဲရှောင်သာ လက်လျှော့လေ ရကုန်ပြီ တကား။

ရှစ်သောင်းဝိဇ္ဇာပေါက်ဆရာတို့ လှေ့ကာမပြတ် ရွတ်ဖတ် ပွားများကြ၍ လိုအင်ဆန္ဒ ပြည့်စုံရသော (ဝိဇ္ဇာ)ဂါထာတော်

ဥဒကာသ သစာရီသော၊
မဟိန္ဒိ မုစ္ဆကော ဘဝေ။
သုဝဏ္ဏ ရဇတာ ဒိန္နိ၊
ယထိစ္ဆိတ ကရောသဒါ။

ခက်ခဲသော ပါဠိအသံထွက်

မုစ္ဆကော = မုတ်ဆကော
သုဝဏ္ဏ = သုဝန်န
ယထိစ္ဆိတ = ယထိတ်ဆိတ

အနက်

**ဥဒကာသ သစာရီသော၊** ပင်လယ်သမုဒ္ဒရာ ရေများစွာနှင့် အာကာ ကောင်းကင် ဟင်းလင်းပြင်၌ ရှိသည်ဖြစ်သော ဥစ္စာဟူသမျှသည် လည်းကောင်း။ **မဟိန္ဒိမုစ္ဆကော၊** တောင် ခြေမြေတွင်း သစ်ပင်ရင်းနှင့် ခြံတွင်းနေရာ အိမ်ဂေဟာဟု များစွာနစ်မြှုပ် အဟုတ် အဖိုးတန်သော အမျိုးမှန်ဥစ္စာဟူသမျှ သည် လည်းကောင်း။ **အစ္ဆိ၊** ထင်ရှားပကတိ အမှန်ရှိ၏။ **တာနိသုဝဏ္ဏရဇတာဒိနိ၊** ထိုထိုများ စွာ ကွယ်နေပါသော အဖြာဖြာ အမြဲတေ ရွှေငွေရတနာ အမျိုးမျိုးသော ဥစ္စာတို့ ကို(သောမဟိဒ္ဓိကဝိဇ္ဇာ) ထိုတန်ခိုးထန်ပြင်း ဉာဏ်ရောင်လင်း၍ ကျင့်ခြင်း အောင်လာ မြတ်ဝိဇ္ဇာတို့သည်။ **သဒါ၊** အခါခပ်သိမ်း။ **ယထိစ္ဆိတကရော၊** စိတ်ကမှန်းဆ နှုတ်တမ်းတလိုက်သော် တစ်ခဏချင်း အောင်ကာ အလိုရှိတိုင်း ပြုနိုင်ကြရာသည်။ **ဘဝေ ဘဝေယျ၊** သဒ္ဒါရည်သွေး ပါရမီငွေ့ကြသဖြင့် အေးအေးဆေးဆေးပင် ဖြစ်ပါပေ၏တကား။

မင်း,သိကြား,ဝိဇ္ဇာ သုံးဂါထာကို နေ့စဉ်မပြတ် ရွတ်ဖတ် ပူဇော်ကြခြင်းဖြင့် ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာ နှင့် လိုအင်ဆန္ဒဟူသမျှ ပြည့်စုံပြည့်ဝကြကာ ဘေးကင်း ရန်ကင်း အန္တရာယ်ကင်းကြပါစေ။

***ဘဝ အစစ လှကြပါစေ။***

**အောင်နန္ဒစံ (ကျိုက်လတ်)**



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပါ။

❒ **အင်္ဂါဗိုက စတင်တဲ့ ဉာဏ်လမ်းက တနင်္လာဂြိုဟ်ခုံသို့ ရောက်နေတယ်။(က)**

ဒါကတော့ စိတ်ကူးယဉ်လွန်းခြင်း၊ ဝိဇာကြောင်ခြင်း၊ ချွေးများခြင်း၊ အတွေးများဖြင့် အချိန်ကုန်စေခြင်းရဲ့ သဘောကို ပြပါတယ်။


❒ **လက်သန်းက တိုပြီး အတွင်းဘက်သို့ ယိုင်နေတယ်။ (ခ)**

ဒါကတော့ ပွင့်လင်းမှု မရှိခြင်း၊ မြုံခြင်း၊ ရှက်ရွံ့ခြင်းရဲ့ သဘောကို ပြပါတယ်။

ကဲ ဒါတွေကို ခြုံငုံသုံးသပ်ရင်...

သူဟာ စိတ်ကူးနဲ့ အချိန်ကုန်ပြီးနေတဲ့ သူမျိုးပဲပေါ့။

# သူ ဘယ်လိုလူစားလဲ





***အေးပါစေ၊ အောင်ပါစေ။***

**သန်းပညာ**



www.burmeseclassic.com

www.burmeseclassic.com



ကသာ သင်းမြတ်

# လူတွေထက် ကြုံးဝါးနေကြသည်

၂၀၁၃ ခုနှစ်၊ မေလ(၁၀)ရက် ညနေပိုင်း ထုတ်ပြန်သည့် ရိုက်တာ သတင်း တစ်ပုဒ်ကနေ မုန်တိုင်းဖြစ်ပေါ်လာခဲ့တာ ''မဟာစင်''ဆိုသည့် ဆိုင်ကလုန်းမုန်တိုင်းအမည် ရလာပါသည်။

မေလ (၁၁)ရက်မှ မေလ (၁၅)ရက် အတွင်း မဟာစင် ဆိုင်ကလုန်းမုန်တိုင်း သတင်းကို မြန်မာနိုင်ငံ မိုးလေဝသဌာနက (၆၄)ကြိမ်တိုင် သတင်းထုတ်ပြန်ခဲ့သည်ဟု သိရပါသည်။

တကယ်တော့ ၂၀၀၆ ခုနှစ်မှ ၂၀၁၃ ခုနှစ်ထိ ဆက်တိုက် မြန်မာနိုင်ငံကို မုန်တိုင်းဝင်ခဲ့ပါသည်။ မြန်မာ၊ ဘင်္ဂလားဒေ့(ရှ်)၊ သီရိလင်္ကာ၊ အိန္ဒိယ၊ ထိုင်း စသည့် နိုင်ငံ(၈)နိုင်ငံက မုန်တိုင်းနာမည်ပေးကြရာမှာ ယခုအကြိမ်မှာ သီရိလင်္ကာနိုင်ငံက မဟာစင်ဟု နာမည်ပေးလိုက်ခြင်း ဖြစ်ပါသည်။

မုန်တိုင်းသတင်းကလည်း ရက်ဆက်ထွက်နေသလို စာရေးသူ၏ ညီကလည်း သူ့သားကို ရှင်ပြုရန် မေ(၁၆)ရက်ကို သတ်မှတ်ပြီး ဖြစ်နေပါသည်။ အလှူကြီးဆိုတော့ ချက်ကြပြုတ်ကြရမည်။ လေတိုက်မည်။ မိုးရွာမည်။ တိုက်ဆိုင်နေသော်လည်း မလုပ်မဖြစ် လုပ်ရတော့မည်။

ကသာမြို့တွင်း အစိုးရသစ်များကို ဘင်ပြီး စုန်ရန် အရန်သင့်ဖြစ်နေသော သင်္ဘောကိုလည်း (၁၆)ရက်ကျော်မှ ရန်ရန် မန္တလေး ဖောင်ဖွဲ့ရေးရုံးမှ တားသဖြင့် ရပ်နေရသည်။ ပုဂ္ဂလိက မော်တော်များကိုလည်း အစုန်အဆန် သွားလာကြရန် သက်ဆိုင်ရာ တာဝန်ရှိသူများက တားမြစ်ထားကြသည်။

စာရေးသူလည်း အလှူရက်နီးလာသလ ညီဖြစ်သူထံတွင် လိုအပ်သည်များကို ကူညီလုပ်ကိုင်ပေးနေရသည်။ (၁၆)ရက်နေ့ ညနေပိုင်းမှာမှ မြန်မာနိုင်ငံသို့ ဝင်မည်။ ယခု ဘင်္ဂလားပင်လယ်တွင် အားစုနေဆဲဖြစ်သည်။

ထိုသတင်းကြောင့် အလှူက (၁၆)ရက်နေ့ မွန်းလွဲ(၃)နာရီတွင် ပြီးမည်ဖြစ်၍ လွတ်လွတ်ကျွတ်ကျွတ် ဖြစ်မည်ဟု ယူဆရပြီး စိတ်အေးရပါသည်။

(၁၄)ရက်နေ့ ညနေပိုင်းတွင် စာရေးသူသည် အိမ်ပြန်ရောက်ပြီး ရေချိုးပြီး၍ နားနေစဉ် အိမ်မှာမွေးထားသော ကြက်များသည် ကြက်သားဟင်း(ဒန့်သလွန်)ပင်ပေါ်သို့ အိပ်တန်းတက်နေကြသည်ကို တွေ့ရပါသည်။

'ကြက်တွေကလဲ လွန်လွန်ကဲကဲ ကြက်သားဟင်း( ဒန့်သလွန် )ပင် ထိပ်ဖျားထိရောက်အောင် တက်နေလိုက်ကြတာ တို့မှာဖြင့် မုန်တိုင်းလာမယ်ဆိုလို့ စိုးရိမ်နေရတယ်။ သူတို့မှာတော့ ဘာမှ မသိရှာကြဘူး" ဟု တွေးမိပါသေးသည်။

ကြက်သားဟင်း(ဒန့်သလွန်)ပင် ဆိုသည်မှာ အကိုင်းဆတ်သည်။ ကျိုးလွယ်သည်။ အူတိုင်ပွ အပင်မျိုး ဖြစ်သည်။ မုန်တိုင်းသာ တကယ်တိုက်လျှင် ကျိုးမှာ သေချာသည်။ အပင်မှာကလည်း အသီးတွေ ပြွတ်ခဲသည်။

မုန်တိုင်းတိုက်၍ အပင်တွေကျိုးမှဖြင့် အသီးတွေကို တွေးမိပြီးမှ နှမြောမိပါသေးသည်။ ကသာမြို့တွင် အိမ်ဝင်းခြံတိုင်းမှာလို ကြက်သားဟင်း (ဒန့်သလွန်)ပင် ရှိကြသလို အသီးတွေ



www.burmeseclassic.com

www.burmeseclassic.com

ကလည်း အောင်မြင်ကြပါသည်။

မေ(၁၆)ရက်နေ့မှာ အလှူပွဲလည်း အောင်အောင်မြင်မြင် ပြီးသွားပါသည်။ စာရေးသူတို့ ဇာတိမြေမှ မော်တော်စင်းလုံးငှားပြီး လာကြသော ဆွေမျိုးများလည်း ပြန်သွားကြပြီ။ တစ်နေ့လုံး အလှူမှာ ညှော်ခေါ်ညှော်ခံ လုပ်ထားသဖြင့် ပင်ပန်းပြီး အိမ်သို့ ပြန်လာသည်။

မဟာစင်မုန်တိုင်းက မြန်မာနိုင်ငံထဲကို ဝင်လာပြီး ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ အင်းတော်မြို့နယ်၊ ကသာမြို့နယ် အထက်ပိုင်းကိုဖြတ်ပြီး ဗန်းမော်ဘက်သို့ ဦးတည်ထားပြီး တရုတ်နိုင်ငံထဲ ဝင်နိုင်မည်ဟု သတင်းက ထွက်နေသည်။

ကသာသို့ ညနေ (၄–၅)နာရီလောက်မှ ရောက်နိုင်မည်ဟု ခန့်မှန်းထားသည်။ အလှူလည်းပြီးပြီ၊ ထီးချိုင့်မြို့နယ် ကမ်းနီသို့ ပြန်ကြသော ဆွေမျိုးများလည်း ရောက်လောက်ပြီဖြစ်၍ စိတ်အေးရပါတော့သည်။

ကသာမြို့ပေါ်ရှိ ဆိုင်များ စောစောသိမ်းကြသည်။ ညနေ(၃)နာရီကျော်လျှင် ကသာမြို့ ကုန်သည်လမ်းတွင် ညဈေးတန်းအဖြစ် ဖွင့်ကြသော ခေါက်ဆွဲဆိုင်၊ အချဉ်အသုပ်ဆိုင်၊ ထမင်းဆိုင်များသည်ပင် မဖွင့်ကြပါ။ မဟာစင်လာမည်ကို ကြောက်ကြ၍ ဖြစ်ပါမည်။

စာရေးသူလည်း အိမ်ပြန်ပြီး အေးအေးဆေးဆေးနားနေစဉ် အိမ်ရှိကြက်များက ထုံးစံအတိုင်း ကြက်သားဟင်းပင်(ဒန့်သလွန်)ပေါ် အိပ်တန်းတက်နေကြပါသည်။

ညနေခင်းသတင်းတွင် မဟာစင်မုန်တိုင်းသည် အားပျော့သွားပြီး မြန်မာနိုင်ငံဘက်သို့မလာဘဲ ဘင်္ဂလားဒေ့( ရှ်)နိုင်ငံသို့ ဦးတည်သွားကြောင်း သိရပါသည်။

ကိုယ်နိုင်ငံပေါ် မလာရောက်သဖြင့် ဝမ်းသာရပါသော်လည်း ဘင်္ဂလားဒေ့(ရှ်)နိုင်ငံသို့ ရောက်သည်မှာ အရှိန်လျော့သွားကြောင်း သိရသဖြင့် စိတ်မကောင်းတော့ ဖြစ်မိပါသေးသည်။

ဒီလိုနှင့် (၁၉)ရက်နေ့တွင် ထုံးစံအတိုင်း ကြက်များ အိပ်တန်းတက်နေကြသည်ကို ကြည့်ရင်း အတွေးဝင်လာပါသည်။ ငှက်တို့၊ ပျားတို့ စသည် ပျံသန်းနိုင်သော သတ္တဝါများ မြင့်မြင့်ပျံလျှင် လေမုန်တိုင်းမရှိ။

ထို့အတူ အသိုက်များကို သစ်ပင်မြင့်မြင့်မှာ လုပ်ကြလျှင် လေမုန်တိုင်းမရှိ။ စာဘူးတောင်းများ သစ်ပင်ထိပ်များ၊ အုန်းလက်ဖျားတွင် အသိုက်လုပ်ပြီး ချိတ်ဆွဲထားလျှင်လည်း လေမုန်တိုင်းမရှိ။

ဒါကိုသိလျက်နှင့် မဟာစင်မုန်တိုင်းလာမည်ဟု ကြားရသည်နှင့် ကြောက်ခဲ့ကြရသည်။

အိမ်ရှိကြက်များကလည်း အပင်မြင့်မြင့်ပေါ်တက်ပြီး အိပ်တန်းတက်ကြသည်။ အိမ်နားမှာရှိသော မဟော်ဂနီပင် ထိပ်ဖျားတွင်လည်း ကျီးများသည် အုပ်ဖွဲ့လာအိပ်ကြသည်။ ဒါကို သတိမထားမိခဲ့ကြ။

အမှန်မှာ ငှက်တို့၏ နေပုံအတိုင်းနေကြလျှင် အတွေးခေါ်ပြီး အကြောက်ကြီး ကြောက်စရာ မလိုပါ။ ငှက်တို့၏စရိုက် ပြောင်းလဲလာပြီဆိုလျှင်တော့ မုန်တိုင်းအဏ်ကို မလွဲမသွေခံရမည် ဖြစ်ပါသတည်း။

***အားလုံး ကျန်းမာပျော်ရွှင်နိုင်ကြပါစေ။***

ကသာ သင်းမွှေး

စာမူရှင်များသို့...

ပေးပို့သော

စာမူများကို

မူပွား

ထားကြပါရန်နှင့်

မရွေးချယ်ပါက

ပြန်လည်ပေးပို့မည်

မဟုတ်ပါကြောင်း

အသိ

ပေးအပ်ပါသည်။

*လေးစားစွာဖြင့်...*

နဂ္ဂတာရောင်ခြည်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှ အဆက်



ဦးအောင်

# ပါရမီဝခန်း အစိုးဗျာန်ပေမီး (၂)

'ဒါယကာကြီး အမောပြေရင် ခရီးဆက်မယ်'

'မှန်ပါဘုရား သွားလို့ရပါပြီ'

ကျွန်ုပ် စကား ဆုံးသည်နှင့် ရသေ့ကြီးက ထရပ်ပြီး ဖြစ်နေ၍ ကျွန်ုပ်တို့ အားလုံး ထလိုက်ရ၏။

ရသေ့ကြီးက ရှေ့ဆုံးမှ သူ့နောက် ကျွန်ုပ်၊ နောက်မှ ဆရာကြီးနှစ်ဦး အစဉ်အတိုင်း ခရီးဆက်ခဲ့၏။ တစ်ဦးနှင့်တစ်ဦး စကားမပြောဖြစ်သင့်ရာ နှလုံးသွင်းလိုက်၊ တောတောင်ကို ကြည့်လိုက်နှင့် ခရီးအတန် ပေါက်ခဲ့ပါတော့သည်။

မြင့်မားဝေသီသော တောင်ကြီး တစ်လုံး ခြေရင်းတွင် ရပ်နားလိုက်၏။ တောင်ထိပ်ဖျားတွင် တိမ်လွှာတို့ ဝေ့ဝဲ လွင့်ပါနေ၏။ နားနေ၍ မကြာမီ တော ထဲမှ ဝတ်ဖြူဝတ်ပုဂ္ဂိုလ်တစ်ဦး ထွက် လာ၏။ သျှောင်ထုံး ကွမ်းသီးခန့်နှင့် မိန်းပါး အသားမဖြူမညို အရပ်က အသင့်။

အားလုံးကို ထိုပုဂ္ဂိုလ်က စေ့စပ်စွာ အကဲခတ်သလို ကြည့်နေ၏။ ကျွန်ုပ် ထံသို့ မျက်စိအကြည့် ရောက်လာပြီး...

'အားလုံး ဒီနေရာမှာ စောင့်နေ... လူလေး အဘနဲ့ လိုက်ခဲ့'

ဟု ပြော၏။ ကျွန်ုပ်လည်း ထိုဆရာ ကြီးနောက် လိုက်ခဲ့ရပါသည်။

တောထဲ ကွေ့ပတ်သွားနေရင်းမှ တောင်တစ်နေရာရှိ ဂူကြီးတစ်ခုထံ ရောက်လာ၏။ ဂူအနီးတွင် ရပ်လိုက်၍ ဂူအတွင်းကြည့်မိ၏။

အတွင်းသို့ အတောင်နှစ်ဆယ်ခန့် ရှည်လျား၏။ အမြင့်က ငါးတောင်ခန့် ရှိမည်။ ကျောက်ပြတ်နှင့် မြေသား ရောနေသော မြေမျိုး။ ဂူဝတွင် ရပ်နေ ရာမှ...

'လူလေး ဒီမှာနေခဲ့ မင်းတွေ့ရမယ့် ပုဂ္ဂိုလ် လာလိမ့်မယ်'

ဟူ၍ ပြောကာ ထွက်ခွာသွား၏။

ဂူတွင်းကို ကြည့်လိုက်၊ တောအုပ် ထဲကြည့်လိုက် တစ်ဦးတည်း ကျန်ခဲ့ပါ ၏။ အတော်လှမ်းသော သစ်ပင် အောက် ပုဂ္ဂိုလ်နှစ်ဦး အားထုတ်နေ ၏။ ပုဂ္ဂိုလ်တွေ အလုပ် လုပ်သည့်





www.burmeseclassic.com

www.burmeseclassic.com

အားထုတ်သည့် စခန်းတစ်ခုပေပဲဟု အမှတ်ပြုမိ၏။

စိတ်ထဲတွင် ထူးခြားသော ခံစားမှု တစ်စုံတစ်ရာ မဖြစ်ပေါ်လာပါ။ တောထဲမှ တစ်ဖန် ပုဂ္ဂိုလ်တစ်ဦးကို မြင်ရပြန်၏။

ထိုသူမှာ ကျွန်ုပ်ဆီသို့ ဦးတည်နေ၏။ အနားရောက်မှ ထင်ရှားစွာ မြင်တွေ့ရသဖြင့် ကြည့်ရှုလိုက်ရာ ပခုံးတွင် လွယ်အိတ်မဟုတ်သော အိတ်ဖြူကြီး တစ်လုံး၊ ဘင်ဂျိုကဲ့သို့ ကြိုးသုံးချောင်းတပ် ပစ္စည်းတစ်ခု ပခုံးပေါ် ထမ်းထား၏။ တွန့်လိမ်ရှုပ်ထွေးသော ဆံပင်တို့က ကျုပ်ခဲဖြစ်နေပြီး ခါးလယ်အထိ ရှည်၏။ အရပ်မြင့်၏။ ကိုယ်ဝတ်မပါ။ ခါးတွင် ပိတ်ဖြူကို ဝတ်ဆင်ထားကာ အဖြူရောင်ကြိုး ခုနစ်ကြိုးခန့်ကို ရောယှက်၍ တစ်ကြိုးတည်း ထုံးဖွဲ့ဟန် ပြုထားသော ကြိုးတစ်ချောင်း စလွယ်သိုင်းထား၏။

ကွမ်းသီးခန့် ပုတီးလုံးကြီးများနှင့် ပုတီးက လည်တွင်ဆင်၍ ခြေမှာဖိနပ် မပါ။ ကျွန်ုပ် စေ့စပ်စွာ ကြည့်နေသည်ကို ငြိမ်သက်စွာ ခံယူနေသော အိန္ဒိယနွယ်ဖွား ဖြစ်ဟန်တူသော အဘိုးအို မျက်နှာတွင် ဇရာ၏ အရေးအကြောင်းများက ရှည်လျားသော ခန္ဓာကိုယ်၏ သခါရ အမှတ်အဖြစ် ပြသနေ၏။ သိဖူးသလို၊ မြင်ဖူးသလို စဉ်းစား၍ တော့မရ။

'လာ ငါ့နောက် လိုက်ခဲ့'

အိန္ဒိယသံ ဝဲခြင်းလား၊ ဘာစကားသံ ဝဲခြင်းလဲဟု မသေချာပါ။ အသံက ဝဲတဲတဲနှင့်။ သို့သော် အသံက သွက်၏။ လေးတွဲ့မနေ။ ရုတ်တရက် အံ့ဩသွားမိသည်။ မြန်မာလို ပြောသံကြားရ၍ ဖြစ်၏။ တတ်မည် မထင်ထားပါ။

'သမာဓိ ပညာကို ထက်မြက်အောင် လုပ်ထားရင် နှလုံးသွင်းနိုင်ရင် ဘယ်ဘာသာစကားမဆို တတ်တယ်။ အခြေခံစကားဆယ့်နှစ်မျိုး ရှိတယ်။ ကမ္ဘာဦး ဒီကပ်ကမ္ဘာ တွေအစမှာ သုံးခဲ့ကြတယ်။ ဒီစကားကနေ ခွဲထွက်သွားတယ်'

အသံအနိမ့်အမြင့် နည်းပါးစွာ တစ်ဆက်တည်း မရပ်တမ်း ပြောသွား၏။

'ဟုတ်ကဲ့... ဟုတ်ကဲ့ ခင်ဗျား'

တစ်စုံတစ်ရာ ကြီးမားသော အင်အားအရှိန်ဝါတို့က ကျွန်ုပ်ကို ဖိစီးထားသလို ခံစားနေရ၍ အထစ်အငေါ့ ထွက်သွား၏။

ထူးခြားကြီးမားသော သမာဓိ စွမ်းအားရှင်ကြီးတစ်ဦး ဖြစ်ပါလိမ့်မည်။ ဂူတွင်းသို့ ထိုပုဂ္ဂိုလ်က ရှေ့ဆောင်၍ ဝင်၏။ ကျွန်ုပ်က နောက်မှ လိုက်ရ၏။ အတောင်နှစ်ဆယ်ခန့် ရောက်သော် ရှေ့တွင် မှောင်ပိန်းနေ၏။ ဘာမှမမြင်ရ၊ ခေတ္တ ရပ်နေ၏။

မကြာမီ မှိန်ဖျော့ဖျော့ အလင်းရောင် လင်းလာ၍ လမ်းသွားဖြစ်ရုံ မြင်ရ၏။ ခရီးဆက်၏။ တစ်စုံတစ်ရာမဆို။ ဂူတွင်းလမ်း ဆိုရသော်လည်း အချို့နေရာတွင် လူနှစ်ဦး ယှဉ်သွားရုံ၊ အချို့နေရာတွင် လှည်းလမ်းခန့်၊ အချို့နေရာတွင် ကျွန်ုပ်တို့ ခြေသွားလမ်း ညာဘက်တွင် နက်ရှိုင်းသော ချောက်ကြီးရှိနေ၏။ မှောင်နေ၍ အောက်ခြေ မမြင်ရ။

ကျောက်စွယ် ကျောက်စွန်းတို့ကို လည်း ရှောင်သည့်နေရာ ရှောင်ရ၏။ နာရီဝက်သာသာခန့် ထင်ပါသည်။ ခရီးရောက်ခဲ့သော် ရပ်နားလိုက်၏။ အတော်လေး အလင်းရောင် အားကောင်းနေ၍ ဝက်ပါလို အချိုးအကွေ့တို့နှင့် ရှေ့လမ်းကို မြင်နေရ၏။

ရပ်နေရာမှာ အောက်က ကျောက်ဖျာလို၊ ကြမ်းပြင်လို ပေနှစ်ဆယ်ခန့် အတော်သင့် ညီညာသော နေရာမှန်း သတိပြုမိ၏။ ရှေ့တွင် ကျောက်သားနံရံ ညိုမွဲမွဲအရောင်ကိုလည်း ဂူပေါက် သုံးပေါက် ခြောက်တောင်ခန့်ခြား၍ တည်ရှိနေ၏။

လူတစ်ဦး ငုံ့ဝင်၍ ရနိုင်သော အနေအထား ရှိ၏။ ဂူဝများနှင့် ကျွန်ုပ်တို့ ဆယ်တောင်ကျော် ခြားမည်။ ကျောက်စွယ်တုံးကြီးတစ်ခုရှိရာသို့ လက်ညှိုးညွှန်၍ ထိုင်နေရန် အမူအရာပြ၍ ယင်းနေရာသို့ သွားရောက်ကာ လွယ်အိတ်နှင့် တောင်ဝှေးကို ညာဘက်တွင် ချထားပြီး ထိုင်လိုက်ရသည်။

ကျွန်ုပ် ထိုင်နေရသည်မှာလည်း အေးစက်သော ကျောက်သားကြမ်းပြင်။ ပုဂ္ဂိုလ်ကြီးမှာ ကျွန်ုပ်နှင့် ဆယ်တောင်ခန့်ဝေးသော နေရာတွင် ထိုင်၏။ ဘင်ဂျိုကြီးကို ကျောက်စွယ်တွင် မှီထောင်ထား၏။ အိတ်ထဲမှ ပစ္စည်းတစ်ခု ထုတ်ယူ၍ ရှေ့တွင် ချလိုက်ရာ ဘူးသီးခြောက်ကို ပြုလုပ်ထားသော မိုက်ပူသော မှုတ်စရာ ပုလွေ ဖြစ်၏။

အမွှေးတိုင်အချို့ကို ထုတ်ယူ၍ မီးထွန်းညှိကာ တစ်နေရာတွင် စိုက်ထူပြီး တစ်တောင်ခန့်ရှိ ကညင်ဆီမီးတိုင်နှင့်တူသော မီးတုတ်တစ်ခုကိုလည်း ထွန်းညှိ၍ စိုက်ထူး၏။

သူ့ရှေ့ တစ်လံခန့်အကွာတွင် အစိမ်းရောင်ပိုးသားနှင့်တူသော အဝတ်တစ်စကို ခင်း၏။ တစ်ပေ ပတ်လည်ခန့်ရှိမည်ဖြစ်သော ပဝါနှင့်တူ၏။ ထူးထူးခြားခြား အမွှေးတိုင်များက အစိမ်းရောင်ဖြစ်ပြီး ကျွန်ုပ်တို့သုံးနေ အမွှေးတိုင်တို့ထက် ပို၍ တုတ်ခွန်း သည်။

www.burmeseclassic.com

တစ်မတ်လုံးခန့် ရှိမည်ဖြစ်၏။ ပြာလဲ့လဲ့ မီးခိုးများက တွန့်လိမ်၍ လေထဲတွင် ဝဲပျံ့နေ၏။ သင်းပျံ့သော၊ မခံစားဘူးသော ရနံ့မျိုးဟု ထင်ပါသည်။ အမွှေးနံ့ ရနေ၏။

မီးတုတ်အလင်းရောင်နှင့် ဂူလိုဏ်နှင့် ကျွန်ုပ်တို့ ပတ်ဝန်းကျင်ကို သဲသဲကွဲကွဲ မြင်နေရ၏။ ကျွန်ုပ်ထံသို့ တစ်ချက် လှည့်ကြည့်၏။ ထို့နောက် ဘူးသီးခြောက်ပုလွေကို စတင် မှုတ်ပါတော့သည်။ ပုရစ်အော်သံလို ဆင်ဆင်တူသောအသံ ဖြစ်၏။

ခဏအကြာတွင် တစ်မျိုးပြောင်းဟန်တူ၏။ မိုးရွာသံလို လေတိုက်သံလို ထင်ရ၏။ ကျွန်ုပ်အသိတွင် **'မြွေနဂါး မြွေနဂါး''**ဟု တစ်စုံတစ်ဦးက ပြောသလို သိလာ၏။ ရှေ့ရှိ ဂူသုံးပေါက်ကို ကြည့်နေရင်း လွယ်အိတ်ထဲမှ ပုတီးကို ထုတ်ယူ၍ သရဏဂုံကို တစ်ပါးချင်း ရွတ်ပွားလိုက်ပါသည်။

ပုလွေသံ အတက်အကျ အနိမ့်အမြင့် ထိုပုဂ္ဂိုလ်မှာ မှုတ်နေ၏။ ကျောက်သား ကြမ်းခင်းသည်လည်းကောင်း၊ ယင်းဂူနံရံတို့သည်လည်းကောင်း လှုပ်ခါသကဲ့သို့ ထင်ရသလို လေပြင်းကျသလို တဝေါဝေါ ဆူညံသံကို ခံစားရ၍ ကျွန်ုပ် တစ်ကိုယ်လုံးလည်း လှုပ်ခါသလို ဖြစ်နေ၏။

ထိုပုဂ္ဂိုလ်ကြီး၏ ရှေ့တည့်တည့် ဂူပေါက်ထဲမှ နီရဲသော အလုံးနှစ်လုံးကို မြင်နေရ၏။ ဘာပါလိမ့်ဟု တွေးရုံရှိသေးသည်။ ဝေါခနဲ အသံနှင့်အတူ ဂူဝသို့ ကြီးမားတုတ်ခိုင်သော မြွေကြီးကို တွေ့လိုက်ရ၏။ ရောမမြွေကြီးဖြစ်၏။ ထန်းပင်လုံးခန့် ရှိရော့မည်။

ဤမျှကြီးသော မြွေမျိုး ရင်ဆိုင်၍ မတွေ့စဘူး။ နီရဲကြီးမားသော မျက်လုံးအစုံက မီးကျီးခဲတမျှ နီရဲနေ၏။ တရွေ့



ရွေ့ ထွက်လာရာ ပုလွေမှုတ်သော ပုဂ္ဂိုလ်နှင့် မနီးမဝေး ငါးတောင်ခန့်ထိ ရောက်လာ၏။

ပေနှစ်ဆယ်ခန့်ရှိသော ကျောက်သားကြမ်းပြင်ကွက်လပ်မှာ မြွေကြီး တစ်ကောင်လုံး ထွက်လာ၍ ခွေလိုက်သော် ပြည့်ကျပ်နေသလိုပင် ခေါင်းကို မတ်၍ ပါးပြင်ထောင်၏။ ဆန်ကောတစ်ချပ်သာသာခန့် ရှိမည်။

နီညိုရောင် အကြေးခွံတို့နှင့် ပါးပျဉ်း မျက်နှာပြင်ဝယ် အနက်ရောင်လို၊ အစိမ်းရောင်လို ကြက်ခြေခတ် အမှတ် အသားဆန်ဆန် အမှတ်တစ်ခုပါ၏။ ကျွန်ုပ်ဘက်ကို အာရုံရောက်ဟန်မတူ။ ပုလွေရှင်ထံသို့ ပါးပျဉ်းထောင်မိုး၍ ငြိမ်သက်တစ်ခါ၊ အနည်းငယ် ယိမ်းနွဲ့နွဲ့ တစ်ပုံ ရှိနေ၏။

သရဏဂုံ ရွတ်နေရသော်လည်း ကျွန်ုပ်တစ်ကိုယ်လုံး ချွေးများ ရွှဲနေ၏။ ပုတီးကိုင်ရင်း ထပြေးချင်စိတ် ပြင်းထန်စွာ ဖြစ်ပေါ်နေပါသည်။ သို့သော် လှုပ်၍မရ၊ ကြွ၍မရ ဖြစ်နေ၏။ ထွက်ပြေးရန် မဖြစ်နိုင်တော့ပါ။ မျက်စိစုံမှိတ်ပြီး ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို အာရုံပြုရင်း ပုတီးကို ဆက်စိပ်လိုက်ရ၏။

သို့သော် **'ဗုဒ္ဓေါ၊ ဗုဒ္ဓေါ အရဟံ၊ အရဟံ ဗုဒ္ဓေါ၊ ဗုဒ္ဓေါ'**ဟု ရွတ်မိပြီး ပုတီးတစ်လုံးပြီးတစ်လုံး ရွတ်ရင်း စိပ်နေရ၏။ မျက်နှာပြင်ရော၊ တစ်ကိုယ်လုံး ချွေးများ ရွှဲနေအောင် ထွက်နေ၏။ အလွန်အမင်းတော့ ကြောက်မနေတော့၊ ကျွေ့ခြေရသော ကြောက်ရွံ့မှုဟု ဆိုရမည်လား။ ကြောက်လန့်နေပါသေး၏။

ပုလွေသံက ပြင်းထန်စူးရှရှ ရှိနေရာမှ ချိုသာပြောင်းနွဲ့သလို ဖြစ်လာ၍ မျက်စိမှိတ်ထားရာမှ အသာဖွင့်ကြည့်လိုက်ရ၏။ ပုလွေသံက မြည်နေဆဲ။ မြွေကြီးမှာ ပါးပျဉ်းကို ဖြည်းဖြည်းချင်း နိမ့်လာပြီး ပဝါအစိမ်းကြီးပေါ်သို့ ငုံ၍ ပါးစပ်ဟကာ နီနီရဲရဲ အလုံးတစ်လုံး (ကွမ်းသီးခန့်)ကို အန်ချလိုက်၏။

အစိမ်းရောင်အစင်းပေါ်တွင် အနီရောင်အလုံးမှာ များစွာ တောက်ပနေ၏။ မြွေကြီး၏ မျက်လုံးနှစ်လုံးမှ အနီရောင်သည်ပင် ထိုအလုံးလေးလောက် မတောက်ပပါ။ ထိုအလုံးလေး အန်ချပြီး မြွေကြီးမှာ ပင်ပန်းသွားဟန် ထင်မြင်ရပြီး ခေါင်းကို နောက်သို့လှည့်သွားပြီး တရွေ့ရွေ့ လိုဏ်ဂူအတွင်း ဝင်ရောက်သွားတော့၏။

မြွေကြီး လုံးဝ ကွယ်ပျောက်သွားမှ ပုလွေသံကို ရပ်၏။ ပဝါအစိမ်းနှင့် ထိုအလုံးကို ထုပ်၍သိမ်းပြီး အိတ်ကြီးထဲသို့ထည့်၏။ ပစ္စည်းများ တစ်ခုစီ ယူဆောင်ပြီး ကျွန်ုပ်ကို ထရန်ပြန်ရန် အမူအရာပြ၍ ထလိုက်ရာ အလွယ်တကူ ထ၍ရပါတော့၏။

ထိုပုဂ္ဂိုလ်ကရှေ့၊ ကျွန်ုပ်က အနောက် ဂူတွင်းမှ ပြန်လည်ထွက်ခဲ့၏။ ဂူဝသို့ ရောက်သော် ကောင်းကင်ဝယ် မိုးသားတိမ်လိပ်တို့ ညိုမည်းနေ၍ လျှပ်တဝင်းဝင်း မိုးတခြိမ်းခြိမ်း ဖြစ်နေ၏။

ကောင်းကင်ကို တစ်ချက်မော့ကြည့်ပြီး ဘယ်ထဲက ထုတ်လိုက်မှန်း မသိရသော ရွှေရောင်ခွက်သေးသေးလေး တစ်ခုကို ကျွန်ုပ်ထံ ပေး၏။ အထဲတွင်



www.burmeseclassic.com

www.burmeseclassic.com

အရည်အချို့ရှိ၏။ ထမင်းစားဖွန်းခန့်ရှိမည်။ သောက်ရန်ပြော၍ မော့သောက်လိုက်၏။ ရေကဲ့သို့ပင် အရသာ မထင်ရှားပါ။ လည်ချောင်းတွင်းမှ ဆင်းသွားသည်နှင့် ခါးသလို ခံစားရ၏။

တစ်စုံတစ်ခု ပြောလိုဟန်နှင့် ကျွန်ုပ်ကိုကြည့်၏။ သို့သော် မပြောပါ။ အသာလှည့်ထွက်သွား၏။ အတော်လှမ်းလှမ်း ရောက်သည်အထိ ကျွန်ုပ်မှာ ရပ်ကြည့်နေမိ၏။

**'မဟိန္ဒရာ၊ မဟိန္ဒရာ'** ဆိုသော အသံကို ကြားရပါသည်။ ဤတော့မှပင် ထိုပုဂ္ဂိုလ်မှာ မဟိန္ဒရာခေါ် သူတော်စင်ပုဂ္ဂိုလ်ကြီးတစ်ဦးမှန်း သိရပါတော့၏။

ချွေးစိုရွှဲစွာပင် ဖျတ်ခနဲ နိုးလာ၏။ တစ်ကိုယ်လုံး ချွေးရွှဲနေ၏။ အပြင်တွင် နှင်းတဖြောက်ဖြောက်နှင့် အေးစိမ့်နေ၏။ ဆန့်ကျင်ဘက် အခြေအနေပင်။ အိပ်ရာမှ မြန်မြန်ထ၍ အဝတ်လဲလိုက်ရ၏။

ချွေးစိုအဝတ်တို့ကို ဖြန့်လှမ်းပြီး အိပ်ရာတွင် ပြန်ထိုင်မိချိန်မှာ ကျိန်းနေသော ဆရာတော် နိုးလာတော့၏။ ခေါင်းမြီးခြုံဖွင့်ပြီး ဆရာတော်က...

'ထတော့မလား ဆရာ ဘယ်နှနာရီလဲ'

ဟု မေး၏။

'နာရီက သုံးနာရီ ထိုးပြီးစပါ ဘုရား ထတော့မလား'

'အေးဗျာ ဗာဟိရလေးတွေ လုပ်တာနဲ့ အချိန်ကိုက်နေမှာပါ ထမယ်။ နေပါဦးဆရာ မိုးကာဂျာကင်တွေ ဘာတွေ ဝတ်အိပ်ရအောင် သိပ်ချမ်းလို့လား၊ ပြောရောပေါ့ ဦးပဥ္စင်းမှာ စောင်ပိုပါသေးတယ်။ တစ်ထည်တော့ စွန့်လို့ရပါတယ်'

'မဟုတ်ပါဘူး ဘုရား၊ အက်ျီချွေးရွှဲလို့ ဂျာကင်ဝတ်ထားတာပါ'

'ရော ဒီလောက် နှင်းတဖြောက်ဖြောက်နဲ့ဟာ ချွေးရွှဲအောင် ထွက်ရတယ်လို့ ဟုတ်ကောဟုတ်ရဲ့လားဗျာ၊ ကျန်းမာရဲ့လား'

'ကျန်းမာပါတယ်ဘုရား။ အိပ်မက်ပါဘုရား'

'ချွေးပြန်တဲ့ အိပ်မက်ထူးပါလား၊ ချွေးပြန်တဲ့ အိပ်မက်ကိုပဲ ကဲ အစိဋ္ဌာန်နားချိန်ကျ ကြားပါရစေဦးဗျာ'

'တင်ပါ့ဘုရား တပည့်တော် လုပ်စရာရှိတာလေး လုပ်ပါရစေ'

'လုပ်လုပ် ဦးပဥ္စင်းလဲ ကိုယ်လက်သုတ်သင်ဦးမယ်'

ဟု မိန့်၍ ဆရာတော် ကျောင်းဝင်းအပြင်သို့ ကြွသွားပါတော့၏။ တံခါးဖွင့်ထား၍ လေအဝှေ့တွင် နှင်းမှုန်တို့က ကျောင်းလေးတွင်းသို့ ဝင်လာ၍ စိမ့်အေးလာ၏။ ဓမ္မပဒစေတီတော်၏ ထီးတော်မှ ဆည်းလည်းသံ တချွင်ချွင်မြည်နေ၏။

ဆည်းလည်းသံနှင့်အတူ အာရုံပြု၍...

'ဒိဋ္ဌာဝါယောဝ အ,ဒိဋ္ဌာ၊ ယေဝဒူရေ ဝသန္တိ အ,ဝိဒူရေ'

'မြင်အပ်၊ မမြင်အပ် နီးနေ၊ ဝေးနေ နှစ်ထွေနှစ်ပါး ပုဂ္ဂိုလ်များတို့သည်လည်း ရှိကြကုန်၏။ ထိုထိုသော ပုဂ္ဂိုလ် အစုစုတို့သည် ဘုရားရှင်၏ မေတ္တာတော်တို့ကြောင့် ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘေးရန်ကင်းကွာကြပါစေ'

ဟု မေတ္တာပြု၍ ဓမ္မပဒစေတီတော်ကို ဦးနှိမ့်ချလိုက်ရပါတော့၏။

* * *

အဓိဋ္ဌာန်နားချိန် ဆရာဒကာတစ်စု ဓမ္မပဒစေတီတော်၏ ရင်ပြင်တော်တွင် စကားဝိုင်းဖွဲ့၏။ အိပ်မက်အကြောင်းကို ဆရာတော်က သတိတရ မေးတော်မူပါ၏။ ကျွန်ုပ်က ပြောပြရ၏။ ပြော

သမျှကို စေ့စပ်စွာ နားထောင်ရ[...] မိန့်၏။

'ဒီအိပ်မက်က ဘာကို အကြောင်[...] ပြုလဲ ဝေဖန်ပြပါဦး'

'တပည့်တော်လဲ အတိအကျ မ[...] ခွဲနိုင်ပါဘုရား၊ မဟိန္ဒရာဘိုးတော်[...] ကို တစ်ခါမှ အာရုံ၊ အိပ်မက်နဲ့ မဆုံ[...] ဘူး။ ဒီအခါ ပထမဆုံးလို့ ပြောရမှာ[...] မေတ္တာတော့ တစ်ခါတစ်ရံ သတိတ[...] ပို့ဖြစ်တယ်'

'အေးလေ ဒီပုဂ္ဂိုလ်နဲ့ မြွေနဂါး[...] ဘယ်လို ဆက်စပ်သလဲ၊ အဖြေတစ်[...] တော့ ရှိမှာပေါ့'

'မှန်ပါ့ဘုရား ဒါပေမယ့် ကိုယ်မှ မသိ[...] တာ။ မှတ်ဖူးတာကတော့ အထက်အညာ[...] အဘဘိုးမင်းခေါင် ငန်းမြွေကြီးတစ်ကောင်[...] ဆီက ပတ္တမြားမျက်ရှင်ကို မင်းခေါင်တဲ့[...] မြွေနဂါး လွတ်အောင်ပြေးနိုင်ရင် ပြေး[...] ဆိုပြီး လိုက်လုယူရခဲ့ဖူးတယ်လို့ တစ်ဆ[...] စကား မှတ်သားရဖူးပါတယ်'

'ကြီးမားတဲ့ စွမ်းအင်ရှိတဲ့ မြွေနဂါး[...] ကြီးတွေကို ဘုရိဒတ်လို့ခေါ်ကြောင်း[...] အဲဒီမြွေနဂါးမျိုးတွေမှာ ပတ္တမြား[...] မျက်ရှင်ရှိကြောင်း ဦးပဥ္စင်းတို့လဲ[...] ကြားဖူးပါတယ်ဗျာ'

'မှန်ပါ့ဘုရား... ရယူနိုင်ဖို့တော့[...] ခွန်အားနည်းနည်းနဲ့တော့ မရနိုင်ဘူး[...] မြွေစာဖြစ်သွားနိုင်တယ်'

'ဟုတ်တာပေါ့ဗျာ၊ ဆရာပြောသလို[...] အသေထွက်ပေါ့'

ဟု ပြောရင်း ဆရာတော်မှာ ရယ်[...] နေပါသည်။

ထိုသို့ ပြောနေစဉ် အဓိဋ္ဌာန်ခံ[...] တစ်ခုမှ အတွေ့အကြုံတစ်ခုကို အမှတ်[...] ရနေမိ၏။ **ရွှေနတ်တောင်(ရွှေမြင်တင်[...] တောင်၏ အရှေ့တောင်ယွန်း[...] လေးမိုင်ခန့်ရှိမည်။ ရွှေမြင်တင်[...] မောင်တော်တောင်၊ ရွှေ[...]တောင်[...]**



www.burmeseclassic.com

www.burmeseclassic.com


**အစ်မတော်တောင်ဟု ခေါ်၏။ အဓိဋ္ဌာန်ပါရမီစခန်းထူး တောင်တစ်တောင်ပင်ဖြစ်၏။)**

ထို ရွှေနတ်တောင်အဓိဋ္ဌာန်တွင် ထူးခြားမှုတစ်ခု ကြုံခဲ့ဖူးပါသည်။ လပြည့်ညတစ်ည ဖြစ်ပါသည်။ နတ်တောင်နှင့် ဆက်လျက် တည်ရှိသော တောင်ကုန်းပေါ်တွင် ကျွန်ုပ် အလုပ် လုပ်နေ၏။ လပြည့်ညပွဲရက်မို့ နတ်တောင်ပေါ်ဝယ် ပရိသတ်တို့ ခြေချစရာ မရှိအောင် စည်ကားလွန်း၍ အရှေ့ဘက် တောင်ကုန်းသို့ ထွက်လာခဲ့ခြင်းပါ။

လပြည့်ည သန်းခေါင်ယံတွင် ကျောက်ဖျာအနက်ကြီး တစ်ခုပေါ်တွင် ထိုင်၍ အလုပ် လုပ်ပါသည်။ ရှမ်းတောင်တန်းကြီးဘက်သို့ မျက်နှာပြု၍ လဝန်းအရောင်အောက်တွင် စိတ်ချမ်းမြေ့စွာ အားထုတ်နိုင်ခဲ့ပါသည်။

ကျွန်ုပ်နှင့် ဆယ်တောင်ခန့်တွင် လူတစ်ရပ်ခန့်ရှိ ခြတောင်ပို့ကြီးတစ်ခု ရှိ၏။ တူးလျှင် ခြသံမျှား ရမလားဆိုသော အတွေးကို မနည်း ဖျောက်ယူရပါသည်။ ခန္ဓသုတ်ပရိတ်တော်ကို ပုတီးတစ်ပတ် အားထုတ်ပြီး ပုတီးပတ်မှတ်တော့ဘဲ ကောင်းကင်အမြင့်ရှိ လပြည့်မှ မွန်းတည့်ကိုကြည့်ရင်း ဘာရယ်မဟုတ်ပါ။ တစ်စုံတစ်ခုကို ကြည့်၍ အားထုတ်လျှင် သမာဓိရလွယ်၍ ဖြစ်ပါသည်။

တစ်ကြိမ်ဆုံးတစ်ကြိမ် ပရိတ်တော်သာ မြွေနဂါးကြီး လေးမျိုးကို မေတ္တာအထူးဖြန့်ဝေ၏။ မော့ထားသည့်မှာ ကြာသော် ညောင်းလာ၍ လဝန်းမှ မျက်စိလွှဲ၍ တောတွင်းသို့ကြည့်၍ မေတ္တာဝေ၏။ စိတ်မှ အရပ်မျက်နှာတို့ကို အာရုံပြု၍ ပွားရင်း ခြတောင်ပို့ဆီ မျက်စိက အမှတ်မထင် ရောက်သွား၏။



မည်သည့်အချိန်က ရောက်နေမှန်း မသိသော မြွေတစ်ကောင်... အဖြူရောင် ပါးပျဉ်းထောင်နေသော မြွေဟောက်ဖြူတစ်ကောင်... တစ်ကိုယ်လုံး စိမ့်ခနဲ ဖြစ်သွား၍ တုန်လှုပ်သွား၏။ လက်ကောက်ဝတ်ခန့် တုတ်မည်။

လရောင်အောက်တွင် နီရဲသော မျက်ဝန်းအစုံ၊ ပါးပျဉ်းခွက်မှ ပစောက်သဏ္ဌာန်တူသော အမှတ်အသား၊ နှစ်တောင်ခန့် ပါးပျဉ်းမတ်၍ ဟိုဟိုဒီဒီ လှည့်၍ကြည့်နေ၏။ ကျွန်ုပ်မှာ တုန်လှုပ်နေသော်လည်း ပရိတ်ရွတ် မပျက်ပါ။

မြွေနှင့် ကျွန်ုပ် မျက်လုံးချင်း ခေတ္တဆုံမိသည် ထင်ပါ၏။ မြွေကတော့ အမှတ်ထားဟန်မတူ တစ်ဖက်သို့ ဆက်၍ လှည့်သွားပြီး အရပ်လေး မျက်နှာစေအောင် ပါးပျဉ်းလှည့်၍ ကြည့်၏။ ခေါင်းငုံ့၍ သစ်ရွက်ကြွေများ ပေါ်သို့ အနီရောင်အလုံးလေးတစ်လုံး အန်ချပြီး ပတ်ဝန်းကျင်ကို တစ်ပတ် ခေါင်းလှည့်ပြီး တောင်အရပ်သို့ ထွက်ခွာသွား၏။

အနီလုံးလေးမှာ ရွှေးကြီးစေ့ခန့် မီးခဲ ရဲရဲလို သစ်ရွက်ခြောက်ပေါ်တွင် မြင်နေရ၏။ မြွေထွက်သွားသော် ကျွန်ုပ်မှာ ပြေးရကောင်းနိုး၊ ထိုအလုံးလေးကို ယူပြီး သွားရကောင်းနိုး စိတ်ထဲတွင် လွန်ဆွဲနေ၏။ ပရိတ်ရွတ်နေသော်လည်း အာရုံက မြွေထားခဲ့သော အလုံးလေးဆီ ရောက်နေ၏။

မြွေမှဖြစ်သော ပုလဲ၊ ဝါ၊ ပတ္တမြား မျက်ရှင် တစ်ခုခု ဖြစ်နိုင်ကြောင်း တွေးမိ၍ လိုချင်ခြင်းဖြစ်နေ၏။ သို့သော် မြွေဟောက်ဖြူမျိုးကို တောကြီးမြွေဟောက် အဆိပ်ပြင်းထန်လွန်းကြောင်း၊ ရန်သူမှန်သမျှ အလွတ်မပေးတတ်ကြောင်းကိုလည်း သိထား၏။ ကျွန်ုပ်အရည်အချင်းနှင့် ဤပစ္စည်း၊ ဤသတ္တဝါမျိုးကို ရင်ဆိုင်မရနိုင်သည်ကိုလည်း သိနေပါသည်။

ကျွန်ုပ် အတွေး လွန်ဆွဲနေစဉ်မှာပင် တရှောရှောနှင့် မြွေဖြူကြီး ပြန်ရောက်လာပါသည်။ ထွက်ခွာသွားစဉ်က အတိုင်းပင် ပတ်ဝန်းကျင်ကို တစ်ပတ်ကြည့်ပြီး အနီလုံးလေးကို ပြန်ကောက်မျို၏။ ပါးပျဉ်းမတ်ကာ ခေါင်းကို အနည်းငယ် ယွန်းစပြုသော လဝန်းဆီသို့ လှည့်၍ ကြည့်၏။ ကောင်းကင်ဆီ မော့နေသော ပါးပျဉ်းမှာ နောက်လန်မတတ် ထင်ရ၏။

ကျွန်ုပ်လည်း ပွဲကြည့်ပရိသတ်ပမာ ခံစားနေရ၍ ကြောက်စိတ်သတိမရတော့ဘဲ ထူးခြားစွာ ခန္ဓသုတ်ပရိတ်တော်ကို စိတ်ထဲမှ တစ်ခေါက်ပြီး တစ်ခေါက် ရွတ်ပွားနေမိပါသည်။

ဆယ်ခေါက်၊ ဆယ့်နှစ်ခေါက်ခန့် ရွတ်မိစဉ် ပတ်ဝန်းကျင်တစ်ခုလုံး ထူးခြားစွာ ငြိမ်သက်သွားသလို ဘာသံမှ မကြားရအောင် တိတ်ဆိတ်နေ၏။ မိုးကို မော့နေသော မြွေဖြူကြီးကို ကြည့်ရင်း ပရိတ်ကိုသာ ရွတ်ပွားနေ၏။

ရှေ့လ ဆက်ဖတ်ပါရန်

ဦးအောင်



www.burmeseclassic.com

www.burmeseclassic.com



# ငွေထည်ကို

ဤသို့ ရွှေရည်စိမ်...

ဆုမောင် (...

ကျွန်တော်သည် လျှပ်စစ် ဂဟေဆက်သင်တန်းတစ်ခုကို လွန်ခဲ့သော နှစ်ကာလတစ်ခုက တက်ရောက်ပြီး ဂဟေဆက်ပညာကို လေ့လာဆည်းပူးခဲ့ပါသည်။ သို့ရာတွင် ဤပညာဖြင့် လက်တွေ့လုပ်ငန်းနယ်ပယ်တွင် ယခုအချိန်ထိ မလုပ်ကိုင်ဖြစ်ခဲ့ပါ။

အကြောင်းသင့်သော တစ်ချိန်ကလည်း ဆေးဝါးကျွမ်းကျင်မှုပညာကို အချိန်ပေး၊ ငွေပေးပြီး သင်ယူခဲ့ပါသည်။ ဤပညာရပ်အား အသုံးချ၍ ဆေးအရောင်းဆိုင်ကို နှစ်အနည်းငယ်ကြာ ဖွင့်ဖြစ်ခဲ့ပါသည်။

သို့သော် ငွေကြေးအခက်အခဲတချို့ကြောင့် ခေတ္တ ရပ်ဆိုင်းထားရပါသည်။ စာရင်းစစ်ချုပ်ရုံးမှ ဖွင့်လှစ်သော အခြေခံ စာရင်းကိုင်ပညာသင်တန်းကိုလည်း တက်ရောက် သင်ယူခဲ့ဖူးပါသည်။

သို့သော်လည်း စာရင်းကိုင်အလုပ်ကို အသာထား စာရေးစာချီအလုပ်ကိုပင် ကျွန်တော် မလုပ်ဖြစ်ခဲ့ပါ။

ကျွန်တော်၏ ကျေးဇူးရှင်ဖခင်ကြီးဆီမှလည်း ပန်းထိမ်ပညာနှင့် ရွှေရည်စိမ်ပညာကို ဆည်းပူး သင်ယူခဲ့သေးပါသည်။

ကျွန်တော် အိမ်ထောင်ကျခါစက ရွှေရည်စိမ်နှင့် လက်ဝတ်ရတနာ ရောင်းဝယ်ငှားလုပ်ငန်းကို မြောက်ဥက္ကလာပ (ဃ)ဈေး၌ ဆိုင်ဖွင့်လုပ်ကိုင်ခဲ့ပါသည်။ သမီးကြီး မွေးဖွားပြီးချိန်တွင် အကြောင်းကြောင်းကြောင့် မလုပ်ဖြစ်တော့ပါ။

ပြီးခဲ့သောနှစ် ကျောင်းဖွင့်ခါနီးချိန်က ရွှေရည်စိမ်လုပ်ငန်းကို ဆိုင်ပြန်ဖွင့်ရန် စိုင်းပြင်းခဲ့ပါသည်။

ဤကဲ့သို့ ကျွန်တော့်အကြောင်းများကို နိဒါန်းပျိုးနေရသည်မှာ အကြောင်းရှိပါသည်။ ကျွန်တော်သည် ဤပညာလည်း တတ်ချင်၊ ဟိုပညာလည်း တတ်ချင်ဖြင့် လေ့လာသင်ယူပြီး ပညာရပ်များအား ပြန်လည် အသုံးချခြင်းမရှိဖြစ်နေပါသည်။

တဖြည်းဖြည်း ကြာလာပါက မေ့လျော့ ပျောက်ပျက်သွားမှာ စိုးရိမ်မိပါသည်။ လူအများ အလွယ်တကူ လေ့လာ အသုံးပြုနိုင်သော ပညာ... များကို ဖြန့်ဝေပေးလျှင် သင့်မည်... ယူဆမိပါသည်။

ထို့ကြောင့်လည်း ကျွန်တော်... ကျေးဇူးရှင် ဖခင်ကြီးဆီမှ အ... သော ပညာများထဲမှ **ရွှေရည်စိမ်...** **အကြောင်း**ကို စေတနာကောင်း... ဖော်ပြပေးလိုက်ရပါသည်။

ရွှေရည်စိမ်သည် ဆိုသည်မှာ ... ကြေး အစရှိသော သတ္တုများ... လျှပ်စစ်ကူး၍ လည်းကောင်း၊ လျှ... မဲ့နည်းဖြင့်သော် လည်းကောင်း ... ရောင်တက်လာရန်အတွက် စိမ်ပြ... ခြင်းဖြစ်သည်။

ကျွန်တော်၏ ဖခင်ကြီးနည်း... လျှပ်စစ် (သို့မဟုတ်) ဘက်ထရီအ... အသုံးပြု၍ ပြုလုပ်ခြင်းဖြစ်သည်...

ပထမဦးစွာ သန့်ရှင်းသော... ဆူပွက်အောင် အပူပေးပါ။ ပုလင်း... ရုံမျှ အအေးခံပြီးလျှင် အ... ပုလင်းပြတ်တစ်ခုအတွင်းသို့ ... ပမာဏ လီတာဝက်(0.5 Lit... ထည့်ပါ။

www.burmeseclassic.com

ထို ပုလင်းပြတ်ထဲကို **ပေါ်တက်** (ဓာတုပစ္စည်းရောင်းသော ဆိုင်များတွင် မေးဝယ်လျှင် ရပါသည်။) အခဲ ကွမ်းသီးလုံးခန့်ကို ထည့်၍ အရည်ပျော်အောင် စောင့်ပါ။ ပေါ်တက်ခဲ အရည်ပျော်ပါက အနည်များ သန့်စင်အောင် ဝိတ်စဖြင့်စစ်ပါ။

လျှပ်စစ် အဖိုလမ်းကြောင်းတွင် ကြေးနန်းကြိုးမျှင် တစ်ချောင်းဖြင့် ဆက်၍ **သန့်စင်သောရွှေပြား (အခေါက်ရွှေ)**တစ်ခု ချိတ်ပါ။

ထို့အတူ လျှပ်စစ်အမလမ်းကြောင်းဆက်တွင် ကြေးနန်းကြိုးမျှင် တစ်ချောင်းဖြင့် ဆက်၍ သန့်စင်သောငွေပြားတစ်ခု ချိတ်ပါ။

ယင်းရွှေပြားနှင့် ငွေပြားနှစ်ခုစလုံးကို ပေါ်တက်အရည်တွင် ထည့်လိုက်ပါက လျှပ်စစ်အဖိုစရှိ ရွှေပြားမှ ရွှေမော်လီကျူးများသည် လျှပ်စစ်အမစရှိ ငွေပြားတွင် ကပ်ရောက်ပြီး ငွေပြားသည် ရွှေရောင်သန်းလာပါလိမ့်မည်။

အကယ်၍ ပေါ်တက်အရည်ထဲတွင် ကြေးချေး(ကျီး)များ ရှိနေပါက ငွေပြားသည် ရွှေရောင်မသန်းဘဲ မည်းညစ်လာပါလိမ့်မည်။

ဤအခါတွင် ငွေပြားကို ထုတ်ယူပြီး ကင်ပွန်းသီးချဉ်ရည်ဖြင့် ကြေးဘလွတ်ခတ်လိုက်ပါက ငွေပြားသည် မူလငွေရောင် ပြန်ဖြစ်လာပါလိမ့်မည်။

ထို့နောက် ငွေပြားကို အမကြိုးစတွင် ပြန်ချိတ်ပြီး ပေါ်တက်ရည်အတွင်း ပြန်ထည့်ပါ။ ငွေပြားသည် အရောင်မည်းတော့ဘဲ ရွှေရောင်သန်းလာပါက အရည်အတွင်း ကြေးချေး(ကျီး) ကင်းစင်ပြီဖြစ်ကြောင်း သိရပါသည်။

ပေါ်တက်ရည်တွင် ကြေးချေး(ကျီး) ကင်းစင်ပါက ပေါ်တက်ရည်ကို အဝကျယ် ပုလင်းပြတ်နှစ်ခုအတွင်းသို့ ထက်ဝက်စီ ခွဲထည့်ပါ။

ပုလင်းပြတ်တစ်ခုမှာ စိမ်ရည်ပြုလုပ်ရန်ဖြစ်ပြီး ကျန်ပုလင်းပြတ်မှာ ဖမ်းရည်ပြုလုပ်ရန်ဖြစ်ပါသည်။

**စိမ်ရည်ပြုလုပ်ပုံမှာ** လျှပ်စစ်အဖိုကြိုးစတွင် သန့်စင်သော အခေါက်ရွှေပြားကို ချိတ်၍ လျှပ်စစ်အမကြိုးစတွင် မည်သည့်အရာမှ မချိတ်ရပါ။

အဖိုကြိုး၊ အမကြိုး နှစ်ခုစလုံးအား စိမ်ရည်ပြုလုပ်မည့် ပုလင်းအတွင်း ထည့်လိုက်ပါက အဖိုဘက်ရှိ ရွှေပြားမှ ရွှေမော်လီကျူးများသည် အရည်အတွင်း ပျော်ဝင်သွားပါလိမ့်မည်။ ဤကဲ့သို့ (၄၅)မိနစ်ခန့် ထားလိုက်ပါက စိမ်ရည် ရရှိပါလိမ့်မည်။

ဖမ်းရည် ပြုလုပ်ပုံမှာလည်း စိမ်ရည်လုပ်နည်းအတိုင်း ဖြစ်သည်။ သို့ရာတွင် စိမ်ရည်ကဲ့သို့ (၄၅)မိနစ်ခန့် မထားရဘဲ မိနစ်(၂၀)ခန့်သာ ထားရပါမည်။

**ငွေထည်ပစ္စည်းများအား ရွှေရည်စိမ်လိုပါက** စိမ်ထည်ပစ္စည်းများကို ဆီများ၊ ကြေးညှော်များ ကင်းစင်အောင် ဦးစွာ ပြုလုပ်ရပါမည်။

သို့မှသာ ရွှေရည်စိမ်ရ လွယ်ကူပါလိမ့်မည်။ ပြုလုပ်ပုံမှာ စတီးခွက်(သို့မဟုတ်) စတီးရည်စိမ်ခွက်တစ်ခုအတွင်းသို့ ရေအနည်းငယ်ထည့်ပါ။

ယင်းရေထဲသို့ ကော့စတစ် အနည်းငယ်ထည့်၍ စိမ်ထည်ပစ္စည်းပါ ထည့်ပါ။ ယင်းခွက်ကို အောက်မှ မီးအပူပေးပါက ရေထဲကို ကော့စတစ်များ ပျော်ဝင်ပြီး မကြာမီ ဆူပွက်လာပါလိမ့်မည်။

ထိုအခါ စိမ်ထည်ပစ္စည်းကို ယူ၍ ကင်ပွန်းသီးချဉ်ရည်တွင် ကြေးဘလွတ်ခတ်ပါ။ ထို့နောက် စိမ်ထည်ပစ္စည်းကို သန့်စင်အောင် ရေများများဖြင့် ဆေးကြောပစ်ပါ။

ပြီးလျှင် လျှပ်စစ်အဖိုကြိုးစတွင် သန့်စင်သော ရွှေပြားချိတ်၍ လျှပ်စစ်အမကြိုးစတွင် စိမ်ထည်ပစ္စည်းချိတ်ကာ စိမ်ရည်ပုလင်းအတွင်း ထည့်ပါ။ ထိုအခါ အဖိုအစရှိ ရွှေပြားမှ ရွှေမော်လီကျူးများသည် အမစရှိ စိမ်ထည်ပစ္စည်းအပေါ် ကပ်ရောက်၍ ရွှေရောင်သန်းလာပါလိမ့်မည်။

အချိန် အနည်းငယ်ကြာလျှင် စိမ်ထည်ပစ္စည်းကို ထုတ်ယူ၍ ကင်ပွန်းသီးချဉ်ရည်ဖြင့် ကြေးဘလွတ်ခတ်ပေးပါ။ ပြီးလျှင် စိမ်ထည်ပစ္စည်းကို ရေသန့်သန့်ဖြင့် စင်ကြယ်အောင် ဆေးကြောရပါမည်။

ယင်းနောက် စိမ်ထည်ပစ္စည်းကို အမကြိုးစတွင်ချိတ်၍၊ အဖိုကြိုးစတွင် ရွှေပြားကိုချိတ်ကာ ဖမ်းရည်ပုလင်းအတွင်းသို့ ပြောင်းထည့်ပါ။

ထိုအခါ ရွှေပြားမှ ရွှေမော်လီကျူးများသည် စိမ်ထည်ပစ္စည်းပေါ်သို့ ကပ်ရောက်၍ ရွှေရောင် ဝင်းပလာပါလိမ့်မည်။ မိမိအလိုရှိသော ရွှေရောင် အနုအရင့်ကို ကြည့်၍ ရပ်တန့်ပါ။ ပြီးလျှင် ရေသန့်သန့်ဖြင့် စင်ကြယ်အောင် ဆေးကြောပစ်ပါ။

ကင်ပွန်းသီးချဉ်ရည်တွင် ကြေးဘလွတ်ခတ်ရန် မလိုတော့ပါ။ ရေဆေးထားသော စိမ်ထည်လက်ဝတ်ရတနာပစ္စည်းများအား မီးအပူ အနည်းငယ်ပေးထားသော သန့်စင်သည့်ခွက်တစ်ခုအတွင်း ထည့်၍ ရေခြောက်အောင် ပြုလုပ်ပါ။

ကြေးထည်ပစ္စည်းများအား ရွှေရည်စိမ်နည်းအကြောင်း နောက်အပတ်တွင် ရေးသားပါဦးမည်။

ဆန္ဒမွန်ဖြင့်...

ဆုမောင်(ရှုကွ)



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ

# ကျန်းမာရေး အမျှော် အကြံပေးချက်

| ပုံရိပ် | ဝမ်းတွင်း အင်္ဂါ | အရောင် | ဂဏန်း | စားဖွယ် | အရပ် | မိတ်ဖက် | ကူညီသူ | ကံပွင့်နေ့ | အာ |
|---|---|---|---|---|---|---|---|---|---|
| ကြွက် | အစာအိမ် | အညို | ၈ | ကောက်ညှင်း | အရှေ့မြောက် | မြင်း, ကျား, ခွေး | တနင်္လာသားသမီး | စနေနေ့ | ရှာ |
| နွား | အဆုတ် | အဖြူ | ၆ | ဆန် | အနောက်မြောက် | ဝက်, ဆိတ်, ယုန် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ | ဂနွ |
| ကျား | အဆုတ် | အဖြူ | ၆ | ဆန် | အနောက်မြောက် | မြင်း, ကျား, ခွေး | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ | ဂနွ |
| ယုန် | ဆီးအိမ် | အပြာ | ၁ | ပဲအမျိုးမျိုး | မြောက် | မျောက်, ကြွက်, နဂါး | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ | သော |
| နဂါး | သရက်ရွက် | မြေဝါ | ၂ | ကောက်ညှင်း | အနောက်တောင် | ဆိတ်, ဝက်, ယုန် | စနေသားသမီး | တနင်္လာနေ့ | ရှာ |
| မြွေ | သရက်ရွက် | မြေဝါ | ၂ | ကောက်ညှင်း | အနောက်တောင် | မျောက်, နဂါး, ကြွက် | စနေသားသမီး | တနင်္လာနေ့ | ရှာ |
| မြင်း | အူမ | ရွှေဝါ | ၇ | ဆန် | အနောက် | ကြွက်, နွား, မြွေ | ကြာသပတေးသားသမီး | သောကြာနေ့ | ဂနွ |
| ဆိတ် | အူသိမ် | အနီ | ၉ | မြောင်း | တောင် | မြင်း, ခွေး, ကျား | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ | သဒ္ဓ |
| မျောက် | နှလုံး | အနီ | ၉ | မြောင်း | တောင် | ကျား, မြင်း, ခွေး | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ | သဒ္ဓ |
| ကြက် | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အရှေ့တောင် | နဂါး, မျောက်, ကြွက် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ | စကျ |
| ခွေး | အသည်း | အစိမ်းနု | ၃ | ဂျုံ | အရှေ့ | ယုန်, ဆိတ်, ဝက် | သောကြာသားသမီး | ကြာသပတေးနေ့ | စကျ |
| ဝက် | အသည်း | အစိမ်းနု | ၃ | ဂျုံ | အရှေ့ | ယုန်, ဆိတ်, ဝက် | သောကြာသားသမီး | ကြာသပတေးနေ့ | စကျ |

* * *

နိုဝင်ဘာလတွင် **ဆိတ်နှစ်ဖွား၊ ယုန်နှစ်ဖွား၊ ခွေးနှစ်ဖွားတို့** ကျန်းမာရေး အနည်းငယ် ညှံ့ဖျင်းတတ်ပါသည်။ ဤလတွင် ဆိတ်နှစ်ဖွားတို့အတွက် စံပြု၍ ဖယားကို ရှင်းပြပါမည်။

**ဆိတ်နှစ်ဖွားတို့သည်** အူသိမ်နှင့် ပတ်သက်သောရောဂါများ သတိထားပါ။ အနီရောင်၊ (၉)ဂဏန်း၊ တောင်အရပ်တို့သည် ကံလာဘ် ပွင့်လင်းစေပါမည်။ မြောင်းဖြင့် ပြုလုပ်သော စားဖွယ်များက ကျန်းမာရေးကို အထောက်အပံ့ ဖြစ်စေနိုင်သည်။

**မြင်းနှစ်ဖွား၊ ကျားနှစ်ဖွား၊ ခွေးနှစ်ဖွားများ** မိတ်ဖက် မိတ်ဆွေများ



ဖြစ်ကြ၍ အရေးကိစ္စရှိပါက ဗုဒ္ဓ... သားသမီးက ကူညီပေးနိုင်မည်။ အ... နေ့သည် နေ့ကောင်းနေ့မြတ်ဖြစ်သည်...

သဒ္ဒါရုံ စိတ်ကြည်နူးဖွယ် အသံများ... ကြောင့် ကျန်းမာရေးတွင် ပို၍ ထူး... ထောင်ထောင် ဖြစ်စေလိမ့်မည်။

ကျန်နှစ်ဖွားများ အထက်ပါ... အတိုင်း ကောက်ချက်ချယူကြပါ။

**အာရောဂျ**

**ဆုလာဘ်နှင့် ပြည့်ဝကြပါစေ**

ဟူဂျင်းဇီ

*(Hu Jin Zhi)*



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့်

# ရန်ကင်းရန်ရှင်းဘဘမင်း (၃)

ပိုင်သန်းကျော်

**ကျမ်းများ၌**
**အမည်ပေး**
**ကင်ပွန်း တပ်ခဲ့ကြသည်။**

ယခင်လမှ အဆက်

**ဘဘမင်း။** ။ 'အဘ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ် နမ္မားခရချောင်း ကျေးရွာကို ၁၂၈၀ ပြည့်နှစ်ခန့်မှာ ရောက်ပြီး နှစ်(၂၀)ခန့် နေထိုင်သွားခဲ့တယ်။ ခရချောင်းမှာ နေစဉ်ကာလ စကားပြောတဲ့အခါ အဖော်သဟဲ မရှိဘဲ တစ်ယောက်တည်း လေးလ၊ ငါးလ အဆက်မပြတ် ဆက်တိုက်ပြောတယ်။

စကားမပြောတဲ့အခါ လေးလ၊ ငါးလ ကြာ စကားမပြောဘဲနေတယ်။ အိပ်တဲ့အခါမှာလဲ လေးလ၊ ငါးလ ဆက်တိုက်အိပ်တယ်။ အဘအကြောင်း သေချာစွာ မသိသူတွေက အရူးကြီးလို့ စွပ်စွဲကြတယ်'

**ကျွန်ုပ်** ။ ။ 'အဘ အောင်မင်းခေါင်ရဲ့ ထူးခြားတဲ့လုပ်ဆောင်ချက်တွေကို သိပါရစေ'

**ဘဘမင်း။** ။ 'နမ္မားခရချောင်း ရွာသူကြီး ဦးသိုက်ဟာ အင်္ဂရုတ်ဝါသနာရှင်တစ်ဦး ဖြစ်တယ်။ အမြဲဖိုထိုးတယ်။ တစ်နေ့မှာ အဘ ဘိုးမင်းခေါင်ကို အိမ်ဖိတ်ပြီး အင်္ဂရုတ်အကြောင်း ဆွေးနွေးတယ်။

အဲဒီအခါမှာ အဘက ဦးသိုက်ရဲ့ ဖိုခန်းထဲဝင်၍ သွပ်ကိုဖမ်းပြီး ရွှေလုပ်ပြတယ်။ အဲဒီအခါမှာ ဦးသိုက်ဟာ အလွန့်အလွန် ပီတိဖြစ်နေတယ်။

သူကြီး ဦးသိုက်ရဲ့ အမူအရာကို သိတဲ့ အဘက **"ဒီရွှေကို လိုချင်သလား"**လို့ မေးတဲ့အခါ ဦးသိုက်မှ လိုချင်ကြောင်း ပြောတယ်။ အဲဒီအခါ အဘက **"လိုချင်ရင် မရသေး"** လို့ဆိုကာ ပြောပြောဆိုဆိုနဲ့ နွံထဲကို လွှင့်ပစ်လိုက်တယ်။

**မှတ်ချက် ။ ။ သွပ်သည် ရွှေဖြစ်ရန် မဆိုထားနှင့်။ မီးထိုးခံရဖို့ပင် အလွန့်အလွန် ခဲယဉ်း၏။ ထို့ကြောင့် ရှေးက ရသေ့များပင် အဖမ်းရခက်၍ သွပ်ကို "ရသေ့ငို"ဟု အင်္ဂရုတ်**

နောက်တစ်ခု ထူးခြားတဲ့ လုပ်ဆောင်ချက်က မိုးညှင်းဆရာတော်ကြီးဟာ မန္တလေး–မုံရွာ ကားလမ်း၊ ရထားလမ်းဘေး မြေနဲ့ရွာအနီး (၅)ဖာလုံခန့်အကွာမှာ သမ္မုဒ္ဒေစေတီတော်ကြီး တည်ဖို့အတွက် မြေနေရာရွေး၍ မြေသန့်ခြင်းအမှုကို ပြုပြီး ပန္နက်တင်မင်္ဂလာပြုရန်အတွက် နေ့ကောင်း၊ အချိန်အခါကောင်း ရွေးပေးရန် ပုပ္ပါးတောင်ကလပ်မှာရှိတဲ့ အဘ ဘိုးမင်းခေါင်ထံ ကပ္ပိယ(၂)ဦးကို မှာပြီး လွှတ်လိုက်တယ်။

အဘထံ ရောက်တဲ့အခါ ဆရာတော် မိန့်မှာပုံကို အဘအား တင်ပြပြောဆိုတဲ့အခါ အဘက သမ္မုဒ္ဒေစေတီတည်ရန် ပန္နက်တင်မင်္ဂလာ အခါတော်ကို **၁၃၀၁ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၅)ရက်နေ့ကို** ရွေးချယ်ပေးလိုက်တယ်'

**ကျွန်ုပ်** ။ ။ 'မိုးညှင်း ဆရာတော်ကြီးက အဘအောင်မင်းခေါင်နဲ့ ပတ်သက်ပြီး အခြား ဘာများ မိန့်ကြားသွားပါလဲ'

**ဘဘမင်း။** ။ 'မိုးညှင်း ဆရာတော်





www.burmeseclassic.com

www.burmeseclassic.com

ကြီးရဲ့ မိန့်မှာချက်မှာ

ဦးမင်းခေါင်သည် သာမန်ပုဂ္ဂိုလ်တစ်ဦး မဟုတ်။ အရိမေတ္တေယျဘုရား အလောင်းတော်ဖြစ်ကြောင်း (ဒွါသကနိပါတ်)မဟာကဏှဇာတ်ကို အကိုးအကားပြုပြီး မိန့်သွားတယ်။

အဲဒီလို မိန့်သွားတာကို ဆရာတော်ကြီးရဲ့ တရားနာလိုက်ဖူးတဲ့ မုံရွာမှ ဦးသိန်းချို၊ ဦးထွန်းရှိန်တို့ထံမှ တစ်ဆင့် သိရတယ်။

မိုးညှင်းဆရာတော်ကြီးရဲ့ နောက်ဆက်တွဲ မိန့်မှာချက်မှာ ကဿပဘုရားရဲ့ သာသနာနောက်ပိုင်း၌ လူတို့ တရားပျက်၍ သာသနာညှိုးနွမ်းလာသော ကာလ နောင်တော်ဘုရားရဲ့ သာသနာကို ထိန်းသိမ်းစောင့်ရှောက်ရန် ဂေါတမဘုရား အလောင်းတော် သိကြားမင်းသည် လူ့ပြည်သို့ဆင်း၍ သိကြားမင်းက မုဆိုးကြီးအယောင်ဆောင်၍ မာတလိနတ်သားအား ခွေးနက်ကြီးယောင် ဆောင်စေကာ လူတို့အား ခြိမ်းခြောက်၍ ကုသိုလ်ဓမ္မပထ တရား၌ တည်စေသောထုံး နှလုံးမူ၍ ယခုလဲ...

ဂေါတမဘုရား သာသနာနောက်ပိုင်း လူတို့တရားပျက်၍ သာသနာညှိုးနွမ်းလာတာကို ဆင်ခြင်မိသော အရိမေတ္တေယျ အလောင်းတော် နတ်သားသည် တုသိတာနတ်ပြည်မှ ဤလူ့ပြည်သို့ဆင်း၍ ဝိဇ္ဇာဓိုရ်အဖြစ်နဲ့ သာသနာပြုနေသည်မှာ အခြားသူ မဟုတ် ဦးမင်းခေါင်ဖြစ်တယ်လို့ မိုးညှင်းဆရာတော်ကြီးမှ မိန့်ကြားသွားတယ်' **(အကျယ်ကို မဟာကဏှဇာတ်မှာ ရှုပါလေ။)**

**ကျွန်ုပ်** ။ ။ 'အဘ ဘိုးတော်အောင်မင်းခေါင်မှာ လက်ရင်း တပည့်ကြီးတွေရှိရင် အဲဒီတပည့်



တွေကို သိချင်ပါတယ်'

**ဘဘမင်း** ။ ။ '''**အထက်မှာ ထီ၊ အလယ်စီ၊ အောက်တွင် ဦးခန္တီ**''ဟူသော ဆိုရိုးစကားအရ အဘ ကချင်ပြည်နယ် နမ္မားခရုချောင်းမှာနေစဉ် တပည့်ကြီး (၃)ဦးရှိတယ်။

**အထက်မှာထီ**ဆိုတာ အဘနဲ့အတူ နေတဲ့ ခရုချောင်းရွာမှ **ဦးထီ**ဖြစ်တယ်။ အဲဒီပုဂ္ဂိုလ်ကြီးက မထင်ရှားဘူး။

**အလယ်စီ**ဆိုတာ ကောလင်း ခမောက်တောင်ကို အစဦးစွာ သာသနာပြုခဲ့တဲ့ ဦးဘိုးစီ ဖြစ်တယ်။

**အောက်မှာ ဦးခန္တီ**ဆိုတာ မန္တလေးတောင်ကို ကြက်ပျံမကျ စည်ကားအောင် သာသနိက အဆောက်အအုံများ ဆောက်လုပ်သာသနာပြုခဲ့တဲ့ ရသေ့ကြီးဦးခန္တီ ဖြစ်တယ်'

**ကျွန်ုပ်** ။ ။ 'အဘ အောင်မင်းခေါင်ဟာ ပုပ္ပါးတောင်ကလပ်ကို ဘယ်ခုနှစ်မှာ ရောက်ရှိခဲ့သလဲ ဆိုတာ သိပါရစေ'

**ဘဘမင်း** ။ ။ 'အဘဟာ ၁၃၀၀ ပြည့်နှစ်၊ တပေါင်းလဆန်းမှာ ရှမ်းတိုင်းရင်းသား (၄)ယောက်နဲ့ အတူ ပုပ္ပါးကို ရောက်လာတယ်။ ပုပ္ပါးတောင်ကျောင်း ဦးကေသရထံ အတန်ကြာ နေပြီး တောင်ကလပ်ကို ပြောင်းရွှေ့နေ တယ်။

အဘ အမြဲနေတဲ့ နေရာက ယ လက်ရှိ အဘရဲ့ မူလဓာတ်န တည်ရှိတဲ့ ယခင်က သွပ်မိုးသွပ်ကာ ဇရပ်မှာ ညဥ့်အမြဲအိပ်ပြီး နေ့အ ထိုဓာတ်နန်း အောက်နားမှာရှိ တောင်ကလပ်အတက် နဂါးနှစ်ကောင် စောင်းတန်းအဆုံး ရင်ကွဲဇရပ်ရှိ ပိန္နဲပင်ခြေရင်းရှိ တန်းလျားမှာ အမြဲ လေ့ရှိတယ်'

**ကျွန်ုပ်** ။ ။ 'အဘ အောင်မင်းခေါ ရဲ့ ပုတီးစိပ်ကျင့်စဉ် အကိုးသိရင် ပြောပြ

**ဘဘမင်း** ။ ။ 'အဘဟာ ပုတီး မစိ ဘူး။ တရားလဲ မထို ဘူး။ တရားတော့ အမြဲမှတ်တယ် ကွယ်။ ရံဖန်ရံခါမှာ နေကသိုဏ်းရှု ရှိတယ်။

အဘ နေကသိုဏ်းရှုနေတဲ့ နေရာ က တောင်ကလပ်ခြေ ရွှေဂူချောင် သိမ်နေရာဖြစ်တယ်။ နေကသိုဏ်းရှု လိုတဲ့အခါ သိမ်နေရာကို မိုးမလင်းခင် သွားပြီး နေမထွက်ခင်ကပင် အနောက် အရပ်ကို ဦးခေါင်း၊ အရှေ့အရပ် ခြေထား၍ ပက်လက်အိပ်တယ်။

နေထွက်သည်မှ နေဝင်သည်အ တခြင်း၊ ထိုင်ခြင်း၊ ရပ်ခြင်း၊ ထမင်းစား ခြင်း၊ ရေသောက်ခြင်း၊ ကျင်ကြီးကျင် ငယ်စွန့်ခြင်း မပြုဘဲ ရှိရင်း ပက်လက် အိပ် ဣရိယာပုတ်ဖြင့်သာ ကိုယ် ဆုံလည်ကဲ့သို့ လှည့်၍ နေထွက်သည် မှ နေဝင်သည်ကို မျက်တောင်ခတ် အလျှင်းမရှိ ကြည့်တယ်။

နေအနောက်သို့ ရောက်တဲ့ အဘရဲ့ ဦးခေါင်းဟာ အရှေ့ရော ပြီး ခြေသည် အနောက်သို့ ပြုထာ


www.burmeseclassic.com

www.burmeseclassic.com

ခဲ့တယ်'

**ကျွန်ုပ်** ။ ။ 'အဘ အောင်မင်းခေါင်ရဲ့ လက်သုံးဂါထာကို သိပါရစေ'

**ဘဘမင်း** ။ ။ 'ဥုံ သိဒ္ဓိစုံရာ နတ်ကာ၊
ဝဲ,ယာ စောင့်လို့ပေ။
ဥုံ မနောစိတ္တံ ဤမှန်၊
သိဒ္ဓိဆောင်လို့ပေ။
ဥုံ တေဇ မာဃ သုဝဏ္ဏရတေ၊
လာဘ်လာဘံ ဖေဟိ ဖေဟိ'

**ကျွန်ုပ်** ။ ။ 'အဘရဲ့ တခြား ထင်ထင်ရှားရှား သာသနာပြုခဲ့တာများရှိရင် သိပါရစေ'

**ဘဘမင်း** ။ ။ 'ကိုးနဝင်းစေတီ၊ ကိုးတောင်ပြည့် စေတီ၊ ကမ္ဘာ့စေတီ၊ ကမ္ဘာလုံးစေတီ၊ ခတ်ပေါင်းစုစေတီ စသော သာသနာ့အဆောက်အအုံ၊ စေတီတော်အမျိုးမျိုးတို့ကိုလဲ တည်ထားပြုလုပ်ခဲ့တယ်'

**ကျွန်ုပ်** ။ ။ 'အဘ အောင်မင်းခေါင်ရဲ့ ထူးဆန်းတဲ့ ဂမ္ဘီရလုပ်ဆောင်ချက်တွေ ရှိရင် သိပါရစေ'

**ဘဘမင်း** ။ ။ 'အဘ ကချင်တောင်တန်းကနေ မိုးကောင်းနယ်ကို ပြောင်းရွှေ့သွားတဲ့အခါ ခရီးစဉ်တစ်ခုမှာ ပန်းသေးတရုတ်ခေါက်ဆွဲဆိုင် တစ်ဆိုင်မှာ ခေတ္တ ဝင်ရောက်နားနေတယ်။

အဲဒီအချိန်မှာ ဆိုင်ရှင်တရုတ်က ကြက်တစ်ကောင်ကို ယူလာပြီး အဘရဲ့ရှေ့မှာသတ်ဖို့ လုပ်နေဆဲဆဲမှာ အဘက **''ဟေ့ ပေါက်ဖော် မသတ်ပါနဲ့ကွာ၊ လွှတ်လိုက်ပါ''**လို့ ပြောပေမယ့် တရုတ်က ဂရုမစိုက်ဘဲ ကြက်လည်ကို ဓားနဲ့လှီးဖြတ်ကာ အဘရဲ့ရှေ့မှာ ပစ်ချ



လိုက်တယ်။

အဘက ကိုယ်နဲ့ခေါင်း တခြားစီဖြစ်နေတဲ့ ကြက်ကို ကောက်ယူပြီး ပြန်ဆက်လိုက်တဲ့အခါ ကြက်ဟာ ပကတိအရှင်ပြန်ဖြစ်ပြီး အတောင်နှစ်ဖက်ကို ခတ်လျက် (၂)ခါ၊ (၃)ခါ တွန်ပြီး ကောင်းကင်ကို ပျံတက်ကာ တောအုပ်ထဲကို ဝင်သွားတယ်။

အဘဟာ အဲဒီလို အံ့သြစရာ ထူးဆန်းတဲ့ အခြင်းအရာများကိုပြပြီး အဲဒီနေရာက ချက်ချင်း ထွက်ခွာကွယ်ပျောက်သွားတတ်တယ်'

**ကျွန်ုပ်** ။ ။ 'အဘ အောင်မင်းခေါင်ဟာ စာတွေ၊ ကဗျာတွေရော ရေးတာတွေ့လား အဘိုး၊ အဘရေးခဲ့တဲ့၊ ဖွဲ့နွဲ့ခဲ့တဲ့ စာတွေရှိရင် သိချင်တယ်'

**ဘဘမင်း** ။ ။ 'အဘကိုယ်တိုင် စီကုံးဖွဲ့နွဲ့ခဲ့တဲ့ ကဗျာရှိတယ်ကွယ့်။

သေသေချာချာ နားထောင်ပြီး မှတ်ပေတော့...

(၁) မမြင်အပ်ရာ၊ မမြင်ရသလို၊
မထင်အပ်ရာ၊ မထင်ရပေဘူး။
အသွင်မလှ၊ အဆင်မပြေ
တရားမကြိုက် သူတို့က အမှားစိုက်ကယ်နဲ့
ငါးနှိုက်ရာ မြွေကိုစမ်းတယ်
ဖမ်းမိပုံခြေ
အဆိပ်တက်ပြန်တော့ ထိပ်ထက်ဒွိ
ဝေတေတေ၊
မဖြေနိုင်ဖိစီး သတင်းငယ်ပြောင်၊
မင်းခေါင်ကို အထင်မမှားလေနဲ့
သတ္တဝါ ရစ်ဝယ်သားလို၊
အခါခါ ကယ်ဆယ်များခဲ့ပေါ့
အပယ်ကို အလွယ်နဲ့ မသွားရအောင်၊
ထားသတိကြီး။
(၂) ဗုဒ္ဓကို ဉာဏ်တော်ညှိ သမ္မောဓိလောင်းလျာ၊
ခတ်ပေါင်းစုံစုံနှင့်၊ ပဒုမ္မာကြာ,ငုံအာရင်
ပွင့်မည့်ရှိန်ခါ၊
သောင်းလောက၊ စကြဝဠာ၊
ထက်မြပ္ပာတုန်ဟည်း၊ စကျွယ်ပည်မြွေနှင့်
ထိန်သပြေ သိရ်သရေ၊ ကုက္ကိုဖျားဆီက
ကြားလိမ့်သတည်း။
(၃) မြူခြေငယ်ရွှန်းပါ၊ မြဝန်းတဲ့ရစ်ခွေ၊
ဖောင်ပေါ်နေမရိပ်ခင်က၊ အောင်တော်မူ
ရွှေကရိက်ကို၊ ကြိုးတိတ်တိတ်ဖြေ
သို့ပါသော် တအားဆွဲတာကြောင့်၊
မသွားဘဲဆိုင်းရချေ၊ လှိုင်းလေကငြိမ်တုန်း၊
တက်မကိုင် ရက်စမြိုင်မြိုင်နှင့်၊
ဆိုင်သူတွေ ခိုလို့စီးရအောင် မီးပြပါပြီ။
သိမ်းလိုက်ပါအေ၊ ခွေလိုက်ပါကြိုး။
မြစည်သူကန်က ရေဆွဲတဲ့ကြိုး။
(၄) ဓမ္မတဲ့သာလာ၊ အောင်သတင်း
ဆင်ယင်နွှဲတဲ့ပွဲ
နွဲ့ကြည်သူငါ မြတ်တုန်းတော်ဂုဏ်ဟိတ်ကြောင့်
ဒုန္နိမိတ် အနိဋ္ဌာ၊ တစ်ဆိတ်သာမသန်း။
စီးပွားရွှေငွေနှင့် အထွေထွေ ရရလိုပေးနဲ့မယ်
အေးမြရွှင်လန်း။
(၅) လူ့ပြည် လူ့ရွာ၊ လူသဏ္ဍာန်ပါလျက်ကယ်နဲ့
ဒုရာဇီဝေ ဒုကမ္မကိုတော့
မပြုမကြံကြလေနဲ့ သားမြေးတစ်တွေ၊
ဘုရား,တရား,သံဃာ အဋ္ဌလီသတဲ့ပြင်
ငါးပါးမှန်စွာ၊ ပဉ္စသီလငယ်နှင့်
အဋ္ဌင်္ဂ,နဝင်္ဂ အစဉ်မှီကြ ရပ်မြဲ
ကျိုးနှစ်ဝပိုင်စေ၊
ကုသလာမွှေ၊ ပညာမြောက်လွှင်
ပြသမှုအဖြာဖြာ



www.burmeseclassic.com

www.burmeseclassic.com

ဦးခံ၍ ပေါက်သလိုပ၊
ကြုံတန်သလောက် လောကီအခြေ
ဘောဂီရွှေငွေနဲ့
အနေမလွဲ လေးဝပြဟွစ်ရှိ၊
ဖေးမကာ နှစ်ကိုယ့်တစ်ကိုယ်သို့
တချိချို ပိုမိုချစ်တဲ့အပြင်၊
ကြင်မေတ္တာကင်း မချို့လေနဲ့
ယဉ်းသို့ အကျိုးမျှော်ကာ၊
မင်းတို့ဘိုးတော် မှာထားလိုက်တယ်
နားကြပ်ကြပ်စွဲ။

**ကျွန်ုပ်** ။ ။ 'အဘ အောင်မင်းခေါင်ဟာ ပုပ္ပါးတောင်ကလပ်မှာ ဘာကြောင့်နေထိုင်သွားပါသလဲ'

**ဘဘမင်း** ။ ။ 'ဓာတ်ပန္နက်ချရန် ကိန်းခန်းအရ နေထိုင်ခြင်း ဖြစ်တယ်'

**ကျွန်ုပ်** ။ ။ 'အဘ အောင်မင်းခေါင်ဟာ ပုပ္ပါးတောင်ကလပ်မှာ ၁၃၀၀ ပြည့်နှစ်ကစပြီး ၁၃၁၄ ခုနှစ်အထိ (၁၄)နှစ်လုံး နေတော်မူတဲ့အချိန်များမှာ အဘဟာ ဘာတွေကို ကျင့်ကြံသုံးသပ်ပြီး နေခဲ့ပါသလဲ'

**ဘဘမင်း** ။ ။ 'အဘ ဘိုးမင်းခေါင်ဟာ တောင်ကလပ်မှာ (၁၄) နှစ်ပတ်လုံး သမထကမ္မဋ္ဌာန်းများကို ကျင့်ကြံအားထုတ်ပြီး နေခဲ့တယ်။

ထွက်ရပ်မကြွမီ (ကမ္ဘာလုံး)စေတီတော်ကလေးတစ်ဆူကို တောင်ကလပ်ပေါ်မှာ နောက်ဆုံး တည်ထားခဲ့တယ်။

"ထီးတော်လဲရောက် မင်းခေါင်လဲရောက်
ပျောက်"

အဲဒီကမ္ဘာလုံးစေတီတော်ကို ကပ်လှူရန် ထီးတော်သည် အဘ မထွက်မီနီးကပ်သောအချိန်မှာ တောင်ကလပ်ကို ရောက်ရှိလာတယ်။ အဘကိုယ်တိုင် ထီးတင်ပွဲ မပြုလုပ်ဘဲ ထွက်ရပ်လမ်းကို ကြွမြန်းခဲ့ပါတယ်'



**ကျွန်ုပ်** ။ ။ 'တောင်ကလပ်မှာ ဘာဖြစ်လို့ ကမ္ဘာလုံးစေတီ တည်ထားတော် မူပါသလဲ'

**ဘဘမင်း** ။ ။ '"**မုန့်လုံး စက္ကူကပ်လို့ ကြာကလပ်မှာ ဆွမ်းတော်တင်၊ ပလ္လင်ပေါ်က မျောက်ကလေး ဆင်းတယ်လို့ပြေးဂျာအေး**"ဟူသော တဘောင်သီချင်းအရ ဓာတ်ပန္နက်ကျသဖြင့် တည်ထားတော်မူခဲ့ခြင်း ဖြစ်တယ်'

**ကျွန်ုပ်** ။ ။ 'အဘ အောင်မင်းခေါင်ရဲ့ ဆုံးမဩဝါဒကို အမိန့်ရှိပေးပါဦး'

**ဘဘမင်း** ။ ။ '**တောက်တဲ့ တောက်တဲ့လို့ မအော်နဲ့။
မသေရုံစား၊ မအားအောင်နေ။
အထက်ပါ နေပါဦး၊ အောက်ဟာ
လုံအောင်ဖုံး**'

**ကျွန်ုပ်** ။ ။ 'အဘ အောင်မင်းခေါင်ရဲ့ ဩဝါဒတွေရဲ့အနက်အဓိပ္ပာယ်တွေကို ရှင်းပြပေးပါဦး အဘိုး'

**ဘဘမင်း** ။ ။ '**တောက်တဲ့ တောက်တဲ့လို့ မအော်နဲ့**ဆိုတာ တောက်တဲ့ဟာ မိမိနာမည်ကို မိမိပြန်ခေါ်သလို လူတွေဟာလဲ မိမိကိုယ် မိမိ လူအများ အထင်ကြီးအောင် ကိုယ့်ဂုဏ်ကို ကိုယ်ပြန်မ... ကိုယ်ရည်သွေး တီးလုံးဆန်တွေ... ကိုယ်မိမိ မကြွားဝါဖို့ကို ဆို... ကွယ့်။

"**မသေရုံစား၊ မအားအောင်...**"

**မသေရုံစား**ဆိုတာ...

အစားအသောက်နဲ့ ပတ်သ... အလိုရမ္မက်မကြီးရဘူး။ လေးဖြာ... ဆောင်တဲ့ ဤကိုယ်ကောင်ဟာ ... အောင်တည်ပြီး ဘုရားသာသနာ... (၂)ဖြာကို ကောင်းစွာကျင့်... ဝေဒနာအဟောင်း အသစ်တွေ ... ဘဲ ချမ်းမြေ့ရအောင်ဆိုပြီး နှလုံး... စားသုံးရတယ်။

**မအားအောင်နေ**ဆိုတာ...

မိမိ လူ့ဘဝကို ရောက်ခိုက်... ကုသိုလ်ကောင်းမှုတွေကို နေ့စဉ်... အောင် ကြိုးစားအားထုတ်ရ... ဖြစ်နိုင်ရင် သမထ ဝိပဿနာ ... တွေကို နေ့စဉ် အချိန်နဲ့အမျှ ... လပ်အောင် အားထုတ်ကြိုးပမ်းရ... လို့ ဆိုတာကွယ့်။

"**အထက်ဟာ နေပါဦး၊ အော...ဟာ လုံအောင်ဖုံး**"ဆိုတာ...

လူတွေဟာ အလှူဒါနပြု... ဖြစ်ဖြစ်၊ ရဟန်းသံဃာနဲ့ ဘုရား... တွေ ရောက်ရင်ပဲဖြစ်ဖြစ် ကိုယ်လို... တာတွေကို ပါးစပ်က တသီတသ... ကြီး ဆုတောင်းကြတယ်ကွယ့်။ ... တော့ ဆုတောင်းတိုင်း ပြည့်လာ... လားဆိုတော့ ဘာမှ မဖြစ်ကြ... များတယ်။

ဒါကြောင့်မို့ အထက်ပါးစပ်... ဟိုဟာ လိုချင်တယ်။ ဒီဟာ လိုချင်... တယ်ဆိုပြီး ဆုတောင်းတာတွေ ... နေပါဦး။

အောက်ထစ်အနည်းဆုံး ငါး... **သီလကို လုံအောင် ...ရင်ကြိုးစား...**



www.burmeseclassic.com

www.burmeseclassic.com

ပါဦး''လို့ ဆိုလိုတာကွယ့်'

ဟု ဘဘမင်းမှ ရှည်လျားစွာ ရှင်းပြလေ၏။

**ကျွန်ုပ်** ။ ။ 'အဘ အောင်မင်းခေါင်ရဲ့ နောက်ဆုံးနေ့ကို သိပါရစေ'

**ဘဘမင်း** ။ ။ 'အဘ ဘိုးတော်အောင်မင်းခေါင်ဟာ အသက် (၇၂)နှစ် အရွယ်မှာ တောင်ကလပ်အလယ် အခု အဘရဲ့ မူလဓာတ်နန်းရှိရာ (ယခင်)ဇရပ်၌ ၁၃၁၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၂)ရက် သောကြာနေ့ ညနေ (၁း၁၅)နာရီအချိန်မှာ ထွက်ရပ်စခန်း ကြွမြန်းခဲ့တယ်။ အဘ ထွက်ရပ်စခန်း ကြွမြန်းတဲ့ အထိမ်းအမှတ်အဖြစ်...

**''ထွက်ရပ် အောင်မြေ ပြည်တော်ဝင်''** ပူဇော်ပွဲဆိုပြီး နှစ်စဉ် တော်သလင်း လပြည့်ကျော် (၂)ရက်နေ့မှာ မြန်မာနိုင်ငံအရပ်ရပ်မှ များစွာသော ပရိသတ်တွေက ပုပ္ပါးတောင်ကလပ်ကို လာရောက်ပြီး (၁၀၈)ဖီးပွဲများနဲ့ အဘဘိုးမင်းခေါင်ကို ပူဇော်ကန်တော့ကြတယ်။ အဓိဋ္ဌာန်တွေ ဝင်ကြတယ်။

၁၃၆၄ ခုနှစ် တော်သလင်းလပြည့်ကျော် (၂)ရက်နေ့ဟာ အဘရဲ့ အနှစ် (၅၀)မြောက် ရွှေရတုနှစ်ဖြစ်တယ်'

**ကျွန်ုပ်** ။ ။ 'အဘရဲ့ သက်ရှိထင်ရှား ရှိစဉ်က သုံးဆောင်ခဲ့တဲ့ ပစ္စည်းတွေရော ခုချိန်မှာ ရှိသေးလား။ ရှိခဲ့ရင် အဘ ပစ္စည်းတွေရှိတဲ့ နေရာကို ပြောပြပေးပါ'

**ဘဘမင်း** ။ ။ 'အဘ အောင်မင်းခေါင် သက်ရှိထင်ရှား ရှိစဉ်က သုံးစွဲခဲ့တဲ့ အဘ ထမင်းစားတဲ့ တိုက်ခွက်နန်းကန်၊ ရေနွေးကရား၊ တိုက်ပုံအင်္ကျီနဲ့ အဘရဲ့ ဆံပင် စတာတွေကို တောင်ကလပ်အခြေမှာ နေထိုင်တဲ့ အဘ



ဦးစံဖေ နေအိမ်မှာ ထိန်းသိမ်းစောင့်ရှောက်ထားတယ်ကွယ့်။

တချို့ ပုပ္ပါးတောင်ကလပ်ကို မကြာခဏ ရောက်လာပြီး အဘရဲ့ ပစ္စည်းတွေရှိတဲ့ ဦးစံဖေအိမ်ကို မရောက်ကြဘူး။

ဦးစံဖေကလဲ လူတွေကို လိုက်ပြီး ''အဘရဲ့ ပစ္စည်းတွေ၊ ဆံပင်တွေ၊ သွားတော်တွေ''ကျုပ်ဆီမှာ ရှိတယ်ဆိုပြီး မကြော်ငြာဘူး။ အဘဘိုးမင်းခေါင်နဲ့ ပဋ္ဌာန်းဆက်ရှိတဲ့ လူဆိုရင် ရောက်လာလိမ့်မယ်ဆိုပြီး အဓိဋ္ဌာန်လုပ်ထားတယ်ကွယ့်'

ဟု ဘဘမင်းမှ ကျွန်ုပ်အား အဘ အောင်မင်းခေါင်နှင့် ပတ်သက်သည်များကို မိန့်ကြားခဲ့လေသည်။

## [ ၁၄ ]

ကျွန်ုပ်သည် ပုပ္ပါးတောင်ကလပ်၏ အရှေ့မြောက်၊ ရွှေခေါင်းလောင်းစေတီ၏ ဘဘမင်း တရားကျင့်သော လိုဏ်ဂူထဲတွင် ကျွန်ုပ်မှ အဘအောင်မင်းခေါင်နှင့် ပတ်သက်သော သိလိုသည်များကို မေးခဲ့၏။ ဘဘမင်းမှ သေချာစွာ စိတ်ရှည်လက်ရှည် ပြောပြပေးခဲ့၏။

ဤသို့ဖြင့် ကျွန်ုပ်သည် တောင်ကလပ်၌ အဓိဋ္ဌာန်(၉)ရက် ပြည့်ခဲ့ပြီဖြစ်၏။ ကျွန်ုပ် စတင်အဓိဋ္ဌာန်ဝင်သောရက်မှာ မြန်မာလဆန်း (၇)ရက်ဖြစ်၍ (၉)ရက် ပြည့်သောနေ့မှာ လပြည့်နေ့ ဖြစ်၏။

ကျွန်ုပ်လည်း ဘဘမင်းအား မနက်ဖြန်တွင် (၉)ရက် ပြည့်ပြီဖြစ်ကြောင်း ပြောရာ ဘဘမင်းမှ...

'လူလေးကို သိသင့်သိထိုက်တာတွေကို ပြောပြပြီးပြီ။ လိုအပ်တဲ့ ပညာတွေကိုလဲ သင်ပေးပြီးပြီ။ အဲဒီတော့ လပြည့်ကျော် (၁)ရက်နေ့ မနက်စောစော ပုပ္ပါးက ထွက်ပေတော့'

ဟု ပြောလေ၏။

ကျွန်ုပ်မှ ဘဘမင်းအား...

'ပုပ္ပါးက ထွက်ဆိုတော့ ကျွန်တော်က ဘယ်သွားရမှာလဲ အဘိုး၊ သေသေချာချာလဲ လမ်းညွှန်ပေးပါဦး'

ဟု ပြောလိုက်၏။

ထိုအခါ ဘဘမင်းမှ...

'လူလေး ပုပ္ပါးပြီးရင် ပြည်ရွှေဆံတော်ဘုရားမှာ အဓိဋ္ဌာန် (၉)ရက် ဆက်ဝင်ရမယ်။ ရွှေဆံတော်ဘုရား ရောက်တဲ့အခါမှာ လူလေးကို ညွှန်ကြားပြသပေးမယ့် ပုဂ္ဂိုလ်တစ်ဦး ရောက်လာလိမ့်မယ်။ အဲဒီ ပုဂ္ဂိုလ်ခိုင်းတဲ့ အတိုင်း စနစ်တကျ လုပ်ဆောင်ကျင့်ကြံအားထုတ်ပေတော့'

ဟု ဘဘမင်းမှ ကျွန်ုပ်အား မှာကြားလိုက်လေတော့သည်။

ထို့ကြောင့် ကျွန်ုပ်သည် လပြည့်ကျော် (၁)ရက်နေ့ နံနက်စောစောတွင် ဖိုးသူတော်ကြီးအား နှုတ်ဆက်ကာ ကျွန်ုပ်တစ်ဦးတည်း ပုပ္ပါးတောင်ကလပ်မှ ကျောက်ပန်းတောင်း၊ ကျောက်ပန်းတောင်းမှ ကျွန်ုပ် အဓိဋ္ဌာန်ဝင်ရမည့် လေးဆူဓာတ်ပျော် ရွှေဆံတော်ဘုရားတည်ရှိရာ သရေခေတ္တရာ ပြည်မြို့သို့ ဦးတည် ထွက်ခွာလာခဲ့လေတော့သတည်း။

ပိုင်ဘုန်းကျော်



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ (၁)ရက်မှ (၃၀)ရက်နေ့အထိ
ခုနစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာရောင်ခြည်

## တနင်္ဂနွေ

**စီးပွားရေး** ။ ရွှေအရောင်းအဝယ်တွင် သတိထားလုပ်ကိုင်ပါ။ အမှားအယွင်းရှိတတ်သည်။ အစုရှယ်ယာဝင်များနှင့် သဘောထား ကွဲရတတ်သည်။ ငွေကြေးကတော့ အဆင်ပြေမည်။ လောင်ကုန်များ အကျိုးအမြတ်ရမည်။
**ဝန်ထမ်းရေးရာ** ။ မိတ်ဆွေများ လုပ်ဖော်ကိုင်ဖက်များ၏ အကူအညီကြောင့် အလုပ်များ အောင်မြင်ပြီးစီးမည်။ ရာထူးတိုး၊ အဆင့်တိုးမည့် စာရင်းထဲပါသွားပါပြီ။
**အိမ်တွင်းရေး** ။ အိမ်ထောင်ဖက်နှင့် စကားပြော အဆင်မပြေ ဖြစ်ရတတ်သည်။ သားသမီးတို့၏ မသိတတ်သော စိတ်ရိုင်းဝင်၍ မိဘတို့ ရင်နာရသည်။
**အချစ်ရေး** ။ အချစ်ရေး အဆင်ပြေနေရာမှ ကြားလူ၏ သွေးထိုးမှုကြောင့် အဆင်မပြေ ဖြစ်ရတတ်သည်။ မိမိက သစ္စာတရားကို စွဲကိုင်ထားပါ။ အမှန်တရားဘက်က အနိုင်ရပါလိမ့်မည်။
**ပညာရေး** ။ ပညာရေးကို ကြိုးစားလေ့ကျင့်မှ ရမည်။ အချစ်ရေးကြောင့် ပညာရေးကို ထိခိုက်ရတတ်သည်။ ဘဝတစ်သက်တာအတွက်ဖြစ်၍ ပညာရေးတွင် ပို၍ ကြိုးစားပါ။
**ကျန်းမာရေး** ။ ခေါင်းမူးခေါင်းကိုက် အပယိက ဝေဒနာမှအပ ကျန်ရောဂါကြီးများ ဆိုးဆိုးဝါးဝါး မဖြစ်နိုင်ပါ။ ကိုယ်ရောစိတ်ပါ အနားယူပေးပါ။
**ဆောင်ရန်ရက်များ** ။ ၁၊ ၃၊ ၅၊ ၈၊ ၁၁၊ ၁၄၊ ၁၆၊ ၁၉၊ ၂၃၊ ၂၆၊ ၂၉။
**ရှောင်ရန်ရက်များ** ။ ၂၊ ၄၊ ၆၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၄၊ ၂၇၊ ၃၀။
**ထီထိုးရန်ရက်များ** ။ ၃၊ ၅၊ ၇၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၂၊ ၂၅၊ ၂၈။
**ထီထိုးရန်ဂဏန်းများ** ။ ၁၊ ၅၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ** ။ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းသို့ ဆန်၊ ဆီ၊ ဆေး ဆား တတ်နိုင်သမျှ လှူဒါန်းပါ။

## တနင်္လာ

**စီးပွားရေး** ။ စီးပွားရေးလုပ်ငန်းများ အောင်မြင်တိုးတက်မည်။ လူမျိုးခြားများ၏ အကူအညီကို ရရှိမည်။ အစုရှယ်ယာသစ်များ ဝင်လာလိမ့်မည်။ အလှကုန်များ၊ အမျိုးသမီး အသုံးအဆောင်ပစ္စည်းများ ရောင်းအားကောင်းမည်။
**ဝန်ထမ်းရေးရာ** ။ စာရင်းအင်းများကို စနစ်တကျ ထားရှိပါ။ ငွေသွင်းငွေထုတ်များတွင် အထူးသတိထား လုပ်ကိုင်ပါ။
**အိမ်တွင်းရေး** ။ မိသားတစ်စုလုံး စိတ်ချမ်းသာမည်။ သားသမီးများအတွက် ငွေကုန်ကြေးကျ များမည်။
**အချစ်ရေး** ။ ကြားလူဖျက်၍ ပျက်ရတတ်သည်။ မိမိ၏ သစ္စာတရားကို မပျက်ပါစေနှင့်။ အမှန်တရား ပေါ်ပေါက်လာမည်။
**ပညာရေး** ။ ပညာရေးအခြေအနေ ကောင်းပါသည်။ ကံဇာတာတက်နိုက် ဖို၍ကြိုးစားလိုက်ပါ။ သင်လိုရာပညာကို သင်ပါ။
**ကျန်းမာရေး** ။ ခြေဆစ်လက်ဆစ်များ နာကျင်ကိုက်ခဲတတ်သည်။ ရေချိုးလျှင် ရေနွေးစပ်၍ ချိုးပေးပါ။
**ဆောင်ရန်ရက်များ** ။ ၂၊ ၅၊ ၇၊ ၁၂၊ ၁၆၊ ၂၀၊ ၂၂၊ ၂၅၊ ၂၇၊ ၂၉။
**ရှောင်ရန်ရက်များ** ။ ၃၊ ၆၊ ၈၊ ၁၃၊ ၁၇၊ ၂၁၊ ၂၃၊ ၂၆၊ ၂၈၊ ၃၀။
**ထီထိုးရန်ရက်များ** ။ ၄၊ ၇၊ ၉၊ ၁၀၊ ၁၁၊ ၁၄၊ ၁၅၊ ၁၈၊ ၁၉၊ ၂၄၊ ၂၇၊ ၃၁။
**ထီထိုးရန်ဂဏန်းများ** ။ ၂၊ ၅၊ ၇၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ** ။ မွေးနေ့မှာ ငါးပေါက်(၁၅)ကောင် ရေရှင်မှာ လွှတ်ပေးပါ။ ငါးအဆင်မပြေလျှင် စာကလေး ငါးကောင်လွှတ်ပေးပါ။

## အင်္ဂါ






**စီးပွားရေး** ။ ငွေရေးကြေးရေး အခြေအနေကောင်း... ရင်းနှီးမြှုပ်နှံထားသောလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်... စီးပွားရေးနှင့် ပတ်သက်၍ နိုင်ငံခြားသားများ၏ အဆ... အသွယ်ကို ရရှိမည်။
**ဝန်ထမ်းရေးရာ** ။ မိမိ၏ လုပ်ရည်ကိုင်ရည်ကြောင့် ချီး... ခံရမည်။လုပ်ငန်းတာဝန်သစ်များ ထပ်မံပေးလိမ့်မည်။
**အိမ်တွင်းရေး** ။ ဆွေမျိုးများကြောင့် ကုန်ကျစရိတ်... လိမ့်မည်။ အိမ်ထောင်ဖက်နှင့် စကားပြောဆိုရလိမ့်... သည်းခံပါ။
**အချစ်ရေး** ။ အဆင့်အတန်းမြင့်သော၊ ငွေကြေးပြည့်စုံသော... သူနှင့် တွေ့ဆုံရလိမ့်မည်။ လက်ထပ်လိုသူများ လက်ထ... ထိမ်းမြားနိုင်သောကာလ ဖြစ်သည်။
**ပညာရေး** ။ ပညာရေးတွင် အချစ်ရေးကိစ္စ ဝင်ရော... နှောင့်ယှက်တတ်သည်။ ပညာရေးကို ဦးစားပေးပါ။
**ကျန်းမာရေး** ။ အအေးမိသောရောဂါ ရုတ်တရက်ဖြစ်တတ်၍ ညဘ... တွင် ရေမချိုးပါနှင့်။ နွေးထွေးအောင်နေပါ။
**ဆောင်ရန်ရက်များ** ။ ၂၊ ၆၊ ၇၊ ၁၂၊ ၁၆၊ ၁၈၊ ၂၂၊ ၂၄၊ ၂...
**ရှောင်ရန်ရက်များ** ။ ၃၊ ၈၊ ၁၃၊ ၁၇၊ ၁၉၊ ၂၃၊ ၂၅၊ ၂၇၊ ၃၀...
**ထီထိုးရန်ရက်များ** ။ ၄၊ ၅၊ ၉၊ ၁၀၊ ၁၁၊ ၁၄၊ ၁၅၊ ၁၈၊ ၂၀၊ ၂... ၂၆၊ ၂၉။
**ထီထိုးရန်ဂဏန်းများ** ။ ၂၊ ၆၊ ၇၊ ၉ ဂဏန်းများများပါအော... ရွေးချယ်ပါ။
**အဆောင်ယတြာ** ။ ဘုရားတွင် ထီးအနက်(၈)လက် လှူပေးပါ။ ရှားမီး... ထွန်းညှိပူဇော်ပါ။

## ဗုဒ္ဓဟူး

**စီးပွားရေး** ။ အပြိုင်အဆိုင်လုပ်ငန်းများ ရှိနေ၍ ပို၍ ကြိုးစားရ... ငွေရေးကြေးရေးပြဿနာ ပေါ်ပေါက်သော်လည်း ပြဿနာကြီး... မားမား မဖြစ်ပါ။ အလှကုန်ပစ္စည်းများ အရောင်းအဝယ်ကောင်း...
**ဝန်ထမ်းရေးရာ** ။ မိမိတာဝန်ယူသည့် လုပ်ငန်းများ အောင်မြင်... မှုကြောင့် မိမိ၏ ဂုဏ်သိက္ခာ ပိုမိုမြင့်မားလာမည်။ နိုင်ငံခြားသွား... ရှိနေသည်။
**အိမ်တွင်းရေး** ။ မိသားတစ်စုလုံး ဘုရားဖူးခရီး(ဝါ) အပျော်ခရီးထွ... ကိန်းရှိသည်။ နှစ်ဖက်ဆွေမျိုးများကလည်း ကူညီစောင့်ရှောက်လိမ့်...
**အချစ်ရေး** ။ ချစ်သူက အထင်အမြင် လွဲတတ်၍ အသွားအ... အနေအထိုင်၊ ဆက်ဆံရေးများ ဆင်ခြင်ပါ။ အသက်ငယ်သူမျ... ပရောပရည်မနေပါနှင့်။
**ပညာရေး** ။ ကြိုးစားသည်ထက် ပို၍ အောင်မြင်မည့်ကာလ... မသင်ယူဖူးသော အသိပညာ၊ အတတ်ပညာများကို သင်ယူ...
**ကျန်းမာရေး** ။ အအေးမိ၊ နှာစေးသော အပယိကဝေဒနာများ ဖြစ်... သည်။ အအေး မခံပါနှင့်။



www.burmeseclassic.com

www.burmeseclassic.com







**ဆောင်ရန်ရက်များ** ။ ၁၊ ၄၊ ၈၊ ၁၂၊ ၁၄၊ ၁၈၊ ၂၁၊ ၂၄၊ ၂၇၊ ၂၉၊ ၃၁။

**ရှောင်ရန်ရက်များ** ။ ၂၊ ၅၊ ၉၊ ၁၃၊ ၁၅၊ ၁၉၊ ၂၂၊ ၂၅၊ ၂၈။

**ထီထိုးရန်ရက်များ** ။ ၃၊ ၆၊ ၇၊ ၁၀၊ ၁၁၊ ၁၄၊ ၁၆၊ ၁၇၊ ၂၀၊ ၂၃၊ ၂၆၊ ၂၈။

**ထီထိုးရန်ဂဏန်းများ** ။ ၁၊ ၄၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေး ချယ်ပါ။

**အဆောင်ယတြာ** ။ မေပြိုပန်း (၄)ပွင့် (သို့မဟုတ်) စံပယ်ကုံး(၄)ကုံး ဘုရား တင်ပါ။ အလင်းတိုင် (၁၇)တိုင်၊ အမွှေးတိုင်(၁၇)တိုင် ထွန်းညှိပူဇော် ပါ။

## ကြာသပတေး

**စီးပွားရေး** ။ လုပ်ငန်းတွင် ပြဿနာပေါ်တတ်သည်။ မစိုးရိမ်ပါနှင့်။ ကူညီဖြေရှင်းပေးမည့်သူ ပေါ်လာမည်။ မမျှော်လင့်သော၊ ရှုံးပြီဟု ယူဆသော လုပ်ငန်းများမှ ငွေပြန်ဝင်မည်။ အစုစပ်အသစ်များ ရရှိမည်။

**ဝန်ထမ်းရေးရာ** ။ အထက်လူကြီးများ၏ ကူညီမှုကြောင့် ရာထူးတိုးလိမ့်မည်။

**အိမ်တွင်းရေး** ။ အိမ်ထောင်ဖက်နှင့် စကားပြော အဆင်မပြေ ဖြစ်ရတတ်သည်။ အလျှော့ပေးလိုက်ပါ။ သားသမီးများကြောင့် ငွေကြေး အခက်အခဲ တွေ့ရတတ်သည်။

**အချစ်ရေး** ။ ချစ်သူရွေးမယ် ချစ်ဝဲလည်ကာလ ဖြစ်နေသည်။ ပိတောက်ဆို ပိတောက်၊ တစ်ယောက်ဆိုတစ်ယောက် ချစ်မြတ်နိုးပါ။

**ပညာရေး** ။ နိုင်ငံခြားတွင် ပညာသင်ကြားလိုပါက ကြိုးစားပါ။ သွားရကိန်းရှိနေသည်။

**ကျန်းမာရေး** ။ လေရောဂါ ဖြစ်တတ်၍ လေပွစာများကို မစားပါနှင့်။ အအေးမခံပါနှင့်။ ညဘက် ရေမချိုးပါနှင့်။

**ဆောင်ရန်ရက်များ** ။ ၁၊ ၃၊ ၅၊ ၈၊ ၁၁၊ ၁၅၊ ၁၇၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၂၊ ၄၊ ၆၊ ၉၊ ၁၂၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၁၆၊ ၂၉။

**ထီထိုးရန်ရက်များ** ။ ၁၊ ၅၊ ၇၊ ၁၀၊ ၁၃၊ ၁၄၊ ၁၇၊ ၁၉၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀။

**ထီထိုးရန်ဂဏန်းများ** ။ ၁၊ ၃၊ ၅၊ ၇ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ဗိုဒ်ဒိဗ်ရှိဘုရားတွင် ဆီမီး(၅)ခွက်၊ ကုံကော်ညွန့်(၁၅)ညွန့်၊ ငစ်သီး(၅)လုံး မကြာခဏ ကပ်လှူပူဇော်ပေးပါ။

## သောကြာ

**စီးပွားရေး** ။ လုပ်ငန်းများကောင်းမည်။ နိုင်ငံခြားသားများနှင့် ပူးတွဲလုပ်ကိုင်ရလိမ့်မည်။ အကျိုးအမြတ်များမည်။ အမျိုးသမီး အသုံးအဆောင်များ၊ အလှကုန်များ အသင့်ချုပ်ပြီးသား အဝတ်အထည်များ အရောင်းအဝယ်ကောင်းမည်။

**ဝန်ထမ်းရေးရာ** ။ အလုပ်အကိုင်တိုးတက်ကောင်းမွန်မည်။ အတွန်း အတိုက်လုပ်မည့် မနာလိုသူများ ရှိနေသည်။

**အိမ်တွင်းရေး** ။ အိမ်ထောင်ဖက်၏ ကျန်းမာရေးကြောင့် ငွေကုန်ကြေးကျများမည်။ ကျန်းမာရေးကို ဂရုစိုက်ပါ။

**အချစ်ရေး** ။ ချစ်သူ၏ အထင်လွဲမှုကို ခံရတတ်သည်။ မိမိ၏ သစ္စာရှိမှုကို သက်သေပြပါ။

**ပညာရေး** ။ ပြည်တွင်းရှိ အဆင့်မြင့်ကျောင်းများတွင် တက်ရောက်သင်ကြားနိုင်သည်။ မကျေနပ်သေးလျှင် နိုင်ငံခြားတွင် သွားရောက် ပညာသင်ယူနိုင်သည်။

**ကျန်းမာရေး** ။ ရင်ဘတ်အောင့်ခြင်း၊ ရင်ဘတ်နာခြင်းတို့ ဖြစ်တတ်သည်။ ဝမ်းရင် ဥပဒ်ပေးတတ်သည်။

**ဆောင်ရန်ရက်များ** ။ ၁၊ ၄၊ ၇၊ ၁၀၊ ၁၄၊ ၁၇၊ ၂၀၊ ၂၃၊ ၂၆၊ ၂၉။

**ရှောင်ရန်ရက်များ** ။ ၂၊ ၅၊ ၈၊ ၁၁၊ ၁၅၊ ၁၈၊ ၂၁၊ ၂၄၊ ၂၇၊ ၃၀။

**ထီထိုးရန်ရက်များ** ။ ၃၊ ၆၊ ၉၊ ၁၂၊ ၁၃၊ ၁၆၊ ၁၉၊ ၂၂၊ ၂၅၊ ၂၈။

**ထီထိုးရန်ဂဏန်းများ** ။ ၁၊ ၄၊ ၆၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ အတော်အသင့်ရှိသော ဝါးတစ်လုံးကို မိမိအရပ်နှင့် တိုင်း၍ ဖြတ်ပါ။ မိမိအရပ်အရှည်အတိုင်း ဝါးခြမ်းကို (၂၁)ချောင်း စိတ်ပါ။ (၇)ချောင်းကို တစ်ဝက်စီ ဖြတ်ပါ။ အရှည်(၁၄)ချောင်း၊ အတို(၁၄)ချောင်းရမည်။ ဝါးကပ်ပုံသဏ္ဌာန် ယက်၍ ရှုံ့ဖွက်ရှိသော လူသွားလမ်းတွင် ချထားပေးပါ။

## စနေ

**စီးပွားရေး** ။ အပြိုင်အဆိုင်တွေ များလာမည်။ ကိုယ့်အလုပ်ကိုယ်လုပ်ပါ။ တရားသော ယှဉ်ပြိုင်ခြင်းဖြင့် အနိုင်ရအောင် ကြိုးစားပါ။ ယာဉ်ကား လုပ်ငန်းများ ပြန်လည်ကောင်းမွန်လာမည်။ အကျိုးအမြတ်များမည်။

**ဝန်ထမ်းရေးရာ** ။ ပြဿနာရှိက ရဲရဲဝံ့ဝံ့ ရင်ဆိုင်ဖြေရှင်းပါ။ ပြဿနာရှင်းပြီးသွားလျှင် ရာထူးပါ တိုးတက်လိမ့်မည်။

**အိမ်တွင်းရေး** ။ သားသမီးများ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ဝန်ထမ်းလုပ်ငန်းများ ကောင်းမွန်တိုးတက်မှုရှိ၍ မိဘများ စိတ်ချမ်းသာကြည်နူးရမည်။

**အချစ်ရေး** ။ ကျောင်းနေဖက်၊ လုပ်ငန်း လုပ်ဖော်ကိုင်ဖက်ထဲက ချစ်သူတွေ့ရတတ်သည်။ ချစ်သူမရှိသေးသူများ ချစ်သူတွေ့တာ ကောင်းပါသည်။

**ပညာရေး** ။ စိတ်မလေပါနှင့်။ ပညာရေးတွင် စိတ်နှစ်ထားလိုက်ပါ။ ပညာရေးကောင်းမှ ဘဝ၏ ရည်မှန်းချက်များ အောင်မြင်မည်ဖြစ်သည်။

**ကျန်းမာရေး** ။ သွေးနှင့် ပတ်သက်သောရောဂါများ ဖြစ်တတ်သည်။ အငန်လျှော့စားပါ။ စိတ်ရောကိုယ်ပါ အနားယူပေးပါ။

**ဆောင်ရန်ရက်များ** ။ ၃၊ ၅၊ ၈၊ ၁၁၊ ၁၅၊ ၁၇၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၄၊ ၆၊ ၉၊ ၁၂၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉။

**ထီထိုးရန်ရက်များ** ။ ၂၊ ၅၊ ၇၊ ၁၀၊ ၁၃၊ ၁၄၊ ၁၇၊ ၁၉၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀။

**ထီထိုးရန်ဂဏန်းများ** ။ ၁၊ ၃၊ ၄၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ရဟန်းသံဃာတို့အား ဆေးဝါး(တတ်နိုင်သမျှ) လှူဒါန်းပါ။

*ကျန်းမာ ချမ်းသာကြပါစေ။*

ဆရာ ရောင်ခြည်




www.burmeseclassic.com

www.burmeseclassic.com

# နံနက်ဦး မင်္ဂလာ

ငေါ်ချက်ဂါထာ



**'ငေါ်ချက် စီးပွားတက်'**ဟု သိခဲ့ဖူးသည်မှာ ကြာပြီဖြစ်ပါသည်။ သို့သော် မည်သို့မည်ပုံ ရွတ်ပွားရမည်ကို ဂဃနဏ မသိခဲ့သည်ကို ဝန်ခံလိုပါသည်။

စာရေးသူ ကြည်ညိုကိုးကွယ်သော ဆရာတော်တစ်ပါး ဖြစ်သည့် ဦးဝိစိတ္တထံ မေးလျှောက်သောအခါ ဆရာတော်မှ မိန့်တော်မူလိုက်သည်မှာ အောက်ပါအတိုင်းဖြစ်၍ စာစီပြုရေးခြယ် တင်ပြပါသည်။

'ဒီလိုရှိတယ် ဒကာကြီးရဲ့ ငေါ်ချက်ဂါထာဟာ ဘယ်အချိန်မှာမှ ရွတ်ရမယ်၊ ဘယ်အချိန် မရွတ်ရဘူးလို့ သတ်မှတ်ချက် မရှိပါဘူး။ အချိန်မရွေး အခါမရွေး နေရာဒေသမရွေး ရွတ်ပွားနိုင်ပါတယ်။

သို့ပေမယ့် ဘုန်းကြီးလမ်းညွှန်ဖူးတဲ့ ဒကာတွေရဲ့ ပြန်ကြားလျှောက်ထားချက်တွေကတော့ နေ့စဉ်နံနက်စော နံနက်ဦးမှာ မင်္ဂလာဦး မင်္ဂလာယူတဲ့ အနေနဲ့ ရွတ်ပွားတာ ပိုပြီးအကျိုးထူးတယ်လို့ ဆိုကြတယ်။

ပထမဦးစွာ မိမိနေအိမ်ရှေ့ မျက်နှာစာအဝင်တံခါးမကြီးကိုဖွင့်တော့ လုပ်တော့မယ်ဆိုရင် ငေါ်ချက်ဂါထာကို သုံးခေါက်ရွတ်ဆိုရင်း အသာအယာ မင်္ဂလာရှိစွာ ဖွင့်ရလုပ်ရမယ်။ ဝုန်းကျိုင်းနဲ့ အကြမ်းပတမ်း မဖွင့်ရ မလုပ်ရဘူး။

အဲဒီလို အိမ်ရှေ့အဝင်တံခါးမကြီး ဖွင့်ပြီးမှ မိမိနေအိမ် မိသားစုဦးရေ ခေါင်းပြုအိပ်ရာခေါင်းရင်းပြတင်းတံခါးပေါက်တွေ အားလုံးကို ငေါ်ချက်ဂါထာသုံးခေါက်စီ ရွတ်ပွားရင်း အသာအယာဖွင့် တံခါးချိတ်များ ချိတ်ထားရမယ်။

အဲဒီလို တံခါးတိုင်းကို ငေါ်ချက်ဂါထာ ရွတ်ပွားလုပ်ပြီးရင် ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ တံပူသွားတိုက်တံ ဆက်ကပ်၊ နောက် သောက်တော်ရေချမ်း၊ ပန်း၊ ဆီမီး၊ အလင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိပူဇော်ရမယ်။

ဒီတော့ ဒကာကြီး စဉ်းစားကြည့်လေ။ အခု ပြုမူခဲ့တာတွေတင်ပဲ အလွန် မင်္ဂလာရှိပြီး မင်္ဂလာပြည့်ဝနေပြီ မဟုတ်လား။ စိတ်မှာ ကြည်လင်ပြီး အေးချမ်းသာယာမနေဘူးလားဆိုတော့ အဲဒီမင်္ဂလာပြည့်ဝအေးချမ်း[...] အိမ်မှာ အိမ်စောင့်နတ်၊ ထိုင်းစောင့်န[...] အိမ်သူအိမ်သားတွေရဲ့ ကိုယ်စောင့်နတ်[...] ကပါ ကောင်းချီးပေးကြပြီပေါ့။

ဒီတော့ လာဘ်ပွင့်၊ ကံမြင့်၊ လာဘ်[...] ငွေဝင် စီးပွားခွင်တွေ ကောင်းပြီပေါ့ကွ[...] မင်္ဂလာရှိရာ မင်္ဂလာစုပြီး တစ်ဆင့်ထ[...] တစ်ဆင့် မြင့်တက်ရပြီပေါ့။

ဒါကြောင့် ဘုန်းကြီးကတော့ ငေါ်ချက်ဂါ[...] ကို နံနက်ဦး အစောမှာ အိမ်တံခါး[...] ဖွင့်ရင် ရွတ်ပါလို့ပဲ မိန့်ကြားချင်ပါတ[...] ဒကာကြီး'

ဆရာတော်အရှင် ဝိစိတ္တ မိန့်ကြာ[...] သည့်အတိုင်း မူရင်းမပျက် ရေးသာ[...] တင်ဆက်ပါသည်။ ငေါ်ချက်ဂါထာမှာ[...] လူတိုင်း သိပြီးဖြစ်သော်လည်း ကွဲ[...] ချက် ရှိနိုင်ပါသည်။

စာရေးသူ ရွတ်ပွားသော ငေါ်ချ[...] ဂါထာမှာ အောက်ပါအတိုင်း ဖြစ်[...] သည်။

ဖေဟိ ဝိတ္တုံ၊
ဖေဟိ ဓနံ၊
ဖေဟိ လာဘံ၊
ဖေဟိ သုခံ၊
ဖေဟိ ဇေယျသုခံမင်္ဂလံ။

ကွဲလွဲချက်ရှိလျှင် **ပိုမိုသော ဗဟု[...] သုတရှိလျှင် ဆက်လက်တင်ပြပေ[...] ကြပါရန်** မေတ္တာရပ်ခံအပ်ပါသည်။

***တိုးတက် ကြီးပွားကြပါစေ။***

**အောင်အိုး(နတ်မောက်)**



www.burmeseclassic.com

www.burmeseclassic.com



# သံပိုဟောင်းက အမေညို (၁)

ရွှေတောင် ကြည်မောင်ဘား

၁၉၇၄ ခုနှစ်၊ မတ်လ နောက်ဆုံးပတ်မှာ မောင်ဖိုးဟာန် မူလတန်းဆရာဖြစ်သင်တန်း စာမေးပွဲ ဖြေပြီးသွားတယ်။ သဲကုန်းဆရာအတတ်သင်ကနေ တရုတ်မော်ကို ပြန်ရောက်တော့နေရထိုင်ရတာ တစ်မျိုးကြီး အံမဝင်ခွင်မကျ ဝွကျကျ ကြောင်တောင်တောင်။

မနက်နိုးစအချိန်ကစပြီး မျက်စိတစ်လုံးမှိတ် အိပ်ရာဝင်တဲ့အထိ သင်တန်းပုံစံကြီးက တစ်ချီတစ်ချီ ဝင်ဝင်လာတယ်။ ဖျောက်ဖျက်မရ၊ မေ့မရ တစ်သက်တာရဲ့ တစ်ကွေ့တစ်ဘဝ၊ သင်တန်းကာလ။

နောက်တော့လဲ အရင်လိုဘဝနေသားကျ။ အပေါ့သုခံ ချမ်းသာစွ။

နွေရာသီ ကျောင်းပိတ်ရက် ဘကြီးဦးတက်တိုးအိမ်မှာ စတည်းချ။ တစ်နှစ်တာ ကွဲကွာနေသမျှ အတိုးချ။ အင်္ဂလိပ်စကားဝိုင်းလေးဖန်တီး၊ စကားတွေဖောက်သည်ချ၊ အမြည်းတွေ နှိုက်နှိုက်စားလိုက်ကြ၊ ရေနွေးဓာတ်ဘူးတစ်လုံးပြီးတစ်လုံး ခန့်ခွဲဆင်ထိုးလိုက်ကြ။

ဘကြီးဦးတက်တိုးရဲ့သမီး ဒေါ်ခင်တင့်မှာတော့ မီးဖိုချောင်ထဲက မထွက်ရ ရေနွေး တစ်အိုးပြီး တစ်အိုးတည်၊ အမြည်း အမည်မည်လုပ်ပေး။ အေးအေးဆေးဆေး မနေရ မောင်ဖိုးဟာန်တို့ပေးတဲ့ ဒုက္ခ။

စကားဝိုင်းမှာ သူကလဲပြော၊ ကိုယ်ကလဲပြော၊ စကားတွေ [illegible]

www.burmeseclassic.com

အနှောနှော။ လုလုပြီးတော့လဲပြော။ တဝေါဝေါနဲ့ ပွဲတွေကျ။ ရယ်လိုက်ကြ၊ မောလိုက်ကြ နေ့ရှိသမျှ။

ဧပြီလရဲ့ နောက်ဆုံးပတ် ရက်တစ်ရက် မမှတ်မိတဲ့ရက်။ ရယ်ရယ်မောမော ပြောပြောဆိုဆို စကားဝိုင်းလေး စိုပြည်နေတုန်း။

ဖြုန်းဆို ဦးစိန်တိုးတစ်ယောက် ပေါက်ချလာတယ်။ အဖော်မပါ တစ်ကိုယ်တည်း အဲဒီတုန်းကတော့ သူ လူပျိုကြီး။ ဘကြီး ဦးတက်တိုးရဲ့ ညီအငယ်ဆုံး ညောင်စာရေးမှာ နေတဲ့သူ။

သူလာတာက တောင်ဘက်က၊ မြောက်ဘက်မှာက ညောင်စာရေး တွေးမရတာကတော့ သူ ဘယ်ကလာ၊ ညောင်စာရေးက မဟုတ်တာကတော့ ဖြင့် အသေအချာ။

တရုတ်မော်နဲ့ ညောင်စာရေးက (၈)မိုင် ပျော့ပျော့တော့ဝေးမယ်။

နွေရာသီမှာ ရေကြောင်းကနေ လှေလောင်းနဲ့ သွားလို့မရဘူး။ မိုးရာသီမှာတော့ ရွာခြေရင်းက လှေဆိပ်။ ညောင်စာရေးနယ်နိမိတ်။

ဒါကြောင့် အချိန်အခါမရွေး ကုန်းလမ်းခရီး ကြည်းကြောင်းကြိတ်ရတယ်။ လှည်းနဲ့၊ မြင်းနဲ့ ခြေကျင် တစ်လှည့်။

အခု သူ ခြေဦး လှည့်လာတာ တောင်အရပ်ဆိုတော့ မောင်ဖိုးဟန် တွေးရပြီ။

အိမ်အဝင်မှာ ကိုကြီးတိုး အပြုံးတွေဝေလို့။ မိတ်ဆွေတွေကိုလဲ တစ်ယောက်မကျန် နှုတ်ဆက်။ ဝတ်မပျက်။ သူ့အစ်ကိုကြီးကိုလဲ လက်စုံမိုးလို့ ရှိခိုးဦးချ။ ဘကြီးကလဲ ဆုတွေ ခြွေ။ မင်္ဂလာမြင်ကွင်းကလေး။ ဘဝင် အေးမြ ပီတိခါ။

ခဏနေတော့ ဘကြီး ဦးတက်တိုးက...

'မောင်စိန် မင်း ဘယ်က လှည့်လာတာလဲ'

'ကွေ့မက လာခဲ့တာ၊ အခါတွင်းက ကျွန်တော် သံဖိုတောင်မှာရှိတယ်။ ဆေးမြှူးတဲ့ပွဲလေ လူစုံတက်စုံ'

'ဒေါ်ညို နေကောင်းလား'

'လေးလေး နေကောင်းပါတယ်'

ဘကြီး ဦးတက်တိုး မေးလိုက်တာက **'ဒေါ်ညို'**။ ဦးစိန်တိုး ပြန်ဖြေတာက **'လေးလေး'**။ မောင်ဖိုးဟန် စိတ်ကို အလုပ်ပေးရပြီ။ တွေးရပြီ။

'လေးလေးကတောင် မှာလိုက်သေးတယ်။ အစ်ကိုကြီး ရောက်မလာတာကြာပြီ။ တစ်ခေါက်တစ်ခါ အရောက်လာပါဦးတဲ့'

'ဒေါ်ညိုနေတဲ့ သံဖိုတောင်ကိုရောက်ဖို့က လမ်းပန်းဆက်သွယ်ရေး ခက်ခဲတယ်။ တရုတ်မော်ကနေ ကွေ့မ အရောက် ခြေကျင်လျှောက်။ မလျှောက်ရင် လှည်းစီး။ တစ်ခါ ကွေ့မရောက်တော့ ကားစီး၊ ရေနံတောင်ပေါ် ရောက်တော့ ခြေကျင် ဆက်လျှောက်'

'ဘာဝေးလို့လဲ အစ်ကိုကြီးရဲ့'

'အသက်ကြီးတော့ ခရီးကဝေး'

'သွားချင်ရင် အနီးလေးပါဗျာ'

'ရောက်ပြန် နေ့ချင်းပြန် ဆိုရင်လဲ နေရတာက ခဏလေး၊ ညအိပ်မယ်ဆိုရင်လဲ နောက်တစ်နေ့မနက် ကားက မသေချာ။ ညနေသာ တိုင်ရော။ သွားရလာရ ခက်ခဲပြီး ကျပ်တည်းလှတယ်'

သွားစေချင်တဲ့ ညီနဲ့၊ မသွားနိုင်တဲ့ အစ်ကိုတို့ အပြန်အလှန် ပြောနေကြတဲ့ စကား မောင်ဖိုးဟန် သိချင်လိုက်ပါဘိ။ လေးလေးနဲ့ ဒေါ်ညို။

သိချင်စိတ်ကို အောင့်ထားရတယ်။

ဦးစိန်တိုး သူ့တူမ ဒေါ်ခင်တင့်ဆီ လှမ်းထွက်သွားတော့မှ မောင်ဖိုးဟန် ဘကြီးကို...

'ဘကြီး ဒေါ်ညိုဆိုတာ ဘယ်သူလဲ လေးလေးဆိုတာကရော'

'ဒေါ်ညိုဆိုတာ လေးလေး၊ လေး လေးဆိုတာ ဒေါ်ညို၊ သူ့မှာ အမျိုး တဲ့ နာမည်နှစ်လုံးရှိတယ်။ တစ်ခု ဒေါ်ညို၊ နောက်တစ်ခု လေးလေး'

'သံဖိုတောင်မှာ နေတာလား'

'အေး... ဟုတ်တယ်'

ဖိုးဟန် သံဖိုတောင်ကို သွားချင်ပြီ မြင်ဖူးတာလဲမဟုတ်၊ အမေညိုကို တွေ့ ချင်ပြီ။ ထစ်ခနဲဆို အီစကို မောင်ဖိုး ဟန်။

'ဘကြီး ဘယ်တော့ သွားမလဲ'

'မင်း လိုက်ချင်လို့လား'

'ဟုတ်ကဲ့'

'သွားဆို မြန်မြန်သွားမယ်ကွာ မေလထဲမှာ သွားမယ်'

ကျောင်းကြီးရပ်က ဦးအုန်းရွှေ သူ လိုက်မယ်တဲ့။ မာလာရပ်က ဦး အောင်ကလဲ လိုက်မယ်ဆိုပဲ။ သံဖို တောင်ခရီး။ ခရီးဖော်(၄)ယောက် မြိုင်မြိုင်ဆိုင်ဆိုင်။

သံဖိုတောင်ခရီးစဉ်ကို ဆွဲတယ် ချက်ချင်း ညှိညှိနှိုင်းနှိုင်း အချိန်မဆိုင်း

တရုတ်မော်ကနေ ကွေ့မကို ဖွတ် ချက်မော်တော်လေးနဲ့ လိုက်မယ် ကွေ့မကနေ ကားစီး၊ ရေနံမြေတောင် ထိပ်က ရဲကင်းစခန်း (၃)ပွင့်ဆိုင် လမ်းဆုံမှာ ဆင်းမယ်။

လမ်းဆုံကနေ လှမ်းမျှော်ကြည့်ရင် သံဖိုတောင်ကို မြင်နေရပြီ။ အနိမ့်ပိုင်း အရှေ့မြောက်ယွန်းယွန်း တောင်ဘက် ခပ်ကျကျ။ သစ်ပင်တွေ အုပ်ခဲ မှိုင်းညို့လို့ စိမ်းစိမ်းစို တောင် ချိန်းထားတဲ့ရက် သွားမယ့်နေ့မနက်



www.burmeseclassic.com

www.burmeseclassic.com

မှာ (၄)နာရီထိုး ဖိုးဟန်နိုးပြီ။ ဘုရားပုထိုးရှိခိုး၊ မေတ္တာပို့ အမျှဝေ၊ အာစိဏ္ဏကံအလုပ် အပတ်တကုတ် ကြိုးပမ်း အားထုတ်လို့အပြီး။



မောင်ဖိုးဟန် ခရီးနှင်ပြီ။ ဘကြီး ဦးတက်တိုးကို ဝင်ခေါ်တယ်။ အိပ်ရာကတောင် မနိုးသေး။ အိပ်ရာမထ ပြောချလိုက်တာက ဘကြီး မလိုက်တော့ဘူး။

မောင်ဖိုးဟန် မာန်မလျှော့။ ဦးအုန်းရွှေအိမ်ကို ဝင်ပြန်ရော။ ဘကြီးလိုပဲ သူလဲ။

တစ်ခါ ဦးဒိုးအောင်ဆီ ရောက်သွားပြန်တော့ ညကမှ အဖျားဝင် ခုပင်လှုပ် နေလို့မကောင်း အကြောင်းပေါ့လေတဲ့။

မောင်ဖိုးဟန် ကြံရာမရ စိတ်ညစ်လှပြီ။ ကြံခင်းမြို့ကို သွားမယ့် ဖွတ်ချက်ကလေးကိုလဲမမီ၊ ကွေ့မဆီကိုလဲ မမျှော်မှန်း။ အိမ်အပြန်လမ်း တန်းတန်းမတ်မတ် ပြန်လည်လျှောက်လှမ်း ခြေကုန်လက်ပန်း။

သာခွေယိုင် ခြေလှမ်းနဲ့ အိမ်အပြန်လမ်း မြန်းခဲ့တဲ့ မောင်ဖိုးဟန်ကို အဖေက အံ့သြကြီးစွာကြည့်တယ်။ မသွားဖြစ်ဘူးလားတဲ့။ ဖိုးဟန်က ခေါင်းညိတ်ပြလိုက်တယ်။

'စိတ်မပျက်ပါနဲ့ကွာ အဖေလိုက်ပို့မယ်'

တဲ့။

အဲဒီအချိန်မှာ ဖိုးဟန်အဖေ ဦးခင်မောင်က အသက်(၆၀)ကျော်ပြီ။ (၁)နှစ်၊ (၂)နှစ်တောင် စွန်းပြီထင်ပါရဲ့။ မောင်ဖိုးဟန် ဘယ်လိုပင် သွားချင်လှပေမယ့် အဖေ့ကိုတော့ ငဲ့ရပြီ။ အဖေအသက်ကြီးပြီ။ လူငယ်လူရွယ်မဟုတ်ပြီ။ အဖေသာ လိုက်ပို့ရင်...

သွားမယ့်ခရီးက ခြေကျင်(၂)တန်၊ ကား(၁)တန်။ (၂)တန်ခရီး နီးတာမဟုတ်။

ဖိုးဟန်က...

'မသွားတော့ပါဘူး အဖေရယ်'

လို့ ပြောတော့ အဖေက...

'ငါ့သား ယောကျ်ားဆိုတာ ပြောစကား တည်ရတယ်။ အရောက်သွားရမယ်။ ဆုံးဖြတ်တဲ့အတိုင်း တစ်သဝေမတိမ်း လုပ်ရတယ်။ နောက်မဆုတ်ရဘူး။ နောက်ဆုတ်ရင် မင်း သိချင်းရှိတယ်လေကွာ'

'မောင်မောင်... ယောကျ်ားမဟုတ်ဘူး'

မောင်ဖိုးဟန် နှုတ်ကထွက်၊ ရှေ့ခရီးဆက်ကြပြီ။ အဖေ့ဆိုဆုံးမစကား လက်တွေ့အားဖြင့် အကောင်အထည်ဖော် သားအဖနှစ်ယောက် တူပျော်ပျော်။

အဖေ လွယ်နေကျ လွယ်အိတ်ထဲကို လိုအပ်တဲ့ ပစ္စည်းပစ္စယ အမည်တွေထည့်တယ်။ ပြီးတာနဲ့ သားအဖနှစ်ယောက် ကွေ့မအရောက် ခြေကျင်လျှောက်။

ကွေ့မရောက်တော့ ရေနံမြေကားတစ်စီးကိုတက်စီး၊ သံဖိုတောင်နားနီးနီး လမ်းမကြီးကနေ အရှေ့ဘက်ကို ခွဲထွက်တဲ့ ကားလမ်း၊ လှည်းလမ်း လမ်းခွဲလေးတစ်ခုမှာ ချပေးတယ်။ စပယ်ယာက...

'ဟိုဟာ သံဖိုတောင်ပဲ'

တဲ့။ လက်ညှိုးညွှန်လို့လမ်းပြ သွားရမယ့်ခရီး ပိုနီး။ ရဲကင်းကြီးကို ကျော်ခဲ့ပြီ။

ဒါပေမယ့် အမြင်နီးသော်လဲ ခရီးဝေးတဲ့တောင် သံဖိုတောင်။

မောင်ဖိုးဟန်တို့ သားအဖ ကားပေါ်ကဆင်း၊ ရေနံမြေတောင်ခြေရင်း အဆင်းလမ်းကလေးအတိုင်း အရှေ့ဘက်ကိုလျှောက် သစ်ကြီးဝါးကြီးတွေနဲ့ တောတောင်က စိမ်းစို၊ နားခိုစရာ အရိပ် လမ်းဘေးဝဲယာတစ်လျှောက် တစ်ရေးလောက်ပင် အိပ်နိုင်။

အခုတော့ တရုတ်မော် သစ်တောကြိုးဝိုင်း။

သမင်၊ ဒရယ်၊ ချေယ်၊ စိုင်၊ ဆတ်ဝေးလို့ ဖွတ်၊ ပုတတ်တောင် ခပ်ရှားရှား။

မနေမနားနဲ့ သားအဖနှစ်ယောက် လျှောက်လာလိုက်ကြတာ။ လမ်းညာဘက်အကွေ့ စေတီတစ်ဆူနား အရောက်မှာတော့ အဖေ လမ်းမလျှောက်နိုင်တော့ဘူး။ ဒီတစ်ခါတော့ ခက်ပါပေါ့။

ဆိုကောင်းမြည်ကောင်း အဲဒီအချိန် လှည်းတစ်စီးကလဲ ဖိုးဟန်တို့ နောက်ကနေ မောင်းပြီးတော့ လိုက်အလာ နွားတင်ပါးကို သံချွန်နဲ့ကော် တအားအော်တယ်။ ဟဲ့နွား... ဟဲ့နွား...။

အဖေတို့မျှား မလျှောက်နိုင်တော့ဘူး။ မဟန်နိုင်တော့ဘူး။ စိတ်ဆောင်ပြီးတော့တောင် မလှမ်းနိုင်တော့ဘူး အဖေက လှည်းသမားကို သံဖိုတောင်ရောက်မလား မေးပြီး လှည်းပေါ်ကို

www.burmeseclassic.com

အတင်းတက်စီးတော့တာပဲ။

လှည်းသမားကလဲ ကြောက်တာပေါ့။ တောကြီးအလယ် တောင်တွေကကွယ်။ ဟိုမနီး ဒီမနီး ဓားပြကြီးများ တိုက်လိုက်လေမလား ထင်ဟန် တူပါရဲ့။

'သိန်းအောင်ရေ လာပါဦးဟ... သိန်းအောင်ရေ လုပ်ပါဦးဟ'

လှည်းသမားက အတင်းအော်တယ်။ သိန်းအောင်ဆိုတဲ့ အမျိုးသားပဲ အပြေးရောက်လာတယ်။ ဖိုးဟန်ထက်တော့ ငယ်တယ်။ ကျီးကြည့်ကြောင်ကြည့် ဟိုကြည့်ဒီကြည့်။ ဘာမှတော့ သူမသိ။ သူသိတာက သူ့အဖေရဲ့ အော်သံ၊ ခေါ်သံကိုသာ။

ဖိုးဟန်က သူသိအောင် အဖေ့ အခက်အခဲကို အကြောင်းနဲ့အကျိုး ရှင်းပြလိုက်တော့ သူတို့သားအဖ သဘောတွေကျ။

'အဘကို သံဖိုတောင်အထိလိုက်ပို့မယ်ဗျ'

သူတော်ကောင်းကို နတ်ကောင်းစောင်မ။ ကြံစည်တောင့်တ ဆန္ဒလိုရာ ပြည့်ဝရှာပြီ။ သံဖို...ဆီ။

မလျှောက်ဘူးတဲ့လမ်း၊ မလှမ်းဘူးတဲ့ခရီး နီးနီးတော့လာပြီ။ သံဖိုတောင် အဝင်လမ်းခွဲအတိုင်း လမ်းမကြီးကခွဲလို့ အဝင် နွားလှည်းကို မောင်းလို့ ဝင်လာခဲ့ကြပြီ။

လှည်းပေါ်ကအဆင်း မြင်ကွင်းက သာယာ။ ကျေးငှက်သံတစာစာ။ ဒီပါ အေးမြ၊ ရင်မှာလဲ အေးမြ။

ဘေးဘီဝဲယာ ကြည့်လိုက်ပါချေတော့ ကျောင်းက (၂)ဆောင်၊ တောင်ဘက်အဆောင်က အကြီး၊ မြောက်ဘက်အဆောင်က အသေး။

မြောက်ဘက်အဆောင်ထဲမှာ အမျိုးသမီး(၃)ယောက်ရှိတယ်။ အဆောင်



ရှေ့က မဏ္ဍပ်ထဲမှာတော့ အမျိုးသမီး (၂)ယောက်။ အမျိုးသား (၅)ယောက်။

ဖိုးဟန်တို့ကို လှမ်းကြည့်နေကြတယ်။ သိသလိုလို၊ မသိသလိုလို ဇဝေဇဝါ တစ်ယောက်ကိုတစ်ယောက် လက်တို့တို့၊ ခြေတို့တို့ မေးကြမြန်းကြလို့။

သိန်းအောင်တို့ သားအဖတော့ အမောဖြေနေကြပြီ။ နွား(၂)ကောင် အပန်းပြေအောင် ရေတွေတောင်း တိုက်ကြလို့။ ဖိုးဟန်က...

'အမေညို ရှိသလား'

'ရှိတယ်'

'ဘယ်မှာလဲ'

'ကျောင်းပေါ်မှာ'

တောင်ဘက်ကျောင်းကို လက်ညှိုးညွှန်ပြတယ်။ ငေးငေးစိုက်စိုက် ကြည့်သခိုက်...

တောင်ကျောင်းနဲ့ မြောက်ကျောင်း။ ကျောင်းနှစ်ကျောင်းက တစ်ကျောင်းနဲ့တစ်ကျောင်း ခြေလှမ်း(၁၅)လှမ်းလောက်ကွာမယ်။ ပျဉ်းကတိုး၊ အင်၊ အင်ကြင်း၊ သစ်ရာ၊ ပိတောက် သစ်မျိုးစုံ ပေါက်ရောက်နေတဲ့ အောက်မှာ၊

အရိပ်အာဝါသ ထိုးကျနေတဲ့ အော[...]
မှာ။

တစ်အောင့်လောက် ကြာ[...]
တောင်ဘက်ကျောင်းပေါ်က အ[...]
သမီးကြီးတစ်ယောက် ဆင်းလာတ[...]
အသားကညိုညို၊ ဆံပင်ကို ထိပ်တ[...]
တည့်မှာ ထုံးထားတယ်။ နားထင်[...]
ဆံတစ်စ မကျဘူး။ ထုံးဖွဲ့တဲ့ ဆံထုံး[...]
တင်းတင်းရင်းရင်း ကျစ်လျစ်။

ယောဂီဝတ်စုံ အပေါ်အောက်အ[...]
အမေညိုတဲ့။

မျက်နှာကကြည်ပြီး ရှင်းနေတ[...]
မေတ္တာထားလို့ ကရုဏာပွား[...]
အသွင်၊ မြင်ရတာက မျက်စိလဲအေ[...]
ရင်လဲအေး၊ အသည်းအေးလို့ စိ[...]
ချမ်းသာ။

ဘယ်ဘက်လက်ထဲမှာ ဓာတ်[...]
တစ်လုံးကို ဆုပ်ထားတယ်။ ညာလ[...]
ညှိုးနဲ့ လက်ခလယ်ကြားမှာ ပြည[...]
နဝင်း မသိန်းတင်ဆေးလိပ် အ[...]
တစ်လိပ်ကို ညှပ်လို့၊ လမ်းလျှောက်[...]
အလာ သောက်လိုက်တာက အ[...]
တထောင်းထောင်း။

မြောက်ဘက်အဆောင် ကပြင်[...]
ရဲ့ အရှေ့ဘက်ထိပ်မှာ ထိုင်တ[...]
ထိုင်နေကျ နေရာလေးနဲ့တူပါ[...]
အထိုင်မှာ ကြည့်လိုက်တော့ အရ[...]
မနိမ့်မမြင့် တင့်တယ်တဲ့ရုပ်ဆင်း။ အ[...]
ဆိုပြီး..

'သားတို့ ဘယ်က လာကြတာ[...]
လို့ မေးတယ်။ ဖိုးဟန်က...

'တရုတ်မော်က လာကြတာ'

လို့ ပြန်ဖြေတယ်။ အမေညို ရေ[...]
တစ်ခွက် ငုံ့သောက်ရင်းက...

'ကဲ... ကဲ... ရေနွေးသောက်[...]
အမြည်းစားကြ၊ အဝေးက လာ[...]
ဆာလှပေါ့။ မနက်စာထမင်းရှိ[...]
ကျွေးမယ်။ ညနေမှပြန်[...]



www.burmeseclassic.com

www.burmeseclassic.com



ကိုသိန်းအောင်တို့ သားအဖကိုလဲ ကြည့်ပြီး မေးပြောပြောတယ်။

'မင်းတို့ လိုက်ပို့တာလား၊ မင်းတို့နဲ့ ပါလာတာလား၊ မင်းတို့လဲ ထမင်းစား ပြီးမှ ပြန်ကြ'

မနက်(၁၁)နာရီထိုးပြီ။ ကိုသိန်းအောင်တို့သားအဖ ဘယ်ပြန်နိုင်လိမ့်တုန်း၊ မနက်စာ စားပြီးမှ ပြန်ကြရတော့မယ်။ လှည်းမောင်းတဲ့ ကိုသိန်းအောင်ရဲ့ အဖေက ဇာတ်လမ်းစုံ ရှင်းပြတယ်။

နားထောင်နေတဲ့ အမေညို ရေနွေးသောက်နေရင်းက - ဖိုးဟန်ကို စူးစူးစိုက်စိုက်ကြည့်တယ်။ နောက် အနောက်တောင်အရပ်ကို မျက်နှာမူ ရှုတူရှုကို တည့်တည့်ကြည့်။

ဆေးလိပ်တို လက်ကြားက မချဘူး။ မျက်နှာက တည်ပြီး တင်းထားသလိုပဲ။ မျက်လုံးအစုံက ဝေးတစ်နေရာကို ငေးမျှော်ကြည့် နောက် ကောက်ကာ ငင်ကာ ဟောတော့ ပြောတော့တာပဲ။

'ငါ့သားက အပူသည်၊ အိမ်အသစ် ဆောက်တာ အဖမ်းခံထားရတယ်။ မြေပါလဲဆုံး၊ သားလဲဆုံး၊ သစ်ကိုလဲ အင်း ထောင်တန်းတော့ မကျ။ ဒဏ်ငွေ ရလို့ ရှိသမျှပြောင်၊ နွတ်ကို ချုပ်တည်း၊ ဖက်ကို စောင့်စည်းပါသားရဲ့။ မင့်အဖေနဲ့အမေ ရှိပေလို့သာပေါ့။ နင်မို့ အဆို မင့်ကို အမေ မြင်ရမှာမဟုတ် ထောင်ထဲက အချုပ်'

အမေညိုကတော့ အထုပ်ကို ဖြေပြလိုက်ပြီ။ ဟုတ်ပါတယ်။ မိဘက ရှေ့ကကာတော့ မောင်ဖိုးဟန် ခံသာသွားတာပေါ့။ အဖေက မောင်ဖိုးဟန်နဲ့ ဒကာမကြီး ဒေါ်ရွှေမြတို့ကို မင်္ဂလာလက်ဖွဲ့ခဲ့တဲ့အိမ်။ သူ ဆောက်ပေးတဲ့ အိမ်၊ သူ့အိမ်တဲ့။ အဖေက ဒိုင်ခံရှင်းတယ်။ ကုန်လိုက်တဲ့ငွေ သောက်သောက်လဲ၊ နည်းလား အများကြီး။

'ဘုရား၊ တရား၊ သံဃာ ရတနာ(၃)ပါး၊ မိဘနဲ့ဆရာသမား၊ မမေ့နဲ့ ငါ့သား။ မင့်အသက်ကိုတောင် လုပ်ကြံသတ်ဖြတ် ဇာတ်သိမ်းဖို့ ကြိုးစားခဲ့ကြတယ်။ မပေါ့နဲ့။ လူ(၅)ယောက်တစ်စု ပုံပိုးမှုတွေလဲရှိတယ်။ လေးလုံးပြူး လုပ်သေနတ်နဲ့ အသက်ကိုတဲ့ ရန်ရှာ'

အဖေဆိုတာ ခေါင်းတညိတ်ညိတ်နဲ့ မကြာမတင် (၂)နှစ်ကျော်ကာလကို နောက်ကြောင်း ပြန်ခံစားနေတာ ထင်ပါရဲ့။ စိတ်မကောင်းစရာ အနိဋ္ဌာ။

'ကျည်ဆိုတာကြီးက မထွက်ပေလို့သာ ယင်း အသက်မသေတယ် လူလေး မကောင်းကြံ ကြံသူတွေမှာတော့ သူတို့ရဲ့ မကောင်းကံ တစ်ယောက်ပြီးတစ်ယောက် ခံကြရတော့မယ်။ ဆန်မကုန်သေးခင် ကံကုန်သွားကြတော့မယ်။ ခြော် သူ့ထိုက်နဲ့သူ့ကံ'

အမေညိုရဲ့ စကားသံတွေက မှန်တော့ မောင်ဖိုးဟန် ပြန်မပြောနိုင်ဘူး။ တုံဏှိဘာဝေ ဆိတ်ဆိတ်နေ။

အဖေ့ကိုတော့ ဘာမှ ထွေထွေထူးထူး မပြောဘူး။ ညှ,မနက် ဘုရားဝတ်တက်တယ်။ အဓိဋ္ဌာန်ခရီးတွေလဲ ဆက်နေတယ်။ ပန်သောဆုနဲ့ ပြည့်ပါစေတဲ့။

မနက် (၁၁)နာရီကျော်ကျော်မှာတော့ ထမင်းပွဲပြင်ပြီးပြီ။ ထမင်းသုံးဆောင်ကြကြပါလို့ မြောက်ဘက် အဆောင် အပေါ်ဆင့်က ခေါ်သံတစ်သံ လွင့်ထွက်လာတယ်။

ဖိုးဟန်တို့ ထိုင်နေတာက အောက်ဆင့်။ အပေါ်ဆင့်နဲ့ အောက်ဆင့် အမြင့်က တစ်တောင်အကွာ။

တစ်လှမ်းစာ ခြေမြှောက်လို့ ထမင်းဝိုင်းကိုရောက်တော့ ငါးပိရည်နဲ့ တို့စရာ ဖိုးဟန်မှာတော့ အကြိုက်၊ အလွန်ကောင်းပဲ။ ငါးကြော်နဲ့ ငါးချက်ကိုလဲ လက်တွေနှိုက်လို့ ကြိတ်လိုက်ကြတာ တစ်ဝတစ်ကာနဲ့။ ထမင်းတစ်ပန်းကန်ပြီး တစ်ပန်းကန် ဖိုးဟန် ကြိုက်လာပြီဆိုရင်တော့ မလွယ်ဘူး။ အရှုံးအမူး။

ဖိုးဟန်က ငါးပိရည်နဲ့ တို့စရာကို အသေကြိုက်တာ။ ငါးပိရည်ကို အတို့ အမြုပ်နဲ့သာမက သောက်သောက်ပြီး စားတာ။ အမေညိုနဲ့က ထမင်းတစ်ဝိုင်းတည်း။ မမြင်ချင် မြင်နေရ မောင်ဖိုးဟန်ရဲ့ အားရပါးရ။ အမေညိုက သဘောကျ ညြတော့မချပါဘူး။ ကြိုက်သလောက်စားလေ...စားစေ။

အဲဒီလို တစ်ခါ မြတ်ပေရွာမှာ ဖြစ်ခဲ့ဖူးတယ်။

ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ မြတ်ပေရွာ။

---

ရွှေလ ဆက်ဖတ်ပါရန်

ရွှေတောင် ကြည်မောင်ဆေး

www.burmeseclassic.com

မှုဆိုးစည်းကမ်းနှင့်

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

# တောကော်မာယာ



မျောက်ဂူအဝင်ဝ

ကျောက်ပန်းအိုးတောင်ခြေ လျှို အတွင်း ခြေချမိသောအခါ တောင်ခါး ပန်းဆီမှ မီးရထားဥသြဆွဲသံ သဲ့သဲ့ ကြားလိုက်ရသည်။

ရွှေညောင်ကလာသည့် နောက်ဆုံး ရထားတောင် ရောက်လာပြီပဲ။ မကြာမီ နေဝင်၍ အမှောင်ပျိုးတော့မည်။ ဤ အချိန်ဆိုလျှင် တောင်ကလပ်အခြေရှိ မျောက်ဂူသို့ မျောက်များ စုဝေး ရောက်နေလောက်ပါပြီ။

ကိုမျိုးသည် တူမီးသေနတ်ကို အသင့်ပြင်ကာ တောင်ကလပ် အခြေ ပတ်လမ်းအတိုင်း ခြေသံလုံစွာဖြင့် ဆင်းလာခဲ့သည်။ အစတွင် မျောက် အော်သံများ ကြားမိသလိုလို ရှိသော် လည်း မျောက်ဂူနှုတ်ခမ်းဝသို့ ချွတ်နင်း ၍ ရောက်လာသောအခါ တစ်ကောင် တစ်မြီးမှ မတွေ့ရပါ။

အချိန် စောသေး၍ပေလား။

မဖြစ်နိုင်ပါ။ မှောင်ရီပျိုးစ ဒီအချိန် တွင် မျောက်များအားလုံး တွင်းအောက် လိုဏ်ဂူအတွင်း ရောက်နေကြပါပြီ။ အမှောင်ထုသည် သူတို့၏ အသက် ဇီဝိန်ကို ခြွေယူနိုင်မှန်း သဘာဝပေး အသိဖြင့် သိကြပါသည်။

စိတ်ပျက်လက်ပျက်ဖြင့် အတန်ကြာ အောင် ရှာဖွေကြည့်လေမှ ကျောက် တောင်နံရံထိပ်တွင် အသင့်အနေ အထားဖြင့် စောင့်ကြည့်နေသော ကင်း စောင့်မျောက်ကို တွေ့လိုက်ရသည်။ တူမီးသေနတ်ကို မြှောက်မည်ကြံကာ ရှိသေး ကိုရွှေမျောက်က လှစ်ခနဲ ပျောက်သွားတော့သည်။

ကင်းစောင့်မျောက်က လူရိပ်မြင် သည်နှင့် လှမ်းအချက်ပေးသဖြင့် မျောက်များအားလုံး လိုဏ်အတွင်း ဝင်ပုန်းကာ ငြိမ်ချက်သား ကောင်းနေ ခြင်း ဖြစ်သည်။

ကိုမျိုး အားမလျှော့ပါ။

နောက်တစ်နေ့တွင် တောင်ကလပ် ထိပ်သို့ နေလုံး ရောက်ရှိချိန်၌ မျောက်ဂူဝသို့ ကြိုတင်ရောက်နှင့်ကာ ပစ်ကွင်းရွေးလျက် ချုံနွယ်များ အကာ အကွယ်ဖြင့် ငြိမ်သက်စွာ စောင့်ဆိုင်း နေသည်။

တောင်ကလပ် အနောက်ဘက်သို့ တအိအိ ကျဆင်းသွားသော နေမင်းနှင့် အတူ မှောင်ရိပ်ကလည်း တဖြည်း ဖြည်း လွှမ်းခြုံလာသည်။ မှောင်ရီပျိုး စအချိန်တွင် သစ်ရွက်လှုပ်သံများ ကြားရကာ ကျောက်နံရံထိပ်၌ ကင်း တာဝန်ကျ မျောက်က ကြိုတင်နေရာ ယူသည်။

ထို့နောက်တွင်ကား မျောက်ထီးကြီး များက တရကြမ်း ပြေးလာကာ ဂူအဝ သစ်ပင်ဆီသို့ လွှားခုန်၍ အောက်သို့ ဆင်းသွားကြသည်။ နောက်မှဆက်

မိခင်၏ခါးကို သိုင်းဖက်ထားသော

မျောက်သားအမိများက ကျွမ်း

ဆင်းသက်ကြသည်။

မျောက်ပေါက် ကလေးများ

တစ်ကောင်ချင်း သော်လည်းကော

ဒွိယံ အတွဲလိုက်သော် လည်းကော

စိတ်အေးလက်အေး ဆင်းလာ

သည်။

အချိန်ကောင်းပေတည်း။

ဂူနှုတ်ခမ်းဝတွင် ရှင်းရှင်းလင်း

မြင်ရသော မျောက်နှစ်ကောင်အ

ချိန်ရွယ်ကာ မောင်းဖြုတ်လိုက်သ

ယမ်းပေါက်ကွဲသံနှင့်အတူ မျောက်

ရုတ်ခြည်း ပျောက်သွားကြသည်

ကိုမျိုး အားပါးတရ ပြုံးလိုက်

အဘိုးနှင့်တွဲ၍ တောလိုက်ကာ

ထောင်းနည်းမှအစ သေသေသ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်စေရန် စနစ်တကျ သင်ယူ ထားခဲ့သဖြင့် မိမိလက်ကို စိတ်ချ သည်။

တွင်းဝသို့ သွားရောက် ရှာဖွေရာ ကျိုးပဲ့နေသော သစ် ကိုင်းများက ထိမှန်သောမျောက် တွင်းအောက်သို့ ကျသွားပြီဟု သတင်းပေးကြလေသည်။

'ဟော မောင်မျိုးပါလား သေ နတ်သံကြားလိုက်တယ်။ ချက် ကောင်း မထိဘူးလား'

'ထိတယ် ဟောဒီမှာ အမှတ် (သွေးကွက်)တော့ ကျန်ခဲ့တယ်။ တွင်းထဲ ကျသွားပုံပဲ'

'ငါ ဆင်းကြည့်မယ်'

ကိုလှမင်းက ချီးယူလာသော ဒန္တ ကူးပင်များကို မြေပြင်တွင် စုပုံကာ မျောက်ဂူအတွင်းသို့ ကျွမ်းကျင်စွာ ဆင်းသွားသည်။ ကိုလှမင်းသည် သစ်ခွ ဆိုး၊ ပန်းမှုဆိုးဖြစ်ကာ ကျောက်တောင် ချောက်ကမ်းပါးအစွန်း၌ ပေါက်ရောက် နေသည့် ရှားပါးသစ်ခွများကို ခဲရာ ခဲဆစ် တက်ရောက် ရှာဖွေလေ့ရှိရာ သက်မြဲ၍ တောင်တက် ကျွမ်းကျင်ပါ သည်။

(၁၅)မိနစ်ခန့်အကြာတွင် မျောက် နှစ်ကောင်နှင့်အတူ တွင်းပေါ်သို့ ပြန် ရောက်လာသည်။

'ရော့ မောင်မျိုး မင်းတစ်ကောင်၊ ငါတစ်ကောင် ယူမယ်'

ခွေးရုပ်ကျေးရွာနေ ဦးမောင်လေး၏ သား ကိုအောင်မျိုးဦးက ကျောက် ပန်းအိုးတောင်ခါးပန်းရှိ မျောက်ဂူတွင် မျောက်ပစ်ခဲ့ပုံကို ပြန်ပြောပြခြင်းဖြစ် သည်။ လွန်ခဲ့သော (၆)နှစ် ၂၀၀၇ ခုနှစ်၊ ဆောင်းရာသီကဟု ဆိုသည်။

'အဲဒီမျောက်တစ်ကောင်ကို ရောင်း လိုက်တာ (၁၈၀၀၀)ကျပ်ရတယ်'



◆ မျောက်မှုဆိုး ကိုအောင်မျိုးထွန်း(ခွေးရုပ်ကျေးရွာ)

'ဒါထက် မောင်ရင်က တစ်ချက် တည်းနဲ့ မျောက်နှစ်ကောင် ဘယ်လို ပစ်လိုက်တာလဲ'

'မိတ်လိုက်နေတဲ့ အချိန်ကိုးဗျ။ ကျွန်တော် လဲ မျောက်ရတော့မှ သိရတယ်။ မုဆိုး စည်းကမ်းအရ ဘယ်သားကောင်မဆို မိတ် လိုက်နေတဲ့အချိန်ကို မပစ်ရဘူး။ အဲဒီ အချိန်ကစပြီး ဈေးဘယ်လောက်ကောင်း ကောင်း မျောက်မပစ်တော့ဘူး။

လူ့မှုစည်းကမ်းဖောက်ဖျက်ရင် တရားဥပဒေ နဲ့ ထိန်းသိမ်းလို့ရတယ်။ တောထဲမှာတော့ ဒီလိုမဟုတ်ဘူး။ မိမိအသိစိတ်နဲ့ ကိုယ်တိုင် ထိန်းရတယ်။ ဒီလိုမှ မထိန်းရင် တောရဲ့ မာယာဆိုတာ အင်မတန်နက်နဲပါတယ် ဦးလေးရယ်'

'မယုံကြည်လို့တော့ မဟုတ်ပါဘူး မောင်မျိုး။ တောရဲ့မာယာအကြောင်း နည်းနည်း ပြောပြပါလား'

'အင်း ကျွန်တော့်ဖေဖေ (ဦးမောင် လေး) ကြုံရတာဗျ။ ညောင်ကုန်း တောင်မှာ ချေတစ်ကောင် တွေ့လို့ စိတ်ကြိုက်ချိန်ပြီး ပစ်လိုက်တယ်။ ဖေဖေလဲ လက်ဖြောင့်တဲ့ သူပါ။ ချေက လက်ပြင်ကို မှန်ပြီး တစ်ချက်ပဲ ခုန် နိုင်တယ်။ တောင်ခြေမှာ ပုံလဲ တာပဲ။

ဒါနဲ့ဝမ်းသာအားရ ပြေးကောက် တော့ အနားလဲ ရောက်ရော လဲနေတဲ့ ချေက ဝုန်းခနဲထပြီး တောင်ပေါ် ပြေးတက်သွားတယ်။

အဖော်တွေကို ပြောပြတော့ မယုံကြဘူး။ အမှတ်ကို လိုက်ပြမှ လက်ခံကြတယ်။ အဲဒီနေ့က လူခွဲပြီး သေသေချာချာ ရှာကြ ပေမယ့် မတွေ့ကြဘူး။ ရက်နည်း နည်းကြာမှ ပုပ်ပျက်နေတဲ့ သား ကောင်ကို တွေ့ပါတယ်၊ လက်ပြင် ကို သေသေချာချာမှန်ထားတာပဲ။ ပုံမှန်အတိုင်းဆိုရင် ဒဏ်ရာရတဲ့ သားကောင်ဟာ သူ့ဇောနဲ့ ပြေးလွှား နေတဲ့ အချိန်မှာ ဖမ်းမိဖို့ မလွယ်ဘူး။

ဒါပေမယ့် လဲကျသွားရင်တော့ အားကုန်သွားပြီ။ လုံးဝ ခြေကုန် လက်ပမ်းကျသွားပြီ၊ ဘယ်လိုမှ ပြန်ထ လေ့ မရှိဘူး။ ခုလို လဲကျပြီးမှ တောင် ပေါ် ပြေးတက်နိုင်တာ ပုံမှန်မဟုတ်ဘူး။ တောရဲ့မာယာလို့ပဲ ဆိုကြပါစို့'

'သားရဲ့ဖေဖေက မုဆိုးစည်းကမ်း ဖောက်မိလို့လား'

'ဖေဖေက တောကြက်ထက်ကြီးတဲ့ သားကောင်ဆိုရင် မပစ်တော့ပါဘူးလို့ ဆုံးဖြတ်ပြီးမှ ချေကို မြင်တော့ လောဘတက် ပြီး ပစ်မိတာ။ ကိုယ့်စည်း ကိုယ်ဖောက်တာ ပဲပေါ့'

**[ခွေးရုပ်ကျေးရွာမှ မိတ်ဆွေ ဦးမောင်လေး မိသားစုအား ကျေးဇူး တင်စွာဖြင့် ...]**

ဘုန်းကျော်စွာ
*(မြိုင်တက္ကသိုလ်)*



www.burmeseclassic.com

www.burmeseclassic.com



မောင်ငွေလေးဂေ
(ဘီးလင်း)

# နှုတ်သစ်ပင်လေလား

လွန်ခဲ့သော နှစ်အနည်းငယ်က ဖြစ်သည်။ တောက်တဲ့ ဈေးကောင်း၍ ဟု ဆိုကြချိန်။ မလေးရှား၊ တရုတ်နှင့် တောင်ကိုးရီးယား နိုင်ငံတွေမှာ တောက်တဲ့ ဝယ်ယူကြသည့် သတင်းကို ကြားရသည်။

သို့နှင့် ကျွန်ုပ်တို့ မြန်မာနိုင်ငံဒေသ အချို့တွင်လည်း တောက်တဲ့ ရှာပုံတော် ဖွင့်ခဲ့ကြသည်။ အများအားဖြင့် တောက်တဲ့နှင့် မကြုံရဘဲ တောက်တီးတွေနှင့်သာ ကြုံကြရသူတွေလည်း ရှိသည်။

စောအယ်ထီး၊ စောအယ်ကော်နှ[...] စောအယ်မူးတို့ သုံးဦးသည် ရွာအနီးက[...] တောကြီးတစ်ခုထဲ တောက်တဲ့အရှာ[...] ထွက်ခဲ့ကြသည်။ ရှာရင်းပင်[...] လူတစ်ဖက်စာခန့်ရှိသော[...] သစ်ပင်ကြီးတစ်ပင်မှာ[...] တောက်တဲ့တစ်ကောင်ကို[...] တွေ့ရသည်။

သို့နှင့် စောအယ်ထီးသည်[...] တောက်တဲ့ဝင်သွားသော[...] သစ်ကိုင်းခေါင်းရှိရာသို့[...] တက်ပြီး နေသားတကျ[...] ရှိသောအခါ သစ်ကိုင်းကို[...] ခုတ်သည်။

"ဒုတ်"၊ "ဒုတ်"[...] "ဒုတ်"နှင့် တစ်ဆက်တည်းပင်[...] "ပရ"၊ "ပရ" (PA RA PA RA[...] (ရ,ကောက်သံနှင့်[...] ဖတ်ရသည်)ဟူသော[...] အောက်ခြေမှ သစ်ပင်ကြီး[...] ပြိုလဲတော့မည့် အက်ကွဲသံကို[...] ကြားရသည်။

သို့နှင့် အခုတ်ရပ်ကာ စောအယ်[...] ကော်နှင့် စောအယ်မူးတို့ကို အပေါ်က[...] နေပြီး အော်ပြောလိုက်သည်။

'ဟေ့ အယ်မူး၊ အယ်ကော် သစ်ပင်[...] အောက်ခြေက အက်ကွဲသံကို ကြားရတယ်[...] မင်းတို့ သေချာကြည့်ပေးပါ'

ဟု ပြောလိုက်သည်။

'ဘာမှ မကြားရပါဘူးကွ။ ခုတ်[...] သာ ခုတ်စမ်းပါ'

ဟု အယ်ကော်နှင့် အယ်မူးတို့က[...] ပြန်ပြောသည်။ သို့နှင့် ဆက်ခုတ်သည်[...] "ဒုတ်"၊ "ဒုတ်"၊ "ဒုတ်"နှင့် တစ်[...] ဆက်တည်းပင် "ပရ"၊ "ပရ"၊ "ပရ"[...] ဟူသော အောက်ခြေမှ အက်ကွဲသံ[...] ကြားရပြန်၍ မခုတ်ရဲတော့ဘဲ [...] ဆင်းလာခဲ့သည်။



စာမျက်နှာ (၂၄၈) သို့

www.burmeseclassic.com

လွန်ခဲ့တဲ့ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ လပို့တွဲလက ဂန္ဓာရီဆရာလေး ရဲဖော်နဲ့အတူ တပို့တွဲလပြည့်နေ့တိုင်း ကျင်းပလေ့ရှိတဲ့ ဖိုးဦးတောင် ဘုရားပွဲတော်ကို ပန်းတောင်းမြို့ခံ စာပေပညာရှင်အချို့ရဲ့ ဖိတ်ကြားချက်အရ သွားခဲ့ကြပါတယ်။

ဖိုးဦးတောင်ဘုရားပွဲကို မရောက်ဘူးတာကတစ်ကြောင်း၊ ဆရာရဲဖော် ခဏခဏပြောခဲ့တဲ့ လွမ်းစေတီ ဇာတ်သိမ်းလေးကို သိချင်တာက တစ်ကြောင်း၊ နယ်မြေဒေသနဲ့ ပတ်သက်လို့ လေ့လာချင်တာကတစ်ကြောင်း စတဲ့ အကြောင်းကြောင်းတွေကြောင့် စိတ်ပါလက်ပါ သွားခဲ့တာလဲ ဖြစ်ပါတယ်။

ပန်းတောင်းမြို့နယ်ဟာ မြောက်ဘက်မှာ ကမ္မ၊ အရှေ့ဘက်မှာ ပြည်၊ ရွှေတောင်၊ တောင်ဘက်မှာ ကြံခင်း၊ အနောက်ဘက်မှာ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်တို့နဲ့ နယ်နိမိတ်ချင်း ထိစပ်ပြီး မျဉ်းဖြောင့် အကွာအဝေးအားဖြင့် ကမ္မမှ (၁၉)မိုင်၊ ပြည်မှ (၁၀)မိုင်၊ ရွှေတောင်မှ (၅)မိုင်၊ ကြံခင်းမှ (၂၉)မိုင်နဲ့ တောင်ကုတ်မှ (၆၃)မိုင်ခန့် အကွာအဝေးမှာ တည်ရှိပါတယ်။

ပန်းတောင်းမြို့နယ်ဟာ ညီညာပြန့်ပြူးတဲ့ မြေမျက်နှာပြင် နည်းပါးပါတယ်။ နယ်မြေတိုင်းလိုလိုက တောင်ကုန်းတောင်တန်းဘေ့။ ယခင်က ကြိုးဝိုင်းသစ်တောကြီးတွေ ဖုံးလွှမ်းထားတဲ့ အရပ်ပါ။ ပန်းတောင်းမြို့နယ်မှာရှိတဲ့ တန့်ကြည့်တောင်တို့၊ ဖိုးဦးတောင်တို့ဆိုတာ ထင်ရှားတဲ့ တောင်တန်းကြီးတွေဖြစ်ပြီး အကွေ့တောင်၊ အကောက်တောင် ဆိုတာလဲ ကျော်ကြားထင်ရှားတဲ့ နေရာတွေပါပဲ။

နောက်ပြီး ရွှေဘုံသာမုနိတို့၊ ငွေဘုံသာမုနိတို့နဲ့ ပန်းတောင်းငါးမျက်နှာဘုရားတို့ ဆိုတာတွေကလဲ သမိုင်းဝင်နေရာတွေပါ။ ပန်းတောင်းမြို့နယ်မှာ ငါးဗျက်အင်း၊ လက်ျာအင်း၊ ရွှေလောင်းအင်း၊ စမ်းရွာပေါက်တောအင်း၊ ဆေးကိုင်းရိုးအင်းတွေနဲ့ စကြံကျွန်း၊ အောင်မင်္ဂလာကျွန်း၊ တက်သစ်

# ဖိုးဦးတောင် လွမ်းစေတါမှ

ကောင်းမြတ်

အလွမ်းဇာတ်သိမ်းလေး (၁)



www.burmeseclassic.com

ကျွန်း၊ မြစိမ်းကျွန်း စတဲ့ သဘာဝက ပေးအပ်ထားတဲ့ အလှတရားတွေကလဲ ထင်ရှားလှပါတယ်။ အပြည့်ပါပဲ။

ယခု စာရေးသူရေးသားမယ့် ဇာတ်လမ်းလေးဟာ ဖော်ပြထားတဲ့ ဒေသအချို့နဲ့ ဆက်စပ်နေပါတယ်။

အထူးသဖြင့်တော့ ဖိုးဦးတောင်ပေါ်က လွမ်းစေတီလေးနဲ့ မြစိမ်းကျွန်းဆိုတာကတော့ အဓိကပါပဲ၊ ဇာတ်လမ်းရဲ့အစကတော့ တပို့တွဲလပြည့်နေ့တိုင်း ကျင်းပလေ့ရှိတဲ့ ဖိုးဦးတောင်ဘုရားပွဲကပေါ့။

ဇာတ်လမ်းလေး ပြောပြခဲ့တဲ့ စာရေးဆရာ ပန်းတောင်း အေးဆွေ (မီးသတ်အရာရှိ)က အဲဒီဇာတ်လမ်းလေးကို ဘုရားရောက်မှ ပြောပြမယ်၊ လောလောဆယ် ပန်းတောင်းရောက်တုန်း မြစိမ်းကျွန်းကို လိုက်ပို့ဦးမယ်ဆိုလို့ ပန်းတောင်း ဖက်ဆစ်တော်လှန်ရေး သမိုင်းမှာ ဂျပန်တပ် တစ်တပ်လုံးကို အမြစ်ပြတ် တိုက်ခိုက်ချေမှုန်းခဲ့တဲ့ နာမည်ကျော် သမိုင်းဝင် ဌာနတစ်ခုဖြစ်တဲ့ **"သူရဲတန်းရွာ"**ကနေပြီး မြစိမ်းကျွန်းကို ဘောက်တူနဲ့ ကူးခဲ့ကြပါတယ်။

မြစိမ်းကျွန်း ရောက်တော့ သိုက်နန်းရှင်မလေး တစ်ဦးဖြစ်တဲ့ မမြစိမ်းနဲ့ မြစိမ်းကျွန်းက လက်ပန်ကျွန်းရွာသား ကိုဘုန်းကြွယ်တို့ရဲ့ ထင်းခုတ်ရင်းတွေ့၊ မေတ္တာမျှ ညားခဲ့ကြ၊ နောက် သားလေးတစ်ယောက်ရ၊ သားရှင်ပြုမယ့်အရွယ်ရောက်တော့ ကိုဘုန်းကြွယ် ပြည်တက် သားအတွက် ပရိက္ခရာရှစ်ပါးဝယ်၊ အပြန် သိုက်ဆရာတွေပါလာ။

အကြောင်းစုံသိတဲ့ သိုက်နန်းရှင်မလေး မမြစိမ်းရဲ့မောင်ကြီးက သူတို့မှာ ရန်သူတွေ နီးလာပြီ ဖြစ်တဲ့အတွက် ပြန်လာရန်ခေါ်၊ မမြစိမ်း သားလေး ရှင်ပြုပြီးမှ လာပါရစေ တောင်းပန်၊ ဒါပေမယ့် လတ်တလော ကြုံတွေ့ရတော့မယ့် ဘေးအတွက် မောင်ကြီးဖြစ်သူက နေလို့ မဖြစ်နိုင်တော့ကြောင်း ပြောပြန်ခေါ်သွား။

ကိုဘုန်းကြွယ်ရောက်တော့ မမြစိမ်းက မရှိတော့၊ ကိုဘုန်းကြွယ် မမြစိမ်းကို တမ်းတရင်း သားလေးကို ရှင်ပြု၊ မမြစိမ်းကလဲ သားလေးရဲ့ ရှင်ပြုပွဲ ကိုယ်တိုင် မပြုလုပ်ရသဖြင့် ကြေကွဲခဲ့ရတဲ့ ပန်တျာကြည်လင် ကပြ ဇာတ်ပြားသွင်းခဲ့တဲ့ ဇာတ်လမ်းလေးကို သတိရပြီး ဘယ်ရယ်မှန်းမသိ ရင်ထဲ ခပ်မြည့်မြည့်လေး ဖြစ်သွားပါတယ်။

* * *

နောက်တစ်နေ့မှာတော့ ဆရာရဲဖော်ရဲ့မိတ်ဆွေ ကိုရင်သြဆိုသူက စာရေးသူတို့ကို မြစိမ်းကျွန်းအနှံ့ လိုက်ပို့ပါတယ်။

မြစိမ်းကျွန်းက ဧရာဝတီမြစ်ကြီးရဲ့ အလယ်မှာ သောင်ထွန်းပြီး ပေါ်နေတဲ့ ကျွန်းဆိုတော့ အစက ကျွန်းသေးသေးပဲ အောက်မေ့တာ၊ တကယ် လက်တွေ့မှာတော့ မသေးပါဘူး။ တော်တော်ကြီးတဲ့ ကျွန်းကြီးတစ်ကျွန်းပါ။

ကျွန်းပေါ်မှာ အမျိုးအမည် စုံလင်လှတဲ့ သစ်ပင်ပန်းမန်တွေ၊ နက်ရှိုင်းလှတဲ့ သစ်တောကြီးတွေ၊ မြေနုကျွန်းတွေမှာ စိုက်လေ့စိုက်ထရှိတဲ့ ယာခင်းကြီးတွေကို တွေ့ရပါတယ်။ ကျွန်းကြီးက တစ်မျှော်တစ်ခေါ်ကြီးပါ။

ကိုရင်သြက ကျွန်းပေါ်မှာရှိတဲ့ ရွာတွေကိုလဲ လိုက်ပို့ပါတယ်။ ပထမစ,ရောက်တဲ့ရွာကတော့ ကိုဘုန်းကြွယ်နဲ့ သိုက်နန်းရှင်မလေး မမြစိမ်းတို့ ဇာတ်လမ်းစ ဖြစ်ပေါ်ခဲ့တယ်ဆိုတဲ့ လက်ပန်ကျွန်းရွာ ဖြစ်ပါတယ်။

ရွာဦးမှာလဲ တခမ်းတနား ဆောက်လုပ်ထားတဲ့ မမြစိမ်းနန်း ရှိပါတယ်၊ ဒါကတော့ မြစိမ်းကျွန်းပေါ်က ရွာတိုင်းမှာရှိတဲ့ နန်းတွေပါ။ ရွာဦးရွာထိပ်တိုင်းမှာ မမြစိမ်းနန်း ရှိပါတယ်။ ဒါပေမယ့် လက်ပန်ကျွန်းရွာကတော့ ကိုဘုန်းကြွယ်နဲ့ မမြစိမ်းတို့ရဲ့ ဌာနေမို့လား မသိပါဘူး တခမ်းတနားကြီးပါပဲ။

မြစိမ်းကျွန်းမှာရှိကြတဲ့ ကျွန်းသူကျွန်းသားအားလုံးက သိုက်နန်းရှင် မမြစိမ်းကို ကိုးကွယ်ရင် စီးပွားဥစ္စာ လာဘ်လာဘရတဲ့ အကြောင်း၊ မကောင်းတဲ့ ဘေးရန်အပေါင်း ကျရောက်ခြင်းမှ ကာကွယ်ပေးတဲ့ အကြောင်း...

မရှိမသေ မလေးမစား ပြုလုပ်ပါက ဘေးဆိုး ကြမ္မာဆိုးများ ကျရောက်တတ်ကြောင်း၊ အန္တရာယ်အမျိုးမျိုးနဲ့ ရင်ဆိုင် ကြုံတွေ့ရတတ်ကြောင်း ယုံကြည်ကြပါတယ်။ နောက်ဆုံး တောထဲတောင်ထဲ အပေါ့အလေး (ချေးယိုသေးပေါက်) သွားတာကအစ တောင်းပန်ပြီးမှ သွားကြရတယ်လို့ ဆိုပါတယ်။

ကိုရင်သြက မြစိမ်းကျွန်းမှာ နေထိုင်ကြတဲ့ သူတို့ ကျွန်းသူကျွန်းသားတွေရဲ့ ဓလေ့စရိုက်ကိုပြောရင်း ကျွန်းပေါ်မှာရှိတဲ့ ကျေးရွာတွေဖြစ်တဲ့ ရွှေတောင်စုရွာ၊ မှန်တောင်ရွာ၊ နောက်တိုးကုန်းရွာ၊ သာယာကုန်းရွာ အဟောင်း,အသစ်တို့နဲ့ အလယ်စုရွာတွေကို တစ်ရွာမကျန် လိုက်ပို့ပါတယ်။ ရွာသူရွာသားတွေဟာ ရိုးသားဖော်ရွေကြပါတယ်။

'တောထဲ ထင်းခုတ်ဝင်ခုတ်သွားလို့ မှာ လည်း လမ်းမှားနေရင်ပဲ ဖြစ်ဖြစ် အန္တ တစ်စုံတစ်ရာနဲ့ ကြုံရင်ပဲဖြစ်ဖြစ် နနလေးထဲမှာ ရွှေညည်တွေနဲ့ ထားတဲ့ အထက်,အောက် ခုံခေါက်အ



www.burmeseclassic.com

www.burmeseclassic.com

ဝမ်းဆက်ဝတ်ထားတဲ့ အသက်(၂၀)ခန့် အရွယ် ချောမောလှပတဲ့ အမျိုးသမီးလေး တစ်ယောက်က အမြဲပေါ်လေ့ရှိပြီး ကူညီ လမ်းပြတတ်ခြင်း၊ အန္တရာယ်ကို တားဆီး ကာကွယ်ပေးခြင်း ပြုတတ်တယ် ဆရာ'

လို့ ကိုရင်ညြက စာရေးသူကို ပြော ပြပါတယ်။

'အဲဒါ ကျွန်တော်တို့ မြစိမ်းကျွန်းမှာ နန်းဆောက် ပူဇော်ပသလေ့ ရှိကြတဲ့ မမြစိမ်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကတော့ သူပဲလို့ တထစ်ချ ယုံတယ်'

လို့လဲ ကိုရင်ညြက ယုံယုံကြည် ကြည် လက်ခံပြောပြပါတယ်။

ဟိုတုန်းကဆို ကျွန်းသူကျွန်းသား တွေဟာ အလှူမင်္ဂလာဆောင် ပွဲလမ်း သဘင် သွားစရာရှိရင် ရွာဦးရွာထိပ် သွား မမြစိမ်းကို အသနားခံပြီး ရက် ချိန်းနဲ့ လက်ဝတ်တန်ဆာ ရွှေငွေ ရတနာများ ငှားရမ်းပါက ရကြောင်း၊ သို့သော် အတိအကျတော့ ချိန်းတဲ့ရက် ၌ မပျက်မကွက် ပြန်ပေးရကြောင်း၊ မရိုးသားတဲ့စိတ်နဲ့ ပျက်ကွက်ခဲ့ပါက ဒုက္ခရောက်တတ်ကြောင်းလဲ ပြောပြ ပါတယ်။

(မမြစိမ်းထံ၌ ဥပါယ်တံမျဉ်ဖြင့် ရွှေလက်ဝတ်တန်ဆာများ ငှားပြီး ပြန် မပေးသဖြင့် ရူးသွပ်သွားသူ အရက် သမားတစ်ယောက် အကြောင်းကို သီးသန့်ရေးသားပါဦးမယ်။)

ထိုနေ့က ကိုရင်ညြ စာရေးသူတို့ကို ကျွန်းအနှံ့ လိုက်ပို့ရုံမက မနက်စာနဲ့ ညစာကို ငါးတန်ဝမ်းပြင်သား၊ ရွှေတောင်ထမင်းတို့နဲ့ ဧည့်ခံကျွေးမွေး ပါတယ်။ စာရေးသူလဲ မြစိမ်းကျွန်းသား တို့ရဲ့ မေတ္တာစေတနာကို ဘယ်လို တုံ့ပြန်ကျေးဇူးဆပ်ရပါ့မလဲလို့ တွေးနေ မိပါတယ်။

* * *



ပန်းတောင်းရောက်တော့ ပန်းတောင်း မြို့နယ်(ယခင်) စာပေနဲ့ စာနယ်ဇင်း အဖွဲ့ဝင်တွေ ဖြစ်ကြတဲ့ ပန်းတောင်း နေမင်းထင်တို့ မောင်စံထူး(သရက်)တို့ မောင်တည်နိုင်(ပန်းတောင်း)တို့၊ စိမ်း စိုဦးတို့ကို သတိရလိုက်ပါတယ်။ ပန်း တောင်း လေ့လာရေးခရီးမှာ စာရေးသူ တို့ တစ်ဖွဲ့လုံးကို လိုလေသေးမရှိ ဧည့်ဝတ်ကျေခဲ့ကြတာကလား။

ဒီတစ်ခေါက်ကတော့ ဆရာ ရဲဇော် ရဲ့ တိုက်တွန်းဆွဲဆောင်မှု၊ အေးဆွေ (ပန်းတောင်း)ရဲ့ ဖိတ်ခေါ်မှုတွေကြောင့် လာရတယ် ဆိုပေမယ့် ကိုယ့်အစီအစဉ် နဲ့ကိုယ်လာရတာ ဖြစ်တဲ့အတွက် သူတို့ ဆီကို မရောက်နိုင်တော့ပါဘူး။ သူ တို့တွေကို လာရောက် မနှုတ်ဆက်နိုင် တဲ့အတွက် နောက်မှ တောင်းပန်ရမှာ ပါပဲ။

ဒါပေမယ့် မောင်စံထူး(သရက်)နဲ့ မောင်တည်နိုင်(ပန်းတောင်း)တို့ ပြော ခဲ့ကြတဲ့ ပန်းတောင်းသမိုင်းလေးကို တော့ သတိရလိုက်မိပါတယ်။

ပန်းတောင်းမြို့က ခုမှ ပေါ်လာတဲ့ မြို့မဟုတ်ပါဘူး။ ရှေးဟောင်းမြို့တစ်မြို့ ဖြစ်ပါတယ်။ သက္ကရာဇ် ၆၄၆ ခုနှစ်က နယ်လေးရပ် သတ်မှတ်ပြီး ဘုရား(၂၀)၊ ရွာပေါင်း(၇၁)ရွာ၊ သူကြီးပေါင်း(၆၅) ယောက်တို့နဲ့ စတင် တည်ထောင်ခဲ့တဲ့၊ မြို့စားနယ်စားမင်းတွေ အုပ်ချုပ်ခဲ့တဲ့ မြို့ ဖြစ်တယ်လို့ သိခဲ့ရပါတယ်။

ပန်းတောင်းမြို့ရယ်လို့ အမည်နာမ အထင်ကရ ဖြစ်တည်လာပုံကတော့ ဒီလိုပါ...

ပုဂံခေတ် နရသီဟပတေ့မင်းဟာ မွန်ဂိုတာတာတို့ရဲ့ ရန်ပြု ကျူးကျော်မှု ကြောင့် သားတော်အငယ်ဥဇနာ ရှိရာ ပုသိမ်မြို့ကို စုန်ဆင်းလာခဲ့ပါတယ်။ နရသီဟပတေ့မင်းနဲ့အတူ မိဖုရား မွှားစော၊ ပြည်စားသားတော် သီဟသူ လဲ လိုက်ပါလာခဲ့ပါတယ်။

မိုးကျလာတဲ့အခါမှာတော့ တာတာ တို့ ပြန်လည် ဆုတ်ခွာသွားတဲ့အတွက် နရသီဟပတေ့မင်းကြီးဟာ ပုဂံကို ဖောင်တော်နဲ့ ပြန်လည်ဆန်တက်ခဲ့ပါ တယ်။ အဲဒီအခါမှာ သားတော် ဥဇနာ က ပြည်စား သီဟသူက မင်းကြီးကို လုပ်ကြံမယ့် သတင်းရရှိတဲ့အတွက် မင်းကြီးကို လျှောက်ထားပြီး သံခြေချင်း ခတ်ယူဆောင်ခဲ့ကြပါတယ်။

ဒါပေမယ့် တစ်နေ့သော ညအခါမှာ သီဟသူ ထွက်ပြေးလွတ်မြောက်သွား ပြီး သူ စားရတဲ့ ပြည်မှာ ဖခင်ကို ပုန်ကန်ခြားနားဖို့ လူသူလက်နက် စု ဆောင်းပါတယ်။

မင်းကြီးလဲ ဖောင်တော်နဲ့ ဆန်တက် မြဲ တက်ခဲ့ပါတယ်။ အခု ပန်းတောင်း လို့ အမည်တွင်မယ့် မြို့ရောက်တော့ မင်းကြီးက ပြည်ကိုဝင်ဖို့ [illegible]

www.burmeseclassic.com

သီဟသူနဲ့ တွေ့ဖို့ မိဖုရားဖွားစောကို ပြောပါတယ်။ သီဟသူကလဲ ဖိတ်ခေါ်ပါတယ်။

ဒါပေမယ့် မိဖုရားဖွားစောက ပြည်ကို မဝင်သင့်ကြောင်း၊ သီဟသူဟာ ကောက်ကျစ်စဉ်းလဲမယ် ထင်ကြောင်း အမျိုးမျိုး တောင်းပန်လျှောက်ထားပါတယ်။ နရသီဟပတေ့လဲ မိဖုရားစကားကို၊ မိဖုရားတောင်းပန်တာကို မနာခံဘဲ ပြည်ကိုဝင်တဲ့အတွက် သီဟသူရဲ့ ပွဲတော်အုပ်မှာ အဆိပ်ခတ်ခြင်းကို ခံလိုက်ရပါတယ်။

မိဖုရားဖွားစောရဲ့ မင်းကြီးကို ပြည်ကို မဝင်သင့်ကြောင်း၊ မဝင့်ပါရန် အကြောင်း အမျိုးမျိုး **တိုးလျှိုးပန်ကြားတောင်းပန်သည်**ကို အကြောင်းပြုပြီး **"ပန်တောင်း"**လို့၊ **"ပန်တောင်းမြို့"**လို့ သမိုင်းတွင်လာကြောင်း၊ ပန်းတောင်းသမိုင်းနဲ့ ပတ်သက်ပြီး ပြောခဲ့ကြပါတယ်။ ***(အခြားမှတ်ကွဲလဲ ရှိပါသေးတယ်။)***

မှတ်လောက်သားလောက်တဲ့ ပန်းတောင်းသမိုင်းလေးပါ။ ဒါ့အပြင် ပန်းတောင်းဟာ တခြားသမိုင်းကြောင်း အမျိုးမျိုးနဲ့ ဆက်စပ်ပြီး ထင်ရှားတဲ့ မြို့လဲ ဖြစ်ပါတယ်။

အထူးသဖြင့်တော့ တန့်ကြည့်တောင်တို့၊ ဖိုးဦးတောင်တို့၊ အကွေ့တောင်,အကောက်တောင်တို့၊ ရွှေဘုံသာ,ငွေဘုံသာတို့၊ ပန်းတောင်းငါးမျက်နှာတို့ဆိုတဲ့ သမိုင်းကြောင်းတွေဟာ ထင်ရှားလှပါတယ်။ နောက်တစ်ခုက ပထမံပိဋကမိုရ်ဆရာကြီး ဘဘိုးဘိုးအောင်အကြောင်းကလဲ ပန်းတောင်းနဲ့ ဆက်စပ်လျက် မဟုတ်လား၊ နောက်ပြီး သိုက်နန်းရှင် မမြစိမ်း...



စာရေးသူ ဒီတစ်ခေါက် ပန်းတောင်းရောက်လာရတာက အဲဒီ ထင်ရှားတဲ့ ပန်းတောင်း သမိုင်းကြောင်းတွေထဲက တစ်ခုအပါအဝင်ဖြစ်တဲ့ သိုက်နန်းနဲ့ ပတ်သက်တဲ့ ဇာတ်လမ်းလေးတစ်ခု အတွက်ကြောင့်ဆိုရင်လဲ မမှားပါဘူး။

စာရေးဆရာ အေးဆွေ(ပန်းတောင်း)က ဘုရားပွဲကနေ ဖိုးဦးတောင်ပေါ်က လွမ်းစေတီလေးရောက်တော့ သူ ပြောပြမယ်ဆိုတဲ့ စာရေးသူ အလွန် သိချင်လှတဲ့ ဒီစာမူရဲ့အစမှာ ခေါင်းစဉ်းတပ်ထားတဲ့ **"ပန်းတောင်းမြေ လွမ်းစေတီဦးမှာလှ"** ဆိုတဲ့ ဇာတ်လမ်းလေးကို အောက်ပါအတိုင်း ပြောပြပါတယ်။

* * *

ဘုရားပွဲခင်းဆီက ဆိုင်းသံဗုံသံတွေက ညံနေကြ၏။ ဇာတ်ကြီးအဖွဲ့၊ အငြိမ့်အဖွဲ့၊ ရုပ်သေးအဖွဲ့ အစရှိသဖြင့် ဇာတ်ကစုံလှသည်။ ဘုရားပတ်ဝန်းကျင်နှင့် ပွဲခင်းတစ်ခုလုံး၊ စောင်းတန်းကြီးတစ်ခုလုံး လျှပ်စစ်မီးတို့ကလည်း ထိန်နေသည်။ ဘုရားဖူးရင်း လာရောက်ကြသည့် ရွှေပွဲလာပရိသတ်တို့ကလည်း ပွဲခင်းကြီးတစ်ခုလုံး ကြက်ပျံမကျစည်ကားလှသည်။ ဒီကြားထဲ ဈေးဆိုင်တန်းတွေကလည်း တသီတတန်းကြီး

အပြည့်။

အချိန်က ည(၉)နာရီလောက် ရှိ... ပြီ။ သို့သော် ရွှေပွဲလာတွေကမ... ကမ္ဘတို့၊ ကြံခင်းတို့၊ ပြည်တို့က... လာကြသည်။ ဒီပွဲက မြို့န... ကျေးရွာ၊ ရပ်ကွက်... ပင်မက အနယ်န... အရပ်ရပ်ကပင် လာကြသောပွဲဖြစ်...

ဒီပွဲကို နှစ်တိုင်း မပျက်မကွက် ... ကတော့ ပန်းတောင်းမြို့နယ် ဥသျှစ်... မှ ပြည်ကောလိပ်၌ ပညာသင်ကြ... လျက်ရှိသော မောင်မြဝင်းဖြစ်သည်... ပြည်ကောလိပ် မရောက်ခင်ကတော... ဥသျှစ်ပင်နှင့် ပန်းတောင်း၊ ဖိုးဦးတော... က မဝေးလှသည့်အတွက် မထော... တာလှသော်လည်း ကောလိပ်ကျောင်း... သားကြီး ဖြစ်လာသည့်အခါတွင်တော... ဘုရားပွဲကို ရောက်ဖို့ အတော်ကြိုးစား... သည်။

ပြည်နှင့် ပန်းတောင်းက တစ်... ကမ်းဆီဆိုတော့ သွားလာဖို့ မလွယ်... ရေတစ်တန်၊ ကုန်းတစ်တန်နှင့်။

သို့သော် ဒီပွဲကို မရောက်လို့ကတော့... မဖြစ် ဒီပွဲမှာ သူ့ကို စောင့်နေ... မစိမ်းလဲလဲ့က ရှိနေသည် မဟုတ်လား... သူသာ ရောက်မသွားလျှင် စိမ်းလဲ့... တစ်ယောက် မျှော်တော်ဇောနှင့် ... ရင်း ဝမ်းနည်းနေရှာရော့မည်။ မနှစ်... သူ ရောက်တာ နောက်ကျသွားသ... အတွက် သူ့ကို မျှော်နေသည့် စိမ်းလဲ့... ဘယ်လိုချော့ချော့ မရဘဲ တစ်ည... ငိုရှာသည်။

သူသာ ရောက်မသွားလျှင် စိမ်း... လဲ့က သူ့ကို လွမ်းသည့်စိတ်ဖြင့် န... ကွဲ၍ သေနိုင်ကြောင်း ပြောတော... စိတ်မကောင်း သူ့ရင်ထဲ ဆို့သွား... သူတို့နှစ်ယောက်ကလည်း ယ... ဘုရားပွဲရှိမှသာ ဆုံကြ၏။



www.burmeseclassic.com

www.burmeseclassic.com

စိမ်းလဲ့လဲ့က သူ၌ မိဘများ မရှိတော့ဘဲ အစ်ကိုကြီးနှင့် နေရကြောင်း၊ အစ်ကိုကြီးက စည်းကမ်းကြီးကြောင်း၊ သူ့ကို ယခုလို ဘုရားပွဲရောက်မှသာ အပြင်ထွက်ခွင့်ပြုကြောင်း၊ ကျန်အချိန်များ၌ အရေးပေါ် အကြောင်းကိစ္စမရှိဘဲ အပြင်ထွက်ခွင့်မပြုကြောင်း ဝမ်းနည်းပန်းနည်း ပြောပြရှာသည်။

စိမ်းလဲ့လဲ့၏ စကားလေးများကို နားထောင်ရင်း မောင်မြဝင်းက သနားပြီး စိတ်မကောင်းဖြစ်ရ၏။

'ကိုယ်နဲ့ အပြီးနေပါတော့လား စိမ်းရယ်၊ ကိုယ်လဲ စိမ်းကို ခွဲမနေနိုင်တော့ဘူးကွာ။ စိမ်းနဲ့ ကွဲကွာနေတဲ့ ရက်တွေဟာ ကိုယ့်အတွက် ငရဲခံနေရသလိုပါပဲ။ အရမ်း ခံစားရပါတယ်'

မောင်မြဝင်းကပြောတော့ စိမ်းလဲ့လဲ့က မောင်မြဝင်းကို ဝိုင်းစက် အိရွှန်းနေသည့် မျက်လုံးလေးနှင့်ကြည့်ရင်း…

'မဖြစ်နိုင်သေးလို့ပါရှင်… စိမ်းလဲကိုလိုပါပဲ။ ကိုနဲ့ စိမ်း တွေ့ရတဲ့ အခွင့်အရေးက တစ်နှစ်မှ တစ်ခါပဲဆိုတော့ အဲဒီ အခွင့်အရေးလေးရဖို့ စိမ်းနဲ့ကိုတို့ အကြာကြီး စောင့်နေရတာ ဘယ်နေချင်ပါ့မလဲ။ ဒါပေမယ့် အခြေအနေက မပေးသေးဘူး ကိုရယ်'

မပွင့်တပွင့်လေးဖြင့် စိတ်မကောင်းစွာ တိုးတိုးညင်းညင်းလေး ပြောသည်။

'ဘာလို့ မဖြစ်နိုင်ရမှာလဲ စိမ်းရယ်၊ တို့ချင်း ထာဝရလက်တွဲနိုင်ဖို့က အဓိကပါ'

မောင်မြဝင်းကပြောတော့ စိမ်းလဲ့လဲ့က ရီဝေသော မျက်လုံးကြီးများနှင့် ဟိုးအဝေးကြီးကို ငေးမောကြည့်ရင်း ခေါင်းလေးကို ခါယမ်းလိုက်၏။ ထို့နောက် တစ်စုံတစ်ရာကို ပြောသင့်မပြောသင့် ချိန်ဆရင်း သက်ပြင်းလေးကို မသိမသာ မှုတ်ထုတ်လိုက်ပြီး…



'နောက်တော့လဲ ကို သိလာမှာပါလေ'

ဟု ဆုတ်ဆိုင်းဆိုင်းလေး ပြောလိုက်လေ၏။

'ကိုရယ် လောလောဆယ်တော့ ခုလို ပွဲတော်ရက်ရောက်တိုင်း စိမ်းနဲ့ ကိုတို့ ဒီစေတီလေးမှာ အမြဲ ဆုံကြရအောင်နော်၊ စိမ်း အမြဲစောင့်နေမယ်'

ဟု ဆက်ပြောလိုက်သည်။

မောင်မြဝင်းကတော့ စိမ်းလဲ့လဲ့ ပြောနေသည့် စကား၏ အဓိပ္ပာယ်ကို နားမလည်သော်လည်း ခေါင်းလေး ညိတ်လိုက်ရင်း နောက်တစ်နှစ် ပြန်လည်ဆုံတွေ့ကြမည့် ရက်ကိုသာ တွေးနေမိလိုက်၏။

* * *

သူနှင့် စိမ်းလဲ့လဲ့ တွေ့ခဲ့ကြသည်က ကြာပေပြီ။

သူ ရှင်လူထွက်စ (၁၈)နှစ်သား အရွယ်ကပင်ဖြစ်၏။ ရှင်လူထွက်ပြီးပြီးချင်း တပို့တွဲလပြည့်နေ့တိုင်း ကျင်းပလေ့ရှိသည့် ဖိုးဦးတောင်ဘုရားပွဲသို့ အပေါင်းအဖော်များနှင့် လာခဲ့ကြ၏။

အပေါင်းအသင်း သူငယ်ချင်းအားလုံးက အတန်းတူတွေဖြစ်သည်။ ဘ.က ပညာရေးစနစ်ဖြင့် ဆရာတော်ဦးစီးဖွင့်လှစ်သော ကျောင်းတွင် တက်ရောက်ပြီး ပညာသင်ကြားနေကြသူတွေ။

ဆရာတော်က စာမေးပွဲရက် မတိုင်မီ တပို့တွဲလပြည့်နေ့တိုင်း ကျင်းပလေ့ရှိသော ဘုရားပွဲသို့ ဦးနှောက်ဆေးသည့်သဘောဖြင့် လွှတ်နေကျ။ ထိုနေ့ရောက်တိုင်း သူတို့အားလုံး လွတ်လပ်ပျော်ရွှင်ကြသည်။ စာသင်ခန်းထဲမှာ အချိန်ကုန်ခဲ့ကြရသမျှ အတိုးချပျော်ကြ၏။

သို့သော် မောင်မြဝင်းကတော့ ထိုသို့မဟုတ် တည်တည်ငြိမ်ငြိမ်သမား။ ဘုရားပွဲတော်ရက်ရောက်တိုင်း စေတီလေးကို တစ်ယောက်တည်းဖူးသည်။ အခြား သူငယ်ချင်းတွေလို ပေါးလားဝါးလား မနေ။ ယခုလည်း ပွဲရောက်သည်နှင့် စေတီလေးဆီ တက်ခဲ့၏။ စေတီလေးမှာလည်း သူ့လို လူတွေ အပြည့်။

စေတီအထက်မှာ သူနှင့် စိမ်းလဲ့လဲ့တို့ ဆုံခဲ့ကြသည်။

တွေ့တွေ့ချင်း နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် ကြည့်ရင်း ရင်းနှီးခဲ့ကြသူတွေလို စိတ်ထဲမှာ ခံစားရ၏။ သို့ကြောင့် ခပ်ကြာကြာလေး စိုက်ကြည့်မိရင်း တွေးနေလိုက်သည်။ စိတ်ထဲမှာ ရင်းနှီးပြီး တစ်နေရာရာမှာ ဆုံခဲ့ကြဖူးသလိုလို ထင်သော်လည်း စဉ်းစား၍မရ။

စဉ်းစား၍ မရနိုင်သည့်အဆုံး ဘုရားပေါ် ဆက်တက်ရန် လုပ်သည်။ ထိုခဏတွင်ပင် အမျိုးသမီးငယ်က ခြေချော်လဲသွားသဖြင့် သူက ကပျာကယာ ဆွဲထူဖက်ထားလိုက်မိ၏။

---

ရှေ့လ ဆက်ဖတ်ပါရန်

**ကောင်းမြတ်**



www.burmeseclassic.com

www.burmeseclassic.com

သိုလေးငယ်
(လယ်တော်)

ကျွန်တော်နှင့် ထူးဆန်းသော

# ခရုကြီး



လွန်ခဲ့သော (၁)နှစ်ကျော်ကာလက ဖြစ်ပါသည်။

ကျွန်တော်သည် ရွာအတွင်းရှိ အဘိုးငွေ၏ အသုဘသို့ သွားရောက်ခဲ့ပါသည်။ အဘိုးငွေသည်ကား ရှေးမီနောက်မီ လူကြီးဖြစ်၍ အသုဘ၌ လူအတော် များပါသည်။

အဘိုးငွေက ကျွန်တော်တို့ရွာတွင် အသက်အကြီးဆုံး ဖြစ်သည်။ ကွယ်လွန်ချိန်၌ အသက်(၉၃)နှစ်အရွယ်ရှိပြီ ဖြစ်သည်။ ဇနီးသည် ဒေါ်နန်းအဲနှင့် အတူနေထိုင်ပြီး သားသမီး မထွန်းကားခဲ့ပေ။

အဘိုးငွေမှာ ရှမ်းတိုင်းရင်းသားတစ်ဦး ဖြစ်ပြီး တိုင်းရင်းဆေးပညာ၌ လွန်စွာ ကျွမ်းကျင်သူတစ်ဦး ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့ ရွာသူရွာသားများ အားလုံးအဖို့ ရောဂါတစ်ခုခု ဖြစ်တိုင်း အဘိုးငွေကိုသာ အားကိုးခဲ့ကြပါသည်။

အဘိုးငွေက ရွာမှ လူများကို ဆေးကုပေးရာ၌ အခကြေးငွေ မယူတတ်ပေ။ စေတနာအလျောက် ပေးကမ်းသော အရာများကိုသာ ယူတတ်သည်။ အဘိုးငွေသည် တိုင်းရင်းဆေးပညာ၌ တော်ရုံသာမက ပယောဂများကိုပင် ပျောက်ကင်းအောင် ကုသနိုင်သူ ဖြစ်သည်။

ဘာသာတရား ကိုင်းရှိုင်းပြီး စေတနာကောင်းလှသော အဘိုးငွေကို ကျွန်တော်တို့ ရွာသူရွာသားများအားလုံးက ချစ်ခင်လေးစားကြပါသည်။

ဤသို့ တစ်ရွာလုံးက အားကိုးလေးစားရသော အဘိုးငွေ ဆုံးသွား၍ ကျွန်တော်တို့တစ်ရွာလုံး မည်သူမှ စိတ်မကောင်းနိုင်ကြပါ။ သို့ပါသော်လည်း အဘိုးငွေသည်
(၉၃)နှစ်အရွယ်ထိ ကျန်းမာ
နေထိုင်သွားနိုင်ခဲ့ပါသည်။

အဘိုးငွေအား မွန်းလွဲ(၁)နာရီအ
၌ ကျေးရွာသင်္ချိုင်းတွင် သဂြိုဟ်
ကျွန်တော်တို့ ရွာကာလသားအဖွဲ့
ရွာမှ လူကြီးတချို့က နာရေးကိစ္စ
ရန် အသုဘအိမ်သို့သာ ပြန်ခဲ့ကြ
သည်။

ကျွန်တော်တို့အဖွဲ့ နာရေး
တိုင်ပင်နေကြစဉ် အဘိုးငွေ၏
ဒေါ်နန်းအဲမှ ကျွန်တော်တို့အ
လက်ဖက်ပွဲနှင့် ရေနွေးကြမ်း လာ
ရင်း အဘိုးငွေ ဖော်စပ်ခဲ့သော ဆေး



www.burmeseclassic.com

www.burmeseclassic.com



များကို ကုသိုလ်အဖြစ် ဝေငှပေးသည်။

ထို့နောက် အဘိုးငွေ ထားခဲ့သော ဆေးဖော်စပ်နည်း ကျမ်းစာအုပ်နှင့် ဆေးဖော်စပ်ရာတွင် သုံးသော ပစ္စည်း တချို့ကို ကျွန်တော်တို့ အဖွဲ့အားပြ၏။ ထို့နောက် ဆေးကျမ်းစာအုပ်မှလွဲ၍ ကျန်ပစ္စည်းများကို လိုချင်သူများ အတွက် ပေးပြန်သည်။

ထိုအထဲတွင် လက်သီးဆုပ်လောက် အရွယ်ရှိသော ခရုကြီးကို ကျွန်တော် သတိပြုမိခဲ့သည်။ ထို့နောက် ထိုခရုကြီးအား အသေအချာကိုင်ကြည့်သော အခါ ခရုကြီးမှာ နီညိုရောင်ရှိပြီး အရောင်တောက်နေသောကြောင့် လွန်စွာ လှပသည်။ ကျွန်တော်ထို ခရုကြီးအား လိုချင်သဖြင့် ဒေါ်နန်းအဲဆီ တောင်းကြည့်ခဲ့သည်။

'ဒေါ်နန်းအဲ ကျွန်တော့်ကို ဒီခရုကြီး ပေးနိုင်မလားဗျ'

ဒေါ်နန်းအဲက ခရုကို ကြည့်ပြီး…

'အင်း လိုချင်ရင်တော့ယူပါ။ ဒါပေမယ့် ဒီခရုကို ဒီအတိုင်းထားလို့တော့မရဘူး။ ခွက်တစ်ခွက်ထဲ ရေထည့်ပြီး ရေထဲ စိမ်ထားရတယ်။ မင်းတို့အဘိုးတော့ ဒီလိုပဲ ထားတာပဲ'

'ဩော် ဟုတ်ကဲ့ ခင်ဗျာ'

ကျွန်တော် ထိုခရုကြီးအား မည်သည့်နေရာတွင် အသုံးချရကြောင်း မေးကြည့်ခဲ့ပြန်သည်။

'ဒါနဲ့ ဒေါ်နန်းအဲ ဒီခရုကို ဘယ်လို အသုံးချရမလဲဗျ'

'ဒီခရုက အနာတွေပေါက်ရင် ခရုခွံကို သွေးပြီး ထွက်လာတဲ့ သတ္တုရည်ကို လိမ်းပေးရင် ချက်ချင်းပျောက်တယ်။ နောက် ဆီးကိုက်တာ ဆီးအောင့်တာတွေလဲ ဆီးခုံပေါ် သွေးလိမ်းပေးရင် အမြစ်ပြတ် ပျောက်တယ်တဲ့။ မင်းအဘိုးငွေကတော့ တော်တော်လေး အစွမ်းထက် အသုံးဝင်တယ်လို့ ပြောဖူးတာပဲ'

ထို့ကြောင့် ကျွန်တော် ထိုခရုအား သဘောကျသွားပြီး အိမ်သို့ ယူဆောင်လာခဲ့ပါတော့သည်။

အိမ်သို့ရောက်သောအခါ ထိုခရုကြီးကို ဒေါ်နန်းအဲ ပြောသလို ခွက်တစ်ခွက်ထဲ ရေထည့်ပြီး ရေစိမ်၍ ထားထားသည်။

ထူးခြားသည်မှာ ထိုသို့ ရေစိမ်ထားပြီး (၇)ရက် (၁)ပတ်လောက် အကြာတွင် ခရုစိမ်ထားသောရေမှာ တစ်ဝက်လောက်ခန်းသွားသောကြောင့် နောက်ထပ် ရေအသစ် လဲပေးလိုက်ရသည်။ ထို့ပြင် ထိုခရုကြီး၏ အနံ့မှာ ရေထဲက ခရုအရှင်များကဲ့သို့ ညှီစော်နံ့၏။

အနာပေါက်ခြင်းနှင့် ဆီးအောင့်၊ ဆီးကိုက်ဝေဒနာများအတွက် လက်တွေ့ အသုံးချကြည့်ရာတွင် ပျောက်ကင်းကြောင်း တွေ့ရှိခဲ့ရပါသည်။

ဤသို့ဖြင့် ထိုထူးဆန်းသော ခရုကြီး အိမ်သို့ ရောက်လာပြီး (၁)လလောက် အကြာတွင် ဖြစ်သည်။

ကျွန်တော်တို့ မိသားစုမှာ မကြာခဏ ဆိုသလို ခိုက်ရန်ဖြစ်ပွားရသည်။ ထို့ပြင် အိမ်သားများအားလုံးလိုလို နေထိုင်မကောင်း ဖြစ်ခဲ့သည်။ အပြင်းဖျား ဖျားနာခြင်းမျိုးမဟုတ်ဘဲ တငွေ့ငွေ့ဖျားကာ မပျောက်ကင်းနိုင်ဘဲ ရှိနေကြသည်။ ထို့ပြင် အိမ်၌ လာဘ်လာဘ များလည်း တဖြည်းဖြည်း ပိတ်လာခဲ့သည်။

ရရှိမည့်ငွေများ မရသည့်အပြင် အိမ်၏ စီးပွားရေး အခြေအနေမှာ တဖြည်းဖြည်း မသိမသာ ဆုတ်ယုတ်လာခဲ့သည်။ မိသားစုအားလုံးမှာလည်း ပျော်ရွှင်စွာ မနေနိုင်ကြတော့ဘဲ စိတ်ညစ်စရာတွေသာ တစ်ခုပြီးတစ်ခု ဆိုသလို အိမ်သို့ ရောက်ရှိလာခဲ့သည်။

ဤသို့ဖြင့် အချိန်ကြာလာသောအခါ ကျွန်တော် ထိုခရုကြီးအား သတိထားမိလာခဲ့သည်။ ထို့နောက် အသေအချာ ပြန်လည် သုံးသပ်ကြည့်သောအခါ ကျွန်တော်တို့မိသားစု အဆင်မပြေဖြစ်နေသည်မှာ ထိုခရု အိမ်သို့ ရောက်လာပြီး နောက်ပိုင်းတွင် ဖြစ်နေသည်။

ဤသို့ဖြင့် ထိုခရုကြီးအား သိရှိနားလည်သူများနှင့် ပြသကြည့်ခဲ့သည်။ လူအများကလည်း ထိုခရုကြီးမှ အစွမ်းထက် ဆေးဖက်ဝင်ကြောင်းကိုသာ သိကြသော်လည်း ယခုလို ကျွန်တော်တို့ မိသားစု ကြုံတွေ့နေရသည့်ပုံစံမျိုး ဖြစ်တတ်သည်ကိုတော့ မည်သူမှ ရှင်းလင်းချက် မပေးနိုင်ခဲ့ကြပေ။

ထို့ကြောင့် ကျွန်တော်တို့ မိသားစုမှာလည်း ခရုကြီးအား လွှင့်ပစ်လိုက်မည် ဆိုသော်လည်း ဆေးစွမ်းထက်၍ နှမြောလှသည်။ အိမ်မှာ ဆက်ထားမည် ဆိုသော်လည်း ယခုလို ခရုကြီးက ခိုက်နေသလို ဖြစ်နေ၍ အိမ်၌လည်း ဆက်မထားရဲတော့ပေ။

ဤသို့ ဆုပ်လည်းစူး၊ စားလည်းရှူး ဖြစ်နေသည့်အချိန်၌ ဂမ္ဘီရပစ္စည်းများကို လေ့လာနေသူတစ်ဦးနှင့် တွေ့ရှိခဲ့သည်။

ထို့ကြောင့် ထိုသူအား အိမ်သို့ ခေါ်လာပြီး ထိုခရုကြီးကို ပြသကြည့်သော အခါ ထိုသူက…

'အင်းဒီခရုကြီးက ဆေးစွမ်းထက် [illegible]



www.burmeseclassic.com

www.burmeseclassic.com

အမှန်ပဲ။ ဒါပေမယ့် အခုလို အိမ်မှာထားရင်တော့ လာဘ်ပိတ်တတ်တယ်'

ထိုသူ၏ စကားကြောင့် ကျွန်တော် လွန်စွာ အံ့သြသွားပြီး မည်သည့်နေရာတွင် ထားရကြောင်းကို သိလိုဇောဖြင့် မဆိုင်းမတွ မေးလိုက်မိသည်။

'ဒါဆို ဒီခရုကို ဘယ်မှာ ထားရမှာလဲ ခင်ဗျ'

'အင်း ဒီခရုကြီးကို အိမ်ရဲ့အနောက်ဘက် အရပ် ခြံစည်းရိုးထဲမှာ မြှုပ်နှံထားရမယ်။ အဲဒီလို မြှုပ်နှံရင်လဲ ဘူးတစ်ခုထဲ ရေထည့်ပြီး ဒီခရုကိုထည့်၊ မြှုပ်ဖို့အတွက် ကျင်းကိုလဲ သပ်သပ်ရပ်ရပ်တူးပြီး မြှုပ်ရမယ်။ ဒါဆိုရင် အိမ်အတွက် အစောင့်အရှောက်ရတဲ့အပြင် ဆေးအသုံးလိုတဲ့အခါ ပြန်တူးဖော်ပြီး သုံးရင်လဲ ရတာပေါ့'

ကျွန်တော် ခရုကြီးအား ထားသိုပုံကို သိခဲ့ရပြီး အိမ်အတွက် မည်သို့ အစောင့်အရှောက်ရမည်ကို နားမလည်သဖြင့် မေးကြည့်ခဲ့သည်။ ထိုအခါ ထိုသူက...

'အိမ်အတွက် အစောင့်အရှောက် ဆိုမှတော့ အိမ်ကို သူခိုး ဓားပြ မကပ်နိုင်ဘူး။ မီးကွင်းနိုင်တယ် စတဲ့ အကျိုးကျေးဇူးတွေပေါ့'

'ဩော် ဟုတ်ကဲ့ခင်ဗျ'

ထို့နောက် ထိုသူမှာ ကျွန်တော့်ထံမှ ထိုထူးဆန်းသော ခရုကြီးကို တောင်းယူခဲ့သော်လည်း ကျွန်တော် မရောင်းပါ။ ထို့နောက် အသုံးလိုပါက လာရောက်ငှားရမ်းနိုင်ပါကြောင်း ပြောခဲ့သည်။

ဤသို့ဖြင့် ထိုနေ့မှစပြီး ထိုခရုကြီးအား ထိုသူပြောသလို အိမ်၏အနောက်ဘက် ခြံစည်းရိုးတွင် မြှုပ်နှံခဲ့သည်။

ထူးခြားသည်မှာ ထိုခရုကြီး မြှုပ်နှံလိုက်သည့်နေ့မှစပြီး ကျွန်တော်တို့အိမ်မှာ ယခင်လို လာဘ်လာဘများ ပြန်လည်ကောင်းမွန်လာသည့်အပြင် ကျန်းမာရေးများလည်း ပြန်လည် ကောင်းမွန်လာခဲ့သည်။ သို့ပါ၍ မိသားစု ယခ... ပျော်ပျော်ရွှင်ရွှင် နေထိုင်လာနိုင်ခဲ့... မှာ ယနေ့ထိပင် ဖြစ်ပါသည်။

ထိုထူးဆန်းသော ခရုကြီးမှာ ယ... ထိ ကျွန်တော်တို့အိမ်၏ အနော... ဘက် ခြံစည်းရိုးထဲတွင် ရှိ... ဆေးအသုံးလိုပါက ပြန်လည်တူးဖော်... အသုံးချလျက် ရှိပါသည်။

**(လေ့လာလိုသူ စာရှုသူ သူ... သီများအနေဖြင့် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှတစ်ဆင့် စာရေးသူ... ဆက်သွယ်နိုင်ကြပါသည်။)**

*ပညာအလင်းဖြင့် အမှောင်ခွင်းနိုင်... ပါစေ။*

**ညီလေးငယ်(လယ်တော်)**

---

စာမျက်နှာ (၂၄၀)မှ အဆက်



နောက် စောအယ်ကော် တက်သွားသည်။ တောက်တဲ့ဝင်သွားသော သစ်ခေါင်းရှိရာ အကိုင်းကို ခုတ်ပြန်သည်။ "ဒုတ်"၊ "ဒုတ်"၊ "ဒုတ်"နှင့်အတူ "ပရ"၊ "ပရ"၊ "ပရ" ဟူသော သစ်ပင်ပြိုလဲတော့မည့်အသံကို ကြားရသည်။

အောက်က နှစ်ယောက်ကို မေး ကြည့်သောအခါ "ဘာမှ မကြားရပါ"ဟူ၏။ ထို့နောက် ဆက်ခုတ်သည် "ပရ"၊ "ပရ"၊ "ဂျွတ်"၊ "ဂျွတ်"ဟူသော သစ်ပင်ကျိုးကျပြိုလဲတော့မည့်အသံကို ကြားရပြန်၍ မခုတ်ရဲတော့ဘဲ ဆင်းလာခဲ့သည်။

စောအယ်ထီးသည် စောအယ်ကော်မျက်နှာကို ကြည့်ပြီး ပြုံးစိစိဖြစ်ကာ **"ခုမှ ယုံပြီလား"**ဟူသော သဘော။

ထို့နောက် စောအယ်မူး တက်သွားသည်။ အရင်လူနှစ်ယောက် ခုတ်သွားသော သစ်ကိုင်းကို ထပ်မံခုတ်၏။ "ဒုတ်"၊ "ဒုတ်"၊ "ဒုတ်"နှင့်အတူ "ပရ"၊ "ပရ"၊ "ပရ"၊ "ဂျွတ်" ဟူသော သစ်ပင်အောက်က အသံကို ကြားရသည်။ အောက်က နှစ်ယောက်ကို မေးကြည့်တော့လည်း ဘာမှ မကြားရပါဟူသော ပေးနေကျ အဖြေကိုပင်ရသည်။

သို့နှင့် ဆက်ခုတ်ရာ ခုပဲ ပြိုလဲတော့မည့် အသံလိုလို ကြားရပြန်သဖြင့် ချက်ချင်းပင် ပြန်ဆင်းလာခဲ့သည်။

သုံးယောက်သား အဖြေကိုယ်စီ တူညီကြတော့သည်။ ဒီသစ်ပင်ကို **"နတ်သစ်ပင်လေလား"**ဟု သူတို့ စိတ်ထဲက သတ်မှတ်လိုက်ကြတော့သည်။


*(စောမောင်အုန်းသို့ အမှတ်တရ...)*

**မောင်လေးကေ(ဘီးလင်း)**



www.burmeseclassic.com

www.burmeseclassic.com



# ကာလီမယ်တော်ကြီး နှင့်

မေမိုးမြင့်ပန်း (ဘဏ်)

## ကျွန်မ၏ ထူးဆန်းသောအိပ်မက်

လွန်ခဲ့သော (၁၀)နှစ်ခန့်က မြန်မာ့စီးပွားရေးဘဏ်တွင် (တောင်ပေါ်မြို့လေး၌) ကျွန်မ တာဝန်ထမ်းဆောင်ခဲ့စဉ် ကာလတစ်ခု၌ အငြိမ်းစားလစာများကို လစဉ် လာရောက်ထုတ်ယူနေသော ဗုဒ္ဓဘာသာဝင် ဟိန္ဒူလူမျိုး ပုဂ္ဂိုလ်ထူးတစ်ဦးနှင့် ခင်မင်ရင်းနှီးစွာ မိတ်ဆွေ ဖြစ်ခဲ့ပါသည်။

ထိုပုဂ္ဂိုလ်ကြီးသည် တပ်မတော်မှ အငြိမ်းစားယူပြီး ကျင့်ကြံအားထုတ်နေသော သူတော်စင်ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်ကြောင်း သိရှိခဲ့ရပါသည်။

ဝတ်ဖြူစင်ကြယ်ကိုသာ အမြဲဝတ်လေ့ရှိပြီး ယင်းပုဂ္ဂိုလ်ကြီးနှင့် ရင်းနှီးသူများက "**ဘာဘာကြီး**" ဟု ခေါ်ကြပါသည်။

ပင်စင်လစာငွေများ ထုတ်ပေးသော နေ့တစ်နေ့တွင် ဘာဘာကြီးက ကျွန်မအား...

'ငါ့သမီး ဘယ်နေရာမှာပဲ ဖြစ်ဖြစ် အတိုက်အခံ အနှောင့်အယှက်များ ရှိခဲ့ရင် "ဥုံနမော ယှိဝ်ါ"ဆိုတဲ့ ဂါထာကို ရွတ်ဖတ်ပါ'

ဟု ဆို၍ ထိုဂါထာကို ပေးခဲ့ပါသည်။ **(ဂါထာ၏ အနက်အဓိပ္ပာယ်ကိုကား သိရှိခွင့် မရခဲ့သော်သည်း**





www.burmeseclassic.com

www.burmeseclassic.com



**ကျွန်မ သတိရတိုင်း ရွတ်ဆိုခဲ့ရာ အစစအရာရာ အဆင်ပြေ ချောမွေ့စေခဲ့သည်ဟု ယုံကြည်မိပါသည်။)**

ဆက်လက်၍ ဘာဘာကြီးက...

'ဖို့သမီးကို ဟိန္ဒူနတ်တွေ စောင့်ရှောက်နေတယ်။ ဘာမှ မကြောက်နဲ့နော်'

ဟု ထူးခြားသော စကားတစ်ခွန်းကိုလည်း မှတ်မှတ်ရရ ပြောခဲ့ပါသည်။

မကြာမီ ညတစ်ညတွင် ကျွန်မ ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်ခဲ့ပါသည်။ အိပ်ရာမဝင်မီ ကျွန်မ ဘုရားရှိခိုး၍ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ မေတ္တာကမ္မဋ္ဌာန်းများ စီးဖြန်းခြင်း၊ ဂုဏ်တော်ပုတီးစိပ်ခြင်းနှင့် ဝိပဿနာတရား အားထုတ်ခြင်း စသော စရဏာကျင့်စဉ်များကို နိစ္စဓူဝ ကျင့်ကြံအားထုတ်ပြီးမှ အိပ်ရာဝင်လေ့ရှိပါသည်။

လူတိုင်းလူတိုင်းတွင် အိပ်မက် အမျိုးမျိုးမက်လေ့ရှိကြရာ သွေးလေချောက်ချား၍ မက်ခြင်း၊ တစ်ခါတစ်ရံ အစာမကြေ၍ မက်ခြင်း စသည်တို့အပြင် စိတ်၏ စွဲလမ်းမှုကြောင့် မက်ခြင်း စသော အိပ်မက်အမျိုးမျိုးကို မြင်မက်လေ့ ရှိကြပါသည်။

"အိပ်မက် မက်တာ မဆန်းပါဘူး" ဟု ဆိုကြသော်လည်း တစ်ခါတစ်ရံ အိပ်မက်နိမိတ်အတိုင်း ကြိုတင်ထင်မြင်တတ်ပြီး ထူးခြားဆန်းကြယ်စွာ တွေ့ကြုံရတတ်ပါသည်။

ထူးဆန်းသော အိပ်မက်များမှာ ပဟေဠိဆန်သော အိပ်မက်များ၊ ဂမ္ဘီရဆန်သော အိပ်မက်များနှင့် နတ်ကောင်းနတ်မြတ်များမှ ပေးသော အိပ်မက်များအပြင် ကမ္ဘာ့ဗိဒ္ဓိတန်ခိုးရှင်များနှင့် ရက္ခစိုးနတ်မင်းများမှပေးသော အိပ်မက်များနှင့် တစ်ခါတစ်ရံ မြို့စောင့်နတ်၊ ရွာစောင့်နတ်များမှ ပေးသော အိပ်မက်များပင် ဖြစ်တတ်ပါသည်။

ကြိုတင်နိမိတ်ပေးသော ထူးဆန်းသော အိပ်မက်များနှင့် လူတို့၏ မမြင်နိုင်သော စိတ်စွမ်းအင် မနောဓာတ်တစ်မျိုးလည်းဖြစ်ကြောင်း လေ့လာမှတ်သား ရပါသည်။

ဤကဲ့သို့ ထူးဆန်းသော အိပ်မက်များအနက် ကျွန်မ၏ ထူးခြားအာရုံ အိပ်မက်ပုံကား ကျွန်မ၏ မျက်စိအာရုံထဲတွင် ပျောက်ပျက်၍ မသွားဘဲ "တီဗွီ"ဖန်သားပြင်ပေါ်၌ ကြည်လင်ပြတ်သားစွာ မြင်တွေ့ရသကဲ့သို့ စွဲမြဲစွာ ထင်ကျန်ရစ်ပါသည်။

အိပ်မက်ထဲတွင် မယ်တော်ကြီးတစ်ပါးသည် ကျွန်မ အိပ်ရာအနီးသို့ ရောက်ရှိလာခဲ့ပြီး ကရုဏာမျက်လုံးများဖြင့် အတန်ကြာအောင် ရပ်ကြည့်နေခဲ့ပါသည်။

ကျွန်မ အိပ်ရာမှ ရုတ်တရက်ထ၍ ကြည့်လိုက်မိရာ ပျောက်ကွယ်သွားခဲ့ပါသည်။ အိပ်မက်ဟု ဆိုရသော်လည်း မယ်တော်ကြီးအား ကျွန်မ၏ အနီးတွင် အမှန်တကယ် တွေ့မြင်ရသလို ခံစားရပါသည်။

မည်သို့ပင်ဖြစ်စေ ကျွန်မစိတ်ထဲတွင် ကြောက်ရွံ့ထိတ်လန့်စိတ်များ မရှိခဲ့သည်မှာ အမှန်ပင်ဖြစ်ပြီး စိတ်လက်ပေါ့ပါးစွာ အိပ်ပျက်ခဲ့ပါသည်။

နောက်တစ်နေ့ နံနက်တွင် ကျွန်မ ဈေးသို့ သွားရာလမ်း၌ ခေါင်းလောင်း ထိုးသံ တလွင်လွင် ကြားနေရသော ဟိန္ဒူဘုရားကျောင်းတစ်ခု ဖြစ်သော "သျှရီကာရစ်သျှဇွနား" ဘုရားကျောင်း အတွင်းသို့ မရည်ရွယ်ဘဲ စိတ်အား ထက်သန်စွာ ဝင်ရောက်မိခဲ့ပါသည်။

ဘုရားကျောင်းအတွင်း၌ လူတ ခေါင်းလောင်းထိုး၍ ဝတ်ပြုနေ သည့် ပုံတော်များကို တွေ့မြင်ရ ဝတ်ပြုနေကြသည့် ပုံတော်များအနက် မယ်တော်ကြီးပုံတော်တစ်ခု အနီး ကျွန်မ အမှတ်မထင် ရောက်ရှိသွား ရာ ကျွန်မ၏ မျက်စိကို မယုံနိုင်လော အောင် အံ့ဩမိပါတော့သည်။

ကျွန်မ တွေ့မြင်ခဲ့ရသော မယ်တော် ကြီးမှာ "**ကြေးစန္ဒီနတ်သမီး ကာ မယ်တော်ကြီး**" ဖြစ်သည်ဟု မ လင့်ဘဲ ရှိခဲ့ရသည်။

ထို့ပြင် ကျွန်မ အိပ်မက်ထဲ တွေ့ရှိခဲ့ရသော ကရုဏာမျက်လုံး ရှင် မယ်တော်ကြီး ဖြစ်နေသည် ထူးဆန်းအံ့ဩစွာ တွေ့မြင်ခဲ့ရခြင်း ပါသည်။

ဘုရားကျောင်းမှ အပြန် လမ်း လျှောက်၍ ကျွန်မ၏ နားထဲတွင်

'ဖို့သမီးကို ဟိန္ဒူနတ်တွေက လာ စောင့်ရှောက်လိမ့်မယ်။ ဘာမှ မကြော နော်'

ဟု ပြောခဲ့သော ကျွန်မ၏ ဘာဘာကြီး၏ ကြည်လင်ပြတ်သ




www.burmeseclassic.com

www.burmeseclassic.com

အားကိုးရာဝါသည့်

# အမေသူရဿတီ

ကောင်းမြတ်သူ



ရှေးခေတ်ကာလဆီမှ ယနေ့ခေတ်ကာလတိုင်အောင် လူသားများသည် အမျိုးမျိုးသော ယုံကြည်ကိုးကွယ်မှုကို ပြုခဲ့ကြသည်။ ဗုဒ္ဓဘာသာဝင်များသည် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ ရောက်အောင် ဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာမြတ်သုံးပါးကို ကိုးကွယ် ဆည်းကပ်ကြ၏။

မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သော သံသရာလွတ်ကြောင်း တရားများကို မြတ်ဘုရား၏ သားတော် သံဃာတော် အရှင်သူမြတ်များ၏ လမ်းညွှန်ပြသမှုဖြင့် ကျင့်ကြံကြိုးကုတ်ကြ၏။

ထိုသို့ ကြိုးစားအားထုတ်ကြရင်း တစ်ဖက်ကလည်း လောကီစီးပွား အတွက် မနားမနေ ရုန်းကန်ကြရပြန်သည်။

စီးပွားရေး၊ ပညာရေး၊ လူမှုရေးအစရှိသည်တို့တွင် အခက်အခဲ အကျပ်အတည်း ကြုံလာရပါက တချို့သည် မိမိ အားကိုးယုံကြည်သော ပုဂ္ဂိုလ်များအား တိုင်တည်ဆုတောင်းမှုများ ပြုလုပ်တတ်ကြ၏။

တချို့ မိမိအိမ်တွင်းတွင် အနှောင့်အယှက် အခက်အခဲများ၊ အတိုက်အခိုက်များ ကြုံတွေ့ပါက မင်းမဟာဂီရိနတ်အား ပူဇော်ပသတတ်ကြ၏။

အချို့က ဈေးအရောင်းအဝယ်ကောင်းရန် မနဲ့လေးနတ်အား လှူဒါန်းတတ်သလို ရေလုပ်ငန်းကိစ္စများအတွက် ဦးရှင်ကြီးနတ်အား ပူဇော်ပသတတ်ကြ၏။ အချို့ကမူ ကိုးမြို့ရှင်နတ်ကိုမူ ခရီးသွားလာရေးကိစ္စများ အခက်အခဲကြုံပါက အားကိုးအားထား ပြုတတ်ကြ၏။

ဤကဲ့သို့ မြန်မာ့ရိုးရာ နတ်များအား ယုံကြည်ကိုးကွယ်တတ်ကြသလို တချို့ကလည်း ဟိန္ဒူနတ်များအား အားကိုး ယုံကြည်ကြ၏။

မိမိလုပ်ငန်းများ အဆင်မပြေဖြစ်လာပါက ကာလီမယ်တော်အား လှူဒါန်းမှုပြုပြီး ဆုတောင်းတတ်ကြ၏။

စီးပွားရေးနှင့် လာဘ်လာဘ ပြည့်စုံရန် လက္ခမီးနတ်အား ပူဇော်ပသတတ်ကြသလို ပညာရေးကိစ္စများတွင်လည်း သူရဿတီမယ်တော်အား ယုံကြည်အားကိုးတတ်ကြ၏။

သို့သော်လည်း ဤကိုးကွယ်မှုများသည် ဗုဒ္ဓအလိုတော်နှင့် ဆန့်ကျင်နေ၍ အားထားကိုးကွယ်မှု မပြုသင့်ကြောင်း တချို့သူများက ပြောကြသည်။ တချို့ကလည်း ဤပုဂ္ဂိုလ်များအား ယုံကြည်မှုမရှိကြောင်း ဆိုကြပြန်သည်။ တချို့ကမူ ဤပုဂ္ဂိုလ်များကို အလေးထား ပြု၍ စီးပွားတက်လာကြောင်း ပြော...

www.burmeseclassic.com

ပြန်သည်။

ကျွန်တော့်အနေဖြင့် ဤပုဂ္ဂိုလ်များ ရှိခြင်း မရှိခြင်းကို မည်သို့မျှ မပြောလိုပါ။ ယုံကြည်ခြင်း၊ အားကိုးခြင်း ရှိသင့်၊ မရှိသင့်ဆိုသည်မှာ စာဖတ်သူ၏ ဆန္ဒသာ ဖြစ်ပါသည်။

ကျွန်တော်သည် ဗုဒ္ဓဘာသာဝင် တစ်ဦးဖြစ်၍ ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်ပါ၏။ အနန္တော အနန္တငါးပါးကို အားထား ယုံကြည်ပါ၏။

သို့သော် ဆိုခဲ့ပြီးသော ပုဂ္ဂိုလ်များကိုလည်း မပစ်ပယ်ပါ။ ကျွန်တော်၏ ဘိုးကြီးဘွားကြီး မိကြီးဖကြီးများနေရာတွင်ထား၍ နေ့စဉ်မေတ္တာပို့ အမျှအတန်း ပေးဝေပါသည်။ ဤမျှလောက် ပြုလုပ်ရုံဖြင့် သရဏဂုံမပျက်ဟု ထင်မြင်ယူဆမိပါသည်။

ကျွန်တော် အခက်အခဲကြုံပါက အားကိုးသမှု ပြုတတ်ပါသည်။ ထို့ကြောင့်လည်း ကျွန်တော်၏ အခက်အခဲ အကျပ်အတည်း တချို့မှာ ပြေလည်သွားတတ်ပါသည်။

ထိုသို့သော အကြောင်းအရာ များစွာ အနက်မှ ကျွန်တော် ကြုံတွေ့ခဲ့ရသော သူရဿတီမယ်တော်ကြီး အကြောင်း တစ်စွန်းတစ်စ ဖော်ပြလိုပါသည်။

ကျွန်တော် ရန်ကုန်တက္ကသိုလ်တွင် တက်ရောက်နေစဉ်က ဖြစ်သည်။ မိုးတွင်းကာလ ရက်များအတွင်း ကျွန်တော် မိုး နှစ်ကြိမ်,သုံးကြိမ်မျှ မိပြီးချိန်တွင် အအေးမိကာ ဖျားပါတော့သည်။

အဖျားရောဂါသည် ဆေးသောက်ရက် နှစ်ရက် ဆေးခြောက်ခွက် သောက်ပြီးချိန်တွင် ထွက်ခွာသွားပါသည်။



ကျန်ခဲ့သည်ကား ငယ်ပေါင်း မိတ်ဆွေ လေးဖက်နာရောဂါပင် ဖြစ်သည်။ ဤရောဂါသည် မိုးရာသီ အေးအေးတွင် ကျွန်တော် အနေအထိုင်မှားသည်နှင့် ရောက်လာတတ်၏။ လေးဖက်နာရောဂါ၏ ဆိုးရွားမှုကို ဖြစ်ဖူးသူများသာ သိကြပါသည်။

ကိုယ်လက် အဆစ်အမျက် ကိုက်ခဲခြင်းမျိုးမဟုတ်။ ခြေချောင်းလက်ချောင်း အဆစ်များအတွင်းက တစစ်စစ် ကိုက်ခဲနေတတ်သည်။

ရက်ကြာလာပါက တစ်ကိုယ်လုံးရှိ အဆစ်အမျက်များ ကိုက်ခဲနာကျင်ပြီး လှုပ်ရှားနိုင်စွမ်းပင် မရှိတော့ပါ။ နောက်ပိုင်းတွင် ခြေလက်များ ဖောရောင်လာတတ်၏။

လေးဖက်နာရောဂါသည် ရိုးရိုး အကိုက်အခဲ ပျောက်ဆေးများ သောက်၍ မပျောက်ပါ။ သွေးစစ်ရပါသည်။ ရောဂါ အနုအရင့်ကိုကြည့်ပြီး ဆရာဝန်များက သောက်ဆေး ပေးသင့်က ပေး၏။ ပင်နီဆီလင် ထိုးသင့်က ထိုး၏။ ပျောက်လည်း ပျောက်ကြပါသည်။

ကျွန်တော်လည်း ပင်နီဆီလင် ထိုး ကြည့်ဖူးပါသည်။ တစ်လ တစ်ကြိမ် ထိုးရ၏။ လေးလမြောက် လေးကြိမ် ထိုးအပြီးတွင် ကျွန်တော် ဤကုသနည်းဖြင့် မကုသတော့ပါ။

အကြောင်းမှာ လေးကြိမ်မြောက် ထိုးပြီး၍ နောက်တစ်နေ့တွင်... လေးဖက်နာရောဂါ ပြန်ထလာ၍ ... သည်။

ဆေးထိုးသည်မှာ တစ်လ... ကြာပြီ ဖြစ်သောကြောင့် ဆေးအာနိသင်... ကုန်၍ ရောဂါပြန်ထခြင်းမျိုး... ကျွန်တော် လက်ခံပါသည်။ ယခု... ဤသို့မဟုတ်ပြီ။ ဆေးခန်းက ရက်... ဆေးများဖြင့် ထိုးပေးသလား... မသိပါ။

မြန်မာ့တိုင်းရင်းဆေး သောက်ခြင်း... ဖြင့် ရောဂါပျောက်ကင်းခဲ့ပါသည်... ရောဂါအမြစ်တော့ မပြတ်သေး... တိုင်းရင်းသမားတော်က အအေးမိ... ရန်၊ ဝက်သားနှင့် တခြားဝမ်းတွင်း... များ မစားရန် သတိပေးပါသည်။

မိုးလေ အေးလာသည်နှင့် အ... အထိုင် ဆင်ခြင်၍ ဆေးကြို... သောက်ထားရပါသည်။ ယခုတစ်ကြိမ်... ဆေး ကြိုတင်မသောက်မိ၍ ရောဂါ... ဖြစ်ခြင်းဖြစ်၏။

ကျွန်တော် ဖြစ်နေသော လေးဖက်... နာရောဂါပျောက်ရန် မြန်မာ့တိုင်းရင်း... ဆေးကို ပြန်သောက်ပါသည်။ သို့သော်... မြန်မာ့ဆေးက နိုင်ငံခြားဆေးကဲ့သို့... ဆေးစွမ်း ချက်ချင်းမပြပါ။ အချိန်... သောက်မှသာ ဆေးစွမ်းပြပါသည်။

စာမေးပွဲကြီး နီးပြီဖြစ်၍ ကျွန်တော်... သည် ရောဂါ မြန်မြန်ပျောက်စေ... ကျောင်းမတက်ဘဲ အိမ်မှာ အနား... က ဆေးသောက်ပါသည်။

ထိုကာလများအတွင်း ရောဂါ... ကိုက်ခဲမှု၊ ရောဂါကြောင့် စိတ်... တိုင်း ကိုယ်မပါမှုတို့ကြောင့် စာ... ရန်ပင် စိတ်က မပါတော့ပါ။ ... စာများကို ဤအတိုင်း ပစ်ထား... သည်။

ဤသို့ဖြင့် ကျွန်တော့်...



www.burmeseclassic.com

www.burmeseclassic.com

ပျောက်ကင်းချိန်တွင် စာမေးပွဲကြီး ဖြေဆိုရန် ရက်အနည်းငယ်သာ လိုပါ တော့သည်။

ကျောင်းပျက်၍ လစ်ဟာနေသော သင်ခန်းစာများကို ပြန်ကူးရန်ပင် အချိန် မပေးနိုင်တော့။ မတတ်နိုင်ပါ။ ကျွန်တော် ကျောင်းမပျက်ခင်အချိန်ထိ ရှိနေပြီးသား သင်ခန်းစာများကိုသာ ကျက်မှတ်ဖြေဆိုရန် ရှိတော့သည်။

ဤတွင် စိုးရိမ်စိတ်တချို့က ခေါင်း ထဲဝင်လာသည်။ အကယ်၍ စာမေးပွဲ မေးခွန်းတွင် ကျွန်တော့်ထံ ရှိပြီးသား သင်ခန်းစာများထဲမှ မပါဘဲ လစ်ဟာ နေသော သင်ခန်းစာများထဲမှသာ ပါခဲ့ သော မည်သို့ လုပ်ရမည်နည်း။

ထိတ်လန့် တုန်လှုပ်စိတ်များက ကျွန်တော့် တစ်ကိုယ်လုံး ပျံ့နှံ့သွား သည်။ ကျောင်းစတက်ကတည်းက ယခုအချိန်ထိ တစ်ခါမျှ မဖြစ်ဘူးသော စာမေးပွဲကြောက်စိတ်က ကျွန်တော့် တစ်ကိုယ်လုံးကို လွှမ်းခြုံနေပါသည်။ ကျွန်တော် မည်သူ့ကို အားကိုးရပါမည် နည်း။

ခလုတ်ထိမှ အမိတ ဆိုသကဲ့သို့ အရေးကြုံတော့ ကျွန်တော် အားကိုး ရှာနေမိသည်။ လွန်ခဲ့သော တစ်လ လောက်က အဖြစ်အပျက်တစ်ခုကို ရုတ်တရက် သတိရမိပြီး ကျွန်တော် အသိဉာဏ်တစ်ချက် လင်းလက်သွား သည်။

ထိုစဉ်က ဖခင်ဖြစ်သူသည် သူကဲ့သို့ ပင် ရှေ့ရင်ကျော်ကိုဏ်း တက်ထားသော မိတ်ဆွေတစ်ဦးနှင့် စကားပြောနေကြ ရာ သူရဿတီမယ်တော်အကြောင်း ပါလာလေသည်။

ထိုအချိန်က ကျွန်တော်သည် ရောဂါကြောင့် ကျောင်းက ခွင့်ယူထား ပြီး အိမ်မှာ ရှိနေသည်မို့ သူတို့ ဆွေးနွေး



ပြောဆိုနေကြသည်ကို နားထောင်နေမိ သည်။

ထိုအထဲတွင် သူရဿတီမယ်တော် သည် ပညာရေးကို စောင့်ရှောက်ပြီး ဝက်သားစားခြင်းကို မနှစ်သက် ကြောင်း၊ ယုံကြည်သူများက သူ့ထံတွင် တိုင်တည်ဆုတောင်းပါက ဆုတောင်း ပြည့်တတ်ကြောင်းများလည်း ပါလေ သည်။

ကျွန်တော်ကော တိုင်တည် ဆု တောင်း၍ ရပ့ါမလား။ ထိုမယ်တော်ကြီး မနှစ်သက်သော ဝက်သားကို ကျွန်တော်က အလွန်ကြိုက်သူ ဖြစ် သည်။

တိုင်းရင်း သမားတော်ကြီးက လေးဖက်နာရောဂါကြောင့် ဝက်သား မစားရန် တိုက်တွန်းသော်လည်း ကျွန်တော် မဖြတ်ခဲ့ပါ။ ယခုတော့ ကျဉ်းထဲကျပ်ထဲ ရောက်နေ၍ ကျွန်တော် စဉ်းစားဆုံးဖြတ်ရတော့ မည်။

ထိုမယ်တော်ကြီးထံတွင် ကျွန်တော် ဝက်သားမစားရန် ကတိပေးပြီး စာမေး ပွဲကို အောင်မြင်အောင် ဖြေဆိုနိုင်ရန် ဆုတောင်းရပါမည်။

ကျွန်တော့်ဖခင်ထံတွင် သူရဿတီ ဂါထာတော်ကို မေး၍ အလွတ်ကျက် ပါသည်။ ကျွန်တော့်မွေးနေ့ဖြစ်သော ဗုဒ္ဓဟူးနေ့တွင် သူရဿတီမယ်တော် ကြီးရုပ်ပုံရှေ့သွား၍...

'ယနေ့မှအစပြု၍ ကျွန်တော်သည် အမေ သူရဿတီ မနှစ်သက်သော အသားကို မစားတော့ပါ။ သူရဿတီဂါထာတော်ကို လည်း စာမေးပွဲဖြေဆိုချိန်ထိ ရွတ်ပွား သရဇ္ဈာယ်ပါမည်။

ဤစကားသည် မှန်ကန်ပါသည်။ ဤမှန် သော သစ္စာစကားကြောင့် စာမေးပွဲတွင် အောင်မြင်စွာ ဖြေဆိုနိုင်ရန်အတွက် သူရဿတီမယ်တော်ကြီးက စောင့်ရှောက် တော်မူပါ'

ဟု အဓိဋ္ဌာန်ပြု ဆုတောင်းပါသည်။ အောက်ပါ သူရဿတီဂါထာကိုလည်း နေ့စဉ် ဘုရားရှိခိုးတိုင်း သက်စေ့ရွတ် ပါသည်။

ပိဋကတ္တယ သံပုဏ္ဏံ၊ သဗ္ဗသိဒ္ဓိ သုခါဝဟံ၊ ဇိနဝ္ဟေမ နိသီဒိတွာ၊ မန္တာရေတု သူရဿတီ၊ ဥုံသူရဿတီ စ မေဟာတ ဟာတ စ မေ သူရဿတီ။

အနုကမ္ပံ ဥပ္ပဇ္ဇန္တံ(ပီယံ)အေတု သူရဿတီ။

**(ပီယံ)**နေရာ၌ **"ဉာဏံ၊ လာဘံ"** ထည့်၍ တစ်ပုဒ်စီ ရွတ်ပါ။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **ပိဋကတ္တယံ** | = | ပိတကတ်တယံ |
| **သံပုဏ္ဏံ** | = | သံပုန်နံ |
| **သဗ္ဗသိဒ္ဓိ** | = | သပ်ဗသိတ်ဒိ |
| **ဇိနဝ္ဟေ** | = | ဇိန်ဝှက်ဂေ |
| **နိသီဒိတွာ** | = | နိသီဒိတ်တဝါ |
| **မန္တာရေတု** | = | မန်တာရေတု |
| **သူရဿတီ** | = | သူရတ်သတီ |
| **အနုကမ္ပံ** | = | အနုကန်ပန် |
| **ဥပ္ပဇ္ဇန္တံ** | = | အုတ်ပစ်ဇန် |

အနက်

**ပိဋကတ္တယ သံပုဏ္ဏံ၊** ပိဋကတ် သုံးပုံနှင့် ပြည့်စုံပေထသော။ **သဗ္ဗသိဒ္ဓိ သုခါဝဟံ၊** အလုံးစုံသော အောင်မြင် ပြီးစီးခြင်း ချမ်းသာခြင်းကို ဆောင်ပါ ပေသော။ **သူရဿတီ၊** သူရဿတီ



www.burmeseclassic.com

www.burmeseclassic.com

အမည်ရှိသော နတ်သမီးသည်။ **မေ၊** *အကျွန်ုပ်၏။* ***ဓိဝုဋ္ဌေ၊*** *လျှာဖျား၌။* **နိသီဒိတွာ၊** ထိုင်၍။ **မံ၊** အကျွန်ုပ်ကို။ *ခာဒေတု–ရက္ခတု၊* ဆောင်ယူ စောင့်ရှောက်ပါစေသတည်း။

**ဥုံ၊** ကြိုသမျှလုံးစုံ အကုန်အောင်စေသတည်း။ **သူရဿတီ၊** သူရဿတီ နတ်သမီးသည်။ **မေ၊** အကျွန်ုပ်၏။ **မာတာစ၊** အမိလည်း ဟုတ်ပါပေ၏။ **မေ၊** အကျွန်ုပ်၏။ **မာတာစ၊** အမိသည်လည်း။ **သူရဿတီ၊** သူရဿတီ နတ်သမီး ဖြစ်ပါပေ၏။ **မံ၊** အကျွန်ုပ်ကို။ **အနုကမ္ပံ၊** အစဉ်သနားခြင်းသည်။ **ဥပ္ပဇ္ဇန္တံ–ဥပ္ပဇ္ဇတု၊** ဖြစ်ပါစေသတည်း။ **ပိယံ၊** မေတ္တာသက်ဝင် ချစ်ခင်ခြင်းကို။ **ဒေတု၊** ပေးပါစေသတည်း။

*(ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာ ဆရာကြီး ဦးသန်းအောင်ရွှေ မွှောစရိယ (မဟာဝဂ္ဂါဒိ မြန်မာစာဂုဏ်ထူး)၊ ဒီဃဘာဏက– ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။)*

ကျွန်တော်သည် သူရဿတီဂါထာကို နေ့စဉ် ရွတ်ဆိုပြီး ဝက်သားကို မစားတော့ပါ။ ကျွန်တော့်မှာ ရှိပြီးသား သင်ခန်းစာများကို ပိုင်နိုင်အောင် ကျက်မှတ်ပါသည်။

ဤသို့ဖြင့် စာမေးပွဲကြီး ဖြေဆိုသည့်ရက်များသို့ ရောက်ရှိလာသည်။ စာမေးပွဲ ပထမဆုံးရက်တွင် မေးခွန်းလွှာရောက်လာချိန်၌ မေးခွန်းဖတ်ရန် ကျွန်တော် မဝံ့မရဲ ဖြစ်နေသည်။

နောက်တော့ အနန္တောအနန္တငါးပါး ဦးထိပ်ထားပြီး သူရဿတီမယ်တော်ကြီးကို မေတ္တာပို့တိုင်တည်ကာ မေးခွန်းဖတ်လိုက်သည်။

အံ့သြဝမ်းသာစိတ်ဖြင့် ပျော်လိုက်သည့်ဖြစ်ခြင်း။ မေးခွန်းများက *ကျွန်တော် ကျက်ထားသည်နှင့်* အံကိုက်ဖြစ်နေသည်။ ကျွန်တော် မသိ*သော မေးခွန်းများလည်း ပါသည်။* ကျောင်းပျက်စဉ်က သင်ကြားထားသော သင်ခန်းစာများထဲက ဖြစ်မည်ထင်သည်။

သို့သော်လည်း သို့မဟုတ် ခံထားသောကြောင့် နှစ်သက်ရာ ရွေးချယ်ဖြေဆိုခွင့်ရှိသဖြင့် ကျွန်တော် ကျက်ထားသော သင်ခန်းစာများကိုသာ ရွေးပြီး ဖြေဆိုခြင်းဖြင့် အပုဒ်စေ့ ဖြေနိုင်ခဲ့သည်။

ဝမ်းသာမျက်ရည်များ ရစ်ဝိုင်းလျက် သူရဿတီမယ်တော်ကြီးအား ရည်စူးဦးချလိုက်သည်။ စာမေးပွဲနောက်ရက်များတွင်လည်း ဤကဲ့သို့ပင် ဖြေဆိုနိုင်အောင် သူရဿတီမယ်တော်ကြီးက ကျွန်တော့်အား ကူညီစောင့်ရှောက်ခဲ့ပါသည်။

ထိုနှစ်က အောင်စာရင်းထွက်လာတော့ ကျွန်တော် သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပါသည်။

ကျွန်တော့် ကျန်းမာရေးကြောင့် ထိုနှစ်စာမေးပွဲကို အောင်နိုင်ပါ့မလားစိတ်မကောင်းဖြစ်နေသော သူငယ်ချင်းအားလုံးလည်း ဝမ်းသာပျော်ရွှင်လျက်ရှိနေကြသည်။ အပျော်ရွှင်ဆုံးက ကျွန်တော်ကိုယ်တိုင်ပင် ဖြစ်ပါသည်။

ဤသို့ဖြင့် ကျွန်တော့်ဘဝ၏ တစ်ထောင့်တစ်နေရာက ကူညီစောင့်ရှောက်ပေးခဲ့ဖူးသော သူရဿတီမယ်တော်ကြီးအကြောင်းကို ဂုဏ်တင်ရေးသားလိုက်ရပါသည်။

*ဆန္ဒမွန်ဖြင့်...*

**ကောင်းမြတ်သူ**

*စာမျက်နှာ (၂၅၀)မှ အဆက်*

သော စကားသံများမှာ ချိုလွင်အေးမြ သာယာသော ဝတ်ပြုခေါင်းလောင်း ထိုးသံများနှင့်အတူ ကျွန်မ၏ နားထဲ တွင် ပဲ့တင်ထပ် လွင့်ပျံ့လျက် ရှိပါတော့ သည်။

ကျွန်မ လေ့လာဖတ်ရှုခဲ့ရသော ဂမ္ဘီရစာပေ ပညာရှင်တစ်ဦး၏ မှ တမ်းအရ အိန္ဒိယနိုင်ငံ၌ တတ် ဆိုင်းဘာဘာကဲ့သို့ တန်ခိုးရှင်၊ သိဒ္ဓိရှ စိတ္တဗေဒပညာရှင် တစ်ဦးဖြစ်သော လူတို့၏ အနာဂတ်ကို ကြိုတင်သိမြ နိုင်စွမ်းရှိသော၊ မည်သည့် အခက်အ များနှင့် ကြုံတွေ့ရစေကာမူ နွေးထွေ သော မေတ္တာဓာတ်များဖြင့် စိတ်နှလုံ ချမ်းမြေ့မှုကို ပေးစွမ်းနိုင်သော အိန္ဒိ နိုင်ငံရှိ ထင်ရှားသော ပုဂ္ဂိုလ်ကြ ဆိုင်းဘာဘာကဲ့သို့ပင် အငြိမ်း ဘာဘာကြီးအား ကျွန်မ ယုံကြည်လေ စားမိပါတော့သည်။

ပါရမီရင့်သန်သူတို့၏ ကြိုးပမ်း ကျင့်ကြံအားထုတ်မှုများ၌ နက် သိမ်မွေ့သော တန်ခိုးစွမ်းအင်များ ဖြ သည့် မဟာိဒ္ဓိ၊ သိဒ္ဓိနှင့် မနောမ သိဒ္ဓိများစွာ ရှိကြကုန်သည်ဟူသော ဂမ္ဘီရပညာရှင်များ၏ ခံယူချက်မှ လည်း အမှန်တရားများပင် ဖြစ် သည်။

ဘာဝနာမယဉာဏ်များ ကျင့်ကြ အားထုတ်ကြ၍ မနောမယသိဒ္ဓိ တန်ခိ အကျိုးထူးများ ခံစားနိုင်ကြပါစေ။

**(ကိုယ်တွေ့ ဖြစ်ရပ်မှန်ဖြ ကြောင်း ဝန်ခံပါသည်။)**

***သတ္တဝါအားလုံး မေတ္တာနှလုံး ကိုယ် သုံး ရွှင်ပြုံးချမ်းမြေ့ကြပါစေ။***

**မေမိုးမြင့်ပန်း (ဘဲ)**



www.burmeseclassic.com

www.burmeseclassic.com

တောင်သာမြို့ ဆေးရုံရှေ့ရှိ ကားဂိတ်မ်းပေါ်တွင် ကားများ ဥဒဟို သွားလာလျက်ရှိသည်။ လူများလည်း လှုပ်လှုပ်ရွရွ လှုပ်ရှားလျက် ရှိနေကြသည်။ ကြည်ညိုဖွယ် ကောင်းလှသော သံဃာတော် တစ်ပါးသည်လည်း သပိတ်ပိုက်ကာ ဆွမ်းခံကြွလျက်ရှိသည်။

သောကမီးပွားကာ ငိုယိုနေသည့် သားအမိနှစ်ဦးသည် ဆေးရုံတွင်းမှ ထွက်လာနေသည်။ မြင်ရသူများလည်း စိတ်မချမ်းသာကြပေ။

ထွက်လာသူ သားအမိကား ဒေါ်ခင်နုနှင့် သမီး မအေးစန်းတို့ဖြစ်ကြသည်။ ဆွမ်းခံကြွ သံဃာတော်သည် ခြေစုံရပ်ကာ အကျိုးအကြောင်း မေးလိုက်သည်။ အနီးရှိ ဒကာတစ်ဦး လျှောက်ထား၍ ဖြစ်ကြောင်းကုန်စင် သိရပြီးနောက်...

သက္ကရာဇ်ကို တွက်စစ်ကြည့်တော့ ဆယ်စုနှစ်လေးကြိမ်ပင် ပြည့်ပြီ။ ထိုနှစ်က မိုးဦးကျစောသည်။ မိုးဦးစကျသည်နှင့် သည်းထန်စွာ ရွာသွန်းမှုကြောင့် ကန်များ၊ လယ်များ ရေပြည့်လျှံသွားသည်။

နှမ်းကြဲ ဝါစိုက်နှင့်မို့ တောင်သူများ အလုပ်မအားသလို ပုံမှန်လုပ်နေရသော ထန်းသမားများသည် အလုပ်ပျက်ခံ၍ မဖြစ်ပါ။ ထန်းနှင့် တောင်သူတွဲဖက် လုပ်ကိုင်သူများအဖို့တော့ ဆိုဖွယ်ရာ မရှိတော့ပါ။

ထန်းသမားများ လုပ်ငန်းခွင် ဝင်ပြီဆိုလျှင် နောက်မှ အိုးကောက်ပါရပါသည်။ ထန်းလျက်ချက်သူ ရှိရပြန်ပါသည်။ ထန်းသမား၏ လုပ်ငန်းမြန်ဆန်



မှု၊ တွင်ကျယ်မှုသည် အိုးကောက်အပေါ်တွင် မူတည်ပါသည်။

ထန်းလုပ်ငန်းနှင့် အလှမ်းဝေးကွာသော စာဖတ်ပရိသတ်အတွက် အိုးကောက်သည့် လုပ်ငန်းသည် စိမ်းနေသော စကားရပ် ဖြစ်နိုင်ပါသည်။ ဆောင်းပါး၏ အဓိကမဟုတ်သော ကြောင့် အကျယ်မချဲ့တော့ပါ။

နောက်နောင် အလျဉ်းသင့်သည့် ဝတ္ထုဆောင်းပါးများတွင် ထည့်သွင်းရေးသားဖော်ပြသွားပါမည်။

အိုးကောက်သူများ စာရင်းတွင် စာရေးသူ၊ သောင်းကျော်၊ ဖြူဝင်းတို့ ပါဝင်သည်။ တဲနီးချင်းများဖြစ်၍ အိုးကောက်သူငယ်ချင်းဟု ပြောရမည်။

စာရေးသူသည် ဖားရိုက်၊ ပုစွန်လုံးနှိုက် ဝါသနာမပါသော်လည်း သောင်းကျော်နှင့် ဖြူဝင်းတို့ကတော့ ဝါသနာထုံလှသည်။ ထိုနှစ်ဦးထဲတွင်တော့ ဖြူဝင်းက ဆရာကြီးပေါ့။ ထိုနှစ်ဦး တည်းသာမက တစ်ရွာလုံးတွင်လည်း ဆရာကြီးကျသည်။

ဖြူဝင်းသည် ပုစွန်လုံးနှိုက်နေသည့် အတွက် ဖခင်၏ ဆူပူကြိမ်းမောင်း ဆဲဆိုမှုကို မကြာခဏခံရသည်။ ယခုလောလောဆယ်ပင် အဆဲခံထိထား၍ အလုပ်ကို ခပ်သွက်သွက်လုပ်လျက်ရှိသည်။

စာရေးသူလည်း ဖခင်ကို ကြောက်ရပါသည်။ ဖြူဝင်းလိုတော့ အဆဲခံ မထိပါ။ သောင်းကျော်ကတော့ ဖခင်ကို မကြောက်ရ။ အဘယ်ကြောင့်နည်း

www.burmeseclassic.com

ဖခင်ဖြစ်သူ၏အဖေ ဝင်စား၍ဖြစ်သည်။ ယခုဘဝ သူ၏ ဖခင်သည် ယခင်ဘဝက သူ့သားဖြစ်၍ ဖခင်ကိုပင် တစ်ခါတစ်ရံ ငါ့သားဟု ခေါ်လေ့ရှိသည်။

ဖခင်ကလည်း အတော်လေးပင် အလိုလိုက်သည်။ သောင်းကျော် မည်မျှဆိုးဆိုး ဆဲခြင်းဆိုခြင်း မရှိသည်ကို စာရေးသူတို့ ငယ်စဉ်က သိခဲ့ရသည်။ အားပင်ကျမိသေးသည်။

သောင်းကျော်သည် အိုးမကောက်ဘဲ လယ်ထဲတွင် ပုစွန်လုံးနှိုက်လျက်ရှိသည်။ ပုစွန်သည် သူ၏ လက်ကို ညှပ်လိုက်သည်။ သူ့လက်နောက်ပြန်တွက်လာသည်။ နောက်တစ်ခါ ပြန်နှိုက်သည်။ ညှပ်လိုက်ပြန်သည်။ အကြိမ်ပေါင်းမနည်း။ (၂၀)ပင်ကျော်ပြီ။

ထိုသို့ အညှပ်ခံရပြီးနောက် စိတ်အနည်းငယ်တွန့်သွားသည်။ ဆရာကြီး (ဖြူဝင်း)၏ အကူအညီ လိုအပ်လာ၍ အကူအညီ တောင်းလိုက်သည်။ ဖြူဝင်းကလည်း မကူညီနိုင်။ စောစောကမှ ဖခင်၏ ဆဲဆိုခြင်း ခံထားရ၍ အလုပ်ကိုသာသဲသဲမဲမဲလုပ်လျက်ရှိသည်။

သောင်းကျော်သည် ဖြူဝင်းကို စိတ်တိုသလို ပုစွန်လုံးကိုလည်း မကျေနပ်။ ဒေါသအလိပ်လိုက် ထွက်နေသည်။ ရွံ့နှင့် မြက်ခြောက်တို့ကို ရောပတ်ကာ လက်ကိုပတ်လိုက်သည်။

ထို့နောက် တွင်းထဲသို့ ထပ်နှိုက်လိုက်ပြန်သည်။ ထိုအခါမှာတော့ ပါလာသည်။ ပုစွန်လုံးတော့မဟုတ်။ မြွေပွေးတစ်ကောင် ဖြစ်နေသည်။ မြွေပွေးမှန်းသိတော့ ခါချလိုက်သည်။ မြွေပွေးသည်လည်း ရွံ့၊ မြက်ခြောက်တို့နှင့် ရောနေ၍ထွက်မပြေးနိုင်။ အနီးရှိ ထမ်းပိုးဖြင့် ရိုက်သတ်လိုက်သည်။

မြွေပွေးလည်း အသက်ငင်ချိန်ပင် မရလိုက်။ ထို့နောက်မှာတော့ သူ့အား



ပိုးထိကြောင်း ဖခင်ကို အော်ပြောသည်။ အညာဒေသတွင် မြွေကိုက်ခံရလျှင် မြွေကိုက်သည်ဟု မပြောရပါ။ ပိုးထိသည်ဟုသာ ပြောရသည်။ အပို့မိုတတ်သည်ဟု ယူဆကြသောကြောင့် ဖြစ်သည်။

ရွာဦးကျောင်းဆရာတော် ဦးဂုဏသည် မြွေကိုက်လူနာ ကုသရာတွင် အလွန်တော်သည်။ ဆရာတော်ထံ ရောက်၍ ဆရာတော်က ကုမရဟု ပြောလျှင်တော့ ထိုလူနာ အသက်ရှင်ရိုးထုံးစံမရှိ။ ဆေးရုံမကလို့ နတ်သိကြားတို့ လာရောက်ကုသလျှင်သော်မှ အသက်ရှင်မည်မဟုတ်ပေ။

ဆရာတော် လက်ခံကုသသူ မြွေကိုက်ခံရသည့် လူနာသည် မကြာမီ သက်သာသွားလေ၏။ ဒါကတော့ စာရေးသူတို့နှင့် ရွာနီးချုပ်စပ်များအားလုံး သိကြသည်။ ယခုတော့ ဆရာတော် ဦးဂုဏပင် ပျံတော်မူသွားပြီဖြစ်သည်။

မြွေကိုက်ခံရသည့် သောင်းကျော်ကို ဆရာတော်ထံ ခေါ်သွားသည်။ ဆရာတော်က ကြည့်ပြီးလက်မခံ။ ဆေးရုံပို့ရန် ပြောလိုက်သည်။ ဆေးရုံရောက်တော့ ဆရာဝန် ဆရာမတို့ ကြိုးစားကုကြသည်။ အရာမရောက်။ အပင်ပန်းခံကာ ကုသပါသော်လည်း လက်လျှော့ရမည့် အခြေအနေ ရောက်လာသည်။

အသက်ငွေ့ငွေ့သာရှိပြီး အသ[...] အရေက မည်းပြာလာပြီ။ မည်သို့[...] အသက်မရှင်နိုင်တော့ဟု ယူဆ[...] အိမ်ပြန်ခေါ်လိုက ခေါ်နိုင်ကြော[...] ပြောပြသည်။ မိခင်ဖြစ်သူနှင့် အစ်မ[...] သူတို့ သောကပွားနေရသည်မှာ ဤ[...] အကြောင်းကြောင့် ဖြစ်သည်။

'အကာကြီး အဲဒီလူနာက အသက်ရှိသေး[...] လား'

'အသက်ငွေ့ငွေ့တော့ ရှိပါသေး[...] တယ်ဘုရား'

'ဒါဆို ရေတစ်ဖန်ခွက် ယူခဲ့ပါ'

'တင်ပါ့ဘုရား'

ဆရာတော် ရေဖန်ခွက်ကို ကိုင်[...] ဂါထာများ ရွတ်ဖတ်လိုက်သည်။

ပြီးနောက် လူနာ၏ ပါးစပ်ထဲ[...] အောင် တိုက်ခိုင်းသည်။ ပြီးနောက်[...] **နေထိုင်ရာ ကျောင်းအမည်နှင့် [...] အမည်တို့ကို** ရေရွတ်ပြောဆို[...] ပြန်ကြွသွားတော့သည်။

ထိုရေမန်း ဝင်ပြီးနောက် သောင်းကျော်သည် သတိပြန်ဝင်လာသည်[...] ဆရာဝန်များ ဆက်လက်ကုသရာ ယ[...] အသက်(၄၈)နှစ်ရှိသည့်တိုင် အသက်[...] ရှင်ဆဲ ရှိပါသည်။

ထူးခြားသော အချက်တစ်ချက် [...] ပါသည်။ ဆရာတော် မိန့်ခဲ့သော[...] ကြာကန်ကျောင်းတိုက် တွေ့သော်[...] လည်း **ထိုဆရာတော် ထိုကျောင်း[...] တွင်မရှိပါ။ ခပ်ဆင်ဆင်တူသော[...] ဆရာတော်ပင် မရှိ။**

ဤ အဖြစ်အပျက်လေးအပေါ်[...] စာရှုသူတို့ မည်သို့ ယူဆပါမည်နည်း[...] **တကယ်ပဲ ရေတစ်ဖန်ခွက် အစွမ်း[...] ပေပဲလား...။**

**ထီလာကျော်**

www.burmeseclassic.com



လေးကျွန်းပိုင်

# ဘုမ္မစိုး ဦးဘုတောက် ဆေးရှုပ်ကလေးဝါ

ဂမ္ဘီရ စွမ်းအင်

စလင်း ဦးကျော်

ဆရာကြီး ဦးသိန်းမောင်သည် လင်းမြို့နယ်၊ ပေါင်းပင်ဇင်းရပ်ကွက် တွင် နေထိုင်ပါသည်။ ဗေဒင် လက္ခဏာ ဟောပြောခြင်း၊ ဓာတာဖွဲ့ ခြင်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြု ပါသည်။

ဆင်ဖြူကျွန်းမြို့နေ နိုင်ငံတော်အသိ အမှတ်ပြုလက်မှတ်ရ ဆရာကြီး ဦးကြည်ဝင်း ဦးစီးဖွင့်လှစ်သော တိုင်း ရင်းဆေးပညာသင်တန်းတွင် တက် ရောက်ခဲ့ပါသည်။ ထို့ကြောင့် ဆရာကြီး ဦးသိန်းမောင်သည် နိုင်ငံတော် အသိ အမှတ်ပြု တိုင်းရင်းဆေးပညာ



www.burmeseclassic.com

www.burmeseclassic.com

အောင်လက်မှတ် ရရှိပြီးသူလည်း ဖြစ်ပါသည်။

မကျန်းမာသူများကိုလည်း တိုင်းရင်းဆေးများဖြင့် ကျန်းမာလာအောင် ကုသပေးပါသည်။ ထိမ်းမြားလက်ထပ် မင်္ဂလာပွဲများတွင်လည်း မင်္ဂလာဆရာအဖြစ် မင်္ဂလာစကားများ ချီးမြှင့်ပေးပါသည်။

အင်း၊ အိုင်၊ စမ၊ ခါးလှည့်၊ လက်ဖွဲ့ အတတ်ပညာများကိုလည်း ကျွမ်းကျင် တတ်မြောက်ပါသည်။ ရတနာဒီပံအင်းကြီးကို ကောင်းစွာကျွမ်းကျင်ပါသည်။ ရတနာဒီပံအင်းနှင့် ရတနာဒီပံမီးအလင်းတိုင်တို့၏ အစွမ်းအာနိသင်မှာ လာဘ်လာဘ ပေါများစေခြင်း၊ စီးပွားတက်စေခြင်း၊ ဘေးရန်ကင်းစေခြင်း၊ ဝန်ထမ်းများဖြစ်ပါက ရာထူးတိုးတက်ခြင်း၊ အကြီးအကဲတို့၏ ချစ်ခင်မှုကို ခံစားရခြင်း စသည့် အကျိုးများ ရရှိစေသည်ဟု သိရပါသည်။

စလင်းမြို့သို့ ရောက်ရှိလာသော ဌာနဆိုင်ရာ ဝန်ထမ်းအချို့သည် ဆရာကြီး ဦးသိန်းမောင်ထံ လာရောက်ချဉ်းကပ်ကြပါသည်။ ဆရာကြီးသည် မိမိထံလာသော အဆွေခင်ပွန်းတို့ကို အတတ်နိုင်ဆုံး စွမ်းဆောင်ပေးသည်သာ။

မကောင်းသော အတတ်ပညာများဖြင့် ပြုစားထား၍ ရောဂါဝေဒနာ ရသူများကိုလည်း ဝေဒနာ ပျောက်ကင်းချမ်းသာအောင် ကုသပေးပါသည်။ ဥစ္စာစောင့်အစွဲ၊ မြေဖုတ်ဘီလူး ဖမ်းစားခြင်း စသည့် ပယောဂနှင့် ပတ်သက်သော ဝေဒနာရှင်များကိုလည်း ပျောက်ကင်းချမ်းသာအောင် ကုသပေးပါသည်။

ကျွန်တော်နှင့် ဆရာကြီးတို့ မိသားစုသည် အလွန်ရင်းနှီးသော မိတ်ဆွေများ ဖြစ်ပါသည်။ လွန်ခဲ့သော (၁၅)နှစ်ကျော် သကြန်အတက်နေ့မှာ ဆရာကြီး ဦးသိန်းမောင်အိမ်သို့ ကျွန်တော်ရောက်သွားပါသည်။

သကြန်အတက်နေ့ ဖြစ်သဖြင့် ဆရာကြီးသည် ဆေးများကို သိဒ္ဓိတင်နေပါသည်။ ကျွန်တော် ရောက်သွားချိန်မှာ ဆရာကြီး လုပ်ငန်းပြီးစီးသော အချိန် ဖြစ်နေပါသည်။ ဆရာကြီးက...

'လာဗျို့ ကိုကျော် ဒီမှာထိုင်ဗျာ'

ဟု သူ၏ ရှေ့နားတွင် ထိုင်ရန် နေရာပေးပါသည်။

ဆရာကြီးသည် ကျွန်တော်၏ ဖခင်ကြီးနှင့် သက်တူရွယ်တူ ဖြစ်ပါသည်။ သို့သော် ကျွန်တော့်နာမည်ကို ရှေ့မှ ကို,တပ်ခေါ်လေ့ ရှိပါသည်။ ပြောဆိုဆက်ဆံပုံများ၌ အလွန်လေးစားဖို့ ကောင်းပါသည်။

ဆရာကြီးသည် ဗဟုသုတ ရှာမှီးသော ကျွန်တော့်အား သူ၏ ဂမ္ဘီရ အတွေ့အကြုံများကို ပြောပြလေ့ရှိပါသည်။ ကျွန်တော်ရောက်ပြီး ခဏအကြာမှာ စောစောက သိဒ္ဓိတင်ထားသော ဆေးကွမ်းအစ်ကလေးကို စားပွဲပေါ်မှ ယူလိုက်ပါသည်။

ယင်းကွမ်းအစ်ကလေးကို ကျွန်တော့် ရှေ့နား အသာချလိုက်ပါသည်။ ဆေးကွမ်းအစ်ကလေးထဲမှ ဆေးတောင့်များ၊ ဆေးအရုပ်များနှင့် အခြားဂမ္ဘီရ ပစ္စည်းများကို ပြသပါသည်။

မှတ်သားမိသလောက် ရေးရလျှင် သာသနာဝါးထောင် အဋ္ဌိမဆေး၊ ပြဟ္မာနှစ်ဆယ်အဋ္ဌိမဆေး၊ အာဠာဝက ဆေးရုပ်၊ မြင်းစီးပုဏ္ဏားဆေးရုပ်၊ ဆရာဇီဝကဆေးရုပ်၊ ချိုးအမြဲတော၊ ဆေးရိုးကြီးနှင့် လေးကျွန်းပိုင် ဘုမ္မစိုး ဦးသူတော် ဆေးရုပ်ကလေးတို့ ဖြစ်[illegible] သည်။

ဆရာကြီးက ဆက်လက်၍ ယ[illegible] ဆေးတို့အား သုံးစွဲပုံကို ထပ်မံရှင်း[illegible] ပါသည်။

'သာသနာဝါးထောင်ဆေးနဲ့ ပြဟ္မာနှစ်ဆ[illegible] ဆေးတို့ကို ဆေးရိုးကြီးနဲ့ ရောစပ်ပြီး သွေး[illegible] တယ်။ သွေးရတဲ့ ဆေးတွေကို ခန္ဓာကို[illegible] အထက် ပိုင်း လက်မောင်း၊ ပခုံး၊ ရင်ဘ[illegible] နောက် ကျော၊ နဖူး၊ ဦးခေါင်းထိပ်တို့[illegible] မြှန်မာစုတ် နဲ့ တို့တို့ပြီး ထိုးရတယ်။

ဆေးရိုးကြီးကို သွေးရာမှာ လက်ဖက်[illegible] ကြွေပန်းကန်ထဲမှာမှ သွေးရတယ်။ [illegible] ဆေးရိုးကြီးက အလွန်မာကျောပါတယ်။

ဆေးရိုးကြီးမှာ ငါးမျက်နှာဆေးရိုးကြီး [illegible] မြိုင်ဆေးရိုးကြီးဆိုပြီး အစားစားရှိ[illegible] အရောင်မှာလဲ အနက်ရောင်၊ အနီရော[illegible] အဖြူရောင်၊ အစိမ်းပုပ်ရောင် စသ[illegible] အရောင်အမျိုးမျိုး တွေ့ဖူးပါတယ်။

အာဠာဝကဆေးရုပ်၊ ပုဏ္ဏကမြင်းစီး[illegible] ဇီဝကဆေးတို့ကိုလဲ အတိုက်အခံ ပြု[illegible] ရာများမှာ အသုံးပြုရပါတယ်။ ဒီဆေး[illegible] ဟာ အထက်လမ်းဆေးတွေ ဖြစ်ပါတ[illegible] ခန္ဓာကိုယ်အောက်ပိုင်းကို စုတ်နဲ့ မထိုး[illegible] ဘူး'

ဟု ပြောပြပါသည်။

ဆရာကြီး၏ ဆေးရုပ်များမှာ ဆ[illegible] စဉ်အဆက် အသုံးပြုခဲ့ကြ၍ အာဠာဝ[illegible] ရုပ်သည် ဦးခေါင်းကလေးသာ ကျ[illegible] တော့သည်။ ပုဏ္ဏကမြင်းစီးရုပ်က[illegible] မှာ အောက်က မြင်းရုပ် မရှိတော့[illegible] ပုဏ္ဏကရုပ်သာ ကျန်ပါသည်။

ဇီဝကရုပ်မှာလည်း ဦးခေါ[illegible] ခြေထောက်၊ ခန္ဓာကိုယ် မရှိတော့[illegible] လက်ကလေးတစ်ဖက်သာ ကျ[illegible] သည်။ ယင်းသို့ ဖြစ်ရသည်မှာ [illegible] အစဉ်အဆက် ဆေးရုပ်များ[illegible] ဆေး[illegible] ကျောက်ပျဉ်တွင် သွေး[illegible]များ၍ [illegible]





www.burmeseclassic.com

www.burmeseclassic.com

သွားခြင်း ဖြစ်ပါသည်။

လေးကျွန်းပိုင် ဘုမ္မစိုး ဦးသူတော် ဆေးရုပ်ကလေးသာ အင်္ဂါစုံရှိပါသည်။ ယင်းအရုပ်လေးမှာ လက်သန်းခန့်ရှည်ပြီး အရုပ်၏ လုံးပတ်မှာ လက်သန်းလုံးခန့်သာ တုတ်ပါသည်။

ယင်းဆေးရုပ်ကလေးကို ဟသ်ပဒါးအနီ သုတ်ထားပြီး အပေါ်မှ ရွှေအစစ်ချထားပါသည်။ ဆေးရုပ်ကလေး၏ ပုံသဏ္ဌာန်မှာ ဖိုးသူတော် အဝတ်အစားများ ဝတ်ထားပါသည်။ ဦးခေါင်း မှာ ခေါင်းတုံးကလေး ဖြစ်ပါသည်။ ဖိုးသူတော်နှင့် အလွန်တူပါသည်။

စာပလွေလေးကို ဘေးစောင်းတိုက်ပိုက်ထားပါသည်။ ထုလုပ်ထားသည်မှာ သပ်သပ်ရပ်ရပ်ရှိပြီး လက်ရာမြောက်လှပေသည်၊ ဆေးရုပ်ကလေး၏ ဟန်ပန်အနေအထားမှာ အသက်ဝင် လှုပ်ရှားနေသည့်ပုံပင်။

ကျွန်တော်သည် ဒီဆေးရုပ်ကလေးကို စိတ်ဝင်စား၍...

'ဆရာကြီး ဒီဆေးရုပ်ကလေး အမည်က ဘယ်လိုခေါ်ပါသလဲ ခင်ဗျာ'

'**လေးကျွန်းပိုင် ဘုမ္မစိုးဦးသူတော်**လို့ ခေါ်ပါတယ်။ အဲဒီဆေးစောင့်က အရှေ့ကျွန်း၊ တောင်ကျွန်း၊ အနောက်ကျွန်း၊ မြောက်ကျွန်းတို့မှာရှိတဲ့ မြေကြီးမှန်သမျှကို အစိုးရတယ်။ အုပ်စိုးပါတယ်။ နာမည်ကကို လေးကျွန်းပိုင် ဘုမ္မစိုးဦးသူတော်လို့ ခေါ်ထားတယ်လေ။

မြေကြီးအတွင်းမှာရှိတဲ့ မြေဘုတ်ဘီလူး၊ ဥစ္စာစောင့် စတာတို့ကို နိုင်ပါတယ်။ ဥစ္စာစောင့်(ဝေမာနိက) ပြိတ္တာတွေဟာ ဒီဆေးစောင့်ကို အလွန်ကြောက်ပေါ့။ ဥစ္စာသိုက်တူးတဲ့ သိုက်ဆရာတွေဟာ ဒီလေးကျွန်းပိုင် ဘုမ္မစိုးဦးသူတော် ဆေးရုပ်ကို အလွန်မက်ကြ



တာပေါ့'

ဆေးစွမ်းတာ မစွမ်းတာထက် ဆေးရုပ်ကလေးက သပ်ရပ်ပီပြင်၍ ကျွန်တော် စိတ်ဝင်စားမိပါသည်။ ထို့ကြောင့် ဘုမ္မစိုးဦးသူတော် ဆေးရုပ်ကလေးကို အသုံးချပုံနှင့် ယင်း၏ စွမ်းရည်သတ္တိကို ပြောပြပါရန် မေတ္တာရပ်ခံလိုက်ပါသည်။

ဆရာကြီး ဦးသိန်းမောင်သည် လေးကျွန်းပိုင် ဘုမ္မစိုးဦးသူတော် ဆေးရုပ်ကလေး အသုံးပြုပုံနှင့် အစွမ်းထက်ပုံကို အောက်ပါအတိုင်း ပြောပြပါသည်။

*　*　*

ဆရာကြီးသည် အသက် (၄၀) ကျော် (၅၀) ပတ်ဝန်းကျင် အရွယ်က ချောက်မြို့၊ ရေနံချောင်းမြို့၊ ကျောက်ပန်းတောင်းမြို့၊ မိတ္ထီလာမြို့၊ သာစည်မြို့၊ ပွင့်ဖြူမြို့နှင့် ငဖဲမြို့များသို့ လှည့်လည်ပြီး လက္ခဏာဗေဒင်များ ဟောပါသည်။

ဇာတာဖွဲ့ခြင်း၊ တိုင်းရင်းဆေးပညာနှင့် ဆေးကုသပေးခြင်းနှင့် ပယောဂနှင့် ပတ်သက်သော ရောဂါဝေဒနာများကိုလည်း ကုသပေးပါသည်။

တစ်နှစ်မှာ ငဖဲမြို့သို့ လက္ခဏာဗေဒင်ဟောသွားပါသည်။ ငဖဲမြို့တွင်နေစဉ် ဦးစိန်ဝင်းအိမ်မှာ တည်းခိုပါသည်။ ဦးစိန်ဝင်းသည် စလင်းမြို့သားဇာတိဖြစ်ပြီး ဆရာကြီး ဦးသိန်းမောင်ထက် (၄,၅)နှစ် အသက်ကြီးပါသည်။ ညီအစ်ကိုလို ရင်းနှီးခင်မင်ကြပါသည်။

ဦးစိန်ဝင်း၏ အိမ်အစတွင် လမ်းမကြီး ရှိပါသည်။ ဦးစိန်ဝင်းအိမ်နှင့် မျက်နှာချင်းဆိုင် တစ်ဖက်လမ်းဘေးတွင် မြို့နယ်တိရစ္ဆာန်ဆေးကု ဆရာဝန်အိမ် ရှိပါသည်။ တစ်နေ့မှာ တိရစ္ဆာန်ဆေးကုဆရာဝန်အိမ်တွင် လူတွေဆင်းလိုက်၊ တက်လိုက် သွားလာနေသည်ကို ဆရာကြီး ဦးသိန်းမောင် မြင်နေရပါသည်။

အတန်ကြာလျှင် အိမ်ရှင် ဦးစိန်ဝင်းသည် တိရစ္ဆာန်ဆေးကုဆရာဝန်အိမ်မှ ပြန်လာတာကို မြင်ရပြန်ပါသည်။ ဦးစိန်ဝင်း မျက်နှာမကောင်းချေ။ ဆရာကြီး ဦးသိန်းမောင်က...

'ကိုစိန်ဝင်း... လမ်းဟိုဘက်က အိမ်မှာ ဘာတွေဖြစ်နေတာလဲ၊ လူတွေဆင်းလိုက်၊ တက်လိုက်နဲ့ ဝိုင်းအုံနေတာပဲ'

'မြို့နယ်တိရစ္ဆာန်ဆေးကု ဆရာဝန်ပါကွာ၊ မိသားစု စကားပြောနေကြရင်းက ဗုန်းခနဲလဲပြီး သတိမေ့သွားလို့။ မေးမရ၊ ခေါ်မရနဲ့ အသက်တော့ ရှူသေးတယ်'

'ဒါဆို ဘေးပယောဂ အနှောင့်အယှက် တစ်ခုခုကြောင့် ဖြစ်တာပါ'

'မင်း ကုသနိုင်သလား'

'ကုသနိုင်ပါတယ်'

'ဒါဆို လာပါကွာ... အဲဒီအိမ်ကို ငါနဲ့ သွားပြီး လူနာကို ကုသပေးရအောင်ပါ။ ငါနဲ့ရင်းနှီးတဲ့ အိမ်နီးချင်းတွေမို့ပါ။ ပြီးတော့ သူတို့က မြို့မျက်နှာဖုံးတွေပါ'

www.burmeseclassic.com

'ဒီလိုနဲ့တော့ ကျုပ်က လိုက်ပြီး ကုသမပေးနိုင်ဘူး။ လူနာရှင်နဲ့ သက်ဆိုင်တဲ့သူ လာပင့်မှ လိုက်နိုင်မယ်'

'သိန်းမောင်ရာ... မင်းကလဲ ကြီးကျယ်နေပြန်ပြီ။ ငါ ပင့်မှတော့ လိုက်ခဲ့ပါကွ'

'ကိုစိန်ဝင်း ခင်ဗျားက လူမမာရှင် မဟုတ်ဘူး။ လူမမာရှင်ကိုယ်တိုင် လာပင့်မှ လိုက်ရတယ်။ ဒါ ပညာရှင် ဆရာတို့ရဲ့ စောင့်စည်းအပ်တဲ့ တရားပဲ'

အိမ်ရှင် ဦးစိန်ဝင်းသည် ခေါင်းကုတ်ပြီး မျက်နှာချင်းဆိုင် တိရစ္ဆာန်ကု ဆရာဝန်အိမ်သို့ ပြန်သွားပါသည်။ ခဏကြာသောအခါ ဦးစိန်ဝင်း ပြန်လာပါသည်။ သူ့နောက်မှာ အသက်(၅၀) ဝန်းကျင် အရွယ်ရှိ ရုပ်ရည်သန့်ပြန့်သော အမျိုးသမီးကြီးတစ်ယောက် ပါလာပါသည်။

အမျိုးသမီးကြီးသည် တဘက်စောင်ကလေး ညာဘက်ပခုံး ပေါ်တင်ပြီး ဆရာကြီး ဦးသိန်းမောင်ရှေ့တွင် ကျုံ့ကျုံ့ထိုင်လိုက်ပါသည်။ အမျိုးသမီးကြီးက...

'ဆရာရယ် ကျွန်မသားလေး စကားပြောနေရင်းက ဗုန်းခနဲ လဲကျပြီး သတိမေ့သွားပါတယ်။ အခုထိ ခေါ်လို့ မရသေးပါဘူး။ ကြွရောက်ပြီး ကုသပေးပါရှင်'

ဆရာကြီး ဦးသိန်းမောင်သည် အမျိုးသမီးကြီး ပင့်ဆောင်ရာ မျက်နှာချင်းဆိုင်အိမ်သို့ လိုက်ပါသွားပါသည်။ ယင်းအိမ်သို့ ရောက်လျှင် ခေါင်းရင်းခန်း၌ အသက် (၃၀)အောက် လူငယ်တစ်ဦး သတိမေ့လဲနေသည်ကို တွေ့ရသည်။

ဆရာကြီးသည် လူမမာ၏ ခေါင်းရင်းတွင် တင်ပျဉ်ခွေ ထိုင်လိုက်သည်။ ဘေးပယောဂ အနှောင့်အယှက်



ကြောင့် ဖြစ်ရမှန်း သိလိုက်သည်။ ထို့ကြောင့် ရေတစ်ခွက်ပေးရန် တောင်းလိုက်သည်။

ပထမဦးစွာ ဘုရားရှင်အား ဦးသုံးကြိမ်ချလိုက်သည်။ ဆေးကွမ်းအစ်ကလေးထဲမှ လေးကျွန်းပိုင်ဘုမ္မစိုးဦးသူတော် ဆေးရုပ်ကလေးကိုယူကာ ရေခွက်ထဲသို့ ထည့်လိုက်သည်။ အထက်ဆရာကြီးများအား ပင့်လျှောက်တိုင်တည်လိုက်သည်။

ရေခွက်ထဲမှ ရေများကို လူမမာ၏ ခန္ဓာကိုယ်ပေါ်သို့ လက်နှင့်တို့ကာ ဖျန်းတောက် တောက်လိုက်ပါသည်။ မကြာလိုက်ပါ။ သတိမေ့နေသော လူမမာသည် သတိရလာသည်။ ထထိုင်ပါသည်။

ဘာမပြော ညာမပြောနှင့် ဆရာကြီး ဦးသိန်းမောင်ကို လက်အုပ်ချီကာ ဦးသုံးကြိမ်ချပါတော့သည်။

ဆရာကြီး ဦးသိန်းမောင်က...

'ကဲ...ကဲ...ကဲ... ဘယ်လိုဖြစ်ရတာတုန်း ပြောစမ်းပါဦး'

'ကျွန်တော်တို့ မိသားစု စကားပြောနေတုန်း ကျွန်တော် ဗုန်းခနဲ လဲကျ[...] ပါတယ်။ သတိမေ့မြောနေစဉ်[...] လူတစ်စု ရောက်လာပြီး ကျွန်[...] ကို ဖွတ်အတင်း ဆွဲခေါ်ကြ[...] ကျွန်တော်က သူတို့ သိုက်နန်းက[...] တာတဲ့။ အချိန်ကျလို့ လာခေါ်တာ[...] အတင်းဝိုင်းဆွဲကြတယ်။

ကျွန်တော်ကလဲ ကျုပ်မှာ အ[...] ဇနီးနဲ့ သားသမီးတွေကို မခွဲ[...] မလိုက်နိုင်ဘူးလို့ ပြန်ပြောတယ်။ [...] ဘူး လိုက်ရမှာပဲတဲ့။ ဟိုမှာ [...] သိုက်နန်းတွေ ရှိတယ်ဆိုပြီး ညွှန်[...] တယ်။

သိုက်နန်းရှိတယ်ဆိုတဲ့ နေရာ[...] ကြည့်လိုက်တယ်။ ရေပြင်ကြီးထဲ[...] ကျွန်းဖြစ်ပေါ်နေပြီး အဲဒီကျွန်းပေါ်[...] ဘုရား၊ ကျောင်း၊ ဇရပ်၊ တိုက်[...] တန်ဆောင်းတွေနဲ့ သစ်ပင်ကြီး[...] ဝေဆာနေတာကို တွေ့ရပါတ[...] သူတို့က ဖွတ်အတင်းဆွဲ ကျွန်တော်[...] ရုန်းကန်နေရင်း ဖြူနီးဆို လူအုပ်[...] ပေါ်လာတယ်။

အဲဒီလူအုပ်ကြီးက ဟော့ကောင်[...] အဲဒီလူကို လွှတ်လိုက်ကြ။ အခု [...] လိုက် ပြောနေတာ မကြားဘူးလား[...] ဝိုင်းအော်လိုက်ကြမှ ကျွန်တော်[...] လွှတ်ပြီး ထွက်ပြေးကြတယ်။

အဲဒီလူတွေ ကျွန်တော့်ကို [...] လိုက်တော့မှ ကျွန်တော် သတိ[...] တာပါ။ အဲသလို သတိရလာတာ[...] ဆရာကြီးရဲ့ကျေးဇူး ဖြစ်မှာပဲ[...] အခုလို လက်အုပ်ချီပြီး ဦးသုံး[...] ချတာပါ'

ဆရာကြီးက...

'ကဲ အစ်မကြီး ခင်ဗျားသား[...] ဘုရား၊ ကျောင်း၊ ဇရပ်၊ တို[...] တန်ဆောင်းတွေနဲ့ သစ်ပင်[...] ဝေဆာနေတဲ့ ကျွန်းပေါ်[...] နေ[...]



www.burmeseclassic.com

www.burmeseclassic.com

သလား'

အမျိုးသမီးကြီးမှ...

'ကျွန်မ ခင်ပွန်းယောက်ျားကလဲ တိရစ္ဆာန်ကု ဆရာဝန်တစ်ဦးပါပဲ။ မော်လမြိုင်ကျွန်းမှာ ကျွန်မခင်ပွန်းဟာ တိရစ္ဆာန်ကုဆရာဝန် တာဝန်နဲ့ ထမ်းဆောင်ခဲ့ပါတယ်။

အဲဒီမှာပဲ ကျွန်မ သားကို ကိုယ်ဝန်ရှိခဲ့ပါတယ်။ သား အခု တွေ့မြင်ခဲ့ရတဲ့ အဆောက်အအုံတွေကလဲ မော်လမြိုင်ကျွန်းမှာရှိတဲ့ အဆောက်အအုံတွေနဲ့ တူနေပါတယ်။

အဲဒီ အဆောက်အအုံ၊ ဘုရား၊ ကျောင်း၊ ဇရပ်၊ တိုက်တာ၊ တန်ဆောင်းတွေမှာ ဥစ္စာသိုက်တွေ အကြီးအကျယ်ရှိတယ်လို့ သိခဲ့ရပါတယ်။ ကျွန်မသား ဥစ္စာစောင့် ဝင်စားတာ ဟုတ်မှာပါ။ သားက ဟိုး အတိတ်အကြောင်းတွေ ပြန်သတိမရလို့ ဖြစ်မှာပေါ့။

နောက် ဒီလိုမဖြစ်အောင် ကူညီပါ ဆရာ။ ကျွန်မသားဟာ သူ့အဖေလိုပဲ တိရစ္ဆာန်ကုဆရာဝန်ပါ။ ဒီငဖဲမြို့မှာ မြို့နယ်တိရစ္ဆာန်ကုဆရာဝန် တာဝန်ကို ထမ်းဆောင်နေတာပါ။ နောင်လဲ ဒီလို လာရောက်ခေါ်နိုင်ပါသလား ဆရာ'

ဆရာကြီးမှ...

'သိုက်ကြိုး မဖြတ်ရင် အချိန်မရွေး လာခေါ်နိုင်ပါတယ်။ သတိမေ့လို့ နာရီလွန်သွားရင် အသက်သေနိုင်ပါတယ်'

'ဒီလိုဆို ကျွန်မ သားကလေးကို သိုက်ကြိုးဖြတ်ပေးပါ ဆရာ'

ဆရာကြီးသည် ခေါင်းရင်းကို ကြည့်လိုက်သည်။ ဘုရားစင်နှင့် ဘုရားကို ကပ်လှူထားသော ညောင်ရေအိုး မတွေ့ချေ။

'ခင်ဗျားတို့အိမ်မှာ ဘုရားစင်နဲ့



ဘုရားကပ်လှူထားတဲ့ ညောင်ရေအိုး မမြင်ပါလား'

'ကျွန်မတို့က ဗုဒ္ဓဘာသာဝင် မိသားစု မဟုတ်ပါဘူး ဆရာ။ အခြားဘာသာဝင်တွေပါ'

'ဒီလိုဆို သိုက်ကြိုးဖြတ်လို့ မရဘူး။ ကျွန်တော်တို့ ဂိုဏ်းတော်ဟာ ဘုရားရှင်ရဲ့ အဆုံးအမအောက်မှာ ခံယူပြုလုပ်ရပါတယ်'

ဆရာဝန်မိသားစုသည် ဖြုန်းဆို ယခုလို သတိမေ့ပြီး အသက်သေမှာကို ကြောက်ရွံ့နေကြသည်။

အမျိုးသမီးကြီးက...

'ဆရာ ကျွန်မတို့ မိသားစု ဗုဒ္ဓဘာသာကို ကူးပြောင်းပါတော့မယ်။ ကျွန်မသားလေးကို သိုက်ကြိုးသာ ဖြတ်ပေးပါ'

'ဒီလိုဆို ခုချက်ချင်းပဲ ညောင်ရေအိုး ပန်းလှူပါ'

ဆရာဝန်မိသားစုသည် ညောင်ရေအိုးပန်းလှူကာ ပန်းကပ်ပါသည်။ ဆရာကြီးသည် ဆရာဝန်မိသားစုအား သရဏဂုံရွတ်ဆိုစေပါသည်။ ပြီးလျှင် ရေခွက်ထဲသို့ လေးကျွန်းပိုင် ဘုမ္မစိုးဦးသူတော် အရုပ်ကလေးကို ထည့်လိုက်ပါသည်။

နောက်နောင်တွင် ဆရာဝန်အား လာရောက် မနှောင့်ယှက်ရန်နှင့် ဥစ္စာသိုက်နှင့် ညှိသို့မှု မပတ်သက်ကြောင်း အမိန့်ပြန်ပါသည်။ ရေခွက်ထဲမှ ရေများကို ဆရာဝန်အား သောက်စေပါသည်။ ထိုအခါမှ ဆရာဝန်မိသားစု ပြုံးပျော်ရွှင်နိုင်ကြပါတော့သည်။

* * *

ဤကဲ့သို့ လေးကျွန်းပိုင် ဘုမ္မစိုး ဦးသူတော်ဆေးရုပ်ကလေးနှင့် ယင်း၏ စွမ်းရည်ရှိပုံကို ပြောပြပြီး ကျွန်တော့်ကို ထပ်မံ ပြောပြသည်မှာ...

'အဲဒီတုန်းက သေအံ့ဆဲဆဲ ဆရာဝန်ကို ဘုမ္မစိုးဦးသူတော်ဆေးကလေးအစွမ်းနဲ့ ကယ်တင်ခဲ့ရလို့ ဝမ်းမြောက်ပီတိ ဖြစ်ခဲ့ပါတယ်။ အဲဒီတန်ဖိုးမဖြတ်နိုင်တဲ့ အကျိုးကျေးဇူးများ ရရှိလာတာဟာ လေးကျွန်းပိုင်ဘုမ္မစိုး ဦးသူတော်ဆေးရုပ်ကလေးရဲ့ စွမ်းအင်တွေပေါ့ဗျာ'

ဆရာကြီး ဦးသိန်းမောင်သည် လေးကျွန်းပိုင် ဘုမ္မစိုးဦးသူတော်ဆေးရုပ်ကလေးကို ကိုင်ပြရင်း ပီတိဖုံးနေသော အပြုံးဖြင့် ပြုံး၍သာ နေပါတော့သည်။

**မှတ်ချက်။ ။ ဆရာကြီး ကွယ်လွန်ခဲ့သည်မှာ (၁၀)နှစ်ခန့်ပင် ရှိပါပြီ။ ဆရာကြီးနှင့် ဆရာကြီး၏ ပညာဂုဏ်တို့အား လေးစားသောအားဖြင့် သတိရစွာ ရေးသားလိုက်ခြင်းနှင့် စာဖတ်သူများအား ဗဟုသုတ မျှဝေခံစားနိုင်ကြစေရန် တင်ပြလိုက်ခြင်း ဖြစ်ပါကြောင်း...**

*ပညာရှိ သူတော်ကောင်းများနှင့် တွေ့ဆုံပေါင်းသင်းနိုင်ကြပါစေ။*

စလင်း ဦးကျော်

နဂါးနီဘာသာရပ်ဆိုင်ရာ ၂၆၁၁

www.burmeseclassic.com



ခင်သန္တာ
(ဆက်သွယ်ရေး)

# တောင်ကြီးမြို့မှာ တစ်ညတာ

ကျွန်မရဲ့ အစ်မတစ်ယောက်လို ချစ်ခင်လေးစားရတဲ့ မနှင်းတို့မိသားစု၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း စီမံရေးရာဌာနမှ ဝန်ထမ်းအချို့နဲ့အတူ တောင်ကြီး-အင်းလေးဘက်ကို ဘုရားဖူးခရီး ထွက်ခဲ့ကြပါတယ်။

မှတ်မှတ်ရရ (၂၃-၅-၂၀၁၃)နေ့ ည(၈း၃၀)နာရီမှာ နေပြည်တော်က လိုက်ထရပ်ကားတစ်စီးနဲ့ သွားခဲ့ကြတာပါ။ ကျွန်မ အပါအဝင် မနှင်းတို့ မိသားစုက(၉)ဦး၊ ရုံးမှ ဝန်ထမ်း(၈)ဦး စုစုပေါင်း (၁၇)ဦး ဖြစ်ပါတယ်။

အဲဒီအထဲမှာ မနှင်းရဲ့ တူမလေးတွေ ဖြစ်တဲ့ (၆)နှစ်အရွယ် ဖူးဖူးနဲ့ (၁၂)နှ အရွယ် ရွှန်းလဲ့ဝေဆိုတဲ့ ကလေးနှ ယောက်လဲ ပါ,ပါတယ်။ နေပြည်တော် မှ ထွက်ကတည်းက ကားဆရာက တစ်လမ်းလုံး မနားဘဲ မောင်းလိုက်တာ အကွေ့ အကောက်တွေပေါတဲ့ ကလော အတက်မှာတော့ ကျွန်မတို့အားလုံး မူးဝေအော့အန်လို့ပေါ့။ ညောင်ရွှေကိုရောက်တော့ မနက် (၃း၃၀)နာရီရှိနေပြီ။ ညောင်ရွှေမှာ အခန်းငှားပြီး ကျွန်မတို့အဖွဲ့ ခဏ နားကြတယ်။ ပြီးတော့ စက်လှေတစ်စီး ငှားပြီး အင်းလေးကို ဆက်ထွက်ခဲ့ကြတယ်။ မြန်မာနိုင်ငံ အပူပိုင်းဒေသကလာတဲ့ ကျွန်မတို့အဖွဲ့ ရှမ်းပြည်နယ်ရဲ့ အေးမြတဲ့ ရာသီဥတုနဲ့ သဘာဝအလှတွေကို ခံစားရတော့ အတိုင်းမသိ ပျော်ရွှင် ကြည်နူးမိပါတယ်။

အင်းထဲမှာ စက်လှေစီးနေတဲ့အချိန် တစ်ဖက်က ပြာလွှင်မှိုင်းညို့နေတဲ့ ရှမ်းရိုးမတောင်တန်းကြီး၊ တစ်ဖက်က လှေကားထစ် စိုက်ခင်းတွေနဲ့ မြေ တောင်တန်းတွေဟာ သဘာဝရဲ့ပန်းချီ ကားတစ်ချပ်လိုပါပဲ။

စကားသံဝဲဝဲနဲ့ ရှမ်းတိုင်းရင်းသား ကလေးက ကျွန်မတို့အဖွဲ့ကို မနက်စာ သုံးဆောင်ဖို့ အင်းထဲက ရှမ်းတိုင်းရင်း သားရိုးရာ စားသောက်ဆိုင်ကို ပို့ပေး ပါတယ်။ ရှမ်းခေါက်ဆွဲ၊ ထို့ဟူးနွေး

www.burmeseclassic.com

ခွှမ်းထမင်းချဉ် စတဲ့ ရှမ်းအစားအစာတွေကို မြိန်ရှက်စွာ စားသောက်ကြပြီး ဖောင်တော်ဦးဘုရား အပါအဝင် (၇)နေရာကို လိုက်ပို့ပေးခဲ့ပါတယ်။

အင်းလေးကအပြန် ရွှေညောင်မှာ နေ့လယ်စာ စားကြပါတယ်။ ရွှေညောင်မှ တောင်ကြီးကိုပြန်ပြီး မြစိမ်းတောင်ဘုရား၊ ရွှေဘုန်းပွင့်ဘုရား၊ စူဠာမုနိ အစရှိတဲ့ တောင်ကြီးမြို့ရဲ့ အထင်ကရ ဘုရားများကို ဖူးမြော်ကြပါတယ်။

သဘောကောင်းတဲ့ ကားဆရာကြီးရဲ့ အကူအညီနဲ့ ကျွန်မတို့အဖွဲ့ တောင်ကြီးမြို့က ဘုန်းကြီးကျောင်းတစ်ခုမှာ ညအိပ်တည်းခိုခွင့် ရခဲ့ပါတယ်။

ဘုန်းကြီးကျောင်းဟာ ကျယ်ဝန်းပြီး သာသနိက အဆောက်အအုံများစွာလဲ ရှိပါတယ်။ ကျွန်မတို့အဖွဲ့ကို ကျယ်ဝန်းသပ်ရပ်တဲ့ အဆောင်တစ်ခုမှာ တည်းခိုခွင့်ပေးပါတယ်။

အဆောင်က ကျယ်ကျယ်ပြန့်ပြန့်ရှိပြီး သမံတလင်းပေါ်မှာ ကွပ်ပျစ်များခင်းထားပါတယ်။ ဘုန်းကြီးကျောင်းမှ အခင်းတချို့ပေးပြီး ကျွန်မတို့ ကားပေါ်မှာပါတဲ့ အခင်းများနဲ့ အိပ်စရာနေရာ လုံလောက်စွာ ရရှိပါတယ်။

တံခါးပေါက်များလဲ လုံခြုံခိုင်ခံ့တဲ့အတွက် ကျွန်မတို့ အပြင်ထွက်ရင် ပစ္စည်းများကို စိတ်ချစွာ ထားခဲ့နိုင်တာကြောင့် အဆင်ပြေလှပါတယ်။

ဆွေးရိပ်သန်းနေတဲ့ ရှမ်းတောင်တန်းကြီးတွေရယ်၊ တောင်အောက်မှာရှိတဲ့ တောင်ကြီးမြို့ရဲ့ အလှတွေရယ်ကို ခံစားရင်း ရေခဲတမျှအေးမြလှတဲ့ ရေကို ချိုးပြီး ကျွန်မတို့အဖွဲ့ အဆောင်ထဲမှာ အနားယူနေကြပါတယ်။

တစ်နေ့လုံး ပင်ပန်းသမျှကို အနားယူအိပ်စက်ဖို့ ကြိုးစားပေမယ့် အဆောင်ခေါင်မိုးပေါ်မှ ပြေးလွှားသံများကို



တစ်ညလုံး ကြားနေရတာကြောင့် ဘယ်သူမှ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခဲ့ပါဘူး။

ကျွန်မအတွေးကတော့ ဒီအဆောင်ပေါ်မှာရှိတဲ့ သစ်ပင်ပေါ်က သစ်ကိုင်း၊ သစ်ခက်များ လေတိုက်လို့ ရွေ့လျားနေသလား၊ ဒါမှမဟုတ် သစ်ပင်မှ သစ်သီးများကို ငှက်များက လာရောက်စားသုံးရင်း ပြေးလွှားဆော့ကစားနေသလားလို့ တွေးထင်မိပါတယ်။

မနက် မိုးလင်းတော့ ကျွန်မ သတိထားကြည့်မိရာ အဆောင်ပေါ်မှာရော အနီးဝန်းကျင်မှာပါ သစ်ပင် လုံးဝမရှိဘဲ ရှင်းရှင်းလင်းလင်း ရှိနေပါတယ်။

ဒီနေ့မနက်မှာ ကျွန်မတို့အဖွဲ့ ထမ်းစမ်းဂူကို သွားရောက်ခဲ့ကြပါတယ်။ ထမ်းစမ်းကိုရောက်တော့ ကျွန်မ အရမ်းပျော်ပါတယ်။ သဘာဝအလှ ရှုခင်းတွေကို နောက်ခံထားပြီး ဓာတ်ပုံတွေ အလှအယက် ရိုက်ကြတယ်။

ထမ်းစမ်းဂူထဲက ဘုရားတွေကတော့ အံ့မခန်းပါပဲ။ တစ်ခါမှ မရောက်ဘူးသေးတဲ့ ဒေသက ဘုရားတွေကို အံ့မခန်း ဖူးတွေ့ရတော့ ကြက်သီးမွေးညင်းများ ထတဲ့အထိ ကြည်နူးပီတိဖြစ်ရပါတယ်။

ဂူထဲက ပြန်ထွက်ပြီးတော့ သစ်ခွပန်းပင်တွေ ဝယ်ကြတယ်။ ဒေသထွက်ပစ္စည်းတွေ လက်ဆောင်ပေးဖို့ဝယ်ပြီး အဲဒီကကျွေးတဲ့ သက်သတ်လွတ်ထမင်းဟင်းကို အားရပါးရ စားခဲ့ကြသေးတယ်။

ထမ်းစမ်းဂူက ပြန်တော့ ဟိုပုံးကိုရင်လေးကျောင်းကို ဆက်သွားကြတယ်။ အခုတော့ ဟိုပုံးဆရာတော်ပေါ့။ ဆရာတော်ကို ဖူးတွေ့ဖို့ နာရီဝက်လောက် စောင့်ကြရတယ်။

ဆရာတော်ကို ဖူးမြော်ကန်တော့ပြီး မွေတော်ကက္ကူကို ခရီးဆက်ခဲ့ကြတယ်။ စေတီပေါင်း (၂၅၀၀)ကျော်ရှိတဲ့ မွေတော်ကက္ကူကို ဖူးရတာလဲ အားမရနိုင်အောင်ပါပဲ။ ကျွန်မတို့အဖွဲ့ မွေတော်ကက္ကူမှာပဲ နေ့လယ်စာ စားကြတယ်။

ညနေ(၃း၀၀)နာရီမှာ တောင်ကြီးမြို့ကို ပြန်ရောက်တယ်။ မြို့မဈေးမှာ ဈေးတွေဝယ်ကြပြီး ညနေစာကို ရှမ်းအစားအစာတွေ စားကြတယ်။ ညနေစာ စားပြီး ကျွန်မတို့တည်းတဲ့ ဘုန်းကြီးကျောင်းမှာပဲ ပြန်အိပ်ကြတယ်။

အဲဒီညမှာတော့ အားလုံး သတိရှိရှိနဲ့ တံခါးများကို သေသေချာချာပိတ်ပြီး အိပ်ရာဝင်ကြပါတယ်။ ကျွန်မတို့ အဖွဲ့မှာပါတဲ့ လူငယ်လေးများက လက်ကိုင်ဖုန်းတွေနဲ့ သီချင်းနားထောင်နေကြလို့ အိပ်မရတဲ့ မာမီက ငြူစူပါတယ်။

ကျွန်မတို့အနားမှာအိပ်တဲ့ နွယ်နွယ်ကလဲ ကြမ်းပိုးကိုက်လို့ မအိပ်နိုင်ဘဲ ဓာတ်မီးတစ်လက်နဲ့ ကြမ်းပိုးရှာလို့ နေပါတော့တယ်။ အချိန်ကလဲ တဖြည်းဖြည်း ညဥ့်နက်လာပါပြီ။ တချို့လဲ အိပ်ပျော်နေကြပြီ။ တချို့လဲ နိုးတစ်ဝက်ပေါ့။

www.burmeseclassic.com

အိပ်မပျော်တဲ့ နွယ်နွယ်ကတော့ ဆက်သွယ်ရေးက ထုတ်ပေးထားတဲ့ အပြာရောင် မိုးကာအင်္ကျီကို မျက်နှာပေါ်အုပ်ပြီး ပရိတ်ရွတ်နေပါတယ်။ အဲဒီအချိန်မှာ ခွေးများကလဲ ဆွဲဆွဲငင်ငင် အူလို့ နေပါတယ်။ ခဏအကြာမှာတော့ နွယ်နွယ်ထံမှ...

'ကြည့်ပြီးရင်လဲ ပြန်တော့လေ'

ဆိုတဲ့ အသံတစ်သံ ထွက်ပေါ်လာပြီး ကျွန်မတို့အဆောင် ဝင်ပေါက် တံခါးတစ်ချပ် ဝုန်းခနဲ ပွင့်ထွက်သွားပါတယ်။

အိပ်ပျော်နေသူအားလုံး နိုးလာကြပြီး...

'ဘာဖြစ်တာလဲ'

လို့ မေးတဲ့အခါ နွယ်နွယ်က...

'ကျွန်မလဲ ကြမ်းပိုးကိုက်လို့ အိပ်မပျော်တာနဲ့ မျက်နှာပေါ် မိုးကာအင်္ကျီအုပ်ပြီး ပရိတ်တွေ ရွတ်နေတာ (၁၀)နှစ်သမီးအရွယ်လောက်ရှိတဲ့ ကလေးတစ်ယောက်လာပြီး ကျွန်မမိုးကာအင်္ကျီကို ဆွဲဖွင့်တယ်။

ကျွန်မလဲ လန့်သွားပြီး ဘာလုပ်တာလဲလို့ မေးတော့ ဒီအဆောင်ထဲမှာရှိတဲ့ ကလေးလေးကိုချစ်လို့ လာကြည့်တာလို့ ပြောတယ်။

ဘယ်က ကလေးလဲလို့ မေးတော့ အိပ်ပျော်နေတဲ့ ဖူးဖူးကို လက်ညှိုးထိုးပြတယ်။ အဲဒါနဲ့ ကျွန်မလဲ ကြည့်ပြီးရင် ပြန်တော့လေလို့ အော်လိုက်တာ။ ကျွန်မစိတ်ထဲမှာတော့ အိပ်မက်လိုလို တကယ်လိုလိုပါပဲ'

နွယ်နွယ် ပြောပြပြီးတဲ့ အချိန်မှာတော့ ကျွန်မတို့အားလုံးရဲ့ မျက်ဝန်းအစုံက ပွင့်ဟနေသော တံခါးပေါက်ဆီကို ရွေ့လျားသွားကြပါတယ်။ ဒီအဆောင်ထဲက မည်သူတစ်ဦးတစ်ယောက်မှ အပြင်ကို မထွက်ပါဘဲ သေသေချာချာ ချက်(ဂျက်)ထိုးပြီး ပိတ်ထားတဲ့ တံခါးချပ် ဘာကြောင့် ပွင့်ထွက်ပါသလဲဆိုတာ အားလုံးရဲ့ ရင်ထဲမှာ အတွေးကိုယ်စီနဲ့ပေါ့။

မနက်ဖြန်ဆို ကျွန်မတို့အဖွဲ့ ပင်းတယဂူကိုသွားပြီး နေပြည်တော်ကိုရောက်အောင် ပြန်ကြရမှာပါ။ ဒီည ကတော့ တောင်ကြီးမြို့ကို နှုတ်ဆက်တဲ့ ညလေးပေါ့။

တကယ်တော့လဲ ကျွန်မတို့ မြင်နိုင်စွမ်းမရှိတဲ့ ပရလောကသားတွေဟာ ကျွန်မတို့ အနီးဝန်းကျင်မှာ ရှိနေနိုင်ပါတယ်။ သူတို့က ကျွန်မတို့ကို ချစ်ခင်နှစ်သက်လို့၊ မိတ်ဆွေဖွဲ့ချင်လို့ လာရောက်တာမျိုးလဲ ဖြစ်နိုင်ပါတယ်။

ဘဝတွေ ခြားနေပေမယ့်လဲ ချစ်ခြင်းမေတ္တာဆိုတာ အမြဲတည်ရှိနေတဲ့ အရာတစ်ခုပဲလေ။ တောင်ကြီးမြို့မှာ ကြုံခဲ့ရတဲ့ အဲဒီညလေးကိုတော့ ကျွန်မဘဝထာဝရ အမှတ်ရနေမှာပါ။


**တောင်ကြီး–အင်းလေး ခရီးစဉ်တွင် အတူသွားခဲ့ကြသော မိတ်ဆွေများအားလုံးကို အမှတ်တရ...**

**ခင်သစ္စာ(ဆက်သွယ်ရေး)**

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလအတွင်း

# လာဘ်လာဘ

## ရွှင်လန်းစေဖို့



ဤလတွင် ငွေကြေးဆိုင်ရာ အခက်အခဲများ နည်းပါး ပျောက်ကွယ်၍ ငွေကြေးလာဘ်လာဘများ ရွှင်လန်းစေရန်အတွက် လုံးဝိုင်းသော ပုံသဏ္ဌာန်ရှိသည့် စားဖွယ်တစ်မျိုးမျိုးကို လှူဒါန်းသင့်သည်။ အောက်ပါ အခြေအနေများနှင့် ချင့်ချိန်ရှာဖွေပါ။

* * * ⟶

အထက်ပါဇယားအရ **ဝက်နှစ်ဖွား**သည် ဗယာကြော်သုံးခုကို ကြာသပတေးနေ့တွင် အရှေ့အရပ်ရှိသော ကြာသားသမီးတစ်ဦးအား ပေးလှူကာ ဤလအတွက် ရရန်ရှိသော ငွေကြေးလာဘ်လာဘများ အနှောင့်အယှက်အခက်အခဲမရှိ လွယ်လင့်တကူ ဝင်ရောက်ရရှိစေရန် သမ္မာဒေဝများထံ တိုင်တည် ဆုတောင်းသင့်သည်။

ကျန်နှစ်ဖွားများလည်း ဤကဲ့သို့ နမူနာယူ ဆောင်ရွက်ကြပါ။

***လာဘ်လာဘ ရွှင်လန်းဝေဆာနိုင်ကြပါစေ။***


**ထက်မင်းကျော်စွာ**

| မွေးနှစ် | ခုရေ | အရပ်မျက်နှာ | အလှူခံပုဂ္ဂိုလ် | လှူရန်နေ့ |
|---|---|---|---|---|
| ကြွက် | ၈ | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |
| နွား၊ ကျား | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| ယုန် | ၁ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| နဂါး၊ မြွေ | ၂ | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |
| မြင်း | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| ဆိတ်၊ မျောက် | ၉ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| ကြက် | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| ခွေး၊ ဝက် | ၃ | အရှေ့ | သောကြာသားသမီး | ကြာသပတေးနေ့ |



www.burmeseclassic.com

www.burmeseclassic.com



ရော်အောင်

# ကျားမျှော်လား

နှလုံးသားအမှားလား

မနီးမဝေးလွန်းသည့် ကာလလေး မှာ အမှတ်ရစရာလေး အဖြစ်မှန် ဖြစ်ရပ်လေးတစ်ခုကြောင့် စိတ်လှုပ်ရှား မှု ထူးခြားဆန်းကြယ်မှုတွေ၊ သံဝေဂ ရစရာလေးတွေ ကြုံတွေ့ခဲ့ရသည့် နေ့ရက်လေး ရှိခဲ့ဖူးပါသည်။ နေရာမှာ တွေးချိုကျေးရွာ ဆောက်လုပ်ရေး လုပ်ငန်းရုံးခွဲနေရာတွင် ဖြစ်ပါသည်။

အတိအကျဆိုရလျှင် **၂၈-၉-၂၀၀၉ ည(၈)နာရီကျော်ကျော်ခန့်** အချိန် တွင်…

'အာစရိရေ ကျောက်ပွင့်ရယ် မီးပုံထဲမှာ လူးနေတယ်။ ကျောက်ခဲတွေ မြေကြီးခဲတွေ ပါ ပါးစပ်ထဲ ငုံစားနေတယ်။ ဘယ်သူမှ ဆွဲလို့ မရဘူး။ ကြာရင် ဒုက္ခရောက်လိမ့်မယ်။ လာကြည့်ပါဦး'

ထမင်းစားနေရင်း စားလက်စ ထမင်း ပန်းကန် ထားခဲ့ပြီး ရုံးဝင်းထဲ ဆင်းလာ ခဲ့ပါသည်။

ဆောင်းရာသီ အအေးဓာတ်က ပြင်းထန်သည်မို့ လုပ်သားများ တန်း လျားအနီး မီးဖိုများ ဖိုထားရသည်။ မီးပုံနားတွင် ကျောက်ပွင့်တစ်ယောက် လူးလှိမ့်နေပြီး **''စားချင်တယ်''**ဟု

www.burmeseclassic.com

ထပ်ကာထပ်ကာ ပြောနေသည်။

အနားတွင်လည်း လုပ်သား (၄,၅) ယောက်မှ လက်ကို ချုပ်ကိုင်ထားကြသည်။ ခြေထောက်မှလည်း (၃,၄) ယောက် ဝိုင်းချုပ်ကြသော်လည်း မထိန်းနိုင် ဖြစ်နေသည်။

ကျွန်တော် ရောက်တော့ ရွာထဲမှ လူတွေ လာရောက်ကြည့်နေကြသည်။ မနည်းမနော။ ထိုအထဲမှ တစ်ယောက်က...

'ပယောဂ ကပ်နေတာဖြစ်မယ်။ ရွာတောင်ပိုင်းမှာ ပယောဂဆရာ ဦးလေးချစ်တင်ဆိုတာ ရှိတယ်'

'ဟာ... ဒါဆိုရင် သွားခေါ်ပေးပါလားဗျာ'

ကျွန်တော်လည်း လုပ်သားလေး တစ်ယောက်ကို ထိုလူနှင့် ထည့်လိုက်၍ အမြန်ပြန်လာကြရန် မှာကြားလိုက်ပါသည်။

သူတို့ ထွက်သွားပြီး ကျွန်တော် ဘာလုပ်ရမှန်းမသိ ဖြစ်နေချိန်မှာ ရွာမှ လူကြီး ဦးမောင်သော်မှ...

'ဆာနေတယ်ထင်တယ်။ ကျွန်တော့်မှာ နေလှန်းထားတဲ့ အမဲခြောက် နည်းနည်းရှိတယ်'

ဟု ဆိုပြီး သွားယူနိုင်းပါသည်။

အမဲခြောက် ခန့်မှန်းခြေ (၁၀)ကျပ်သားခန့်ကို ပါးစပ်ထဲ ထည့်ပေးပါသည်။ ဝါးစားနေတုန်း ငြိမ်နေပြီး ကုန်သွားသောအခါ ထပ်အော်ပြန်ပါသည်။

ကျွန်တော် ကြံရာမရဖြစ်ပြီး ဆေးဖော်ရန် ခုတ်ထားသော ဆင်တုံးမနွယ်ပိုင်းများ ပါးစပ်ထဲသို့ ထိုးထည့်ပေးလိုက်သော်လည်း ဝါးစားနေပြန်သည်။

ဆင်တုံးမနွယ်သည် သာမန်လူအဖို့ လျှာဖျားနှင့် တို့လျှင်တောင် အင်မတန်



ခါးသော အရသာကြောင့် တော်ရုံမစားနိုင်ပါ။ ယခုတော့ တော်တော်များများ ဝါးစားနေခြင်းမှာ ထူးခြားခြင်းပေလောဟု ထင်မိပါသည်။

'အာစရိ ဒါ ပယောဂဆရာ ဦးချစ်တင်ပါ'

'ကြည့်ပေးပါဦးဗျာ'

ဦးချစ်တင်လည်း ကျောက်ပွင့်ကို ကြည့်၍ ယူဆောင်လာသော ရေမန်းများ ပက်ဖျန်းနေပါသည်။ ခဏကြာ ငြိမ်သက်သွားပြီး အခြေအနေ ကောင်းနေပြီဟု ထင်မိပါသည်။

ရွာမှ ကလေး၊ လူကြီးများပါမကျန် တော်တော်များများ လာရောက် ကြည့်နေကြပါသည်။ ငြိမ်သက်နေသော ကျောက်ပွင့်ကို ခေါင်းကလေးကိုင်၍ ဦးချစ်တင်မှ သားလေးဟုခေါ်ပြီး ပွတ်သပ်ပေးနေချိန်မှာ မထင်မှတ်ဘဲ လှမ်းဟပ်လိုက်သော ကျောက်ပွင့် ပါးစပ်ထဲသို့ ဦးချစ်တင်၏ အနွေးထည် ထူထူကြီး လက်ကောက်ဝတ်နားလောက်မှာ အကွင်းလိုက် ပြတ်ထွက်သွားပါသည်။

အသားပါမသွား၍သာ တော်ပေသေးသည်။ ဦးချစ်တင်လည်း အနား မကပ်ရဲတော့ပါ။ ယခုမှ ပိုဆိုးလာသည်။ ဝိုင်းချုပ်ထားသော အားကောင်းမောင်းသန် အလုပ်သမား လေး... ယောက်လောက် မနိုင်ဖြစ်နေသည်... ကြာလျှင် မီးပုံထဲရောက်ပြီး မီးလော... ကုန်မှာစိုးရသည်။

ရွာလူကြီး ဦးမောင်သော်... အကူအညီ တောင်းရတော့သည်... ကျွန်တော်တို့ ဝန်ထမ်းတွေ... ရွာလူကြီးမှာ ခင်မင်ရင်းနှီး... ရှိပြီးသားမို့ မငြင်း...

'ဥက္ကဋ္ဌရေ ဒီအတိုင်းဆို မီးပုံ... ရောက်သွားနိုင်တယ်။ ခင်ဗျားဆီက... ထိတ်တုံး ခဏငှားပါဦးဗျာ'

ထိတ်တုံးထဲ ဝိုင်းထည့်ပေးပြီး... ဝန်ထမ်းဆောင်ပေါ်သို့ ခက်ခက်ခဲခဲ... ဝိုင်းတင်ပေးလိုက်ကြပါသည်။

ကြည့်နေကြသော လူအုပ်ကြီး... လည်း တဖြည်းဖြည်း ပြန်ကုန်ကြ... သည်။ အချိန် အတော်လင့်နေပေပြီ။ ဥက္ကဋ္ဌမှ ထိတ်တုံးသော့ကို ပေးခဲ့ပြီး သတိရလျှင် ဖွင့်ပေးရန်ပြော၍ ပြန်သွားပါသည်။

ပယောဂဆရာ ဦးချစ်တင်မှ...

'ခင်ဗျားလူက ထိုးထားတဲ့ဆေးတွေ... ဖောက်တာဗျ။ ဆေးတွေက စုံနေတာ... ပဲ။ အာဋ္ဌာဝက၊ မင်းညီနောင်ဆေး... ကျားဆေးတွေ စုံနေတာဗျ။ ကျားမှော်... အောင်ထားတယ် ထင်တယ်ဗျို့'

ဟု ပြောပြောဆိုဆို ပြန်ပါလေတော့... သည်။

* * *

'ကျောက်ပွင့်ကျော်နိုင်'

နာမည်ကတော့ ကျော်နိုင်ပါ။ လမ်း... လုပ်သားနှင့် လမ်းကြိတ်စက်အကူ... တစ်ယောက်ပါ။ လမ်းခင်းကျောက်များ... ကို ထုခွဲသည့်နေရာတွင် ကျွမ်း... သည့် လူတော်တစ်ယောက် ဖြစ်၍ ကျောက်ပွင့်ဟု နာမည်ပြောင် ခေါ်...





www.burmeseclassic.com

www.burmeseclassic.com

...င်း ကျောက်ပွင့်နာမည် တွင်သွားခြင်း ဖြစ်ပါသည်။

နေပြည်တော် – တောင်တွင်းကြီး လမ်းပိုင်း ၃၃/၀ မိုင်မှ ၄၄/၀ အထိ ပြုပြင် ခြင်း ပျက်နေသော လမ်းများ ကျောက် ညှပ်၍ ကတ္တရာခင်းရန် လုပ်ငန်းများ အတွက် လုပ်သားအင်အား (၃၀)ကျော် နှင့် လုပ်ငန်းကြီးကြပ်ရန် လမ်းအင်ဂျင် နီယာမှ တာဝန်ပေးသဖြင့် လဆန်း ရက်မှ လုပ်သားများ **ငွေးချိုကျေးရွာ ဆောက်လုပ်ရေး ရှေ့တန်းရုံးခွဲတွင်** အထိုင်ချ နေထိုင်ကြပါသည်။

(၂–၉–၂၀၀၉)ရက်မှာ လမ်းအချော ကြိတ်ရန် လမ်းကြိတ်စက်မှာထားပြီး ညနေပိုင်းမှာ လူငယ်တစ်ယောက် ရောက်လာပါသည်။

'အာစရိရေ… ကျွန်တော့်နာမည်က ကျော်ခိုင်ပါ။ လမ်းကြိတ်စက်အကူပါ။ ကြိတ်စက် ရောက်လာပါပြီ'

'ဩော်…အေး အေး ထမင်းစားပြီး ပြီလား'

ကျွန်တော့်တစ်ယောက်စာ ချက် ပြုတ်ထားသော ထမင်းနှင့် ဟင်းမှာ အမြဲပင် ပိုလျှံနေတတ်ပါသည်။

'ထမင်းအိုးထဲမှာ ထမင်းနဲ့ ခရမ်း ချဉ်သီးချက်၊ ငါးခြောက်ကြော်ရှိတယ် ထည့်စားကွာ'

ကျော်ခိုင် ဟန်မဆောင်ပါ။ အိုးဖွင့်၍ နှုးခပ်စားသောက်ပါတော့သည်။

ပွင့်ပွင့်လင်းလင်းနှင့် ခင်မင်ဖွယ် အပြုံးကြောင့် ခဏအကြာ ရင်းနှီးသွား ပါသည်။ နောက်ရက်များမှာ ချက်ပြုတ် မှုအတွက် သူပဲ တာဝန်ယူပါတော့ သည်။ ဖင်ပေါ့သော၊ ဦးမလေးသော ကျော်ခိုင်ကို သံယောဇဉ်တော့ ဖြစ်မိ ပါသည်။

လမ်းကြိတ်စက်လုပ်ငန်းများ ပြီးဆုံး သွားသဖြင့် ပြန်ရမည့်အချိန်မှာ



ကျော်ခိုင်မှ…

'အာစရိရေ လမ်းကြိတ်စက်က ပြင်ရဦးမယ်။ နောက်တန်း ပြန်ပို့ရမှာမို့ ကျွန်တော် အလုပ် မရှိတော့ဘူး။ အာစရိဆီမှာပဲ အလုပ် လုပ်ပါရစေ'

ဟု ဆိုသဖြင့် ကျော်ခိုင်ကို ကျွန်တော်တို့အလုပ်ထဲ ခေါ်ထားလိုက် ပါသည်။

တဖြည်းဖြည်းနှင့် ဖွဲ့ကောင်းသော၊ လုပ်ငန်းကျွမ်းကျင်သော၊ အပင်ပန်း ခံနိုင်၍ ကြံ့ခိုင်သော အရည်အချင်းများ ကြောင့် လုပ်ငန်းတွင်ကျယ်သဖြင့် အားကိုးရသော သူတစ်ယောက် ဖြစ်လာပါသည်။

(၅–၉–၂၀၀၉)မှာ ၃၃/၀ မှ ၄၄/၀ အထိ လမ်းဘေးရေမြောင်းများ ပြန်လည် ပြုပြင်ရန် တာဝန်ပေးသဖြင့် လုပ်သား များ (၃)ယောက်တွဲ ရေမြောင်းပေါက် ရန် အဆိုင်းတွဲပေးလိုက်ပါသည်။

ပေါက်တူးပေါက်ရန် ယောကျ်ား လေးတစ်ယောက်၊ မြေသယ်ရန် မိန်း ကလေးနှစ်ယောက် တွဲပေးလိုက်ရာ ကျော်ခိုင်မှာ **တောင်တွင်းကြီးဘက်မှ လာသော စုရီနှင့်နုညီတို့ ညီအစ်မ နှစ်ယောက်နှင့်** တစ်တွဲတည်း ကျပါ သည်။

အားလုံး (၁၀)ဆိုင်း။ လကုန်ရက် အပြီးသတ်ရန် (၁၁)မိုင်ခရီးကို မနက် ဖြန် စတင်လုပ်ဆောင်ရန် စီစဉ်ရပါ တော့သည်။

* * *

လုပ်ရက်ကလေးတွေ တဖြည်းဖြည်း ကုန်မှန်းမသိ ကုန်လာသလို လုပ်ငန်း တွင်ကျယ်လာပါသည်။ အခက်အခဲက ရေရှားခြင်း ပြဿနာနှင့် ရင်ဆိုင်နေရ သည်။ လုပ်အားများများသုံးသဖြင့် ချွေးထွက်များသောကြောင့် ရေပိုကုန် လာပါသည်။

တောင်ပေါ်လမ်းဖြစ်ခြင်း အနီးအနား ရွာများ မရှိခြင်းကြောင့် ရေရရန် စဉ်းစား နေစဉ် ကျော်ခိုင်မှ…

'အာစရိ ရေအတွက် စိတ်ပူနေ တယ် မဟုတ်လား မပူပါနဲ့'

ဟု ပြော၍ ရေပုံးနှစ်ပုံး ယူပြီး တောင်အောက်ကို ဆင်းသွားပါသည်။

သိပ်မကြာလိုက်ပါ။ ရေပုံးနှစ်ပုံး ဆွဲ၍ တက်လာသော ကျော်ခိုင်ကို ဝမ်းသာအားရ ကြိုဆိုရပါသည်။ ရေ အတွက် ပူစရာ မလိုတော့ပါ။ နောက် ရက်များမှာလည်း ရေကုန်သွားလျှင် ကျော်ခိုင် ဖြေရှင်းပေးနေ၍ ပြဿနာ မရှိတော့ပါ။

မှတ်မှတ်ရရ (၁၅–၉–၂၀၀၉)ရက် မှာ ကျော်ခိုင် အလုပ်မဆင်းနိုင်သော နေ့မှာ ရေပြဿနာ ကြုံရပါတော့သည်။ ကျော်ခိုင် ဆင်းတတ်သော တောင် အောက်လမ်းအတိုင်း လုပ်သားလေး တစ်ယောက်ကို ခေါ်၍ ရေရှာထွက် လာရာ နာရီဝက်ခန့်သာ ကြာသွား သည် ရေအရိပ်အယောင်တောင် မတွေ့ရပါ။

လက်လျှော့၍ ပြန်တက်...

www.burmeseclassic.com

သည်။ ကံကောင်းထောက်မစွာ ရေကား လမ်းကြုံနှင့်တွေ့၍ ရေချပေးသွားခြင်းကြောင့် ပြေလည်သွားခဲ့သော်လည်း **'ကျော်ခိုင်နှင့်ရေ'**အဖြေရှာမရ ဖြစ်ခဲ့ပါသည်။

တနင်္ဂနွေနေ့ လုပ်သားများ ပင်ပန်းလွန်းသဖြင့် တစ်ရက် အနားပေးလိုက်ပါသည်။ အနားယူ၍ ကောင်းမွန်စွာ ချက်ပြုတ်စားကြရန် ပြင်ဆင်ကြပါသည်။''အသားဟင်းလေး တစ်ခွက်လောက် စားရရင် ကောင်းမှာပဲ''ဟု တွေးနေစဉ် ကျော်ခိုင်တစ်ယောက် ဖွတ်အသေတစ်ကောင်နှင့် သနပ်ခါးပင် တစ်ပင် ထမ်း၍ လာနေသည်ကို တွေ့ရသဖြင့် အံ့အားသင့်သွားသည်။

'အာစရိရေ... ရွာထဲက တောလိုက်ခွေး တစ်ကောင်ငှားပြီး ဟင်းစား သွားရှာတာ ဖွတ်တစ်ကောင်တော့ ရခဲ့တယ်။ ကံကောင်းလို့ သနပ်ခါးပင်တစ်ပင် တွေ့ခဲ့တယ်။ ကောင်မလေးတွေအတွက် ခုတ်လာခဲ့တာ' ဟု ပြောပြောဆိုဆို ရောက်လာပါသည်။ ***(ကြုံလျှင်တော့ ကျောက်ပွင့်နှင့် တောလည်ခြင်းများကို နောက်များမှ တင်ပြပါဦးမည်။)***

အလုပ်သမားများလည်း ကျော်ခိုင်နားတွင် ဝိုင်းအုံလာကြပါတော့သည်။ သနပ်ခါးတုံးကတော့ စုရီနှင့် နုရီတို့အတွက်ပဲဆိုကာ ဝိုင်းနောက်ပြောင်ကြရာ ညီအစ်မနှစ်ယောက် ရှက်ကိုးရှက်ကန်းနှင့် ရယ်ကျဲကျဲ ကြည့်နေပါတော့သည်။

ညနေပိုင်း ဖွတ်သားဟင်းမှာလည်း အချက်အပြုတ် တော်သောကြောင့် မရဲတရဲနှင့်စားရင်း အရသာကောင်းသော ဖွတ်သားနှင့် ဝေဝေမြိုင်သွားရပါတော့သည်။

လကုန်ရက် ကပ်လာသည်နှင့် လုပ်ငန်းပြီးစီးလုနီးပါး ရှိခဲ့ပါသည်။ (၂၆-၉-၂၀၀၉)ရက်မှာတော့ စုရီနှင့် နုရီတို့ ညီအစ်မနှစ်ယောက်အား ဦးလေးတော်သူမှ လာရောက်ခေါ်သွားပါသည်။ ကျသင့်သော လုပ်အားခများ ရှင်းပေးသောအခါ ညီအစ်မနှစ်ယောက် မျက်နှာမကောင်းကြပါ။

အနီးအနားမှာ ကျော်ခိုင်လည်း ယောင်လည်လည် လုပ်နေပါသည်။ နောက်မှ သိရသည်မှာ ညီအစ်မနှစ်ယောက်၏ မိသားစုက ပြေပြေလည်လည်ထဲမှဖြစ်ပြီး တောင်ယာသမားဖြစ်၍ ကြက်သွန်စိုက်ခင်းမှ ပြီးဆုံး၍ အားနေသဖြင့် သူငယ်ချင်းများနှင့်အတူ အလုပ်လာနေကြခြင်း ဖြစ်ပါသည်။

မရောက်ဘူးကြ၍ ဗဟုသုတရရန် တစ်ကြောင်း၊ နယ်မြေအတွေ့အကြုံ ရရန်တစ်ကြောင်းကြောင့် လာရောက်လုပ်ကြခြင်းဖြစ်ပြီး အကြီးမ စုရီမှာ စေ့စပ်ထားသူ တစ်ယောက်ဖြစ်၍ မကြာမီ မင်္ဂလာကိစ္စ ရှိသဖြင့် လာခေါ်ကြောင်း သိရပါသည်။

ကျော်ခိုင့်မျက်နှာ ကြည့်တော့လည်း ညှိုးငယ်နေသဖြင့် ဇာတ်လမ်းတွေတော့ ရှိနေပြီဟု ထင်ပါသည်။ လူကြီးပီပီ မသိချင်ယောင် ဆောင်နေလိုက်ပါသည်။

(၂၈-၉-၂၀၀၉) နေ့ခင်းပိုင်း လုပ်ငန်းတွေလည်း ပြီးဆုံးသွားသဖြင့် အေးဆေးစွာ လုပ်သားစာရင်းများ တွက်ချက်ပြီး ညပိုင်းမှာတော့ ကျော်ခိုင် တစ်ယောက် မသောက်ဘူးသော အရက်တစ်ခွက်ကြောင့် နှလုံးသား ဒဏ်ရာဒဏ်ချက် ကွဲအက်ပျက်စီးခဲ့ပြီး ကျောက်ပွင့်ကျော်ခိုင်ဟု နာမည်ကြီး ကျောက်ခွဲသမား ကျော်ခိုင် သူ ခွဲခဲ့သည့် လမ်းခင်းကျောက်ကြီးတွေလို သူ့၏အသည်းနုနု ကြေမွခဲ့ပြီဟု ထင်မိပါသည်။

လုံးပတ်(၄)လက်မခန့် ရှိသော ခြစည်းရိုးမျောတိုင်များ၊ အခိုင်[illegible] သံရိုက်၍ ခတ်ထားသော ခြစည်း[illegible] များမှာ ကျော်ခိုင် တွန်းထိုးတိုးဝှေ့[illegible] လက်ဖြင့် ကုတ်ဆွဲခြင်းများကြော[illegible] ပွင့်ထွက်ပြီး မီးပုံဘေးတွင် လူးလို့[illegible] ရသော အဖြစ်များသည် သူ ထိုး[illegible] သော ဂိုဏ်းဆေးများကြောင့်လား[illegible] ဂိုဏ်းဆေးများနှင့် မတည့်သော[illegible] အရက်တစ်ခွက်ကြောင့်လား၊ [illegible] မဟုတ် နုရီနှင့်စုရီ ညီအစ်မနှစ်ယော[illegible] အတွက်ကြောင့်လား......လားပေါ[illegible] များစွာဖြင့် တော်တော် ခံစား[illegible] သည်ကို ရင်ထဲမှာ မချိအောင် စိုး[illegible] ပါသည်။

အချိန် ညဥ့်နက်လာသည်နှင့်[illegible] အသိတရားများ ကပ်လာသော[illegible] ကျောက်ပွင့်ကျော်ခိုင်ကို သော့ဖွင့်[illegible] ရင်း ထိပ်တုံးနေရာများ ပါးစပ်[illegible] ကိုက်ထားသော ပျဉ်းကတိုးသား[illegible] မှာ အကွင်းလိုက် ပဲ့ထွက်နေခြင်း[illegible] ကြည့်ခြင်းအားဖြင့် သူ၏ စွမ်းအား[illegible] အံ့အားသင့်ခဲ့ရပါသည်။

'ကျွန်တော် မှားခဲ့ပါတယ် ဆရာ[illegible] ခွင့်လွှတ်ပါ'

ဆိုသည့် သူ၏ တောင်းပန်သံ[illegible] ခံစားရသည်မှာ အထူးသဖြင့် ရင်[illegible] နှလုံးသားထဲမှာ မချိတင်ကဲ ဖြစ်ခဲ့[illegible] သည်။

'ခွင့်လွှတ်ပါတယ် ကျော်ခိုင်ရယ်'

**(၂၉-၉-၂၀၀၉)မှာ** ကျော်ခိုင်[illegible] ယောက် သူ၏ အသုံးအဆောင်ပစ္စည်း[illegible] များနှင့် ပျောက်ချင်းမလှ ပျောက်[illegible] သည်မှာ...။

***သုတပွားနိုင်ကြပါစေ။***

**ရောမောင်**



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဆိုင်

ထူးခြားဆန်းပြား

# ကျားတစ်ပိုင်း လူတစ်ပိုင်း

ပရလောကသား

ကျွန်ုပ် ယခု ရေးသားတင်ပြမည့် ဇာတ်လမ်းသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာတွင် လွန်ခဲ့သော နှစ်ပေါင်း(၂၀)ဝန်းကျင်က အမှန်တကယ် ဖြစ်ပျက်ခဲ့သော ဇာတ်လမ်းဖြစ်ပါသည်။

ဖြစ်ရပ်မှန်ဇာတ်လမ်း ဖြစ်ပါသဖြင့် နေရာဒေသကို ချန်လှပ်ထားခဲ့ပြီး လူ၏ အမည်နာမများကိုပါ ပြောင်းလဲရေးသားထားပါကြောင်း ဦးစွာ ဝန်ခံရင်း...

* * *

လယ်သမားတစ်ယောက် ဖြစ်သော ကိုဘသာ၏ နွားသားပေါက်ကလေးတစ်ကောင်ကို လယ်ကွင်း၏ တောအစပ်တစ်နေရာတွင် ကျားတစ်ကောင်က ကိုက်သတ်ခြင်း ခံလိုက်ရသော အခါ ကိုဘသာမှာ မိမိရင်က ဖြစ်သည့် လာရသောသားအား လာပြီး ကိုက်



www.burmeseclassic.com

www.burmeseclassic.com

သတ်လိုက်သကဲ့သို့ ခံစားရလေတော့သည်။

မှန်ပါသည်။ အဆိုပါ နွားသားပေါက်ကလေး၏ မိခင်,ဖခင်နွားများနှင့် အတူ လက်ပွန်းတတီး လုပ်ကိုင်ပြီး စားသောက်လာခဲ့ကြရသည်မှာ နှစ်အတန်ကြာခဲ့ပြီ ဖြစ်ပါသည်။ သူ့မိဘများ၏ ကျေးဇူးတရားက ကိုဘသာတို့မိသားစုများအပေါ် မနည်းလှတော့ပါ။



ယခုအခါ သူတို့၏ သားပေါက်ကလေးကို ဟင်းမျိုးကြီး အသေကိုက်သတ်လိုက်ပြီဆိုတော့ သူတို့လည်း အဆိုပါ ဟင်းမျိုးကြီးအား ပြန်၍ ကလဲ့စားချေလိုက်ကြပေမည်။

သို့သော်လည်း ကျားနှင့်နွားမှာ အားချင်းကတော့ မတူပါပေ။ ကျားသနားမှ နွားချမ်းသာ ဟူသော စကားပုံပင် ရှိနေသေးသည် မဟုတ်ပါလား။ အားမတန်၍ မာန်လျှော့ထားရသော်လည်း ကလဲ့စားချေလိုသည့်စိတ်ကတော့ ရှိနေမည်မှာ အမှန်။

ထိုအခါ ဟင်းမျိုးကြီးကို ပြန်၍ ကလဲ့စားချေနိုင်သူမှာ လူသားများပင် ဖြစ်ပါသည်။ သို့ဖြစ်၍ လူသားလည်းဖြစ်၊ ပိုင်ရှင်လည်းဖြစ် ကျေးဇူးတရားကလည်း ရှိနေရသော ကိုဘသာမှာ အလိုလိုနေရင်း တာဝန်ရှိလာရလေတော့သည်။

သို့ဖြစ်၍ နွားသားပေါက်ကလေး ကျားကိုက်သွားပြီဟု သတင်းရလျှင်ရခြင်း နွားသားပေါက်ကလေး သေဆုံးသွားရာ လယ်ကွင်းဘေးနားက တောအစပ်ကလေးကို သွားကြည့်ဖြစ်သည်။

ဟင်းမျိုးကြီးက နွားသားပေါက်ကလေးကို ကုန်အောင် စားသွားခြင်း မရှိသေးကြောင်း တွေ့ရလေသည်။

ကိုဘသာမှာ နွားပေါက်ကလေး သေရသလို ဟင်းမျိုးကြီးလည်း သေရမည်ဟု စိတ်ထဲမှာ ကြုံးဝါးလိုက်သည်။ ပြီးတော့ အချိန်ကလေးလည်း ရှိနေသေးသဖြင့် စက်ဘီးတစ်စီးဖြင့် ပြင်းထန်သော အဆိပ်တစ်မျိုးကို ရွာရိုးကိုးပေါက်လိုက်ပြီး ရှာရတော့သည်။

ရှာဖွေနေသော အဆိပ်တစ်မျိုးကို ရရှိလာသောအခါ နွားသားပေါက်ကလေး သေဆုံးရာနေရာသို့ သွားပြီး ကြွင်းကျန်ရစ်နေသော အသားအပိုင်းအစများပေါ်သို့ ဖြူးပေးလိုက်သည်။

ဟင်းမျိုးကြီးမှာ ညအခါသို့ ရောက်သော် တစ်ကျော့ပြန်ပြီး လာစားဦးမည်သာ ဖြစ်သည်။ ထိုအခါ အဆိုပါ ပြင်းထန်သောအဆိပ်ကြောင့် မလွဲမသွေ သေရမည်သာ ဖြစ်သည်။ ထိုကဲ့သို့သော အကြံအစည်ဖြင့် ယခုကဲ့သို့ ပြုလုပ်စီမံလိုက်ရခြင်းသာ ဖြစ်တော့သည်။

စီစဉ်စရာရှိသည်များကို စီစဉ်ပြီးသောအခါ အားရကျေနပ်စွာနှင့် ရွာသို့ ပြန်ခဲ့ပါသည်။ ရွာသို့ ပြန်ရောက်သောအခါတွင် တွေ့သမျှ လူများကို 'မနက်ဖြန် မနက်ပိုင်းလောက်မှာတော့ ကျားသားစားရမှာ သေချာတယ်။ ကျားသားစားချင်တဲ့သူတွေ ငါနဲ့အတူ လိုက်ခဲ့ကြပါ' ဟု ဖိတ်ခေါ်ထားလေတော့သည်။ အထူးသဖြင့်ကိုတော့ မုဆိုးအမဲလိုက် ဝါသနာပါသူများကို သီးခြားစည်းရုံးထားလေသည်။

နောက်တစ်နေ့နံနက် မိုးလင်းလာသောအခါ တောလိုက်ဝါသနာပါသူလေး,ငါးယောက်နှင့်အတူ ဓားလှံများကို ကိုယ်စီကိုင်ပြီး နေအိမ်မှ ထွက်ခဲ့ကြသည်။ ခါတိုင်းခေါ်နေကျ ခွေးများကိုလည်း ခေါ်လာခဲ့ကြသည်။

ကျားမှာ အဆိပ်မိပြီး သေနေမည်မှာ မှန်သော်လည်း တစ်ထစ်ချပြော၍မရ။ သို့ဖြစ်၍ ခွေးများအပြင် မုဆိုးများ၏ လက်နက်ဖြစ်သော ဓားလှံများကိုလည်း လိုရမည်ရ သယ်ဆောင်လာခဲ့ကြသည်။

အဆိပ်ခတ်ထားသော နွားသားပေါက်ရှိရာဆီသို့ ရောက်ခါနီးတွင် သစ်ပင်တစ်ပင်ပေါ်သို့ တက်ပြီး လှမ်းကြည့်ကြသေးသည်။ မှန်ပါသည်။ ကိုဘသာ တွေးထင်ထားသည့်အတိုင်းပါပေ။ နွားသားပေါက်၏ အပေါ်တွင် ကျားတစ်ကောင်က ဝပ်စင်းပြီး မလှုပ်မယှက်ဖြင့် ငြိမ်သက်၍ ရှိနေကြောင်း မြင်တွေ့ကြရသည်။

ကျားသည် ပြင်းထန်သော အဆိပ်ကြောင့် သေနေပြီဖြစ်သည်။ ပါလာ



www.burmeseclassic.com

www.burmeseclassic.com



သည့် ခွေးများကတော့ ထိုအချိန်က စပြီး အသံပင် မထွက်နိုင်တော့ပါ။ အမြီး ကုပ်ပြီး လူ့အနားက မခွာနိုင်ကြတော့။

သို့ဖြင့် သစ်ပင်ပေါ်မှ ပြန်ဆင်းပြီး ထိုနေရာသို့ တဖြည်းဖြည်းချင်း ကပ်ကြသည်။ လှံတစ်ကမ်း အကွာအဝေးသို့ ရောက်သောအခါ ကိုဘသာက သူ၏ လက်စွဲတော် လှံတစ်ချောင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး ကျားသေကြီးရှိရာဆီသို့ ပြေးကပ်ရန် ဟန်ပြင်လိုက်စဉ် ဝါရင့်မုဆိုး ဦးလူစိန်မှ…

'ဘသာ မင်းမလောနဲ့ကွ၊ ငါပြောတာ နားထောင်စမ်း'

ဟု ဟန့်တားလိုက်သည်။ ကိုဘသာမှာတော့ ကျားသေအနားကို ပြေးကပ်ပြီး သူ၏လှံဖြင့် ထိုးမည်တကဲကဲ လုပ်နေသည်။ ကျားမှာ အဆိပ်ကြောင့် သေသွားရပြီ။

သို့သော် အဆိပ အဆိပ်ကြောင့် သေသွားရသည်ကိုပင် သူက အားမရ မကျေနပ်နိုင်သေးဘဲ ရှိနေရသည်။ သူ၏လက်ချက်ကြောင့် အသက်ထွက်သွားရသည်ကို ထပ်ပြီး တွေ့လို မြင်လို နေသေးသည်။

ထိုကဲ့သို့ တွေ့လိုမြင်လို နေရသော်လည်း ဝါရင့်မုဆိုး ဦးလူစိန်၏ အမိန့်သြဇာကိုတော့ဖြင့် မလွန်ဆန်နိုင်ရဲပါ။ ကိုဘသာမှာလည်း မုဆိုးတော့ မုဆိုးပါပဲ။ ဒါပေမယ့် ဦးလူစိန်ကိုတော့ မမီပါ။

ကိုဘသာအနေဖြင့် သူ လိုက်ခဲ့ဖူးသော သားကောင်များမှာ လူကို ပြန်ပြီး အန္တရာယ်ပြုတတ်သော တောဝက်၊ ဝက်ဝံ၊ ကျားကဲ့သို့သော သတ္တဝါမျိုး မဟုတ်။

ဦးလူစိန်မှာကတော့ တောဝက်၊ ဝက်ဝံ၊ ကျား၊ ပြောင်ကဲ့သို့သတ္တဝါများနှင့် ရင်ဆိုင်ခဲ့ရဖူးပေါင်းများပြီ။ ရခဲ့ဖူးပေါင်းလည်း များပြီ။ ဝါရင့်သမ္မာရင့် မုဆိုးကြီးပင် ဖြစ်သည်။

ဦးလူစိန်က ပါလာခဲ့သော အဖွဲ့သားများကို လိုအပ်သလို နေရာချပြီး အားလုံးကို အသင့်ရှိနေစေကာ သူကတော့ ခဲလုံးကလေးများဖြင့် ကျားသေကောင်ကြီးကို လှမ်းပြီး ပစ်ပေါက်ကြည့်သည်။ လေး၊ ငါးလုံးလောက် ပစ်ပေါက်ကြည့်ပြီး ဘာလှုပ်ရှားမှုမှ မတွေ့ရသောအခါ…

'ကဲ ကိုဘသာရေ ခင်ဗျား စိတ်တိုင်းကျလုပ်နိုင်ပြီ'

ဟု ပြောလိုက်လေတော့သည်။

ထိုအခါ ကိုဘသာက သူ၏ လက်စွဲတော် လှံကြီးဖြင့် ကျားသေအား ပြေးကပ်ပြီး ထိုးထည့်လိုက်ရာ…

'ဝေါင်း'

ကျားသေကြီးက သမင်လည်ပြန် နောက်ကျွမ်းပစ်ပြီး အပေါ်သို့ မြောက်တက်သွားပါလေတော့သည်။ ကိုဘသာမှာလည်း ကျားနှင့်အတူ ရောထွေးပြီး မြောက်တက်သွားပါတော့သည်။

ကျား၏ ခန္ဓာကိုယ်မှာတော့ ကိုဘသာ ပြေးပြီး ထိုးစိုက်လိုက်သော လှံတံကြီးက ထုတ်ချင်းပေါက် တန်းလန်းနှင့် ပါသွားသည်။ ကိုဘသာမှာတော့ ကျားနှင့်အတူ လုံးထွေးပြီး ပါသွားရသည့် အကြောင်းရင်းမှာ ကျားက သူ့ကို ကိုက်ချီသွားခြင်းသာ ဖြစ်တော့သည်။

အပေါ်သို့ ကျွမ်း နှစ်ပတ်၊ သုံးပတ်လောက် ပတ်ပြီးသောအခါ မြေပေါ်သို့ ပြိုင်တူ ပြန်ကျလာကြတော့သည်။ မြေပေါ်သို့ ပြန်အရောက်တွင်မူ လူရော၊ ကျားပါ ပကတိ ငြိမ်သက် သွားကြပါတော့သည်။ အမှန်စင်စစ် လူရော ကျားပါ အသက်မရှိကြတော့ပါ။

အဖြစ်အပျက်များမှာ လျှပ်တစ်ပြက်ဆိုသလို စက္ကန့်ပိုင်းလေးအတွင်းမှာ ဖြစ်ပျက်သွား၍ မည်သူကမှ ဘာမှ လုပ်ချိန် မရလိုက်ကြပါ။ ကျားမှာ အဆိပ်မိထား၍ သေယင်ဖောနှင့် မြောနေခြင်းသာ ဖြစ်သည်။

သူ့အား ခဲနှင့် ပစ်ပေါက်ကြသောအခါ သတိကောင်းစွာ ပြန်ဝင်လာပြီး အဆိပ်ခတ်ထားသူကို ကလဲ့စားချေနိုင်ရန် သေချင်ဟန် ဆောင်ထားခြင်းသာ ဖြစ်သည်။

ခြေသံပြင်းပြင်းနှင့် ပြေးဝင်လာမှန်း သိလိုက်ရသောအခါ သမင်လည်ပြန်ဖြင့် နောက်ကျွမ်းပစ်ပြီး ဝင်လာသူကိုပါ ကိုက်ချီသွားလိုက်ခြင်းသာ ဖြစ်တော့သည်။ ကိုဘသာအနေဖြင့် ကျားနာခဲ အခဲခံလိုက်ရခြင်း ဖြစ်သည်။

မည်သို့ပင်ဖြစ်စေကာမူ ယခုအခါမှာတော့ လူက ကျားကို သူ၏ လှံကြီးဖြင့် သေစေလိုသောဆန္ဒ များက



www.burmeseclassic.com

www.burmeseclassic.com

လည်း လူကို ကလဲ့စားချေ သေရွာသို့ အပါခေါ်သွားလိုသောဆန္ဒ သူတို့၏ ဆန္ဒနှစ်ခုမှာ ယခုချိန်မှာတော့ ပြည့်ဝသွားကြပြီ ဖြစ်သည်။

ထိုနေ့အဖို့သည် လူတစ်ယောက်နှင့် ကျားတစ်ကောင်တို့၏ အငြိုးအတေးကြီးစွာဖြင့် အပြန်အလှန် တိုက်ခိုက်သတ်ဖြတ်ကြရင်းက တစ်ချိန်တည်း၊ တစ်ပြိုင်တည်းတွင် သေပွဲဝင်ခဲ့ရသော နေ့ပင် ဖြစ်လေတော့သည်။

လိုက်ပါသွားကြသူများနှင့် ရွာသူရွာသားများမှာလည်း စိတ်မကောင်းရုံက လွဲပြီး ဘာမှမတတ်နိုင်ကြတော့ချေ။

ရပ်ဓလေ့၊ ရွာဓလေ့၏ ထုံးစံအတိုင်း သေဆုံးသွားရသူ ကိုဘသာအား မြေမြှုပ်သင်္ဂြိုဟ်ခြင်း၊ ရက်လည်ဆွမ်းသွတ်ခြင်းများဖြင့် ပြီးဆုံးခဲ့ရသည်။

* * *

အထက်ပါဖြစ်စဉ်များ ဖြစ်ပွားခဲ့ပြီးနောက် မကြာမီမှာဘဲ ထူးခြားဆန်းပြားလှသော ပရလောကသားတစ်ကောင် ပေါ်ပေါက်လာခဲ့တော့သည်။ ထူးခြားဆန်းပြားသည်ဟု ပြောရခြင်းမှာ အဆိုပါ ပရလောကသားကြီးမှာ လူကဲ့သို့လည်းမဟုတ်၊ ကျားကဲ့သို့သော သတ္တဝါ သက်သက်လည်းမဟုတ်။ လူတစ်ပိုင်း၊ ကျားတစ်ပိုင်း ရုပ်ခန္ဓာကြီးနှင့် ဖြစ်လေသည်။

အပေါ်ပိုင်းတွင် ကျား၏ ဦးခေါင်းနှင့် ဖြစ်ပြီး အောက်ပိုင်းတွင် လူ၏ခန္ဓာကိုယ်နှင့် ဖြစ်သည်။ အဆိုပါ လူတစ်ပိုင်း၊ ကျားတစ်ပိုင်းနှင့် ပရလောကသားကြီးမှာ တောခုတ်၊ ထင်းခွေ လာကြသူများ၊ ဟင်းသီးဟင်းရွက် လာရှာကြသောသူများကို လိုက်ပြီး ခြောက်လှန့်လေတော့သည်။

ခြောက်လှန့်တတ်သော နေရာမှာ လူနှင့် ကျားတို့ သတ်ပုတ်ရင်း သေ



သွားရာ နေရာတစ်လျှောက်မှာ ဖြစ်သည်။

သို့ဖြစ်၍ အဆိုပါ နေရာတစ်လျှောက်တွင် ညနေ နေဝင်ရီတရောအချိန်သို့ ရောက်ပြီဆိုသည်နှင့် မည်သူမျှ မသွားရဲမလာရဲဘဲ ရှိနေကြရတော့သည်။

ရွာသားတွေကတော့ ထိုပရလောကသားကြီးသည် ကိုဘသာနှင့် နွားသားပေါက်ကို ကိုက်သတ်သွားသော ကျားတို့ပဲ ဖြစ်ရမည်ဟု ထင်ကြေးတွေပေးကြသည်။ ထင်ကြေးပေးမည်ဆိုကလည်း ပေးလောက်စရာပါပေ။

ထိုနေရာ တစ်လျှောက်တွင်လည်း မကြာသေးမီကမှ ကိုဘသာ၏ ရင့်နင့်ဖွယ်ရာ အဖြစ်အပျက်က ရှိနေခဲ့သည် မဟုတ်ပါလား။

ပြောစရာတစ်ခု ရှိသည်မှာ လူသားရော ကျားပါ အားလုံးသော သတ္တဝါများသည် ပရလောကထဲသို့ ရောက်နိုင်ကြသည်ချည်း ဖြစ်သည်။ သို့သော် ပရလောကထဲသို့ ရောက်သွားသော အခါ လူကလည်း လူအလျောက်၊ ကျားကလည်း ကျားအလျောက် သူ့ဟာနှင့်သူ တသီးတခြားစီဖြင့် ဖြစ်နေကြရမည်။

ယခုမူ ထိုကဲ့သို့ မဟုတ်။ လူနှင့် ကျား ပုံသဏ္ဍာန်ဖြင့် ခြောက်လှန့်နေခြင်း ဖြစ်သည်။ ထူးဆန်းပြီး အံ့သြဖွယ်ကောင်းလေစွ။ ပြောမယုံ ကြုံဖူးမှသိဆိုတာ ဒါမျိုးပေပဲလား။

ဘဝချင်း မတူညီကြသော လူသားနှင့် ကျားသတ္တဝါတို့သည် တစ်ချိန်တည်း၊ တစ်ပြိုင်တည်းတွင် အငြိုးကြီးစွာဖြင့် တိုက်ခိုက်သတ်ဖြတ်ကြရင်း တစ်ချိန်တည်း၊ တစ်ပြိုင်တည်းတွင် သေပွဲဝင်သွားကြရာကနေ ပရလောကထဲသို့ ရောက်ရှိသွားကြခြင်း ဖြစ်ပေလိမ့်မည်။

သို့သော် ယခုမူ ဥပါဒါန်အစွဲကြောင့် ဖြစ်မည်။ ကျားဦးခေါင်းနှင့် အောက်ပိုင်းတွင် လူခန္ဓာကိုယ် ဖြစ်နေရသည့် ပရလောကသားဖြစ်နေသည်။ ထူးဆန်းပေစွ။

အဆိုပါ ပရလောကထဲက ထူးခြားဆန်းကြယ်သည့် ဂမ္ဘီရ ပရလောကသားကြီးမှာ ကာလ အတန်ကြာသည်အထိ ရှိနေခဲ့ပြီး နောင်သောအခါ သူ့အလိုလိုနေရင်း ပျောက်သွားသည်ဟု ဆိုပါသည်။

* * *

ဤသည်မှာ **စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ရေလဲ(မြင်သာ)ရွာရှိ ကျွန်ုပ်၏ဖခင် ဦးအောင်ချယ်(ကွယ်လွန်)**မှ သူ ငယ်စဉ်အခါက တွေ့ကြုံခဲ့ရသော ဖြစ်ရပ်ဆန်းကြယ်အတွေ့အကြုံများကို သားဖြစ်သူ ကျွန်ုပ်အား အိပ်ရာဝင်ပုံပြင်သဖွယ် ပြောပြဖြစ်ခဲ့သော ဇာတ်လမ်းတစ်ပုဒ် ဖြစ်ပါသည်။

သို့ဖြစ်၍ သားဖြစ်သူ ကျွန်ုပ်က ခံစားရေးဖွဲ့ပြီး စာဖတ်ပရိသတ်များအား ထပ်ဆင့်၍ မျှဝေပေးလိုက်ရခြင်း ဖြစ်ပါလေတော့သတည်း။

***ရွှင်လန်းချမ်းမြေ့ကြပါစေ။***

**ချစ်ဆိုင်**



www.burmeseclassic.com

www.burmeseclassic.com

ဒွဝိဟာရကျောင်းတိုက် ပရိဝုဏ်
တွင်း ဆောက်လုပ်ထားသော အမျိုး
ယောဂီ နားနေဆောင် အနီးရှိ
သားရေချိုးဆောင်မှ အညောင်း
အညာပြေ ရေချိုးပြီးပြန်လာသော
ယာဂီကြီးဦးရဲခင်၏ ကျောပြင်အား
ပွင့်ငယ်လေးတစ်ပါးက စိတ်ဝင်
စွာ စိုက်ကြည့်ရင်း နောက်မှ ကပ်
ပါက်လာခဲ့သည်။

ထိုအခြင်းအရာအား ဦးရဲခင် မသိ
ကျိုးကျွန်ပြုပြီး လျှောက်လာရာမှ တံ့ခနဲ
ရပ်လိုက်ကာ နောက်ပြန်လှည့်ကြည့်
ပြီး ပြုံးပြလိုက်သဖြင့် မသိမသာ ကြည့်
ရင်း လိုက်ပါလာသော ဦးပဥ္စင်းငယ်
လေး အိုးတိုးအမ်းတမ်း ဖြစ်သွားကာ
ပြန်ပြုံးပြသည်။

'ဘယ်လိုလဲ ဦးပဥ္စင်းရဲ့ တပည့်တော်ကျော
မှာ ထိုးထားတဲ့ဆေးကို စိတ်ဝင်စားနေတယ်
နဲ့တူတယ်'

'ဟဲ ဟဲ ဟုတ်တယ် ဒကာကြီး။
ကေန္တ ဒကာကြီး အကြားအမြင်ပါ
ရနေပြီနဲ့တူတယ်'

ဦးပဥ္စင်းငယ်လေး ရယ်ကျဲကျဲဖြင့်
လျှောက်လာပြီး ယောဂီကြီး ဦးရဲခင်
အနီး ရပ်ကာ...

'ဒီလို ဒကာကြီးရဲ့ လူတော်တော်များများ
ပြောကြတယ်။ ဒကာကြီး ကျောကုန်းက
ဆေးဟာ(ဝက်ကုန်းဆေး) တုတ်ပြီးတားပြီး



မင်းကောင်းပုံ

# အပြီးအပိုင်းကောင်းသူတစ်ဦးကြောင့်

ငြိမ်းချမ်းသွားသော ဘဝပိုင်ရှင်တစ်ဦး၏ ဖြစ်ရပ်ဆန်း

www.burmeseclassic.com

တယ်တဲ့၊ အဲဒီ ဦးပဥ္စင်းက ဆေးထိုးထားတဲ့ ပုံစံရယ်၊ ဆေးကို အကာကြီး ဘယ်လိုအသုံး ပြုခဲ့တယ် ဆိုတာရယ်ကို သိချင်နေတာ။ အကာကြီးကို မေးရမှာကလဲ ခု အကာကြီး နေပုံထိုင်ပုံနဲ့ဆိုတော့...'

'ဩော်... ရပါတယ် ဦးပဥ္စင်းရယ်။ ဦးပဥ္စင်း သိချင်ရင် ပြောပြရတာပေါ့။ အင်း အဲဒီဆေးကြောင့်ပဲ တပည့်တော် လဲ ငယ်ငယ်ကတည်းက အကျွတ်တရား ရခဲ့တယ် ဆိုပါတော့ ဦးပဥ္စင်း ရယ်။

နေ့ခင်း နှစ်ချက်တီးလောက် ကျ တော့ သရက်ပင်အောက်က ကွပ်ပျစ် ကို ကြွခဲ့လေ။ ရေနွေးကြမ်းသောက် ရင်း အေးအေးဆေးဆေး ပြောပြရတာ ပေါ့'

ခေါင်းညိတ်ပြကာ ထွက်သွားသော ဦးပဥ္စင်းငယ်လေး၏ ကျောပြင်ကို ကြည့်နေရင်းမှ အတိတ်က အကြောင်း အရာတို့ကို ပြန်လည် သတိရကာ ယောဂီကြီး ဦးရဲခင်၏ လန်းဆန်း တက်ကြွကာ အရောင်တောက်လျက် ရှိသော မျက်လုံးအစုံတို့ ချက်ချင်း အရောင်မှေးမှိန်သွားပြီး အမျိုးသား ယောဂီများ နားနေဆောင်ပေါ်သို့ လေးပင်သောခြေလှမ်းများဖြင့် လှမ်း တက်သွားတော့သည်။

* * *

ဦးရဲခင် ငယ်စဥ်က ခန္ဓာကိုယ် ကြံ့ခိုင်သန်စွမ်းလွန်းသူ တစ်ယောက် ဖြစ်ပြီး မြန်မာ့သိုင်းပညာကိုလည်း တစ်ဖက်ကမ်းခပ်မျှ တတ်မြောက်ခဲ့ သည်။ ထို့ပြင် ရဲစွမ်းသတ္တိရှိပြီး မဟုတ် မခံစိတ်ရှိသူဖြစ်ရာ ငရဲ,ဟော့ ဆိုလျှင် အသံကြားရုံနှင့် ဖြုံကြရသည်။

ငရဲ (ခေါ်) ရဲခင်အား လူအများ ကြောက်ရွံ့စေသည့် အခြားအကြောင်း အရာတစ်ခုမှာ သူ၏ကျောတွင် ထိုးနှံ့



ထားသော(ဝက်ကုန်း) တုတ်ပြီးစားပြီး ဆေးကြောင့် ဖြစ်သည်။

**ဝက်ကုန်းဆေး၏ ပုံစံမှာအခြားဆေး များကဲ့သို့ အင်းကွက်များ၊ စာများ မဟုတ်ဘဲ တရုတ်လူမျိုးများ ရေးသား အသုံးပြုသော မြေ မီး သင်္ကေတများ ကဲ့သို့ တစ်လက်မခန့် ထောင်လိုက်နှင့် ကန့်လန့် ခြစ်ချည်တို့များဖြင့် ဖွဲ့စည်း ထားပြီး ခြောက်လက်မပတ်လည်ခန့် ရှိသည်။**

ဝက်ကုန်းဆေး၏ အစွမ်းသတ္တိမှာ ဆေးထိုးထားသောသူအား ရန်ငြိုးရှိသူ တစ်ဦးက တုတ်ဖြင့် ချောင်းရိုက်သည် ဆိုပါစို့။ ထိုသူ့ခေါင်းအား တစ်ချက် တည်းနှင့် အမှောက်ရိုက်ရမည် ဖြစ် သည်။ ရိုက်အားကောင်း၍ မှောက် သွားသော်လည်း ထိုသူ၏ခေါင်းမှာမူ အနည်းငယ်မျှ ကွဲမည် မဟုတ်ပေ။

အကယ်၍ ရိုက်သူက တစ်ချက်ရိုက် ပြီး မထားခဲ့ဘဲ နောက်ထပ် ဆင့်၍ရိုက် လိုက်ပါက ဆေး၏အစွမ်းသတ္တိအား နှိုးဆွရာ ရောက်သွားပြီး တောဝက် တစ်ကောင်ကဲ့သို့ တစ်ရှူးထိုး ကုန်းထ လာကာ ရန်မူသဖြင့် ရိုက်သူမှာ ထိုသူ၏ ရန်ပြုခြင်းဒဏ်ကို ခံရတော့ သည်။ ထို့ကြောင့် ဝက်ကုန်းဆေး ထိုးထားသူအား တော်ရုံလူများ ရန်မပြု ရဲကြပေ။

လွန်ခဲ့သော နှစ်(၄၀)ကျော်... က **ဖောင်တော်သီနယ် တ...** **တွင် ဝက်ကုန်းဆေး ထိုး...** **နှစ်ဦးသာ ရှိသည်။ ငရဲ (ခေါ်)...** **နှင့် ငတေတို့** ဖြစ်ကြသည်။

ငရဲနှင့်ငတေမှာ 'သူငယ်ချ... ဖြစ်ကြသည်။ ငရဲမှာ နာမည်နှ... အောင် ရဲစွမ်းသတ္တိရှိသူဖြစ်၍ ... မှာမူ ဆိုးလွန်း၊ ပေလွန်း၊ တေ... ထွန်းမောင် ဆိုသည့် ငယ်... ပျောက်ပြီး ငတေဟု အမည်တွ... ခြင်း ဖြစ်သည်။

ငတေမှာ ရှုတ်လွန်းပေလွန်း... နေရာတွင် တစ်ထောင်မှာတစ်... တစ်သောင်းမှာတစ်ယောက် ... သူ ဖြစ်သည်။ ငတေ မည်... သနည်း ဆိုပါမူ ကုလားအော် ... သီးစိမ်းတစ်ပြည်ကို လော... စားကြေးဖြင့် ကုန်အောင် ထို... သည်။

ငရုတ်သီးစိမ်းတစ်ပြည် စားသ... ထားဦးတော့။ ခတ်မီးတိုင်အော... တွင် ကျနေသော ပိုးကောင်... ပြည်တောင်းထဲကျုံးထည့်၍ တစ်... ကုန်အောင် စားပြသည်။ သာ... များမှာ ကွမ်းယာထဲ ပိုးစပ်... တစ်ကောင် ပါသွားလျှင်ပင် နံ... ထွေးထုတ်ကြရသည်။

အင်မတန်ရှုတ်လွန်းသူ ငတေ... စမ်းသပ်လိုသူတစ်ဦးက ကျွဲချေး... ကုန်အောင်စားနိုင်လျှင် ကျွဲတစ်... ပေးမည်ဟု လောင်းကြေးစားကြေ... လာရာ ငတေက ကျွဲချေးတစ်... ကုန်အောင်စားပြပြီး အနိုင်ယူခဲ့သ...

သူတစ်ပါး မလုပ်ဝံ့သည်ကို ... ရဲသည်ကို ငတေ ဂုဏ်ယူသ... အကျင့်ဆိုး များစွာထဲမှ တစ်ခု... နှင့် ပတ်သက်လာ...က ပျိုပျိုအို...





www.burmeseclassic.com

www.burmeseclassic.com

သက်အရွယ်မရွေး၊ လင်ရှိကော၊ င်မရှိကော မရှောင် လစ်လျှင် လစ်သလို၊ ကြုံလျှင်ကြုံသလို ကျူးလွန်က်စားခြင်း ဖြစ်သည်။ အလိုမတူသူ မျိုးသမီးများမှာ သူ့အား ကြောက် လိုက်လျောကြရသည်။

သူ၏ အကျင့်စရိုက်ကြောင့် မိမိတို့ နီးမယား၊ နှမသားချင်းများ ဘဝက်ကြရသဖြင့် ငတေအား သတ်ဖြတ်င်သူမှာ များသထက် များလာခဲ့သည်။ သူတစ်ပါးက အဖြူဆိုလျှင် ူက မည်းလိုက်ရမှ ကျေနပ်သည်။ တ်ရှုးပေါက်လာလျှင် အကာသိုလ်စ်ခုခုကို ရှာကြံ၍ လုပ်နေတတ်သူ ဖြစ်သည်။

ငတေတို့ မိသားစုမှာ ကျွဲကျောင်း င်းဖြင့် အသက်မွေးသူများ ဖြစ်ကြသည်။ အကောင်ရေ (၁၅၀)ခန့်ရှိသော ကျွဲအုပ်ကို ကျောင်းရသည်။ ငတေ ကျွဲကျောင်းအလှည့်တွင် ရွတ်သောကျွဲများကို သစ်သားတင်းပုတ်ဖြင့် ထုသတ်တတ်သည်။ ကျွဲသေသွား၍ ကျွဲပိုင်ရှင်က မေးပါက နွံမရုန်းနိုင်လို့ ဒိုက်တော နစ်၍သေသည်ဟု ဆင်ခြေပေးတတ်သည်။

ကျွဲအို၊ ကျွဲပိန်များကို အလွယ်တကူ သတ်၍ ရသော်လည်း ကျွဲပျိုများကို သတ်၍ မလွယ်သဖြင့် ငတေ ဉာဏ်ဉာဏ်နက် သုံးတော့သည်။ ကျွဲပျိုများ နစ်၍သေသည် ဆိုပါက ယုတ္တိတ္တာ မရှိသဖြင့် ကျွဲကို ပါးစပ်ဆွဲဟ၍ သား ပိတ်ဘောင်းဘီကို ရေစွတ်၍ ခေါက်လိမ်ကာ ကျွဲ၏အာခေါင်ထဲ းထည့်ကာ အသက်ရှူရပ်၍ သေအောင် လုပ်သည်။

ကျွဲသေပါက လည်ကျပ်နာဖြစ်၍ သေသည်ဟု လိမ်ပြောသည်။ ကျွဲပိုင်ရှင်မှာ ၎င်း၏လုပ်ရပ်အား တိုင်ကြားသူရှိ၍ သိသော်လည်း မပြောရဲသဖြင့် ငြိမ်နေရသည်။ အခြားသော ကျွဲကျောင်းသား ပြောင်း၍ ငှားလိုသော်လည်း ငတေ၏ရန်ကို ကြောက်ရသဖြင့် ၎င်းတို့မိသားစုကိုသာ အောင့်အည်းသည်းခံကာ ဆက်ငှားနေရသည်။

သူတစ်ပါးအသက်ကို သတ်ဖြတ်နေရမှ ငတေ စားဝင် အိပ်ပျော်သည်။ အခြား လုပ်စရာမရှိလျှင် ရေနွေးအိုးတစ်လုံးတည်ကာ ကျွဲများတွင် တွယ်ကပ်၍ပါလာသော မျှော့များကို ဖြုတ်၍ ရေနွေးအိုးထဲ ပစ်ထည့်သည်။ ထို့နောက် မျှော့များကို ရေနွေးအိုးထဲမှ ဆယ်ယူကာ ဓားဖြင့်ခွဲ၍ အထဲမှ သွေးခဲကို ထုတ်ယူကာ အရက်နှင့်မြည်းတော့သည်။ သူ၏လုပ်ရပ်ကို မြင်ရသူအဖို့ အော်ဂလီဆန်စရာ ကောင်းလှသည်။

ဤမျှ ဆိုးသွမ်းလွန်းသည့် ငတေ အိမ်ထောင်ကျသောအခါ အများတကာ အံ့ဩကာ လက်ဖျားခါယူရသည်။ ရွာထဲတွင် အချောဆုံး၊ အလှဆုံး စာရင်းဝင် မဝင်း ငတေနှင့် လိုက်ပြေးသည်ဟု ကြားရသောအခါ မဝင်း၏ မိဘများ ယူကျုံးမရ ဖြစ်ရတော့သည်။

လူတချို့က ဇနီးသည် အချောအလှကို ရသွားသဖြင့် ငတေ၏ စုတ်ပွဲသော အကျင့်စရိုက်များ ပြုပြင်ကောင်းပြုပြင်သွားနိုင်သည်ဟု ယူဆကြသည်။ သို့သော် အထင်နှင့်အမြင် တလွဲစီ ဖြစ်နေသည်။ အိမ်ထောင်ကျပြီးကာမှ ငတေတစ်ယောက် ပိုမို ဆိုးသွမ်းလာခဲ့သည်။

အိမ်ထောင်ကျပြီး သုံး,လေးလ အကြာတွင် မိဘပိုင်ဖြစ်သော ကျွဲတစ်ရှဉ်းနှင့် လှည်းကို ခိုးယူပြီး အိမ်မှ ထွက်ပြေးသည်။ ကေရာဇ်ဟူသော တောရွာကလေးသို့ ရောက်သောအခါ ကျွဲတစ်ကောင်ကို သတ်၍ အသားဖျက် ရောင်းသည်။ နောက်တစ်နေ့မှာ ပင် ထိုရွာမှ ကျွဲတစ်ကောင်ကို ခိုး၍ လှည်းတွင် တပ်ကာ ထွက်ပြေးသည်။

လှည်းကို တောထဲသို့မောင်းသွားပြီး လူဆိုးများထံ ငွေ(၇၅၀)ကျပ်ဖြင့် ရောင်းပြီး သူတို့ထံမှ စတင်းဂန်း သေနတ်တစ်လက်နှင့် ကျည်တောင့် (၅၀၀)ကို ငွေ(၇၀၀)ကျပ်နှင့် ပြန်လည် ဝယ်ယူကာ ဓားပြအဖွဲ့တစ်ဖွဲ့နှင့် ဆက်သွယ်ပြီး ရွာစဉ်လှည့် ဓားပြတိုက်စား တော့သည်။

ငတေ ဓားပြဖြစ်ပြီး တစ်နှစ်ခန့်





www.burmeseclassic.com

www.burmeseclassic.com



အကြာတွင် အိမ်တစ်အိမ်အား ဓားပြတိုက်ဖို့ ကြံစည်နေစဉ် အဖမ်းခံရသည်။ ကျန်သူများက ထွက်ပြေးလွတ်မြောက်သွားကြပြီး ငတေက မူးနေသဖြင့် အဖမ်းခံရသည်။ သူ၏ သေနတ်မှာ ထွက်ပြေးသူများထံ ပါသွားသည်။

ရဲတပ်ဖွဲ့မှ ငတေအား နည်းမျိုးစုံဖြင့် စစ်ဆေးသော်လည်း ပေခံပြီး ဘူးကွယ်၍သာနေသည်။ နှစ်လခန့်ကြာအောင် စစ်ဆေးသော်လည်း သက်သေ မခိုင်လုံသေးသဖြင့် ငတေအား ခြေချုပ်ဖြင့် ပြန်လွှတ်ပေးထားရသည်။

ငတေ ဓားပြဖြစ်နေစဉ် ဇနီးသည် ထံ ခိုး၍ ပြန်ပြန်လာတတ်သဖြင့် သူ ခြေချုပ်ဖြင့် လွတ်လာသောအခါ ဇနီးသည်မှာ ကိုယ်ဝန် ခုနစ်လခန့် ရှိနေပြီဖြစ်သည်။ ကိုယ်ဝန်ရှိနေသော ဇနီးသည်ကို အမျိုးမျိုး နှိပ်စက်သည်။ ရပ်ထဲ ရွာထဲတွင်လည်း မီးကုန် ယမ်းကုန် ဆိုးသွမ်းတော့သည်။

ဇနီးသည် မဝင်း မီးဖွားပြီးခါစ အချိန်တွင် အိမ်ပေါ်သို့ မြွေဟောက် တစ်ကောင်နှင့် မျောက်တစ်ကောင် ယူလာခဲ့သည်။ မြွေကိုအလှမ္ဘာယ်ကစားရန် ယူလာခြင်း ဖြစ်ပြီး မျောက်ကို သတ်စားရန် ယူလာခြင်း ဖြစ်သည်။

ငတေ၏ကိုယ်တွင် မြွေပြီးဆေးလည်း ရှိသဖြင့် မြွေကို လက်တည့်စမ်းကစားသည်။ လက်သည်က မဝင်းသွေးလန့်သွားမည်စိုး၍ ထိုမြွေနှင့် မျောက်ကို တခြားယူသွားရန် ပြောရာ ရွတ်ပြီး မျောက်ကို မြွေပချုပ်ပေါ်သို့ ပစ်တင်သည်။

မြွေက ပချုပ်ထဲမှ ရှူးခနဲ ထမှုတ်သောအခါ မျောက်က ကြောက်လန့်ပြီး အခန်းနံရံကို ကုပ်တက်၍ ပြေးရာ ထုပ်တန်းပေါ်မှ ပြုတ်ကျပြီး မီးနေခန်းထဲရှိ မဝင်းဘေးသို့ ကျသည်။ ထိုအခါ မဝင်း သွေးလန့်ပြီး မေ့မြောသွားတော့သည်။

မဝင်း မေ့မြောသွားသည်မှာ တစ်ရက်, နှစ်ရက်နှင့် သတိပြန်လည်မလာတော့ပေ။ ထိုအခါ ကလေးငယ်ကို ငရဲက သွားယူလာပြီး သူ့အစ်မထံ အပ်ထားကာ နို့ပုန်းတိုက်မွေးထားစဉ် ငရဲ မရှိခိုက် ငတေ လာပြန်ယူသွားပြီး ကလေးကို ခြေနှစ်ချောင်းမှ ကိုင်၍ တိုင်နှင့် ရိုက်သတ်ရန် ပြုသည်။

ထိုကိစ္စ ငရဲ သိသွားပြီး ကလေးကို သွားပြန်ယူလာသော်လည်း ကလေးမှာ လန့်ပြီး လိပ်ပြာလွင့်သွားကာ ထိုညမှာပင် သေသွားခဲ့တော့သည်။ မဝင်းမှာလည်း လေး,ငါးရက် ကြာသည်အထိ သတိပြန်လည်မလာတော့ပေ။

ထိုအခါ ငတေက သူကိုယ်တိုင် ခေါင်းစပ်ပြီး မဝင်းအား ခေါင်းထဲထည့်သည်။ လူတချို့က မဝင်းမြောနေတာ မသေသေးပါဟု သွားပြောရာ ငတေ ဓားနှင့်လိုက်၍ ထွက်ပြေးကြရသည်။

ထိုရက်အတွင်းမှာပင် ငရဲက[...] သူတစ်ပါး၏ ရန်ပွဲတစ်ခုတွင် မ[...] ပြုလုပ်သော လူတစ်စုအား ဝင်[...] ထိုးကြိတ်မိသဖြင့် အချုပ်ထဲ ရော[...] ရသည်။ ငတေအား နိုင်သူမှာ [...] တစ်ယောက်သာရှိရာ မေ့မြောနေ[...] မဝင်းလည်း ငတေပြုသမျှ နေ[...] တော့သည်။

ခေါင်းသွင်းပြီး နောက်တစ်[...] ပင် သူနှင့် ပုလင်းတူဘူးဆို့ လေ[...] ဆယ်ယောက်အား အရက်တို[...] သွားမြှုပ်နိုင်းသည်။ သူကမူ အရ[...] လွန်ကာ အိမ်တွင် ကျန်နေခဲ့သည်[...]

သွားမြှုပ်သူများက သင်္ချိုင်းရော[...] ၍ အခေါင်းကို ဖွင့်ကြည့်သော[...] မဝင်း၏ ခြေလက်များတွင် ချည်[...] ထားသော ဆံပင်နှင့် ကြိုးများ ပြေ[...] ပြီး အခေါင်းဖုံးတွင်လည်း ကုတ်[...] ရာများ ထင်ကာ မဝင်း၏ လက်သည်[...] များ ပွဲ့ရွဲ့ သွေးစို့နေသည်ကို တွေ့[...] သည်။

မဝင်းမှာ အရှင်လတ်လတ် ခေါ[...] သွင်းခံရပြီး အသက်ရှူရပ်ကာ သေ[...] ခဲ့ရခြင်း ဖြစ်သည်။ သို့သော် ငတေ[...] မည်သူမျှ စောဒက မတက်ရဲသ[...] ရေငုံနှုတ်ပိတ်နေကြရသည်။

ငရဲ အချုပ်မှ လွတ်လာ[...] အကြောင်းစုံ သိရသောအခါ ငတေ[...] စိတ်ရှိလက်ရှိ ထိုးကြိတ်မိတော့သည်[...] ထို့နောက် ငရဲက ငတေ၏ဇနီး မ[...] ထဘီများကို သူ့အစ်မအား [...] လျှော်စေပြီး မဝင်း ဘဝကူးကောင်[...] ရန်အတွက် မရှိဆွမ်းပါးသူများ[...] လှူရန် စီစဉ်သည်။

ငရဲ စီစဉ်တုန်းက ကြောက်၍[...] နေသော်လည်း ငရဲ လစ်[...] ချောင်းထဲတွင် မဝင်း၏ထဘီမျာ[...] လျှော်နေသော ငရဲအစ်မ၏ လက်[...]



www.burmeseclassic.com

www.burmeseclassic.com

ထဘီများကို သွားလုသည်။မီးနေထဘီတွေ ဘုန်းနိမ့်လိမ့်မည်ဟု ပြောသောအခါ အတင်း ဆွဲလုပြီး ခေါင်းတွင် ပေါင်းပြသည်။ ထို့နောက် ငရဲ၏အစ်မထံမှ လုယူလာသော ထဘီများကို ဓားနှင့် ခုတ် နုပ်နုပ်စဉ်းကာ လွှင့်ပစ်လိုက်သည်။

ငရဲ သိသောအခါ ဓားတစ်ချောင်းယူလာပြီး သူ့အား ခုတ်ပါဟု ပြော၍ လည်စင်းပေးသည်။ ငရဲက ဓားဖြင့် မခုတ်ဘဲ မျက်နှာကို ခြေဖြင့် ကန်လွှတ်သောအခါ ''မင်း မခုတ်ရင် ငါ့ဘာသာ ငါ ခုတ်မယ်''ဟု ပြောကာ သူ့လက်သူ ဓားနှင့် ခုတ်သည်။ သူ့ကိုယ်သူ ဓားပြီးသည်ဟု ယူဆထားသော ငတေ့လက်ကို ဓားပြတ်သွားတော့သည်။

လက်ကို ဓားပြတ်သောအခါ ငတေ အကြီးအကျယ် ထိတ်လန့် တုန်လှုပ်သွားသည်။ ထို့နောက် ငရဲအား မဲတော့သည်။

'မင်းကြောင့် မင်း ထဘီတွေ လျှော်ဖို့လုပ်လို့ ငါ ခေါင်းပေါင်းမိတာနဲ့ ငါ့ဆေးတွေ ပြယ်ကုန်ပြီ။ မင်းကို သတ်မယ်'

ဆိုပြီး ဓားနှင့် ခုတ်သည်။ ငရဲက ရှောင်တိမ်းပြီး ဓားကို ဆွဲလုကာ ရေထဲ ကန်ချသည်။

ငရဲကို မနိုင်သောအခါ အိမ်ပြန်ပြီး ညီအစ်ကို မောင်နှမများကို ပတ်ရန်းတော့သည်။ ထိုအခါ သူ၏ဖခင်က စိတ်တိုပြီး ငတေ့ခေါင်းကို လှည်းမှ ထမ်းပိုးကြီးတုတ် ဖြုတ်ကာ ရိုက်ရာ ခေါင်းကွဲသွားသည်။ သူ၏ တုတ်ပြီး၊ ဓားပြီးဆေး မစွမ်းတော့သဖြင့် လက်ပြတ်ရ၊ ခေါင်းကွဲဖြစ်သောအခါ ရှက်စိတ်ဖြင့် မွန်ထူပြီး ဖခင်ကို ဓားနှင့် လိုက်တော့သည်။

'အဖေဆိုတာ အမေနဲ့စပ်မှ အမျိုးတော်



တာကွ။ မထားဘူး သတ်မယ်'

ဟူ၍ ဓားဆွဲပြီးလိုက်ရာ ဖခင်ဖြစ်သူမှာ သူတစ်ပါးအိမ် ကျပ်ခိုးစင်ပေါ် တက်ပုန်းနေရသည်။ ဖခင်ကို မတွေ့သဖြင့် ဖခင်၏ လှည်း၊ လှေနှင့် ငါးဖမ်း ပိုက်ကွန်တို့ကို ရစရာမရှိအောင် ဓား နှင့်ခုတ်ကာ ကွင်းထဲသို့ ထွက်သွားတော့သည်။

ရွာထဲ ပြန်တက်မလာဘဲ ကွင်းထဲမှာ နေပြီး တစ်လခန့်အကြာတွင် ငတေ ကျွဲ ခတ် ခံ ရသည်။ ကွင်းထဲက ကျွဲအုပ်ကို ငတေ ကျောင်းနေသည်ဆိုသဖြင့် ကျန်မိသားစုများ မည်သူမျှ ကွင်းထဲကို လိုက်မသွားကြပေ။ နဂိုက အကျင့်အတိုင်း ရွတ်သည့် ကျွဲပေါက် တစ်ကောင်အား ရေထဲအရောက်တွင် ပါးစပ်ဆွဲဖြဲပြီး ဖင်သားပိတ် ဘောင်းဘီကို ရေစွတ်၍ လိမ်ခေါက်ကာ ကျွဲလည်ချောင်းထဲ ထိုးထည့်သည်။

ကျွဲက ရုန်း၍ ပြန်ခတ်ရာ ငတေ၏ ညာလက်ဖျံကို ထုတ်ချင်းခပ် ဖောက်ဝင်သွားသည်။ ထိုအခါ ငတေ စိတ်တိုပြီး ကျွဲ၏ထိပ်ကို ကျန်လက်ဖြင့် ထိုးရာ ကျွဲက ဦးအောင် ခတ်လိုက်သဖြင့် ဘယ်လက်ဖျံပါ ကျွဲ၏ချိုဖျား ဖောက်ဝင်လျက် လက်နှစ်ဖက်စလုံး ကျွဲချို တန်းလန်းဖြင့် ကျွဲ၏ တွန်းယူရာ ပါသွားသည်။

ကုန်းပေါ်သို့ ရောက်သောအခါ ကျွဲချိုဖျားမှ လက်ဖြုတ်ရန် ကြိုးစားရာ ခြေထောက်ကိုပါ ကျွဲခွာဖြင့် အနင်းခံရ၍ ခြေချောင်းများ ကွဲပြတ်ကုန်တော့သည်။ ထိုဒဏ်ရာဖြင့် ငတေ အိပ်ရာထဲ သုံး,လေးလ လဲသည်။

ဒဏ်ရာများ ပျောက်ကင်း၍ ခြေလက် မသန်မစွမ်း ဖြစ်သွားသောအခါ ငတေ တစ်ယောက် မာန်ကျ၍ လိမ္မာလာမည်ဟု အများက ထင်ကြသော်လည်း နဂိုအတိုင်း ဆိုးဆဲ ဆိုးမြဲ ဖြစ်သည်။ ကျွဲသတ်၊ နွားသတ်အလုပ်ကို ဝါသနာကြီးမြဲ ဖြစ်သည်။

ကျွဲ၊ နွား သတ်ပြီး အသားဖျက်ရသည့်အလုပ်ကို အလွန် ဝါသနာ ပါသည်။ စိတ်မထင်လျှင် အသားဖျက်နေရင်း ဘေးနားချထားသော အရက်ပုလင်းကို ကောက်မော့ကာ အသားစိမ်းများကို ကောက်၍ စားတတ်သည်။

ထိုနှစ် နွေရာသီ၏ နေ့တစ်နေ့တွင် စုပေါင်း ရဟန်းခံရှင်ပြုပွဲ အလှူအိမ်၏ နောက်ဖေး သောက်ရေတွင်းထဲတွင် လူသေအလောင်းတစ်လောင်း တွေ့ကြရသည်။ အလောင်း၏ ကျောကုန်းတွင် ဝက်ကုန်းဆေး ထိုးထားသည်ကို တွေ့ရသဖြင့် ငရဲနှင့် ငတေ တစ်ဦးဦးမှ လွဲ၍ မည်သူမျှ မဖြစ်နိုင်ပေ။

ထိုအချိန်တွင် ငရဲကလည်း မဟုတ်မခံ ဆတ်ဆတ်ကြဲမို့ ရန်ငြိုးရန်စ ရှိသည်။ ငတေမှာတော့ ပြောစရာ မလိုတော့ပေ။ သို့သော် အလှူအိမ်သို့ငရဲ အပြေးအလွှား ရောက်လာသဖြင့် အသတ်ခံရသူမှာ ငတေမှန်း သိသွားကြပြီး အလောင်းကို ဝိုင်းမနိုင်း ဆယ်တင်ကြသောအခါ ဂုန်အိတ်ခွံ တစ်ခုပါ ဆယ်ယူ ရရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထဘီများကို သွားလုသည်။မီးနေထဘီတွေ ဘုန်းနိမ့်လိမ့်မည်ဟု ပြောသောအခါ အတင်း ဆွဲလုပြီး ခေါင်းတွင် ပေါင်းပြသည်။ ထို့နောက် ငရဲ၏အစ်မထံမှ လုယူလာသော ထဘီများကို ဓားနှင့်ခုတ်နုပ်နုပ်စဉ်းကာ လွှင့်ပစ်လိုက်သည်။

ငရဲ သိသောအခါ ငတေက ဓားတစ်ချောင်းယူလာပြီး သူ့အား ခုတ်ပါဟု ပြော၍ လည်စင်းပေးသည်။ ငရဲက ဓားဖြင့် မခုတ်ဘဲ မျက်နှာကို ခြေဖြင့် ကန်လွှတ် သောအခါ "မင်း မခုတ်ရင် ငါ့ဘာသာ ငါ ခုတ်မယ်"ဟု ပြောကာ သူ့လက်သူ ဓားနှင့် ခုတ်သည်။ သူ့ကိုယ်သူ ဓားပြီးသည်ဟု ယူဆထားသော ငတေ့လက်ကို ဓားပြတ်သွားတော့သည်။


လက်ကို ဓားပြတ်သောအခါ ငတေ အကြီးအကျယ် ထိတ်လန့် တုန်လှုပ်သွားသည်။ ထို့နောက် ငရဲအား မဲတော့သည်။

'မင်းကြောင့် မင်း ထဘီတွေ လုဖို့လုပ်လို့ ငါ ခေါင်းပေါင်းမိတာနဲ့ ငါ့ဆေးတွေ ပြယ်ကုန်ပြီ။ မင်းကို သတ်မယ်'

ဆိုပြီး ဓားနှင့် ခုတ်သည်။ ငရဲက ရှောင်တိမ်းပြီး ဓားကို ဆွဲလုကာ ရေထဲ ကန်ချသည်။

ငရဲကို မနိုင်သောအခါ အိမ်ပြန်ပြီး ညီအစ်ကို မောင်နှမများကို ပတ်ရန်းတော့သည်။ ထိုအခါ သူ၏ဖခင်က စိတ်တိုပြီး ငတေ့ခေါင်းကို လှည်းမှ ထမ်းပိုးကြီးတုတ် ဖြုတ်ကာ ရိုက်ရာ ခေါင်းကွဲသွားသည်။ သူ၏ တုတ်ပြီး ဓားပြီးဆေး မစွမ်းတော့သဖြင့် လက်ပြတ်ရ၊ ခေါင်းကွဲဖြစ်သောအခါ ရှက်စိတ်ဖြင့် မွှန်ထူပြီး ဖခင်ကို ဓားနှင့် လိုက်တော့သည်။

'အဖေဆိုတာ အမေနဲ့စပ်မှ အမျိုးတော်



တာကွ။ မထားဘူး သတ်မယ်'

ဟူ၍ ဓားဆွဲပြီးလိုက်ရာ ဖခင်ဖြစ်သူမှာ သူတစ်ပါးအိမ် ကျပ်ခိုးစင်ပေါ် တက်ပုန်းနေရသည်။ ဖခင်ကို မတွေ့သဖြင့် ဖခင်၏ လှည်း၊ လှေနှင့် ငါးဖမ်း ပိုက်ကွန်တို့ကို ရစရာမရှိအောင် ဓား နှင့်ခုတ်ကာ ကွင်းထဲသို့ ထွက်သွားတော့သည်။

ရွာထဲ ပြန်တက်မလာဘဲ ကွင်းထဲမှာ နေပြီး တစ်လခန့်အကြာတွင် ငတေ ကျွဲခတ်ခံရသည်။ ကွင်းထဲက ကျွဲအုပ်ကို ငတေ ကျောင်းနေသည် ဆိုသဖြင့် ကျန်မိသားစုများ မည်သူမျှ ကွင်းထဲကို လိုက်မသွားကြပေ။ နဂိုက အကျင့်အတိုင်း ရွတ်သည့် ကျွဲပေါက်တစ်ကောင်အား ရေထဲအရောက်တွင် ပါးစပ်ဆွဲဖြဲပြီး ဇင်သားပိတ်ဘောင်းဘီကို ရေစွတ်၍ လိမ်ခေါက်ကာ ကျွဲလည်ချောင်းထဲ ထိုးထည့်သည်။

ကျွဲက ရုန်း၍ ပြန်ခတ်ရာ ငတေ၏ ညာလက်ဖျံကို ထုတ်ချင်းခပ် ဖောက်ဝင်သွားသည်။ ထိုအခါ ငတေ စိတ်တိုပြီး ကျွဲ၏ထိပ်ကို ကျန်လက်ဖြင့် ထိုးရာ ကျွဲက ဦးအောင် ခတ်လိုက်သဖြင့် ဘယ်လက်ဖျံပါ ကျွဲ၏ချိုဖျား ဖောက်ဝင်လျက် လက်နှစ်ဖက်စလုံး ကျွဲချိုတန်းလန်းဖြင့် ကျွဲ၏ တွန်းယူရာပါသွားသည်။

ကုန်းပေါ်သို့ ရောက်သောအခါ ကျွဲချိုဖျားမှ လက်ဖြုတ်ရန် ကြိုးစားရာ ခြေထောက်ကိုပါ ကျွဲခွာဖြင့် အနင်းခံရ၍ ခြေချောင်းများ ကွဲပြတ်ကုန်တော့သည်။ ထိုဒဏ်ရာဖြင့် ငတေ အိပ်ရာထဲ သုံး,လေးလ လဲသည်။

ဒဏ်ရာများ ပျောက်ကင်း၍ ခြေလက် မသန်မစွမ်း ဖြစ်သွားသောအခါ ငတေ တစ်ယောက် မာန်ကျ၍ လိမ္မာလာမည်ဟု အများက ထင်ကြသော်လည်း နဂိုအတိုင်း ဆိုးဆဲ ဆိုးမြဲ ဖြစ်သည်။ ကျွဲသတ်၊ နွားသတ်အလုပ်ကို ဝါသနာကြီးမြဲ ဖြစ်သည်။

ကျွဲ၊ နွား သတ်ပြီး အသားဖျက်ရသည့်အလုပ်ကို အလွန် ဝါသနာ ပါသည်။ စိတ်မထင်လျှင် အသားဖျက်နေရင်း ဘေးနားချထားသော အရက်ပုလင်းကို ကောက်မော့ကာ အသားစိမ်းများကို ကောက်၍ စားတတ်သည်။

ထိုနှစ် နွေရာသီ၏ နေ့တစ်နေ့တွင် စုပေါင်း ရဟန်းခံရှင်ပြုပွဲ အလှူအိမ်၏ နောက်ဖေး သောက်ရေတွင်းထဲတွင် လူသေအလောင်းတစ်လောင်း တွေ့ကြရသည်။ အလောင်း၏ ကျောကုန်းတွင် ဝက်ကုန်းဆေး ထိုးထားသည်ကို တွေ့ရသဖြင့် ငရဲနှင့် ငတေ တစ်ဦးဦးမှလွဲ၍ မည်သူမျှ မဖြစ်နိုင်ပေ။

ထိုအချိန်တွင် ငရဲကလည်း မဟုတ်မခံ ဆတ်ဆတ်ကြဲမို့ ရန်ငြိုးရန်စ ရှိသည်။ ငတေမှာတော့ ပြောစရာ မလိုတော့ပေ။ သို့သော် အလှူအိမ်သို့ ငရဲ အပြေးအလွှား ရောက်လာသဖြင့် အသတ်ခံရသူမှာ ငတေမှန်း သိသွားကြပြီး အလောင်းကို ဝိုင်း၍ ဆယ်တင်ကြသောအခါ ဂုန်နီအိတ်ခွံ တစ်ခုပါ ဆယ်ယူ ရရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝင့်ငြိအောင်
(ခေတ္တ ဟားခါး)

# မိုးညတစ်ည

တာဝန်ဖြင့်ပါသွား၍
တစ်ယောက်တည်း
ဖြစ်နေချိန်
ဘေးအခန်းများက
မိသားစုများကလည်း သူတို့နေရပ်
ဇာတိရပ်ရွာများသို့ ခွင့်ပြန်သွားခိုက်
နှင့် ကြုံနေချိန်...

ည မိုးဖွဲဖွဲလေးများ ရွာသွန်းနေသည့် ဖွန်လ၏ အခါသမယ နယုန်မိုးသေး မြက်သားမွေးဆိုသည့် စကားအတိုင်း မှန်ကန်လွန်းပေစွ။

မှောင်မိုက်နေသော လကွယ်ည၊ မလေးတစ်ယောက်တည်း စိုးတထိတ်ထိတ်နှင့် လိုင်းခန်းတွင် တစ်ဦးတည်း ရှိနေချိန်...

လိုင်းခန်းဆိုသည်ကား စစ်သည်မိသားစုများနေထိုင်ရန် လေးခန်းတွဲ တန်းလျား ဖြစ်ပါသည်။ အိမ်ထောင်ကျခါစ ခင်ပွန်းသည်က ရှေ့တန်းသို့

မလေးတစ်ယောက်တည်း တောင်တွေးမြောက်တွေးနှင့်ပင် မိမိရှိသော ဘုရားစာကလေးများ ရွတ်ဖတ်၍ ဘုရားရှိခိုးပြီး အိပ်ရာဝင်ခဲ့ပါသည်။

အိပ်မပျော်တပျော် ဖြစ်နေချိန်မှာပင် “**မလေးရေ**”ဟု ခေါ်သံကြားလိုက်ရ၍


www.burmeseclassic.com

www.burmeseclassic.com

ဆတ်ကနဲ ထ,ထိုင်လိုက်မိပါသည်။ ''ဘယ်သူ လှမ်းခေါ်လိုက်ပါလိမ့်''ဟု တွေးနေဆဲမှာပင်...

'မလေးရေ... မလေး... အစ်မကို အခန်း သော့ပေးပါဦး။ လမ်းမှာ ကားပျက်နေလို့ မလေးရေ မိုး တော်တော်ချုပ်သွားတယ်'

ဟု လှမ်းအော်ပြောသံကြောင့် ညာဘက်အခန်းမှ အစ်မ မခင်မြင့်တို့ ပြန်လာပြီဟု မလေး ဝမ်းသာအားရ ဖြစ်သွားမိသည်။

တစ်ယောက်တည်း ဖြစ်နေ၍ အားငယ်နေရာမှ အဖော်ပြန်လာပြီဖြစ်၍ အားတက်မိလေသည်။ ထို့ကြောင့် မလေးတစ်ယောက် အိပ်ရာထဲမှ ကမန်းကတမ်းထကာ အိမ်သော့ပေးရန် ရှာဖွေရင်း...

'လာပြီ အစ်မရေ ခဏလေး သော့ ရှာနေလို့'

လှမ်းပြောကာ သော့ပေးရန် အိမ်ရှေ့ တံခါးမကြီးဆီသို့ လှမ်းခဲ့လေသည်။

အိမ်ရှေ့ တံစက်မြိတ် အပြင်ဘက် မိုးတဖွဲဖွဲအောက်တွင် ရပ်နေသော မခင်မြင့်အား သော့လှမ်းပေးမည် ဟုဆိုကာ လှမ်းကြည့်မိလေသည်။

မှောင်မိုက်သောညတွင် အိမ်ထဲမှ ဖြာထွက်နေသော အလင်းရောင် အနည်းငယ်နှင့် ရွာနေသော မိုးစက်များ ကြောင့် မျက်နှာကို သေချာမမြင်ရပေ။

ခေါင်းပေါ်တွင် တောင်းကြီးရွက် ထားကာ ထဘီကို ရင်ရှားထားသော မိန်းမတစ်ယောက် ရပ်နေသည်ကိုသာ မြင်ရလေသည်။

မလေးမှ မခင်မြင့်ခရီးမှပြန်လာပြီး မောမောနှင့် ထဘီရင်ရှားထားသည်ဟု ထင်ကာ ''အစ်မ သော့ ရော့...ရော့'' ဟု ပြောကာ လှမ်းပေးနေမိသည်။

လှေကားထိပ် ဝရန်တာထိပ်မှနေ၍ ပေးနေခြင်းဖြစ်သည်။ မိုးရွာနေသော



ကြောင့် မိုးစိုမှာစိုးကာ တံစက်မြိတ် အပြင်သို့ ထွက်မပေးဘဲ လှမ်းခေါ်ကာ ပေးနေမိခြင်းပင်။

သို့သော်လည်း သော့လာမယူဘဲ မလှုပ်မယှက် မတ်တပ်ကြီးရပ်လျက် သာ ရှိသောကြောင့် မိုးသံနှင့် မကြား ဘူးထင်ကာ ''အစ်မ မခင်မြင့် သော့ လာယူလေ''ဟု ဆက်၍ ပြောမိလေ သည်။

ထိုအချိန်တွင်...

'ဟဲ့...မလေးရေ... နင် သော့ကို အိပ်ချင် မူးတူးနဲ့ ဘယ်ကနေ လှမ်းပေးနေတာလဲ။ ငါက နောက်ဖေးမီးဖိုချောင် ပြတင်းပေါက် နားမှာ စောင့်နေရတာ မိုးတွေ ရွှဲကုန်ပြီဟဲ့'

ဟု အစ်မ မခင်မြင့်အသံကို ကြား လိုက်ရသော မလေးမှာ လိပ်ပြာလွင့် မတတ် လန့်သွားပြီး တံခါးကို ဝုန်းခနဲ ပိတ်ကာ နောက်ဖေးဘက်သို့ ပြေးလာ ပြီးမှ...

'အစ်မမခင်မြင့် ဘယ်နားကနေ သော့ပေးရမလဲ'

ဟု အော်မေးလိုက်ရလေသည်။ မခင်မြင့်မှ...

'မလေး နင်ကြောက်တတ်မှန်းသိလို့ မီးဖိုပြတင်းပေါက်လေးနားက တောင်း နေတာ ငါ့အသံအကျယ်ကြီး အော်နေ တာတောင် မကြားဘူးလား'

ဟု ပြောလည်းပြော သော့ကိုလည်း ပြတင်းပေါက်လေးမှ လှမ်းယူကာ ညာဘက် သူ့အခန်းရှိရာသို့ သော့ဖွင့် ၍ ဝင်သွားပါသည်။

မလေးမှာ မီးဖိုပြတင်းပေါက်လေးကို ပြန်ပိတ်ရင်း အိပ်ရာထဲသို့ ပြန်ဝင်ခဲ့ ပါသည်။ အိပ်ရာထဲရောက်မှ မိမိအဖြစ် ကို ပြန်တွေးမိသောအခါ ကြောက်ဒူး မှာ တုန်နေပါတော့သည်။

အိပ်ချင်မူးတူးဖြင့် အသံကို သေချာ နားမထောင်ဘဲ အိမ်ရှေ့မှ သော့တောင်း သည်ထင်ပြီး ဖွင့်ပေးနေမိခြင်း ဖြစ်ပါ သည်။

အကယ်၍များ မိုးမရွာခဲ့သော် မလေးမှာ တံစက်မြိတ်အပြင်ဘက်သို့ ထွက်၍ ပေးမိမည်သာ။ ဤသို့ဆို မည်သို့ ဖြစ်လိမ့်မည်မသိပေ။ တွေးရင်း ပင် ကျောချမ်းလာမိပေသည်။

အိပ်ရာဝင်ခါနီး ဘုရားရှိခိုး၊ အမျှ အတန်းဝေခြင်းဖြင့် ဘုရားတန်ခိုး အာနုဘော်တို့ကြောင့် အပြင်ထွက် ပေးရမှာ စိတ်လေးနေမိခြင်းလော...

တံစက်မြိတ်အပြင်သို့သာ ထွက်ပေး ခဲ့မိလျှင် နောက်ဆက်တွဲ မည်သို့ဖြစ် မည်လောမသိ။ မိုးညတစ်ည၏ ကြုံ တွေ့ခဲ့ရသော အဖြစ်အပျက်ကား မလေးအတွက် ကြောက်ဒူးတုန်ကာ ကျောချမ်းမိသော ညတစ်ညပင်ဖြစ်ပါ တော့သည်။

**မှတ်ချက်။ ။မိခင်၏ ကိုယ်တွေ့ကြုံ ခဲ့ရသော အဖြစ်အပျက် ဖြစ်ပါသည်။**

ဝင့်ဝင့်အောင်
(ခေတ္တ ဟားခါး)



www.burmeseclassic.com

www.burmeseclassic.com

နေ့ခင်းကြောင်တောင်

# ကိုယ်ထင်ပြခြင်း

ဖြစ်ရပ်ဆန်း

ဟာသ်ာတ သန်းလှိုင်ကျော်
(ရွှေပန်းချီ)



ဟသ်ာတမြို့မှ ပန်းပုဆရာကြီး ဦးသိန်းမြင့်နှင့် တပည့်လေးဦးတို့သည် ရွှည်းပစ္စယ အထုပ်အပိုးကိုယ်စီဖြင့် အင်္ဂပူမြို့နယ်၊ ချင်ကိုက်ကွင်းကျေးရွာနှင့် တစ်မိုင်ခွဲခန့်ရှိ တောင်တစ်တောင်ပေါ်သို့ ခြေးတလုံးလုံးဖြင့် အရောက်သွားနေကြသည်။

ထိုတောင်ပေါ်တွင် ကိုးတောင်ပြည့် လွှမ်းစေတီ ထုံးသက်နီး ဖြူဖြူလေးနှင့် ဇရပ်တစ်ခု ရှိပါသည်။ ယင်းစေတီ၏ ဘေးပတ်လည်မှာလည်း တောင်စဉ်တောင်တန်း မှိုင်းညို့ညို့နှင့် လွှမ်းမောဖွယ်အတိ။

လွှမ်းစေတီတောင်မှ လှမ်းကြည့်လျှင် ဂမ္ဘီရဆန်လှသော၊ အလွန်လှပသော နံကာသူလိုဏ်ဂူတောင်တော်၊ စစွေးတောင်၊ မိုးထိတောင်၊ ဘုရားကိုင်းကိုင်း မြင်စိုင်းတောင်တော်၊ နတ်မီးတောင် စသည်ဖြင့် ရသေ့ သူတော်ရဟန်းတော်များ တရားဓမ္မ ကျင့်ကြံရာနေရာမြတ် နေရာထူး ဖြစ်သကဲ့သို့ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများ ကျင့်ကြံ



www.burmeseclassic.com

www.burmeseclassic.com

ဆဲပုဂ္ဂိုလ်ထူး သူတော်စင်များ နေရာလည်း ဖြစ်ပါသည်။

နံကသူတောင် သူတော်စင်ကြီး အဘဦးသူတော်၏ လမ်းညွှန်မှု၊ အလှူရှင်များ၏ သဒ္ဓါတရားပေါင်းစပ်၍ အလွန်ကောင်းမြတ်သည့် ဘုရားပုထိုးတည်ခြင်း၊ နိဗ္ဗာန်မရောက်မီစပ်ကြား ဘဝသံသရာမှာ တရားထူးမရသမျှ ကျင်လည်ကြရဦးမည့် သံသရာခရီး ရှည်ကြီးမှာ လူချမ်းသာ နတ်ချမ်းသာဖြင့် ဆင်းရဲကင်းကင်း၊ ငရဲကင်းကင်း သွားနိုင်ရေး ရည်မျှော်တွေးလို့ ဘုရားတည်ခြင်း ကုသိုလ်ထူးကြီးကို အလှူရှင်များမှ တတ်စွမ်းနိုင်သမျှ လှူဒါန်းမှုပြုကြပေသည်။

နံကသူတောင်တော် မြတ်မဟာသည် အတွင်းထဲမှာ လိုဏ်ဂူဖြစ်ပြီး ကျောက်ခက် ကျောက်ပန်းဆွဲများဖြင့် အလွန်တင့်တယ်ပါသည်။ သူတော်စင် အဘဦးသူတော် တရားကျင့်ရာ နေရာလည်း ဖြစ်ပါသည်။

သူတော်စင် အဘဦးသူတော်၏ မေတ္တာတရားကြောင့် တောနက်ထဲမှ ကျားများ ထိုဂူကြီးထဲ သားလာပေါက်ကြပါသည်။ သူတော်စင် အဘဦးသူတော် တရားထိုင်ရာ အနားမှာ ကြောင်ကလေးများသဖွယ် ပွတ်သီးပွတ်သပ် တိုးဝှေ့နေတတ်ကြသကဲ့သို့ အဘဦးသူတော် စကားကိုလည်း နားထောင်တတ်ကြပါသည်။ သူတော်စင် မေတ္တာတရားကြောင့် တိရစ္ဆာန်များပင် ရန်မူခြင်းမရှိကြ။

မကြာမီ ပန်းပုဆရာ ဦးသိန်းမြင့်နှင့် အဖွဲ့လည်း ထိုဘုရားတည်မည့်တောင်ပေါ်သို့ ရောက်သွားကြပါသည်။ မိမိတို့ အထုပ်အပိုးများကို ဇရပ်ကြီး၏ ခေါင်းရင်းပိုင်း ပျဉ်ခင်းကွပ်ပျစ်ကြီးပေါ် နေသားတကျ ထားသိုပြီး တပည့်နှစ်ယောက် အစောင့်ထား၍ လွမ်းစေတီတောင်ကနေ လှမ်းမြင်နေရသည့် နံကသူတောင် အဘဦးသူတော်ရှိရာသို့ မိမိတို့အဖွဲ့ ရောက်ကြောင်း သွားရောက်တွေ့ဆုံပါသည်။

သူတော်စင် အဘဦးသူတော်မှ လိုအပ်သည့်ပစ္စည်းများ ဘိလပ်မြေ၊ အိတ်၊ သဲ,ကျောက်,အုတ် စသည်များကို တပည့်များဖြင့် စီစဉ်ပေးပါသည်။

ပန်းပုဆရာ ဦးသိန်းမြင့် အလုပ်လုပ်မည့်တောင်ပေါ်ရှိ ဇရပ်ကြီးထဲတွင် တင်ပျဉ်ခွေ ရုပ်ပွားတော်မြတ်တစ်ဆူ တည်ခြင်းနှင့် ထိုတောင်ကို စောင့်ရှောက်နေသော တောင်ပိုင်စောင့်နတ် ထုလုပ်ရန် ဖြစ်သည်။

နောက်တစ်နေ့ နံနက်တွင် ပစ္စည်းများ အဆင့်သင့် ရောက်လာသဖြင့် ဘုရားတည်ခြင်း အလုပ်ကို စတင်လုပ်ဆောင်ပါတော့သည်။

တပည့်လေးယောက်နှင့် အုတ်သယ်သူသယ်၊ မြေတူးသူတူးနှင့် မကြာမီ ဘုရားပလ္လင်တော် အုတ်မြစ်ချပြီးသည်နှင့် ထိုင်တော်မူ သုံးတောင်တစ်မိုက် ဘူမိဖဿ ရုပ်ပွားတော်မြတ် တစ်ဆူ စတင် ထုလုပ်ပူဇော်ပါသည်။

ရုပ်ပွားတော်မြတ် လေး,ငါးရက်လောက် တည်ပြီးသည်နှင့် ယင်းတောင်ကိုပိုင်သည့် တောင်ပိုင်နတ်ပုံကို ထုလုပ်ရန်အတွက် ကတ်ထူစက္ကူမှာ စကေးကိုက် စကက်ပုံစံတုတ် အကွက်ရိုက်ပါသည်။

ထို ပန်းပုဆရာဦးသိန်းမြင့် နတ်ပုံစကက် ကောက်ရာနေရာသို့ တပည့်ဖြစ်သူ ငသိန်းလှ ရောက်လာပါသည်။

'ဆရာ တောင်ပိုင်ပုံ စကက်ကောက် ဒီပိုင်း ထုတ်ရတာနဲ့ ပင်ပန်းပါတယ်။ ဟောဒီ တပည့်ငသိန်းလှ မတ်တပ်ရပ်ပေးမယ် ဆရာ။ အဲဒါကိုပဲ အတိုင်းအတာယူပြီး ...
လား'

ရွတ်နောက်နောက်နှင့် ပြောသော... စကားကြောင့် ဆရာဦးသိန်းမြင့်သည်... ရေးလက်စ တစ်ပိုင်းတစ နတ်ပုံဒီ... အား ခေတ္တရပ်ထားရင်း ပျာပျာသ... နှင့်...

'ဟေ့ကောင်ငသိန်းလှ မင်းကွာ မ... ကောင်းမဆိုကောင်း မင်း ငါ့ကို ဘာ... တွေ လာပြောနေတာလဲ။ ဒီကောင်... စကားပြောတာ ဆင်ခြင်ပြောကွာ'

သူ့ဆရာစကားကြောင့် ငသိန်း... ပခုံးတစ်ဖက် တွန့်ပြရင်း...

'ဟာ ဆရာကလဲ ကျွန်တော်... အခု ရုပ်တုထုတာ အင်္ဂတေရုပ်တု... ဟာ။ သက်ရှိမှ မဟုတ်တာ ဘာ... ကြောက်စရာလဲ မရှိပါဘူး။ ဆ... စကက်ကောက်တာ စကေးနဲ့ အကွ... ရိုက်နေရတာ ပင်ပန်းလှတယ်။ ဟော... ဒီမှာ ကျွန်တော့်အရပ် (၅)ပေ... (၅)လက်မ ရှိတယ်။

အဲဒါတိုင်းပြီး လက်အရှည်၊ ... အကျယ်၊ မျက်နှာ,နှာခေါင်း,ပါးစ... ခေါင်းအကျ၊ ခြေထောက် အဲဒီအတို... တိုင်းလုပ် ပြီးတဲ့ဟာ။ ကျွန်တော်... အကြံပေးကြည့်တာပါဆရာ။ ဆရာ... ဆရာလုပ်တာ မဟုတ်ဘူးနော်'

အနားမှာ မဆလာမွှေနေသော... ကြောင်လှူးမှလည်း...

'ဟာ...ဟုတ်သားပဲ ဆရာရယ်... ငသိန်းလှ ပြောတာမှန်တယ်။ သူ့အရ... အမောင်းတိုင်းပြီး ထုလိုက်ရင် မြန်... ပြီးသွားတာပေါ့'

ဟု ဆရာဖြစ်သူ ဦးသိန်းမြင့်ဘ... လှည့်ကြည့်ရင်း ရယ်ကျဲကျဲ... ထောက်ခံစကား ပြောလိုက်ပါသ...

မြင့်ဖော်ကလည်း မိန်း... သည်မှာ တစ်လောက်ရှိနေသမို့ လ...




www.burmeseclassic.com

www.burmeseclassic.com



နီးသော တောတောင်ထဲမှာ ၄,၅ရက် နေရသေးသည်နှင့် ဖနီးနှင့် ရွာကို လွမ်းနေသည်မို့…

'ဆရာရယ် ဒီတောင်ပေါ်မှာ ကျွန်တော်တို့ ကြာကြာနေပြီး အလုပ်လုပ်လို့ မဖြစ်ဘူး။ ငှက်ဖျားပေါ်တော့ ငှက်ဖျားရန် ကြောက်ရတယ်။

ပြီးတော့ ညဘက်ဆိုလဲ တောနက်ထဲက တောကောင်ကြီးတွေ ဟိန်းသံတောင် ကြားနေရတာ မြိန်မြိန်ပြီးတဲ့နည်းက သေိန်းလှ ပြောတဲ့နည်းပဲ ရှိတယ်။ ဆရာ စိတ်ကူးနဲ့ ပုံစံထုတ်တာနဲ့ အခုလက်တွေ့ သေိန်းလှ အတိုင်းအတာအတိုင်း ကြည့်ထု ပြီးတဲ့ဟာပဲ'

တပည့်များ ပိုင်းပြောသော စကားကြောင့် ခေတ္တစဉ်းစားပြီး…

'အေးကွာ ဒီလိုဆိုလဲ မင်းတို့ ပိုင်းဝေဖန်သလို သေိန်းလှ အရပ်အမောင်းအတိုင်း ထုတာပေါ့ကွာ။ ငါ တစ်ခါမှ မထုဖူးသေးဘူး'

နောက်တစ်နေ့ နံနက်ကစပြီး သေိန်းလှအား တောင်ပိုင်ကြီးပုံထုမည့် နေရာဘေးမှာ ရပ်ခိုင်းပြီး အရပ်တိုင်းခြင်း၊ ပခုံး, ရင်အုပ်, လက်, ခြေထောက်သည်များကို တိုင်းထွာပြီး (၅)မူးလုံးသံနှစ်ချောင်း အုတ်ခုံအလယ်တွင် ခြေထောက် အမာခံသံအဖြစ် စိုက်ထူကျောက်လောင်းပြီး သံဆန်ကာချပ်ကို ရှေ့တည့်တည့် ပုံစံအတိုင်း ထောင်တိုင်းပြီး ဆော့ပင်ဖြင့် မှတ်သားသည်။

ထို့နောက် ပလာယာဖြင့် ဖြတ်ပြီး သွပ်နန်းကြိုး(၁၄)ဂိတ်ဖြင့် နှုတ်ခမ်းအနားသတ် သွပ်နန်းကြိုးဖြင့်ချည်၍ ယင်းပုံစံအပြားကြီးကို သွပ်နန်းကြိုး(၁၄)ဂိတ်ဖြင့် ခေါင်းမှ ခြေထောက်အထိ ဖြတ်ပြီး လုံးပါသည်။

လက်နေရာကိုလည်း တစ်မတ်လုံးသံဖြင့် တိုင်းပြီး တောင်ဝှေးအထိပါ တစ်ဆက်တည်း ပြုလုပ်ပြီး ဂျာလီခွေပတ် မဆလာကို ဘိလပ်၊ သဲ၊ ဝမ်း,ဝမ်း စပ်၍ လက်ဆုပ်ပေါက်ပါသည်။

မကြာမီ ရုပ်လုံးအကြမ်းပုံ ပေါ်လာပါသည်။ ထို့ကြောင့် ကျေနပ်သောအပြုံးနှင့် တပည့်ဖြစ်သူ သေိန်းလှအား…

'အေး မင်းအကြံပေးတာနဲ့ ငါ တစ်ခါမှ ဒီလိုမလုပ်ဖူးဘူး။ အခုတော့ လုပ်ဖူးသွားပြီ မြိန်လဲမြိန် မှန်လဲမှန်သွားပြီကွာ။ ဒီပုံကို အကြမ်း တစ်ညသိပ်ထားမယ်။ မနက်မှ အချောကိုင်တာပေါ့။ ဒီနေ့တော့ မင်းတို့ အလုပ်စောစောသိမ်းကြ'

ထိုည ဆရာတပည့်တွေ ဘုရားဝတ်ပြု အမျှဝေ၍ ငါးယောက်သား အစဉ်လိုက်တန်း၍ အိပ်ရာဝင်ကြသည်။ အိပ်မပျော်မီ ဆရာဖြစ်သူ ဦးသိန်းမြင့်အား သေိန်းလှမှ…

'ဆရာ ငယ်ငယ်ကတည်းက ဒီပန်းပုပညာနဲ့ ဘုရားတည် ရုပ်တုတွေကို ဆရာ့ဆရာကြီးနဲ့ လိုက်တည်ဖူးတာဆိုတော့ ဟို…ဟို တောင်ပိုင်နတ်တို့ အစောင့်တို့ကို ရုံတိုးရိပ်တိပ် မြင်ဖူးလား။ တကယ်ရှိလား'

ဆရာဦးသိန်းမြင့်သည် သောက်လက်စ ဆေးပေါ့လိပ်တို ဘေးချရင်း…

'အေးကွ ဒီလိုရှိတယ်။ တို့ဘုရားရှင် ဟောတော်မူတဲ့ မေတ္တသုတ်မှာတောင် မြင်အပ် မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါတွေကို မေတ္တာပို့တာ ပါတယ်လေကွာ။

တို့၊ မင်းတို့က သမာဓိ မကောင်းလို့သာ မတွေ့ရတာ။ သူတို့တွေ တကယ်ရှိတာကွ။ ငါတို့အသိ အမျိုးသမီးမိတ်ဆွေတစ်ယောက် သူက အတက်ဂိုဏ်းတက်ထားတဲ့ ဂိုဏ်းဆရာမပေါ့။

အဲဒါအခု ငါတို့ ဒီချင်ကိုက်ကွင်း တောင်ပေါ်က လှမ်းကြည့်လိုက်ရင် ဘုရားကိုင်းကိုင်း မြင်စိုင်းတောင်ဆိုတာ ရှိတယ်။

ဒီတောင်ကို ဘယ်ကကြည့်ကြည့် ဘုရားပုထိုး စေတီတော်တွေဟာ တစ်ဖက်ကို ကိုင်းပြီးနေကြတယ်။ သစ်ပင်ကြီးတွေကအစ ကိုင်းတယ်။

အဲဒါ မယုံလို့ တောင်ခြေနားအရောက် သွားကြည့်တော့ ဘုရားစေတီနဲ့ သစ်ပင်ကြီးတွေက တည့်မတ်နေတာ သိပ်ထူးခြားတာ။ အဲဒီဘုရားကိုင်းကိုင်း မြင်စိုင်းတောင်နားက အုတ်ဇရပ်ကလေးတစ်ခု ရှိတယ်။

အဲဒီ အုတ်ဇရပ်ထဲမှာ ဘုရားရုပ်ပွားတော်တစ်ဆူနဲ့ ရှေးဆရာတော်ကြီး အဆက်ဆက်က သိတင်းသုံးသွားခဲ့တဲ့ ရှေးဟောင်း သလွန်ကြီးတစ်ခု ရှိ



www.burmeseclassic.com

www.burmeseclassic.com

တယ်။

အဲဒီ ကျွန်းသလွန်ကြီးပေါ် တို့အသိ ဂိုဏ်းဆရာမက တက်ထိုင်ပြီး ပုတီးစိပ် မယ်လုပ်တော့ ပါလာတဲ့ အဖော်တွေ က တက်မစိပ်ဖို့ တားတော့...

"ငါက ဂိုဏ်းဆရာမ။ ညည်းတို့ ဘာမှမျှနဲ့ ဖူးစရာရှိတာသာ သွားဖူးကြ။ ငါ ဒီသလွန်ပေါ် ပုတီးစိပ် တရားထိုင်ဦးမယ်'

ပြောတော့ အဖော်တွေလဲ စိတ် မသက်မသာနဲ့ တောင်ခြေ ဆင်းသွား ကြတယ်ကွာ။



အဲ...မကြာပါဘူး။ နာရီဝက် လောက်မှာ နောက်ကြောင်း စိတ်မချလို့ ပြန်ကြည့်တော့ အဲဒီဂိုဏ်း ဆရာမ သလွန်ပေါ်မှာ ဖက်ကျိုးပြီး သေနေတာကိုပဲ တွေ့ကြရတယ်ကွာ'

စိတ်ဝင်တစား နားထောင်နေသော သိန်းလှနှင့် မြင့်ဖော်မှ...

'ဆရာ ဂိုဏ်းဆရာမ ဘာဖြစ်လို့ သေတာလဲ'

'အေး...သူက မတန်မရာ လုပ်တာပဲကွာ။ သီလ သမာဓိ ပညာကြီးတဲ့ ပုဂ္ဂိုလ်ထူးကြီး များ တရားကျင့် အသုံးပြုသွားတဲ့ သလွန် ပေါ် တက်ပုတီးစိပ်တော့ ဒီတောင်ကို စောင့်တဲ့ တောင်စောင့်ဘီလူးက ကုပ်ချိုး သတ်လိုက်တာပေါ့ကွာ။

အဲဒီအမျိုးသမီးလဲ သူ့အဖွဲ့သား တစ် ယောက်ကို ပူးကပ်ပြီး သူ ဒီလို သေရတဲ့ အကြောင်းနဲ့ ဒီတောင်စောင့်ဘီလူးဆီမှာပဲ နေရတော့မယ်လို့ ငိုပြီးပြောတော့ အားလုံး စိတ်မကောင်းကြဘူးပေါ့ကွာ။ အဲဒါကြောင့် မင်းတို့ ဒီတောင်ပေါ်မှာ အညစ်အကြေးက အစ တောင်းပန်သွားဟုတ်လား'

သိန်းလှမှ ကြောက်လန့်သော အမူအရာဖြင့်...

'ဆရာ ဒါဖြင့် တောင်ပိုင် တကယ်ရှိ တာပေါ့'

'အေး ရှိတာပေါ့ကွာ။ တို့ မမြင်ရလို့ သာ သူတို့ တကယ်ရှိတယ်'

ဆရာဦးသိန်းမြင့်သည် စကားပြော ရတာ အာခြောက်သွားသဖြင့် မီးငြိမ်း သွားသော ဆေးပေါ့လိပ်တိုလေးအား မီးထပ်ညှိရင်း...

'ကဲ...ကဲ တော်ကြတော့ကွာ ညဉ့် လဲနက်ပြီ အိပ်ကြတော့'

နောက်တစ်နေ့ နံနက်မိုးသောက် အလင်းရောက်သော် တောင်ပိုင်ရုပ်တု အား စပြီး မဆလာအနုဖြင့် အချော ကိုင်ပြီးသည်နှင့် ရုပ်လုံးလည်း ပြီးသွား ပါသည်။

နောက်တစ်နေ့နံနက်မှာ ခံဆေး သုတ် ဆေးခြယ်လိုက်သောအခါ...

'ဟား ဟား ဟား အခုမှ တောင်ပိုင် ရုပ်တုကြီးက သိန်းလှနဲ့ တစ်ပုံစံ တည်းတူပြီး တယ် ကြည့်ကောင်းတာ ပဲကွာ'

သူတို့ဆရာ ဦးသိန်းမြင့် တဟား ဟားနှင့် ရယ်ပြောလိုက်သည့် စကား ကြောင့် သိန်းလှစိတ်ထဲ ကြည်နူးပြီး သူ့ပုံစံနှင့်တူသည်ဆို၍ အလွန် သဘော ကျနေပါသည်။

ထိုည ဆရာတပည့်ငါးယောက် နောက်နေ့ နံနက် ဟင်္သာတပြန် ပျော်နေကြပြီး စောစောအိပ်ရာ လိုက်ကြသည်။

နံနက်မိုးသောက်၍ တော တစ်ခွင်က ကျေးငှက်တို့၏ ဘာ သီကြွေးတွန်ကျူးသံကြားမှ အိပ် နိုးလာကြသည်။

'ကဲ ကဲ တပည့်တို့ ထကြတော့ မိုးလင်းပြီကွ'

ဆရာဦးသိန်းမြင့်မှ တပည့်မျာ တစ်ယောက်ချင်း နာမည်ခေါ်၍

သိန်းလှတစ်ယောက် ဆ ကြီး အသက်ပျောက်၍ နေရှာသည်

ဆရာဦးသိန်းမြင့်နှင့် တပည့် အံ့သြခြင်းအမူအရာနှင့် တစ်ယော မျက်နှာ တစ်ယောက် ကြည့် ဝမ်းနည်းခြင်းနှင့်အတူ မြင့် သိန်းလှအား ဖက်ငိုသလို ကျ လုပ်ဖော်ကိုင်ဖက် ကြောင် ကျော်မင်းမှလည်း ဝမ်းနည်း၍ လေသည်။

မိမိတို့ နောက်ပြောင်ခဲ့ သူငယ်ချင်း ထူးဆန်းစွာ သေဆုံး ခြင်းအတွက် ဝမ်းနည်းပူဆွေး ရောက်နေသည်။

ဆရာဦးသိန်းမြင့်မှလည်း တု သောအသံဖြင့် သူ့တပည့် သေ နဖူးလေးကိုင်ရင်း...

'တပည့်ရယ် ငါ့ကို ခွင့်လွှတ်ပါကွာ တယ်။ ငါလဲ ဒီလိုဖြစ်မယ်မှန်းမသိ ကိုယ်တိုင်နဲ့ တောင်ပိုင်ရုပ် ထု ငါ့ကို ခွင့်လွှတ်ပါကွာ။ ငါကိုယ်တိုင် သေရတာလားကွာ'

သိန်းလှ သေပြီး တစ်နာရီ မှာ ရွာသားများကို အကြောင်း အဘဦးသူတော်ကိုပါ အကြော ခဲ့ပါသည်။ ဟင်္သာတမှ မိဘဆွေမျိုးများပါ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ထိုတောင်ခြေရင်းမှာပဲ သေိန်းလှအား မြှုပ်နှံထားခဲ့ကြရသည်။

အလောင်းမြေချပြီး တောင်ပေါ်မှာ ဆရာဦးသိန်းမြင့်နှင့် ရွာသားအချို့ ယနေ့ နေ့ရထားနှင့် ပြန်ဖို့ မပြန်မီ သူတော်စင် အဘဦးသူတော်ဆီဝင်ဖို့ တိုင်ပင်နေစဉ် မြင့်ဖော်နှင့် ကြောင်လူး တို့ တောင်စောင်းနားသွား၍ ဆီးပေါက် ရန် ထိုင်ကြစဉ် မိမိတို့ ရှေ့တည့်တည့် တစ်လံခွဲလောက် အကွာမှ ဖြူန်းဆို မီးခိုးလိုလို မြူလိုလို ဆိုင်းသွားပြီး ယင်း မြူခိုးကြားထဲမှ ယင်းတို့ သူငယ် ချင်းဖြစ်သူ သေိန်းလှမျက်နှာ ကိုယ် တစ်ပိုင်းပုံကြီး ပေါ်လာပါသည်။

အင်္ကျီအဖြူတောက်ပေါ်မှာ အညို ရောင် သဘက်ကလေးတစ်ခု သိုင်းပြီး ခေါင်းပေါ်မှာ ဆောင်းထားသော ခေါင်း ဆောင်းမှာ အချွန်မဟုတ်ဘဲ အချွန် ကို အလယ်ဖြတ်ထားသလို ပြားပြား ကြီးနှင့် အညိုရင့်ရင့် ခေါင်းဆောင်းကြီး ဆောင်းပြီး သူတို့နှစ်ယောက်အား ဝမ်းနည်းသော အကြည့်နှင့်စိုက်ပြီး ကြည့်နေသည်ကို ကြောင်လူးနှင့် မြင့်ဖော် နှစ်ဦးသား တွေ့မြင်လိုက်ရ သည်။

သို့နှင့်...

'ဟား သေိန်းလှ သူငယ်ချင်း... သေိန်းလှ မင်း...မင်း... ဟ... ကြောင် လူးပြေး ဟ... သ...သရဲ နေ့ခင်းကြီး ခြောက်တယ်ဟ။ ပြေး ပြေး သေိန်းလှ သရဲ'

နှစ်ဦးသား ဒရောသောပါး ဆရာ ဦးသိန်းမြင့်ရှိရာ ဇရပ်ထဲသို့ ကြောက် လန့်တကြား ပြေးလာပြီး...

'ဆရာ...ဆရာ...ဟို...ဟို...သေိန်းလှ ကျွန်တော်တို့ကို ကိုယ်ထင်ပြတယ်။ ဟို နတ်ခေါင်းဆောင်းကြီးနဲ့ ပြတာဆရာ။ မျက်တောင်မခတ် စိုက်ကြည့်နေတာ



ကျောချမ်းစရာ ဆရာ။ ကျွန်တော်တို့ နှစ် ယောက်စလုံး မြင်ရတာ'

ဆရာဦးသိန်းမြင့်မှလည်း...

'ဟ မင်းတို့ဟာ နေ့ခင်းကြောင် တောင်ကြီး ကိုယ်ထင်ပြတယ်လို့ မကြားဘူးပေါင်ကွာ'

ကြောင်လူးမှ ...

'ဟာ ဆရာရယ် ကျွန်တော်တို့ မညာပါဘူး။ တကယ်တွေ့ခဲ့လို့ ပြော တာပါ၊ အောက်ပိုင်းမပါဘူး။ အပေါ်ခါး အထက်ပဲ တွေ့ရတာ တအား ထူး ဆန်းတယ်။ ကျွန်တော်တို့ ကြောင်ပြီး ကြည့်နေတုန်း ရှေ့တိုးလာလို့ ကြောက် ပြီး ထွက်ပြေးရတာ'

တုန်တုန်ယင်ယင်နှင့် နှစ်ယောက် စလုံး မောမောပန်းပန်း ချွေးစေးများ နှစ်ယောက်စလုံး ပြန်၍ မောဟိုက်နေ ပါသည်။

ရွာသားများလည်း အံ့သြသလို ဆရာဦးသိန်းမြင့်မှ...

'သူ တောင်ပိုင်ဖြစ်သွားပြီလား၊ တောင်ပိုင်တပည့်ဖြစ်သွားပြီလား မသိ ဘူးပေါ့ကွာ။ သြော် ငါ့တပည့် သေိန်း လှရေ ငါပြုသမျှ ကုသိုလ်အဝဝကို အမျှပေးဝေပါတယ်ကွာ။ အမျှ... အမျှ...အမျှ... မင်း သာဓုခေါ်ပါကွာ'

ဟု နှုတ်မှ ဆွေးဆွေးမြည့်မြည့် ပြောဆိုလိုက်ပါသည်။ မကြာမီ အထုပ် အပိုးပြင်၍ နံကသူလိုဏ်ဂူတော်မှ သူတော်စင်ကြီး အဘ ဦးသူတော်ထံ သို့ သွားရောက်ကြပြီး ဖြစ်ကြောင်း ကုန်စင် ပြောပြသောအခါ အဘသူ တော်စင်မှ တည်ကြည်လေးနက်သော အသံဖြင့်...

'အေး မင်းတို့ကလဲ မလုပ်ထိုက်တာ ကိုယ်တိုင်းထုလုပ်တော့ မင်းတပည့်နဲ့ နေရာ ချင်း လဲလိုက်တာပေါ့ကွာ။ ကံ,ကံရဲ့ အကျိုး အကြောင်းလဲ ပါမယ်ထင်တယ်။ အေး တော်သေးတာပေါ့။ ဘုရားတည်တဲ့ လုပ်ငန်း မို့လို့ကြောင့်သာ ဒီတောင်ပိုင်နတ်ဘီလူး ကလဲ ကျွတ်ချိန်တန်တော့ လူစားလဲလိုက် တာပေါ့ကွာ။ ကဲ ကဲ သားတို့လဲ ရထားအမီ ပြန်ကြပေတော့ကွယ်'

'အဘကို သားတို့ ကန်တော့ခဲ့ပါ တယ် အမှားရှိရင် ခွင့်လွှတ်ပါအဘ'

'အေး...အေး...သားတို့ ကျန်းမာ ချမ်းသာကြပါစေကွယ်'

ဆရာဦးသိန်းမြင့်နှင့် တပည့်(၃) ယောက်တို့လည်း ဝမ်းနည်းကြေကွဲ ခြင်းမျက်နှာများဖြင့် မိမိတို့အိပ်ရာလိပ် အထုပ်အပိုးများထမ်းရင်း တောင် အောက်သို့ ဆင်းပြီး ကွင်းကောက်မှ မြို့ကွင်းဘူတာသို့ ရထားအမီ အရောက် လှမ်းရလေတော့သည်။

**[လွန်ခဲ့သော (၂၅)နှစ်တာမှ ဖြစ် ရပ်မှန်အား ပန်းပုဆရာကြီး ဦးသိန်း မြင့်မှ စာရေးသူအား ဆွေးဆွေး မြည့်မြည့် ပြောပြချက်ကို ဇာတ်လမ်း ဆင် ရေးသားရပါကြောင်း...]**

***အရာအားလုံး သည်းခံခြင်း မေတ္တာ စိတ်ထားဖြင့် အေးမြနိုင်ကြပါစေ***

ဟသ်ာတ သန်းလှိုင်ကျော်
(ရွှေပန်းချီ)

www.burmeseclassic.com

# နေတတ်သေတတ်ဖို့

## အမြွတ်ရသူတစ်ဦး(၁၅)

ကောင်းမြင့်မြတ်စိုး



(၁၇-၃-၁၃)နေ့ ကိုးနာရီခွဲလောက်က ကျွန်တော်ဟာ ဦးအေးမြင့်အိမ်ကို ရောက်သွားပါတယ်။ ယောဂီဦးစိုးမောင်ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် သိချင်တာတွေ မေးမြန်းဖို့ ဦးအေးမြင့်ထံ သွားခဲ့တာပါ။

ကျွန်တော် သိချင်တာတွေ မေးပြီးတဲ့အခါ ဦးအေးမြင့်က စိတ်လှုပ်ရှားစရာသတင်းတစ်ခု ထပ်မံ ပေးလာပြန်ပါတယ်။

'ငါတို့ ရပ်ကွက်ထဲမှာ လွန်ခဲ့တဲ့ ဝါဆိုလက အမေညိုတစ်ယောက် ဆုံးသွားတယ်။ အမေညိုကလဲ "ဓမ္မ"နဲ့သေရတာပဲ။ ငါကိုယ်တိုင် သွားခဲ့တယ်။ သူ့ရဲ့ ရုပ်ကြွင်းခန္ဓာကိုယ်ကို သေသေချာချာ စမ်းသပ်ကိုင်တွယ်ကြည့်တယ်။ ချက်ချင်းသွားခဲ့တာ မဟုတ်ဘူး။ ဘာလို့လဲဆိုတော့ တကယ်ထူးတာ ဟုတ်မဟုတ် သေချာအောင်လို့ အမေညိုသေပြီး နောက်နေ့ မနက်(၁၀)နာရီလောက်မှ သွားကြည့်ခဲ့တာ။

ဓာတ်ပုံဆရာ ဗြိဳဟ်မှတ်တမ်းရော ဝီဒီယိုကင်မရာနဲ့ ငါကိုယ်တိုင် ရိုက်ယူခဲ့တယ်။ အမေညိုရဲ့ ရုပ်ကြွင်းခန္ဓာက ခြေတွေ လက်တွေကို ကွေးလို့ဆန့်လို့ရတယ်။

တရားထိုင်တဲ့ပုံစံ၊ ထိုင်လျက် ရှိခိုးတဲ့ပုံစံ အကုန်လုပ်လို့ရတယ်။ ဒါပေမယ့် အခုတော့ ဝိုက်ကင်မရာထဲမှာ မရှိတော့ဘူး။ ကာယကံရှင်တွေကလဲ ဘာမှ လာမပြောတော့ ငါလဲ ဖျက်ပစ်လိုက်ပြီ'

ထိုအခါ ကျွန်တော်က...

'ဟာ သွားပါပြီ အန်ကယ်ရာ ကျွန်တော့်အတွက် ဓာတ်ပုံမှတ်တမ်းတွေ မရတော့ဘူးပေါ့'

'အေးကွာ မတတ်နိုင်ဘူးလေ၊ မောင်ရင်နဲ့ ငါနဲ့ကလဲ အဆက်အသွယ်ပြတ်သွားတာကိုး'

'ဟုတ်ပါတယ်လေ၊ ဒါဆို အန်ကယ် ကူညီပါဦး။ အဲဒီအမေညိုရဲ့ မိသားစုနဲ့ ဆက်သွယ်ပေးပါဦး'

'ဟုတ်ပြီလေ အခုတော့ သူတို့ အလုပ်သွားနေတယ်၊ ရှိမှာမဟုတ်ဘူး။ ညနေ ငါးနာရီလောက်ကျ လာခဲ့ကွာ။ ငါ စီစဉ်ပေးမယ်'

'ဟုတ်ကဲ့ အန်ကယ် ဒါဆို ကျွန်တော် ညနေ(၅)နာရီလောက် လာခဲ့ပါမယ်'

အဲဒီနေ့ ညနေ ငါးနာရီလောက်မှာ ဦးအေးမြင့်အိမ် ရောက်တော့ ဦးအေးမြင့်က အမေညိုရဲ့ သမီးနှစ်ယောက်ကို ခေါ်ပေးပါတယ်။ ကျွန်တော်နဲ့ မိတ်ဆက်ပေးပါတယ်။

အဲဒီနောက် ကျွန်တော်က စတင်မေးပါတယ်။

'အမေညိုရဲ့ နာမည်အပြည့်အစုံက ဘာတဲ့လဲ အစ်မ'

'ဒေါ်ညိုအေးပါ'

'ဘယ်နေ့ရက်က ဆုံးခဲ့တာလဲ အစ်မ။ အသက်ကရော ဘယ်လောက်ရှိပြီလဲ'

'ဒီနှစ် ဝါဆိုလပြည့်နေ့က ဆုံးတာပါ။ အမေ အသက်(၇၀)မှာ ဆုံးသွားတာပါ'

'ဒါဆို ဒီနှစ် ၁၃၇၄ ခုနှစ်၊ ဝါဆိုလပြည့်နေ့ပေါ့နော်'

'ဟုတ်ပါတယ်၊ အမေက တရားကို အရမ်းကို စိတ်ဝင်စားပါတယ်။ သေတဲ့အချိန်ထိ တရားနာပြီး တရားအသံနဲ့ပဲ သွားပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ် အသက်အရွယ်လောက်က စပြီး တရားအလုပ်တွေ၊ တရားစခန်းတွေ ဝင်ဖြစ်ခဲ့လဲ အစ်မ'

'အမေ့အသက် (၅၈)နှစ်လောက်က စခဲ့တာ။ ကျောက်ပန်းတောင်းမြို့ တောင်ဇင်ရွာ၊ အေးငြိမ်းချမ်းသာကျောင်းမှာ မိုးကုတ်ရိပ်သာ တရားစခန်းမှာ စတင်ခဲ့တာပါ။ အဲဒီတုန်းက ယောဂီ(၁၅)ယောက်နဲ့ စခဲ့တာပါ။

အမေက တရားစခန်းဖွင့်တိုင်း ဝင်ဖြစ်ခဲ့ပါတယ်။ ကျွန်မတို့ရပ်ကွက်က ဓမ္မမဥ္ဇူကျောင်းမှာ မိုးကုတ်ဝိပဿနာတရားစခန်း ဖွင့်တော့လဲ အမေ ဝင်ခဲ့တာပဲ။ ဒီဓမ္မမဥ္ဇူကျောင်းမှာ နေ့စဉ် ပုံမှန်လဲ တရားသုံးကြိမ် ထိုင်တာ ရှိတယ်။

မနက်(၄)နာရီတစ်ကြိမ်၊ ညနေ(၄)နာရီတစ်ကြိမ်၊ ည(၆)နာရီတစ်ကြိမ် တရားထိုင်ကြပါတယ်။ မိုးကုတ် ဆရာတော်ကြီး တရားခွေဖွင့်ပြီး **"နားက တရားနာ၊ ဉာဏ်က ခန္ဓာစိုက်"**ပြီး ရှုမှတ်ပွားများကြတာပါ'

'ဟုတ်ကဲ့... ဓမ္မမဥ္ဇူကျောင်းက ဆရာတော်ရဲ့ ဘွဲ့တော်လေး ပြောပါဦး'

'ကျောင်းထိုင် ဆရာတော်က ဦးသီရိန္ဒပါ။ တရားပြပေးတဲ့ ဆရာတော်ကတော့ ဦးပညာစာရ ဖြစ်ပါတယ်'

'နေ့စဉ် တရားထိုင်တဲ့ ယောဂီတွေ ဘယ်လောက်များလဲ အစ်မ'

'မနက်ပိုင်းဆို (၂၅)ယောက်၊ (၂၆)ယောက်ရှိတယ်။ ညနေဘက်နဲ့ ညဘက်ကိုတော့ များတယ်။ (၅၀)ကျော်လောက်ရှိပါတယ်။ ဥပုသ်နေ့နဲ့ တနင်္ဂနွေနေ့ဆို တစ်နေ့လုံး တရားစခန်း ရှိတယ်။

ဈေးထဲက ဈေးသည်တွေ၊ ဝန်ထမ်းတွေလဲ အဲဒီနေ့မှာ လာကြတော့ တရားထိုင်တဲ့ယောဂီ ပိုများပါတယ်။ မနက်ပိုင်း(၄)ကြိမ်၊ ညနေပိုင်း(၄)ကြိမ် တရားထိုင်ကြရပါတယ်'

'ဓမ္မမဥ္ဇူကျောင်းက မိုးကုတ်ရိပ်သာ တရားစခန်းဖွင့်တာ ကြာပြီလား အစ်မ'

'အဲဒီ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကစပြီး ဖွင့်ခဲ့တာပါ။ အမေက နှစ်တိုင်း တရားစခန်း ဝင်ခဲ့တယ်။ တရားစခန်းပွဲ မရှိတဲ့ ရက်တွေမှာတော့ တစ်နေ့သုံးကြိမ် တရားထိုင် တရားရှုမှတ်တဲ့ အချိန်တွေမှာ နေ့စဉ် ထိုင်ဖြစ်အောင် အမေထိုင်တယ်။ အနည်းဆုံး တစ်နေ့ နှစ်ကြိမ်တော့ ရောက်အောင်သွားပြီး တရားထိုင်တာပဲ'

'ဪ... အမေညိုက တရားကို အတော် ကြိုးကြိုးစားစား အားထုတ်တာပဲနော်'

'ဟုတ်တယ်... လွန်ခဲ့တဲ့ ရှစ်လလောက်ကမှ အဲဒီတရားပွဲတွေ မသွားနိုင်တော့တာ။ အမေက ငယ်ငယ်လေးကတည်းက ဆေးလိပ်သောက်လာတာဆိုတော့ အဆုတ်ကင်ဆာ ဖြစ်လာခဲ့တာ။ ဆရာဝန်ထံ သွားပြတော့ ခြောက်လပဲ ခံတော့မယ်တဲ့။

ဆရာဝန်နဲ့ပြပြီး အိမ်မှာပဲ ရောဂါဒဏ် ခံနေခဲ့ရတယ်။ တရားစခန်း မသွားနိုင်တော့ဘူး။ လွန်ခဲ့တဲ့ ရှစ်လလောက်က တရားစခန်းဝင်နေရင်း အမေ နေမကောင်းလွန်းလို့ အိမ်ပြန်လာခဲ့ရတာ။

အိမ်ရောက်တော့ လဲတော့တာပဲ။

အိမ်မှာနေရင်း ရောဂါက ပိုဆိုးလာတော့ ဓမ္မမဥ္ဇူကျောင်းကို သွားချင်ပေမယ့် မသွားနိုင်တော့ဘူး။ ဒါပေမယ့် ကျွန်မလဲ အဲဒီဓမ္မမဥ္ဇူကျောင်း တရားစခန်းမှာ အမြဲ တရားထိုင်နေတာဆိုတော့ ကျွန်မက ရိပ်သာက ပြန်လာတိုင်း အမေ့ကို ပြန်ပြောပြပေးတယ်။

အမေနဲ့ တရားအကြောင်း ပြောဖြစ်တယ်။ အမေ့ကို အားပေးတယ်။ အမေ့ကို တရားမှတ်ဖို့ အမှတ်မလွတ်ဖို့ သတိပေးရင် အမေက **"သိတယ်၊ သိတယ် အမေ တရားမှတ်ပါတယ်"**လို့ ပြောလေ့ ရှိပါတယ်။

အသုဘချသွားတာ မြင်ရင်လဲ ကျွန်မက အမေ့ကို အားပေးတာပေါ့။ ဒါပေမယ့် အမေက **သေခြင်းတရား**ကို မတုန်လှုပ်ခဲ့ပါဘူး။ တည်ငြိမ်ပါတယ်။ အမေက စာမဖတ်တတ်ဘူး။ ဒါပေမယ့် တရားစခန်းက သင်ပေးတဲ့ တရားစာတွေ၊ လင်္ကာတွေ၊ ဆောင်ပုဒ်တွေ အကုန် အလွတ်ရတယ်။ ပဋိစ္စသမုပ္ပါဒ်စက်ပိုင်း အကြောင်းလဲ အကုန်နားလည်တယ်။ ပြန်ရှင်းပြနိုင်ပါတယ်။

တစ်ခါတစ်ရံ ကျွန်မကို လင်္ကာတွေ ဆိုခိုင်းတယ်။ ကျွန်မမှားရင် အမေက ချက်ချင်းထောက်ပေးတယ်။ ကျွန်မ နားမလည်တာ မေးရင်လဲ အမေက နားလည်အောင် ရှင်းပြနိုင်တယ်'

'ဪ ဟုတ်လား အစ်မ၊ အမေညိုက တကယ်ထူးတာပဲနော်၊ တရားကို



www.burmeseclassic.com

www.burmeseclassic.com

အတော် စိတ်ဝင်စားတာပဲနော်'

'အိမ်မှာ မိုးကုတ် ဆရာတော်တွေရဲ့ တရားခွေတွေ အမြဲ ဖွင့်ပေးထားရတယ်။ အမေက အမြဲတရားနဲ့ပဲ နေခဲ့တယ်။ ရောဂါ ဝေဒနာဒဏ် ခံနေရပေမယ့် အမေက တည်တည် ငြိမ်ငြိမ်ပဲ နေနိုင်ခဲ့ပါတယ်'

'အမေညို ဆုံးခါနီး အခြေ အနေတွေကို ပြောပြပါလား အစ်မ'

'အမေ မဆုံးခင်ရက်မှာ အမေက ကျွန်မကို ပြောပါတယ်။

"သမီးရယ် အမေ တဲတဲလေးပဲ ကျန်ပါ တော့တယ်"

တဲ့။ နောက်ရက် ဝါဆိုလပြည့်နေ့မှာ ရောဂါက ပိုဆိုးလာပါတယ်။ ညနေ (၅)နာရီလောက်မှာ အမေ အိပ်ရာထဲ မှာ ပက်လက်ကလေး ဝေဒနာခံစားနေ ရင်း ပါးစပ်ထဲက သွေးစတွေ ထွက်ကျ လာတယ်။ ပြီးတော့ အဖြူဖတ်လေး တွေ ကျလာတယ်။

ဒါကြောင့် ကျွန်မက"**အမေ ဘယ် လိုနေလဲ**''လို့ မေးတော့ အမေက ''**ဆိုးတယ်။ ခံရတာ တော်တော် ဆိုးတယ်**''တဲ့။ အဲဒီတော့ ကျွန်မက ''**အမေ အဲဒါ ဝေဒနာလေ မှတ် နော်**''လို့ ပြောတော့ အမေက ''**သိ တယ်၊ သိတယ်**''လို့ လေသံလေးနဲ့ ပြောပြီး ညာဘက်ကို ခေါင်းလေး စောင်းသွားတယ်။

အဲဒီအချိန်မှာ ဆရာတော် ဦးသုနန္ဒ ရဲ့ တရားခွေ ဖွင့်ထားတာ အသံက တိုးနေလို့ နည်းနည်း အသံကျယ်ပေး လိုက်ပါတယ်။ ကလေးတွေကိုလဲ အခန်းထဲ ဝင်မလာကြဖို့ ပြောထားပါ တယ်။

ခဏကြာတော့ အမေ အသက်မရှူ



တော့ပါဘူး။ ငြိမ်ငြိမ်လေး အသက် ထွက်သွားခဲ့တယ်။ အမေ့မျက်နှာက အေးချမ်းကြည်လင်နေတာပါပဲ။

အမေဆုံးပြီးတော့ ထူးတာက အသား အရေ အလွန်မည်းတဲ့ အမေဟာ သေပြီးမှ အသားအရေက ဝင်းအိနေတာပဲ။ ဗိုက်ကြီး ဖောင်းနေတာလဲ နဂိုအတိုင်း ပြန်ချပ်သွား တယ်။ တစ်ကိုယ်လုံးလဲ ပျော့ပျောင်းနေ တာပဲ။

သုသာန်မှာ သင်္ဂြိုဟ်တဲ့အချိန်ထိ မွေးကင်းစ ကလေးလေးလိုပဲ။ ပျော့ပျော့ခွေခွေလေးပဲ။ နောက်နေ့ ညနေ(၄)နာရီကျော်မှ သင်္ဂြိုဟ် ခဲ့ပေမယ့် ဘာအနံ့အသက်ဆိုးမှ မထွက်ခဲ့ ဘူး။

ဪ... ဒါပေမယ့် အမေ ဆုံးပြီးစ ခဏမှာတော့ အမေအမြဲသုံးတဲ့ နံ့သာ ဖြူသင်းသင်းလေး ရခဲ့သေးတယ်'

'အစ်မရဲ့ အမေက မွန်နဲ့သေတာပါ။ အသေမြတ်ပါတယ်။ အစ်မကလဲ အမေကို ပြုစုရကျိုး နပ်တာပေါ့'

'ဟုတ်ပါတယ်။ ကျွန်မကိုယ်တိုင်လဲ တရားစခန်းတွေ မပြတ်ဝင်နေတော့ အလွန် ကျေနပ်ပီတိဖြစ်မိပါတယ်။ တရားကို ပိုပြီး လုပ်ချင်စိတ်တွေ ဖြစ် လာပါတယ်'

'ကောင်းပါတယ် အစ်မ၊ ဒါနဲ့ အစ်မ တို့ မွေးချင်း ဘယ်နှစ်ယောက်ရှိလဲ။ အစ်မတို့အဖေရော ရှိသေးလား'

'ကျွန်မတို့ မောင်နှမလေးယောက် ရှိပါတယ်။ ကျွန်မက အကြီးဆုံးပါ။ ကျွန်မ နာမည်က မသန်းမြင့်ဦးပါ။ ကျွန်မ အောက်က မခင်ဒေအးမြင့် မနိုင်နိုင်နဲ့ ကိုကျော်စံလင်းတို့ ဖြစ်ပါတယ်။ ကျွန်မ တို့အဖေက ဦးသိန်းအောင်လို့ ခေါ်ပါ တယ်။ ကျွန်မငယ်ငယ် (၇)နှစ် အရွယ် ကတည်းက အဖေ ဆုံးသွားခဲ့တာပါ'

'ဪ ဒါဆို အမေညိုခမျာ ကလေး တွေ ဘုစုခရုနဲ့ အတော်ရုန်းကန်ခဲ့ရ မှာပဲနော်'

'ဟုတ်ပါတယ်။ အမေက ကြုံရာ ကျပန်း အလုပ်မျိုးစုံ လုပ်ခဲ့ရပါတယ်။ ဘဝကိုပင် ပင်ပင်ပန်းပန်း ရုန်းခဲ့ရတာ ပါ။ ဒါကြောင့်လဲ အမေက အေးချမ်း တဲ့ဘဝကို လိုချင်ခဲ့တာပါ။ အသက်(၅၀) နှစ်ကျမှ အမေ တရားအလုပ်တွေ လုပ်နိုင်တာပါ။ အမေက သေတဲ့အထိ ကျွန်မနဲ့အတူ နေခဲ့ပါတယ်။

ကျွန်မကတော့ အမေ့ကို အနီးကပ် ပြုစုနိုင်ခဲ့တာပေါ့။ တရားနဲ့လဲ တတ်နိုင် သလောက် ကျေးဇူးဆပ်ခဲ့ရပါတယ်။ ကျန်တဲ့မောင်၊ ညီမတွေလဲ အိမ်ထောင် ခွဲတွေဆိုပေမယ့် အမေ့ကို ဝိုင်းပြီး ပြုစုခဲ့ပါတယ်'

'ကောင်းပါတယ် အစ်မရယ်။ ဒီလို ဘဝနေဝင်ချိန်မှာ လှလှပပဘဝကို မွန် နဲ့ အဆုံးသတ်နိုင်ခဲ့တာ ဂုဏ်ယူစရာ ကောင်းပါတယ်ဗျာ'

**ကောင်းမြင့်မြတ်စိန်**



www.burmeseclassic.com

www.burmeseclassic.com

# ဒေးဝေါင်း ဝက်နားရွက်

လူ့ခန္ဓာကိုယ်နဲ့

ပရလောကသား

ရွှေတော်မြေ
မောင်ကြည်သိန်း



ဗိုလ်ကတော်လာ စတုတ္ထပါရာ
ကဝိနီတဝတ္ထုမှာ ရှင်မောဂ္ဂလာန်နဲ့
လက္ခဏာ ရဟန်းနှစ်ပါး ဆွမ်းခံအကြွ
**ဇ္ဈကုဋ်တောင်**မှအဆင်း ပြိတ္တာတွေ
သဏ္ဌာန်မျိုးစုံနဲ့ ပေါများနေလိုက်တာ
ရေမတွက်နိုင်ဘူးတဲ့။

အဲဒီအကြောင်းကို မြတ်စွာဘုရားရှင်
ကိုယ်တော်မြတ်ကြီးကို လျှောက်ကြား
တဲ့အခါ…

'ချစ်သား မောဂ္ဂလာန် ငါဘုရားဖြစ်စဉ်အခါ
ဂိဇ္ဈကုဋ်တောင်ကအဆင်းမှာ ပြိတ္တာတွေကို
မရေမတွက်နိုင်အောင် တွေ့ခဲ့ရတယ်'
လို့ မိန့်ကြားတော်မူပါတယ်။

ဒါကြောင့်မို့ ဤလောကမှာလဲ ငရဲ၊
တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဆိုတဲ့
အပါယ်လေးဘုံက ဘုံသားတွေ အမှန်
တကယ် ရှိတယ်ဆိုတာ လက်ခံ
ယုံကြည်ရပေမယ်။

တစ်နေ့ (၁၄–၅–၂၀၁၃) စာရေးသူ
ရဲ့ တူတော်တဲ့ မင်းထက်ထူးအောင်တို့
တိုက်ကို အလည်သွားခဲ့ပါတယ်။

အဲဒီမှာ ဆန်စက်တွေ လိုက်ပြင်တဲ့
စက်ဆရာ ဦးထွန်းရှိန်နဲ့တွေ့တယ်။
စာရေးသူကို…

'မောင်ရင်က စာရေးဆရာဆိုတော့
ရေးစရာ ဇာတ်လမ်းတစ်ပုဒ် ပေးမယ်
ဗျာ'



www.burmeseclassic.com

www.burmeseclassic.com

'ကောင်းပါပေ့ဆရာရယ်ကျွန်တော် လဲ ဒီလိုမျိုး ရေးစရာရှာနေတာ။ ရေငတ်တုန်း ရေတွင်းထဲကျ ဆိုသလို ပါ့ဗျာ'

'ဒီအဖြစ်အပျက်က ကျွန်တော့် တပည့် အောင်သန်းရဲ့ ကိုယ်တွေ့ အဖြစ်အပျက်ပေါ့ဗျာ။ အသည်းတုန် ရင်တုန်စရာဗျ။ ဒီလိုဗျ…ဒီလို…'

**ပဲခူးတိုင်းဒေသကြီး၊ နတ္တလင်းမြို့ အရှေ့ဘက်(၁)မိုင်ခန့်အကွာ သာစု ကန်ကျေးရွာ၊ မှန်နန်းဘုန်းတော်ကြီး ကျောင်းဝင်းထဲမှာ ဖြစ်ပျက်ခဲ့တဲ့ ဖြစ်ရပ်မှန်ပါ။**

* * *

'ဟဲ့ ကပ္ပိယကျော်ရင် ဒီလကုန် နင့်သား ရှင်ပြုမှာဆိုတော့ ကျောင်း ပို့ထားတော့လေ။ သင်္ကန်းတောင်း ကြိုသင်ထားရမှာပေါ့။ ဒါနဲ့ နင့်သား ဘယ်နှနှစ်လဲ'

'(၁၅)နှစ်ရှိပါပြီ ဘုရား'

'အေး ဒီအရွယ်မှ ကောင်းတာ။ သင်္ကန်း လဲ နိုင်မယ်၊ သရဏဂုံလဲ သိမယ်။ ဒါမှလဲ ကလေးလဲ ကုသိုလ်ရ၊ လူကြီးလဲ ကုသိုလ်ရ တော့မပေါ့'

'မှန်ပါ့ဘုရား မနက်ဖြန် ကျောင်းပို့ ထားပါ့မယ်'

'အေး အေး ကောင်းပြီ ဒကာကြီး။ မိုးမချုပ်ခင် ရွာပြန်တော့'

သစ်ပင်ကြီးငယ် အသွယ်သွယ်နဲ့ ရှေးကျတဲ့ ကျောင်းတော်ကြီး။ ဒီကျောင်းကြီးမှာ ဦးပဥ္စင်း သောဘိတ တစ်ပါးကလဲ (၃)ဝါတောင် ရနေပြီ ကော။

'သောဘိတ'

'တင်ပါ့ဘုရား'

'စားလိုက်အိပ်လိုက်ချည်း လုပ်မနေ နဲ့ဦး။ ဝိပဿနာလေးဘာလေးပွား၊ တရားထိုင်၊ ပုတီးစိပ်ဦး'



'တင်ပါ့ ဘုရား'

'ဒါနဲ့ အရှင်ဘုရားကို တပည့်တော် တစ်ခုတော့ လျှောက်စမ်းပါရစေ'

'ဘဇာတုန်း မောင်ပဥ္စင်း'

'ဒီလိုပါ။ ရွာက ဒကာ,ဒကာမတွေ အလှူရေစက် လက်နဲ့မကွာ လှူနိုင် တန်းနိုင်အောင် လာဘ်လာဘ ပေါများ တဲ့ ဂါထာလေးများ မရှိဘူးလား'

'အေး ရှိသပကိုယ်တော်။ ငါလဲ ဒီဂါထာ ရွတ်ပွားတာ (၁၀)နှစ်ကျော်ပြီ။ လှူတန်းမယ့်လူ ပေါများသကွ။ ယုံယုံ ကြည်ကြည်သာ ရွတ်ပွား အကျိုးများ သကွယ့်။ အေး…လိုချင်တပ်မက်စိတ် တစ်ခုတည်းနဲ့တော့ မရဘူးနော်။ နိဗ္ဗာန ရွတ်ဖတ်ပွားများမှ အကျိုးပေးတာ ကွယ့်'

'တပည့်တော် ရေးမှတ်ပြီး ရွတ်ပွား ပါ့မယ်၊ ပြီးတော့ ရွာက ဒကာ,ဒကာမ တွေလဲ ရွတ်ပွားနိုင်အောင် ကူးယူထား ပါ့မယ် ဘုရား'

'အေး ဒါဆို လိုက်မှတ်ကွယ့်'

---

ဗဟိအန္တဇယံ ဂါထာတော်ကြီး

---

အရဟံ ဗဟိ အန္တဇယံ သုဂတံ
အမိတံ ဝိရဇံ လလိတံ အတုလံ
စရဏံ တိဘဝုပသမံ ယမကံ
သုခဒံ သရဏံ ပဏာမာမိ ဇိနံ။

အနက်

၁။ **အရဟံ၊** ပူဇော်အထူးကို ခံ[...] ထိုက်သော။

၂။ **ဗဟိအန္တဇယံ၊** အတွင်း[...] အပြင်ရန်တို့ကို အောင်မြင်[...] မူသော။

၃။ **သုဂတံ၊** ကောင်းသောစကား[...] ဆိုတော်မူတတ်သော။

၄။ **အမိတံ၊** မနှိုင်းယှဉ်နိုင်[...] တန်ခိုးတော် ရှိတော်မူသော[...]

၅။ **ဝိရဇံ၊** ကိလေသာ ရမ္မက်[...] ကင်းတော်မူသော။

၆။ **လလိတံ၊** ရောင်ခြည်ခြော[...] သွယ်ဖြင့် တင့်တယ်စံပယ်[...] မူသော။

၇။ **အတုလံ၊** အတုမရှိတော်မူသော[...]

၈။ **စရဏံ၊** စရဏ(၁၅)ပါးနှင့် ပြည့်[...] တော်မူသော။

၉။ **တိဘဝုပသမံ၊** ဘုံသုံး[...] လောင်သော အပူမီးမှ ငြိမ်း[...] မူသော။

၁၀။ **ယမကံ၊** ရေမီးအစုံ တန်ခိုး[...] ပြာဋိဟာနှင့် ပြည့်စုံတော်မူသော[...]

၁၁။ **သုခဒံ၊** ချမ်းသာကို ပေးစွမ်း[...] သော။

၁၂။ **သရဏံ၊** ကိုးကွယ်ရာ အား[...] ရာ ဖြစ်တော်မူသော။

၁၃။ **ဇိနံ၊** မာရ်ငါးပါးကို အောင်[...] တော်မူသော မြတ်စွာဘုရား[...] **ပဏာမာမိ၊** ရှိသေမြတ်နိုး လက်[...] ကာ ရှိခိုးပါ၏ ဘုရား။

*[ဤဂါထာတော် ပါဠိအနက်[...] နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် [...] မဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာ ဆရာ[...] ဦးသန်းအောင်ရွှေ (ဓမ္မာစရိယ(မဟာ[...] မြန်မာဂုဏ်ထူး)၊ ဒီဃဘာဏ[...] ဒီဃနိကာယကောဝိဒ(နိကာယ[...] ပြန်ဆိုပေးပါသည်။]*





www.burmeseclassic.com

www.burmeseclassic.com

'ရပြီလား မောင်ပဥ္စင်း'

'ရပါပြီ ဘုရား'

'ဒီဂါထာတော်ကြီးကို တစ်နေ့ ပုတီး (၁၀၈)လုံးနဲ့ (၉)ပတ် ကိုးကြိမ် ရွတ်ပွားပူဇော်ရမယ်။ ဘယ်လောက် ထူးခြားသလဲဆိုတာ ရွတ်ပွားကြည့်မှ သိရမယ်။

ဟိုးတုန်းက ဝါးချက်မင်းကျောင်းဆရာတော်ကြီးနဲ့ ရသေ့ကြီး ဦးခန္တီတို့ မပြတ်ရွတ်ပွားတဲ့ ဂါထာတော်ကြီးကွ။

တစ်နေ့ ဒီပုဂ္ဂိုလ်ထူးကြီးနှစ်ပါး တွေ့တော့ ဝါးချက်မင်းကျောင်းဆရာတော်ကြီးက...

''မောင်ရသေ့ခန္တီ လာဘ်လာဘ အရာမှာ တယ်ထူးခြားဆိုသကိုး ငါ့ကို သက်တွေ့ပြစမ်း''

ဆိုတော့ ဦးခန္တီက ''မှန်ပါ့ဘုရား'' ဆိုပြီး ကျက်သရေခန်းတွင်း ဝင်ပြီး ဒီဂါထာကြီးကို (၄၅)မိနစ် ရွတ်ပွားရော မကြာဘူးတဲ့မောင် ရသေ့ကြီးဦးခန္တီရှိပါသလား ခင်ဗျားဆိုပြီး တောင်းကြီး (၂)လုံး ရှေ့နောက်ထမ်းပြီး လာလှူသတဲ့။ ဘာတွေလဲဆိုတော့ ရွှေငွေရတနာပစ္စည်းတွေတဲ့မောင်။ ရသေ့ကြီးကလဲ...

''ဘုန်းတော်ကြီးလဲ အထူး ဂုဏ်သတင်းကြီးနေတာ သိပါတယ်ဘုရား။ တပည့်တော်ကိုလဲ လက်တွေ့ပြစမ်းပါဘုရား''

ဆိုတော့ ဆိုခဲ့ပြီးသလိုပဲ ကျက်သရေခန်းထဲဝင် (၄၅)မိနစ်တိတိ ရွတ်ပွားတော့...

''ဝါးချက်မင်းကျောင်း ဆရာတော်ရှိပါသလားခင်ဗျာ''

ဆိုပြီး သင်္ကန်းအစုံ (၁၀၈)စုံကို တောင်းနှစ်တောင်း ရှေ့နောက်ထမ်းပြီး လာလှူပြန်ရောတဲ့။ ဘယ်ကလာလို့ ဘယ်သူလှူမှန်းမသိဘူးတဲ့ မောင်'



'အံ့ပါရောဘုရား တပည့်တော်လဲ ဒီနေ့ကစပြီး ရွတ်ပွားပါတော့မယ်။ ရွာက လူတွေလဲ ပေးပါ့မယ်ဘုရား'

'သာဓု၊ သာဓု၊ သာဓု'

တန်ခူးလပေမို့ ကျောင်းဝင်းတွင်းရှိ ပိတောက်တွေ၊ ကံ့ကော်တွေ ဖူးပွင့်နေလိုက်တာ သဲသဲလှုပ်ပေါ့။ ပင်ယံထက်က ငှက်ဥဩလေးကလဲ ''ဥဩ၊ ဥဩ၊ ဥဩ''တဲ့လားကွယ့်။

ဒီနေ့ ကိုကျော်ရင့်သားလေး ရှင်ပြုတဲ့နေ့မို့ ရွာမှ လူစုံတက်စုံ တရားနာရေစက်ချပွဲ လာနေကြပါပြီ။ သရက်ပင် (၂)ပင်ထက်က လော်စပီကာကြီးကလဲ အစွင့်သားနဲ့...

'ကဲ စားကြ အားမနာကြနဲ့ မီးခိုးတိတ် တစ်ရွာလုံး စားကြစမ်းကွယ့်။ ဒီနှစ် ပဲတွေ၊ စပါးတွေ၊ နှမ်းတွေကလဲ ထွက်မှထွက်ပဲ'

'ဟုတ်ပါ့ ကျောင်းဒကာကြီး'

'အထွက်တိုးဆို လေမိုးကလဲမှန်၊ မြေသြဇာကလဲ ကောင်းဆိုတော့ အတိုင်းထက်အလွန် တံခွန်နဲ့ ကုက္ကား ဆိုသလို မြောသံစည်သံ တညံညံနဲ့ တစ်ရွာလုံး သကာဖုံး ဆိုသလို အိမ်တိုင်း အထွက်တိုးလို့ ပျော်နေလိုက်ကြတာ ဘုန်းဘုန်းပေးတဲ့ ဂါထာများ ရွတ်လို့ကတော့...'

'သောဘိတ'

'တင်ပါ့ဘုရား'

'ခွေးမလေး မိဖြူကိုလဲ အစာမှန်မှန် ကျွေးရဲ့လား'

'တပည့်တော် ဆွမ်းကျန်ဟင်းကျန် ကျွေးပါတယ်ဘုရား'

'အေး ကုသိုလ်ရတာပေါ့။ လူရယ် တိရစ္ဆာန်ရယ် မဟုတ်ဘူး တို့ ထွက်ရပ်ပေါက် ဘိုးဘိုးအောင်ဆိုရင် ပြည်မှာ အရပ်တကာ နယ်တကာ ခွေးလေခွေးလွင့်တွေကို မိုးပြဒယ်ကြီးနဲ့ ဆန်တွေကျိုပြီး ကျွေးတာမှ ခွေးတွေ ရာထောင်ချီပြီး လာစားသတဲ့။ ဘယ်ခွေးကမှ တစ်ကောင်နဲ့ တစ်ကောင် မကိုက်ဘူး။ ရန်မပြုဘူးတဲ့ သောဘိတရဲ့'

'မှန်ပါ့ဘုရား'

ဒီနေ့တစ်နေ့လုံး သောဘိတ ပင်ပန်းလွန်းလို့ ဘုန်းကြီးကျောင်းဝင်းထဲက သိမ်တွင် ဖျာလေးခင်းပြီး ကျိန်းနေတုန်း...

'ဂျစ် ဂျစ် ဂျစ် ဂျစ်'

'ဟဲ့ ခွေးဖြူမ သွားစမ်း၊ ငါ ကျိန်းလို့ မရဘူး'

'ဂျစ်ဂျစ် ဂျစ်ဂျစ်'

'ဟာ ဒီခွေးမလေးတော့'

ဆိုပြီး ထအကြည့်...

'အလိုလေး ဘုရား၊ ဘုရား၊ ဘုရား ကယ်တော်မူပါ'

နေ့ခင်း ကြောင်တောင်ကြီးမှာ သောဘိတ မျက်လုံး ပွတ်ကြည့်တယ်။

'ဟာ ဟုတ်သေးပါဘူး။ ငါ အိပ်မက် မက်နေတာ မဟုတ်ဘူး'

ကြောက်စိတ်တော့ လုံး[illegible] ဘယ်ရှိပါ့မလဲ။ နေ့လယ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

တိတိ။ သေချာကြည့်တယ်။ ကွာလှ (၂)တောင်ပေါ့။

ဟာ... ခေါင်းက ခွေးခေါင်း၊ နားရွက်က ဝက်နားရွက်၊ ကိုယ်လုံးက လူကိုယ်လုံး၊ အသားက နီစပ်စပ် သူ့ကို သေချာ မမှိန်မသုန် ကြည့်နေတယ်။ မှန်းခြေ (၅)မိနစ်တော့ ရှိမယ်။ ဟော ပျောက်သွားပြီ။

'အရှင်ဘုရား အရှင်ဘုရား'

'ဘာလဲဟ သောဘိတ ဘာဖြစ်လာပြန်တာလဲ'

'ခုလေးတင် တပည့်တော် သိမ်ထဲ အိပ်နေတုန်း ဂျစ်ဂျစ် အသံကြားလို့ ခွေးဖြူမ မှတ်ပြီး ထကြည့်တော့...

ထကြည့်တော့ ခေါင်းက ခွေးခေါင်း နားရွက်က ဝက်နားရွက်၊ ကိုယ်က လူကိုယ်နဲ့ဘုရား။ အသားကနီစပ်စပ် လက်နှစ်ဖက်က လူ အတိုင်းပဲ ဘုရား။ အဲဒါ ဘာများလဲ ဘုရား'

'သောဘိတ မေတ္တာပို့ အမျှဝေလိုက်သေးလား'

'မပေးမိပါဘူးဘုရား၊ တပည့်တော် တွေ့တွေ့ချင်း ကြက်သေသေပြီး ကြည့်နေမိလို့ပါဘုရား။ ကြောက်တတ်တဲ့သူ သာဆို ဒီနေရာမှာ သွေးပျက်ပြီး ပုံတော် မှူနိုင်ပါတယ်ဘုရား'

'အေး...အဲဒါ ဝေမာနိကပြိတ္တာလို့ ခေါ်သကွယ့်။ မင်းဆီက အမျှအတန်း လိုချင်လို့လာပြီး ကိုယ်ထင်ပြတာပေါ့။ မိုက်ပုံ့ မောင်ပွင့်းရယ်...ကြုံတုန်းကြုံခိုက် လေး ကိုယ်ပြုခဲ့ဖူးတဲ့ အလှူအဖို့ဘာဂတို့ လိုချင်ရှာလို့ လာပြီးမှ အသနားခံတာကွယ့်။ နောက်ဆို မေတ္တာပို့ အမျှဝေကွယ့် ကြားလား'

'ကြားပါတယ်ဘုရား... တပည့်တော် ပြုပြုသမျှ ကုသိုလ်ဘာဂအဖို့ကို သုံးဆယ့်တစ်ဘုံ ကျင်လည်ကုန်သော ဝေနေယျသတ္တဝါအပေါင်း အမျှ၊ အမျှ အမျှ'

လို့လဲ ပေးလိုက်ရော ဘယ်အရပ်က မှန်းမသိတဲ့ နေရာဆီမှ...

'သာဓု၊ သာဓု၊ သာဓု'

အသံသဲ့သဲ့ကို ဘုန်းတော်ကြီး... သောဘိတပါ ကြားလိုက်ရပါ... တယ်။

'အဲဒါပဲ စာရေးဆရာ။ ကျွန်... တပည့် အောင်သန်း(လူအမည်) ... သွားတာ (၃)ဝါ၊ (၂)နှစ်တောင် ... ပေါ့'

တကယ့်ကို ယုံနိုင်ဖွယ်ရာ မရှိ... ပါပြီ။

ဒီအဖြစ်အပျက်ပြောပြတဲ့ ... ကတော့ (၆)ဘာသာ ဂုဏ်ထူးရှင်... မင်းထက်ထူးအောင်ရဲ့ မိဘနှစ်ပါး ... တဲ့ ဦးမောင်ဌေး၊ ဒေါ်တင်ဌေး ချ... ဆန်စက်အတွင်းမှာ စက်ပြင်နေ... ပြောပြချက် ဖြစ်ပါတယ်။

***စာဖတ်သူအပေါင်း ကျန်းမာ ချ... ကြပါစေ။***

**ရွှေမှော်ဗြေ မောင်ကြည်သိ...**

# ငှက်ဖျားအတွက်



## ဆေးကောင်းတစ်လက်

အမေဖျားတာ (၁၀)ရက်လောက် ရှိနေပါပြီ။ ဒါပေမယ့် အဖျားက တက်လိုက်၊ ကျလိုက်နဲ့ မပျောက်။ ဆရာဝန်ပြတော့ ငှက်ဖျားဆိုပြီး ငှက်ဖျားဆေး (၃)ရက် ဆက်ထိုးသော်လဲ ပျောက်သလို ဖြစ်ပြီးနောက် (၁)ရက်လောက်ကြာတော့ ပြန်ဖျားပြန်ပါတယ်။

ဒါကြောင့် အမေ့ငှက်ဖျားအတွက် ကျွန်မ အလွန်စိတ်ညစ်ခဲ့ရပါတယ်။ ကံကောင်းချင်တော့ တစ်မြို့တစ်ရွာက အလည်လာတဲ့ ကျွန်မဒေါ်ကြီးရဲ့ ဆေးမြီးတိုကြောင့် အမေ ငှက်ဖျား ပြတ်ခဲ့ရပါတယ်။

ဒါကြောင့် ငှက်ဖျားကို တာရှည်စွာ ခံစားနေရသူများအတွက် ဆေးကောင်းတစ်လက်ကို တင်ပြလိုက်ရပါတယ်။

ဆေးနည်းကတော့ ကြက်ဥတစ်လုံးနဲ့ ငရုတ်ကောင်းစေ့ပါပဲ။ ကြက်ဥတစ်လုံးကို ထိပ်ကနေ ငရုတ်ကောင်းစေ့တစ်စေ့ ဝင်သာရုံ အပေါက်ကလေးဖောက်ပြီး ငရုတ်ကောင်းစေ့ကို ကြက်ဥထဲ ထည့်ရပါမယ်။

အသက်နှစ်ဆယ်အောက် လူမမာဆိုရင် သက်စေ့ထည့်နိုင်ပါတယ်။ အသက် (၂၀) ကျော် (၃၀)၊ (၄၀)၊ (၅၀)ဆိုရင် ငရုတ်ကောင်းစေ့ကို (၂၀)ကနေ (၂၅)စေ့အထိ ထည့်လို့ရပါတယ်။

ကြက်ဥထဲကို ငရုတ်ကောင်းစေ့ ထည့်ပြီးပြီဆိုရင် အဲဒီကြက်ဥကို ထမင်းအိုးနှပ်တဲ့အခါ ထမင်းအိုးထဲထည့်ပြီး အကျက်အုံးရပါမယ်။

ထိုသို့ အကျက်အုံးပြီးသား ကြ... ကို တစ်နေ့တစ်လုံး စားရပါ... ကြက်ဥ (၁)လုံးနဲ့ သက်သာရင် (... နဲ့ ရပ်ထားနိုင်ပါတယ်။ (၁)... မသက်သာရင် (၃)၊ (၄)လုံး စာ... တယ်။ ငွေကြေး သက်သာပြီး ... သက်သာ ပျောက်ကင်းစေတဲ့... နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ... လိုက်ရပါတယ်။

**နိုင်ဇာဝင်း (သ...ယာဝတီ)**



www.burmeseclassic.com

www.burmeseclassic.com

တည်မြဲရေးအတွက်

# ကွမ်းပန်းပူဇော်မှု

အစီအစဉ်

ထက်မြင့်ကျော်စွာ


လောကီမျက်နှာစာတွင် ကြုံရဖွယ် ရှိသော လုပ်ငန်း၊ ရာထူးဌာနန္တရ၊ နေအိမ်ဂေဟာ၊ အိမ်ထောင်၊ မိသားစု၊ စည်းစိမ်ဥစ္စာ စသည်တို့ မရွေ့မလျော့ တည်မြဲစေရန်အတွက် ကွမ်းပန်းကို ဘုရားကပ်လှူလေ့ ရှိကြသည်။

ကွမ်းမှာ မြန်မာ မင်းခမ်းမင်းနား တော်များတွင် အလေးအမြတ်ပြု ထည့်သွင်းရသော စားဖွယ်၊ ပူဇော် ဖွယ်ပစ္စည်းတစ်ခု ဖြစ်သည်။ လက် အောက်အမှုထမ်းများ တာဝန်ကျေပွန် အကျိုးဆောင်နိုင်သောအခါ ဂုဏ်ပြုရာ တွင် ကွမ်းခွက် ဆုချခြင်း၊ ကွမ်းသီး ပိသာရေ မည်မျှချီးမြှင့်ခြင်း စသည် ပြုလုပ်လေ့ ရှိကြသည်။ အနန္တငါးဖြာ ပူဇော်ဂါရဝပြုရာတွင် ကန်တော့ပွဲ၌ ကွမ်းကို အဓိကထား၍ ထည့်သွင်းကြ သည်။

ရှေးခေတ် လုံမပျိုတို့ ပွဲနေပွဲထိုင် သွားသောအခါ ခံတွင်းအနံ့ဆိုးများ ပျောက်စေရန်နှင့် နှုတ်ခမ်း နီတျာတျာ ဖြစ်စေရန် ကွမ်းယာ မြုံ့တတ်ကြသည်။ ယင်းကို ရှေးစာဆိုတို့က '**ကွမ်းပန်း တလှိုင်လှိုင်**'ဟု တင်စားဖွဲ့နွဲ့ကြသည်။

ထို့ကြောင့် တည်မြဲရေးတွင် တော် သုံးဖြစ်သော ကွမ်းကို အခြေခံကာ 'ဂဗ္ဘေ'ပထဝီဓာတ်မိတ်ဆောင် (ကွမ်း သီးအဖူးအပွင့်) ကွမ်းပန်းကို ကပ်လှူ ခြင်း ဖြစ်သည်။ ပထဝီဓာတ်မိတ်ကား တည်မြဲခိုင်ခံ့ခြင်းကို ပေးစွမ်းနိုင်လေ သည်။

ကွမ်းသီးပင်မှ ရင့်ပြီးသော ကွမ်းဖူး ကို အပြင်ခွံခွဲ၍ အတွင်းမှ ကွမ်းပန်းခိုင် ကို ကပ်လှူကြသည်။ အချိန်ကား တနင်္လာပိုင်သော တနင်္လာချိန်ဖြစ် သည်။ ဥပမာ တနင်္လာနေ့တွင် ကပ်လှူ လိုပါက နံနက် (၆း၀၀)နာရီမှ (၇း၃၀) နာရီ အတွင်းနှင့် ညနေ (၄း၃၀)နာရီမှ ညနေ (၆း၀၀)နာရီအတွင်းကာလ သည် တနင်္လာ ပိုင်သဖြင့် ထိုကာလကို ရွေးရသည်။



ပူဇော်စ ကွမ်းပန်း

ခုနစ်ရက်သောနေ့များအတွင်း [illegible] တို့၏ ပိုင်ဆိုင်ချိန်ကို သိထိုက် [illegible]

* * *

www.burmeseclassic.com

| | | | | | | | |
|---|---|---|---|---|---|---|---|
| **အင်း** | **သား** | **ရေ** | **ငုပ်** | **ထန်း** | **မှုတ်** | **ဆီ** | **အန်** ဟု အလွယ်မှတ်နိုင်သည်။ |
| ၁ | ၆ | ၄ | ၂ | ၀ | ၅ | ၃ | ၁ |

နံနက် (၆)နာရီမှ ည (၆)နာရီအထိ တစ်နေ့တာ ကာလကို အချိန် (၈)ချိန် ခွဲခြားလျက် အစနှင့်အဆုံး နှစ်ချိန်ကို နေ့အရှင်က ပိုင်ဆိုင်၏။ ကျန် (၆)ချိန် ကို ကျန်ဂြိုဟ် (၆)လုံးက ပိုင်ဆိုင်ကြ လေသည်။ အထက်ပါ လက်ာမှာ တနင်္ဂနွေနေ့အတွက် ဖြစ်သည်။

တနင်္ဂနွေနေ့

* * *

တနင်္လာနေ့ဖြစ်လျှင် တစ်နာရီခွဲစီ ကို...

**ငုပ်၊ ထန်း၊ မှုတ်၊ ဆီ၊ အန်(အင်း)၊ သား၊ ရေ၊ ငုပ်။**

၂ လာ၊ ၀, နေ၊ ၅ တေး၊ ၃ ဂါ၊ ၁ နွေ၊ ၆ ကြာ၊ ၄ ဟူး၊ ၂ လာ ဟူ၍ တနင်္လာဂြိုဟ်အတွက် အစနှင့် အဆုံး ထား၍ အစဉ်အတိုင်း မှတ်ရလေသည်။

ကွမ်းပန်းကပ်လှူချိန်သည် တနင်္လာ ဂြိုဟ် ပိုင်ဆိုင်သော အချိန်ဖြစ်သော် ငြား တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ နေ့များ ... တနင်္လာ ... ကြာသပတေး ...

| | | | | | | | |
|---|---|---|---|---|---|---|---|
| နံနက် | ၆း၀၀ နာရီ မှ | ၇း၃၀ နာရီအထိ | **(အင်း)** | တနင်္ဂနွေဂြိုဟ် | | | |
| | ၇း၃၀ နာရီ မှ | ၉း၀၀ နာရီအထိ | **(သား)** | သောကြာဂြိုဟ် | | | |
| | ၉း၀၀ နာရီ မှ | ၁၀း၃၀ နာရီအထိ | **( ရေ )** | ဗုဒ္ဓဟူးဂြိုဟ် | | | |
| | ၁၀း၃၀ နာရီ မှ | ၁၂း၀၀ နာရီအထိ | **( ငုပ် )** | တနင်္လာဂြိုဟ် | | | |
| မွန်းလွဲ | ၁၂း၀၀ နာရီ မှ | ၁း၃၀ နာရီအထိ | **(ထန်း)** | စနေဂြိုဟ် | | | |
| | ၁း၃၀ နာရီ မှ | ၃း၀၀ နာရီအထိ | **(မှုတ်)** | ကြာသပတေးဂြိုဟ် | | | |
| | ၃း၀၀ နာရီ မှ | ၄း၃၀ နာရီအထိ | **( ဆီ )** | အင်္ဂါဂြိုဟ် | | | |
| | ၄း၃၀ နာရီ မှ | ၆း၀၀ နာရီအထိ | **(အန်)** | တနင်္ဂနွေဂြိုဟ် | | | |

ဂြိုဟ် ပိုင်ဆိုင်သော အချိန်ဖြစ်သော် ငြား တန်ခူးလ၊ ဝါဆိုလ၊ သီတင်းကျွတ် လ၊ ပြာသိုလ ဤလေးလတွင် လုံး၀ ပြုလုပ်(ကပ်လှူ)ခြင်း မပြုရပေ။

တနင်္ဂနွေဂြိုဟ်နေမင်း မိဿရာသီ ကရကဋ်ရာသီ၊ တူရာသီ၊ မကာရ ရာသီတို့သို့ ရောက်ချိန်လများဖြစ်ကာ ထိုရာသီများသည် စရ,ရာသီ လှုပ်ရှား ပြောင်းလဲသော သဘောရှိ၍ တည်မြဲ စေမှုအတွက် အနှောင့်အယှက်ဖြစ်စေ သောကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် လိုရာမျက်နှာစာမှ တည်တံ့ခိုင်မြဲရေးအတွက် ထိုလေးလ ကို ရှောင်ကာ တနင်္လာဂြိုဟ် ပိုင်ဆိုင် သော အချိန်များ၌ ရွေးချယ်၍ ကွမ်း ပန်းကို ကပ်လှူ ဆုတောင်းနိုင်ကြလေ သည်။

**ထက်မင်းကျော်စွာ**

# သူငယ် အပြင်းဖျားလျှင်

ညွှန့်ငါးညွှန့် သုံးပါ

ကလေးငယ်များ ကိုယ်အပူရှိန် မြင့် မားကာ အပြင်းဖျားနေလျှင်...

စံပယ်ညွှန့်
မဲဒီးဒုတ်ညွှန့်
ကြက်ဟင်းခါးညွှန့်
ပြည်ပန်းညိုညွှန့်
မာလကာညွှန့်

အညွှန့် ငါးမျိုး ဆတူယူ၍ ထုထောင်းကာ သတ္တုရည် ယူပါ။ နှမ်းဆီ အနည်းငယ်ရောလျက် ဖျားသော ကလေး တစ်ကိုယ်လုံး လူးပေးပြီးလျှင်စောင်ပါးပါးခြုံထားပေးရသည်။

ငန်းဆေး တစ်မျိုးမျိုးရလျှင်လည်း တိုက်ပေးပါ။ အချိန် အနည်းငယ်အတွင်း ကိုယ်အပူရှိန်ကျဆင်းကာ လန်းဆန်း လာမည်ဟု စိုင်းဆာထွန်းက ပြောပြသည်။



စိုင်းဆာထွန်း (နမ့်လန်မြို့)

**နမ့်လန်မြို့ ရှမ်းတိုင်းရင်းသား တိုင်းရင်းသမားတော်ကြီး ဦးပန်းဖေ၏ လက်သုံးဆေးနည်းဖြစ်သည်ဆို၏။**

**ဆေးသုတေသီ**

www.burmeseclassic.com

ကျိုက်ထိုမြို့နယ်၊ ကင်ပွန်းချောင်းကျေးရွာအနီးရှိ တပသီတောင်ဒေသ။ ဝါဆိုဦး မိုးသောက်ယံကာလ။

'ကလေး ကွမ်းတစ်ယာလောက် ရနိုင်မလား'

'နေဦးနော်၊ ကျောင်းပေါ်မှာ ရှာကြည့်မယ်'

'ကွမ်းရွက်က ဆီးရွက်လောက်ပဲ ရှိတယ်'

'ရပါတယ်။ ငယ်ပေမယ့် ချွဲသလိပ် ကြေနိုင်ပါတယ်'

'မနေ့က ပြောသားပဲ လုံလောက်အောင် ယူလာပါလို့'

'မထင်ဘဲ ကုန်သွားလို့ပါ။ ကွမ်းသီးမရှိလဲ နတ်သမီးကွမ်းသီး (မင်းဘောသီး)နဲ့ ပိန္နဲခေါက်တွဲပြီး စခန်းသွားရတာပေါ့'

ထိုစဉ် တပသီတောင် ဦးပဥ္စင်းကြီးက…

'ဆရာတော်ကြီးရှိစဉ်က ဒီတောင်ပေါ်မှာ မင်းဘောပင်တွေ၊ သားကောင်တွေ ပေါလှပေါ့။ အခုတော့လဲ ချောက်ကမ်းပါးယံလောက်သာ ရှားရှားပါးပါး တွေ့နိုင်တော့တယ်'

ဟု မိန့်ကြားသည်။

'သားကောင်တွေကော ရောက်သေးသလား ဘုရား'

'အေးကွယ့်။ တစ်နေ့လောက်က ညနေငါးနာရီလောက်ရှိမယ်။ ကလေးတစ်သိုက် အော်သံ ဆူဆူညံညံကြားရလို့ ကြည့်လိုက်တော့ တောဝက်တစ်အုပ် တဝေါဝေါနဲ့ ဆင်းလာပြီး ကျောင်းရှေ့က ဖြတ်ပြေးသွားတယ်။ လာကြ၊ လာကြဟေ့၊ ဘုန်းကြီးကျောင်း ရောက်ပြီလို့ ပီပီသသ အော်သံကြားရပေမယ့် လူတော့ မတွေ့ရဘူး'



တောတောင်တွင်းမှ ထူးဆန်းသည့်

စောသိင်္ဂလ

# သားထိန်းမုဆိုးကြီးများ

ထိုအခါ အနီးတွင် ထိုင်နေသည့် ကင်ပွန်းချောင်းကျေးရွာမှ ဦးရွှေဝိုက…

'အဲဒါ "**ထိုကယ်ဆော့**"လို့ ခေါ်တယ်။ "**သားကောင်ထိန်း**"လို့ အဓိပ္ပာယ်ရတယ်။ သူ့ကိုမြင်ရင် မုဆိုးတွေက သားကောင်ကို မလိုက်တော့ဘူး။ လိုက်ရင်လဲ မျက်စိလည်လမ်းမှားပြီး အချိန်ကုန် လူပန်းရုံရှိမယ်။ သားကောင်တစ်ကောင်မှ ရမှာမဟုတ်ဘူး'

ဟု ပြောပြသည်။ သူ၏ သမက်ဖြစ်သူမှာ တောကောင်များ ရှာဖွေရသည့် မုဆိုးတစ်ဦး ဖြစ်လာသည်။

ဤတွင် မြိုင်ကလေးဆရာတော်က ရေနွေးကြမ်း ဘုဉ်းပေးနေရာမှ အကြောင်းခွက်ကိုအသာချ၍…

www.burmeseclassic.com

'ဒီ အထိန်းပုဂ္ဂိုလ်ကို "လူး"လို့ခေါ်ကြတယ်။ တောကောင်အုပ်ကိုတွေ့ရင် လူးတွေ ပါမပါ အရင်ကြည့်ရတယ်။ မျက်ကွယ်တစ်နေရာမှာ အသာကလေး ချောင်းကြည့်နေရင် သားကောင်အုပ်နောက် လူပုကလေးတစ်ယောက်ကို တွေ့ရတတ်တယ်။ အရပ်က ဝက်တစ်ကောင်ရဲ့ ကျောကုန်းထက်မပိုဘူး။ ခါးမောက်ဆောင်းထားတော့ ထိပ်ဖျားဟာ ဝက်မြီးညောင်ရိုးနဲ့ တစ်ညီတည်း တွေ့ရမယ်။

မြေပျော့ရင် သူ့ခြေရာ သေးသေးလေးတွေကိုလဲ မြင်နိုင်တယ်။ ကလေးခြေရာကလေးတွေပေါ့။ အရပ်ပုပေမယ့် သူသွားရာ လမ်းတစ်လျှောက် ဆော့ကစားရေးခြစ်သွားတဲ့ ရွှံ့ဗွက်ခြစ်ရာတွေက ဆင်နှာမောင်း တစ်မော့စာလောက် မြင့်တယ်ဗျာ'

**'မှတ်တယ်၊ တောထဲသွားလို့ သားကောင်မရခဲ့ရင် အရက်တစ်ခွက်နဲ့ "ထိုကယ်ဆာ့"ကို ပသပြီး သားကောင်တစ်ကောင် ထားပေးပါလို့ တောင်းရတယ်၊ ခွက်ထဲကအရက်တွေ အလို အလျောက်ကုန်သွားရင် အဲဒီနေ့အဖို့ သားကောင်အတွက်ပူစရာမလိုတော့ဘူး'**

'အရက်အပြင် တခြား ဘာတွေ ပူဇော်ရသေးသလဲ'

'စားသောက်တဲ့အထဲက **စားစရာ အစုံတင်နိုင်တယ်။** သီးခြား သတ်မှတ်ချက် မရှိပါဘူး'

'ဘယ်လိုပုံစံမျိုး ပေးတာလဲ ဘကြီး'

'သာမန် ပစ်ခတ်လို့ရတဲ့အတိုင်းပါပဲ။ ထူးခြားတာက တစ်နေ့လုံး ခြေကုန်အောင် တောလည်ပေမယ့် သားကောင် အရိပ်အယောင် တစ်ကောင်တစ်မြီးမှ မတွေ့ရဘူး။ ရုတ်တရက် ပစ်ကွင်းကောင်းတဲ့ နေရာမှာ သားကောင်ကို တွေ့ရတတ်တယ်။ နောက်ဆုံး ကိုယ်တိုင် ပစ်ခတ်တိုက်ခိုက်စရာမလိုဘဲ သစ်ပင်ကြီးနဲ့ တိုက်မိလို့ လဲသွားတာမျိုး၊ ချောက်၊ ကန်သင်း တစ်ခုခုကြောင့် သူ့ဘာသာ လဲကျသွားတာမျိုးကြုံပြီး သားကောင်ရလေ့ရှိပါတယ်'

'သားကောင်တွေထဲက ဘာသတ္တဝါတွေကို စောင့်ရှောက်ပါသလဲ'

'ဝက်အုပ်၊ အကောင်တစ်ရာကျော်ပါတဲ့ တောကြက်တွေ ချေ၊ သမင်၊ ဆိုင်၊ ဆတ်စတာ တွေရဲ့နောက်မှာ လူးတွေပါလာတယ်။ ဆင်၊ ကျား၊ ခြင်္သေ့၊ တောခွေးတွေမှာ လူးတွေကို မတွေ့ရဘူးလို့ သိရတယ်'

'သားကောင်တစ်အုပ်မှာ လူးတစ်ကောင်ပဲပါလား အဘ'

'သားကောင်များရင် များသလို လူးတွေ လေးငါးကောင်ပါတာလဲရှိတယ်'

'လူစကား နားလည်မလား မသိဘူးနော်'

'သူတို့ အော်ဟစ်တဲ့ အသံတွေက မြန်မာ၊ ကရင် ဝေါဟာရတွေပါ။ လူတွေက ပေါ်ပေါ်ထင်ထင်တွေ့လိုက်ရင် ပျောက်သွားတတ်တယ်။ သားကောင်လိုချင်လို့ အရက်နဲ့ ပသတဲ့အခါ မြန်မာ၊ ကရင် စတဲ့ ဘာသာစကားတစ်ခုခုနဲ့ တောင်းလေ့ရှိသလို ရလဲရတတ်တယ်။ ဘယ်ဘာသာစကားမဆို နားလည်မယ် ထင်ပါတယ်'

သားထိန်း၊ သားကျောင်း လူးများအကြောင်း ဘာသာရေးရှုထောင့်မှ သိလိုသဖြင့် မြိုင်ကလေးဆရာတော်ကို မေးလျှောက်ကြည့်ရာ...

'မြတ်စွာဘုရားရဲ့ တရားတော်တွေအရ ဒီသတ္တဝါတွေဟာ အမနုဿ၊ ဝေမာနိကပြိတ္တာတွေပါ။ အနိမ့်ဆုံးအဆင့်တော့ မဟုတ်ဘူး။ စကားပြောနိုင်တယ်။ ကျောင်းကန်ဘုရားမှန်း သိတယ်။ ကမ္ဘာဗိဒ္ဒါ ရှိကြတယ်' ဟု မိန့်ကြားသည်။

"လူး"သည် မြန်မာဝေါဟာရ မဟုတ်ပါ။ မွန် ကရင်ဘာသာ **"အလု"၊ တစ္ဆေသရဲ**ဟု ခေါ်ဆိုခြင်းဖြစ်သည်။ "အလု"ဟု သံပြတ်ဖြင့် အဆုံးသတ်ရသည်ကို "လူး"ဟု လွယ်ကူစွာ ပြောဆိုကြသည်။ ကရင်ဘာသာဖြင့် "**ထိုကယ်ဆာ့**"ဟု ခေါ်ကြရာ"**ကယ်ဆာ့**"သည်**အရှင်သခင် ပိုင်ရှင်**ကို ဆိုလိုသည်။ ဝက်ပိုင်ရှင် သားကောင်ပိုင်ရှင်ဟု ခေါ်ခြင်းဖြစ်ပေသည်။

သူတို့သည် လူတို့ပြောဆိုသော အသံများကို တုပပြောဆိုနိုင်ကြသည်။ တောတွင်းနက်ရာ ဒေသများတွင် တစ်ဦးနှင့်တစ်ဦး အမည်နာမများကို အော်ဟစ်ခေါ်ဝေါ်ပါလျှင် သူတို့က လည်း တုပပြောဆိုလေ့ ရှိကြသည်။

ကလေးသံ၊ မိန်းမသံ၊ အဘိုးကြီးသံ စသည်ဖြင့် အမျိုးမျိုးလုပ်နိုင်ကြသည်ကို ရေးမြို့ အရှေ့ဘက် မိုင်သုံးဆယ်ခန့်အကွာရှိ**ဆေးတောင် (မွန်ဘာသာဖြင့် ဒေအလုက်၊ တစ္ဆေတောင်)** ထက်တွင် တွေ့ကြုံနိုင်ပေသည်။ သူတို့အား ပသပူဇော်လိုက်သည့် အရက်၊ စားဖွယ်ရာများကို စွန့်၍ စားသုံးကြည့်ပါက ဆား ပျား အရသာ ကင်းမဲ့သွားသည်ကို တွေ့ကြရသည်။

သူတို့အား မလိုတမာ ပြောဆို အပုပ်ချခြင်း၊ မထီမဲ့မြင်ပြုခြင်းများ ရှိပါက သားကောင်အုပ်လိုက် ဝင်ရောက် ဖျက်ဆီးစေသဖြင့် ယာခင်းလုံးကျွတ် သီးနှံပျက်များကို တွေ့ကြရလေ့ရှိသည်ဟု တောင်ယာဦးကြီးများက ပြောပြကြသည်။

ပူဇော်ပသရန် မဟုတ်ပါ။ အနှောင့်အယှက်မပေးရန် ဖြစ်သည်။ သားကောင်လိုလားသူ မုဆိုးများသာလျှင် ပူဇော်လေ့ရှိသည်။ သင်းကွဲသားကောင်ကိုသာလျှင် ပစ်ခတ်ကြသည်ဟု သိရပေသည်။

**စောသိင်းလ**



www.burmeseclassic.com

www.burmeseclassic.com

**၁၃၄၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၄)ရက်နေ့ညသည် စစ်ကိုင်းတောင်ရိုးတစ်ခွင်လုံး အသက်ဝင်လှုပ်ရှားဆုံးသောည ဖြစ်ပါသည်။**

**မန္တလေးမြို့ လူထုသည် (၁၄)ရက်နေ့နက်ဖြန်စောစောထ၍ စစ်ကိုင်းတောင်ရိုးတစ်ခွင်ရှိ ကျောင်းတိုင်းကို နှစ်စဉ်သွားရောက်၍ ကထိန်ခင်းတတ်ကြသည်။**

ယခုနှစ်မှာတော့ ကျွန်တော်သည် စစ်ကိုင်းကထိန်သို့ ခါတိုင်းနှစ်များကကဲ့သို့ ကားဖြင့် မသွားရဘဲ ရေလမ်းခရီးမှ သွားခဲ့ရပါသည်။

မန္တလေး ဝါးတန်းရပ်မှ ဦးအေးမောင်ရေချို၊ ဒေါ်လှမေတို့ မိသားစု ကထိန်ခင်းမည့် စစ်ကိုင်းတောင်ရိုး မြို့ကြီးကျောင်းသို့ မင်းကွန်း လူအိုရုံအသင်းမှ အမှုဆောင်တစ်ဦးဖြစ်သော ဦးကိုကိုကြီးက ကျွန်တော့်အား စင်းလုံးငှားလှေရတုမော်တော်ကြီးဖြင့် လိုက်ပါရန် ဖိတ်ခေါ်သောကြောင့် ဖြစ်ပါသည်။

စစ်ကိုင်းရောက်သော် လူကြီးပိုင်းက လှူရေးတန်းရေးကို အာရုံပြုကြသလောက် လူငယ်တွေမှာ ပျော်ရေးပါးရေးကိုသာ အားထုတ် လှုံ့လပြုကြတော့သည်။ တစ်ချောင့် တစ်ချောင်၌ စားကြသောက်ကြနှင့် ညဦးခံကြရာ စစ်ကိုင်းတောင်ရိုးတစ်ခွင်လုံးရှိကျောင်းတန်းများတစ်လျှောက် လူတန်းအုပ်ကြီးဖြင့် အထူး စည်ကားလှသည်။

ညပိုင်း ညဥ့်နက်လာသော လူငယ်များက မိမိတို့ ဝါသနာပါရာပါရာ ဝိုင်းဖွဲ့ကြတော့သည်။ ကျွန်တော်တို့ မြို့ကြီးကျောင်းစားဇရပ်ပေါ်တွင် ဖယောင်းတိုင်များထွန်း၍ ဖဲဝိုင်းများ အလျှိုအလျှိုပေါ်လာတော့သည်။ ကျွန်တော်ကဖဲဝါသနာပါသူ မဟုတ်။ ဝိုင်းဘေးဖယောင်းပေယောင်းပေဖြင့် ရပ်ကာကြည့်နေမိသည်။

ညဥ့်နက်လာသည်နှင့် ဖဲဝိုင်းများ



# ဖဲမျှော်ဝိဇ္ဇာ မောင်တာတီး

စိုးရင်နိုင်

တွင် ငွေစက္ကူများ ပလူပျံလျက် ရှိပြီ။ ကျွန်တော့်သူငယ်ချင်းများ၏ ဝိုင်းတွင် လူစိမ်းတစ်ဦးက (၂၁)ပေါက် ဝိုင်းဒိုင်းလုပ်လျက်ရှိသည်။ လူစိမ်းက ဖဲကိုင်လည်း ကောင်းလှသည်။ ကုလားဖန်ထိုးပုံ၊ ဖဲဝေပုံတို့မှာ ပိရိသပ်ရပ်လှသည်။ ထိုလူစိမ်း၏ နောက်တွင် ကျွန်တော့်ကဲ့သို့ ရပ်ကြည့်နေသူမှာ **မြို့ကြီးကျောင်းမှ ဆွမ်းချက် ဝေယျာဝစ္စပြုလုပ်သူ အဘိုးအိုတစ်ဦး။**

လူစိမ်းက ဖဲကို တစ်ချပ်ချင်း ဝေလိုက်၊ ပိုသောဖဲများကို အထုပ်ပေါ်တင်လိုက်ကာ သူ့ဖဲချပ်ကို ရုတ်တရက်ကောက်ကြည့်လိုက်သည်။ ပြီး ပြန်မှောက်ချထားလိုက်၏။ တစ်ဝိုင်းလုံးကို မျက်စိတစ်ချက် ဝှေ့ကြည့်လိုက်ရင်းလက်ရင်းအိမ်မှုစ၍ ဖဲယူဦးမည်လားဟူသော သဘောဖြင့် လက်များအထိ မေးငေါ့ပြ၍ မေးသည်။

ကျွန်တော့်သူငယ်ချင်း ကို...





www.burmeseclassic.com

www.burmeseclassic.com

ဖဲတစ်ချပ် တက်ဆွဲရင်း ပွတ်ကြည့်သည်။ နောက်ထပ် တစ်ချပ် ဆွဲပြန်သည်။ သူက ''တော်ပြီ''ဟု ခေါင်းညိတ်ပြရင်း ဖဲလေးချပ်ကို မှောက်ချထားလိုက်သည်။ လူစိမ်းက...

'ခင်ဗျား ဖဲလှန်လိုက်ပါတော့'

ဟု ဆို၍ ကိုစိန်ဝင်း ဖဲလေးချပ် လှန်လိုက်သည်။ (၁၀)ဖဲ၊ (၂)ဖဲ၊ (၄)ဖဲ၊ (၈)ဖဲ ဖဲက သေနေပြီ။ ဖဲလမ်း မစေ့၍ တက်ဆွဲရာ(၄)ဖဲ တက်လာပုံရ၏။ အားမရသဖြင့် ဆက်ဆွဲရာ (၂၄)ဖြင့် သေပွဲဝင်ခဲ့ပြီ။

ကျန်လူများက (၂)ချပ်စီဖြင့် မှောက်ထားကြသည်။ လူစိမ်းက ဦးကိုကိုကြီး ဖဲကို လှန်လိုက်ရာ(၁၇)ပွင့် စားလိုက်သည်။ နောက်ဖဲများကို မဖမ်းသေးဘဲ စဉ်းစားနေ၏။ ကျွန်တော့်မှာ ဘေးက ကြည့်ရင်း ရင်ဖိုနေ၏။ (၁၇)ပွင့်ကို အလွယ်စားသွားသဖြင့် သူ့ဖဲမှာ အနည်းဆုံး (၁၈)၊ (၁၉)ဖြစ်ဖို့ များသည်။

ကျန်နှစ်အိမ်ကို မဖမ်းသေးဘဲ ချင့်ချိန်နေခြင်းမှာ သူနှင့်အတူ (၁၈)၊ (၁၉)ဖြစ်စေ၊ သူ့ထက်သာသော (၂၀) ပွင့်ဖြစ်စေ ဖြစ်နိုင်ခြေ ရှိသောကြောင့် စဉ်းစားနေခြင်း ဖြစ်သည်။ ကျန်နှစ်အိမ်မှာလည်း (၂)ချပ်တည်းနှင့် မှောက်၍ ထားရဲခြင်းမှာ ဖဲလမ်းစေ့၍သာဖြစ်ကြောင်း အထူး စဉ်းစားနေစရာမလို။

လူစိမ်းက တွေဝေစဉ်းစားနေရာမှ ဝိုင်းလယ်က ငွေပုံကြီးကို တစ်ချက်ကြည့်၍ ရုတ်တရက် ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် ဖဲထုပ်အောက်မှ ဖဲတစ်ချပ်ကို ပွတ်ဆွဲယူလိုက်ရင်း...

'ကဲ...မိတ်ဆွေတို့၊ ဖဲတွေကို လှန်လိုက်ကြတော့'

ဟု ဆိုလိုက်သည်။

ကိုစိန်မင်းက ဖဲကို လှန်လိုက်ရာ ဂျက်နှင့်ကွင်း(၂၀)ပွင့်၊ ကိုကျော်ကကင်းနှင့် (၉)(၁၉)ပွင့်၊ လူစိမ်းက သူ့



ဖဲသုံးချပ်ကို လက်မှာအုပ်ကိုင်ရင်း နှာခေါင်းနှင့် ရှူးခနဲ တစ်ချက်နမ်း၍ နောက်ဆုံးတက်ဖဲကို ဖိမ်နှင့် ပွတ်ကြည့်လျက် ရှိသည်။ ကပ္ပိယအဘိုးအိုက လူစိမ်းနောက်မှ ထိုင်ကြည့်နေ၏။

'ဟယ် သောက်ကျိုးနဲ သုံးတက်လာတော့ ဝိုင်းကျွတ်ပြီပေါ့။ ကောင်းလိုက်တဲ့ဖဲနှယ်၊ ဖဲမျော်များ အောင်ထားရော့လားကွာ'

ကိုလူစိမ်းနောက်မှ ထိုင်ကြည့်နေသော ကပ္ပိယအဘိုးအိုက အသံသြကြီးနှင့် အော်လိုက်သည်။ ဖဲသုံးချပ်ကို လူစိမ်းက ဝိုင်းလယ်သို့ ပစ်ချပြပြီး ပိုက်ဆံများကို ကျုံးယူကာ သိမ်းတော့သည်။

ကျွန်တော်တို့အားလုံး သူ့ဖဲကို ကြည့်လိုက်ရာ **(၈)ဖဲ၊ (၁၀)ဖဲ၊ (၃)ဖဲ။** အလားလား ကောင်းလိုက်သည့်ဖဲနှယ်၊ ပြောလည်း ပြောလောက်စရာ။ လူစိမ်းသည်(၁၈)ပွင့်ပဲ ရှိရာ မှောက်ထားသော ဖဲများကို မနိုင်နိုင်သည့်အတူ အရဲစွန့်၍ တက်ဆွဲရာ (၃)ဖဲတက်လာသဖြင့် (၂၁)ပေါက်ဖြင့် ဝိုင်းမှာ ကျွတ်သွားရခြင်း ဖြစ်ပါ၏။

လူစိမ်းက ငွေစက္ကူများကို ထပ်၍ပင် မနေတော့ဘဲ သူ့တက်ထရှပ်အင်္ကျီကို ကြယ်သီးဟ၍ အင်္ကျီနှင့် ရင်ဘတ်အကြား ထိုးထည့်နေသည်။ ငွေမှာ အတော်များပုံရ၏။ အနည်းဆုံး လေး၊ ငါးထောင်မက ရှိပုံရသည်။ ထိုခေတ် ထိုအခါက ငွေလေး၊ငါးထောင်သည် အလွန် အဖိုးတန်လှသည်။

လူစိမ်းက ဖဲဝိုင်းမှ ထရပ်ရင်း အစိတ်တန် တိုးနရားတစ်ကောင်ကို သူ့နောက်က ထိုင်ကြည့်နေသော ကပ္ပိယအဘိုးအိုကို ပေးရင်း...

'ရော့ အဘဖို့ ကွမ်းဖိုး အဘ လာထိုင်ကြ... ပေးလို့ ကျွန်တော်နိုင်တာ၊ အဘနဲ့ ကျွန်... ကံစပ်တယ် ဟဲ...ဟဲ...ဟဲ...'

လူစိမ်းက ကျွန်တော်တို့ အားလုံး... နှုတ်ဆက်ရင်း ဇရပ်ပေါ်မှ ဆင်းသွား... သည်။ ကျွန်တော့်သူငယ်ချင်းများ... တော့ ဖဲရှုံးသူတို့ ဓမ္မတာအတိုင်း ဇရ... ထောင့်ကွေးလေးတွင် လက်မောင်း... ခေါင်းအုံး၍ ခွေခွေကလေး အိပ်... တော့သည်။

ကျွန်တော့်မှာ အိပ်ချင်စိတ်မျ... ပျောက်၍ ဇရပ်ပေါ်က ဆင်းသွားသော... ဖဲသမားလူစိမ်းနှင့် ကပ္ပိယအဘိုး... တို့ကို ဇရပ်လှေကားရင်းမှ ရပ်... ကြည့်နေမိသည်။ လူစိမ်းက မြေ... အုတ်လှေကားကြီးမှ ဆင်းသွားသ... ကပ္ပိယအဘိုးအိုကမူ ဆွမ်းချက်ဆော... ဘေး မန်ကျည်းပင်ကြီးအောက် ... ပျစ်ကြီးပေါ်တွင် သွားထိုင်နေသည်... တွေ့ရသည်။

ကျွန်တော်က **ကပ္ပိယအဘိုး... ပြောသွားသော စကားတစ်ခွန်း... အလွန် စိတ်ဝင်စားလျက်ရှိသ...**

ထို့ကြောင့် အိပ်မရသည့်အ... ကပ္ပိယအဘိုးအိုရှိရာ ကွပ်ပျစ်သို့ ... ရန် ဆွမ်းစားဇရပ်ပေါ်မှ ဆင်း... သည်။ လက်မှနာရီကို ကြည့်လိုက်... (၁)နာရီထိုးရန် (၃)မိနစ်။ ကောင်း... ပြင်၌ ဖိုးရွှေလမင်းက ရွှန်း... တောက်ပနေ၏။

ကပ္ပိယအဘိုးအိုက ကျွန်တော်... မှတ်မိကြောင်း လက္ခဏာပြ၍ ... ဖိတ်ခေါ်သည်။ ထို့နောက် ရေနွေး... တစ်ခွက် ငှဲ့ပေးရာ ကျွန်တော်က ... လိပ်ဝင် ဒူးယားတစ်ဘူး ချတည်...





www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။

'အဘ မအိပ်သေးဘူးလား'

အဘိုးအိုက စီးကရက်တစ်လိပ် ယူ သောက်ရင်း...

'မအိပ်တော့ပါဘူးကွယ်၊ မကြာခင် အရုဏ်ဆွမ်း ချက်ရတော့မှာ'

ဟု ပြန်ပြောသည်။

ကျွန်တော်က ရေနွေးတစ်ခွက် ငှဲ့ သောက်ရင်း...

'အဘကို တစ်ခုမေးပါရစေ။ အဘစောစောက ပြောလိုက်တဲ့ ဖဲမှော်ဆိုတာ ကျွန်တော် သိချင်လို့ပါ။ ဖဲမှော်ဆိုတာ တကယ်ရှိသလား အဘ'

ကပ္ပိယအဘိုးအိုက အတန်ကြာ ငိုင်နေပြီးမှ...

'အေးကွာ ပြောရင် ယုံပုံမလား လူကလေးရာ။ လောကကြီးဟာ ဆန်းကြယ်တယ်။ မယုံချင်စရာပါပဲကွာ။ ဖဲမှော်ဆိုတာ တကယ်ရှိတယ်။ လူ(၁၀၀)မှာ (၁)ယောက် အောင်ခဲ့တယ်။ အဘက ဒီစစ်ကိုင်းက မဟုတ်ဘူး။ မင်းကွန်းအရှေ့ဘက်ကမ်း မတ္တရာခရိုင် ပေါက်ဝဲရွာကပါ။ တို့ရွာက လူတစ်ယောက် ဖဲမှော်အောင်ဖူးတယ်။

ဟိုး အင်္ဂလိပ်မင်း လက်ထက်ကပေါ့။ အဘ ကောင်းကောင်း မီလိုက်ပါတယ်။ "မောင်တာတီး"တဲ့။ ဖဲမှော်အောင်ပြီး ကျောင်းဇရပ် ဆောက်လုပ် လှူသွားဖူးတယ်။ တို့က ငယ်သေးတော့ သိပ်မသိလိုက်ပေမယ့် လူကြီးသူမ ပြောစကားတွေလဲ ဒီနေ့ထိ ရှိနေပါသေးတယ်'

'အဲဒီအကြောင်းတွေကို ကျွန်တော့်ကို ပြောပြပါလား အဘ'

ဟု တောင်းပန်းရာ အဘိုးက...

'သိချင် ပြောရတာပ'

ဟု လိုလိုချင်ချင်နှင့်ပင် **"ဖဲမှော်ဝိဇ္ဇာ မောင်တာတီး"**အကြောင်းကို ပြောပြပါတော့သည်။

* * *

မှုန်မှုန်ကလေး သာနေသော လရောင်အောက်၌ ပေါက်ဝဲရွာဦးထိပ်ရှိ



ဇရပ်အိုကြီးသည် ထီးထီးကြီး ဆိတ်သုဉ်းစွာ ရပ်တည်နေသည်။

မှုန်ဝါးသော လရောင်အောက်၌ အသက်(၂၀)ခန့် လူငယ်တစ်ဦးက လှည်းလမ်းတစ်လျှောက် စမ်းတဝါးဝါး လျှောက်လာပြီး ဇရပ်ကြီးအနီးသို့ တရွေ့ရွေ့ ချဉ်းကပ်၍လာ၏။ ဇရပ်အနီးသို့ရောက်သော် ထိုလူငယ်က ဇရပ်ပေါ် လှမ်းတက်မည်အပြု ဇရပ်ပေါ်မှ ဖယောင်းတိုင်မီးရောင်ကို မြင်လိုက်ရသဖြင့် လှမ်းတက်စ ခြေလှမ်းများ တုံ့ဆိုင်း၍ သွားသည်။

လူငယ်က ဇရပ်ပေါ် လှမ်းကြည့်လိုက်ရာ အညိုရောင် ယောဂီဝတ် အဘိုးအိုတစ်ဦး ပုတီးထိုင်စိပ်လျက်ရှိသည်ကို မြင်လိုက်ရသဖြင့် စိတ်အေးသွားဟန်ဖြင့် ဇရပ်ပေါ်တက်လာပြီး ဇရပ်မြောက်ဘက်ထောင့်တွင် ခွေခွေလေး သွားအိပ်နေတော့သည်။

မကြာမီ ပေါက်ဝဲရွာဦးကျောင်းမှ အုန်းမောင်းခေါက်သံများ ထွက်ပေါ်၍ လာသည်။ ဇရပ်ထောင့်တွင် အိပ်နေသော လူငယ်က အုန်းမောင်းသံကြောင့် နိုးလာပြီး ထထိုင်ကာ သူ့အားဘေးတိုက် မကျတကျ ထိုင်၍ ပုတီးစိပ်နေသော ယောဂီဝတ် ပုဂ္ဂိုလ်ကြီးကို လှမ်းကြည့်လိုက်မိသည်။ ထိုပုဂ္ဂိုလ်ကြီးက မည်သူ့ကိုမျှ ဂရုပြုမိဟန် မရှိဘဲ အေးချမ်းစွာပင် ပုတီးစိပ်လျက်ရှိသည်။ လူငယ်က သူ့အိတ်ထောင်အတွင်းသို့ လက်နှိုက်စမ်းလိုက်ရာ ကြေးနီပိုက်ဆံကလေးတစ်စေ့ ထွက်လာသည်။

လူငယ်က ဇရပ်ပေါ်မှ သွက်လက်စွာ ဆင်းသွားပြီး ပေါက်ဝဲရွာဘက်သို့ ထွက်သွားသည်။ မကြာမီ လူငယ်က အင်ဖက်ဖြင့် ထုပ်ထားသော အထုပ်ကြီးတစ်ထုပ်ကို ကိုင်၍ ဇရပ်ပေါ် ပြန်ရောက်လာသည်။

သူ ရောက်လာချိန်၌ အရှေ့လောကဓာတ်တစ်ခွင်မှ ရောင်နီများ ပျို့လာပြီး လောကကြီးသည် သစ်လွင်သန့်စင်သော နေ့တစ်နေ့ကို ဖွားမြင်ရန် ထွန်းလင်းတောက်ပ၍ လာသည်။

လူငယ်က အထုပ်ကြီးကို လက်မှာကိုင်ထားရင်း ပုတီးစိပ်နေသော ပုဂ္ဂိုလ်ကြီးကို စောင့်ကြည့် အကဲခတ်လျက်ရှိသည်။ မကြာမီ ပုဂ္ဂိုလ်ကြီး ပုတီးစိပ်ပြီးသွားပြီး အမျှအတန်း ဝေနေသံကို ကြားရသည်။ လူငယ်က ထိုပုဂ္ဂိုလ်ကြီးအနီးသို့ ကပ်သွားပြီး ရိုရိုသေသေပင် ဦးချကာ ကန်တော့၍ ပြောသည်။

'အဘ ကျွန်တော် အဘအတွက် အကြော်တွေ ဝယ်လာပါတယ်။ သုံးဆောင်ပါခင်ဗျာ'

ပုဂ္ဂိုလ်ကြီးက လူငယ်ကို တစ်ချက် စူးစိုက်ကြည့်ရင်း သာခု [illegible] ခေါ်လိုက်သည်။ ပြီးမှ တစ်ခု [illegible]



www.burmeseclassic.com

www.burmeseclassic.com

ရင်း...

'များလှချည့်လား ငါ့မြေးရယ်၊ လာလေ မင်းလဲ အတူဝင်စား'

ဟု ခေါ်သည်။ လူငယ်က...

'မများပါဘူးခင်ဗျာ၊ တစ်မတ်ဖိုး (၁၆)ခုပါ။ ကျွန်တော် ဒီထက်မက လှူချင်ပါတယ် ပိုက်ဆံ မရှိလို့ပါ'

ယောဂီဝတ် ပုဂ္ဂိုလ်ကြီးက...

'နေပါဦးကွယ့်၊ ငါ့မြေးက ဒီရွာက မဟုတ်လား'

ဟု စူးစမ်းသောဟန်ဖြင့် မေးသည်။ လူငယ်က...

'ဟုတ်ပါတယ် အဘ၊ ကျွန်တော် ဒီရွာကပါ။ ကျွန်တော့်နာမည် မောင်တာတီးလို့ ခေါ်ပါတယ်။ ညက ဖဲရှုံးလို့ အိမ်မပြန်ရဲလို့ ဒီဇရပ်ပေါ် လာအိပ်တာပါ။ ကျွန်တော်က မြေယာမရှိတော့ သူများဆီမှာ သူရင်းငှား လုပ်ရပါတယ်။ ဖဲရိုက်တာတော့ ဝါသနာပါတယ် အဘ။ ဒါပေမယ့် နိုင်တယ်လို့တော့ မရှိပါဘူးခင်ဗျာ'

ပုဂ္ဂိုလ်ကြီးက ကြွေနွေးရစွာ စားနေရာမှ မောင်တာတီး၏ ညာလက်ဖဝါးကို ဆွဲယူကာ ကြည့်လိုက်သည်။

**'အင်း မင်းက လက္ခဏာပြတ်ကြီးပဲလား။ သတ္တိတော့ ကောင်းသပေါ့ တခေါက်တန်းသမားပေါ့။ စိတ်ရင်းကောင်းပေမယ့် ဦးနှောက်ကတော့ မရှိဘူး။ မင်းက ဖဲရိုက် ဝါသနာပါတော့ ဖဲမှော် ဝင်ပါလားကွ'**

'ဗျာ...'

မောင်တာတီးမှာ ဖဲမှော်ဟူသော စကားအဆန်းကြောင့် ''ဗျာ''တ၍ သွားရသည်။

'ဖဲမှော်ဟုတ်လား အဘ၊ ကျွန်တော် မကြားဖူးပါဘူးဗျ'

'မင်းလုပ်မယ်ဆို အဘ နည်းပေးခဲ့ပါမယ်ကွ။ မင်းက သတ္တိကောင်းတော့ အောင်ပါလိမ့်မယ်။ ဖဲမှော်ဝင်သူ လူ (၁၀၀)မှာ တစ်ဦးအောင်ခဲ့တယ်ကွ။ အောင်ရင်လဲ တစ်သက်စားမကုန်ဘူး။ မအောင်ရင်လဲ အသက်မရှည်



ဘူးကွ'

ဖဲမှော်အကြောင်းကို အားရှိစဖွယ် ကြားလိုက်ရသဖြင့် မောင်တာတီးမှာ ရွံ့တွန့်တွန့် ဖြစ်သွား၏။ ထိုပုဂ္ဂိုလ်ကြီးက ရိပ်မိဟန်ဖြင့်...

'ဘာလဲ... မင်း ကြောက်သွားပြီလားကွ'

ဟု မေးတော့ရာ မောင်တာတီးက...

'မ...မဟုတ်ပါဘူး အဘ၊ ပြောသာပြောပါဗျာ။ ဒါလောက် ဆင်းရဲနေမှ နေရတာထက် သေရတာကပဲ ကောင်းပါတယ်။ ကျွန်တော် ကြိုးစားပြီး ဆောင်ရွက်ပါမယ်'

ဟု ရဲရဲဝံ့ဝံ့ ကတိပြုလိုက်မှ ထိုပုဂ္ဂိုလ်ကြီးက ပြုံး၍ မောင်တာတီးကို ဖဲမှော်ဝင်ရန် စတင်၍ စီရင် ညွှန်ကြားတော့သည်။

'သစ်ပင်မရှိတဲ့ ကွင်းပြောင်ပြောင် သုသာန်မှာ မဟုတ်ဘဲ သစ်ပင်ကြီးတွေ အုပ်အုပ်ဆိုင်းဆိုင်းနဲ့ သစ်ကြီးပင်တွေများတဲ့ သုသာန်မှာ ဖဲမှော်ဝင်ရမယ်။ အဲဒီလို သုသာန်မျိုးကမှ အခြောက်အလှန့်လဲကြီးတာ။ ဖြစ်နိုင်ရင် ဖဲသမားသေလို့ အမြှုပ်များတဲ့ သုသာန်ဆို ပိုကောင်းတယ်ကွ။ အဲဒီလို အင်္ဂါနဲ့ ပြည့်စုံတဲ့ သုသာန်ကို မင် ရှာပေါ့ကွာ'

'ဟုတ်ကဲ့ ကျွန်တော် ရှာပါ့မယ် အဘ'

ပေါက်ဝဲရွာသား မောင်တာတီးကို နယ်တကာလှည့်၍ အဓိဋ္ဌာန်ဝင်နေ

သော ဂန္ဓာရီပုဂ္ဂိုလ်ထူးတစ်ဦးက ... ဝင်ရန် နည်းလမ်းများကို တိတိ... ညွှန်ကြားပြသွားခဲ့ပါတော့သည်။

* * *

ညောင်တိုရွာကြီးသည် ... စည်ကားထူထပ်သော ကျေးရွာ... တစ်ရွာ ဖြစ်သည်။ မနှစ်က ညောင်... ရွာတွင် အ,သုဘရှိရာ ဖဲဝိုင်း... အငြင်းပွား၍ ငါးလောင်းပြိုင် လူသ... ကြီးတစ်ခု ဖြစ်ပွားခဲ့လေသည်။

သတ်သူမှာ ဘယ်သန် သံချော... ဆိုသော တစ်ကျွန်းပြန် လူမိုက်တ... ဖြစ်လေသည်။ ထို့ကြောင့် ဖဲသ... အလောင်းများကို ညောင်တို... သုသာန်ကြီးတွင် စုပေါင်း သဂြိုဟ်... မြှုပ်နှံခဲ့ကြလေသည်။

ညောင်တိုရွာ သုသာန်ကြီးသည် ... သစ်ပင်ကြီးများ အုပ်ဆိုင်း၍ ငြိမ်သ... တိတ်ဆိတ်နေသည်။ လမိုက်... ဖြစ်၍ သုသာန်တစပြင်သည် မှော... မည်းအုပ်ဆိုင်းနေပြီး တစ်ချ... တစ်ချက် ထိုးလာသော ညဥ့်ငှက်... သံများနှင့် အသံရှည်ဆွဲ၍ ခွန်းဆင့်... လိုက်သော တစ်တီတူးသံများ... ထွက်ပေါ်၍လာသည်။

တစ်ခါတစ်ခါ ကျီးငှက် ပြုသံမျာ... ကပါ ထွက်ပေါ်၍ လာတတ်သည်... အလင်းရောင်မဲ့သောညမို့ အုတ်... မြေပုံမှ မှတ်တိုင်တို့က သုသာန်တစပြ... တွင် မှုန်ဝါးဝါး ဝိုးတဝါး ချောက်ချ... စဖွယ် မြင်နေရ၏။

ညောင်တိုရွာ သုသာန်ကြီးအနီး... လူတစ်ဦးက တရွေ့ရွေ့ဖြင့် ချဉ်းကပ်... ၍လာနေသည်။ ထိုလူက သုသာ... အတွင်းရှိ အုတ်ဂူဟောင်းများ၊ မြေ... များကို ကျော်ဖြတ်၍ သုသာန်အတွင်း... ရှိ ဇရပ်ကြီးပေါ်သို့ တက်ကာသွား... သည်။

ထိုလူက လွယ်အိတ်လေးလုံး... လွယ်၍ ထားပြီး ဇရပ်ပေါ်သို့ ရော...



www.burmeseclassic.com

www.burmeseclassic.com

သော် လွယ်အိတ်အတွင်းမှ ပစ္စည်းများကို တစ်ခုချင်း ထုတ်ယူလိုက်တော့သည်။

**ဖယောင်းတိုင် တစ်ထုပ်၊ ယမ်းမီးခြစ်ကတစ်လုံး၊ ဗလာစာအုပ်က တစ်အုပ်၊ ခွေးတံဆိပ် ခဲတံတစ်ချောင်း၊ နောက်ဆုံး ထုတ်လိုက်သော ပစ္စည်းမှာ အသစ်စက်စက် ဖဲထုပ်တစ်ထုပ်။**

ထိုလူက ဖယောင်းတိုင်မီးကို ထွန်းလိုက်ရာ ဇရပ်တစ်ခုလုံး အလင်းရောင်များ ဖြာဝေ၍သွားသည်။ ထို့နောက် ဖဲထုပ်ကိုယူကာ တရှွမ်းရှွမ်း မြည်အောင် ကုလားဖန်ထိုးတော့သည်။ အတန်ကြာ ထိုးပြီးလေမှ...

'ကဲ... ဒီသုသာန်အတွင်းမှာ နေကြတဲ့ ဖဲသမား သူငယ်ချင်း အပေါင်းတို့ရေ ငါနဲ့အတူ ဖဲကစားရအောင် လာကြဟေ့'

ဟု ဖိတ်ခေါ်လိုက်ရာ ဇရပ်ပေါ်၌ လေတိုးဝှေ့သံများပမာ ကြားလာရပြီး လှုပ်ရှားရွေ့လျားသံများ အလျှိုအလျှို ထွက်ပေါ်၍ လာတော့သည်။ ဖဲရိုက်ရန် ဖိတ်ခေါ်လိုက်သော ဖဲသမားက...

'(၂၁)ပွင့် ကစားကြမယ်။ ငါ ဒိုင်ခံမယ်။ မင်းတို့က ထိုးကြ။ ကဲ ဟေ့ ဖဲဝေပြီနော်'

ဟု ပြောပြောဆိုဆိုနှင့် ဖဲဝေတော့သည်။ ထိုလူက ဖဲဝေပြီး သူ့ဖဲကို ကောက်ကြည့်လိုက်ပြီး...

BURMESE CLASSIC .com

'ဟာ မွဲပြီဟေ့'

ဟု ဆိုကာ ဖဲများကောက်ကာ အသစ်တစ်ပွဲ ပြန်စရန် ဟန်ပြင်လိုက်၏။

ထို့နောက် လူ (၄)ယောက်ရှိဟန် နေရာများသို့ လက်ညှိုးထိုး၍ မင်းပေါ်မှာ တစ်သောင်း၊ မင်းပေါ်မှာ နှစ်သောင်း၊ မင်းအပေါ်မှာ ငါးသောင်းဟု အိမ်စေ့ပြောပြီး ဗလာစာအုပ်တွင် ခဲတံဖြင့် **အကြွေးစာရင်း** မှတ်လိုက်တော့သည်။

ဤနည်းဖြင့် တစ်ယောက်တည်း စကားပြော၊ တစ်ယောက်တည်း ဖဲဝေ၊



တစ်ယောက်တည်း အနိုင်ယူ၊ တစ်ယောက်တည်း စာရင်းမှတ်လျက်ရှိရာ အကြွေးစာရင်းများ တစ်စတစ်စဖြင့် များပြား၍ လာရာ ငါးသိန်းနီးပါးခန့်ပင် ရှိလာကြောင်း တွေ့ရသည်။

'သူငယ်ချင်းတို့ မညစ်ကြနဲ့နော်။ ကြည့်ဟောဒီမှာ အကြွေးစာရင်း(၅)သိန်း ပြည့်ခါနီးနေပြီနော်'

ဖဲကို ကုလားဖန်ထိုးရင်းမှ ဖဲသမားလူလည်က စာအုပ်ကို ကောက်ပြလိုက်ရာ ဖဲဝိုင်းတစ်ခုလုံး **"ဟင်း...ဟင်း...ဟင်း..."ဟူသော မကျေမနပ်နှင့်** ညည်းညူလိုက်သံကြီးများ ကြိတ်၍ ထွက်ပေါ်လာတော့သည်။

အသည်းငယ် ကြောက်တတ်သူများအဖို့ ထိုအသံကြီးများသည် လိပ်ပြာလွင့်စဉ်သွားမတတ် ဖြစ်သော်လည်း ဖဲသမား လူလည်မှာ မည်သို့မျှ ထူးခြားဟန်မရှိဘဲ မတုန်မလှုပ်ပင် ရှိသည်။

သူတို့အပေါ်တွင် ဖဲသမားလူလည်က မတရားသဖြင့် တမင် အနိုင်ယူလျက်ရှိပြီး အကြွေးများလည်း အဆမတန် တင်ကုန်ကြရာ ယခုလို ကြိတ်မနိုင်ခဲမရ အသံကြီးများ ထွက်ပေါ်လာရခြင်း ဖြစ်ပါသည်။

ဖဲသမား လူလည်က တစ်ပွဲကစားပြီး အကြွေးစာရင်း ပေါင်းလိုက်ရာ (၅)သိန်းတိတိရှိကြောင်း တွေ့ရသည်။ ထို့နောက် သူက...

'ကဲ...သူငယ်ချင်းတို့၊ မင်းတို့အပေါ်မှာ အကြွေး(၅)သိန်း'

ဟု ကြေညာလိုက်ရာ **"အကြွေး(၅)သိန်း၊ အကြွေး(၅)သိန်း၊ အကြွေး(၅)သိန်း"**ဟူသော ပဲ့တင်သံကြီးက သုသာန်ကြီးတစ်ခုလုံး မြည်ဟည်းသွားသည်။

ဖဲသမား လူလည်က ဖဲထုပ်ကို စေ့အောင်ထပ်လိုက်ပြီး လက်တွင်ဆုပ်၍ ရုတ်တရက် ထရပ်ကာ ဇရပ်ပေါ်မှ သွက်လက်စွာ ခုန်ချ၍ ထွက်ပြေးသွားတော့သည်။

သုသာန်ကြီးတစ်ခုလုံး ရုတ်တရက် ငှက်ဆိုးထိုးသံများ၊ ကျီးပြိုသံများ လေပြင်းမုန်တိုင်း တိုက်သည့်ပမာ တဟီးဟီး မြည်ဟည်းသံကြီးများ အရပ်ရှစ်မျက်နှာမှ ပေါ်ထွက်လာပြီး...

'လိုက်ကြဟေ့... လိုက်ကြဟေ့ မလွတ်စေနဲ့။ ဝိုင်းကြဟေ့'

ဟူသော ဗြောသံပေးသံကြီးများ တစ်ခဲနက် ပေါ်ထွက်လာတော့သည်။

ဖဲသမား လူလည်က ဖဲထုပ်ကို လက်မှာဆုပ်ကိုင်ရင်း ပြေးလာရာ သူလာခဲ့သော ဝင်လမ်းကို ရှာမရဘဲ မျက်စိလည်လျက် ရှိသည်။ သူပြေးလာရာ လမ်းရှေ့မှ မြေပုံကြီးများက မြေကြီးများ မှို့မောက်လာသည်ကို မြင်လိုက်ရသဖြင့် အနီးရှိ နဘူးချုံထဲသို့ ဒိုင်ဗင်ထိုး၍ လှိမ့်ဝင်လိုက်ပြီး တခြားတစ်ဖက်မှ လွတ်အောင်ပြေးရန် ကြိုးစားလိုက်သည်။ ပြေးရင်းမှ သူ့ဆရာ ယောဂီဝတ်ပုဂ္ဂိုလ်ကြီး၏ ညွှန်ကြားချက်များကို သူ့နားထဲမှာ ကြားယောင်လာသည်။

'မင်း သူတို့အပေါ်မှာ စိတ်ကျေနပ်ခဲ့တာက် တဲ့ အကြွေးတင်ပြီးရင် အဲဒီသုသာန်ထဲက လွတ်အောင် ပြေးပေတော့။ သူတို့ကလဲ မင်းကို မလွတ်အောင် [illegible] ဘာဖြစ်လို့လဲဆိုတော့ မင်းက သူတို့အပေါ် မတရားသဖြင့် ဖဲလိမ်ရိုက်ခဲ့တာ [illegible] မင်း သုသာန်ထဲက [illegible]



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရင် ပြေးရင်နဲ့ မင်းလက်ထဲက ဖဲချပ်တွေကို တစ်ချပ်ချင်း လမ်းတစ်လျှောက်မှာ ချထားခဲ့ရမယ်။ မင်း မလွတ်ရင် အခေါင်းတလားနဲ့ ဖိပြီး အသတ်ခံရမယ်။ သတိနဲ့ သတ္တိကို အရင်းတည်ပြီး လွတ်အောင် ကြိုးစားပေတော့'

ဖဲသမား လူလည်မှာ မည်းမှောင်သော သုသာန်ကြီးထဲတွင် လှည့်ပတ်ပြေးရင်း မျက်စိလည်နေကာ ထွက်ပေါက်ရှာမရ ဖြစ်နေသည်။ မှုန်ဝါးဝါး ကြယ်ရောင်ကလေးများကို အားပြု၍ ပြေးလျက်ရှိစဉ် သူ့ရှေ့၌ ကြီးမားထွားကျိုင်းသော မည်းမည်းသဏ္ဌာန်ကြီး တစ်ခုက လက်တွင်းမှ ခေါင်းတလားကြီးကို ပိုက်၍ ပေါ်လာသည်ကို တွေ့ရသည်။

ဖဲသမားက ယောကျ်ားကွဟု ကြုံးဝါးမာန်သွင်း၍ အနီးရှိ အုတ်ဂူများကို လွှားခနဲ လွှားခနဲ ကျော်လိုက်ကာ မည်းမည်းသဏ္ဌာန်ကြီးကို ကွင်းရှောင်ရန် တစ်ဖက်သို့ လိုမ့်ဆင်းသွားသည်။ မှတ်တိုင်ကြီးတစ်ခုက သူ့ပေါ် လဲပြိုလာပြန်သည်။ သူက လူးလဲလိမ့်ရှောင်နေစဉ် သူ ဝင်လာခဲ့သော လမ်းကို မှုန်ဝါးဝါး ကြယ်ရောင်အောက်၌ မြင်လိုက်ရာ အားတက် ဝမ်းမြောက်သွား၏။

သူက အားယူ၍ထကာ သုသာန်နယ်နိမိတ်မှလွတ်ရန် သူ ဝင်ခဲ့သော အပေါက်မှ သုတ်ခြေတင်၍ ပြေးတော့သည်။ ပြေးရင်းမှ သုသာန်နယ်နိမိတ်လွန်သည်နှင့် သူ့ဆရာ ယောဂီကြီး၏ ညွှန်ကြားချက်အတိုင်း **လက်ထဲတွင် ဆုပ်ကိုင်ထားသော ဖဲထုပ်မှ ဖဲချပ်များကို တစ်ချပ်ချင်း ပစ်ချ၍** ပြေးတော့သည်။

ပစ်ချရင်းမှ နောက်သို့ လှည့်ကြည့်လိုက်ရာ မည်းမည်းသဏ္ဌာန်ကြီးများက ပုံစံမျိုးစုံနှင့် သုသာန်အတွင်းမှ အပြင်သို့ တပ်ထောင်တာဗိုလ်ထုနှင့်



အုပ်စုဖွဲ့ကာ ချီတက်၍ ငြာသံပေး လိုက်ပါလာကြကြောင်း တွေ့ရပြန်သည်။

'လိုက်ကြဟေ့...မလွှတ်စေနဲ့ ဟိုး... ဟိုး...ဟိုး...'

'ဝိုင်းကြဟေ့...ဝိုင်းကြဟ... မလွှတ်စေနဲ့'

ညောင်တိုသုသာန်နှင့် သူတို့ရွာသည် နှစ်တိုင်ခန့်ဝေးသည်။ ဖဲသမား လူလည်ဖြစ်သူ မောင်တာတီးက စိတ်ကို အားတင်းလိုက်ပြီး အားကုန်သွန်၍ ပြေးတော့သည်။

အုပ်စုဖွဲ့ကာ အသံမျိုးစုံနှင့် သူ့နောက်က တရကြမ်း လိုက်လာကြကြောင်း သိရသဖြင့် ပြေးအားမှာ လျော့မသွားဘဲ တိုး၍သာ ပြေးနေရသည်။ ပြေးရင်းမှ ဖဲချပ်များကိုလည်း မကြာမကြာ ပစ်ချကာ ထားခဲ့ရသေးသည်။ ပြေးရင်း ချရင်း လာခဲ့ရာ သူတို့ရွာနှင့် နီး၍လာကြောင်း သိရှိရသဖြင့် အားရှိလာသည်။

'ဒုတ်...အား...ဝုန်း...'

လူမှာ လေထဲဝဲကာ နှစ်ပတ်မျှ လည်သွားပြီး မြေပြင်ပေါ် ကျွမ်းပစ်ကျသွားသည်။ သူ ပြေးလာသော လမ်းမှ ငုတ်တစ်ချောင်းကို ခလုတ်တိုက်မိခြင်းကြောင့် ဖြစ်သည်။ မောင်တာတီးသည် ရုတ်တရက် သတိလစ်သကဲ့သို့ ဖြစ်သွားပြီး မြေပေါ်၌ အသေကောင်ကြီး ပမာ စန့်စန့်ကြီး ဖြစ်နေသည်။

ထိုစဉ် သူ့ဆရာကြီးအသံကို သူ့နား ထဲမှာ ပြန်ကြားယောင်လာသည်။

'သူတို့က မင်းကို ဘယ်နည်းနဲ့မှ အလွှတ် မခံကြမှာ မဟုတ်ဘူး။ အေး လွတ်သွားရင်ေ အောင်ပြီသာ မှတ်လိုက်တော့'

မောင်တာတီးက အားယူ၍ ခေါင်း ထောင်ကြည့်လိုက်ရာ ထန်းပင်မြင့် လောက်ရှိ မည်းမည်းသဏ္ဌာန်ကြီးများ လည်း ထပ်တိုးလာကြောင်း တွေ့လိုက် ရသည်။

အသက်ဘေးကြောင့် လက်ကျန် အားများကို စုစည်းလိုက်ပြီး အားတင်း ကာ ဆက်၍ ပြေးရပြန်သည်။ ခလုတ် တိုက်မိသော ညာခြေထောက်က အသည်းခိုက်မျှ နာကျင်သွားသဖြင့် ပြေးခြင်းကို ရပ်ပစ်မိမတတ် ဖြစ်သွား သည်။

ငြာသံပေး၍ လိုက်လာသော အသံ များက သူနှင့် လွန်စွာ နီးကပ်လာေ သဖြင့် လက်ထဲမှ ဖဲချပ်များကို ပစ်ချ ရင်း ဆက်ပြေးလာခဲ့တော့သည်။

အချိန်မှာ အရုဏ်တက်လုနီးပြီ ဖြစ်သဖြင့် သူတို့ရွာထဲမှ ကြက်တွန် သံများ၊ လူသံများကိုပင် ကြားနေ သည်။

'ဟာ...'

ရုတ်တရက် လဲမကျသွားစေရန် စိတ်ကို တင်းလိုက်ရသည်။ သူ ကြိုးစား ခဲ့သမျှ အချည်းနှီး ဖြစ်ရတော့မည်။ အကြောင်းမှာ သူတို့ရွာ နယ်နိမိတ်အစ တွင် သုသာန်ထဲမှာ တွေ့ခဲ့ရသော မကောင်းဆိုးဝါးကြီးက အခေါင်း တလားကြီးပိုက်၍ သူ လာမည့်လမ်း ပိတ်ရပ်ကာ စောင့်နေသောကြောင့် ဖြစ်ပါသည်။

မောင်တာတီးသည် ရုတ်တရက် ဆုံးဖြတ်ချက်ချကာ ဖြစ်လိုရာဖြစ် နောက်မဆုတ်တော့ဘဲ ထိုမည်းမည်း သဏ္ဌာန်ကြီးကို ပြေးအားရှေ့ ပါ ပေါင်း၍ ဝင်တိုက်ပစ်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com

သည်။

'သေမြေကြီး ရှင်ရွှေထီး ယောက်ျား ဘသားကွ'

'ဗုန်း... အုန်း...'

သူ့ခန္ဓာကိုယ်ကြီးမှာ လေထဲပျံ့ဝဲသွားကာ ရွာနယ်နိမိတ်အတွင်းသို့ အတားအဆီးမဲ့ ဘုန်းခနဲ ကျရောက်သွားသည်။ လူမှာလည်း မည်သည့်အရာနှင့်မှ ထိတွေ့ခြင်း မရှိလိုက်ဘဲ ဘေးအန္တရာယ်အပေါင်းမှ လွတ်ကင်းသွားလေသည်။

မောင်တာတီးက လူးလဲထလိုက်ပြီး သူ ပစ်ချခဲ့သော ဖဲချပ်များကို ကြည့်လိုက်ရာ တစ်ချပ်မှ မတွေ့ရတော့ဘဲ ပျောက်ခြင်းမလှ ပျောက်ကွယ်ကုန်ကြတော့သည်။

ထိုစဉ် ဆရာကြီး ညွှန်ကြားချက်ကို သူ့နားမှာ ကြားယောင်လာသည်။


'မင်း အဲဒီလို ဖဲချပ်တွေကို တစ်ချပ်ချင်းချပြီး ပြေးရင်း လွတ်သွားပြီ ဆိုပါတော့၊ နောက်ဆုံးဖဲတစ်ချပ်ကိုတော့ မင်း ချန်ခဲ့ရမယ်၊ အဲဒီဖဲချပ်ဟာ ဖဲမျှော်ရဲ့ အသက်အောင်ဖဲကွ။ သူကျန်ချင်တဲ့ဖဲ ကျန်မှာပေါ့ကွာ။ ဘာပဲကျန်ကျန် အဲဒီဖဲကို ကိုယ်နဲ့မကွာ ဆောင်ထားပေတော့'

မောင်တာတီးက နောက်ဆုံး သူ့လက်ထဲမှာ ကျန်ရစ်ခဲ့သော ဖဲချပ်ကလေးကို ကြည့်လိုက်ရာ **"K" ဟု ပါသော ကင်းဖဲလေးတစ်ချပ်။**

* * *

'တာတီးရေ ဒေါ်ကြွေတို့အိမ်မှာ မြို့က ဖဲဝိဇ္ဇာတစ်ယောက် ရောက်နေတယ်။ တို့တော့ တော်တော် ထိခဲ့ပြီ။ ရွာထဲက ကောင်တွေလဲ တော်တော်နာနေပြီပေါ့'

နွားစာ ပြောင်းရိုးစဉ်းနေစဉ် သူနှင့် ဖဲရိုက်ဖက် ကိုသိန်းအောင်က ဝင်၍ သတင်းပေးသွားရာ တာတီးမှာ မိမိရွာသားများကို ထိလာသဖြင့် မခံချင်စိတ်ဖြစ်ကာ ရှိသမျှ ပိုက်ဆံနှင့် သူ အောင်



ထားသော ဖဲမျှော်ကို အိတ်ထဲထည့်၍ ဒေါ်ကြွေတို့အိမ်သို့ သုတ်ခြေတင်ခဲ့တော့သည်။

သူ့မိတ်ဆွေ ပြောသည့်အတိုင်းပင် မြို့က ဖဲဝိဇ္ဇာဉာဏ်သမားက ရွာလုံးကျွတ် ချွတ်ရန်ပင် ရည်စူးခဲ့လေသလောဟု ထင်ရအောင်ပင် သူ့ရှေ့မှာ ငွေပုံကြီးက အောတိုက်လျက်ရှိသည်။

သူက ဖဲဝိုင်းနား ကပ်သွားပြီး

'ဘာ ကစားကြတာလဲဗျ'

ဟု မေးရာ မြို့သားဖဲဝိဇ္ဇာက ကုလားဖန်ထိုးရင်း...

'မေးမနေနဲ့ ကိုယ့်လူ၊ ကြောက်ရင် နောက်ဆုတ်၊ သတ္တိရှိရင် ဝင်ထိုင် မြန်မြန်ပဲ။ သူဌေးဖြစ်ခွေးဖြစ် ကိုးမီး သုံးချပ်ကွ'

ဟု ပြန်ဖြေသည်။

တာတီးက သူ့တွင် ပါလာသော အင်္ဂလိပ်ငွေစက္ကူများကို ကြမ်းပေါ် ပုံချလိုက်ရင်း...

'ကဲ မင်းတို့ ထွက်ကြတော့၊ ငါနဲ့ ဒီကမိတ်ဆွေ နှစ်ယောက်တည်းချမယ်'

ဟု ပြောလိုက်သည်။ ဖဲဝိဇ္ဇာ ဉာဏ်သမားက တာတီး၏ ငွေများကို အာသာငမ်းငမ်းကြည့်ပြီး...

'သိပ်ကောင်းတာပေါ့ကွာ။ နှစ်ယောက်တည်းဆိုတော့ ပွဲရှင်းတာပေါ့'

ဟု ဆိုလိုက်သည်။ ဖဲဝိဇ္ဇာ ဉာဏ်သမားက ဖဲထုပ်ကို စိတ်တိုင်းကျနည်းမျိုးစုံ ကုလားဖန်ထိုးပြီး ပန်းကန်ပြားပေါ် ချပေးလိုက်သည်။

မောင်တာတီးက ငွေတစ်ရာတန် (၁၀)ရွက် ချထိုးရင်း ဖဲထုပ်ကို ချိုးပေးလိုက်သည်။ ဖဲဝိဇ္ဇာ ဉာဏ်သမားက ဖဲသုံးချပ်စီ ဝေလိုက်ပြီး သူ့ဖဲချပ်ကို ကောက်ကြည့်ပြီး ချပြလိုက်သည်။ ဖဲမှာ **(၅)ဖဲ၊ (၃)ဖဲ၊ (၁)ဖဲပေါင်း (၉)ပွင့်။**

တာတီးက ဖဲကို မကိုင်သေးဘဲ ပြုံးနေ၏။

ထို့နောက် မှောက်ထားသော ဖဲသုံးချပ်ကို ကောက်ယူရင်း...

'ကဲ... သူငယ်ချင်းတို့ရေ ကုလားသုံးကောင်ပေါ့ ပြလိုက်စမ်း'

ဟု ပြော၍ ညာလက်ထဲမှ ဖဲများကို ဘယ်လက်ထဲသို့ ဖြောင်းခနဲနေအောင် ရိုက်ချလိုက်တော့သည်။

'ဟာ...ဟယ်'

တကယ်ပဲ ကုလားသုံးကောင်ဟ'

ဖဲဝိုင်းတစ်ခုလုံး အံ့သြချီးမွမ်းသံများ လျှံသွားသည်။

ဖဲသုံးချပ်ကလည်း လှမှလှ **"ဂျက်" "ကွင်း" "ကင်း" ကုလားသုံးကောင်။**

မြို့သားလူလည် ဖဲဝိဇ္ဇာ မျက်နှာပျက်သွားပြီး ချက်ချင်း ငွေလျော်ကာ ဖဲထုပ်ကို ကောက်၍ ဖဲပြင်တော့သည်။ စိတ်တိုင်းကျ ပြင်ပြီးလေမှ တာတီးကို ချိုးခိုင်းကာ ဝေလိုက်သည်။ တာတီးက ငွေ(၂၀၀၀) ချထိုးသည်။ ဖဲဝိဇ္ဇာက သူ့ဖဲကို ကောက်ယူ၍ နမ်းရှုပ်လိုက်ပြီး တစ်ချက်ကြည့်ကာ ချပြလိုက်သည်။

**"ဂျက်" ဖဲသုံးချပ်**က လှပစွာ ပေါ်ထွက်လာသည်။ တာတီးက သူ့ဖဲသုံးချပ်ကို အေးဆေးစွာ ကောက်ယူလိုက်ပြီး...

'ကဲ သူငယ်ချင်းတို့ရေ



www.burmeseclassic.com

www.burmeseclassic.com

အနိုင်ပေ့ါ ပြလိုက်စမ်း'

ဟု ဆိုပြီး ဖြောင်းခနဲ ရိုက်ချလိုက်ရာ **''ကွင်း''ဖဲသုံးချပ်**က တိတိကျကျ ပေါ်ထွက်လာသည်။

'ပေား တာတီးကွ ပေါက်ဝဲသား ပေ့ါ'

တစ်ဝိုင်းလုံး ဆူညံသွားသည်။

'တိုးတိုးပေ့ါ တိုးတိုး၊ သူကြီးကြား သွားလို့ ငါပါ ထိတ်တုံး ခတ်ခံနေရဦး မယ်'

ဖဲဝိုင်း လက်ခံသော ဒေါ်ကြွေကပင် လာ၍ သတိပေးရသည်။ ဖဲဝိုင်ဗွာက ဖဲအသစ်တစ်ထုပ် ပြောင်းကာ ကုလား ဖန်ထိုးပြန်သည်။ သူ့မျက်နှာမှာ ချွေးသီးချွေးပေါက်တို့ဖြင့် ပြောင်လက် နေသည်။ တာတီးက ငွေ(၅၀၀၀) ချ ထိုးရင်း...

'ဒီမှာ မိတ်ဆွေ ငွေ(၅၀၀၀)နော်၊ ယာတစ်ကွက်စာဖို့မက တန်တယ်။ လျော်နိုင်မှ ကစား'

ဟာ စကားတင်စီးနှင့် ဆိုလိုက်ရာ ဖဲဝိုင်ဗွာလူလိမ်က သူ့နောက်က တပည့် ထံမှ ငွေစက္ကူတစ်ထုပ်ကို လှမ်းယူ လိုက်ပြီး...

'မလျော်နိုင်ရင် လာမကစားဘူးကွ။ နယ်မရွေးတဲ့ ကြွယ်လေးကွ'

ဟု ရဲဝံ့စွာ ငွေချပြရင်း ပြန်ပြော သည်။

ဖဲဝိုင်ဗွာ ဉာဏ်သမား ကြွယ်လေးက စိတ်တိုင်းကျ ဖဲဆင်၍ ဖြင့်လိုက်ပြီး ပွဲစကြတော့သည်။ တာတီးက သူ့ဖဲ များကို ကောက်မကြည့်သေးဘဲ ပြုံးပြုံးကြီး ကြည့်နေ၏။

ဖဲဝိုင်ဗွာက သူ့ဖဲသုံးချပ်ကို ကောက် ယူလိုက်သည်။ လက်များမှာ မသိ မသာ တုန်ယင်နေကြောင်း တာတီးက သတိထားလိုက်မိသည်။ ဖဲဝိုင်ဗွာက **''ကင်း''ဖဲသုံးချပ်**ကို ယပ်တောင်ပမာ ညီညာတိကျစွာ ဖြန့်၍ တာတီးရှေ့ ချပြလိုက်သည်။

'ဟဲ...ဟဲ...ဟဲ... မောင်တာတီးရေ ငါးထောင်ဖိုးနော် ငါးထောင်'

ဟု လက်ငါးချောင်း ထောင်ပြ သည်။

မောင်တာတီးက အပြုံးမပျက်၊ သူ့ ဖဲသုံးချပ်ကို ကောက်၍...

'ကဲ သူငယ်ချင်းတို့ရေ ငါ မနိုင်လို့ ရှုံးရင် ပင်တို့ အကြွေးတွေ မကျေဘူးကွ။ တစ်ချီ တစ်မောင်း ပြလိုက်စမ်းပေ့ါ'

ဟု ဆို၍ ဖြောင်းခနဲ မြည်အောင် ရိုက်ချလိုက်သည်။

လုပစွာ ကွက်တိ ထွက်ပေါ်လာ သည်က **''တစ်''ဖဲသုံးချပ်**။

'ဝေး...ပေား... ပေား... တာတီးကွ ပေါက်ဝဲသားကွ၊ ဒါမှ တို့ရွာသားပေ့ါ ရှီရှီ'

ဖဲဝိုင်းတစ်ခုလုံး ဆူညံသွားကာ မောင်တာတီး၏ သတင်းက တစ်ရွာ လုံးသို့ ပျံ့နှံ့သွားတော့သည်။

* * *

'အဲဒါ တို့ရွာက ဖဲမှော်အောင်ခဲ့တဲ့ ဦးတာတီးအကြောင်း ပါပဲကွယ်။ ဦးတာတီးဟာ ဖဲမှော်အောင်ခဲ့တော့ ချောက်တီးချောက်ချက်ရွာမှာ မကစား တော့ဘဲ မြို့တက်ပြီး ကလပ်ဝိုင်းတွေ၊ ချိန်းဝိုင်းတွေမှာ တက်ကစားတော့ တယ်။

**ဪ ဒါနဲ့ မင်းကို တစ်ခုပြောဖို့ မေ့သွားတယ်။ အဲဒီကတော့ ဖဲရိုက်လို့ နိုင်လာခဲ့သမျှ ငွေတွေကို ဗီရိုအံဆွဲတွေထဲ မှာ တင်ထားတဲ့ အကြွေး(၅)သိန်းထဲက နုတ်နုတ်သွားတယ်။**

**အဲဒီလို နုတ်ပြီးလို့ (၅)သိန်း ပြည့်တဲ့ နေ့မှာ ဖဲမှော် ဖဲချပ်ကလေးဟာ လုံးဝ မစွမ်းတော့ဘဲ သူ စီရင်ခဲ့တဲ့ သုသာန်ကို သွားပြီး မြှုပ်ထားရတယ်။**

ဦးတာတီးဟာ ငွေ(၅)သိန်းပြည့်တဲ့ နေ့မှာ ဖဲချပ်ကလေးကို ညောင်တို့ သုသာန်မှာ သွားပြန်ထားတော့ သူပစ် ချထားခဲ့တဲ့ ဖဲတွေဟာ ဇရပ်ပေါ်မှာ အထပ်လိုက် ပြန်တွေ့ခဲ့ရတယ်ဆိုပဲကွ။

သူ ဖဲမှော်အောင်တဲ့ရက်နဲ့ သူဖဲချပ် ပြန်ထားတဲ့နေ့ဟာ ကြားမှာ (၁)နှစ် လောက်ကွာတယ်။

ဒါနဲ့ပဲ ဦးတာတီးဟာ ဖဲရိုက်လို့ရတဲ့ ငွေ နဲ့ပဲ တို့ရွာမှာ ကျောင်းဇရပ်တွေ ဆောက် လှူဒါန်းသွားပြီး ဖဲရိုက်တဲ့ အလုပ်ကို ဇရပ် ရေစက်ချတဲ့ နေရာမှာ တစ်ခါတည်း စွန့်လိုက်တော့တယ်။ ကဲ အတာလဲ ဆွမ်း ရဦးမယ်'

ကပ္ပိယအဘိုးက ဆွမ်းချက်ရန် ကွပ်ပျစ်ပေါ်က ဆင်းသွားသည်။

ကျွန်တော်လည်း ကွပ်ပျစ်ပေါ်မှ ဆင်းကာ အရှေ့တစ်ခွင် ကြည့်လိုက် ၏။

မကြာမီ တစ်မိုးသောက်တော့မည် မို့ အရှေ့လောကဓာတ်တစ်ခွင်လုံး နီရဲ သောအသွင်ကို ဆောင်၍ သစ်လွင် နိုးထလာသည်။

ယခုအခါ ပေါက်ဝဲ၊ သမင်ခြ အာလောင်၊ နန်းတော်ကျွန်း၊ သုံးဆယ် ပေး စသော ကျေးရွာများသို့ သွားရာ လမ်းပေါ်တွင် ဟောင်းနွမ်းပျက်စီး၍ ပြိုကျလုနီး ဖြစ်နေသော ဇရပ်အိုကြီး တစ်ဆောင်ကို ထီးထီးမားမားကြီး မြင်တွေ့နိုင်ပါသည်။ နွားကျောင်းသား ဆိတ်ကျောင်းသားတို့၏ လောက် လေးခွ လက်သရမ်းမှုကြောင့် အုတ်နံရံ တစ်လျှောက် ပျက်စီးလုနီးပါးရှိသော စာတန်းလေးကို ဖတ်ကြည့်မည် ဆိုပါ က...

'ဇရပ်တကာ ဦးတာတီး ဒေါ်အေးမယ် မိသားစုကောင်းမှု နတ်လူ သာဓုခေါ်စေ သောဝ်'

ဟူသော အလှူရှင် စာတန်းလေး ကို ဝိုးတဝါး မြင်တွေ့ရဦးမည် ဖြစ်ပါ သည်။

စိုးရန်နိုင်



www.burmeseclassic.com